ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့မင်္ဂလာတိုက်၌

ဟောကြားတော်မူသော

# ဝိပဿနာ

## တရားတော်

အမှတ်စဉ်-၁၁



ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

## ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်း၊ခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်ဆည်မှ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်း၊အလျော်။ ဗြဟ္မာ-သိကြား၊၊ စသည်များက၊ ထင်ရှား၊ပြုပြင်၊စီရင်ဖ ဆင်း၊၊ အကြောင်း၊ရင်း၊ကြောင့်၊ လူနတ်များ၊စွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့်ရှု၍မြော်။
(လင်္ကာဆောင်ပုဒ်) မူလနှစ်ပြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊၊ တရားကိုယ်များ၊နှင့်၊ သုံးပါးအစပ်၊နှစ်ရပ်မူ၊ ဝဋ်သုံး၊စနှင့်၊ ကာလသုံးပြား၊ ခြင်း၊ရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်း၊တည်း၊။

၆၈၉၈

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့ မင်္ဂလာတိုက်တွင်

ဟောကြားဆုံးမတော်မူသော

ဝိပဿနာလုပ်ငန်းစဉ်

# ညအလုပ်ပေး–တရားတော်

အမှတ်စဉ် ( ၁၁ )

A

**မိုးကုတ် ဆရာတော် ဘုရား၏**

ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏

မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

**အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချိသူ**

ဦးဘသောင်း ( အတွင်းရေးမှူး ) မှတ်ပုံတင် ( ဝ၁၂၅ )

အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (ဝဝ၃၇)က

အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပထမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,ဝဝဝ

( ၅ - ၉ - ၆၅ )

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဗရမ်းပတာဘေးမှ လွတ်ရေးညအထုပ်ပေး တရားတော် | | ၁ |
| ၂။ | သစ္စာဆိုတာ ခန္ဓာမှာရှိပုံ | ။ | ၄၉ |
| ၃။ | ဝိပဿနာမဂ်နှင့်လောကုတ္တရာမဂ် | ။ | ၈၇ |
| ၄။ | ခန္ဓာကိုယ်ကိုသစ္စာမျက်လုံးတပ်ကြည့်ရမည့် | ။ | ၁၃၇ |
| ၅။ | အရိယာမျက်လုံးနဲ့တပ်ကြည့်မှနိဗ္ဗာန်မြင်ရပုံ | ။ | ၁၈၂ |
| ၆။ | မသူတော်ဘေး မသင့်စေနဲ့ | ။ | ၂၂၉ |
| ၇။ | ဘုရာအကြိုက်ဆုံး ပူဇော်နည်း | ။ | ၂၂၈ |
| ၈။ | စိတ္တာနုပဿနာ ရှုပုံ | ။ | ၃၃၆ |
| ၉။ | အဖုံးနှစ်ချပ် ဖွင့်ကြည့်မှ နိဗ္ဗာန်မြင်ပုံ | ။ | ၃၇၉ |
| ၁၀ ။ | တရားအတုက တရားအစစ်ကိုဖျက်ဆီးပုံ | ။ | ၄၂၆ |
| ၁၁ ။ | သာသနာတွင်းနှင့်သာသနာပတရားကွာခြားပုံ | ။ | ၄၄၅ |
| ၁၂ ။ | အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ် | ။ | ၅၁၂ |

# စိတ္တာနုပဿနာ ရှုနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

} အပြင်ဧည့်သည် ၆ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

} အတွင်းဧည့်သည် ၅ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

} အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ
အိမ်သည် မရှိပါက အပြင် ဧည့်သည်၊အတွင်းဧည့်သည်
ပေါ်ရာကို ရှုပါ
ဧည့်သည်မရှိပါက အိမ်သည်ကို အမြဲရှုပါ

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဆရာတော်ဘုရားကြီးသည် မိမိ ဟောတော်မူသော တရားတော်များကို အသံသွင်းစက်ဖြင့် အသံဖမ်းယူတော်မူခဲ့စေသည်၊ ၎င်းတရားတော်များသည် ဆရာတော်ဘုရား ခန္ဓာဝန်ကို ချပြီးနောက် ယခုအခါ မြန်မာပြည်အရပ်ရပ်၌ ဖွင့်လှစ်နာကြားလျက်ရှိကြရာ တရားနာ ပရိသတ်များသည် တရားတော်က သိပ်ကောင်းတာဘဲ၊ ဟောတော်မူသော ဆရာတော်ကြီးကလည်း သိပ် အဟောကောင်းတာဘဲဟု ချီးမွမ်း ထောပနာ ပြုကြသူတွေ အလွန်များပါသည်၊ ရင်ခတ်လက်တီးဖြစ်ကြပါသည်၊ဆရာတော်ကြီး ဟောတော်မူသော အချို့သော တရားတော်များကိုလည်း စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ အမှတ်စဉ် ( ၁၁ ) အထိ ရောက်ရှိနေပြီဖြစ်ရာ စာဘတ်သူ ပရိသတ်များကလည်း ထိုနည်းတူပင် ချီးကျူးထောပနာပြုကြသူတွေ အလွန်များပါသည်။

အမှန်မှာ ဆရာတော်ကြီးသည် လိုတာကို ဖြည့်ပေးတော်မူခြင်း၊ အရေးကြီးတာတွေကို သိအောင် ပြောပေးနေခြင်း ဖြစ်သည်၊ တကာတကာမတွေ နားလို့ကောင်းအောင် ဟောတော်မူခဲ့သော တရားများ မဟုတ်ချေ။

ဆရာတော်ကြီး၏ တရား နာကြားခါစ ပရိသတ်များတွင် အချို့အချို့မှာ မနာတတ်သလို ဖြစ်ကြသူတွေလည်း တွေ့ရှိရပါသည်၊ သို့ကြောင့် ရံဖန်ရံခါ ဆရာတော်ကြီးသည် တကာ

တကာမတွေ့ နားကြီးကြီးနှင့် ထောင်ကြ၊ နားမကြီးယင် မရဘူး ဟု မိန့်တော်မူသည်။

ဆရာတော်ကြီးသည် အခြားအခြားသော ပုဂ္ဂိုလ်များ ဟောသလို သမားရိုးကျ ဒါနခမ်း, သီလခမ်းများ မဟုတ်မူ၍ ဗုဒ္ဓဘာသာ အမည်ခံနေကြသူ မြန်မာတိုင်းလိုပင် ရိုးရာစွဲတွေ ဒုဒယ် အလွန်ကြီးမားပြီး အရိုးစွဲနေသည့် ဒိဋ္ဌိစွဲတွေသည် ရိုးရာလောက ရိုးရာပတ်ဝန်းကျင်အတွင်း၌ မွေးဖွား ကြီးထွားပြီးလျှင် ဤသည်ပင် ဗုဒ္ဓတရားတော်ဖြစ်သည်၊ ဤသည်ပင် ငါတို့ဆရာသမားများ ဟောကြားခဲ့သည်၊ ဤသည်ပင် လူကြီးသူမများ အစဉ်အဆက် ယုံကြည်စွဲမြဲလာကြသည်ဟု သာသနာတွင်း, သာသနာပ ဟူ၍၎င်း အထက်တန်း တရား....၊ အောက်တန်း တရားဟူ၍၎င်းကွဲပြား ခြားနား ဝေဘန်ခြင်း မပြုနိုင်ကြဘဲ၊ ဒါန ပြုကြလည်း ကမ္မဿကတာဉာဏ် ဦးစီး၊ သီလဆောက်တည်လည်း ဒီ ကမ္မဿကတာဉာဏ် ဦးစီး၊ သမထဘာဝနာ အားထုတ်လည်း ထိုနည်းတူပင် ကမ္မဿကတာဉာဏ်ပင် ဦးစီး၊ ထိုသို့ပင် ပြုကြသည်သာ များကြရာ၊ကုသိုလ်တော့ မရ,မရှိ,မဟုတ်၊ ကုသိုလ်တော့ ရသည် မှန်၏၊ သည်ကုသိုလ်အကျိုးကို နောင်ဘဝ“ငါ” ခံစားရမှာပေါ့ ဆိုတဲ့ သဘောဖြင့်သာ ပြုလုပ်အားထုတ်ကြသည်သာ များကြသည်၊ ဤအချက်များကို ဆရာတော်ကြီးသည် အလွန့်အလွန် ပြုပြင်တော်မူလိုသည်။ ( အကျယ်ကို စာအုပ်တွင်း၌ ဘတ်ရှုလေ့လာကြပါကုန် )

မည်သည့်ကိစ္စမဆို ရှေ့နောက် အစဉ်ရှိကြပါသည်။ ထိုသို့ ရှေ့နောက် အစဉ်ရှိကြသည့်အတိုင်း ရှေ့ပြုရမည့်ကိစ္စကို ရှေ့ပြု၍ နောက်မှ ပြုရမည့် ကိစ္စကို နောက်မှ ပြုမှသာ အစဉ်တည့်သလို

လောကီ, လောကုတ္တရာနှစ်ဖြာသော ကိစ္စများ၌ ဤနည်းအတိုင်းပင် ရှေ့နောက်အစဉ်တည့်ရန် အထူးအရေးကြီးသည်ဟု ဆိုးဖြတ်သင့်ပါသည်။

ဆရာတော်ကြီးသည် အလွန်အရေးကြီးသော အချက်၄-ချက်ကို ခန္ဓာဝန် မချခင် ဇာလလောကအတွင်းမှာ တပည့် တကာ တကာမများအား ဆုံးမတော်မူခဲ့သည်။

၁။ ဒါနကို နောက်ထား စေချင်သည်။

၂။ သီလကိုလည်းနောက်ထား ။ ။

၃။ သမထကိုလည်းနောက်ထား ။ ။

၄။ ဝိပဿနာကိုလည်းနောက်ထား ။ ။

ဒါန, သီလ, သမထ, ဝိပဿနာကို မလုပ်ခင် ဘာအရင်လုပ်ရမည်လဲဟူသော မေးခွန်းထုတ်စရာ လိုပေသည်၊ ဉာဏ်ပညာကြီးတော်မူလှသော ဆရာတော်ကြီးက အမြင်ကျယ်ကျယ်နှင့် ဆိုလိုရင်း ဟောကြားလိုရင်း အဓိပ္ပါယ်မှာ ဒါန, သီလ, သမထ, ဝိပဿနာမလုပ်ခင် ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထားပါ ဆိုလိုခြင်း ဖြစ်သည်။ဤသို့ ဆိုဆုံးမ ဟောကြားတော်မူရာဝယ် သာမညနားနှင့် ထောင်ပြီး အပေါ်ယံယံက အတွေးအခေါ်သမားများ ဆိုပါက ဘယ်လိုဟောတာပါလိမ့်မလဲဟု သံသယ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်၊ ဤကဲ့သို့ ဒိဋ္ဌိဖြုတ်မှုကို ဘာကြောင့် ရှေ့ထားရမည်လဲဟု ဆိုလျှင် ဒါနမှာလဲ ဒိဋ္ဌိမကွာဘဲနှင့် ပြုခဲ့သော် နိဗ္ဗာန်မရောက်နိုင်၊အဘယ်ကြောင့်ဆိုသော် ဒိဋ္ဌိသည်မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုတားမြစ်တတ်သောကြောင့်ဟု ဆရာတော်ကြီး ဟောတော်မူသည်၊ မှန်ပေသည်၊ သုဂတိတော့ အမှန်ရောက်နိုင်၏၊ နိဗ္ဗာန်တော့ မရောက်နိုင်၊ သီလကိုလည်း နောက်မှ ဆောက်တည်ပါ၊ ဒိဋ္ဌိ

အရင်ခွါနှင့်ပါဦး၊ သို့မဟုတ်“ငါ့သီလနှင့် ငါ အသက်ရှည်ဦးမှာ ဘဲဆိုပြီး”ဒိဋ္ဌိမပြုတ်တော့ သုဂတိတော့ ရောက်နိုင်ပါရဲ့၊ နိဗ္ဗာန် တော့ မရနိုင်၊ သမာဓိအလုပ် သမထ အားထုတ်လျှင်လည်း ငါ့ ကသိုဏ်းဝန်း၊ငါ့ဈာန်ဆိုပြီး ငါစွဲနဲ့ အားထုတ်တော့ ဗြဟ္မာပြည် တော့ ရောက်ပါရဲ့၊ ဒိဋ္ဌိက ခွါပြီးအားထုတ်ခြင်း မဟုတ်တော့ နိဗ္ဗာန်-တည်းဟူသော လမ်းဆုံးသို့ မရောက်နိုင်ဟု မိန့်တော်မူ သည်။

အနိစ္စဘော့ ဒုက္ခတော့ အနတ္တတော့ ပွားများပြီး ဝိပဿနာအလုပ် ကို အားထုတ်ပြန်လျှင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် တားမြစ်တတ် တဲ့ သက္ကာယဒိဋ္ဌိမကွာသေးယင် သုဂတိတော့ ရောက်နိုင်သည်။ လမ်းဆုံးနိဗ္ဗာန်တော့ မရောက်နိုင်ဟု ဟောကြား ဆုံးမတော်မူ ခြင်းသည် ဘုရားဟောဒေသနာအတိုင်း ဖြစ်သည့်အားလျော်စွာ ဟောကြားတော်မူခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ဤကဲ့သို့ ဒိဋ္ဌိခွါမှု ရှေ့ထားရမည်ဟု လေးလေး နက်နက် ဆုံးမတော်မူခြင်းကို အချို့အချို့က စောဒက တက် ချင် တက်ကြပေလိမ့်မည်၊ ဒိဋ္ဌိကွာယင် သောတာပန် ဖြစ်နေပြီ၊ မှန်ပါသည် ဒိဋ္ဌိကွာယင် သောတာပန် ဖြစ်ပါသည်၊ သို့ရာတွင် ခွါနည်းက(၃)မျိုးရှိရာ အသိနှင့် ခွါနည်း၊ အပွားနှင့် ခွါနည်း၊ မဂ်နှင့် အပြီးခွါခြင်းဟူ၍ ရှိရာ ပဌမအဆင့်အနေဖြင့် သိမှုနှင့်ခွါ ရမည်ကို ဆရာတော်ကြီး ဆိုလိုရင်း ဖြစ်သည်၊ စာသဘောအား ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိစသဖြင့် ဆိုပါသည်၊တနည်း ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဆိုပါသည်၊ သုတမယ၊ စိန္တာမယ၊ ဘာဝနာမယ ဆိုသည် ..။ သို့ရာတွင် မြန်မာစကားနှင့် ပရိသတ် နားလည်မှု ရှိအောင် ဆရာတော်

ဟောကြားတော်မူခြင်း ဖြစ်သည့်အတွက် အတ္တဒိဋ္ဌိ(ဝါ)သက္ကာယဒိဋ္ဌိကို ပဌမဆင့်အနေအားဖြင့် သိမှုနှင့် ပယ်ခွါပြီး လှူရမယ်, တန်းရမယ်, သီလဆောက်တည်ရမယ်, ဝိပဿနာ ပွားများရမယ် ဆိုလိုရင်း ဖြစ်သည်ဟု သဘောပေါက် နားလည်ကြစေလိုသည်။

ဆရာတော်ကြီး ဟောတော်မူသည့် တရားများသည် အဆင့်အတန်း မြင့်သည်၊ နက်သည်၊ အဆင့်အတန်းမြင့်သည်ဆိုသည်မှာ ဒါနကထာ, သီလကထာ, သဂ္ဂကထာ စသည်တို့ကို အောက်တန်းထား၍ ဟောတော်မူခြင်းဖြစ်သည်၊ နက်သည်ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကို သစ္စာနှင့်တွဲ၍ ဒုက္ခသစ္စာမြင်အောင် ကိုယ်တိုင်သိ ဖြစ်အောင် ဟောတော်မူခြင်းဖြစ်ရာ အတိုချုပ်အားဖြင့် ဆိုသော် တဘဝနှင့် မဂ်ဖိုလ်ရအောင်, ကိုးပြီးအောင် ကယ်တင်တော်မူခြင်း ဖြစ်ကြောင်း သတိချပ်ကြစေလိုသည်။

အဆင့်အတန်း မြင့်သည်, နက်သည်ဟု ဆိုသော်လည်း တရားနာပြီးသူသော်ငင်း၊ တရားစာအုပ်ဘတ်သူများ သော်ငင်း နားမလည်ဘူး, မရှင်းဘူးဟူ၍ ဆိုစရာမရှိအောင် ရှင်းလင်းပြတ်သားလှသည်။

ထိုနောက် အထက်တန်းကြသည် ဆိုသည်မှာ ကမ္မဿကတာဉာဏ်ထက် အထက်တန်းကျသော သစ္စာနုလောမိကဉာဏ် သစ္စာနှင့် လျော်သော ဉာဏ်ရောက်အောင် ပို့ဆောင်တော်မူခြင်း ဖြစ်သည်။

ကမ္မဿကတာဉာဏ်ဆိုသည်မှာ ကံ၏ အကျိုးကို ယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုသည့် သဘောပင်ဖြစ်ရာ "ငါ ကောင်းတာလုပ်ယင် ငါဘဲ ကောင်းကျိုးခံစားရမယ်"ဟု ယုံကြည်သဖြင့် အတ္တဒိဋ္ဌိက မပြုတ်ချေ၊ "ငါလုပ်ယင် ငါဘဲ ခံစားရမှာဘဲ" ဆိုတာ

ကို ယုံကြည်ပါသဖြင့် လှူပါ၏, တန်းပါ၏ ဆိုသည့် အဓိပ္ပါယ် သက်ရောက်သည် သဏ္ဍာယဒိဋ္ဌိမပြုတ်ပါ။

ထို ကမ္မဿကတာဉာဏ်သည် သာသနာတွင်းမျှသာ မဟုတ်, သာသနာပ၌လည်း ရှိသည်၊သာသနာတွင်း,သာသနာပ ဆိုသည် "နှစ်"နှင့် ယူရသည်မဟုတ်၊ဘုရားမပွင့်သည့်အချိန်နှင့် ယူရသည် မဟုတ်၊ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်၌ပင်လျှင် တိတ္ထိတွေ သည် သာသနာပ သမားတွေ၊ ဘုရားရှင်၏ အဆုံးအမ၌ မတည် သော သူသည် သာသနာပသမားဟု ဆိုရပေမည်၊ ထိုနည်းတူစွာ ပင် သာသနာ ၂၅၀၀-အတွင်းမှာ ရှိကြသော်လည်း ဘုရားရှင် အဆုံးအမ မတည်ခဲ့ပါမူ သာသနာပသမားဟု ဆိုရပေမည်။

ဒုတိယ အဆင့်အနေနှင့် ဆရာတော်သည် ကမ္မဿကတာဉာဏ် ကိုလည်း လုပ်ပါ၊ သစ္စာနုလောမိကဉာဏ်ကိုလည်း လက်မလွှတ် ပါနှင့်ဟု တဖန် ဟောကြားဆုံးမပြန်သည်။

သစ္စာနုလောမိကဉာဏ် ဆိုသည်မှာ သစ္စာကို လျော်စွာ သိ သော ဉာဏ်ဟု ဆိုလိုပါသည်၊ သို့မဟုတ် အနိစ္စ,ဒုက္ခ, အနတ္တကို ဆိုသည်၊ ၎င်းအနိစ္စ,ဒုက္ခဒုက္ခ,အနတ္တလုပ်မှ သစ္စာနုလောမိကဉာဏ် သိမည်၊ ထို့ကြောင့် ဘာလှူလှူ, ဘာတန်းတန်း သစ္စာသိပြီးမှ လှူကြ၊ သစ္စာသိပြီးမှ သီလဆောက်တည်ကြ၊ ဤသို့ဆိုသော်.... အချို့အချို့က သစ္စာဆိုတာ လိုက်ရှာနေရဦးမလိုလိုဟု စောဒ ကတက်ဘွယ် ရှိပါသည်၊ သစ္စာဆိုသည်မှာ တခြားမှာရှာပြီး သိ အောင် လုပ်နေရမည်မဟုတ် မိမိခန္ဓာမှာဒုက္ခသစ္စာကို မြင်အောင် ရှုရမှာ ဖြစ်သည်၊ ခန္ဓာကလည်း 'သံခိတ္တေန ပဉ္စုပါ ဒါနက္ခန္ဓာပိ ဒုက္ခာ'ဟူ၍ မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း သုခဟူ၍ မြူမျှမဘက် ဒုက္ခသစ္စာသာ ဖြစ်သောကြောင့် ဒုက္ခအစစ်အမှန်ကို

တွေ့အောင်ရှာဘို့ သတိထားပြီး ပညာနှင့် ကြည့်က တွေ့နိုင်ပါမည်။ ( တွေ့အောင်ရှာနည်း....ရှုနည်းကို စာအုပ်တွင်း၌ ကြည့်ရှုပါကုန် )

ဆရာတော်ကြီးသည် နှလုံးသွင်းမှန်ပြီး အလုပ်မှန်ယင် ဆရာသမားကောင်း, လမ်းညွှန်ကောင်း အကူအညီဖြင့် တမဂ်,တဖိုလ်ကို ရောက်နိုင်သည်ဆိုတာ အတိအကျ ယုံကြည်တော်မူကြသဖြင့် တွင်တွင်ကြီး အရောက် ယခု ပစ္စက္ခဘဝ၌ပင် ရစေခြင်း, ရောက်စေခြင်းငှါ ပို့ဆောင် သယ်ယူတော်မူခြင်း ဖြစ်ရာ အောက်ပါ တွေးလုံးသမား ရိုးရာ အတွေးအခေါ်သမားများအတွက် အထူးသဖြင့် ကြီးမားသော ကရုဏာဖြင့် ပြုပြင်တော်မူသည်။

များသောအားဖြင့် မြန်မာဗုဒ္ဓဘာသာဝင် အပေါင်းတို့သည်

"အပါယ်ငရဲလွတ်ပြီး သုဂတိမှာ ကျင်လည်ရယင်ဖြင့် တော်ရောပေါ့၊ နိဗ္ဗာန်ဆိုတာ ပါရမီတွေရင့်ပြီး အလွန်အမင်း ကျင့်နိုင်မှ ရောက်နိုင်တာမျိုးဆိုတော့ အဝေးကြီးဘဲ၊ နိဗ္ဗာန်မရမီစပ်ကြား အပါယ်လွတ်ယင် တော်ရောပေါ့...."

"နိဗ္ဗာန်မရမီစပ်ကြား ဆင်းဆင်းရဲရဲနှင့် နေရမှာ စိုးရိမ်တယ်၊ အဲဒီတော့ လူ့ပြည်, နတ်ပြည် အကြိမ်ကြိမ် ခံစား စံစားရယင် တော်ရောပေါ့ကွာ...."

စသည်ဖြင့် ဒါလောက်နှင့်ဘဲ ကြားနာဘူးပြီး ဒါလောက်ဘဲ ယုံနေကြ၊ ကျေနပ်နေကြသဖြင့် မိမိတို့ ကိုယ်ပိုင် အခံကလဲ မရှိ၊ လမ်းညွှန်ကောင်းနဲ့လဲ မတွေ့၊ လမ်းညွှန်ကောင်း၊ ဆရာသမားကောင်းများ ဟောကြားတဲ့ တရားတွေကိုလဲ မကြားနာ၊မဘုတ်

ရှုဆိုလျှင်ဖြင့် သူများ ပါးစပ်မှာဘဲ လမ်းဆုံးသွားကြမှာဘဲဟု ဆရာတော် အင်မတန် စိုးရိမ်တော်မူရှာသည်။

ထိုကြောင့် ဆရာတော်ကြီးသည်...

မသိတဲ့ ပုဂ္ဂိုလ်ပြုတဲ့ ဒါနသည် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊

မသိတဲ့ ပုဂ္ဂိုလ်ပြုတဲ့ သီလသည် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊

မသိတဲ့ ပုဂ္ဂိုလ်ပြုတဲ့ သမထသည် အဝိဇ္ဇာပစ္စယာသင်္ခါရာ၊

ဟု ဟောတော်မူရာ( အကျယ်ကို စာအုပ်တွင်း၌ ရှုကြပါကုန် ) သစ္စာမသိဘဲ ကမ္မဿကတာဉာဏ် ဦးစီးပြီးပြုနေတဲ့ ဒါန, သီလ သည် မဂ်ဖိုလ်နိဗ္ဗာန် မရောက်နိုင် သစ္စာသိပြီး ပြုတဲ့ ဒါန, သီလ သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ပို့နိုင်စွမ်းရှိကြောင်း အကျယ် တဝင့် ဤစာအုပ်တွင်း၌ ပါရှိရာ လေးလေးနက်နက် ဘတ်ရှု တော် မူကြပါကုန်။

ထိုကြောင့် သစ္စာကိုသိအောင် ဆရာကောင်း,သမားကောင်း ဟောကြားသည့်တရားကို ကြားနာခြင်းဖြင့်၎င်း၊ထိုဆရာကောင်း သမားကောင်းများဟောကြားသည့် တရားစာပေကို ဘတ်ရှုခြင်း အားဖြင့်၎င်း အနုဗောဓဉာဏ် ဖြစ်စေနိုင်သည်၊ မိမိတို့ ကိုယ်တိုင် သစ္စာကို ပိုင်ပိုင်နိုင်နိုင် သိဘို့ရန်မှာမူကား မဂ္ဂင် အလုပ်ဖြစ်သော ဝိပဿနာအလုပ်နှင့်သာ ပဋိဝေဓဉာဏ်သို့ ပို့ဆောင်နိုင်သည် ဖြစ် ရာ ဆရာတော်ကြီးဟောကြားတော်မူခဲ့သည့်အတိုင်း....

"ဖြစ်ပျက် မြင်အောင် ရှု, ဖြစ်ပျက် မုန်းအောင် ရှု, ဖြစ်ပျက် ဆုံးအောင် ရှု"

ဆိုသည့်အတိုင်း ဖြစ်ပျက်ကို ပိုင်ပိုင်မြင်အောင် အားထုတ်ရန် ဖြစ်သည်၊ ဖြစ်ပျက်တလုံး မြင်ယင် အတော်ပိုင်ပြီ၊ ဝိပဿနာမဂ် ရသည်၊ ၎င်းမဂ် မိမိဝမ်းထဲ၌ ရောက်သည်ဟု ဆိုနိုင်သည်။

ဤကဲ့သို့ ရှုသည့်အခါ ဖြစ်တာလဲ ကိုယ့်သဘော မဟုတ်၊ ပျက်တာလဲ ကိုယ့်သဘောမဟုတ်၊ တရားသဘောအတိုင်း ဖြစ်နေသည်၊ တရားသဘောအတိုင်းသာ ဥာဏ်က ကြည့်ပြီး "ငါ" ဝင်မရှုပ်ယင် အနတ္တ ဖြစ်တာဘဲ၊ ဖြစ်တာထဲလဲ "ငါ" ဝင်မရှုပ်နဲ့၊ ပျက်တာထဲလဲ"ငါ"ဝင်မရှုပ်နဲ့၊ မရှုပ်ယင် အနတ္တ၊ "ငါ"ဝင်ရှုပ်ယင် အတ္တဟု အထူးသတိပြုပါ၊ ဒါကြောင့် ဆရာတော်ကြီးက "ဓမ္မသဘောမှာ 'ငါ' ဝင်နေ့ယင် သက္ကာယဒိဋ္ဌိ၊ ဓမ္မသဘောမှာ 'ငါ' ဝင်မနေ့ယင် သက္ကာယ ပြုတ်တယ်၊ ဓမ္မသဘော 'ငါ' မနေ့ဘို့အရေးဟာ သိပ်အရေးကြီးတယ်၊ 'ငါ'မနေ့မှ အနတ္တ ပိုင်မယ်၊ဒီဇ လုံးပိုင်ယင် သောတာပန်တည်မယ်"ဟု ဟောကြား ဆုံးမတော်မူခဲ့သည်။

ထိုကြောင့် ဓမ္မမိတ်ဆွေအပေါင်းတို့သည် ခန္ဓာနှင့်'ငါ' ရောနဲ့ယင် အပါယ်တံခါး ပွင့်နေသည်၊ ရောလျှင် ဒိဋ္ဌိဖြစ်သည်၊ ဒိဋ္ဌိဖြစ်ယင် ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌုပါဒါန်ဖြစ်လျှင် ကမ္မဘဝ လာမည်၊ ကမ္မဘဝလာလျှင် ဇာတိ မလာပါနှင့်ဆို၍ မရတော့ချေ၊ ဇာတိဆိုတာက အပါယ်ဇာတိပင်တည်း၊ သို့အတွက် ဒိဋ္ဌိပြုတ်မှုကို အရေးတကြီး ရှေ့ထား၍ ဟောတော်မူသည်၊ သို့အတွက် ဒိဋ္ဌိပြုတ်မှသာ ကျွတ်တမ်းဝင်နိုင်သည်ဟု နှလုံးသွင်း၍ ဒါန ပြုပြု-သီလ ပြုပြု-ဒိဋ္ဌိပြုတ်မှုကို ရှေ့ထားကြပါဟု တိုက်တွန်းအပ်ပါသတည်း။

**ဦးသံဒိုင်** ( ဥက္ကဋ္ဌ )
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့
အမှတ် ၃၃ - ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးရှင် - အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော်ဘုရား၏**

# ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေး အဖွဲ့မှ

## လက်လီ-လက်ကား ရောင်းချခြင်း

## မပြုပါ။

အဖွဲ့၌ ရနိုင်သောစာအုပ်များ

အမှတ်စဉ် ( ၀·၂·၃·၆·၉·၁၀·၁၁ )

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**ဗရမ်းပတာဘေးမှ ကင်းလွတ်ရေး**

# ညအလုပ်ပေးတရားတော်

( ၁၄ - ၆ - ၆၂ )

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရှေ့ပိုင်းက နည်းနည်းပြောပေးမယ်၊ အားလဲ အကုန်ထုတ်ကြပါဆိုတာ သတိပေးလိုက်တယ်နော်....။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရှေ့ပိုင်းက သတိပေးလိုက်သည်လို့ မောင်နိုင် မှတ်ရမယ်....နော်....( မှန်ပါ့ ) အားလဲ ထုတ်ကြပါဆိုတာကိုလဲ တိုက်တွန်းတယ်နော်....။

ဘာကြောင့် ဘုန်းကြီးက တိုက်တွန်းရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေက မေးကြလို့ရှိယင်ဖြင့် ပုထုဇန်အဖြစ်နဲ့ သေလို့ရှိယင်ဖြင့် ကျောင်းဆောက်ထားထား၊ ဘုရား

တည်ထားထား၊ ရေကန် တူးထားထား ဝိနိပါတိက ဘေးဆိုတာ မောင်နိုင် မလွတ်ဘူးတဲ့....(မှန်ပါ့ဘုရား)။

ဝိနိပါတိကဘေးဆိုတာ တကာ တကာမတွေက မသိဘဲ နေမှာစိုးလို့ မြန်မာလို ပြန်လိုက်တော့ ဗရမ်းပတာကျတဲ့ ဘေးလို့ ကိုစောမောင် မှတ်စမ်းပါ....(မှန်ပါ့) ဒါ ပုထုဇန် အဖြစ်နဲ့ သေလို့ရှိယင် ဗရမ်းပတာဘဲ....(မှန်ပါ့)။

ဗရမ်းပတာဆိုတာသည် နွေအခါမှာ သစ်ပင်တွေ ခြောက်နေတဲ့ အခါကျတော့ ကိုစောမောင်တို့ ဦးဘရှင်းတို့ နိုင်တဲ့ သစ်ပင်ကလေး အရင်းက-နေ ကိုင်လှုပ်လိုက်တာပေါ့၊ အရင်းက-နေ ကိုင်လှုပ်လိုက်တဲ့ အခါကျတော့ သစ်ရွက်တွေဟာ ကျချင်တဲ့ဆီ ကျတယ်....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် လှုပ်လိုက်တဲ့အခါ ဗရမ်းပတာကျရမည့်ပင်ကိုယ်သဘောရှိနေလို့ ကျရတော့တယ်ဆိုတာ ငြင်းဘို့ မလိုတော့ပါဘူး....(မလိုပါဘုရား)။

ထို့အတူဘဲတဲ့၊ ပုထုဇန်အဖြစ်နဲ့ သေယင်တော့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဗရမ်းပတာဘေး လွတ်လိမ့်မယ်လို့ ငါ မဟောနိုင်ဘူးတဲ့....( မှန်ပါ့ )သဘောပါကြလား....(ပါပါပြီဘုရား)။

ဒါဖြင့် ပုထုဇန်အဖြစ်နဲ့ သေလို့ရှိယင် တကာ တကာမတွေ ကြောက်စရာ လန့်စရာကြီးပါကလား....( မှန်ပါ့ )မောင်နိုင်.... ကြောက်စရာကြီးနော်....(မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ အထူးကိုဘာမှ ဆရာဘုန်းကြီးက မမှာပါဘူးတဲ့၊ ရှေ့နောက်ကလေး ခွဲပေးပါဆိုတာ တလုံးဘဲ မှာတယ်....(မှန်ပါ့)။

ရှေ့နောက်ဆိုတာ ဘာပါလိမ့်မတုံး--ဆိုတော့ ဗရမ်းပတာ ဘေး လွှတ်တာကို ရှေ့ထားပါ....(မှန်ပါ့)ပြီးတော့မှ သွားရေး သမီးရေး, စီးပွားရေး, လုပ်ပါဆိုတော့ ဦးဘရှင်း မကောင်းဘူး လား....(ကောင်းပါတယ်ဘုရား)။

ဦးဘအုန်းတို့ ကောင်းတယ်နော်....(မှန်ပါ့)။

အဲဒီတော့ ဒီလို ရှေ့နောက်ခွဲပေးမည့် ဆရာသမားဆိုတာလဲ ကိုစောမောင် မလွယ်ဘူး....(မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ အဲဒီ့မလွယ်တဲ့အထဲမှာ အခုထိုးထိုးထွင်းထွင်း ပေါ်ပြီးသကာလ လာပြန်တော့ ဩော်....ရှေ့နောက် ခွဲလိုက်ပါ ဦး၊ ဗရမ်းပတာဘေး စိတ်မချရသေးတဲ့ပုထုဇန်အဖြစ်နဲ့မသေပါနဲ့၊ သောတာပန် အဖြစ်နဲ့သေပါလို့ဆိုတာ သဟိပေးလိုက်တယ်....။

ဒါဖြင့် ဘုရားတပည့်တော်တို့ ပုထုဇန် အဖြစ်နဲ့ သေယင် ဗရမ်းပတာဘေး သင့်ပါတယ်၊ ငရဲလဲ ကျချင်-ကျသွားမယ်၊ တိရစ္ဆာန်ဘုံလဲ....(ကျချင်-ကျသွားမယ်)အမှန်ရှိပါ့မလား....(မရှိ ပါဘုရား)။

ဟို....ရေကပတ္တ နဂါးကြီးဟာ ရဟန်းက-နေပြီး နဂါးသွား ဖြစ်တယ်....(မှန်ပါ့)ဗရမ်းပတာဘယ်လောက်ကျလိုက်သလဲမောင် နိုင် ရဟန်းက-နေပြီး နဂါးကြီးသွားဖြစ်တယ်....(မှန်ပါ့) ဗရမ်း ပတာ ကျသွားတာမသေချာဘူးလား-(သေချာပါတယ်ဘုရား)။

သေချာတယ်တဲ့၊ ဗြဟ္မာကြီးက-နေပြီး ဝက်ဖြစ်သွားတာ.... ဒါတွေလဲ ဘာဘေးပါလိမ့်....(ဗရမ်းပတာဘေးပါဘုရား)။

ကြည့်စမ်းပါဦး တကာ တကာမတို့၊ အထက် ကောင်းကင်မှာ ရောက်နေတဲ့ ဗြဟ္မာကြီးက-နေပြီး လူ့ပြည်လာပြီး ကျင်ကြီး စားတဲ့ဝက် ဖြစ်ရတယ်ဆိုတော့ ကိုသောင် ကောင်းသေးရဲ့လား

(မကောင်းပါဘုရား) ဘာဘေးသင့်တာတုံး....(ဗရမ်းပတာဘေး သင့်ပါတယ်ဘုရား)။

အဲဒါကြောင့် ဗရမ်းပတာဘေး လွတ်ဘို့ရာကို ဘုန်းကြီးက ရှေ့ထားပါ၊ ပြီးတော့မှ သားရေး, သမီးရေး ခင်ဗျားတို့ တည် ထောင်ပြီးသား ဖြစ်တော့ မကျွေး-မမွေးလဲ မဖြစ်လို့ လုပ်ကြ တာပေါ့....(မှန်ပါ့)။

မကန့်ကွက်ပါဘူး တကာကြီးလှိုင်ရ....(မှန်ပါ့)ကျွေးကြပါ၊ မွေးကြပါ ခင်ဗျားတို့ သားတွေ, သမီးတွေကို ဝ-အောင် လှ-အောင် ကျောင်းကန် ထားပေးပြီးသကာလ လူလားမြောက် အောင် လုပ်ကြပါလို့ ဆိုတာ မိဘဝတ္တရားကို ဘုန်းကြီးတို့က ပယ်လို့ မဟုတ်ပါဘူး၊ ရှေ့နောက်ကလေး ခွဲပါဆိုတာကလေး စကားသုံးတာပါ....( မှန်ပါ့ )သဘောပါကြလား....(ပါပါပြီ ဘုရား)။

ဘာလုပ်ကြရမယ်....(ရှေ့နောက် ခွဲရပါမယ်ဘုရား)။

ရှေ့နောက်ကလေး ခွဲလိုက်ကြပါ၊ ဗရမ်းပတာဘေး လွတ် အောင်၊ လွတ်တာကို ရှေ့ထားပြီးတော့မှ ကျောက်ကုန်သည် ကြီး လုပ်လုပ်၊ ကျောက်ကုန်သည် အလတ် လုပ်လုပ်၊ တွင်း ထောင်ထောင်၊ လုပ်ကြတာပေါ့ ဆိုတာတော့ မကန့်ကွက် ပါဘူး....နော်(မှန်ပါ့)။

ဒါဖြင့် ဗရမ်းပတာဘေး လွတ်အောင် တပည့်တော်တို့ ဘယ် လို လုပ်ရမှာတုံး ဘုရား....ဆိုတဲ့ မေးခွန်း ထွက်လာတယ်....(မှန် ပါ့ဘုရား) ကိုစောမောင် ဒါပြောတော့မယ်....(မှန်ပါ့)။

ဗရမ်းပတာဘေးလွတ်အောင် ခင်ဗျားတို့ကို ပြောပါ့မယ်တဲ့ ဗရမ်းပတာဘေး လွတ်အောင်ဆိုတော့ လွယ်ပါတယ်ကွာ....တဲ့-

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ကိုယ့်ခန္ဓာထဲ ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ရှင်းနိုင်ရမယ်....(မှန်ပါ့)။

ဘာတဲ့တုံး....(ကိုယ့်ခန္ဓာထဲဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ရှင်းနိုင်ရပါမယ် ဘုရား)။

အင်မတန် အရေးကြီးပြီး ပြောနေတယ်လို့လဲ မှတ်ပါနော်(မှန်ပါ့) ဗရမ်းပတာဘေးလွတ်အောင် ပြောတော့မလို့....၊ကိုယ့်ခန္ဓာထဲမှာ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ရှင်းအောင်လုပ်ပါ....(မှန်ပါ့ဘုရား)။

ကိုပေါ် ဘာတဲ့....(ကိုယ့်ခန္ဓာထဲရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ရှင်းအောင်လုပ်ရပါမယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဆိုတာက စာမှာ ရှိတာမဟုတ်ဘူးလို့ ဦးဘရှင်းက မှတ်ပါ....(မှန်ပါ့)ခန္ဓာထဲမှာ ရှိတယ်....(မှန်ပါ့)။

နောက်က တကာ တကာမတွေ ဘယ်မှာ ရှိသလဲ....(ခန္ဓာထဲမှာ ရှိပါတယ်ဘုရား)။

ခန္ဓာထဲမှာ ရှိတယ်ဆိုတဲ့ ဥစ္စာ ခန္ဓာထဲမှာ ပေါ်လာတာက ကြည့်ပါလား....တဲ့ ဥပမာမယ်ကျောင်းကလေး ဆောက်တယ်၊ ဘုရားကလေးတည်ချင်တယ်၊ကျောင်းဆောက်မှ ဒို့နောက်ဘဝကို ဘုံနန်းပေါက်ပြီး သကာလ သွားနေရမှာ၊ မောင်နိုင် ဒီ ဥစ္စာ စိတ်ကူးမရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

ကျောင်းဆောက်ယင် ဘုံပေါက်သတဲ့၊ အဲဒီတော့ ဘုံပေါက်အောင် ကျောင်းဆောက် ဦးမှဘဲ၊ ဒါမှ ဒို့ သွားနေရမှာ-ဆိုတော့ တကာ တကာမတွေကလဲ ဒီအတိုင်းသာ စကားပြောနေတာ၊ သူ ပဋိစ္စသမုပ္ပါဒ် ပေါ်နေတယ်လို့မသိဘူး....(မှန်ပါ့)။

စင်စစ်ကတော့ ပဋိစ္စသမုပ္ပါဒ် ပေါ်နေတာ၊ ဘယ်လိုပေါ် နေသတုံး ဆိုတော့ ဦးဘကလေး မှတ်လိုက်ပါ သူဟာ နတ်ပြည် ရောက်ယင် အိုမယ်, နာမယ်, သေမယ်ဆိုတာ သူသိသေးရဲ့လား (မသိပါဘုရား)။

မသိတော့ သူသည် မောင်နိုင် အဝိဇ္ဇာ ပေါ်နေတယ်.... (မှန်ပါ့) အဝိဇ္ဇာပေါ်တာနဲ့ဘဲ....တဲ့၊ ဒါနကုသိုလ်, သီလကုသိုလ် ကျောင်းဆောက်တဲ့ ကုသိုလ်လုပ်မှဘဲ ဒါမှ နတ်ဖြစ်မှာဘဲ ဆို တော့ မသိလို့ မောင်နိုင်လှူပြန်တယ်....( မှန်ပါ့ ) မသိတာက အဝိဇ္ဇာ၊ လှူတဲ့ စေတနာက သင်္ခါရ၊ ဒါ ပဋိစ္စသမုပ္ပါဒ်ပေါ်နေ တာ၊ မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ သင်္ခါရပစ္စယာ ဆိုတော့ စုတေမနေ သေလွန် သွားတဲ့အခါ ဟိုမှာ နတ်ပဋိသန္ဓေ နတ်ဝိညာဏ်မနေဘူးလား.... (နေပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ကျောင်းဆောက်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ပဋိစ္စ သမုပ္ပါဒ် ကိုယ်သိလို့လားတဲ့၊ သူ့ဟာသူ ပြောမိပြောရာ၊လုပ်မိ လုပ်ရာ လုပ်နေတာလား....(လုပ်မိလုပ်ရာလုပ်နေတာပါဘုရား)။

သူလိုချင်တာက ကြည့်လေ- နတ်ပြည်ကျလို့ရှိယင် နတ်သမီး နတ်သားတွေနဲ့ ပျော်ပျော်ပါးပါးနဲ့ ကိုစောမောင် ပဒေသာ ပင် ဆွတ်စားပြီး စိတ်ချမ်းသာ လက်ချမ်းသာနေချင်တဲ့ သဘော သူ့မှာမပါဘူးလား.... ( ပါပါတယ်ဘုရား ) နတ် ဒုက္ခသစ္စာကို လှမ်းမြင်လိုက်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် မမြင်တာက ဘယ်သူတုံး....(အဝိဇ္ဇာပါဘုရား) မမြင် တော့ ကျောင်းဆောက်ချင်တဲ့ စေတနာနဲ့ ဆောက်လိုက်တယ်

ဆိုပါတော့ ဆောက်လိုက်တဲ့ စေတနာက မောင်နိုင် သင်္ခါရ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

နတ်ပြည် ဒုက္ခသစ္စာလို့ မမြင်တာက .... (အဝိဇ္ဇာပါဘုရား) ဆောက်လိုက်တာက....(သင်္ခါရပါဘုရား)။

ဒါ့ကြောင့် ဒီပုဂ္ဂိုလ်သေတဲ့အခါကျတော့ သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား) ဟော....ဝိညာဏ်ဆိုတော့ တကာ တကာမတွေ နတ်ပြည်သွားပြီး နတ်အထည်ကြီး သွားဖြစ်တော့ ပဋိသန္ဓေဝိညာဏ် ဖြစ်ရတဲ့အတွက် ဒုက္ခသစ္စာ သွားဖြစ်တယ် ....(မှန်ပါ့)။

အဲဒါ ကိုစောမောင်တို့က ကိုယ့်ခန္ဓာထဲမှာ ဘယ်သူကလုပ်ပါလိမ့်မလဲ မသိတော့ ပဋိစ္စသမုပ္ပါဒ်မသိဘူး....(မှန်ပါ့)။

အခု ရှေးဦးစွာ ကျောင်းဆောက် ချင်တယ်၊ ဘုံပေါက်အောင်လို့၊ နတ်သား, နတ်သမီးဖြစ်ချင်လို့ ဆိုတာကမောင်နိုင်က လက်သည်ရှာလိုက် ဘယ် သူ ပါလိမ့်မတုံး .... (အဝိဇ္ဇာပါဘုရား)။

သူက မသိလို့....(မှန်ပါ့)ဒုက္ခသစ္စာလဲ သူ သိသေးရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် သူက မသိအောင်လုပ်ထားတော့ တကာ တကာမတွေက- ကဲ .... ဆောက်မှဘဲဆိုပြီး ငွေလေးဘာလေး ထုတ်ပြီး စေတနာ ကောင်းကောင်းနဲ့ ဆောက်လိုက်ကြတယ်....( မှန်ပါ့ ) ဆောက်လိုက်တဲ့ အခါကျတော့ ဆောက်တဲ့စေတနာက သင်္ခါရ မသိတာက....(အဝိဇ္ဇာပါဘုရား) ရှင်းပြီနော်-(ရှင်းပါပြီဘုရား)။

ဆောက်တဲ့စေတနာက....(သင်္ခါရပါဘုရား)ကိုင်း....ကျောင်းဆောက်ပြီး ရေစက်ပါ- ချပြီး- ပြီးပါပြီဆိုတော့မှ ဒီပုဂ္ဂိုလ်

အသက်တိုင်း နေလို့သေတဲ့ အခါကျတော့ သင်္ခါရပစ္စယာ.... ( ဝိညာဏံပါဘုရား ) ဝိညာဏ်ဆိုတော့ ပဋိသန္ဓေဝိညာဏ်က မလာဘူးလား....(လာပါတယ်ဘုရား)။

ပဋိသန္ဓေ ဝိညာဏ် လာတော့ ဘာသစ္စာလဲ ....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သူ နဂိုက ကျောင်းဆောက် တာဟာ အဝိဇ္ဇာစက် ကင်းရဲ့လား....(မကင်းပါဘုရား)ဒါဖြင့် သူနိဗ္ဗာန်ရပါ့မလား.... (မရပါဘုရား)။

အဝိဇ္ဇာပါနေတယ် မောင်နိုင်ရ၊ အဝိဇ္ဇာပါနေတော့ ရပါ့ မလား....(မရပါဘုရား)။

မရတော့ အဝိဇ္ဇာက ဘာလုပ်လိုက်သတုံးလို့ မေးတဲ့အခါ ကျတော့ အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)။

ဟော....ဒီစေတနာကလဲ ကိုစောမောင်က စဉ်းစားပါတော့ အဝိဇ္ဇာအုပ်ချုပ်တဲ့ စေတနာဟုတ်- မဟုတ် .... (ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် အဝိဇ္ဇာအုပ်ချုပ်တဲ့ စေတနာဟုတ်တယ်- မဟုတ် တယ်၊ တခါ ဒီထက် သိချင်ပါသေး တယ်ဘုရား....၊တပည့်တော် ပဋိစ္စသမုပ္ပါဒ်ကို သိချင်ပါသေးတယ်ဆိုတော့ သေသည်၏ အ ခြားမဲ့၌ ဟိုမှာ ပဋိသန္ဓေဝိညာဏ် မပေါ်ဘူးလား....(ပေါ်ပါ ဘယ်ဘုရား) ဘာသစ္စာပေါ်သလဲ .... (ဒုက္ခသစ္စာပေါ်ပါတယ် ဘုရား)။

ကဲ....ဒါဖြင့် သူ့ဒဏ်ချက်ဘဲ.... (မှန်ပါ့) အဝိဇ္ဇာ၏ဒဏ်ချက် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်သူ၏ဒဏ်ချက်ပါလိမ့်....( အဝိဇ္ဇာ၏ဒဏ်ချက်ပါဘုရား ) အဝိဇ္ဇာဒဏ်ချက်ဆိုတာ ဦးဘရှင်း ကောင်းကောင်း ရှင်းပလား (ရှင်းပါပြီ)ကိုပေါ်တို့....(ရှင်းပါပြီ)။

ဒီလိုမသိတဲ့ပုဂ္ဂိုလ်တွေ လုပ်နေတာကို သူ့ပဋိစ္စသမုပ္ပါဒ်သူမသိလို့ သူလုပ်နေတယ်....(မှန်ပါ့)။

ကဲ....ဒီ တကာ တကာမတွေက အခုဘုန်းကြီးများနဲ့ ဆရာတကာ ရင်းနေလို့ ယဉ် ကျေး ပြီး သား ဖြစ်နေတော့ ကဲ.... ကျောင်းဆောက်မယ်၊ ဘုရားတည်မယ်၊ သူလုပ်ချင်လဲလုပ်မှာပေါ့ဗျာ....(မှန်ပါ့)။

လုပ်ပင် လုပ်ငြားသော်လဲ တကာ တကာမတွေက အင်း.... ဒီခန္ဓာဝန်- ဒုက္ခဝဋ်-ဒုက္ခသစ္စာကြီးကို ကျွတ်ချင်လွတ်ချင်တယ် ဆိုတော့ ကျွတ်ချင်လွတ်ချင်လို့ ဆောက်ဦးမှာ၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါကျတော့ ကျွတ်ချင်လွတ်ချင်တာက ခန္ဓာကိုယ်ဒုက္ခသစ္စာကြီးကို လက်ရှိခန္ဓာကြီးကို ကျွတ်ချင် လွတ်ချင်တယ် ဆိုတော့ နောက်ခန္ဓာလိုချင်သေးသလား....(မလိုချင်ပါဘုရား)။

အဲဒီကျတော့ စိတ်ကူးကတည်းက သူဝိဇ္ဇာနဲ့ စိတ်ကူးတယ်.... (မှန်ပါ့)။

ဝိဇ္ဇာနဲ့ စိတ်ကူးတော့ သင်္ခါရ လာသေးသလား....(မလာပါဘုရား) သင်္ခါရမှ မလာဘဲနဲ့ ဝိညာဏ်ကကော.... (မလာပါဘုရား) ။

ဒါဖြင့် သင်္ခါရကို ချုပ်စေတယ်....( မှန်ပါ့ ) ဝိညာဏ်ကိုလဲ (ချုပ်စေပါတယ်ဘုရား)။

ကဲ....သွားလိုက်ပါတော့ ဝိညာဏ်ဟာ ပဋိသန္ဓေနေယင် အို, နာ, သေဘဲ၊ ဘယ့်နှယ်တုံး....(ချုပ်ပါတယ်ဘုရား)။

ကဲ....မကွာဘူးလား....( ကွာပါတယ်ဘုရား ) ကျောင်းတော့ ဆောက်တာဘဲ....(မှန်ပါ့) ကျောင်းတော့ဆောက်တယ်၊ သူက ဝိဇ္ဇာနဲ့ဆောက်တာကိုး၊ သဘောပါကြလား.... ( ပါပါတယ် ဘုရား )။

ကျောင်းတော့ ဆောက်တယ်.... (ဝိဇ္ဇာနဲ့ ဆောက်ပါတယ် ဘုရား) ဝိဇ္ဇာနဲ့ ဆောက်တဲ့အတွက် သူကတော့ နိဗ္ဗာန်ကိုမှန်း တယ်၊ သင်္ခါရမပါတဲ့အတွက် ဝိညာဏ်က မောင်နိုင် လာသေး သလား....( မလာပါဘုရား ) ဝိညာဏ် ပဋိသန္ဓေ မနေတော့ ဇာတိ ဇရာ မရဏကကော.... ( မလာပါဘုရား )။

မလာတော့ သူကတော့ သစ္စာသိပြီးဆောက်တဲ့အတွက် ဝိဇ္ဇာ မဂ္ဂင်နဲ့ဆောက်တဲ့အတွက် ဒီ-မဂ္ဂင်က နိဗ္ဗာန်မှတပါး တခြားကို မပို့တော့ဘူး....( မှန်ပါ့ ) ပို့သေးရဲ့လား....(မပို့ပါ ဘုရား)။

ဒါဖြင့် ကျောင်းဆောက်တာချင်းတော့ အတူတူဘဲ....(မှန် ပါ့) ကိုစောမောင် ဘာထူးသွားသလဲ....( သွားတာထူးပါတယ် ဘုရား ) အဝိဇ္ဇာ အုပ်ချုပ်တာနဲ့ ဝိဇ္ဇာအုပ်ချုပ်တာကွာသွား တယ်....( မှန်ပါ့ ) ရှင်းပလား....( ရှင်းပါပြီဘုရား )။

အဝိဇ္ဇာ အုပ်ချုပ်တာနဲ့ ဝိဇ္ဇာအုပ်ချုပ်တာ ဦးဘရှင်း သိပ် ခြားနားတယ်....( ခြားနားပါတယ်ဘုရား ) မောင်နိုင် မခြား နားဘူးလား....( ခြားနားပါတယ်ဘုရား )။

အဲဒါကြောင့် တကာတကာမတွေ ဆွမ်းတဇွန်းနဲ့ ဟင်းတ ခွက်ဘဲ လှူကြလှူကြပေါ့ဗျာ၊ ကိုစောမောင် ဝိဇ္ဇာတော့ အုပ် ချုပ်ရလိမ့်မယ်....( မှန်ပါ့ )။

ဒုက္ခသိမ်းချင်လို့ လှူပါ၏....ဟုတ်လား၊ ဒုက္ခသိမ်းတဲ့နိဗ္ဗာန် ရောက်ချင်လို့.... ( လှူပါ၏ ) ဒုက္ခသစ္စာကြီး ရှ်လွန်း မုန်း လွန်းလို့ လွတ်လိုလို့ လှူပါ၏.... ဆိုတော့ ဘာနဲ့လှူသတုံး.... ( ဝိဇ္ဇာနဲ့ လှူပါတယ်ဘုရား )။

ဒါဖြင့် အလှူကော မပါဘူးလား....( ပါပါတယ်ဘုရား ) သို့သော် သူ့ကျတော့ကိုတဲ့ "အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရော ဓော"သွားဖြစ်တယ်....( မှန်ပါ )အဝိဇ္ဇာချုပ်လို့....( သင်္ခါရ ချုပ်ပါတယ် ဘုရား ) သင်္ခါရ ချုပ်သောကြောင့် နောက် ဝိညာဏ် လာသေးရဲ့လား....( မလာပါဘုရား )။

အဲ....တကာတကာမတွေ ကျောင်းဆောက်တော့ ကျောင်း တော့ အတူတူဘဲ ရကြတာဘဲ....( မှန်ပါ ) ကိုစောမောင်.... ဆောက်ပုံကွာသွားတယ်....( ကွာသွားပါတယ်ဘုရား ) ကဲ.... တကာတကာမတွေ ရှင်းကြပလား....( ရှင်းပါပြီဘုရား )။

ကဲ....နောက်ကျတော့ ခန္ဓာကိုယ်ထဲမှာ ဩော်.... ဒါ-ဘာပါ လိမ့်မတုံးဆိုတော့ အင်း....ကျောင်းဆောက်တယ်၊ လူ့ပြည်, နတ် ပြည်လိုချင်လို့ ဆောက်တယ်ဆိုတော့ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်....( မှန်ပါ ) တနည်း.... တဏှာကြောင့် ဥပါဒါန် ကော....( ဖြစ်ပါတယ်ဘုရား )။

နတ်ပြည်လိုချင်တဲ့တဏှာ စွဲလမ်းပြီးသကာလ မလုပ်ပေဘူး လား....( လုပ်ပါတယ်ဘုရား )။

စွဲလမ်းတာက ဥပါဒါန်၊ ဥပါဒါန်ကြောင့် တခါစဉ်းစား လိုက်ဦးနော်.... ကာယကံ, ဝစီကံနဲ့ လက်သမားတွေငှား-ပြော ဆို၊ ဒါက ကံတွေကိုး ကိုစောမောင်ရ....( မှန်ပါ )ကာယကံ

ဝစီကံ မဟုတ်ဘူးလား....( ဟုတ်ပါတယ်ဘုရား )ဒါဖြင့် ကမ္မဘဝ ဟုတ်ကဲ့လား....( ဟုတ်ပါတယ်ဘုရား )။

ဒါဖြင့် သူက နတ်ပြည်လိုချင်တာကတဏှာ၊ နတ်ပြည်စွဲလမ်းတာက....( ဥပါဒါန်ပါဘုရား ) နတ်ပြည် ရောက်ကြောင်းကို အခုအားထုတ်တာက( ကံ-ပါဘုရား )ကဲ.... ကမ္မဘဝပစ္စယာ စုတေသည်၏ အခြားမဲ့၌....( ဇာတိပါဘုရား )။

ဘာသစ္စာလာသတုံး....( ဒုက္ခသစ္စာ လာပါတယ်ဘုရား ) ရှင်းပလား....( ရှင်းပါပြီဘုရား )။

ဒီလိုဆိုတော့ မောင်နိုင်....ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တတ်တယ်....( မှန်ပါ့ )ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်သူ့ပဋိစ္စသမုပ္ပါဒ်က ဘယ်သူ့နှိပ်စက်တတ်သလဲ....( ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တတ်ပါတယ်ဘုရား ) ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တတ်တယ်ဆိုတာ ပေါ်ပလား....( ပေါ်ပါပြီဘုရား )။

အဲဒါက ဆရာကောင်း သမားကောင်း ခေါင်းဆောင်ကောင်းကလဲ မတွေ့ကော့ ကိုစောမောင်-ဒီအတိုင်းသွားတယ်....( သွားရမှာပါဘုရား )မသွားသေးဘူးလား.... (သွားပါတယ်ဘုရား )။

ကဲ.... သိတဲ့အခါကျတော့ကွာ- ဘာမှ မလိုချင်ဘူးဟေ့....ဟောဒီ ဒုက္ခဝဋ်မှ ကျွတ်ချင်တာဘဲလို့ဆိုတော့ ဝိဇ္ဇာနဲ့မဆောက်ဘူးလား....( ဆောက်ပါတယ်ဘုရား )။

ဝိဇ္ဇာနဲ့ ဆောက်တဲ့အခါကျလို့ရှိယင် တကာ တကာမတို့ ဝိဇ္ဇာက အဝိဇ္ဇာချုပ်လို့ သင်္ခါရ ချုပ်ပါတယ်....( မှန်ပါ့ ) သင်္ခါရချုပ်လို့....( ဝိညာဏ်ချုပ်ပါတယ်ဘုရား )။

ဝိညာဏ်ချုပ်တယ်ဆိုတော့ ကဲ....ကိုယ်ပေါ်.... မရှင်းသေးဘူး လား....( ရှင်းပါတယ်ဘုရား )ကျောင်းတော့ ဆောက်တာဘဲ ( မှန်ပါ့ )ကျောင်းတော့ဆောက်တာဘဲဆိုတာ ပေါ်ကြပလား ( ပေါ်ပါပြီဘုရား )။

ကဲ....ဒါဖြင့် ဒီကရှေ့တော့ဖြင့် ဘယ်လိုမျိုး အကျိုးပေးမှာ တုံး.... ဒို့သည် ဘာများဖြစ်နေသတုံးဆိုတာကို ရှေ့ဘာဖြစ်မှာ တုံးဆိုတာကို တခါတည်း တကာတကာမတွေ့နည်းပေးပါတယ် (မှန်ပါ့)ရှေ့ဘာဖြစ်မှာတုံးဆိုတဲ့ဥစ္စာကိုတွေးတော့ ရှေ့ကိုတော့ ဘုန်းကြီးတို့ အထူးမပြောလိုတော့ပါဘူး၊ ရှေ့ကဟာကအကျိုး ဖြစ်နေတယ်....( မှန်ပါ့ )အခု အကြောင်းကိုစဉ်းစားလိုက်ယင် ရှင်းသွားမယ်....( မှန်ပါ့ )။

အခု အကြောင်းမှာက လိုချင်လို့လုပ်တဲ့ တဏှာ, ဉပါဒါန်, ကံ-နဲ့လုပ်ကြယင် ဇာတိ ဇရာ မရဏရမယ်....( မှန်ပါ့ )ရှင်းပ လား....( ရှင်းပါပြီဘုရား )။

ဒုက္ခသစ္စာမို့ မလိုချင်တဲ့ဉာဏ်နဲ့ လာမယ်လို့ ဝိဇ္ဇာဉီးစီးပြီး သကာလ လုပ်ကြမယ်ဆိုလို့ရှိယင် တကာတကာမတို့ သိတဲ့အာ တိုင်းဘဲတဲ့၊ အဝိဇ္ဇာချုပ်လို့ တဏှာချုပ်တယ်....( မှန်ပါ့ ) တဏှာချုပ်လို့ ဉပါဒါန်....(ချုပ်သွားပါတယ်ဘုရား) ဉပါဒါန် ချုပ်လို့....( ကံ-ချုပ်သွားပါတယ်ဘုရား )။

ကံ-ချုပ်သောကြောင့် ဇာတိ ဇရာ မရဏ လာသေးရဲ့လား ( မလာပါဘုရား )ရှင်းပလား....( ရှင်းပါပြီဘုရား )။

ဒါဖြင့် တပည့်တော်သေယင် ဘာများဖြစ်မှာတုံး--ဘုရားလို့

ကိုစောမောင်က မမေးနဲ့တော့....(မှန်ပါ့) ကိုယ့်ခန္ဓာထဲ ဖြစ်တဲ့ ဖြစ်စဉ်သာ အကဲခတ်လိုက်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာ အကဲခတ်ရမယ်....(ခန္ဓာထဲ ဖြစ်တဲ့ဖြစ်စဉ် အကဲခတ်ရမှာပါဘုရား)။

ဘယ်ဘုန်းကြီးက ဟောဟော၊ ဘာစာအုပ်က ရေးရေး မယုံနဲ့၊ မင်း နတ်ဖြစ်လိမ့်မယ်, မင်း ဗြဟ္မာဖြစ်လိမ့်မယ်, မင်း နိဗ္ဗာန်ရလိမ့်မယ်ဆိုပေတဲ့ မယုံနဲ့တဲ့....၊ ကိုယ့်ပစ္စက္ခသမ္ပုဒ်ကိုယုံ(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာယုံရမလဲ....(ကိုယ့်ပစ္စက္ခသမ္ပုဒ် ကိုယ်ယုံရမှာပါဘုရား)။

နို့....ဟို ဘုန်းကြီးက ဘေးက ပြောနေတာ....( မှန်ပါ့ ) ဟို စာအုပ်က ဘေးက ရေးနေတာ....(မှန်ပါ့)အကဲ ခတ်ရေးနေတာ....(မှန်ပါ့)။

အကဲခတ်တာနဲ့ ကိုယ်တိုင်ဖြစ်တာနဲ့ ဘယ်ဟာ အမှန်ယူကြမလဲ....(ကိုယ်တိုင်ဖြစ်တာ အမှန်ယူရမှာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က စာက-ဒီလိုဆိုတယ်လို့ လုပ်မနေနဲ့....( မှန်ပါ့ )ခန္ဓာက ဒီလိုတန်းနေတယ်ဆိုတာသာ ယူပါ....(မှန်ပါဘုရား)။

ခန္ဓာက ဒီလိုတန်းနေယင် ဒီလိုဖြစ်မှာဘဲ....(မှန်ပါ့) ခန္ဓာက ဒီလိုပြတ်သွားယင်....(ဒီလိုပြတ်သွားမှာပါဘုရား)။

ဒီလို နိဗ္ဗာန်ရမှာဘဲဆိုတဲ့ဥစ္စာ ခင်ဗျားတို့ စာအုပ်ကိုလဲမယူနဲ့၊ ဘယ်ဆရာတော်က ဟောသွားတယ်ဆိုတာကိုလဲ အတည်မပြုနဲ့ ကိုစောမောင်....(မှန်ပါ့)။

ကိုယ့်ခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တန်းက ပြတ်အောင်လုပ်ပြန်တော့လဲ ပြတ်တဲ့ဆီ ရောက်တာဘဲ.... (မှန်ပါ့) ဆက်အောင်လုပ်ပြန်တော့....(ဆက်တဲ့ဆီ ရောက်သွားပါတယ်ဘုရား)။

နို့ သူများပြောတာ ယုံမလား၊ ကိုယ့်ဖြစ်စဉ်က ပြောတာယုံကြမလား....(ကိုယ့်ဖြစ်စဉ်က ပြောတာယုံရမှာပါဘုရား)။

ကိုင်း .... အင်မတန် သဘောပါသွားပြီ .... (ပါသွားပါပြီဘုရား) အင်မတန် သဘောပါသွားပြီ တကာ တကာမတို့....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခုနင်က ပြောခဲ့တဲ့စကား ပြန်ကောက်ကြပါစို့နော်....၊ ခုနင်က ပြောခဲ့တဲ့ စကားက-ကဲ ဗရမ်းပတာ ကျမည့်အပါယ်လေးပါးကျမည့်ဘေးကို ခင်ဗျားတို့မှာရှိနေသေးတော့ကို တကာ တကာမတွေ သူ့ကို ဗရမ်းပတာ လွတ်တဲ့ အလုပ်ကို အယင်လုပ်လိုက်....(မှန်ပါ့)ပြီးတော့မှ သားရေး၊ သမီးရေး၊ စီးပွားရေးကို....(လုပ်ရပါမယ်ဘုရား)။

လုပ်ပါဆိုတော့- မလုပ်နဲ့ဆိုတာလား၊ ရှေ့နောက် ခွဲလိုက်ဆိုတာလား.... ( ရှေ့နောက်ခွဲလိုက်ဆိုတာပါဘုရား ) ရှေ့နောက် ခွဲလိုက်လို့ဆိုတာ နောက်က တကာ တကာမတွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါကလေးက ဘာတုံးလို့ မေးတဲ့အခါကျတော့ ခုနင်က ကိုယ့်သန္တာန်ဖြစ်လာတဲ့ ဥပမာ....ကြားတယ်၊ သားကလေးက အော်လိုက်လို့ ကြားတယ်၊ အင်း.... ကြားလို့ရှိယင်ဖြော်....ငါ့မှာ ကြားစိတ်ဖြစ်တယ်၊ ကြားလို့တခါ ခင်ပြန်ပြီ။

တနည်းအားဖြင့်လဲ ကြားတာနဲ့ဘဲ ဟိုက အသံကကျယ်ကျယ်နဲ့ လိမ့်များကျသလား၊ မှောက်လျက်ထိုးကလေးများ လဲနေသ

လား.... ထိုင်လျက်မျှားလဲနေသလား.... အစရှိသည်နဲ့ ဆိုတော့ ကြားပြီး ဒေါသက မလာဘူးလား.... (လာပါတယ်ဘုရား) ဒေါသလာယင်သောက တွေ့ပါ(လာပါတယ်ဘုရား) အင်း....ဒါဟာ ပဋိစ္စသမုပ္ပါဒ်ဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒီ- ပဋိစ္စသမုပ္ပါဒ်က ကဲ....ကြားတယ်၊ ကြားပြီးသကာလ ဒေါသ သောက ပရိဒေဝဖြစ်တယ်၊ မောင်နိုင်....(မှန်ပါ့)ဖြစ်ပြီး သကာလ ဒါသိလို့ ဖြစ်တာလား.... မသိလို့ဖြစ်တာလား- (မသိလို့ဖြစ်တာပါဘုရား)။

မသိလို့ဖြစ်တော့ ဒေါသ သောက ပရိဒေဝထဲမှာ အဝိဇ္ဇာက ပါနေတယ်.... (ပါပါတယ်ဘုရား)။

ဒါဖြင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပြန်မလှည့်ဘူးလား.... (လှည့်ပါတယ်ဘုရား) "သင်္ခါရ ပစ္စယာ ဝိညာဏံ"ဆိုတော့ အဝိဇ္ဇာအုပ်ချုပ်တဲ့ ဝိညာဏ် ဆိုကတည်းက အပါယ်လေးပါး သော်ရင်း မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဝိဇ္ဇာက အုပ်ချုပ်တာ....(မှန်ပါ့) အဆုံးကပြန်ပတ်တာကိုး ကိုစောမောင်ရ.... (မှန်ပါ့)ရှင်းရဲ့လား.... (ရှင်းပါတယ်ဘုရား) သောက ပရိဒေဝကနေပြီး အဝိဇ္ဇာ ပြန်ရောက်သွားတယ်.... (မှန်ပါ့)။

သောက ပရိဒေဝဆိုတာ သောက စိုးရိမ်တယ်ဆိုတဲ့ဥစ္စာ မသိလို့စိုးရိမ်တာ.... (မှန်ပါ့ဘုရား) ပရိဒေဝ ငိုကြွေးတယ် ဆိုတာကော.... (မသိလို့ ငိုကြွေးတာပါဘုရား)။

ဒါဖြင့် အဲဒီ သောက ပရိဒေဝထဲ ရောနေ မနေ....(ရောနေပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာရှောနေကတည်းက.... အဝိဇ္ဇာပစ္စယာ ( သင်္ခါရာပါဘုရား) သင်္ခါရာဆိုတော့ မောင်နိုင်အဆုံးက နေပြီး သကာလ ကိုစောမောင် အစပြန်မပတ်ဘူးလား.... (ပတ်ပါတယ်ဘုရား) ပြန်ပတ်တော့ သံသရာ လည်မသွားဘူးလား.... ( လည်သွားပါတယ်ဘုရား)။

အဲဒါလည်သွားတဲ့အခါကျတော့ ဩော်....ဒါဟာ ငါသေယင် ဘာဖြစ်ဦးမှာတုံးလို့ သူများမေးဦးမလား.... (မေးစရာမလိုတော့ပါဘုရား) နောက်က တကာတကာမတွေ.... (မလိုတော့ပါဘုရား)။

မမေးနဲ့တော့နော်.... ဘယ်သူကပြောသတုံး.... (ခန္ဓာကပြောပါတယ်ဘုရား)။

ဒီလိုမဆိုနဲ့၊ ပဋိစ္စသမုပ္ပါဒ်ကပြောတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာကတော့ ခန္ဓာပါဘဲ- ဟုတ်ပါတယ်၊ဒါ....ပဋိစ္စသမုပ္ပါဒ်တခုလုံးဟာ ခန္ဓာချည့်ဘဲ....(မှန်ပါ့)နော်.... တဏှာလဲ ခန္ဓာဘဲ ဟုတ်လား.... (မှန်ပါ့) မြင်တယ်၊ ကြားတဲ့စိတ်ကလေးလဲ ဝိညာဏက္ခန္ဓာပါဘဲ.... (မှန်ပါ့)။

ကြားပြီးသကာလ ဒေါသဖြစ်တာကလေးဟာလဲ ခန္ဓာဘဲ၊ သို့သော် ခန္ဓာသိပြီးသားထားတဲ့အတွက် ဘယ်သူက အပါယ်သွားသတုံး မေးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်က သူ့ဟာသူပို့သွားတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက ပို့သတုံး.... (ပဋိစ္စသမုပ္ပါဒ်က သူ့ဟာသူပို့ပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က သူ့ဟာသူ ပို့တော့ တကာ တကာမတွေက ဘုန်းကြီးက ပေးထားတယ်၊ တကာတကာမ တွေ ဒီလိုမနေနဲ့....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် သိယင်ကို....သောတာ ပန်နဲ့ကပ်နေပြီ....(မှန်ပါ့)။

မောင်နိုင် ပဋိစ္စသမုပ္ပါဒ်တခုဖြစ်လို့တခုချုပ်တာ သိနေယင် (သောတာပန်နဲ့ ကပ်နေပါတယ်ဘုရား) သောတာပန်နဲ့ကပ်နေ ပြီ၊ ကိုယ့်စိတ်အစဉ်ကို ကိုယ်သိပြီကောဗျ....(မှန်ပါ့)။

အယင်တော့ ဒီလိုသိရဲ့လား (မသိပါဘုရား)မသိတော့ဘာမှ မသိတဲ့အကန်း ဖြစ်နေတယ်....(မှန်ပါ့)။

အခုတော့ ပဋိစ္စသမုပ္ပါဒ် ကြားတယ်ဆိုယင် သြော်-ကြား စိတ်ကလေး ပေါ်တာဘဲ၊ ကြားလို့တခါ ခလေးလဲတယ် ထင် ပါရဲ့ဆိုပြီး စိုးရိမ်တဲ့ဒေါသတွေ မပေါ်ဘူးလား.... (ပေါ်ပါ တယ်ဘုရား)။

ဒေါသလာယင် ကိုစောမောင် သောက, ပရိဒေဝ တွေက (လာပါတယ်ဘုရား) အဝိဇ္ဇာက....(လာပါတယ်ဘုရား)အဝိဇ္ဇာ ပစ္စယာ.... (သင်္ခါရာပါဘုရား) ဒါ....အကုန် မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီလိုလာတော့ ဒီလိုသိထားတော့ ပဋိစ္စသမုပ္ပါဒ် ဒီလိုဖြစ် နေပါလားဆိုတဲ့ဥစ္စာက သူများပြောလား....ကိုယ့်အထဲမှာ တခု ပြီးတခု ဖြစ်နေတာလား.... (ကိုယ့်အထဲမှာ တခုပြီးတခုဖြစ်နေ ပါတယ်ဘုရား)။

စဉ်းစားပါ၊ အခုကြားစိတ်ပြီးတော့ တခါတည်း ဒေါသ ဖြစ်တဲ့စိတ်ကလေးလာတယ်....(လာပါတယ်ဘုရား) ဒေါသစိတ်

ကလေးလာပြီး သောကတွေ မလာဘူးလား.... (လာပါတယ် ဘုရား)သောကလာပြီး ပရိဒေဝတွေ ဒုက္ခတွေ ဒေါမနဿတွေ (လာပါတယ်ဘုရား) ပြီးတော့ အဝိဇ္ဇာကော.... (လာပါတယ် ဘုရား)။

လာတော့ ကိုယ့်ဖြစ်စဉ် ကိုယ်မသိသေးဘူးလား (သိပါတယ် ဘုရား) အဲဒီ သိတာကလေးက ဝိဇ္ဇာ....(မှန်ပါ့)။

ကိုယ့်ဖြစ်စဉ်ကိုယ်သိတာက....(ဝိဇ္ဇာပါ ဘုရား) ဝိဇ္ဇာဖြစ်နေတော့ ဒါက အခုဆရာကောင်း သမားကောင်းနဲ့တွေ့လို့ ဩော်-ကိုယ့်ဖြစ်စဉ်က ဒါကလေးတွေက တခုပြီးတခုဖြစ် တခုချုပ်ပြီးတခုဖြစ်နေကြတာဆိုတာ မသိဘူးလား (သိပါတယ်ဘုရား)။

ဒီလို ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိလို့ ဖြစ်ချုပ်တွေကို အခင်းကြားစိတ် ချုပ်သွားပြန်ပြီ၊ ဟော....ဒေါသကလေးပေါ် သူလဲ ချုပ်သွားပြန်ပြီ၊ ပေါ်တာသိယင် ချုပ်တာသိတယ်....(မှန်ပါ့)။

ပေါ်တာသိယင် ( ချုပ်တာသိပါတယ်ဘုရား )အဲဒါ သော တာပန်သိတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုစောမောင် ပုထုဇန်ရိုးရိုးက.... (မသိပါ ဘုရား) မသိနိုင်ဘူးဆိုတော့ ဩော်-ဒါကလေး ဒို့ သိနေလိုက်လို့ရှိယင် ဒို့သန္တာန် ဖြစ်တဲ့ ဒို့ပဋိစ္စသမုပ္ပါဒ် အတန်းကလေးကို ဒို့ကသိသိ- သိသိပြီး သကာလ နေလိုက်တယ်ဆိုတော့ သိလုံးက နောက်လာမည့် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်....မဖြတ်....(ဖြတ်သွားပါတယ်ဘုရား)။

ဖြတ်တယ်ဆိုကတည်းက နောက်လာမည့် ပဋိစ္စသမုပ္ပါဒ်ဖြတ်မှ ဗရမ်းပတာမသွားမှာ....(မှန်ပါ့)။

ဖြတ်လိုက်တော့....(မသွားရပါဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ်ဆက်မှ ဟိုက ဗရမ်းပတာ သွားတာ....(မှန်ပါ့) အခုတော့ ဗရမ်းပတာ သွားသေးသလား....(မသွားပါဘုရား) ဗရမ်းပတာကို ဖြတ်ချလိုက်တယ်....(မှန်ပါ့)။

ဗရမ်းပတာ ဖြစ်ကြောင်းတွေကို ဦးဘကလေး ဘာလုပ်လိုက်ပါလိမ့်.... (ဖြတ်ချလိုက်ပါတယ်ဘုရား)။

ဖြတ်ချလိုက်တော့ ဒါဘယ်သူမို့ ဖြတ်နိုင်တာတုံးလို့ မေးတော့ ပဋိစ္စသမုပ္ပါဒ်သိတဲ့ပုဂ္ဂိုလ်မို့ ဖြတ်နိုင်တာ....(မှန်ပါ့) မသိတဲ့ပုဂ္ဂိုလ်က....(မဖြတ်နိုင်ပါဘုရား)။

ကျုပ်လဲ သားသမီးတွေ ဖြတ်ပြီဗျာ၊ အင်း....သားသမီးသာ သူဖြတ်တာ ပြောနေတာ သူ့ပဋိစ္စသမုပ္ပါဒ်သူဖြတ်တာမှသူ မသိဘဲ....(မှန်ပါ့)။

ကျုပ်တော့ဖြင့် အရောင်းအဝယ်ကလေးဖြတ်ပြီဗျာ....အင်း....တချို့လူကြီးတွေက ဦးဘရှင်းတို့က ရမ်းပြီး သာခုခေါ်ချင်ခေါ်လိမ့်ဦးမယ်....(မှန်ပါ့)။

သူ့ဟာသူ အရောင်းအဝယ်ဖြတ်တယ်၊ သူ့ ပဋိစ္စသမုပ္ပါဒ်သူ ဖြတ်တယ်လို့ ပြောရဲ့လား....(မပြောပါဘုရား)။

ကျောက်တွေတောင် မဝယ်တာ ပြောနေတာ၊ ကိုစောမောင် သူ့ ပဋိစ္စသမုပ္ပါဒ် သူ ဖြတ်တာ ဟုတ်ကဲ့လား.... ( မဟုတ်ပါဘုရား )။

ဒါဖြင့် သူ့ပဋိစ္စသမုပ္ပါဒ် သူ ဖြတ်တာ မဟုတ်တဲ့ အတွက် ဖြစ်မှု ပျက်မှု မြင်သေးရဲ့လား....( မမြင်ပါဘုရား ) အဲ....မမြင်လို့ရှိယင် သူဟာ ဝိဇ္ဇာလား-၊အဝိဇ္ဇာလား....(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အဲဒီလို အဖြတ်မျိုးကို မယူဘဲနဲ့ ကိုယ့်စိတ်စဉ် ကိုယ်ဖြတ်ဖြတ်ပြီး ကြည့်ရမယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုယ့်စိတ်အစဉ်ကို-(ကိုယ်ဖြတ်ဖြတ်ပြီး ကြည့်ရပါမယ်ဘုရား) ကိုယ့်စိတ်အစဉ်ကို ဖြတ်ဖြတ်ပြီး ကြည့်ပေးစမ်းပါ တကာတကာမတို့....(မှန်ပါ့)။

ကိုယ့်စိတ်စဉ်ကို....(ကိုယ်ဖြတ်ဖြတ်ပြီး ကြည့်ရပါမယ်ဘုရား)။

ကိုယ့်စိတ်စဉ်ကို ကိုယ့်ဉာဏ်နဲ့သာ ကြည့်လိုက်တော့ ဉာဏ်အဝန်းက-နေ တက်ပြီးသွား....(မှန်ပါ့)။

ကိုယ့်စိတ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်ယင်.... (ဖြတ်ဖြတ်ပြီး ကြည့်ရပါမယ်ဘုရား) ကိုယ့်စိတ်အစဉ်ကို ကိုယ့်ဉာဏ်နဲ့သာ ကြည့်လိုက်တော့ ဉာဏ်ဝင်လာယင် ပြတ်ပြီးသွား.... (မှန်ပါ့)။

ကိုယ့်စိတ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်ယင်.... (ပြတ်ပြီးသွားပါဘုရား)။

ပြတ်ပြီးသွားဆိုတော့ အဲဒါဟာ-တဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိလို့ရှိယင် တကာ တကာမတို့ ဖြစ်ပျက်သိတာဘဲ....(မှန်ပါ့) ဟိုဘက် ဒုက္ခဆုံးတာကော....(သိပါတယ်ဘုရား)။

ဟိုဘက် ဒီ ကိုယ့်ဖြစ်စဉ်ကို ကိုယ်သိတယ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်နဲ့ သိတာဘဲ....(မှန်ပါ့)။

ဝိဇ္ဇာ ဉာဏ်နဲ့ သိလိုက်တော့ ဝိဇ္ဇာဉာဏ်က ကြားဝင်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် သူ တန်းချင်သလောက်တန်းလို့....(မရပါဘုရား)။

မရတော့ ဟိုဘက်မှာ တန်းလို့ရှိယင် ဗရမ်းပတာဘေး သင့်တော့မယ်....(မှန်ပါ့)အဲဒီ ဗရမ်းပတာဘေးကို ခင်ဗျားတို့ သိလုံးက တားလိုက်တယ်....(မှန်ပါ့)။

တကာ တကာမတို့ ရိပ်မိပလား....( ရိပ်မိပါပြီ ) ဘယ်သူက တားလိုက်သလဲ....(သိလုံးက တားပါတယ်ဘုရား) သိလုံးဟာက ဝိဇ္ဇာဘဲ....(မှန်ပါ့)။

ဝိဇ္ဇာက တားလိုက်တော့ကို ဒါပုထုဇဉ်သာမန် မသိဘူးကွ- တဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်မှ သိနိုင်တယ်ဆိုတော့ ဒါကလေး သိ-သိရင်းမတ္တနဲ့ ခင်ဗျားတို့ အရိယာ ဖြစ်သွားမယ်....( မှန်ပါ့ဘုရား )ကိုစောမောင် ရိပ်မိပလား....(ရိပ်ပါပြီဘုရား)။

အခု တခု ပေါ်တယ်ဆိုယင် အခု နောက်က-နေပြီး သိလိုက်ပြန်ပြီဗျာ....(မှန်ပါ့)။

အခု တခု ပေါ်လာတယ်ဆိုယင်.... (နောက်က-နေပြီး သိပါတယ်ဘုရား) နောက်က-နေ သိလိုက်ပြန်တယ်ဆိုတော့ သိသိ-သိသိပြီးသကာလ နေတဲ့ သဘောကလေးဟာက ကိုယ့်ဖြစ်စဉ် ကိုယ်ဖြတ်တဲ့ သဘော....(မှန်ပါ့)ကိုယ်မသိဘဲနေလို့ရှိယင်ထုံးစံအတိုင်း တန်းတာဘဲ....(မှန်ပါ့)။

မသိဘဲနေယင်....(ထုံးစံအတိုင်း တန်းပါတယ်ဘုရား)။

ထုံးစံအတိုင်း တန်းသွားတော့ ဟို-ဇာတိ, ဇရာ, မရဏဆိုယင် အပါယ်ဇာတိ, အပါယ်ဇရာ,အပါယ်မရဏတွေဆိုတော့ အပါယ်လေးပါးတွေက မောင်နိုင် လာမှာလား-မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါတွေက ဘယ့်နှယ်ကြောင့် လာသလဲ....၊ အတန်းခံလို့ လာတာ....(မှန်ပါ့)။

နောက်က တကာ တကာမတွေ ဘာတဲ့....(အတန်းခံလို့ လာပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကလဲ မတန်းပါနဲ့ဆိုလို့ ရရဲ့လား....( မရပါဘုရား )။

ဆရာကောင်း သမားကောင်းဆီက နည်းမရလို့ ရှိယင်ဖြင့် ခုနင်က မြင်လို့ မြင်တဲ့ သဘောကလေးကို သြော်....မြင်တဲ့စိတ်ကလေးလဲ ပေါ်လဲ ပေါ်တာဘဲ၊ ပျက်လဲ ပျက်သွားတာဘဲ ဆိုတဲ့ ဝိဇ္ဇာကလေးက ကြားမဃိုးနိုင်ဘူး....(မှန်ပါ့) ကြားမထိုးနိုင်တော့ ပဋိစ္စသမုပ္ပါဒ်က ဘယ့်နှယ်ဖြစ်သွားသလဲ....( တန်းသွားပါတယ်ဘုရား )တန်းသွားတော့ကို ဗရမ်းပတာဘေး သင့်မသင့်....(သင့်ပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်သိတဲ့ ပုဂ္ဂိုလ်ဟာ ဗရမ်းပတာဘေး လွတ်တယ်လို့ ဘုရားက ဟောတယ်....(မှန်ပါ့)။

ဒါဖြင့် သောတာပန်တဲ့၊ ဗရမ်းပတာဘေး လွတ်သွားယင် သောတာပန်ကွ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဗရမ်းပတာဘေး လွတ်သွားယင်....(သောတာပန်ပါဘုရား)။

"အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော" သောတာပန်က ဗရမ်းပတာဘေး မရှိဘူးတဲ့၊ အထက်မဂ်သို့လဲ မြဲသွားပြီတဲ့နော်....(မှန်ပါ့)။

သမ္မောဓိပရာယနော--အထက်မဂ်သို့သာ သူ သွားတော့တယ် ဆိုတော့ ကိုစောမောင် ဗရမ်းပတာဘေး လွတ်တယ်လို့ ပြော တာ....(မှန်ပါ့)။

အဲဒီတော့ တပည့်တော် ရှေ့ထားရမည့် အလုပ်က ကိုယ့် ဖြစ်စဉ်ကလေး ကိုယ်သိသိနေဘို့ အလုပ်ဟာ ရှေ့ထားရမည့် အလုပ်....(မှန်ပါ့)ပေါ်ပြီ တကာ တကာမတို့....(ပေါ်ပါပြီ)။

ကိုယ့်ဖြစ်စဉ်ကလေးကို သိသိနေတဲ့ အလုပ်ဟာ....(ရှေ့ထား ရမည့် အလုပ်ပါဘုရား)။

သိတာသည် ဝိဇ္ဇာလား- အဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် သူ့ ထုံးစံအတိုင်း တန်းနိုင်သေးရဲ့ လား....(မတန်းနိုင်ပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံး ကိုစောမောင် .... ( သိသိနေလို့ပါ ဘုရား )။

သိသိနေတယ်....(မှန်ပါ့)စိတ်ကလေး ပေါ်လာလိုက် သိလိုက် (မှန်ပါ့) ယုတ်စွအဆုံး လောဘကလေး ပေါ်လာတာတောင်- (သိရပါမယ်ဘုရား)။

သိလိုက်တဲ့အခါကျတော့ အဖြစ်သိတာလား-အပျက်သိတာ လားလို့ မေးဘို့ မလိုဘူး....(မှန်ပါ့)ဘာပြုလို့တုံးဆိုတော့ သိ တဲ့ ဝိဇ္ဇာဉာဏ်-ဝိဇ္ဇာစိတ် လာကတည်းကိုက ခုနင်က သတ္တဝါ တယောက်မှာ တစိတ်နဲ့ အသက် ရှင်နေတာ....ဆိုတော့ စိတ် သည် အယင်ဟာက ပျက်ပြီးသား ဖြစ်နေတယ်....(မှန်ပါ့)။

ဒါဖြင့် အဖြစ်သိယင်.... (အပျက်သိပါတယ်ဘုရား) အပျက်သိပြီးသားဖြစ်နေတော့ ဝိဇ္ဇာရှိယင် သောတာပန်ကိုးဗျ.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝိဇ္ဇာရှိယင်....(သောတာပန်ပါဘုရား)အဲဒီတော့ သူ ဘယ်သူ့ဟာ သိတာတုံးမေးတော့ ဘယ့်နှယ်ဖြေပါ့မလဲ .... (ဖြစ်ပျက်သိပါတယ်ဘုရား) မိမိ ပဋိစ္စသမုပ္ပါဒ် မိမိသိတယ်....(မှန်ပါ့)။

မိမိသိတော့ ဒီသိလုံးသည် ဗရမ်းပတာ ဘေးကိုဖြတ်ပစ်တယ် (မှန်ပါ့)ဟိုဘက်တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏပေးသေးရဲ့လား....(မပေးပါဘုရား)။

ဒါဖြင့် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါလား-ငါသေယင် အပါယ်မသွားဘူးကွ၊ ငါဖြတ်ထားတယ်....(မှန်ပါ့)။

ဘယ်သူ့မေးရဦးမလဲ....(ကိုယ့်ဟာကိုယ် မေးရပါမယ်ဘုရား) ကိုယ့်ဟာကိုယ်မေးကွ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

တကာ တကာမတွေ ဒီနေ့ ဝတ္ထုသက်သေ မပါဘဲနဲ့ ခင်ဗျားတို့ကို ဟောနေတယ်လို့မှတ်ပါ....(မှန်ပါ့)လိုရင်းကိုပြောနေတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တပည့်တော်တို့ ရှေ့ထားရမည့်အလုပ် သိပြီဘုရား၊ ကိုယ့်စိတ်ကိုယ်သိနေဘို့ ပါကလား....(မှန်ပါ့)ဝေဒနာဖြစ် ကိုယ့်ဝေဒနာကိုယ် သိနေဘို့ပါကလား....(မှန်ပါ့)။

ဒါဖြင့် သိတယ်ဆိုလို့ရှိယင် အဝိဇ္ဇာလား .... ဝိဇ္ဇာလား.... (ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာသည် တန်းနေကျ ပဋိစ္စသမုပ္ပါဒ်ကို ဘာလုပ်ပါလိမ့်.... (ဖြတ်ပစ်ပါတယ်ဘုရား)။

ဒါဖြင့် တန်းယင်သာ ဗရမ်းပတာဘေးသင့်တယ်.... (မှန်ပါ့) မတန်းယင်....(မသင့်ပါဘုရား)။

ဒါဖြင့် ငါသေ အပါယ်သွားမှာလား- မသွားဘူးလား ဆိုတာက တကာ တကာမတွေ သံသယ,ကုက္ကုစ္စဖြစ်နေတဲ့ ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်တုံးလို့ မေးတဲ့အခါကျတော့ မဖြတ် တတ် တဲ့ ပုဂ္ဂိုလ်ကပြောနေတာ .... (မှန်ပါ့) မသိတဲ့ ပုဂ္ဂိုလ်က....(ပြောနေတာပါဘုရား)။

ကိုယ့်စိတ်ကို မသိတဲ့ပုဂ္ဂိုလ်က ပြောနေတာဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါဖြင့် ခင်ဗျားတို့ အလကားမနေကြပါနဲ့ စိတ္တာနုပဿနာရှုယင်လဲ စိတ်ပေါ်တိုင်းသိနေပါ.... ( မှန်ပါ့ ) ဝေဒနာနုပဿနာရှုလဲ ဝေဒနာပေါ်တိုင်း....(သိရပါမယ်ဘုရား)။

သိနေလိုက်တဲ့အခါ ကျလို့ရှိယင် "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်"လာသေးရဲ့လား .... (မလာပါဘုရား) "ဝေဒနာပစ္စယာ ပညာဝိဇ္ဇာ" မလာဘူးလား .... (လာပါတယ်ဘုရား)။

အဲဒီလိုလာတော့ ဟိုဘက် ဗရမ်းပတာဘေးတွေ ဘယ့်နှယ်ဖြစ်ကုန်သလဲ....(ပြတ်ကုန်ပါတယ်ဘုရား)ပြတ်သွားတယ် .... (မှန်ပါ့ဘုရား)။

ပြတ်သွားပေါ့ ကိုစောမောင် သင့်စရာ .... (မရှိတော့ပါဘုရား)။

ဒါသူများမေးရတာလားတဲ့ ကိုယ်ကိုယ်တိုင် ဖြတ်လိုက်လို့ လွတ်သွားတာလား....(ကိုယ်- ကိုယ်တိုင်ဖြတ်လိုက်လို့ လွတ်သွားတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က၊ အင်း....သက်ကြီးအိုမတွေ မေးဦးမှာဘဲ ကျုပ်တော့ဖြင့် ကျုပ်သေယင် ဘယ်များသွားမတုံး....၊သူများ သွားမေးနေယင် မှားလိမ့်မကွာ....(မှန်ပါ့)။

တကာ တကာမတွေ ဘာတဲ့....(သူများ သွားမေးနေယင်မှား လိမ့်မယ်ဘုရား)။

မှားမယ်၊ နို့ သူများသဘောနဲ့မှ သွားတာမဟုတ်ဘဲ၊ကိုယ့် ခန္ဓာပဋိစ္စသမုပ္ပါဒ်က ကိုယ့်ပို့တာကိုး .... (မှန်ပါ့) အဲဒါသူများ သွားမေးနေတော့ ဘယ့်နှယ်ဆိုမလဲ....(မှားပါတယ်ဘုရား)။

ဒါဖြင့် မသွားချင်ပါဘုရား တပည့်တော်ဖြင့် သောတာပန် အဖြစ်နဲ့ဘဲ အပါယ်လေးပါး လွတ်ချင်ပါတယ်ဆိုတော့ အင်း.... ကိုယ့်စိတ်ပေါ်တိုင်း-ပေါ်တိုင်း၊ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း သိပေးလိုက်တာပေါ့....(မှန်ပါ့)သိတော့ အသိရင့်ကျက် လာလို့ ရှိယင်ဖြင့် ဒါသောတာပန် တည်သွားတာဘဲ....( မှန်ပါ့ ) သော တာပန် တည်ဆိုတာသည် အသိရင့်ကျက်လာတာကို ဆိုတာ.... (မှန်ပါ့) တကယ်သဘောကျကြလား.... ( ကျပါတယ်ဘုရား )။

ဒါဖြင့် ယနေ့တရားမှာ ဘာဟောပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှတဲ့ ဒီသိလုံးကိုရှေ့ထားပြီး သိလို့ အသိစင်ကြယ် သွားလို့ရှိယင် သောတာပန်တည်ပါတယ်....(မှန်ပါ့)။

ကိုစောမောင် အသိစင်ကြယ်သွားယင်....(သောတာပန်တည် ပါတယ်ဘုရား)။

အသိစင်ကြယ်သွားတယ်ဆိုတော့ ဖြစ်တိုင်း-ဖြစ်တိုင်း စိတ်က လေးတွေ ပေါ်တိုင်း- ပေါ်တိုင်း ကိုယ်ကသိသိပြီး ပျက်တာ ကလေးတွေ ပျက်တာကလေးတွေ သိသိ-သိသိနေတော့၊ ကြာ

တော့ ဒီစိတ်တွေမလာဘဲနဲ့ ကိုစောမောင် နိဗ္ဗာန်ပေါ်လာမှာ ဘဲ....(မှန်ပါ့) အသိစင်ကြယ်သွားပြီ....(မှန်ပါ့)။

အယင်တော့ ဖြစ်ပျက်ဒုက္ခကို သူလှည့်နေတယ် .... (မှန်ပါ့) နောက်ကျတော့ လှည့်သေးရဲ့လား....(မလှည့်ပါဘုရား)ဖြစ်ပျက် မရှိတဲ့ဘက် သူလှည့်သွားတယ် .... ( လှည့်သွားပါတယ်ဘုရား ) လှည့်သွားတော့ သောတာပန် တည်ပစ်လိုက်တယ် .... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီ)။

သောတာပန် တည်တာသည် နှစ်မျိုးတည်းရှိတယ်၊ ပဌမ ဖြစ် ပျက်ဘက် လှည့်နိုင်အောင် ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့က၊အင်း.... အခုကြားစိတ်ကလေး ပျက်သွားပြီလို့ နောက်ကသိလိုက်တော့ ဟိုဗရမ်းပတာဘေးက စောစောကြီးက လွတ်နေပြီ....( မှန်ပါ့ ) သို့သော်လဲ အသိက မကုန်သေးတော့ အသိဆုံးအောင် လိုက်ရ မယ်....(မှန်ပါ့)။

ဖြစ်ပျက်ဆုံးအောင်.... (လိုက်ရပါမယ်ဘုရား) လိုက်- လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်ဆုံးသွားပြီဘုရား- တပည့်တော်ဖြင့် ဆုံး သွားအောင်လိုက်-လိုက်တဲ့ အခါကျတော့ ဆုံးတာပေါ့ဗျာ၊ ဆုံး တော့ နိဗ္ဗာန်မတွေ့ဘူးလား .... (တွေ့ပါတယ်ဘုရား) ဆုံးရာဟာ နိဗ္ဗာန်ဘဲ၊ ဝင်းဝင်းလား- ဝါဝါလား- မြို့လားလို့ အောက်မေ့ မနေနဲ့....(မှန်ပါ့)။

ဆုံးသွားတာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

အဲဒီ နိဗ္ဗာန်လဲ ခုနင်ကဖြတ်တဲ့ တရားကဘဲ သိတဲ့တရားကဘဲ မြင်လိုက်တာ....(မှန်ပါ့)။

အဲဒီမြင်လိုက်သည်နဲ့ တပြိုင်နက်တည်း ခင်ဗျားတို့ ဗရမ်းပတာ ဘေး လုံးလုံးလွတ်ပြီ....(မှန်ပါ့)။

ဖြစ်ပျက် ရှုနေတုန်းကလဲ လွတ်နေပြီ.... (မှန်ပါ့) သို့သော် အမြစ်မပြတ်ဘူး၊ ဖြစ်ပျက်အဆုံး မြင်လိုက်သည်နဲ့ တပြိုင်နက် တည်း မောင်နိုင်....(အမြစ်ပြတ်သွားပါတယ်ဘုရား) ဗရမ်းပတာ ဘေး ဘယ့်နှယ်နေသလဲ....(လွတ်သွားပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဗရမ်းပတာဘေးသင့်အောင်လဲ ကိုယ့်သန္တာန် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တန်းကဘဲ....(မှန်ပါ့) ဗရမ်းပတာဘေးလွတ် အောင်လဲ ကိုယ့်သန္တာန်မှာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ဉာဏ်နဲ့ အသိ လုပ်လိုက်တာဘဲဆိုတော့ အင်မတန် ရှင်းသွားပြီ....(ရှင်း ပါပြီ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ....ဘုန်းကြီးက ဒီတရားကို ဟောရတာက တကာတကာ မတွေ့ ဒီအသိကလေး ရှေ့ထားပြီးတော့မှ ခင်ဗျားတို့ သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်လိုက်တော့ ဒါသိဘို့ရာလဲ ကိုစော မောင် အခု ဆရာနည်းပေးထားတော့ သိပါပြီ....(မှန်ပါ့)။

ဥပမာ ပြောလိုက်ပါတယ် တကာတကာမတို့ ဟိုကနေပြီး သကာလ ရေနံမီးမွှေးနေတယ်ဆိုပါတော့ နှာခေါင်းထဲနံတယ် ဆိုတော့ နံစိတ်ပေါ်လာပြီ၊ နံစိတ်ပေါ်တယ်လို့ ခင်ဗျားတို့က အင်း....နံစိတ်ကလေးဟာလဲ နှာခေါင်းထဲပေါ်ပြီလို့ ဟုတ်လား သိပေးလိုက်တာပေါ့....(မှန်ပါ့) သိပေးလိုက်တော့ အဖြစ်တင်သိ တာလား ကိုစောမောင် အပျက်ပါလား....(အပျက်ပါ သိတာ ပါဘုရား) ဘာဖြစ်လို့တုံး- နှစ်စိတ်မှမပြိုင်ကောင်းဘဲ....(မှန်ပါ့) အဲဒီတော့ ပျက်ပြီးမှ ဟိုကအသိပေါ်တာ....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒီတော့ နံလိုက်တာ ဘယ်သူဘယ်ဝါ့ သား၊ သမီးက ဒီအိမ်

လူမမာရှိမှန်း မသိဘဲနဲ့ လုပ်နေတာဆိုတာ လာသေးရဲ့လား....(မလာပါဘုရား) ဒါဖြင့်ပြတ်သွားပြီ....(မှန်ပါ့)။

နို့မဟုတ်ယင် နှာခေါင်းပေါက်ကနေပြီး သူ....ဒေါသတွေ သောကတွေနဲ့ မတန်းပေဘူးလား....(တန်းပါတယ်ဘုရား)။

အဲဒီတော့ ငါသေယင် အပါယ်သွားဦးမှာလား ဆိုတဲ့ဥစ္စာ တန်းယင်သွားမယ်....(သွားပါမယ်ဘုရား) ပြတ်ယင်....(မသွားပါဘုရား)။

အဲဒီတော့ ကဲ.... ကိုပေါ် ဘယ်သူ့မေးမတုံး....(ကိုယ့်ကိုယ်ကို မေးရပါမယ်ဘုရား) ကိုယ့်ကိုယ်ကို ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ပြတ်- မပြတ်မေး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ ဆရာဘုန်းကြီးက ဒါကို အကြီးအကျယ် သင်နေတယ်ဆိုတာ တကာတကာမတွေက မှတ်စမ်းပါ....(မှန်ပါ့)။

နို့မဟုတ်ယင် ခင်ဗျားတို့က ကျုပ်ကတော့ နားမလည်လို့ ပြောစမ်းပါဗျာ၊ကျုပ်ဟာ ကောင်းရာသွားမှာလား....ကျုပ်ဟာ စိတ်ကောင်းကောင်းတော့ ထားပါတယ်၊ ကျုပ်သေလို့ရှိယင် စိတ်မှချရပါ့မလား....ကိုစောမောင်က ခေါင်းဖြူစွယ်ကျိုးတွေကို ရှေ့ကျကျနဲ့ စာအုပ်ကလေး ကိုင်နေတဲ့လူကို မေးချင်မေးလိမ့်မယ်....(မှန်ပါ့) မေးယင်လွဲလိမ့်မယ်....(မှန်ပါ့)။

ဦးဘရှင်း....မေးယင်....(လွဲပါတယ်ဘုရား) သူက ခင်ဗျားတို့ စိတ်စဉ်တန်းတာကို သူသိမသိ....(မသိပါဘုရား)။

နို့-မသိတဲ့လူ သွားမေးတာကိုး....(မှန်ပါ့)မသိတဲ့လူသွားမေးတော့ ရမ်းပြောလိုက်မှာဘဲ၊ ရမ်းပြောပြီးသကာလ မောင်နိုင်က ထိတ်ချင်ထိတ် လန့်ချင်လန့်ဆိုတော့ ဘယ့်နှယ်တုံးကွ- အလကားထိတ်ပြီး အလကားလန့်တာ.... (မှန်ပါ့)။

တခါ ဝမ်းမြောက်ပြန်ပြီတဲ့....၊ မင်းတော့ ကိစ္စမရှိပါဘူးကွာ လို့ ဟိုက ရမ်းပြောလိုက်ပြန်ပြီ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်က တန်းနေတယ် ကိုစောမောင်....(မှန်ပါ့) သူပြောတာနဲ့ ခင်ဗျားတို့က ဝမ်းမြောက်နေချင်လို့ရှိယင် ဝမ်းမြောက်မှား....( မှားပါတယ်ဘုရား )မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်ကိုယ် ကိုယ်မေး....( မှန်ပါ့ဘုရား ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ့်နှယ်တုံး....(ကိုယ့်ကိုယ် ကိုယ်မေးရမှာပါဘုရား)။

အဲဒါ ဘယ်မှာ ဝတ္ထုလာသတုံးလို့ မေးတဲ့အခါကျတော့မှ သောတာပတ္တိမဂ္ဂသံယုတ်မှာ လာတယ်....(မှန်ပါ့) ကိုစောမောင် သေသေချာချာ မှတ်....(မှန်ပါ့)။

သောတာပတ္တိမဂ္ဂသံယုတ်မှာ လာတယ်၊ အားလုံး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ မှတ်လိုက်စမ်းပါ။

သောတာပတ္တိမဂ္ဂ သံယုတ်မှာ ဘယ်လို လာသတုံး ဆိုတော့ ဘုရားက အငွဲတိုက်တွေပေါတဲ့ ရွာတရွာမှာ ဒေသစာရီ လှည့်သွားတယ်....( မှန်ပါ့ )တခါတည်း ဘုရားဘို့လဲ ဟိုက အငွဲတိုက်ဘဲ တည်ထားတယ်....(မှန်ပါ့)။

အဲဒီဘဲ သွားပြီးနေလိုက်တော့ ဘုရားက သုံးနှစ်မှ တကြိမ်, လေးနှစ်မှ တကြိမ်ဆိုသလို ဒီနယ်ရောက်တော့ ဟိုမှာ သေနှင့်တာတွေက မနည်းဘူး....(မှန်ပါ့)။

ဒီ့အယင်ကလဲ ဘုရားရောက်ပြီးပြီ၊ သို့သော်-ဟိုလှည့်,ဒီလှည့် လှည့်နေရတာနဲ့ မောင်နိုင် ရောက်နိုင်ပါ့မလား....( မရောက်နိုင်ပါဘုရား )။

မရောက်နိုင်ဘူး၊ ဟိုလှည့် ချွတ်ရ, ဒီလှည့် ချွတ်ရနဲ့ ဆိုတော့ ဘုရားဟာ ပျာပျာသလဲ လုပ်နေရတာဘဲ၊ အသက်တမ်းတိုတော် မူတဲ့ ဘုရားကိုး....(မှန်ပါ့)။

ဒါနဲ့ ရှင်အာနန္ဒာလဲ ပါသွားတော့ အဲဒီ အုဋ္ဌတိုက်တွေ ပေါ့ တဲ့ ရွာက လျှောက်ကြတာပေါ့၊ ဟော.... ဘယ်သူဖြင့် သေပြီ ဘုရာ့ဆိုပြီး ရှင်အာနန္ဒာကို ဝိုင်းလျှောက်ကြတယ်၊ အရှင်ဘုရား တို့ အယင်တပတ်လာတုံးက တွေ့ရတယ်ဘုရား....၊အခုတော့ သေ တာတွေ ဘယ်သူ ဘယ်သူဘုရား....ဆိုပြီး နာမည်တွေနဲ့ပေါ့ဗျာ.... (မှန်ပါ့)။

ဒါနဲ့ ရှင်အာနန္ဒာကလဲ သူက သေစာရင်းယူပြီး ဘုရားဆီ သွားပြန်တယ်....(မှန်ပါ့) ဘုရားဆီ သွားတော့ အရှင်ဘုရား.... ဘယ်သူဖြင့် သေပြီတဲ့ ဘုရား....၊ သူ ဘယ်မျာ း လားပါလိမ့်....၊ ဘယ်ဂတိ လားပါလိမ့်တဲ့....(မှန်ပါ့) သို့သော် သာမည လူတွေ တော့ မဟုတ်ဘူးပေါ့ ကိုစောမောင်....(မှန်ပါ့)။

ဟာ....သူကတော့ ကွာ....တဲ့ သေတာပန် တည်သွားတော့ အခု စတုမဟာရာဇ်နတ်ပြည်မှာဘဲ ဖြစ်နေတယ်ကွ၊ နောက်တခါ ဆက်မေးပြန်တယ်၊ ကြာတော့ မဖြေနိုင်ဘူးပေါ့ ကိုစောမောင် အသေက များနေပေါ့....(မှန်ပါ့)သူတော့ အပါယ်သွားတယ်ကွ သူတော့ ဗြဟ္မာပြည် သွားပြီဟေ့....အနာဂါမ် တည်သွားလို့၊ ဒီလို ဖြေရတာတွေက ဦးဘရှင်း အားပါ့မလား....( မအားပါ ဘုရား )။

မအားတော့ ညီတော်-အာနန္ဒာ....မင်းက ငါ့ကိုယ် နှိပ်စက် တာဘဲ၊ ဘယ်လူသေတိုင်း ငါ့လာမေးတယ်၊ နည်းတဲ့ လူတွေလဲ မဟုတ်ဘူး၊ ဟိုမြို့ကျလဲ မင်း ဒါမေးလို့ ပြီးမှာမဟုတ်ဘူး၊ ဟိုမြို့

ကျတော့လဲ သေနှင့်မှာတွေက နည်းသလားဗျာ....( မနည်းပါ ဘုရား )ဒေသစာရီ လှည့်တာကိုး....(မှန်ပါ့)။

အဲဒီတော့....ကွာတဲ့၊သူ့ဟာသူ ရှေ့ထားပြီးသကာလ အသေစိတ်ချရတာရှေ့ထားပြီးသကာလ အသေစိတ်မချရတာနောက်မှ လုပ်တဲ့ပုဂ္ဂိုလ်တွေကျတော့ ငါ ရှင်းပြပါမယ်....တဲ့ သဘောပါ လား....(ပါပါတယ်ဘုရား)။

အသေစိတ်ချရတာ ရှေ့ထားပြီးတော့ အသေစိတ်မချရတာ နောက်ထားလုပ်တဲ့ပုဂ္ဂိုလ်အတွက် ငါရှင်းပြပါမယ်တဲ့....ဆိုတော့ သူတို့ဟာသူတို့ သိတယ်ကွာတဲ့၊ သူတို့ပဋိစ္စသမုပ္ပါဒ် သူတို့ဖြတ်နိုင်တယ်၊ မဖြတ်နိုင်ဘူးဆိုတာ သူတို့သိတယ်တဲ့....(မှန်ပါ့)။

အဲဒီတော့ သူတို့သိတော့ကိုတဲ့ ဩော်....ငါအခု ပဋိစ္စသမုပ္ပါဒ် ဖြတ်လိုက်တယ်၊ ဥပမာမယ် ဝေဒနာကလေး ရှုလိုက်တယ်၊တဏှာကနေ ပြတ်သွားတယ် ဆိုကြပါစို့။

မောင်နိုင် ဝေဒနာ ဖြစ်ပျက်ရှုလိုက်တော့ တဏှာက ဝေဒနာ့ နောက်ကနေပြီးသကာလ မဂ်က မလိုက်ဘူးလား....( လိုက်ပါ တယ်ဘုရား) ဝိဇ္ဇာမဂ်ကလေ....(လိုက်ပါတယ်ဘုရား) လိုက်တော့ တဏှာလာသေးရဲ့လား....(မလာပါဘုရား)။

အင်း....တဏှာမလာတော့ တဏှာက ပြိတ္တာဘုံသွားမည့်ဥစ္စာ သွားသေးရဲ့လား....(မသွားပါဘုရား)။

မသွားလို့ရှိယင် မဂ်ဘဲ ပို့ရုံကျန်တော့တယ်၊ တဏှာက မရှိ တော့ဘူး....(မှန်ပါ့) တဏှာကမရှိတော့ မဂ်က ပို့ရုံရှိတော့တယ် ဆိုတော့ မဂ်က အောက်မဂ် ဖြစ်လို့ရှိယင်လဲ အပါယ်လေးပါး

မပို့ဘဲနဲ့ အပေါ်ယ်လေးပါးတံခါးကို ပိတ်ပြီးသကာလ သုဂတိပို့ လိုက်ရုံဘဲ....(မှန်ပါ့)။

ဒီတော့ ဒါ....ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါ၊ တရားနာတဲ့ တကာတကာမတွေဘဲ စဉ်းစားကြည့်ပါ၊ အင်း....ဒီဥစ္စာ တဏှာ ကဖြင့်လဲ ပြိတ္တာဘုံပို့မယ်(မှန်ပါ့)မဂ်ကဖြင့်လဲ သုဂတိ နိဗ္ဗာန်ပို့ မယ်....(မှန်ပါ့) ဘယ်သူက ပြောနေတာတုံး....ဒီ-ပဋိစ္စသမုပ္ပါဒ်က ပြောနေတာ....(မှန်ပါ့)။

ဆက်တဲ့ ပဋိစ္စသမုပ္ပါဒ်က တဏှာနဲ့ဆက်လိုက်လို့ရှိယင်ကိုစော မောင် သူပြိတ္တာဘုံသွားမယ်လို့ တဏှာက ပြောနေတယ်၊ မပြော ဘူးလား....(ပြောပါတယ်ဘုရား)။

အင်း....တဏှာ မလာတော့ဘူးဘုရား၊ တပည့်တော် ဝေဒနာ ဖြစ်ပျက် ရှုလိုက်လို့ ဝေဒနာနောက်က ဝိဇ္ဇာမဂ်ဘဲ လာတယ်ဆို တော့ မဂ်ကပို့မှာပေါ့.... (မှန်ပါ့) ဘယ်သူက ပို့ရမှာတုံး.... (မဂ်က ပို့ရမှာပါဘုရား) ခြေလျှင်သွားလို့ ရရဲ့လား....(မရပါ ဘုရား)။

အဲဒါ မဂ်ကပို့တယ်ဆိုတော့အောက်မဂ်တည်တယ် ဆိုယင်လဲ သုဂတိ-ပို့မှာဘဲ(မှန်ပါ့)အထက်မဂ်တည်ယင်လဲနိဗ္ဗာန်ကျအောင် (ပို့မှာပါဘုရား) မပို့ပေဘူးလား....(ပို့ပါတယ်ဘုရား)။

ဒါ....သူများ မေးရမှာလား....ညီတော်အာနန္ဒာရ....တဲ့ သူ့ ဟာသူ သိပြီးသွားဘဲဆိုတော့ ငါဘုရား.... မင်းမနှိပ်စက်ပါနဲ့ ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ကိုယ့်ဟာကိုယ်သာ မေးကြ နော်....( မှန်ပါ့ ) ကိုယ့်ဟာကိုယ် မေးတတ်အောင်လေးကိုလဲ ကိုစောမောင် အတော်သင်ပေးရတယ်....(မှန်ပါ့)။

ကိုယ့်သန္တာန် ပဋိစ္စသမုပ္ပါဒ် အတန်းကိုမှ ကိုယ်မမြင်လို့ရှိယင်လဲ ဦးဘရှင်း.... ဘယ့်နှယ်လုပ်မေးမှာတုံး.... ( မမေးနိုင်ပါဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်တန်းတဲ့ ကိုယ့်စိတ်အစဉ်တွေ ကိုယ်သိထားတော့မှ ဩော်....ငါသေယင် အပါယ်သွားမှာဆိုတာလဲ မဖြစ်လို့သူ့ဟာသူသိပြီ....(မှန်ပါ့)ဖြစ်တဲ့ပုဂ္ဂိုလ်ဖြင့် ငါဖြင့် မသွားတော့ဘူးဆိုတာကော....(သိပါပြီဘုရား)။

အဲဒါက ခုလိုဆရာသမားနဲ့ ဝိပဿနာ လုပ်ထားတဲ့ပုဂ္ဂိုလ်မှဖြစ်တာကိုး....(မှန်ပါ့)။

ဒီ့ပြင်ပုဂ္ဂိုလ်က ဒီအဖြစ် လာရဲ့လား....(မလာပါဘုရား)။

တကာကြီးလှိုင် ခင်ဗျား ဒီဥစ္စာ မသေလို့ကြားရတာနော်....(မှန်ပါ့) မသေလို့ကြားရတာ၊ ဒီဥစ္စာက တော်တော် အရေးကြီးရုံမကပါဘူး၊ အလွန့်အလွန် အရေးကြီးတယ်လို့မှတ်ပါ....(မှန်ပါ့)သူများကိုအမေးလွှတ် အခုဖော်ပြောနေတာ....(မှန်ပါ့)တကာတကာမတွေ သူများ အမေးလွှတ်ပလား....( လွှတ်ပါပြီဘုရား)။

မောင်နိုင် သူများမေးယင် မှားမနော်....(မှားပါမယ်ဘုရား) စာအုပ်သွားကြည့်ယင်ကော....(မှားပါတယ်ဘုရား)။

တပည့်တော်ဟာ နိဗ္ဗာန်သွားမှာလား....သုဂတိနတ်ပြည်သွားမှာလား.... အပါယ်သွားမှာလား.... ကိုယ့်ဟာကိုယ် ဘာမှမဆုံးဖြတ်နိုင်လို့.... ကိုယ်ကလဲ ဘာမှအခုလို ကိုယ့်စိတ်စဉ်တန်းတာကိုကိုယ်ကဖြတ်တတ်တဲ့သဘော, ဆက်တဲ့သဘော, ဒီသဘောကိုမသိ

ဘဲကိုးဗျ(မှန်ပါ့) မသိတော့ သူများချည်းသွားအားကိုးနေတယ်-(မှန်ပါ့)။

တကာတကာမတွေ ဘယ်သူ့သွား အားကိုးသလဲ....(သူများသွားအားကိုးပါတယ်ဘုရား)။

သူမျှားအားကိုးလိုက်တော့ သူများက ခင်ဗျားတို့သန္တာန်မှာ သိသလား....(မသိပါဘုရား) စိတ်ကလေးတွေ ဖြစ်တာလေ.... ကိုစောမောင် စိတ်တွေတန်းနေတာ တခုချုပ်ပြီး တခုဖြစ်နေတာ သူသိရဲ့လား....(မသိပါဘုရား)။

မသိတော့ သူဘယ်လိုပြောလိုက်မယ်ထင်သတုံး၊ မင်းအနေအထိုင်ကတော့ ကောင်းသဟေ့.... မင်းကလဲ ဥပုသ်သီတင်းကလေးနဲ့၊ ဟာ....မင်းမပူနဲ့ကွာ.... မင်းတော့ သုဂတိသွားမှာဘဲဆိုတော့ ဟိုမှာ ဥပုသ်သီတင်းနဲ့ပေမဲ့ တဏှာ ဥပါဒါန် ကံ....ကတန်းနေယင် ဘယ့်နှယ်လုပ်မလဲ....(မှန်ပါ့)။

ကိုပေါ....(မပို့နိုင်ပါဘုရား) ဘယ်သူ ကပို့မတုံး....ဒီဥပုသ်သီတင်းက ဘာဆိုင်သတုံးဗျ.... ဝမ်းထဲတန်းတဲ့ တဏှာဥပါဒါန်ကပို့ရမှာ....(မှန်ပါ့) တဏှာ ဥပါဒါန် ကံတို့က ပို့ရမှာမဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ဟိုလူပြောတာက မင်းကဥပုသ်စောင့်တာက ဥပုသ်တွေက တယ်များတာဘဲကွ၊ မင်းတော့ကွာ.... စိတ်ချပါ.... ကိုစောမောင်က ဒါ-ပြုံးလိုက်လိမ့်မယ်(မှန်ပါ့)နောက်ကတကာတကာမတွေကကော....(ပြုံးမှာပါဘုရား)။

ပြုံးလဲ့ကြီးပါကလား....(မှန်ပါ့)ဘာဖြစ်လို့တုံး....(တခြားစီပါဘုရား)။

တခြားစီဘဲ၊ သူ မသိတဲ့ လူက ပြောထားတာ ခင်ဗျားတို့က ရမ်းပြီး ယုံနေလို့....(မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ....(ရမ်းယုံလို့ပါဘုရား)ပြောတဲ့လူက ဘာတုံး....(မသိတဲ့ လူပါဘုရား) ခင်ဗျားတို့ စိတ်စဉ်တန်းတာ သူ မြင်ရသလား....(မမြင်ရပါဘုရား)။

ဒါဖြင့် မမြင်ရတဲ့လူပြောတာ ခင်ဗျားတို့က လမ်းဆုံးနေမယ်ဆို အို....သူတို့က သက်ကြီးအိုမ-လို့ ခင်ဗျားတို့က ကိုင်ပေါက်ချင်သေးသလား....၊သွားမပေါက်နဲ့ သက်ကြီးအိုမ-ပေမဲ့ ဘာမှ မဆိုင်ဘူး....(မှန်ပါ့)။

ခင်ဗျားတို့ စိတ်တန်းနေတဲ့အတိုင်းသာ မူမှန်....( မှန်ပါ့ ) ခင်ဗျားတို့ စိတ်ပြတ်ယင်လဲ မူမှန်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အဲဒီတော့ ဘုရားက ညီတော် အာနန္ဒာ လူသေတိုင်း ငါ့ကို မေးနေမယ် ဆိုလို့ရှိယင် သူတို့ဟာ သူတို့ သိပါတယ်ကွ-တဲ့ (မှန်ပါ့)ကဲ....ပေါ်ပလား....(ပေါ်ပါပြီ)။

တကာ တကာမတို့ ဘာတဲ့....(သူတို့ဟာ သူတို့ သိပါတယ်ဘုရား)။

ကဲ....အခု တရားနာနေကြတဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ အများကြီးပါဘဲ၊ ကဲ....ကိုယ့်ဟာကိုယ် အခုသိပြီ၊အင်း.... မြင်တယ်, လိုချင်တယ် ဟုတ်လား....(မှန်ပါ့) မြင်တာကို ရှုလိုက်လို့ရှိယင်လဲ လိုချင်တာ မလာပါဘူး....(မလာပါဘုရား) လိုချင်တာ ရှုလိုက်လို့ရှိယင်လဲ မောင်နိုင် ဥပါဒါန် လာသေးရဲ့လား (မလာပါဘုရား) စွဲလမ်းတာ ရှုလိုက်ပြန်ယင်ကော ကံ လာသေးရဲ့လား....(မလာပါဘုရား)။

ဘာကိစ္စ ရှိသတုံး....(မှန်ပါ့)ကံ့လာနေတယ် ဥပမာမယ် ကို စောမောင်၊ သူ သေမှ မသေသေးတော့ ဒီ ကံက အကျိုးပေးနိုင် ရဲ့လား....(မပေးနိုင်ပါဘုရား)။

မပေးနိုင်ယင် ဒီကံကိုဘဲ ဖြစ်ပျက်ရှုပေးလိုက် မဟုတ်တဲ့ ကံ ကို....(မှန်ပါ့) မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒီတော့ ကံ-နောက်က ပြတ်သွားတော့လဲ ဇာတိ လာနိုင် သေးရဲ့လား....( မလာနိုင်ပါဘုရား ) ဩော်....ဒါ ဘယ်သူက ပြောတာတုံး ကိုစောမောင်ရဲ့....(ပဋိစ္စသမုပ္ပါဒ်က ပြောတာပါ ဘုရား)။

ကိုယ်လုပ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တဲ့ ဉာဏ်က ပြော တာ....(မှန်ပါ့) မဖြတ်ယင်လဲ ကိုယ့်ဟာ ကိုယ်သိတယ်....(သိပါ တယ်ဘုရား) ဖြတ်ယင်ကော....(သိပါတယ်ဘုရား)။

ဒါဖြင့် ငါသေယင် ဘယ်သွားမှာတုံး၊ ငါ့မှာ ကုသိုလ်တွေ လဲ လုပ်ထားတာ မနည်းဘူး၊ အကုသိုလ်တွေလဲ လုပ်ထားတာ မနည်းဘူး၊ဘယ်သွားမှာတုံးဆိုတဲ့ ဥစ္စာ ဘာမှမေးမနေနဲ့၊ ကိုယ် ဖြတ်ထားလို့ရှိယင်ဖြင့် ဖြတ်တဲ့ ဉာဏ်ကိုသာ အားကိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘာတုံး....(ဖြတ်တဲ့ဉာဏ် အားကိုးရပါမယ်ဘုရား) ဖြတ်တဲ့ ဉာဏ် အားကိုး....(မှန်ပါ့)။

ဒီဉာဏ်က ဖြတ်လိုက်တယ်ဆိုတော့ဟိုဘက်ကိုဗရမ်းပတာဘေး သင့်သေးရဲ့လား....(မသင့်ပါဘုရား) ဗရမ်းပတာဘေး မသင့်ဘူး ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဘယ်သူ သူတော်ကောင်းတယ်ဆိုတာ ကိုယ့်ကိုယ် ကိုယ်အသိဆုံး....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ်သူ သူတော်ကောင်းလုပ်နေတယ်၊ ပုတီးကြီး ကိုင်နေပေမဲ့ မဟုတ်သေးဘူးနော်....(မှန်ပါ့) ကိုစောမောင် တတောင်လောက်ပုတီးကြီး လည်ပင်းစွပ်ပြီးသကာလ လမ်းလျှောက်ပြီး သွားနေပေမဲ့လဲ ဟုတ်ပလား....(မဟုတ်သေးပါဘုရား) ဝမ်းထဲက မနေဘဲ့ဒွါရက ပဋိစ္စသမုပ္ပါဒ် တန်းနေယင် ဘယ့်နှယ်လုပ်ကြမလဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူက ဥပုသ်နေ့ကျယင် စာဘတ်ပဟော့....၊ ကျုပ်တို့ ရှမ်းစာဘတ်သလိုပေါ့ဗျာ....(မှန်ပါ့)။

စာဘတ်နေတော့ သူ့အသံ သူ သာယာနေလို့ရှိယင် အသံကြားလို့ သာယာတယ်၊ သာယာယင် စွဲလမ်းမယ်၊ စွဲလမ်းယင် အားထုတ်မယ်ဆိုတဲ့ ဝစီကံတွေနဲ့ ကိုစောမောင် ဘယ့်နှယ်တုံး....( မှန်ပါ့-တန်းပါတယ်ဘုရား ) မတန်းသေးဘူးလား....(တန်းပါတယ်ဘုရား)။

ဒါဖြင့် ဒီလူတော့ အပါယ် မသွားဘူးလို့ ခင်ဗျားတို့က ဘေးက-နေ အကဲခတ်မလား....(မခတ်နိုင်ပါဘုရား)။

ဦးဘရှင်း အကဲခတ်ယင် လွဲမယ်....(မှန်ပါ့) မလွဲပေဘူးလား (လွဲပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်စိတ်စဉ် ဘယ်စိတ်လာလာ၊ နောက်က ဉာဏ်ကလေးနဲ့ ဖြတ်လိုက်လို့ရှိယင် ဒီစိတ်ဟာ ရှေ့တန်းနိုင်သေးရဲ့လား....(မတန်းနိုင်ပါဘုရား)။

မတန်းနိုင်တော့ တကာ တကာမတို့ ဗရမ်းပတာဘေး လွတ်-မလွတ်....(လွတ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူ့မေးကြမတုံး....(ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို မေးရပါမယ်ဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ငါ ဖြတ်မိသလား၊ မဖြတ်မိဘူးလား- ဒါ မေးရုံဘဲ....(မှန်ပါ့)။

မောင်နိုင် မဖြတ်မိယင် ငါ ဗရမ်းပလာဘေး သင့်မှာဘဲ.... (မှန်ပါ့) ဖြတ်မိယင်....(ဗရမ်းပတာဘေး မသင့်ပါဘုရား)။

ဗရမ်းပဘာဘေး လွတ်မယ်ဆိုတော့ ဩော်....ဒါ ကိုယ့်ဟာ ကိုယ် ဆုံးဖြတ်ချက်ချရတာပါလား....(မှန်ပါ့)။

တကာ တကာမတို့ ဘယ့်နှယ်ဆိုကြမယ်....(ကိုယ့်ဟာ ကိုယ် ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

အဲဒီတော့ ကိုယ့်ဟာ ကိုယ်ဆုံးဖြတ်ချက်ချနိုင်တာဟာ သောတာပန်မှဟေ့....(မှန်ပါ့)။

လာပြီ မောင်နိုင်၊ ကိုယ့်ဟာ ကိုယ် ဆုံးဖြတ်ချက် ချနိုင်တာ.... (သောတာပန်ပါဘုရား) သူက ဖြစ်ပျက်မြင်လို့ ဆုံးဖြတ်ချက် ချနိုင်တာကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဖြစ်ပျက်မြင် ဖြစ်ပျက်ဆုံးတော့ သူ ဆုံးဖြတ်ချက် မချနိုင် ဘူးလား....(ချနိုင်ပါတယ်ဘုရား)။

ဟာ .... ဒါဖြင့် ခင်ဗျားတို့သည် အင်မတန် အဘိုးတန်တဲ့ တကာ တကာမတွေထဲ ပါဝင်သွားပြီ....(မှန်ပါ့)။

နောက်တော့ တပည့်တော်တို့ ကိုယ့်သန္တာန် ပဋိစ္စသမုပ္ပါဒ်နဲ့ အသက် ရှင်နေတာ ဖြစ်နေတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ စိတ်စဉ် ပေါ်တိုင်း-ပေါ်တိုင်း နားပေါက်က ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ရှိတယ်....(မှန်ပါ့) နှာခေါင်းပေါက်က ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် ကော....(ရှိပါတယ် ဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ခြောက်မျိုး ပေါ့ မောင်နိုင်ရ....(မှန်ပါ့)။

နားပေါက်က ပေါ်တာ....(တမျိုးပါဘုရား)မျက်လုံးပေါက်က ပေါ်တာ....(တမျိုးပါဘုရား)နှာခေါင်းပေါက်က ပေါ်တာ(တမျိုးပါဘုရား)လျှာပေါက်က ပေါ်တာ....(တမျိုးပါဘုရား) ကိုယ်ပေါက်က ပေါ်တာ....( တမျိုးပါဘုရား )ဝမ်းထဲ မနောပေါက်က ပေါ်တာ....( တမျိုးပါဘုရား )။

အဲဒီ့ခြောက်မျိုးကို ခင်ဗျားတို့က လာတိုင်း လာတိုင်း ဖြစ်ပျက်ရှုပြီး၊ ဖြစ်ပျက်ရှုဆိုတာ ဖြတ်လိုက်တာဘဲ....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

ဖြတ်လိုက်တော့ကို သူ့ ပဋိစ္စသမုပ္ပါဒ်သည် ဗရမ်းပတာဘေးဆီ သွားမလို့လာတာကို ကျုပ်တို့က သွားခွင့် ကျခွင့်ပေးသေးသလား....(မပေးပါဘုရား)။

အင်း....ဘယ်သူက မပေးတာတုံး.... ( ပဋိစ္စသမုပ္ပါဒ်ဖြတ်ချလိုက်လို့ပါဘုရား ) ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့ ဝိဇ္ဇာနဲ့ ဖြတ်ချလိုက်တယ်....(မှန်ပါ့) သိလုံးကလေးနဲ့ ဖြတ်ဖြတ်-ဖြတ်ဖြတ်ပြီး ချလိုက်တော့ ဦးဘအုန်းကြီး သူများ မေးစရာလိုသေးသလား....(မလိုတော့ပါဘုရား)။

ဟာ....ဒီတခါတော့ ကျွံသွားပြီ၊ ဟုတ်လား....( မှန်ပါ့ ) ကျွံသွားလဲ မကြောက်ပါနဲ့ ဒီတခါတော့ လွတ်သွားတယ်ဘုရား မဖြတ်မိဘူးဟုတ်လား၊ မကြောက်ပါနဲ့တဲ့ မောင်နိုင် နော်....(မှန်ပါ့)။

ကိုယ် အသက်ရှင်နေသေးလို့ရှိယင်ဖြင့် နောက်တခါပြန်ပွားပေါ့....(မှန်ပါ့) ပြန်ပွား၊ ပြန်ပွားတဲ့ အခါကျလို့ရှိယင် ဒီလိုဘဲ လစ်တာတွေတော့ ဘယ်နည်းမတုံးဗျာ....(မှန်ပါ့)။

လစ်ချင်လစ်ပေစေ၊ မလစ်ယင် သာကောင်းတယ်....(မှန်ပါ့)။

သို့သော်လဲ....တဲ့၊ ခင်ဗျားတို့ ပဋ္ဌမရှေးဦးစွာတော့ဖြင့် မလစ်တဲ့ အလုပ်ကို အယင်လုပ်ပစ်လိုက်လို့ရှိယင် နောက်မှ လစ်တာ အရေးမကြီးဘူး....(မှန်ပါ့)။

တခါ မဂ်စစ်ဆိုက်သွားတော့ ဖြတ်တဲ့ မဂ်က အစစ်ဖြစ်သွားတဲ့ အခါကျတော့ နောက်ဟာတွေ လစ်ချင်လစ်....(မှန်ပါ့) ဝိသာခါတို့ လစ်တာပေါ့ဗျ....(မှန်ပါ့)။

ခုနစ်နှစ်က နေပြီးသကာလ သောတာပန်တည်တယ်၊ နောက်သူ့ ခင်ပွန်းသည်နဲ့ အိမ်ထောင်ကျတော့ ကိုစောမောင်-သားရေး သမီးရေး-စီးပွားရေးတွေက မလစ်ပေဘူးလား.... ( လစ်ပါတယ်ဘုရား )။

လစ်ပေမဲ့လဲ ဟိုဟာက ရှေးကျထားတဲ့အတွက် သူ့ ဗရမ်းပတာဘေး သင့်သေးရဲ့လား....(မသင့်ပါဘုရား)။

ဒါဖြင့် ရှေ့-နောက်ခွဲတာ ကိုစောမောင် မှားသလား....၊မှန်သလား....(မမှားပါဘုရား)။

အခု ခင်ဗျားတို့ ဖြစ်နေတဲ့ဥစ္စာက ရှေ့-နောက် လွဲနေတယ်-- (လွဲပါတယ်ဘုရား)ဦးဘရှင်းတို့ ဖြစ်စဉ်က....(လွဲပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး....၊ သားရေး, သမီးရေး, စီးပွားရေး ရှေ့-ထားတယ်၊ ဟုတ်လား .... ( မှန်ပါ့ ) အသေစိတ်ချတာကို.... (နောက်ထားပါတယ်ဘုရား)။

နောက်ထားနေတော့ကို လွဲနေတော့ အခု မှီတဲ့ တကာတကာ မတွေ့ကျတော့ အခု အသက်ရှင်နေတာ ဟူသ၍တော့ မှီသေးတယ်မှတ်လိုက်ပါ....(မှန်ပါ့)။

အသက်ရှင်နေတဲ့ တကာတကာမတွေ....( မှီပါတယ်ဘုရား ) မှီသေးတယ်၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခြောက်မျိုးဘဲ ရှိတယ်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိသလဲ.... ( ခြောက်မျိုး ရှိပါတယ် ဘုရား)။

မျက်လုံးပေါက်က လာတာတမျိုး....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ) နားပေါက်က-(တမျိုးပါဘုရား) နှာခေါင်းပေါက်က....(တမျိုးပါဘုရား)။

အဲဒီ လာတိုင်း လာတိုင်း သူ လာမယ်ဆိုယင်လဲ ဒီ့ပြင် များများ မလာပါဘူး၊ မောင်နိုင်ရ၊မြင်တယ် ဟုတ်လား....( မှန်ပါ့ ) အဲ....မြင်လို့ ရှိယင်ဖြင့် လှူချင်တယ်၊ တန်းချင်တယ်၊ ပေးချင်တယ်၊ ကမ်းချင်တယ်လဲ လာမှာဘဲ....(မှန်ပါ့)။

မြင်တော့ ဝယ်ချင်တယ်၊ ဝယ်ပြီး စွဲလမ်းတယ်၊ စွဲလမ်းပြီး လှူမည့် စေတနာလာချင်လာတယ်.... (မှန်ပါ့)။

လာချင်လာ၊ မလာချင်နေ၊ ဒီဥစ္စာ ခင်ဗျားဟို ဒီ မြင်စိတ်ကို ဘဲ ဖြတ်ချင် ဖြတ်ချလိုက်(မှန်ပါ့)သဘောကျပလား(ကျပါပြီ)။

ပြီးတော့မှ လိုချင်စိတ်ကိုကော.... ( ဖြတ်ချရပါမယ် ဘုရား ) ဖြတ်ချင်ဖြတ်၊ အင်း....လှူတဲ့ စိတ်ကိုဘဲ ဖြစ်ပျက် ရှုချင်ရှု....(မှန်ပါ့ ဘုရား) သဘောကျပလား....( ကျပါပြီ ) ဟိုဘက် ဆက်သေးရဲ့ လား....(မဆက်ပါဘုရား)။

မဆက်တော့ဘူးဆိုတော့ ငါသည်ကားလို့ ဆိုယင်ဖြင့် သုဂတိ ဘေးတောင် သင့်သေးရဲ့ လား....(မသင့်ပါဘုရား)။

သုဂတိလဲ သုဂတိဆိုင်ရာနဲ့တော့ ဒုက္ခသစ္စာလာမှာမို့၊ ကိုစောမောင် ဘေးပေါ့ဗျ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒါတောင် ကန့်ကွက်နိုင်ပါတယ်ဆိုတော့ မကုန်သေးဘူးလား....(ကုန်ပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတွေ၊ တကာတကာမတွေ သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်ဘယ်နှစ်မျိုးရှိသလဲ....(ခြောက်မျိုးရှိပါတယ်ဘုရား) ပစ္စုပ္ပန်မှာ တွေ့ရမှာပေါ့ဗျာ....(မှန်ပါ့) ဟို စာကြီး သွားကြည့်မနေနဲ့....( မှန်ပါ့ ) ကိုယ့်သန္တာန် ခြောက်မျိုး ပေါ်တိုင်းပေါ်တိုင်းသာ သိပေး....(မှန်ပါ့)။

တကာကြီးလှိုင်.... ကိုယ့်သန္တာန် ဘယ်နှစ်မျိုး ပေါ်သလဲ....(ခြောက်မျိုးပါဘုရား) ဒွါရခြောက်ပေါက်ကိုးဗျ....( မှန်ပါ့ ) ခြောက်မျိုးဘဲ ပေါ်မယ်- ကိုစောမောင် ဒီ့ပြင် အပိုပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါဘုရား)။

မပေါ်နိုင်တော့ ပေါ်တဲ့ စိတ်ကလေးတွေကို ရှေ့ဟာ မမိလိုက်ယင် နောက်ဟာ မိအောင်လုပ်တာပေါ့....(မှန်ပါ့) နောက်ဟာမှ မမိလိုက်လို့ရှိယင် ဒီ့နောက်ကဟာ မိအောင် လုပ်တာပေါ့....(မှန်ပါ့) လုပ်လိုက်ပြန်လို့ ရှိယင်လဲ ပြီးမသွားဘူးလား....(ပြီးသွားပါတယ်ဘုရား)။

ပြီးသွားတော့ကို သူ့ ထုံးစံကတော့ဖြင့် ကုသိုလ်ကံဖြင့်လဲ "ကမ္မဘဝပစ္စယာ ဇာတိ"ဆိုပြီး သုဂတိသွားဦးမှာဘဲ နတ်ပြည်ကို....(မှန်ပါ့)။

အကုသိုလ်ကံဖြင့်လဲ "ကမ္မဘဝပစ္စယာဇာတိ"ဆိုပြီး အပါယ်လေးပါး လာဦးမှာဘဲ....(လာဦးမှာပါဘုရား)။

အဲဒီ လာမှာတွေကို သုဂတိသွားမှာတွေကို မဖြတ်ချင်နေ၊ ဒုဂ္ဂတိသွားမှာတွေကျတော့ ဖြတ်ဖြစ်အောင် ဖြတ်လိုက်လို့ရှိယင် မရှင်းဘူးလား.... (ရှင်းသွားပါတယ်ဘုရား)။

သုဂတိ သွားတာကို ဖြတ်ခိုင်းတာကတော့ နိဗ္ဗာန် အစစ်ကို မြန်မြန်ကြီးရအောင်(မှန်ပါ)ဒုဂ္ဂတိသွားတာကိုအဖြတ်ခိုင်းတာက တော့ အပါယ်လေးပါးတားချလိုက်တာ....(မှန်ပါ- တားချလိုက် တာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ် မှန်လို့ရှိယင် ဒုဂ္ဂတိသွားတဲ့ကံ ကိုလဲ ဖြတ်ရမယ်၊ သုဂတိသွားတဲ့ ကံကိုကော.... (ဖြတ်ရပါမယ် ဘုရား) ဖြတ်ရမှာဘဲ....ရှင်းပလား....(ရှင်းပါပြီဘုရား)။

သို့သော်-ခင်ဗျားတို့ကို အကြီးအကျယ် အခု သတိပေးချင် တာက ဒုဂ္ဂတိသွားမည့်ကံကို အယင်ဖြတ်ဘို့ အရေးကြီးတယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်ဟာ အရေးကြီးပါလိမ့်.... (ဒုဂ္ဂတိသွားမည့်ကံကိုအယင် ဖြတ်ရပါမယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေကို ယနေ့ မှန်ကလေး ပေးလိုက်ပါ တယ်....(မှန်ပါ)။

ဘာပေးလိုက်သလဲ....(မှန်ကလေး ပေးလိုက်ပါတယ်ဘုရား) မှန်ပေးလိုက်တယ်တဲ့ .... မှန်ပေးလိုက်တော့ကို ကိုယ့်ဖြစ်စဉ်ကို ကိုယ်ကြည့်ပါ....(မှန်ပါ)။

ကိုယ့်ဖြစ်စဉ် ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တော့ ဟာ....ဖြစ်စဉ် တွေက ဘယ်သူ- ဘယ်သူပါလားဆိုတာ ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတဲ့အခါကျတော့ ဟင်....ခုနင်က ဖြစ်သွားတဲ့တရား ကတော့ဖြင့် အပါယ်သွားမှာပါလား၊ နောက်ဖြစ်တဲ့ တရားက တော့ဖြင့် ဖြစ်ပျက်တွေ့ သိပြီးသကာလနေတော့ နိဗ္ဗာန်သွားမှာ ပါလားဆိုတာ မသိဘူးလား....(သိပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ဟာကိုယ် သိပြီးသွားပါ....(မှန်ပါ့)သူများ မေးယင် လှဲပါလိမ့်မယ်....(လှဲပါတယ်ဘုရား) စာအုပ်ကြည့်ယင် (လှဲပါတယ်ဘုရား)။

စာအုပ်က လူများစုအတွက် ရေးထားတာ....(မှန်ပါ့) ကိုယ် တယောက်အတွက်ကတော့ ကိုယ်အသိဆုံး(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ)။

ကိုယ့်တယောက်အတွက်ကတော့(ကိုယ်အသိဆုံးပါဘုရား)။

ကိုယ်အသိဆုံးဆိုတော့ ဦးဘရှင်း ဒီနေ့တရားဟာ အတော် ကျေနပ်ဘို့ ကောင်းပြီ....(မှန်ပါ့)။

ဘာ့ကြောင့် ဒီနေ့တရားကို ဘုန်းကြီး ဒီနေ့ စ,ဟောရပါ လိမ့်မလဲလို့ ကိုစောမောင်က မေးတော့ ရှင်အာနန္ဒာက အဋ္ဌ တိုက်ပေါတဲ့ ရွာကို သွားတယ်မဟုတ်လား....(မှန်ပါ့)။

ဘယ်သူသေ ဘယ်သွားသတုံး....၊ ဘယ်သူသေ ဘယ်ရောက် သတုံးဆိုပြီး မောင်နိုင် မေးလို့ ဘုရားက ကွာ--တဲ့ ငါ့ကို မညှဉ်း ဆဲပါနဲ့တဲ့၊ သဘောပါပလား....(ပါပါပြီ)။

ငါ့ မညှဉ်းဆဲပါနဲ့၊ သူတို့ ဆရာကောင်း တပည့်မှန်လို့ရှိယင် သူတို့ ပဋိစ္စသမုပ္ပါဒ်ကို သူတို့ ဖြတ်တာလဲ သိတယ်ကွာ....၊ ဆက် တာလဲ သိတယ်၊ ပြတ်တာလဲ သိတယ်....(မှန်ပါ့)။

ဆက်တာ သိယင် သုဂတိလဲ သူ့ဟာသူ ဆုံးဖြတ်ချက်ချမှာဘဲ ဟုတ်လား....(မှန်ပါ့) အပါယ်ဆက်မိလို့ရှိယင်လဲ အပါယ်ရောက် လိမ့်မယ်လို့ သူ့ဟာ သူသိတယ်၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

ဖြတ်တဲ့ ပုဂ္ဂိုလ်ဖြင့်လဲ သူ့ဟာသူ သုဂတိကို သွားလိမ့်မယ်၊ နိဗ္ဗာန်ကို သွားလိမ့်မယ်လို့ သူ့ဟာသူ သိပါတယ်ကွာ.... တဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီလို သိတာက ဘယ်လိုပုဂ္ဂိုလ်မှ သိသတုံးလို့ မေးတဲ့အခါ ကျတော့ သောတာပန် တည်ပြီး သား ပုဂ္ဂိုလ်မှ ပိုသိတယ်.... (မှန်ပါ့) ခင်ဗျားတို့က အခု သောတာပန် မျိုးစေ့တွေမို့ လာ တိုင်းသိအောင် လုပ်နေတယ်....(မှန်ပါ့) ကြာတော့ အသိဆုံး ယင် သောတာပန် အသိ ရောက်တာဘဲ....(မှန်ပါ့)။

သောတာပန်လဲ ဒီအစဉ်သိတာဘဲ....(မှန်ပါ့)ခင်ဗျားတို့ကော (ဒီ အစဉ်ဘဲ သိတာပါဘဲဘုရား)။

အဲဒီအစဉ်သိတော့ ဒီအစဉ်သိတာ ဆုံးသွားတဲ့ တနေ့ကျတော့ ဥပမာ....သိလုံးကလေးတွေက ဖြစ်ပျက်,ဖြစ်ပျက်၊ ဖြစ်ပျက်,ဖြစ် ပျက်ဆိုတဲ့ ဖြစ်ပျက်ကလေးတွေဘဲ သိနေတာကိုးဗျ....( မှန်ပါ့ ) အဲဒီ သိလုံးကလေးတွေ ဆုံးသွားတော့ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဆိုတော့ နောက်သိတဲ့ အသိကျတော့ တကယ့် မဂ် စစ်အသိ....(မှန်ပါ့) အယင် သိနေတာကတော့ ဝိပဿနာမဂ်နဲ့ သိနေတာ....(မှန်ပါ့)။

နောက်ဆုံးပြီးမှ သိတဲ့ အသိကတော့....(မဂ်စစ်သိပါဘုရား) မဂ်စစ်နဲ့ သိတဲ့ အသိဖြစ်နေတော့ အဲဒါကတော့ သောတာ ပန်အသိ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အယင် သိတာကတော့ အခု ဆရာပေးထားတဲ့ နည်းနဲ့ သိ တာကတော့ သောတာပန် မျိုးစေ့အသိ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် အယင် ခုလို ရှုခိုင်းနေတဲ့ အသိက စူဠသောတာပန် အသိ....(မှန်ပါ့)ဟုတ်လား၊ နောက် နိဗ္ဗာန်တည်းဟူသော အဆုံးကို မြင်ပြီးမှ သိတဲ့ အသိကတော့ မဟာသောတာပန် အသိ.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

အသိဘယ်နှစ်မျိုးဟောလိုက်ပါလိမ့်....(နှစ်မျိုးဟောပါတယ်ဘုရား)။

ကဲ....အခု သိနေတာကတော့ တပည့်တော်တို့ စိတ်ကလေးဟာဘုရား .... ဖြစ်ပြီးပျက်နေတာဘဲလို့ သိနေပြီဆိုတော့ သူ့ပဋိစ္စသမုပ္ပါဒ် သူ ဖြတ်နေတာ....(မှန်ပါ့) ဒီအသိကတော့ စူဠသောတာပန် အသိ။

စူဠဆိုတာ အငယ်ပေါ့ဗျာ....(မှန်ပါ့)ကိုစောမောင် တဘာဝအပါယ်မလားဘူး၊ဒီအသိကလဲ သေးတာမဟုတ်ဘူး....(မှန်ပါ့)။

ဒီ အသိနဲ့ သေသွားလို့ရှိယင် သုဂတိ ရောက်မယ်၊ သုဂတိရောက်ယင် မဟာသောတာပန် ကေန် ဖြစ်ရမယ်....(မှန်ပါ့)။

သူကလဲ ညံ့တာ မဟုတ်ဘူး၊သို့သော်-ခင်ဗျားတို့က အကြွေးမထားနဲ့-ဟုတ်လား၊ အသိ ဆုံးအောင် လိုက်-လိုက်ပါ-(မှန်ပါ့) မကောင်းကြဘူးလား....(ကောင်းပါတယ်ဘုရား)။

ရှင်းကြပလား....(ရှင်းပါပြီ) ကဲ....ယနေ့ ဒီတွင် တော်ကြပါဦးစို့ ။

သာဓု....သာဓု....သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မဂ်လာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**သစ္စာဆိုတာ ခန္ဓာမှာ ရှိပုံ**

# ညအလုပ်ပေးတရားတော်

( ၁၅ - ၆ - ၆၂ )

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ် ကွာ....တဲ့ မင်းတို့ သစ္စာသိအောင် လုပ်ပါဆိုတာ မောင်နိုင်တို့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အထူးတလည် မှာတယ်နော်.... (မှန်ပါ) သစ္စာသိအောင် လုပ်ပါတဲ့။

သစ္စာသိအောင် လုပ်ပါလို့ဆိုတော့ သစ္စာသည် ဘယ်မှာ ရှိသတုံးဆိုတာ ကိုစောမောင်တို့ ဦးဘရှင်းတို့က မေးဘို့လိုတယ် (မှန်ပါ)။

သစ္စာဟာ ဘယ်မှာမှ ရှာပြီးသကာလ မနေပါနဲ့၊ဒီ ခန္ဓာဟာ သစ္စာဘဲလို့ မှတ်လိုက်ပါ....(မှန်ပါ) ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာဘဲလို့သာ မှတ်လိုက်....(မှန်ပါ)။

ဒီ ခန္ဓာကြီးဟာ ဘာတဲ့....(ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီ ခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ အဲဒီတော့

ဒီအတိုင်း ကြည့်တော့ အတုံးအခဲကြီး ဖြစ်ပြီးသကာလနေတော့ မသိသေးဘူးပေါ့ဗျာ....( မှန်ပါ့ )မသိသေးဘူး။

ဘုန်းကြီးက ဉာဏ်မျက်လုံး တပ်ပြီးသကာလ သမာဓိကလေး တည်ထောင်ပြီးသကာလ ဉာဏ်မျက်လုံးတပ်ပြီး ကြည့်ပါဆိုတော့မှ ခန္ဓာကိုယ်က ရှရှနဲ့ အသစ် အဟောင်း ပြောင်းနေတာတွေ မောင်နိုင် မြင်လာတယ်....(မှန်ပါ့)။

အသစ် အဟောင်းပြောင်းတာတွေ မြင်လာတဲ့ အခါကျတော့မှ အဲဒါမှ ဒုက္ခသစ္စာ ကိုစောမောင်....(မှန်ပါ့)။

အသစ် အဟောင်းပြောင်းတာ မြင်တာမှ.... (ဒုက္ခသစ္စာပါဘုရား)။

ဘာဖြစ်လို့ အသစ် အဟောင်းပြောင်းတာ မြင်မှ ဒုက္ခသစ္စာဆိုတာ ထင်ရှားသလဲလို့မေးတော့ ကိုယ်ကြည့်နေတာက ဉာဏ်နဲ့ ကြည့်နေတာ၊ ဝိဇ္ဇာမျက်လုံးတပ်ပြီး ကြည့်နေတယ်၊ သမာဓိကောင်းတာနဲ့ မောင်နိုင်က ဝိဇ္ဇာမျက်လုံး တပ်ကြည့်တယ် ....(မှန်ပါ့)။

ဝိဇ္ဇာမျက်လုံးတပ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်က နဂိုကတော့ သွားလား- လာလား- စားလား- သောက်လား- ပြောလား-ဆိုလားဆိုတော့ ခန္ဓာကိုယ်က ပြနေပေမဲ့ ဦးဘရှင်း မမြင်သေးဘူး....( မှန်ပါ့ )မမြင်သေးဘူး တကာကြီးလှိုင်ရ....(မှန်ပါ့)။

သမာဓိကလေး ထူထောင်ပြီး ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ သူ့ပင်ကိုယ်သဘောတွေ ပေါ်လာတယ်၊ သူ့ပင်ကိုယ်သဘောတွေနော်....(မှန်ပါ့)။

အဲဒီ သူ့ ပင်ကိုယ်သဘောတွေ ပေါ်လာတော့မှ ခန္ဓာကိုယ်က ဟိုနေရာက လှုပ်၊ ဒီနေရာက ယား၊ ဒီနေရာက နာ၊ ဒီနေရာက စိတ်တွေ အမျိုးမျိုးပေါ်၊ ဝေဒနာတွေ အမျိုးမျိုးပေါ်၊ပူလိုက် အေးလိုက်တွေက လာလိုက်၊ ညောင်းလိုက်,ညာလိုက်တွေက လာလိုက်ဆိုတော့ အင်း....ဒီဥစ္စာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့မှ ပင်ကိုယ်သဘော ပေါ်တာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)နဂိုရှိ ပေါ်လာတာ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာပေါ်လာတာတုံး....(နဂိုရှိ ပေါ်လာတာပါဘုရား)။

နဂိုရှိ ပေါ်လာတာ ကြည့်လိုက်တော့ ဩော်....နဂိုကလဲ ရှိနေသားဘဲ၊ အယင်တုန်းက ဒို့မမြင်ပါဘူး၊တကိုယ်လုံးဟာ အခုဟိုနေရာ, ဒီနေရာမှာ ကောင်းတဲ့ နေရာကို ရှာမတွေ့ဘူး၊ ယားတာရယ်, နာတာရယ်, အောင့်တာရယ်, ကျင်တာရယ်, ကိုက်တာရယ်, ခဲတာရယ်, ပူတာရယ်, အေးတာရယ် ဒါတွေကသာ များနေတယ်....(မှန်ပါ့)။

ဒါတွေကသာ များပြီးသကာလနေတော့ ဒါတွေဟာက ထိုင်စ,က သဘောစွန့်တာတွေပါလား....(မှန်ပါ့)။

ဒါတွေ ဘယ်လိုမှတ်ကြရမယ်....(ထိုင်စ,ကသဘောစွန့်တာပါဘုရား)။

ထိုင်စ,က သဘောစွန့်ပြီးသကာလ ဒါ အသစ်သဘော ပြောတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ကိုစောမောင် အဟောင်းသဘော ပျောက်လို့ အသစ်သဘော ပြောတာ....(မှန်ပါ့)။

ဒီလို ဥာဏ်ကလေးနဲ့ တည့်ပြီး တကာ တကာမတွေက ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါကျတော့ ဒီအတိုင်း စိုက်ပြီးသကာလ

သမာဓိကောင်းကောင်းကလေးနဲ့သာ ကြည့်နေတဲ့အခါကျတော့ ကျုပ်ဟာ ဒုက္ခသစ္စာဘဲလို့ဆိုတာ ခန္ဓာက ပြောပါတယ်.... (မှန်ပါ့)။

ဦးဘရှင်း ဘယ်သူက ပြောသလဲ....(ခန္ဓာက ပြောပါတယ် ဘုရား)နောက်က တကာ တကာမတွေ....(ခန္ဓာက ပြောပါတယ် ဘုရား)။

ခန္ဓာက ပြောတယ်နော်....၊ အဲဒီ ခန္ဓာက ပြောတဲ့အခါကျ တော့မှ သြော်....ဒီခန္ဓာကြီးဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကတော့ ဟောရှာသွားဘဲ"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" မင်းတို့ ခန္ဓာငါးပါးကြီးဟာကွာ ဒုက္ခသစ္စာပါဆိုတဲ့ ဥစ္စာ ပြော လျက်သားနဲ့ ကျုပ်တို့က သမာဓိကလေး မတည်ထောင်၊ ပညာ ကလေးနဲ့က မကြည့်လိုက်တဲ့ အခါကျတော့ မြင်ကို မမြင်ဘူး.... ကိုစောမောင်တို့ ဦးဘရှင်းတို့နော်....(မှန်ပါ့) မြင်ကို မမြင်ဘူး။

သမာဓိကလေး ထူထောင်ပြီး ဉာဏ်မျက်လုံးကလေးနဲ့ ဘာ ဖြစ်မတုံးကွာ .... ငါ စောင့်ကြည့်လိုက်စမ်းမယ်ဆိုပြီး မောင်နိုင် က ကြည့်လိုက်တာပေါ့....(မှန်ပါ့)ကြည့်လိုက်တဲ့ အခါကျတော့ သူ့ ပင်ကိုယ်သဘောတွေက ယားတာတွေ, နာတာတွေ,အောင့် တာတွေ, နာတာတွေ, ကိုက်တာတွေ, ခဲတာတွေ ဖျတ်ဖျတ်နဲ့ ဆတ်ဆတ်နဲ့ လာတာတွေ, စိတ်တွေ အမျိုးမျိုးလာတာတွေ ကို စောမောင် တွေ့လာတယ်....(တွေ့ပါတယ်ဘုရား)။

တွေ့လာတော့ ထိုင်စ,သဘောလား....၊ သူကြည့်မှ အသစ်မြင် တဲ့ သဘောလား....(ကြည့်မှ အသစ်မြင်တဲ့ သဘောပါဘုရား)။

ထိုင်စ ့က ကျုပ်တို့ ဒါတွေမှ မပါလာဘဲ....(မှန်ပါ့) အခု ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ ကိုပေါ် ဒါတွေ ပေါ် လာတယ်....(မှန်ပါ့)။

ပေါ်လာတော့ ခန္ဓာက ကျုပ်ကို အမြဲမထင်နဲ့ ခင်ဗျားတို့ ခန္ဓာကိုယ်က ပြောနေတယ်....(မှန်ပါ့)။

ကျုပ်ကို အမြဲမထင်နဲ့လို့ ခန္ဓာက သူ ပါးစပ်ရှိယင် ပြော မှာဘဲ....(မှန်ပါ့)။

ကျုပ်ကို အမြဲမထင်နဲ့လို့ ပြောတဲ့ သဘောတွေဟာ ဒီဉစ္စာ ကျုပ်ဟာ ခဏခဏ သေတဲ့ ဒုက္ခ၊ ခဏခဏ မွေးတဲ့ ဒုက္ခ ကျုပ် မှာ ဒီ ဒုက္ခနှစ်ခုနဲ့ ရှိပါတယ်လို့ဆိုတာ ဦးဘရှင်း ဘယ်သူက ပြောသတုံး....(ခန္ဓာက ပြောပါတယ်ဘုရား)။

တကာကြီးလှိုင် ကြပ်ကြပ်နားထောင်ပါ၊ အလုပ်က စ ့သင် နေတယ်(မှန်ပါ့)အလုပ်က စ ့သင်နေတယ်ဆိုတော့ အရေးကြီး တယ်လို့ မှတ်ကြပါ....နော်(မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာထဲက သူ ပင်ကိုယ်သဘောတွေ ပြောလာ တော့ အင်း.... ဒီဉစ္စာ ဘာပါလိမ့်မတုံး မေးတဲ့အခါကျတော့ "စက္ခုံ ဥဒပါဒိ" စက္ခုံ=ဉာဏ်မျက်စိသည်၊ ဥဒပါဒိ = ပေါ် လာ၏။

ဒီအခါကျတော့ ဘာမျက်စိ ပေါ်လာသတုံး....(ဉာဏ်မျက်စိ ပေါ်လာပါတယ်ဘုရား)။

အယင်တုန်းက ကျုပ်တို့ ဒါတွေ တွေ့ကို မတွေ့ဘူး ကိုစော မောင်ရ....(မှန်ပါ့) လွန်ကဲမှဘဲ တွေ့တော့တယ်....(မှန်ပါ့)။

လွန်ကဲတာလဲ တနေရာထဲသာ တွေ့တော့တယ်၊ ဟိုနေရာ, ဒီနေရာ အစုံမတွေ့ဘူး၊ တွေ့ရဲ့လား....(မတွေ့ပါဘုရား)။

အဲဒါတွေ ထောက်ကြည့်လိုက်တဲ့ အခါကျတော့မှ လွန်ကဲတာတွေတော့ ဩော်....ပင်ကိုယ်သဘောစွန့်တာတွေဟာ တကိုယ်လုံးပါလားဆိုတာ ပေါ်မလာဘူးလား-(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ပင်ကိုယ်သဘော စွန့်တာက တကိုယ်လုံး ဆိုတော့ ပင်ကိုယ်သဘော အယင် မူလ ဘူတက သေတယ်၊နောက်ဟာက သေမလို့ ပေါ်လာတာ....(မှန်ပါ့)။

ကိုစောမောင် ပင်ကိုယ်သဘောက သေကုန်ပြီ.... (သေပါတယ်ဘုရား) အခု ပေါ်လာတာတွေကလဲ....(သေမလို့ ပေါ်လာတာပါဘုရား)။

သေမလို့ ပေါ်လာတာတွေကို ဉာဏ်နဲ့ ကြည့်လိုက်တော့.... ဉာဏ်က စောင့်ပြီးသကာလ သမာဓိကောင်းကောင်း ကလေးနဲ့ ကြည့်နေတော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာခန္ဓာက ပြောလာတယ် (မှန်ပါ့)

ဘယ်လိုမှတ်ကြမယ်....(ခန္ဓာကပြောလာပါတယ်)

ဩော်....အလုပ်တရားဆိုတာ ဘယ်သူပြောတာ အမှန်ယူရ မှာပါလိမ့်မလဲလို့ ကိုပေါ် ဘယ့်နှယ်ဖြေကြမလဲ....(ခန္ဓာကပြောတာ အမှန်ယူရပါမယ်ဘုရား)။

အဲဒါကြောင့် အခု တရားနာတဲ့ အထဲမှာလဲ လုပ်တတ်တဲ့ ပုဂ္ဂိုလ်လဲပါတယ်၊ မလုပ်တတ်တဲ့ပုဂ္ဂိုလ်တွေလဲ ပါချင်လဲ ပါကြမယ်ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတော့ သမာဓိ ကောင်းကောင်းနဲ့ စောင့်ကြည့် နေလို့ ရှိယင်ဖြင့်....တဲ့၊ ခန္ဓာက အကုန်ပြောမှာဘဲ....(မှန်ပါ့)။

ပြောခဲ့လို့ရှိယင် သူက ကျုပ်ဟာလူချမ်းသာ ပြောမယ်လား၊ ဆင်းရဲပြောမလား၊ ချမ်းသာပြောမလားဆိုတာ မောင်နိုင် အကဲခတ်ကြည့်တာပေါ့....(ဆင်းရဲပြောမှာပါဘုရား)။

ဒါဖြင့် ဆင်းရဲသည် ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ဆင်းရဲသည်.... (ဒုက္ခသစ္စာပါဘုရား)ပျောက်သွားတာလဲ ဒုက္ခသစ္စာ၊ ပေါ်လာတာကလေးလဲ....(ဒုက္ခသစ္စာပါဘုရား)။

ပေါ်လာတာလဲ ကိုစောမောင်တို့ ဦးဘရှင်းတို့ ပျောက်ဦးမှာကိုးဗျ....(မှန်ပါ့)။

အဲ့ဒီတော့ ခန္ဓာကိုယ်ထဲမှာ ဒီပေါ်ပျောက်မှ တပါးလဲမရှိဘူး (မှန်ပါ့)။

ပျောက်တာရယ်၊ ပေါ်တာရယ်၊ ပျောက်တာရယ်- တကာ တကာမတို့ ဒီ့ပြင်ဘာရှိသေးသတုံး....(မရှိပါဘုရား)။

ဘာမှမရှိတော့သူများပြောတဲ့ ဒုက္ခသစ္စာလား-ကိုယ်တိုင်တွေ့ရတာလား....(ကိုယ်တိုင်တွေ့ရတာပါဘုရား)။

ဩော်....ကိုယ်တိုင်တွေ့ရတယ်၊ အဲဒီကျလာတဲ့အခါကျတော့မှ စက္ခုံဥဒပါဒိ၊ စက္ခုံ- ဉာဏ်မျက်လုံးသည်၊ ဥဒပါဒိ- တကာ တကာမတို့သန္တာန်၌ ပေါ်လာ၏။

ကိုစောမောင် ဘယ်သူ့သန္တာန်ပေါ်လာသတုံး....(ရှုတဲ့ပုဂ္ဂိုလ် သန္တာန်မှာ ပေါ်ပါတယ်ဘုရား) ဒီအားထုတ်နေတဲ့ ပုဂ္ဂိုလ်၏ သန္တာန်မှာပေါ်တယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘယ်သူ့သန္တာန် ပေါ်ပါလိမ့် .... (အားထုတ်နေတဲ့ ပုဂ္ဂိုလ် သန္တာန်ပေါ်ပါတယ်ဘုရား)။

အဲဒီလို အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန် ပေါ်လာတော့ အင်း....သူပကတိမျက်လုံးမှာ ပေါ်လာတာလား၊ ဉာဏ်မျက်လုံး

မှာပေါ်လာတာလား .... (ဥာဏ်မျက်လုံးမှာ ပေါ်လာတာပါဘုရား)။

ဒါဖြင့် ဥာဏ်ဥဒပါဒ်- လာပြီ ကိုစေ့မောင် ခင်ဗျားတို့ ဓမ္မစကြာလေ....(မှန်ပါ)။

ဘာတဲ့တုံး....( ဥာဏံ ဥဒပါဒိ ပါဘုရား )ဥာဏံ-ဥာဏ်သည် ဥဒပါဒိ- မြင်တဲ့ဥာဏ်ပေါ်လာ၏၊ ဒုက္ခသစ္စာမြင်တဲ့ ဥာဏ်ပေါ်လာတယ်....(မှန်ပါ)။

ဘာပေါ်လာသတုံး .... (ဒုက္ခသစ္စာမြင်တဲ့ဥာဏ် ပေါ်လာပါတယ်ဘုရား)။

ဒုက္ခသစ္စာမြင်တဲ့ဥာဏ် ပေါ်လာတယ်၊ အားလုံး တကာတကာမတွေ ဒီအတိုင်းစောင့်ကြည့်၊ သမာဓိ ကောင်းကောင်းနဲ့ စောင့်ကြည့်ယင် ဘယ်ဥာဏ်ပေါ်လာသတုံး....(ဒုက္ခသစ္စာမြင်တဲ့ ဥာဏ်ပေါ်လာပါတယ်ဘုရား)။

ကိုပေါ်....ဘာမှမပေါ်ဘူး၊ ဒါဘဲပေါ်လာတယ်....(မှန်ပါ) ဥာဏ်နဲ့ ဒါနဲ့သာ တည့်နေတာကိုး ကိုစေ့မောင်ရဲ့....(မှန်ပါ)။

ဥာဏ်နဲ့ ခန္ဓာနဲ့ တည့်ထားလိုက်တဲ့ အခါကျတော့ ခန္ဓာက ပြောတာတွေ ဥာဏ်ထဲမှာ ပေါ်လာပါတယ်....(မှန်ပါ) ခန္ဓာက အပြောသမား၊ ဥာဏ်က အကြည့်သမား။

တကာကြီးလှိုင် ခန္ဓာက....(အပြောသမားပါဘုရား)ဥာဏ်က (အကြည့်သမားပါဘုရား)။

အဲ ဥာဏ်က အကြည့်သမားဆိုတော့ ခုနင် တုန်းကတော့-စက္ခုံဥဒပါဒိ- ဥာဏ်မျက်စိပေါ်လာတယ်....(မှန်ပါ)။

ဘုရားက မထင်ရှားမှာစိုးတာနဲ့ကွာတဲ့၊ စက္ခုံဆိုယင် မင်းတို့က ပကတိမျက်လုံးကြီး- ရိုးရာမျက်လုံးလဲ ယူမှာစိုးတယ်ဆိုပြီး

ဉာဏ် ဥဒပါဒိ ဉာဏ်ပေါ်လာတာကတွဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

မောင်နိုင် ဘာပေါ်လာသကုံး .... (ဉာဏ်ပေါ်လာပါတယ် ဘုရား)။

ဩော် ....ဉာဏ်မျက်လုံး ပေါ်လာတယ်၊ ဖအေ့ မိဘပေးတဲ့ မျက်လုံးလား၊ ဆရာသမားပေးတဲ့ မျက်လုံးလား အကဲခတ်စမ်း....(ဆရာသမားပေးတဲ့မျက်လုံးပါဘုရား)။

ဆရာသမားပေးတဲ့ မျက်လုံးဆိုတော့ ဒါ့ကြောင့် ကလျာဏ မိတ္တ ဆရာကောင်း သမားကောင်း ရှာဟဲ့ရှာဟဲ့လို့ အကြိမ်ပေါင်းများစွာ ပြောခဲ့တာ မောင်နိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဒီဉာဏ်မျက်လုံးပေးတဲ့ ဆရာကိုရှာ....(မှန်ပါ့) ကိုစောမောင် ပေါ်ပြီ....(ပေါ်ပါပြီ)။

အဲဒီကဲ့သို့ တကာတကာမတွေ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဉာဏ်မျက်စိလဲပေါ် စက္ခုံဥဒပါဒိဆိုတာ ဉာဏ်မျက်စိကိုဆိုတယ်လို့ မှတ်လိုက်ပါ၊ မသိမှာစိုးတာနဲ့ ဘုရားက ဉာဏ် ဥဒပါဒိ၊သဘောကျပလား....(ကျပါပြီ)ဉာဏ်- ကိုယ့်ခန္ဓာ၌ ဒုက္ခသစ္စာကိုမြင်တဲ့ဉာဏ်သည်၊ ဥဒပါဒိ - ပေါ်လာ၏က .... တဲ့၊ ခင်ဗျားတို့ သန္တာန်မှာ ဒုက္ခမြင်တဲ့ဉာဏ်ပေါ်ပြီတဲ့.... (မှန်ပါ့)။

တခါဘယ်လို ဟောပြန်သတုံးဆိုတော့ "အာလောကော ဥဒပါဒိ" အယင်တုန်းကတော့ မမြင်ဘူးဘုရား၊ အယင်တုန်းက မမြင်တာ မှောင်နေလို့ဟေ့....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

အယင်တုန်းက မမြင်တာက....(မှောင်နေလို့ပါဘုရား)။

အဲ....အခုတော့ဖြင့်ကွာတဲ့အာလောကော ဥဒပါဒိ၊အာလော ကော- အလင်းရောင်သည်၊ ဥဒပါဒိ- သူတို့သန္တာန် ပေါ်လာပြီ ဟေ့....တဲ့၊ ရှေ့က မှောင်မရှိတော့ဘူးတဲ့....( မှန်ပါ့ ) အယင် တော့ အဝိဇ္ဇာမှောင် ရှိနေသေးတယ်.... ( မှန်ပါ့ ) အခုတော့ မောင်နိုင် မြင်လာတော့ အဝိဇ္ဇာမှောင် ဘယ့်နှယ်နေသလဲ....(မရှိ တော့ပါဘုရား)။

ဒါသိအောင်လို့ ဘုရားက "အာလောကော ဥဒပါဒိ" တဲ့ အာလောကော- သူတို့ခန္ဓာကြီးမြင်ဘို့ အလင်း သည်ကား လို့ ဆိုလို့ရှိယင်၊ ဥဒပါဒိ- ပေါ်လာ၏၊ ခန္ဓာမြင်ဘို့အလင်းထပ်ပေါ် လာတယ်....(မှန်ပါ့)။

ကြည့်စမ်း....တသက်လုံး မမြင်ခဲ့တဲ့ခန္ဓာအလင်းဓါတ်ဟာ အခု တကာ တကာမတွေ့ မြင်ရတယ်ဆိုတော့ ဒါဟာ မောင်နိုင် ရှင်း သွားပြီပေါ့....(ရှင်းပါပြီဘုရား)သဘောကျပလား .... (ကျပါပြီ ဘုရား)။

အဲဒီ့ အာလောကဆိုတာ ဘာတုံးလို့မေးတဲ့အခါကျတော့ မှ ဝိဇ္ဇာဟေ့ဆိုတော့၊ဩော်....ငါတို့သည် ဒီလိုမြင်နေယင်အဝိဇ္ဇာ ချုပ်နေတာပါလား....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

ဒီလိုမြင်တော့ဘာတဲ့....(အဝိဇ္ဇာချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် မောင်နိုင်က စ,လိုက်စမ်း၊ ဘယ်ကနေ စ,ပါလိမ့်....(အဝိဇ္ဇာကပါဘုရား) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ ဘုရား)ဩော်....သူက စ,တယ်....(မှန်ပါ့) ဦးဘရှင်း သူက မစ, ဘူးလား....(စ,ပါတယ်ဘုရား)။

သူက စ တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကြီးမှာ ပေါ်လာတော့ ဒီက ကိုယ့်ခန္ဓာ ကိုယ့်သမာဓိကောင်းကောင်းနဲ့ စောင့်ကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်ဒုက္ခသစ္စာကလေးတွေ မြင်လာတယ်....(မှန်ပါ့)။

ဖြစ်ပျက် ဒုက္ခသစ္စာကလေး မြင်လာတော့ ဝိဇ္ဇာလား- အဝိဇ္ဇာလားလို့ ဆိုတော့ အဝိဇ္ဇာရှိတုန်းက ကျုပ်တို့ မမြင်ခဲ့ပါဘူး (မှန်ပါ့) အခုတော့ဖြင့် စောင့်ကြည့်တဲ့ ပညာကလေးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ အင်း....ပင်ကိုယ်သဘောတွေစွန့်စွန့်- စွန့်စွန့်ပြီး အဟောင်းပျက်ပြီး အသစ်အစားထိုးတာတွေ ကိုစောမောင် မြင်ရမယ်....(မြင်ရပါတယ်ဘုရား)။

မြင်ရတဲ့ အခါကျတော့ အင်း .... ဒါ အလင်း ရလို့လဲ မြင်တာဘဲ....(မှန်ပါ့) ဝိဇ္ဇာ ဥဒပါဒိဆိုတဲ့ အတိုင်း အဝိဇ္ဇာချုပ်လို့လဲ မြင်တာ....(မှန်ပါ့)။

တကာကြီးလှိုင် ဘာတဲ့ဗျာ.... ( အဝိဇ္ဇာချုပ်လို့လဲ မြင်ပါတယ် ဘုရား )။

ကြပ်ကြပ် မှတ်ကြစမ်းပါ- ဒီဥစ္စာ၊ ဘုရားက ရှေးဦးစွာ ကျွတ်တမ်းဝင်အောင် ဟောတဲ့ တရား၊ ဘုရားကလဲ ဒီ ဝိဇ္ဇာ ဥဒပါဒိကြောင့် ဘုရားဖြစ်လာတာ....(မှန်ပါ့)။

သူများကို ဟောရလို့ရှိယင်လဲ ဝိဇ္ဇာ ဥဒပါဒိ ဖြစ်အောင် ဟောနိုင်လို့ရှိယင် သောတာပန်ကစပြီး မောင်နိုင် တည်တာဘဲ- (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် တကာတကာမတွေ လေးလေး စားစား ပြောပေးနေတယ်ဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဝိဇ္ဇာဆိုတာက အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်.... (မှန်ပါ့)။

ဝိဇ္ဇာဆိုတာ....(အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်ပါဘုရား)အဝိဇ္ဇာ၏ ဆန့်ကျင်ဘက် ဖြစ်ပြီးသကာလနေသောကြောင့် သြော်.... ငါတို့ သန္တာန်၌ ဒီ အချိန်မှာ အဝိဇ္ဇာချုပ်နေပါကလား၊ မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ မနေ့က ပြောတဲ့ ပဋိစ္စသမုပ္ပါဒ် ဦးဘရှင်း တန်းနိုင်သေးရဲ့လား....(မတန်းနိုင်ပါဘုရား)။

သူက စ,ပြီး တန်းမှာကိုး.... မောင်နိုင်ရဲ့.... ( မှန်ပါ့ ) သူက စ,ပြီး တန်းမည့်ဥစ္စာ တကာတကာမတွေ့ တန်းနိုင်သေးရဲ့လား-- (မတန်းနိုင်ပါဘုရား)။

မတန်းနိုင်တာ ထောက်လိုက်တဲ့ အခါကျလို့ရှိယင် ဒို့သည် သံသရာအစက ပြတ်ပဟ....(မှန်ပါ့)။

ဦးဘကလေး ဘယ့်နှယ်တုံး.... ( သံသရာ အစကပြတ်ပါတယ် ဘုရား )။

ဒီ အစမှ မပြတ်လို့ရှိယင် အလယ်လာဦးမယ်.... ( လာပါဦး မယ် ဘုရား ) အခုတော့ လာစရာ လိုသေးသလား.... ( မလိုပါ ဘုရား ) အဆုံးကနေ ပြန်ပတ်ဘို့ကော....(မလိုပါ ဘုရား)။

မလိုတော့ဘူးဆိုတော့ သြော် .... သံသရာဆိုတာ ဘာပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ အဝိဇ္ဇာပြီးယင် သင်္ခါရ လာတာ သံသရာ....(မှန်ပါ့) သင်္ခါရပြီးယင် ဝိညာဏ်လာတာ....(သံသရာ ပါဘုရား) ဝိညာဏ်ပြီးယင် နာမ်ရုပ်လာတာ....( သံသရာပါ ) နာမ်ရုပ်ပြီး သဠာယတနဆိုတာတွေလာယင်.... ( သံသရာပါ )

နောက်ဆုံးပိတ် သွားလိုက်တော့ ဇာတိ ဇရာ မရဏလာတာ ကော....( သံသရာပါဘုရား ) သူ့ နောက်က သောက ပရိဒေဝ လိုက်လာယင်....(သံသရာပါဘုရား)။

အဲ....သောက ပရိဒေဝတွေကလဲ မသိတဲ့ ပုဂ္ဂိုလ်မှာ ဖြစ်သော ကြောင့် အဝိဇ္ဇာပါနေတော့ အာသဝပါနေတယ်လို့ မဆိုထိုက် ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

" အာသဝ သမုဒယာ အဝိဇ္ဇာသမုဒယော " ဆိုတော့ ခင်ဗျားတို့ စ,တဲ့ဆီ ပြန်ပတ်ပြန်တယ်....( ပတ်ပါတယ်ဘုရား ) မပတ်ဘူးလား....(ပတ်ပါတယ်ဘုရား) အဲဒါ ဘာခေါ်ကြမလဲ.... (သံသရာပါဘုရား)။

ဩော်....အဲဒီ့ သံသရာ ပြတ်သွားလို့ ရှိယင် ခင်ဗျားတို့ လူ ကောင်, နတ်ကောင်, ဗြဟ္မာကောင် ဒီ ဓမ္မတွေက လုပ်တာဖြစ်နေ တော့ ဟို-ဟာ သံသရာ အစစ်မဟုတ်ဘူး....(မှန်ပါ့) ဒီ တရားတွေ ကမှ သံသရာ အစစ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

တကာတကာမတွေ သံသရာအစစ် သိပလား....(သိပါပြီ)။

ကဲ....ခန္ဓာကိုယ်ထဲမှာ အဝိဇ္ဇာက စ,ပြီး သင်္ခါရပေါ်တာ၊ သင်္ခါရပေါ်ပြီး ဝိညာဏ်ပေါ်တာ နာမ်ရုပ်တွေ ပေါ်တာ သဠာ ယတနတွေပေါ်တာ ဟုတ်လား....( မှန်ပါ့ ) ဟို အာရုံ ဒီ အာရုံ တွေ့တဲ့ ဖဿတွေ ပေါ်တာ ဝေဒနာတွေပေါ်တာ ဘာပါလိမ့်.... (သံသရာပါဘုရား) သံသရာဘဲ။

နောက် ဝေဒနာ၊ နောက်ကနေ တဏှာလိုက်လာတာ....(သံသ ရာပါဘုရား)။

ကဲ.... ကိုစောမောင် ခုနင်ကလိုဘဲ၊ ဝိုင်းမသွားဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒီတော့ ဟိုမှာဝိုင်းရမှာလား၊ ဒီကဝိုင်းလို့ ဝိုင်းတာလား.... ( ဒီ က ဝိုင်းလို့ ဝိုင်းတာပါဘုရား)။

ဒါဖြင့် ကျုပ်တို့က သြော်.... သံသရာကြီးက ရှည်လိုက်တာ၊ နောက်ကလဲ မနည်းနေခဲ့ရပြီ၊ ရှေ့လဲ ဘယ်ဆုံးမှန်းမသိသေးဘူး လို့ ပြောချင်ပြောနေမယ်....(မှန်ပါ)။

မဟုတ်ဘူး၊ ဘုန်းကြီးပြောတဲ့ တရားကို ဘုရားဟောတော်မူတဲ့ တရားကို လေးစားစွာနဲ့ နားထောင်လို့ ရှိယင်ဖြင့် ခုနင်က ခန္ဓာကို သမာဓိ ကောင်းကောင်းနဲ့ စောင့်ကြည့်လိုက်တဲ့ အခါကျတော့ ဝိဇ္ဇာ ဥဒပါဒိဆိုတော့ အဝိဇ္ဇာချုပ်သွားတယ်၊ အဝိဇ္ဇာချုပ်တော့ မောင်နိုင် သင်္ခါရကော.... (ချုပ်ပါတယ်ဘုရား) ဝိညာဏ်တွေက (ချုပ်သွားပါတယ်ဘုရား) နာမ်ရုပ် သဠာယတနက....(ချုပ်သွား ပါတယ်ဘုရား) ဟိုဘက်သွားကြစို့၊ ဇာတိ ဇရာ မရဏ သောက ပရိဒေဝတွေ....(ချုပ်သွားပါတယ်ဘုရား)။

သြော်....ဒါဖြင့် ကိုစောမောင် သံသရာသည်ကားလို့ ဆိုလို့ ရှိယင် ကျုပ်တို့ အစက ဖြတ်တတ်တဲ့ ဉာဏ်ရတဲ့နေ့ဘဲ.... (မှန်ပါ) တကာကြီးလှိုင် ရှင်းသွားပလား....(ရှင်းပါပြီဘုရား)။

သံသရာ ဘယ်ကနေ.... ( အစက ဖြတ်ပါတယ်ဘုရား ) အစက နေ စ,ပြီး ဖြတ်နေပါကလား ဆိုတာ ခင်ဗျားတို့ အလုပ်ခွင်ဝင်မှ သံသရာပြတ်တယ်....(မှန်ပါ) အလုပ်ခွင် မဝင်လို့ရှိယင်.... (သံသ ရာ မပြတ်ပါဘုရား)။

ဦးဘအုန်းတို့ မောင်အောင်သိန်းတို့ ကျေနပ်ပလား .... (ကျေ နပ်ပါပြီ)။

ဩော်....ဒါဖြင့် သံသရာဖြတ်၊ သံသရာဖြတ်ဆိုတာ ဘာပါ လိမ့်မတုံး အောက်မေ့နေတာက အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ် နိုင်မှ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဝိဇ္ဇာကို(ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်မှပါဘုရား) ဒါ သံသရာ ပြတ်တာဘဲ....(မှန်ပါ့)။

တပည့်တော်တို့ ဘုရား....၊ သံသရာကြီးက ရှည်လိုက်တာ ဖြတ် ပေးစမ်းပါဦးဆိုတော့ တကာတကာမတွေက အင်း .... သာမည ဆရာသမားဆိုယင်ဖြင့် မင်း-ကြပ်ကြပ် လှူပေါ့ကွာ၊ကြပ်ကြပ်တန်း ပေါ့ကွာ....၊ မင်းသည်ကားလို့ ဆိုလို့ရှိယင် ဥပုသ်စောင့်ပေါ့ကွာ ဆိုတာနဲ့တော့ ကိုဗောမောင် တခြားစီ ဖြစ်နေတယ်....(မှန်ပါ့)။

ဦးဘရှင်း သေသေချာချာ စဉ်းစားစမ်း....( တခြားစီ ဖြစ်နေ ပါတယ်ဘုရား )။

တခြားစီ ဖြစ်နေတယ်၊ အဝိဇ္ဇာက စ,တော့ ဝိဇ္ဇာဖြစ်မှ မောင် နိုင်.... သံသရာ အစက ပြတ်တော့မပေါ့၊ မဟုတ်ဘူးလား.... (မှန်ပါ့)။

အဝိဇ္ဇာက ဘယ့်နှယ်တုံး....(ဝိဇ္ဇာဖြစ်ပါတယ်ဘုရား) ဝိဇ္ဇာဖြစ် သွားတော့ကို အဝိဇ္ဇာ နိရောဓာဆိုတာ ဝိဇ္ဇာဖြစ်တာကို ဆိုတာ.... (မှန်ပါ့)။

အဝိဇ္ဇာနိရောဓာဆိုတာ....(ဝိဇ္ဇာဖြစ်တာကိုဆိုပါတယ်ဘုရား) ဝိဇ္ဇာဖြစ်တာကို ဆိုတာလို့ တကာ တကာမတွေက သိတော့မှ ဩော်........သံသရာပြတ်ချင်လို့ရှိယင်ဖြင့်သမာဓိကောင်းကောင်း နဲ့ စောင့်ကြည့် ပြတ်မှာဘဲကိုး....(မှန်ပါ့)။

မသိတာက....(အဝိဇ္ဇာပါဘုရား) ဒုက္ခသစ္စာကလေးတွေ မြင် ပါလျက်နဲ့ဒုက္ခသစ္စာမှန်း မသိတာက(အဝိဇ္ဇာပါဘုရား)။

မြင်လိုက်သည်နဲ့ တပြိုင်နက်တည်း ဒုက္ခသစ္စာလို့ မသိတော့ သားဘဲ မယားဘဲဆိုတော့ သားဖြင့်လဲ- နင်ဘယ်သွားမလို့တုံး၊ နင်ဘာလုပ်နေသတုံး၊ ကိုစောမောင် ဝစီကံ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဟင်....ဒါဖြင့် အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား) ကဲ....ဝစီသင်္ခါရ မလာဘူးလား....(လာပါတယ်ဘုရား)။

ငယ်ငယ်ကလေးဖြင့်လဲ ပွေ့လိုက်-ချီလိုက်- ချော့လိုက်- မော့လိုက် မလာဘူးလား.... (လာပါတယ်ဘုရား) ဒါလဲ ဘာဆိုကြမယ်....(ကာယသင်္ခါရပါဘုရား)။

ကာယသင်္ခါရဆိုတာ ဘယ်က စလို့ပါလိမ့် .... (အဝိဇ္ဇာက စပါတယ်ဘုရား)။

ဒါဖြင့်"အဝိဇ္ဇာပစ္စယာ ကာယသင်္ခါရာ"....(မှန်ပါ့) အဝိဇ္ဇာပစ္စယာ ဝစီသင်္ခါရာ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ အဲဒါကျတော့ "စက္ခုံ ဥဒပါဒိ၊ဉာဏံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ" ဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား)။

မဖြစ်သေးတော့ကိုတဲ့ သစ္စာမမြင်တော့ မဖြစ်ဘူး....(မှန်ပါ့) ဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား)။

သစ္စာမမြင်တော့သံသရာရှည်တယ်ဆိုတော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ" ခုနင်က သံသရာတတန်းကြီး ဟာ ကိုစောမောင်....(ဆက်ပါတယ်ဘုရား) မသွားသေးဘူးလား (သွားပါတယ်ဘုရား)။

ဒါဖြင့် ဟိုဘဝ ဒီဘဝ ဆိုတာလား.... ဒီ-စိတ်စဉ်တန်းပြီးရှည်တာဆိုတာလား.... (စိတ်စဉ်တန်းပြီး ရှည်တာ ဆိုတာပါဘုရား) သဘောကျပြီ....(ကျပါပြီဘုရား)။

ဩော်....ခင်ဗျားတို့က သိထားတဲ့ သံသရာနဲ့ အခု ဘုန်းကြီး သေသေချာချာ ရှင်းလင်းပြတဲ့ သံသရာနဲ့ ကိုစောမောင် တယ် ခြားနားပါလား....(ခြားနားပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ခြားနားတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

မောင်နိုင်ရေ မသေနဲ့ဦးကွ....(မှန်ပါ့) ဒီဥစ္စာတွေ ကြားရသိရ တော့မှ ဩော်....ဒို့သံသရာဆိုတာ တခြားလား အောက်မေ့နေ တယ်၊ ဒို့....အိမ်မှာနေတဲ့အခါကျတော့ အဝိဇ္ဇာဖြစ်တယ်၊အဝိဇ္ဇာ ဖြစ်တော့ ပြောလိုက် ဆိုလိုက်မိတာက သင်္ခါရ၊ ဒီ- သင်္ခါရက နောက် အကျိုးပေးတဲ့အခါကျတော့ စုတိ မနေ သေလွန်တော့ ပဋိသန္ဓေဝိညာဏ်လာမယ်၊ မလာပေဘူးလား....( လာပါတယ် ဘုရား) ဝိညာဏ်လာယင် နာမ်ရုပ်ကကော(လာပါတယ်ဘုရား)။

ဒါက အတိတ်နဲ့ ပတ်သက်ပြီးသကာလလဲဆိုနိုင်တယ်၊ပစ္စုပ္ပန် နဲ့ ပတ်သက်လဲ ဆိုနိုင်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါ ပြီဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ သံသရာပြတ်ချင်ပါတယ်ဘုရား၊ သံသရာ ဆိုတာ(ဒုက္ခက္ခန္ဓာပါဘုရာ့) ဒုက္ခအစုကြီးပါ....(မှန်ပါ့)။

ကိုစောမောင် သံသရာဆိုတာ.... (ဒုက္ခအစုကြီးပါ ဘုရား)

ဒုက္ခအစုကြီးကိုးဗျ၊ ဒုက္ခအစုကြီးဆိုတော့ တကာ တကာမ တွေက သံသရာဆိုတာ ဒုက္ခအစုကြီးဆိုတာ သိပြီးသားဖြစ်နေ

တော့ ဒီသံသရာအစမှ ကျုပ်တို့က မဖြတ်နိုင်တော့ပါဘူးဆိုလို့ ရှိယင် ဒုက္ခအစုဟာ ကိုယ်ပိုင်ပစ္စည်း....(မှန်ပါ့)။

သံသရာ အစ မဖြတ်ယင်....(ဒုက္ခအစုဟာ ကိုယ်ပိုင်ပစ္စည်းပါ ဘုရား) ကိုယ်ပိုင် ပစ္စည်းဆိုတာ ငြင်းဘို့ လိုကြသေးသလား.... (မလိုပါဘုရား)။

အဲဒါကြောင့် ဒီတရားမျိုးကို နာလဲနာစေချင်တယ်-ခင်ဗျား တို့ကို၊ ပြီးတော့မှ ခန္ဓာဖြစ်စဉ်ကိုလဲ....ခန္ဓာဖြစ်စဉ်ဆိုတာနဲ့ သံသ ရာ့ဖြစ်စဉ်ဆိုတာနဲ့ မောင်နိုင် အတူတူဘဲ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခန္ဓာဖြစ်စဉ်ဆိုတာနဲ့ သံသရာဖြစ်စဉ်ဆိုတာ ကိုပေါ် ထူးသေး သလား....(မထူးပါဘုရား) မထူးတော့ဘူး ဆိုတာကော ကျေ ကျေနပ်နပ် သဘောကျပလား....(ကျပါပြီဘုရား)။

အေး....ဒါကြောင့် ဒီနေ့ နာရတဲ့ပုဂ္ဂိုလ်ဖြင့် သြော်....သံသရာ ဆိုတာဟာ အရှည်ကြီး ရှိသေးတယ်လို့ ဆိုမလားတဲ့၊ ကိုယ့် သန္တာန်မှာ သံသရာတွေ တခုပြီးတခု ဖြစ်တာကိုဆိုကြမလား.... (တခုပြီးတခု ဖြစ်တာကို ဆိုပါမယ်ဘုရား)။

ဒီက တခုပြီးတခုဖြစ်တာ ချုပ်သွားယင် ဟိုဘက် ဘာဆက် စရာရှိသေးသလဲ....(မရှိပါဘုရား)ဒါဖြင့် ဟိုဟာကို သံသရာဆိုမ လား....ဒါကိုဆိုမလား....(ဒါကို ဆိုပါမယ်ဘုရား)။

ဒီက လာတာ ဦးဘရှင်းရ....(မှန်ပါ့)တကာ တကာမတွေ ဒီဥစ္စာ မကြားဘူးသေးလို့ ရှင်းပြောနေပါတယ်၊ နို့မဟုတ်ယင် ကိုစောမောင်တို့ နောက်ကလဲ သံသရာက ရှည်ခဲ့လှပြီ၊ရှေ့လဲဘယ် လောက်ထိအောင် သွားဦးမယ် မသိသေးဘူးဆိုတော့ အလယ်

ချန်ထားပြီ....(မှန်ပါ့)ဖြစ်တာက အလယ်မှာဖြစ်နေတာ(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဖြစ်တာက ဘယ်မှာတုံး.... (အလယ်မှာပါဘုရား) အလယ်မှာ ဖြစ်နေတဲ့ သံသရာ၊ ဒီ သံသရာကနေပြီးတော့မှ အနာဂတ်ကိုဆက်မှာကိုးဗျ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ့်သံသရာမှ ကိုယ်မသိဆိုတော့ ဘုရားက ဝိဇ္ဇာ ဉဒပါဒိလို့ ဟောနိုင်ပါ့မလား....(မဟောနိုင်ပါဘုရား) ဉာဏံ ဉဒပါဒိကော....(မဟောနိုင်ပါဘုရား) အာလောကော ဉဒပါဒိကော....(မဟောနိုင်ပါဘုရား) ဝိဇ္ဇာ ဉဒပါဒိ....( မဟောနိုင်ပါဘုရား)။

ဟောကို .... မဟောနိုင်ဘူး ဆိုတော့ ခင်ဗျားတို့မှာ သစ္စာကွယ်နေပြီ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာကွယ်နေသတုံး.... (သစ္စာကွယ်နေပါတယ်ဘုရား) သစ္စာကွယ်နေတယ်ဆိုတော့ အလုပ်မထိုင်တဲ့ ပုဂ္ဂိုလ်အတွက်မှာ ကွယ်လျက်ဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အလုပ်မထိုင်တဲ့ ပုဂ္ဂိုလ်မှာ....( ကွယ်လျက်ပါဘုရား ) ကွယ်လျက်ဘဲဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အလုပ် ကလေးထိုင်ကြည့်တော့မှ ဝိဇ္ဇာကလေး ပေါ်ပေါ်လာတယ်....(မှန်ပါ့) အဲဒီကျမှ ဦးဘကလေး သံသရာအစက ပြတ်ပြတ်သွားတယ်(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သံသရာပြတ်ချင်ယင် သမာဓိ ကောင်းကောင်းနဲ့ ထိုင်ကြည့် ခန္ဓာကို....(မှန်ပါ့) ထိုင်ကြည့်တော့ ခန္ဓာက ဘာသစ္စာတွေပြောသလဲ....(ဒုက္ခသစ္စာတွေ ပြောပါတယ်ဘုရား)။

ဒုက္ခသစ္စာတွေ ပြောတော့ ဩော် .... ဒုက္ခသစ္စာတွေဘဲလို့ သိတာက ဝိဇ္ဇာလား.... အဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား) ဒါဖြင့် အဝိဇ္ဇာ ချုပ်လို့ ဝိဇ္ဇာပေါ်တာ....(မှန်ပါ့)။

ဒါဖြင့် အဝိဇ္ဇာချုပ်ပေါ့ ကိုစောမောင်ရယ်....သင်္ခါရက ငါမချုပ်ချင်ဘူးဆိုလို့ (မရပါဘုရား)အဝိဇ္ဇာ ချုပ်ယင် သင်္ခါရချုပ်တယ်၊ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောကိုး....(မှန်ပါ့) သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော နာမရူပနိရောဓော သွားကြပေတော့....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့်လဲ နည်းပေးကောင်းပြန်တော့လဲ သံသရာအစက ပြတ်ပါကလား....(မှန်ပါ့) မောင်နိုင် ပေါ်ပြီကွ....(ပေါ်ပါပြီဘုရား)။

တကာ တကာမတွေ ခန္ဓာကိုယ် သမာဓိ ကောင်းကောင်းနဲ့ စောင့်ကြည့်လိုက်တော့ ဝိဇ္ဇာမဖြစ်လား.... (ဖြစ်ပါတယ်ဘုရား) အဲ ဝိဇ္ဇာဖြစ်ပါတယ် ဆိုကတည်းက သံသရာဘယ်ကပြတ်....(အစက ပြတ်ပါတယ်ဘုရား)။

ဩော်....နောက်တုန်းက ကိုစောမောင် ဖြစ်စေ, ဦးဘရှင်းတို့ဖြစ်စေ, ကိုပေါ်တို့ ဖြစ်စေ ဒီလို ကလျာဏမိတ္တနဲ့ တွေ့မယ်ဆိုယင်ဖြင့် ဒီခန္ဓာကြီး ရှေ့-အိုဘေး, နာဘေး, သေဘေးနဲ့ တွေ့ရမည့်ခန္ဓာကိုယ်ကြီးဟာ ဖြစ်ကို မဖြစ်တော့ဘူး....(မှန်ပါ့)ဖြစ်စရာရှိသေးရဲ့လား....(မရှိတော့ပါဘုရား)။

ဘာဖြစ်လို့တုံး....(အစက ပြတ်လို့ပါဘုရား)သံသရာအစက ပြတ်နေလို့....(မှန်ပါ့)။

အခုတော့ သံသရာက ကျွံလာကြတယ်....(မှန်ပါ့) ကိုယ့်သံသရာ ကိုယ်လုပ်ပြီးသကာလ ကိုယ့်ဟာကိုယ် ဆက်ထားတော့ ဖြေလို့မရ ဖြုတ်လို့မရ ဖြစ်နေကြတယ်ဆိုတာ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒီနေ့ တရားအထူးထူးနားလည်ရတော့ သံသရာသည် ဘယ်ဟာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့အကြည့်မှားက စ,သည်၊အကြားမှားက စ,သည်....(မှန်ပါ့)သဘောကျပလား....(ကျပါတယ်ဘုရား)။

သံသရာ ဘယ်က စသလဲ....(အကြည့်မှားကစပါတယ်ဘုရား) အဲ....ဟုတ်ပြီ၊ နေရာကျပြီ....ကျပြီ၊ သားကလေးရယ်လို့ ကြည့်လိုက်လို့ရှိယင် အဝိဇ္ဇာကစပြီ.... (စပါပြီဘုရား) အသံကလေး ကြားပြန်တော့လဲ ဒါ.... ငါ့သားကလေး အသံပါလားဆိုယင် ....(နားကစပါတယ် ဘုရား) အင်း.... နားပေါက်ကနေသံသရာ စပြီ။

ဦးဘရှင်း....ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား) မလိုတော့ပါဘူး၊ အနံ့ကလေးဆိုလို့ရှိယင် ဒီဥစ္စာဟော....ဟင်းဘဲလို့ ဆိုလို့ရှိယင်ဖြင့် အနံ့ရုပ်လဲမသိဘူး၊ အနံ့ ဒုက္ခသစ္စာလဲ မသိတော့ နှာခေါင်းက အဝိဇ္ဇာ စပြီ....(စ ပါပြီဘုရား)။

ဒါဖြင့် ဒွါရခြောက်ပေါက်မှာတကာတကာမတွေ့မှာ အဝိဇ္ဇာ ခြောက်မျိုးဟာ ပေါ်ရာကစနေတာဘဲ....(မှန်ပါ့)တွေ့ရာကစနေတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဘယ်သံသရာ စခန်းသတ်မတုံးဗျ (မသတ်နိုင်တော့ပါဘုရား) ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ လေးလေးစားစားနဲ့ မှတ်ပြီးသကာလ ကိုင်း....ဘာ ဘဲလုပ်လုပ် သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့နေရလို့ရှိယင် အဝိဇ္ဇာက စနေတယ်ဆိုတာ ဒွါရခြောက်ပေါက်ကဖြင့် သိပြီပေါ့ ယနေ့.... (မှန်ပါ့) အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ငါသည် အလုပ်ကလေး ထိုင်လိုက်ဦးမယ်ဆိုတာ ပြောင်းပေးဘို့ အချိန်ရောက်ပလား.... မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား)။

တကာ တကာမတို့ ရောက်ပြီနော်....( မှန်ပါ့ ) အဲဒါ ကိုယ့် ဇာတိ ဇရာ မရဏ ရှေ့မှာ တပုံကြီး ရှိတာကို ဒီကဝိဇ္ဇာ ဥဒါဒိန့် ဖြတ်လိုက်လို့ရှိယင် ကိုစောမောင်ရေ ငယ်ငယ်တုန်းက မှားထား တာတွေရော ဘဝများစွာ သံသရာက အဝိဇ္ဇာတွေရော ဒီအခါ ဝိဇ္ဇာက-နေပြီး အသုံးချလိုက်မယ်ဆိုယင် ပြတ်ထွက်သွားမယ်- (မှန်ပါ့)။

အဟောင်းကြွေးလဲကြေ(ကြေပါတယ်ဘုရား)အသစ်ကြွေးတွေ လဲ ကြေပါတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း ဒါဖြင့် သံသရာ ရှင်းကြပါပလား....(ရှင်းပါပြီ)။

မျက်လုံးပေါက်ကလဲ သံသရာတန်း....(တန်းပါတယ်ဘုရား) နားပေါက်က....( တန်းပါတယ်ဘုရား ) နှာခေါင်းပေါက်က.... (တန်းပါတယ်ဘုရား) လျှာပေါက်က....( တန်းပါတယ်ဘုရား ) ကိုယ်ပေါက်က....(တန်းပါတယ်ဘုရား)မနောပေါက်က....(တန်း ပါတယ်ဘုရား)။

ဒါဖြင့် သံသရာသည် ဘယ်နှစ်ပေါက်က တန်းပါလိမ့်.... (ခြောက်ပေါက်က တန်းပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့ နေ့တိုင်း လှည့်နေတာဘဲ၊ အရောင်းနဲ့, အဝယ်နဲ့,သွားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ နေကြတဲ့ ပုဂ္ဂိုလ်မှာ ဒီ သံသရာဒီ ခြောက်ပေါက်က-နေ လှည့်နေတာဘဲ....(မှန်ပါ့)ဘယ်တော့မှ သံသရာ အစပြတ်ဆိုတဲ့ဟာ မလာပါဘူး....( မလာပါဘုရား )။

အဲဒီတော့ ယခု ဆရာကောင်း, သမားကောင်းနဲ့, နည်းနာနိဿယပေးကောင်းနဲ့, သာသနာတွင်းကြုံလို့ ဒမောင်နိုင် ဒါကလေးတော့ဖြင့် ဖြတ်မှဘဲ....(မှန်ပါ့)ဖြတ်မှဘဲဆိုတော့ တယောက်တည်း သမာဓိတည်ပြီး တယောက်တည်း ကိုယ့်ခန္ဓာစိုက်မှ ပြတ်မှာနော်....(မှန်ပါ့)။

အများထဲသာ နေလို့ရှိယင်ဖြင့် အများစိတ်နဲ့ဘဲ ကိုစောမောင် ပြုံးလိုက်, ရွှင်လိုက်နဲ့ဘဲ ဘယ်လို ခန္ဓာက ပြောပြောမသိတာနဲ့ အဝိဇ္ဇာနဲ့ သွားနေတာဘဲ....(မှန်ပါ့)။

ခန္ဓာက မပြောလို့လား....၊ ပြောလျက်နဲ့ မသိတာလား....( ပြောလျက်နဲ့ မသိတာပါဘုရား ) ပြောလျက်နဲ့ မသိတာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့်ကွာ-တဲ့ မင်းတို့အတွက်ဟာ ငါ ကြီးကြီးကျယ်ကျယ် စကား ပြောတယ် လို့ မဆိုပါနဲ့တဲ့၊ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက သစ္စသံယုတ်များ- မှာရှာတယ်၊ ဘယ်လိုမှာသတုံး ဆိုတော့ မင့်ကို ဒုက္ခသစ္စာသိပြီး ဝိဇ္ဇာဥဒပါဒိ ဖြစ်အောင် ငါ လုပ်ပေးမယ်၊ သို့သော်လဲ အသက်တရာ အတွင်းမှာ မင်းကို မနက် လှံအချက် သုံးရာထိုးမယ်၊ နေ့လယ် လှံအချက် သုံးရာနဲ့ နှိပ်စက်မယ်၊ညနေ လှံအချက်သုံးရာနဲ့ နှိပ်စက်မယ်၊ အသက်တရာသေကာနီးကျမှ ဟောဒီ ဒုက္ခသစ္စာဒီလို ကြည့်ရတယ်ကွလို့ ပြောလို့ရှိယင် ခံသာ ခံကွာ....တဲ့....(မှန်ပါ့)။

ကိုစောမောင် စကားမကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

အို....ငါ ဘုရားပြောတဲ့စကား မင်းတို့က ကြီးတယ်ထင်လိမ့်မယ်....တဲ့၊ ဒါမကြီးဘူးကွ....တဲ့၊ မင်းတို့ အခု အသက်တရာအတွင်းမှာ လူ့အချက်ပေါင်း လေး-ငါးဆယ်သိန်းလောက်ဘဲထားပါတော့....(မှန်ပါ့)နောက်ကို မင်းတို့ ဝက်ဖြစ်လို့ သူများလှံထိုးခံပြီး သေရမယ်၊ နွားဖြစ်လို့ လည်လှီးခံရမယ်၊ သူများပါးစပ်ထဲမှာ တခါ ကြွက်ဖြစ်လို့ မြွေ့ပါးစပ်ထဲ ဆုံးရမှာတွေ၊ ဖါးပါးစပ်ထဲ ဆုံးရမှာတွေ ဒါတွေနဲ့ ကြည့်လိုက်မယ်ဆိုယင် ဒါဘာပြောလောက်သတုံးတဲ့....(မှန်ပါ့)။

ဝိဇ္ဇာမဖြစ်လို့ သံသရာ မပြတ်လို့ ရှေ့ဖြစ်ရမှာတွေနဲ့ စာယင် ဒီလူ့အချက် တနေ့ကိုးရာ, တနေ့ကိုးရာဆိုတာ နည်းသေးတယ်တဲ့....( မှန်ပါ့ ) သစ္စာမသိတာ ဒီ့ထက် ကြောက်ရမယ်....(မှန်ပါ့) ဘယ်တော့မှ ဝိဇ္ဇာမှ မဖြစ်တော့ဘဲ၊ တစ- တည်းသာစ,နေတာဘဲဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီ)။

တကာ တကာမတွေ ကောင်းကောင်း ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

အင်မတန်မှ ဂရုစိုက်ပြီးသကာလ တကယ် အမှန် တရားကိုအမှန်သဘောတွေကို တကယ်ပြောနေတယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။

ကိုပေါ် အခုဟာ ဘုရားပေးတဲ့ ဥပမာဟာ ကဲ....ခင်ဗျားတို့ အလိုဖြင့် ကြီးကျယ်လွန်းတယ်ဆိုမှာပေါ့....(မှန်ပါ့)။

ခင်ဗျားတို့ ဒွါရခြောက်ပေါက်က စ,နေတာနဲ့ စာလိုက်တော့ ကိုစောမောင် သံသရာပေါင်းက ဘယ့်နှယ် နေသလဲ....(မရေတွက်နိုင်ပါဘုရား)။

အဲဒီတော့ ဟို....လူ့အချက်သုံးရာက သုံးသိန်းလောက် ရှေ တွက်မယ်ဆိုယင် သူ ပြည့်ချင် ပြည့်သွားမယ် တသက်အတွင်းမှာ- (မှန်ပါ့)အသက်တရာအတွင်းမှာ ဟုတ်လား....(မှန်ပါ့)။

ခင်ဗျားတို့ သေစရာက သုံးသိန်းကျော်လား၊ ဘယ်လောက် ဆိုမတုံး....(မရေတွက်နိုင်ပါဘုရား)။

အဲဒါ မရေတွက်နိုင်တဲ့ ဒုက္ခကြောက်လို့ရှိယင် လူ့အထိုးခံ လိုက်ပြီးမှ သစ္စာပြောမယ်ဆို ခံသာခံ၊ ပြောဖေါ်ရယင် တော်ပြီ ဆိုတာ မဟောသင့်ဘူးလား....(ဟောသင့်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဒီနေ့ ပြောလိုက်တဲ့ စကား ဟာ သေးသေးသိမ်သိမ်ကလေး မမှတ်ပါနဲ့....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)။

သေးသေးသိမ်သိမ် မှတ်ရမှာလား....(မမှတ်နိုင်ပါဘုရား)။

ဝိဇ္ဇာဥဒပါဒိဆိုကတည်းက ကိုယ့်သံသရာ ကိုယ်ဖြတ်ပစ်လိုက် ပြီ....(မှန်ပါ့)။

ဦးဘရှင်း ဘယ်သူ့ဖြတ်သလဲ....(ကိုယ့်သံသရာ ကိုယ်ဖြတ်ပါ တယ်ဘုရား)။

အဲဒီတော့ ကိုယ့်သံသရာ ကိုယ်ဖြတ်တဲ့ အလုပ်ဖြစ်လေသော ကြောင့် အင်း....သား မယား များကလဲ ကိုယ့်ဟာကိုယ်ဖြတ်.... (မှန်ပါ့) ကိုစောမောင်ကကော....(ကိုယ့်ဟာကိုယ်ဖြတ်ရပါမယ် ဘုရား) သား သမီးတွေကကော....(ကိုယ့်ဟာကိုယ် ဖြတ်ရပါမယ် ဘုရား)။

အမျှဟော....ဆိုလို့....( မရပါဘုရား ) မရဘူး၊ ဒါအမျှပေး လို့ ရတဲ့ ကုသိုလ်မျိုး မဟုတ်ပါဘူး....(မှန်ပါ့) ရိပ်မိကြပလား- (ရိပ်မိပါပြီ)။

အမျှပေးလို့ရတဲ့....( ကုသိုလ်မျိုး မဟုတ်ပါဘုရား )မဟုတ်ဘူးတဲ့၊ ဉာဏ်နဲ့ ဖြတ်တာကိုး မောင်နိုင်ရ....(မှန်ပါ့)။

ဉာဏ်နဲ့ ဖြတ်တာ ဖြစ်နေတော့ သူ့ဉာဏ်နဲ့သူ တည့်တည့်ချိန်ထား၊ သူသာ ပြတ်တယ် ဟို....သားသမီးက မပြတ်ဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

သားသမီးက မပြတ်ဘူး၊ ခင်ပွန်းမယားကကော....( မပြတ်ပါဘုရား ) ဆွေမျိုးဉာတကာကကော....(မပြတ်ပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ ကိုယ့်ကိုယ်ကို ခုနင်ကဘုရား....ဒါလောက် ပြောထားလို့ရှိယင်ဖြင့် အမြင်ကျယ်ကျယ်ကြီးနဲ့ ပြောထားတာ၊ တနေ့ လုံအချက်သုံးရာ တသက်လုံးခံ၊ နောက်ဆုံးပိတ် သေကာနီးကျမှ ဟော....ဒါ ဒုက္ခသစ္စာ၊ ဟော ဒါမဂ္ဂသစ္စာဘဲ၊ သိတာက မဂ္ဂသစ္စာ၊ မင်း မြင်နေတာက ဒုက္ခသစ္စာဘဲလို့ ပြောမည့်လူ ရှိလို့ရှိယင် ခံသာ ခံလိုက်ကွာ....တဲ့၊ တခါတည်း သံသရာ အစက ပြတ်သွားတယ်....(မှန်ပါ့)။

နောက်ထပ်သေစရာဆို မောင်နိုင်....( မရှိတော့ပါဘုရား ) ငရဲကျစရာ....(မရှိတော့ပါဘုရား)မျက်ရည်တွေ သမုဒ္ဒရာလောက်တွေ အကုန်ပျောက်သွားတယ်....(မှန်ပါ့)နောက် မျက်ရည်တွေ သမုဒ္ဒရာလောက် ငိုကြွေးရဦးမှာ....( မှန်ပါ့ )သမုဒ္ဒရာ လေးစင်းလောက် ငိုကြွေးရဦးမှာ....(မှန်ပါ့)။

အဲဒါတွေ ရပ်စဲသွားတယ်ဆိုတော့ လုံအချက် သုံးသိန်းလောက်တော့ မောင်နိုင် ဘုရားက အရေးမကြီးနဲ့ ကွ....တဲ့....(မှန်ပါ့)။

ဒီလို ဝိဇ္ဇာဥဒပါဒိ ဖြစ်အောင် ပြောနိုင်လို့ရှိယင် သူက ပြောလဲ ပြောမယ်၊ လူ့အချက် သုံးသိန်းလောက် ထိုးဦးမယ်ဆို ယင် ထိုးပေစေကွ….(မှန်ပါ)။

ကိုစောမောင် ဒါ အပြောကြီးသလား….(မကြီးပါဘုရား)။

နောက် သံသရာနဲ့ စာဖိုက်လို့ရှိယင် တကာ တကာမတွေ ရှင်းပလား….(ရှင်းပါပြီ)။

ကဲ….ဒါဖြင့် တကာ တကာမတွေ ဒါသစ္စသံယုတ်မှာ လာ တာ ပြောရတဲ့ အတွက်တဲ့….အခုတော့ တကာ တကာမတွေ အခု အဝိဇ္ဇာက-နေ စ,ဖြတ်တယ်နော်…. (မှန်ပါ)။

အင်း…. ခန္ဓာကိုယ် ကြည့်လိုက်တဲ့ အခါကျတော့ သမာဓိ ကောင်းကောင်းနဲ့ စောင့်ကြည့်တဲ့အခါကျတော့ ခန္ဓာကိုယ်က ဟိုက နာတယ်၊ ဒီက ကျင်တယ်၊ ဟိုက ယားတယ်၊ ဒါတွေဟာ ဘာတွေတုံးလို့ မေးယင် ဘယ့်နှယ်ဖြေမလဲ….(ဒုက္ခသစ္စာတွေပါ ဘုရား)။

ဒီတော့ကိုတဲ့ "ပရတော ဃောသ" သုတပါးဆိကမှ သစ္စာ တရားသံ မကြားရလို့ရှိယင် ဘယ်တော့မှ မတည်ဘူး….(မှန်ပါ) ပေါ်ကြပလား….(ပေါ်ပါပြီ)။

သုတပါးဆိက သစ္စာတရားသံ မကြားရယင်….(ဘယ်တော့ မှ မတည်ပါဘုရား)။

ဘယ်တော့မှ မတည်ဘူးဆိုတော့ သောတာပန်တည်ခြင်း၏ အကြောင်းမှာ ပရတော ဃောသနဲ့ ယောနိသော မနသိကာရ ကို ဟောထားတာရှိသေးတယ်….(မှန်ပါ)။

ပရတော ဃောသဆိုတာ ပရက- သုတပါး၊ ဃောသက- တရားသံပေါ့ဗျာ…. (မှန်ပါ) အဲသစ္စာတရားသံကို မကြားဘဲနဲ့

ကိုယ်ကလဲ ကြားတဲ့အတိုင်း နှလုံးမသွင်းဘဲနဲ့ဖြင့် သောတာပန် မတည်ပါဘူးကွာတဲ့....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် သောတာပန်တည်ခြင်း၏ အကြောင်း ဒီနေရာမှာ တော့ နှစ်ချက်ပေါ့ ကိုစောမောင်....(မှန်ပါ့)။

သစ္စာတရားလဲ နာရမှ....(မှန်ပါ့)နာတဲ့တရားကိုလဲ ကိုယ်က နှလုံးသွင်းမှန်လိုက်လို့ ရှိယင် ခန္ဓာနဲ့တည့်လိုက်လို့ နှလုံးသွင်းမှန် သွားလို့ ပဋိကဒုက္ခသစ္စာလို့ ဟောထားတယ်....(မှန်ပါ့)ကိုယ်က နှလုံးသွင်းလိုက်တဲ့အခါ ဩော်....ဒုက္ခသစ္စာလို့ နှစ်ချက် တိုက်မိ ယင် ပြီးတာဘဲ(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

နာတဲ့တရားဟာ ဘာတရားပါလိမ့်....(သစ္စာတရားပါဘုရား) အဲ....ကိုယ်က နှလုံးသွင်းလိုက်တဲ့အခါ ဆရာကဟောထားတာနဲ့ ကိုယ့်ဉာဏ်ကလဲ ဟာ-ဒါသစ္စာဘဲလို့ နှလုံးသွင်းကတည့်သွား လို့ရှိယင် ဒါသောတာပန်တည်တာဘဲတဲ့....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ပွဲသွားများသွားယင် တည်တော့မယ်ဆိုတာ တကာတကာမတွေ ငြင်းနေဘို့ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ ဒီမှာ ဘုန်းကြီးအတွက်ကတော့ဗျာ ဟောတာ သမာဓိကောင်းကောင်းနဲ့ စောင့်ကြည့်ပါ၊ ဒုက္ခသစ္စာခန္ဓာက ပြောပါလိမ့်မယ်လို့ဆိုပြီး သစ္စာတရား ဟောတယ် .... (မှန်ပါ့) ခင်ဗျားတို့က စောင့်ကြည့်လိုက်ယင် ပြီးတော့မှာဘဲ....(မှန်ပါ့)။

ဦးဘရှင်း...(စောင့်ကြည့်လိုက်ယင်ပြီးမှာပါဘုရား)ဘုန်းကြီး က ဟောပြီးပြီမဟုတ်လား....(မှန်ပါ့)နောက်က တကာတကာမ တွေကလဲ ခင်ဗျားတို့တာဝန် ဘာရှိသလဲ....(စောင့်ကြည့်ရပါမယ် ဘုရား)။

ဘုန်းကြီးက ဟောထားပြီးတဲ့ ခန္ဓာကိုယ်ကြီးထဲမှာဖြင့်ဖေါက်ပြန်တာတွေဟာ ယားတာလဲ ဒုက္ခသစ္စာ၊ နာတာလဲဒုက္ခသစ္စာ စိတ်တွေအမျိုးမျိုးပြောင်းတာလဲ(ဒုက္ခသစ္စာပါ ဘုရား)ရုပ်တွေအမျိုးမျိုးပြောင်းတာကော.... (ဒုက္ခသစ္စာပါဘုရား) ပူပူလိုက်-အေးလိုက်ပြောင်းနေတာ လှုပ်လိုက်-ငြိမ်လိုက် ပြောင်းနေတာတွေဟာ ဘာတွေတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ဘုန်းကြီးက သစ္စာတရားဟောထားလိုက်ပြီ....(မှန်ပါ့) တကာ တကာမတွေက နှလုံးသွင်း မှန်မှန်နဲ့ ကြည့်ရုံပါဘဲ .... (မှန်ပါ့)။

ဒီနှစ်ပါး ပြည့်စုံလို့ အဟောနဲ့ အကြည့်နဲ့ ကိုက်သွားလို့ သစ္စာမှာတထပ်တည်းသွားဖြစ်ယင် ယနေ့သောတာပန်တည်မယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဟောလိုက်တဲ့ တရားကလဲ ဝေဒနာကလေးဟာ ဒုက္ခသစ္စာဟေ့လို့ ဟောထားပြီ မောင်နိုင်....(မှန်ပါ့)ဟိုက နှလုံးသွင်းတဲ့ တကာ တကာမတွေကလဲ ဟော ဝေဒနာကလေးဟာ ဖြစ်ပြီး ပျက်တဲ့ ဖြစ်ဒုက္ခ-ပျက်ဒုက္ခကိုတဲ့သစ္စာဘဲလို့ ဒီကဟောထားတာနဲ့ ကိုစောမောင်တို့က သွားပြီး ကိုယ်တိုင်တွေ့လိုက်တာနဲ့ နှစ်ခုညီယင် သောတာပန်တည်မယ်....(မှန်ပါ့)။

ပိုင်းခြားသိရမှာလား- ပိုင်ပိုင်နိုင်နိုင် သိရမှာလား .... (ပိုင်ပိုင်နိုင်နိုင်သိရမှာပါဘုရား)။

အဲဒါ သေသေချာချာမှတ်ပါလို့ တကာတကာမတွေနော် (မှန်ပါ့)။

ကိုင်းဒါဖြင့် ဝေဒနာဒုက္ခသစ္စာလို့ သစ္စာတရားဟောလိုက်တယ်....(မှန်ပါ့)ကိုစောမောင်က ကြည့်လိုက်တယ် အိမ်ကျတော့

သုခကလေးပေါ်လာလဲ့ဖြစ်ပျက်၊ ဒုက္ခဝေဒနာကလေးပေါ်လာလဲ....(ဖြစ်ပျက်ပါဘုရား)ဥပေက္ခာဝေဒနာကလေး မျက်စိ, နား, နှာခေါင်း,လျှာပေါ်ပြန်ကော....(ဖြစ်ပျက်ပါ့ဘုရား)။

အင်း....ဖြစ်တာလဲသေမလို့(မှန်ပါ့) ပျက်တာလဲ သေတာဘဲ (မှန်ပါ့)ဒီလိုဆိုတော့ သေမလို့နဲ့ သေတာဘဲဟာ ဘယ်သူသုခလို့ ဆိုမလဲ....( မဆိုနိုင်ပါဘုရား ) ဒါနှစ်ခုစလုံး ဘာဆိုမတုံး....(ဒုက္ခပါဘုရား)အဲဒါ ပိုင်ပိုင်နိုင်နိုင်သိရမယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါက ဘုန်းကြီးကပြောလို့ ခင်ဗျားတို့က ကြားတဲ့အသိဘဲ ရှိသေးတယ်....(မှန်ပါ့)ပွားတဲ့ အသိနဲ့လာယင် ကိုက်ပြီ....(မှန်ပါ့ ကိုက်ပါပြီ)။

ကြားတဲ့ အသိဘဲရှိသေးတယ်နော်....(မှန်ပါ့) ပွားတဲ့ အသိနဲ့ လာယင်....(ကိုက်ပါပြီ)။

ဒါဖြင့် ပွားတဲ့အသိက ဘာဖြစ်လို့ ဆရာဘုန်းကြီးထည့်ရသတုံးဆိုတော့ အို....မဂ္ဂသစ္စာဆိုတာ ပွားရသေးတယ်ကွ ဘာဝေတဗ္ဗကိစ္စကလဲ ရှိနေတယ်....(မှန်ပါ့)သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ....ယခုနာရတော့ ကြားတဲ့အသိ....( မှန်ပါ့ ) ခင်ဗျားတို့ လုပ်ရမှာက....(ပွားတဲ့အသိပါဘုရား)။

အဲ....ကြားတဲ့အသိနဲ့ ပွားတဲ့အသိနှစ်ခုထပ်လို့ ရှိယင် သောတာပန်တည်ပါတယ် .... (မှန်ပါ့) ကြားတဲ့ အသိနဲ့ ပွားတဲ့အသိနှစ်ခုထပ်ယင်....(သောတာပန်တည်ပါတယ်ဘုရား)။

အံမာလေး ဒါဖြင့်ခင်ဗျားတို့က သောတာပန်တည်ရပါလို၏ သောတာပန်,သကဒါဂါမ်,အနာဂါမ် တည်ရပါလို၏ဆိုရုံနဲ့တော့

မတည်တာအမှန်....(မှန်ပါ့) တည်နိုင်ပါ့မလား.... (မတည်နိုင်ပါ ဘုရား)။

ကြားတဲ့ အသိနဲ့ ပွားတဲ့အသိ ကိုက်ယင် .... (တည်ပါတယ် ဘုရား)။

အဲ....ဒါသေသေချာချာ ပေဋကောပဒေသမှာလာတဲ့အတွက် ပြီးတော့ ပဏ္ဍာသပါဠိတော်မှာလဲ ကိုယ်တော်တိုင် ဟောထားတဲ့အတွက် မောင်နိုင် သစ္စာတရားနာလို့ သစ္စာလို့ ကိုယ်က ပွားလိုက်လို့ အဟုတ်သစ္စာဘဲလို့ ဆုံးဖြတ်ချက်ချတဲ့နေ့ သောတာပန်တည်တယ်.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

ဆုံးဖြတ်ချက်ချတဲ့နေ့....(သောတာပန် တည်ပါတယ်ဘုရား)။

ဒါဖြင့် သိပ်ဝေးသလား....(မဝေးပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့လိုတယ်-လိုတယ်-လိုတယ်ပြောတတ်ဆိုတတ်တဲ့ ကလျာဏမိတ္တ....(မှန်ပါ့)ကလျာဏက- ကောင်းတာ၊ မိတ္တက ဆရာသမား၊အဆွေခင်ပွန်းပေါ့ဗျာ(မှန်ပါ့) မလိုဘူးလား (လိုပါတယ်ဘုရား)။

အခုဟာ နီးလျက်နဲ့ဝေးနေကြတာ ကိုစောမောင်ရ(မှန်ပါ့) ဦးဘရှင်း ဘယ့်နှယ်ဆိုမလဲ .... (နီးလျက်နဲ့ ဝေးနေ ပါတယ် ဘုရား)။

နီးလျက်နဲ့ဝေးနေတယ်၊ နီးတာက ခန္ဓာနဲ့ ဉာဏ်နဲ့ဟာလဲ ဉာဏ်ကလဲ ဒီအထဲက ကြည့်ရမှာဘဲ၊ ခန္ဓာကလဲ ဒီနားကဘဲ.... (မှန်ပါ့)မနီးဘူးလားဗျာ....(နီးပါတယ်ဘုရား)။

နီးလျက်နဲ့ ဘာပြုလို့ ဝေးနေတာတုံးဆိုတဲ့ အခါကျတော့ ပုတီး လည်ပင်းစွပ်ပြီး ထရံမှာသွားရှာနေလို့-လို့ မှတ်ပါ....

(မှန်ပါ့)ဟုတ်လား ပျဉ်ထောင်မှာရှာနေလို့ ရှိယင်ကော(မရပါဘုရား) နီးလျက်နဲ့ ဘယ့်နှယ် ဖြစ်နေသလဲ .... (ဝေးပါတယ်ဘုရား)။

အဲ....ဒီမှာလဲ ဒုက္ခသစ္စာကလဲ ခန္ဓာကိုယ်ထဲမှာ ဉာဏ်ကလဲ ခန္ဓာကိုယ်ထဲမှာ၊ နှစ်ခုတည့်လို့ရှိယင်ဖြင့် နိဗ္ဗာန်ဒီနေရာတွင်ပေါ် ရမယ်....(မှန်ပါ့)။

အဲဒါနီးလျက်နဲ့ ဝေးနေကြတဲ့အတွက် တကာတကာမတွေ့ မှာ သံသရာရှည်သွားတယ်....(မှန်ပါ့)။

နီးလျက်နဲ့ ဝေးနေတော့ .... (သံသရာ ရှည်သွားပါတယ် ဘုရား) ဟာ....ရှည်မှာပေါ့ နီးလျက်နဲ့ ဝေးဆိုတော့ သိသေး ရဲ့လား....(မသိပါဘုရား) မသိတာ ဘာခေါ်မယ်....(အဝိဇ္ဇာပါ ဘုရား)အဝိဇ္ဇာပစ္စယာ သွားတော့....(သင်္ခါရပါဘုရား) သင်္ခါရ ပစ္စယာ....(ဝိညာဏ်ပါဘုရား)။

ဒါဖြင့် သံသရာ ရှည်သွားတယ်....(မှန်ပါ့) ဘာဖြစ်လို့လဲ.... (နီးလျက်နဲ့ ဝေးလို့ပါဘုရား)။

နီးလျက်နဲ့ ဝေးတာနဲ့ ကြည့်စမ်း၊ နီးလျက်နဲ့ ဝေးသွား တော့ ခန္ဓာထဲမှာ ဝေဒနာပေါ်တာလဲ မသိ၊ စိတ်ပေါ်တာလဲ ဒုက္ခသစ္စာလို့ မသိတော့ မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာ ရှိနေ တော့ ကိုယ်လုပ်ချင်တဲ့ အလုပ်-လုပ်တာက သင်္ခါရ....(မှန်ပါ့) သဘောကျပလား(ကျပါပြီ)စုတေ မနေ သေလွန်တော့ သင်္ခါရ ပစ္စယာ ဝိညာဏ်၊ပဋိသန္ဓေ မနေရပေဘူးလား....( နေရပါတယ် ဘုရား )။

အဲဒီ ဝိညာဏ် ရပြန်တော့ နောက်ဘဝ နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေနဲ့ သွားပြန်ရော ကိုစောမောင်ရဲ့....( မှန်ပါ့ဘုရား )။

အဲဒါ ဘယ့်နှယ်ကြောင့်တုံး ....၊ သောတာပန် ဘယ့်နှယ်ကြောင့် မတည်ပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့် နီးလျက်နဲ့....(ဝေးလို့ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

နီးတာဟာ ဒီ ခန္ဓာကိုယ်ကလဲ ဒုက္ခသစ္စာ၊ ဆရာပေးထားတဲ့ ဉာဏ်ကလဲ ဝမ်းထဲ ဟဒယဝတ္ထုပေါ်က - နေပြီး ကြည့်ရတဲ့.... (မှန်ပါ့) မနီးဘူးလား....(နီးပါတယ်ဘုရား)။

ဟဒယဝတ္ထုနဲ့ ဒီခန္ဓာနဲ့ဟာ တချို့ဟာများမှာ ဟဒယဝတ္ထုပေါ်-ပေါ်တဲ့ စိတ်ကို နောက်ပေါ်တဲ့ ဟဒယဝတ္ထုပေါ် - ပေါ်တဲ့ ဉာဏ်က ကြည့်တာနဲ့ သိတယ်....(မှန်ပါ့)ကပ်နေတာ၊ မကပ်ဘူးလား....(ကပ်ပါတယ်ဘုရား)။

အဲဒီ ကပ်နေတယ်၊ ပြင်ဘက် ရုပ်တွေ ကြည့်ရတာကမှ ကိုစောမောင် နည်းနည်းကလေး တထွာလောက် ဝေးချင်-ဝေးမယ် (မှန်ပါ့) ငါးလက်မလောက် ဝေးချင် ဝေးမယ်....(မှန်ပါ့)။

အခုဟာကတော့ စိတ်ကို စိတ်ချင်း ကြည့်မယ်ဆိုယင် အယင်စိတ်ကလဲ ဟဒယဝတ္ထုပေါ်- ပေါ်တာဘဲ....( မှန်ပါ့ )နောက်ဉာဏ်ကကော မောင်နိုင်.... (ဟဒယဝတ္ထုပေါ် - ပေါ်ပါတယ်ဘုရား) ဒါဖြင့်ဒီ့ထက်နီးတာဖြင့်ဘယ်ရှိတော့မလဲ-(မရှိပါဘုရား) သို့သော်လဲ မရှာတတ်ဘူးတဲ့....(မှန်ပါ့) ရှာတတ်ကဲ့လား....(မရှာတတ်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သောတာပန် တည်ဘို့ အရေးဟာ ဝေးသလားလို့ အခုအချိန်မှာ မေးတော့ ဘယ့်နှယ် ဖြေကြမလဲ

(နီးပါတယ်ဘုရား) နီးပါတယ်လို့ဆိုတာ ပေါ်လာပလား.... (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် သမာဓိ ကောင်းကောင်းနဲ့ စောင့်ကြည့်မယ်ဆိုလို့ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေ ပြတ်သတုံး...,(အစ,ကနေ ပြတ်ပါတယ်ဘုရား) အစ,က ပြတ်တယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

အစ,က ပြတ်သွားတယ်လို့ ကိုစောမောင်က ဘယ့်နှယ်ကြောင့် ရဲဝန့်စွာ တာဝန်ခံတာတုံးဆိုတော့ အို....အယင် အမြင်မျိုး မဟုတ်ဘူးဘုရား....အခုအမြင်က....(မှန်ပါ့)။

အယင် အမြင်က အဝိဇ္ဇာ....(မှန်ပါ့) အခုဟာက .... (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် အစ,က ပြတ်တာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)သူများ ပြောလား....(ကိုယ်တိုင်တွေ့ပါဘုရား) ကိုယ်တိုင်တွေ့ ကိုယ့်သန္တာန်ပေါ်တဲ့ ဝိဇ္ဇာ....(မှန်ပါ့)။

တကာ တကာမတို့ ဖြစ်ပျက်မြင်ယင် ကိုယ့်သန္တာန် ပေါ်တဲ့ ဝိဇ္ဇာလို့ မှတ်လိုက်စမ်းပါ....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီ အစ,ကတင် ပြတ်သလား....လို့၊ အစ,က ပြတ်လို့ရှိယင်လဲ တပည့်တော်တို့ ကျေးဇူးများပါပြီလို့ ဆိုရုံမကသေးပါဘူး အလယ်က ပြတ်ပါသေးတယ်....(မှန်ပါ့)။

အလယ်က ဘယ်လိုပြတ်သတုံးလို့ မေးတဲ့အခါကျတော့ အယင်တုန်းကတော့ မြင်ယင် ခင်တယ်,မုန်းတယ် လာသေးတယ် (လာပါတယ်ဘုရား) အခုတော့ ခင်,မုန်း ပါသေးလား....(မပါပါဘုရား) အင်း....သစ္စာဘဲ သိတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ခင်လဲ သေနေပြီ....(သေနေပါပြီ) ခင် သေတယ်ဆို တော့ အလယ်ပိုင်းကလဲ ပြတ်တယ်....(မှန်ပါ့) အလယ်ပိုင်းမှာ တဏှာရှိတယ် မဟုတ်လား....( မှန်ပါ့ ) အဲဒီကတော့ ကိုစောမောင်....(ပြတ်သွားပါတယ်ဘုရား)။

မုန်းကကော ပါသေးလား....(မပါပါဘုရား) မုန်းက ပဋိစ္စသမုပ္ပါဒ်အဆုံးနားမှာရှိတဲ့ ဒုက္ခ ဒေါမနဿတို့ဘဲ၊ မရှိဘူးလား.... (ရှိပါတယ်ဘုရား) အဲဒီ့ ဒုက္ခ ဒေါမနဿကော ဒီထဲ ဝင်နိုင်သေးရဲ့လား....(မဝင်နိုင်ပါဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ယနေ့ ရှင်းရှင်းဘဲ ပြောပါတယ်၊ ခင်ဗျားတို့ အစ,က ပြတ်ပါတယ် ခန္ဓာစောင့်ကြည့်ယင် (မှန်ပါ့)အလယ်ကကော....(ပြတ်ပါတယ်ဘုရား) အဆုံးကကော (ပြတ်ပါတယ်ဘုရား)။

ဘယ်နှယ် လုပ်ပြီးသကာလ မြေတကောင်လုံး သုံးပိုင်း-ပိုင်းထားပေါ့....ဘယ်ကလာ ခင်ဗျားတို့ကို ကိုက်စရာ ရှိသေးသတုံး- (မရှိပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အကုန့်ကိုဘဲ သတ္တိတုံးကုန်ပြီ မဟုတ်လား....(မှန်ပါ့) အမြီးနဲ့ ရိုက်စရာကော....(မရှိပါဘုရား) ကိုယ်နဲ့ ပတ်စရာကော....(မရှိပါဘုရား) ခေါင်းက ကိုက်စရာကော....(မရှိတော့ပါဘုရား) ကဲ.... ဒီလောက်ထိအောင် ကျေးဇူးများပါတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

တကာကြီးလှိုင်ရေ.... သေပျော်တဲ့ တရားဆိုတဲ့ တရားဆိုတာ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သောတာပန် တည်ချင်လို့ရှိယင် အင်္ဂါဘယ်နှစ်ပါးနဲ့ ပြည့်စုံရမယ် မောင်နိုင်....( နှစ်ပါးနဲ့ ပြည့်စုံရပါမယ်ဘုရား )

ဘာတရားနာရမယ်....(သစ္စာတရား နာရပါမယ်ဘုရား) ပြီးတော့ ကို....(နှလုံးသွင်းမှန်ရပါမယ်ဘုရား)။

သစ္စာရယ်လို့ သိတဲ့ နှလုံးသွင်းမှန်ရမယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) ငါရယ်လို့ သိနေလို့ မဖြစ်ဘူး၊ ရုပ်ရယ်လို့ သိနေလို့ မဖြစ်ဘူး၊ ဝေဒနာရယ်လို့ သိနေလို့ မဖြစ်ဘူး....(မှန်ပါ့) သစ္စာ ဘဲလို့လဲ ပြန်သိရမယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် စိတ်ကလေးတခု ပေါ်ပြီ ကိုစောမောင်ရဲ့....ရှူ တဲ့ စိတ်ကလေး ဆိုပါတော့....(မှန်ပါ့) ဒီ စိတ်ကလေး ပေါ်လာ ပြီး ဖျတ်ဆို ချုပ်သွားတယ်၊ ချုပ်သွားတာကလေး ကျုပ်တို့က အင်း....ပေါ်လဲ ပေါ်တယ်၊ ချုပ်လဲ ချုပ်တယ်လို့ နောက်ကနေ ဉာဏ်နဲ့ ကြည့်လိုက်တော့ မသိဘူးလား....(သိပါတယ်ဘုရား)။

သိလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့ ဒုက္ခသစ္စာကို အယင် တုန်းကတော့ ငါရှူတယ်၊ ငါရှိုက်တယ် မိစ္ဆာဒိဋ္ဌိနဲ့ မြင်တာ ကိုးဗျ....(မှန်ပါ့) အခုတော့ သမ္မာဒိဋ္ဌိနဲ့ မြင်တာ ဖြစ်မနေဘူး လား....(ဖြစ်နေပါတယ်ဘုရား)သမ္မာဒိဋ္ဌိက ဝိဇ္ဇာဘဲ၊ ရှင်ပလား- (ရှင်းပါပြီ)။

အဲဒီတော့ ငါရှူတယ်၊ ငါရှိုက်တယ်ဆိုတဲ့ ဒိဋ္ဌိတွေ သူက မသတ်ဘူးလား....(သတ်ပါတယ်ဘုရား)ဒါ ဒိဋ္ဌိသတ်ယင် သောတာပန် တည်နိုင်တယ်ဆိုတော့ သေချာမနေဘူးလား....(သေချာ ပါတယ်ဘုရား) သောတာပန်တည် ချင်ယင် ဒိဋ္ဌိသတ်စရာရှိတယ် ဒီ့ပြင် ဘာမှသတ်စရာ မရှိဘူး....(မှန်ပါ့)သဘောပါကြပလား.... (ပါပါပြီ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ယနေ့ ဟောလိုက်တာ တကာ တကာ မတို့ သမာဓိကောင်းကောင်းနဲ့ စောင့်ကြည့်တဲ့ ပုဂ္ဂိုလ်မှာ ဘယ်နှစ်ချက် ပြတ်သတုံး....(သုံးချက် ပြတ်ပါတယ်ဘုရား)။

ရှေးဦးစွာ အဝိဇ္ဇာက, စပြတ်ပါတယ်....(မှန်ပါ)အဝိဇ္ဇာ စ, ပြတ်တော့ကို တဏှာကလဲ လာခွင့်မရလို့ မလာသောကြောင့် တဏှာလဲ ပြတ်တယ်.... (ပြတ်သွားပါပြီ ဘုရား) ကြည့်နေတဲ့ အချိန်မှာ ပြစ်မှားခြင်းကလဲ ရှိသေးသလား....(မရှိပါဘုရား) သူ့အပေါ် စိတ်ဆိုးတယ်လို့ဖြစ်ပျက်ကို စိတ်ဆိုးတယ်လို့ ရှိသေးရဲ့လား.... ( မရှိပါဘုရား )မရှိသောကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေါသသောကကော လာသေးရဲ့လား... ( မလာပါဘုရား ) အဆုံးကကော....( မလာပါဘုရား ) အဆုံးကလဲပြတ်တယ် .. (မှန်ပါ)။

ဒါဖြင့် တကာ တကာမတို့ ခန္ဓာကိုယ်စောင့်ကြည့်တဲ့ အလုပ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သမာဓိကောင်းကောင်းနဲ့စောင့်ကြည့်တဲ့ အလုပ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့တာဝန်ထားပါ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ဘုန်းကြီးက ခန္ဓာထဲမှာ ဘာပေါ်ပေါ် ဖြစ်ပျက်ဒုက္ခသစ္စာလို့ ဟောဘို့ဝတ္တရားက ဘုန်းကြီးတာဝန်....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ဘုန်းကြီးတာဝန်က ခန္ဓာထဲမှာပေါ်တဲ့ ဘယ်တရားပေါ်ပေါ် ဖြစ်ပျက်ဘဲ ရှိတယ်လို့ဟောဘို့ရာက ဘုန်းကြီးတာဝန်.... (မှန်ပါဘုရား)။

ခင်ဗျားတို့က ဒီဖြစ်ပျက်ဟာ ဒုက္ခသစ္စာအစစ်ဘဲလို့ ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချဘို့ရာက ခင်ဗျားတို့တာဝန်....(မှန်ပါ)။

ဒီဆရာနဲ့ ဒီလိုနှလုံးသွင်းတဲ့ တကာနဲ့ တကာမနဲ့ ကြုံပြီ ဆိုလို့ရှိယင် ဒါသောတာပန်တည်တာဘဲ....(မှန်ပါ့) တယောက် ထည်းတော့ မတည်နိုင်ဘူး၊ သဘောကျပလား....(ကျပါပြီ)။

သောတာပန်ဟာ တယောက်ထည်း မတည်နိုင်ဘူး၊ သဘော ကျပလား....(ကျပါပြီ) နှစ်ယောက်ပေါင်းမှတည်တယ်- (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာတဲ့တုံး .... (နှစ်ယောက်ပေါင်းမှ သောတာပန်တည်ပါ တယ်ဘုရား)။

ပြောတဲ့ ဆရာကလဲ....(သစ္စာဟောရပါမယ်ဘုရား) သစ္စာကို ဘဲ ဟောပေးရမယ်....(မှန်ပါ့)။

နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်ကကော....( သစ္စာကို နှလုံးသွင်းရမယ် ) သစ္စာလို့ဘဲမြင်စေရမယ်....(မှန်ပါ့)

ဤနှစ်ချက် ညီလို့ရှိယင်ဖြင့် သောတာပန် စခန်းဟာဖြင့် အလွယ်ကလေးပါ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

နာရီစေ့သွားပြီ တော်ကြဦးစို့....

သာဓု....သာဓု....သာဓု

**ကျောင်းထိုင်ဆရာတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်**

# ညအလုပ်ပေးတရားတော်

( ၁၆ - ၆ - ၆၂ )

တကာ တကာမတို့၏ ခန္ဓာကိုယ်ထဲမှာ ရှုစရာကိုသိမှ ရှုလို့ ဖြစ်တယ်ဆိုတာကိုလဲ ထုံးစံအတိုင်းဘဲ မှတ်ပါတော့ နော် ....၊ ရှုစရာမသိဘဲနဲ့ ရှုနေလို့ရှိယင်လဲ အလကား ထိုင်နေသလိုဘဲ မောင်နိုင်တို့၊ကိုစောမောင်တို့ ဖြစ်ရမှာ....(မှန်ပါ့)။

အဲဒီတော့ ရှုစရာရှိတာကိုသိမှ ရှုတတ်မယ်ဆိုတာ မှတ်ရမယ် နော်....(မှန်ပါ့)။

ကဲ ဒါဖြင့် ပြောကြပါစို့တဲ့....၊ရှုစရာက ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ မျက်လုံးအကြည်နဲ့ မောင်နိုင်တို့အဆင်းနဲ့ တွေ့တော့ မြင်စိတ်ကလေး မပေါ်ဘူးလား .... (ပေါ်ပါတယ် ဘုရား)။

မြင်တယ်ဆိုတဲ့ မြင်စိတ်ကလေးဟာ မောင်နိုင်ရေ အယင်က ရှိတာလား၊ အခုမှ ပေါ်လာတာလား....(အခုမှ ပေါ်လာတာပါ ဘုရား)အဲဒါမှတ်လိုက် ကိုစောမောင်က ပစ္စုပ္ပန်သမုပ္ပါဒ် အစ,လို့ မှတ်....(မှန်ပါ့)။

ဦးဘကလေး ဒါဘာခေါ်ကြမယ်....(ပစ္စုပ္ပန်သမုပ္ပါဒ် အစ,ပါ ဘုရား)ပစ္စုပ္ပန်သမုပ္ပါဒ် အစ,လို့ ဇာပွဲလုံးမှတ်ပါ ဒီဥစ္စာ၊သြော်.... ဒါရှုစရာအစ,ပေါ်တာဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဆိုတဲ့ မြင်စိတ် ကလေးဟာ မောင်နိုင် စ,ပေါ်တာဘဲ.... (မှန်ပါ့) သဘောကျပ လား....(ကျပါပြီ)။

အင်း....ဒါ စ,ပေါ်လို့ရှိယင်ဖြင့် တကာ တကာမတွေက မြင်ပြီးသကာလ"တိဏ္ဏံ သင်္ဂတိ ဖဿော"ဆိုလို့ရှိယင် ဖဿလာမှ ဘဲ၊ လာချင်လာ-မလာချင်နေ အသာထား သူ့ထုံးစံအတိုင်း လာတာနော်....(မှန်ပါ့)။

ဖဿပစ္စယာ ဝေဒနာဆိုတဲ့ဥစ္စာလဲ၊သြော်-ကောင်းပါကလား-ဆိုးပါကလား-ဆိုတဲ့ ဝေဒနာကလေး မလာဘူးလား.... (လာပါ တယ် ဘုရား)။

သြော်....ဒါဖြင့် မြင်ပြီးလို့ရှိယင်ဖြင့် အကောင်း အဆိုးရွေး ပြီ....(မှန်ပါ့)။

မြင်ပြီးယင်....(အကောင်း အဆိုး ရွေးပါပြီဘုရား)။

သြော်....ဒါသူများပြောလား၊ တကာ တကာမတို့ ကိုယ့်ဖြစ် စဉ်လား....(ကိုယ့်ဖြစ်စဉ်ပါဘုရား)။

ဒါဖြင့် မြင်တာကအစ, ကိုစောမောင်....(မှန်ပါ့) အကောင်း အဆိုးရွေးတာက ဒုတိယ....(မှန်ပါ့)။

မြင်တာက....(အစပါဘုရား) အစ, သူ့ပဋိစ္စသမုပ္ပါဒ်စ, လိုက်တာ....(မှန်ပါ့)အကောင်း-အဆိုးရွေးတာက-(ဒုတိယပါဘုရား)။

ဒုတိယလို့ မှတ်လိုက်တော့ ဒါ ဒို့သန္တာန် ဒီအတိုင်းဖြစ်နေတော့ ဒါ သံသရာခေါ်တယ်....(မှန်ပါ့)။

ဒါဘယ့်နှယ်ခေါ်ကြသလဲ....( သံသရာခေါ်ပါတယ်ဘုရား ) သံသရာခေါ်တယ်လို့ မှတ်လိုက်ကြစမ်းပါ။

တကာ တကာမတွေ ဒါ ဘာခေါ်တယ်လို့ မှတ်ရမလဲ....(သံသရာခေါ်ပါတယ်ဘုရား)။

ကဲ....တခါသွားပါဦး၊ ဝေဒနာပစ္စယာ တဏှာ၊ဟင်....ဝေဒနာက ချုပ်သွားပြီ ကိုစောမောင်ရေ- တဏှာက လာနေတယ်....(မှန်ပါ့)။

မြင်လို့ ပေါ်တာကိုး‌ဗျ၊ အင်း....တဏှာကလေးက ပေါ်လာပြီ၊ခုနင်က ဝေဒနာကလေးက ချုပ်သွားပြီ မောင်နိုင်ရေ၊တဏှာကလေးနဲ့ အသက်ရှင်နေပြန်ပြီ....(မှန်ပါ့)။

ဦးဘရှင်း ဘာနဲ့ အသက်ရှင်နေသလဲ.... (တဏှာနဲ့ အသက်ရှင်ပါတယ်ဘုရား)။

တဏှာနဲ့ အသက်ရှင်နေတယ်ဆိုတော့ ဩော် .... သူ့လဲပဋိစ္စသမုပ္ပါဒ်ဘဲ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် အခုစ,ပြောကာ ရှိသေးတယ်၊ ပဋိစ္စသမုပ္ပါဒ်မြင်တဲ့စိတ်ကလေးလဲ ချုပ်သွားပြီ ကိုစောမောင်ရေ့၊အကောင်းအဆိုး ဝေဘန်တဲ့စိတ်က ကျန်နေရစ်တယ်(ကျန်ပါတယ်ဘုရား)။

အကောင်းအဆိုး ဝေဘန်တဲ့စိတ် ချုပ်သွားပြန်တော့ လိုချင်တာကလေးက....(ကျန်နေပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါ ခင်ဗျားတို့ သန္တာန်တန်းနေတာတွေ....(မှန်ပါ) တခုချုပ်ပြီးတော့....(တခုပေါ်ပါတယ်ဘုရား) အဲဒီတခုချုပ်ပြီးတော့ .... (နောက်တခုပေါ်ပါတယ်ဘုရား) နောက်တခု အခုတဏှာပေါ်နေပြီ....(မှန်ပါ)။

တဏှာပေါ်လာလို့ ရှိယင်ဖြင့် "တဏှာပစ္စယာ ဥပါဒါန်" ဆိုတော့ စွဲလမ်းတာ ပေါ်လာမယ်.... (ပေါ်ပါတယ်ဘုရား) အင်း တဏှာက ချုပ်ပြန်ပြီ၊ ဥပါဒါန်က ပေါ်ပြန်ပြီ....( ပေါ်ပါတယ် ) ဥပါဒါန်နဲ့ အသက်ရှင်နေတယ်....(မှန်ပါ)။

ဘယ်လိုဆိုကြမယ် .... (ဥပါဒါန်နဲ့ အသက်ရှင်နေပါတယ်ဘုရား) ဥပါဒါန်နဲ့ အသက်ရှင်နေတယ်လို့ မှတ်လိုက်ပါ .... (မှန်ပါ)။

"ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဆိုတော့ အင်း....လိုချင်တာကလေးဟာ သူယူမှဘဲ ပြောဦးမှဘဲဆိုတော့ ဝစီကံကမ္မဘဝ၊ သွားဦးမှဘဲဆိုတာ ကာယကံ ကမ္မဘဝ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုစောမောင် ဘယ်နှစ်ခု ရှိသွားပတုံး....(နှစ်ခုရှိပါပြီ)။

ကဲ....ပြန်ပြော ပါဦးမယ် တကာတကာမတို့နော်....(မှန်ပါ) ဒါက ရှုစရာကိုပြတယ်၊ ပြီးမှရှုပုံကို ပြပါမယ်။

သေသေချာချာ နားထောင်ကြပါ တကာတကာမတို့ ရှုစရာမရှိဘဲနေမှာစိုးလို့ ပြောနေတာ....(မှန်ပါ)။

မြင်တယ်ကွ မောင်နိုင်ရ....မြင်စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဆင်းနဲ့ မျက်လုံးနဲ့ တိုက်ဆိုင်တဲ့အခါကျတော့ မျက်လုံးအကြည်ပေါ်မှာ မောင်နိုင် ဘာပေါ်လာသလဲ(မြင်စိတ်ကလေးပေါ်လာပါတယ်ဘုရား) အဲဒါ ပဋိစ္စသမုပ္ပါဒ်

အစလို့မှတ်လိုက်၊ သဘောကျပလား....(ကျပါပြီ) မျက်လုံး ပေါက်က အစ့ပေါ့လေ....(မှန်ပါ့)။

နောက်က တကာတကာမတွေ မြင်စိတ်ကလေးဟာ ဘာတဲ့ ( မျက်လုံးပေါက်က အစပါဘုရား ) အဲဒါ ပဋိစ္စသမုပ္ပါဒ်ဘဲ၊ ရှင်းပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့က မျက်လုံးဖွင့်လိုက်လို့ရှိယင် ပေါ်တော့မှာဘဲ.... (ပေါ်မှာပါဘုရား) ကဲ....မြင်စိတ်ကလေးစပြီး မြင်တယ်ဆိုလို့ ရှိယင်ဖြင့် သွားကြပါစို့၊ အကောင်းအဆိုး မရွေးဘူးလား.... (ရွေးပါတယ်ဘုရား)။

ဟင်....မြင်စိတ် ချုပ်သွားပြီ မောင်နိုင်.... အကောင်းအဆိုး ရွေးတဲ့ ဝေဒနာလာနေတယ်....(မှန်ပါ့)။

ဘယ်သူနဲ့ အသက်ရှင်နေသတုံး....(ဝေဒနာနဲ့ အသက်ရှင်နေပါတယ်ဘုရား) ဝေဒနာနဲ့ အသက်ရှင်နေတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အကောင်းအဆိုး ရွေးပြီးသကာလ အကောင်းဖြင့် ယူမယ်ဆိုတဲ့တဏှာ လာပြန်တယ်....(လာပါတယ်ဘုရား) မလာဘူးလား (လာပါတယ်ဘုရား)အင်း....ဒါ ဘယ်သူနဲ့ အသက်ရှင်နေသလဲ- (တဏှာနဲ့ အသက်ရှင်နေပါတယ် ဘုရား) ဒါဖြင့် အကောင်းအဆိုးရွေးတဲ့စိတ်က....(ချုပ်သွားပါတယ်ဘုရား)။

ချုပ်သွားပြီဆိုတော့ ဩော်....ချုပ်သွားတာသိမှ ဘယ်ဟာရှုရမယ်၊ ဘယ်ဟာကို မှတ်ရမယ်ဆိုတာ ပေါ်လာလိမ့်မယ်.... (မှန်ပါ့)။

ကဲ....တခါ သွားပါဦးတဲ့၊ လိုချင်တဲ့စိတ်ကလေးနဲ့ အသက်ရှင်နေတယ်၊ တဏှာနဲ့ အသက်ရှင်နေတယ်လို့ တကာ တကာမ

တွေ့ ဟောလိုက်ပြီ၊ လိုချင်ယုံဘဲလား....တဲ့၊ ဟာ.... ဒါတော့ ရအောင် ဆစ်မှာဘဲဆိုတဲ့ ဥပါဒါန်ကော မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ဒီတခါတော့ ဘယ်သူနဲ့ အသက်ရှင်နေသလဲ....(ဥပါဒါန်နဲ့ အသက်ရှင်နေပါတယ်ဘုရား) အင်း.... တဏှာက ချုပ်သွားပြီ မောင်နိုင်ရေ....(မှန်ပါ့) ဥပါဒါန်နဲ့ အသက်ရှင်နေတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဥပါဒါန်နဲ့ အသက်ရှင်နေပြီးသကာလ ကာယကံနဲ့ ကျောက်ကလေးတခုကိုလက်ညှိုးနဲ့ လက်မနဲ့ ညှပ်တဲ့ပြီးသကာလ ဟိုထောင်ကြည့် ဒီထောင်ကြည့် ဒါ....ကာယကံ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကဘာတုံး.... (ကာယကံပါဘုရား) ဘယ်လောက်ထားပါလားဆိုတော့.... (ဝစီကံပါဘုရား)။

ကံ မြောက်ပြီ၊ ကံမြောက်သွားပြီ၊ ရိပ်မိကြပလား(ရိပ်မိပါပြီဘုရား)။

အံမာလေး တကာတကာမတွေ့ ခင်ဗျားတို့ ကျောက်ဝယ်နေတာ ကံမြောက်တယ်၊သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီ ကံမြောက်ပြီးသကာလ ကမ္မဘဝပစ္စယာ ဇာတိဆိုတာကတော့ ပဋိစ္စသမုပ္ပါဒ်မှာ ဖြစ်စဉ်ကိုဟောပါတယ်၊ အခုမလာသေးပါဘူး၊ နောက်ဘဝမှ လာမှာကိုး ကိုစောမောင်ရ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ ဒီနေရာ ရပ်တာပေါ့... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ၁-ကမြင်တယ်၊ ၂-ကအကောင်းအဆိုး ဝေဘန်တယ်၊ ဟုတ်လား....(မှန်ပါ့) ၃-ကလိုချင်တယ်၊ဟုတ်လား....၄-ကစွဲလမ်းတယ်၊ ၅-က ကာယကံ ဝစီကံလုပ်တယ်....(မှန်ပါ့)။

ဘယ်နှစ်ခုပါလိမ့်....(ငါးခုပါဘုရား) သေသေ ချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ တကာတကာမတို့နော်....(မှန်ပါ့) ပြန်ပြောဦးမယ်.... ပြန်ပြောဦးမယ်၊ ဒါ.... ရှုစရာကိုပြတယ်....(မှန်ပါ့)။

တကာတကာမတွေ ဘာပြသလဲ....(ရှုစရာပြပါတယ်ဘုရား) ကဲ....မြင်ပြီး မျက်လုံးနဲ့ ကျောက်ကလေးနဲ့ တည့်နေတဲ့အခါ ကျတော့ မြင်စိတ်ကလေး မောင်နိုင်.... (ပေါ်ပါတယ် ဘုရား) ဒါ....ဘာခေါ်ကြမယ်....(မြင်စိတ်ပါဘုရား)။

မြင်စိတ်ဘဲ၊ပဋိစ္စသမုပ္ပါဒ်အလိုဖြင့် စပြီ(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ် အစပေါ့....(မှန်ပါ့ အစပါဘုရား)သဘောကျပလား....(ကျပါပြီ ဘုရား) မြင်စိတ်ဆိုတော့ ဦးဘရှင်း ဒီကနေ စတယ်....(မှန်ပါ့) ကိုပေါ် ဒီကစရတယ်၊ဒီ့ပြင် စ,စရာမှမရှိဘဲကိုး(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

ဒီက စပြီးမြင်တယ်ဆိုလို့ရှိယင်ဖြင့် ကိုစောမောင်တို့ ဖသာ အသာထားလိုက်တော့နော်....(မှန်ပါ့) အကောင်းအဆိုးခွဲတဲ့ ဝေဒနာက ...(လာပါတယ်ဘုရား)။

အင်း....မြင်စိတ်ချုပ်ပြီး အကောင်းအဆိုးခွဲတဲ့ ဝေဒနာနဲ့ အသက်ရှင်နေတယ်....(မှန်ပါ့) တကာတကာမတွေ ဘာနဲ့ အသက်ရှင်နေသလဲ....(ဝေဒနာနဲ့ အသက်ရှင်နေပါတယ် ဘုရား)။

အကောင်း ရွေးလို့ ရှိယင်လဲ အကောင်းနဲ့ ရှင်တာပေါ့ ဗျာ.... (မှန်ပါ့) မကောင်းပါဘူးလို့ ဆိုယင်လဲ မကောင်းတဲ့ ဒေါမနဿ ဝေဒနာနဲ့ အသက်ရှင်နေတယ်....(မှန်ပါ့)။

မောင်နိုင်.... ဆိုနိုင်မလား....(မှန်ပါ့) ဘယ်နှစ်ခု ရှိသွားပလဲ (နှစ်ခု ရှိသွားပါပြီ) တခုချုပ်ပြီး တခုဖြစ်ဆဲနော်....(မှန်ပါ့)။

အဲဒီ အကောင်းအဆိုး ရွေးပြီးသကာလမှ ကောင်းလို့ရှိယင် လဲ လိုချင်တယ်ဆိုတဲ့ လောဘကလေး နောက်ကလိုက်လာတယ် (လိုက်လာပါတယ်ဘုရား) ဘယ်သူ ချုပ်သွားသတုံး....(ဝေဒနာ ချုပ်သွားပါတယ် ဘုရား) အကောင်းအဆိုး ရွေးတဲ့ ဝေဒနာ ချုပ်သွားတယ်....(မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုဆိုကြမလဲ.... (အကောင်းအဆိုး ရွေးတဲ့ ဝေဒနာ ချုပ်သွားပါတယ်ဘုရား)အင်း....ဒါ....ဘယ်သူ နဲ့ အသက်ရှင်နေပါလိမ့်.... (တဏှာနဲ့ အသက်ရှင်နေပါတယ် ဘုရား)။

အင်း....ခုနင်က ဝေဒနာနဲ့အသက်ရှင်နေတဲ့ ခန္ဓာတယောက် တော့ သွားပြီ....(မှန်ပါ့) ဝေဒနာနဲ အသက်ရှင်နေတဲ့ ကိုစောမောင်ကြီးတော့ သွားပြီ... (သွားပါပြီ) အခု တဏှာနဲ့အသက် ရှင်နေတဲ့ ကိုစောမောင်ဖြစ်နေတယ်....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒီတဏှာနဲ့အသက်ရှင်နေတုန်းဘဲတဲ့ ပဋိစ္စသမုပ္ပါဒ်က သူ့တဏှာပစ္စယာ ဥပါဒါန်ဆိုတာတော့ လာရတော့မှာပေါ့ မောင်နိုင်....(မှန်ပါ့)။

အဲဒီတော့ ဒါကလေးကို မရ,အရ ဆစ်မှဘဲဆိုတဲ့ စိတ်ကူး အကြီးစားကလေး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဒါကလေးဟာ ဥပါဒါန်ပေါ့၊ ဘယ်သူနဲ့ အသက်ရှင်နေသလဲ .. (ဥပါဒါန်နဲ့ အသက်ရှင်နေပါတယ်ဘုရား) အင်း-တဏှာနဲ့ ကိုစောမောင် ဘယ်ရောက်သလဲ.... ( ချုပ်သွားပါတယ်ဘုရား)။

ချုပ်သွားပြီ၊ ချုပ်သွားတာသိမှ ရှုစရာမြင်မှာကိုးဗျ(မှန်ပါ့) နို့မဟုတ်ယင် မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

အဲဒါကြောင့် အားလုံး တရားရှုနေတဲ့ မှတ်နေတဲ့ တကာ တကာမတွေဖြစ်လို့ ဖြစ်စဉ်ကိုက် ပြောနေတယ်၊ ဘာရှုရမှန်းမသိဘဲ နေမှာစိုးလို့နော်....(မှန်ပါ့) အခုတော့သိပြီ.... (သိပါပြီဘုရား)။

ကဲ....တခါသွားပါဦးတဲ့၊ပြန်ကြည့်တယ် ကိုစောမောင် မြင်ရုံတွင်မဟုတ်ဘူး၊ လက်ကလေးနဲ့ ကိုင်ကြည့်လိုက်တော့ ကာယကံ (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ကာယကံ စေတနာပေါ့ဗျာ.... သဘောကျပလား(ကျပါပြီ) ဈေးကလေး ဆစ်လိုက်တော့.... (ဝစီကံပါဘုရား) ဝစီကံ စေတနာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ထောင်ကြည့်တဲ့ အခါကျတော့.... (ကာယကံပါ ဘုရား) ကာယကံစေတနာ၊ ဟဒယဝတ္ထုပေါ်မှာဘဲ ပေါ်တယ်(မှန်ပါ့)။

အင်း.... ဈေးကလေး ပြောလိုက်လို့ တချက်ထောက်ကြည့်လိုက်တဲ့အခါကျတော့ ကိုစောမောင်....ဝစီကံ စေတနာ မလာဘူးလား....(လာပါတယ်ဘုရား)။

ကံ- မြောက်ပလား.... (မြောက်ပါပြီဘုရား)ဒီကျတော့ကံနဲ့ အသက်ရှင်နေတယ်ဆိုလိုက်ပါ.... (မှန်ပါ့) ဘာချုပ်သွားသတုံး (ဥပါဒါန်ပါဘုရား) ဥပါဒါန်ချုပ်သွားပြီ....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဥပါဒါန် ချုပ်သွားပါတယ် ဘုရား) သေသေချာချာ ရင်းရင်းချာချာ ပြောနေတာနော်.... ကလေးတွေ သင်သလို သင်ပြောနေတာ၊ ရမ်းရှုလို့ ဘာမှမဖြစ် ဘူး၊ သေသေချာချာ သူပေါ်တာကို သူပျောက်အောင် ရှုနိုင်မှ သာလျှင် အတိုးတန်တာ.... (မှန်ပါ့) သဘောကျပလား....(ကျ ပါပြီဘုရား)။

ဘယ်နှစ်ခေါက် ရှိသွားပတုံး....မောင်နိုင် (ငါးခေါက်ရှိသွား ပါပြီဘုရား)။

အေး....ဒါဖြင့် ဩော်....ဒါ မျက်လုံးပေါက်က နေပြီးတော့ ၁-ချုပ်မှ ၂-ဖြစ်တယ်၊ ၂-ချုပ်မှ....(၃-ဖြစ်ပါတယ်ဘုရား) ၃-ချုပ် မှ....(၄-ဖြစ်ပါတယ်) ၄-ချုပ်မှ.... (၅ ဖြစ်ပါတယ်) ၅-ကျတော့ ဒီဘဝဆုံးပြီ....(မှန်ပါ့)။

'ကမ္မဘဝ ပစ္စယာဇာတိ' ဆိုတာကတော့ စာဆိုပါတဲ့၊ မလာ သေးပါဘူး....(မှန်ပါ)။

ဦးဘကလေး လာပလား.... (မလာသေးပါ ဘုရား) ဒါက သေမှ လာရမှာ....(မှန်ပါ့) ဒီကံက အကျိုးပေးမှ ဇာတိကလာ မှာကိုး မောင်နိုင်ရေ....(မှန်ပါ့) အခုလာပလား....(မလာသေးပါ ဘုရား)။

အခု ဒါဖြင့် တကာ တကာမတွေ သန္တာန်မှာ စိတ်စဉ်ဘယ် နှစ်ခုတန်းသွားသတုံး.... (ငါးခုတန်းသွားပါတယ်ဘုရား) ငါးခု

တန်းသွားတယ်ဆိုတာ ရှင်းသွားပလား....(မှန်ပါ့) ဒါ မျက်လုံး ပေါက်က ကိုစောမောင်....(မှန်ပါ့)။

ကဲ....နားပေါက်ကလဲ ကိုယ့်သားသမီးကလေးက အော်တဲ့ အသံကလေးကိုတဲ့ ဟိုကအသံနဲ့ ဒီကနားနဲ့ တိုက်နေတဲ့အချိန် အကြည်ကလေးနဲ့ ကည့်သွားတဲ့အခါ ကြားစိတ်ကလေး မပေါ် ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ကြားစိတ်ကလေး ပေါ်လို့ရှိယင်ဖြင့် ဒီ အသံကလေး ကြား ရတဲ့အခါ ပြောတတ်ဆိုတတ် ရှိပြီလို့ ဝမ်းသာတဲ့ စိတ်ကလေး- (ပေါ်ပါတယ်ဘုရား) အင်း....ကြားစိတ်ချုပ်ပြီး ဝမ်းသာကဲ့ ဝေ ဒနာ မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ဒီလို အသံကလေးကြားလို့ ဝမ်းသာနေတုန်းဘဲ ခင် တဲ့ တဏှာက ကြားဝင်မထိုးလိုက်ဘူးလား....(ထိုးပါတယ်)ဘယ် သူ ချုပ်သွားသတုံး....(ဝေဒနာ ချုပ်သွားပါတယ်ဘုရား)။

ဝေဒနာ ချုပ်သွားတယ်၊ မှတ်ထားပါ - မှတ်ထားပါ၊ ကိုယ့်သန္တာန်ဖြစ်တာမှ ကိုယ်မသိယင် အရှုံးဖြစ်နေမှာစိုးရတယ်၊ သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာ မရှုတတ်ဘဲနေမှာ စိုးရတယ် ကိုစောမောင် ..., (မှန်ပါ့) ဝိပဿနာ မရှုတတ်လို့ရှိယင် နိဗ္ဗာန်တော့ မရဘူးနော်- (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် ကြားစိတ်ကလေး ချုပ်သွားပြီးသကာလ ဝမ်း သာတဲ့စိတ်ကလေး ပေါ်လာတယ်....(မှန်ပါ့) အဲဒါ ဝေဒနာဘဲ မောင်နိုင် ရှင်းပလား....(ရှင်းပါပြီ)။

ဝမ်းသာပြီးသကာလ ခင်တဲ့ စိတ်ကလေးကော....(ပေါ်ပါတယ်ဘုရား) အင်း....ဘယ်သူ ချုပ်သွားသတုံး....(ဥပါဒါန် ချုပ်ပါတယ်ဘုရား)။

ဝေဒနာချုပ်ပြီ...(မှန်ပါ့ ဝေဒနာချုပ်ပါတယ်ဘုရား)ရမ်းလို့ မရဘူး၊ ရမ်းလို့ မရဘူး၊ သေသေချာချာ စဉ်းစားပါ၊ ရမ်းလို့ ရှိယင် ဒီဥစ္စာ ဖြစ်ပျက်ကို မမြင်တော့ဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ဘယ်သူ ချုပ်မှန်းကော သိသေးရဲ့လား....( မသိတော့ပါဘုရား )မသိတော့ဘူးဆိုတာ သေသေချာချာ မှတ်ပါနော်....(မှန်ပါ့)။

အခု ကြားတယ်ဆို ကြားစိတ်ကလေး ချုပ်သွားတယ်၊ ကြားစိတ်ကလေး ချုပ်သွားပြီးသကာလ အသံကလေးကြားလို့ ဝမ်းသာတာကလေးနဲ့ အသက်ရှင်နေတယ်....(မှန်ပါ့)။

ဝမ်းသာရုံတွင်မကဘူး၊ ခင်စိတ်ကလေးက နောက်က လိုက်လာတော့ ဘယ်သူ ချုပ်ပြန်သတုံး-(ဝေဒနာချုပ်ပါတယ်ဘုရား) ဝမ်းသာတဲ့ ဝေဒနာကလေး ချုပ်ပြီ မောင်နိုင်....(မှန်ပါ့) မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်တဲ့ စိတ်နဲ့ အသက်ရှင်မနေဘူးလား....( မှန်ပါ့ ) အဲ....တဏှာနဲ့ အသက်ရှင်နေတယ် ဆိုကြစို့....(မှန်ပါ့)။

နောက်တော့ ခင်ရုံတွင်ဘဲလား....တဲ့၊ ဒါကလေးကိုဖြင့် ကြီးပွားအောင် မွေးမှဘဲဆိုတဲ့ စွဲလမ်းမှုကလေးကော....(လာပါတယ်ဘုရား)သိမ်သိမ် မွေ့မွေ့ကလေး လာတာနော်....(မှန်ပါ့)။

အင်း....ဒီအချိန်ကျတော့ ဦးဘရှင်းက ဘာနဲ့ အသက်ရှင်နေသတုံး....( ဥပါဒါန်နဲ့ အသက်ရှင်နေပါတယ် ) ဒါဖြင့် ဘယ်သူ သေသွားသတုံး....(တဏှာသေသွားပါတယ်ဘုရား)။

တဏှာနဲ့ ရှင်နေတဲ့ ဦးဘရှင်းတယောက် ပျက်စီးပြီ-(မှန်ပါ) ဘာဖြစ်လို့တုံး မောင်နိုင် တစိတ်နဲ့ အသက်ရှင်လို့....( မှန်ပါ ) တစိတ်နဲ့ အသက်ရှင်တယ် ဆိုကတည်းက မသွားသေးဘူးလား.... (သွားပါပြီ)ကဲ....သဘောပါပလား....(ပါပါပြီ)။

ကိုစောမောင် နှစ်စိတ်နဲ့ အသက်ရှင်တယ်လို့ ဘုရားလဲ မရှိဘူး၊ ဆင်လဲ မရှိဘူး၊ တစိတ်နဲ့ အသက်ရှင်တာချည့်မှတ်....( မှန်ပါဘုရား )။

ဦးဘကလေး မှတ်မိပြီ....(မှန်ပါ) တကာကြီးလှိုင်....(မှတ်မိပါပြီ))မှတ်မိပြီနော်....။

ကိုင်း ဒါဖြင့် စွဲလမ်းပြီးသည့်နောက်ကိုတဲ့ သူ့အသံကလေး ကြားလိုက်တော့ ကိုယ်က, နေပြီး ပြန်ထူးချင်လဲ ထူးလိုက်တဲ့ ဝစီကံကလေးကော မလာဘူးလား....(လာပါတယ်ဘုရား) သွားပြီး ပွေ့တဲ့သဘောကလေးနဲ့ သွားဦးမှာဘဲဆိုတဲ့ ကာယကံကလေးကော....(လာပါတယ်ဘုရား)အင်း....ဘယ်သူနဲ့ အသက်ရှင်နေသတုံး....( ကာယကံနဲ့ အသက်ရှင်နေပါတယ် ဘုရား ) ကာယကံနဲ့ အသက်ရှင်တယ်၊ ပြောတုန်း အသက်ရှင်တာ ဝစီကံနဲ့ အသက်ရှင်တယ်၊ သဘောကျပလား....(ကျပါပြီ)။

ဟာ....ဒါဖြင့် တကာ တကာမတွေမှာ နားပေါက်ကလဲ ပဋိစ္စသမုပ္ပါဒ် ရှင်သွားလိုက်တာ ငါးမျိုး....(မှန်ပါ) နှာခေါင်းပေါက်ကကော....( ငါးမျိုးပါ ) လျှာပေါက်က....(ငါးမျိုးပါဘုရား) ကိုယ်ပေါက်က.... (ငါးမျိုးပါဘုရား) မနောပေါက်ကကော....(ငါးမျိုးပါဘုရား)။

ငါးမျိုးဆိုတော့ ဒီအတိုင်းဘဲ မောင်နိုင်....ဒါခင်ဗျားတို့မှာ ဒီ ငါးပေါက်, ဒီ ခြောက်ပေါက် လှည့်နေတာဘဲ....( လှည့်ပါတယ် )တနေ့လုံး လှည့်နေတယ်....(မှန်ပါ့)။

လှည့်နေတော့ ကျုပ်တို့ကလဲ တခါမှ မဖြတ်ဘူးဆိုကြပါစို့ ( မှန်ပါ့ ) တခါမှ မဖြတ်တော့ တနေ့ က ံမြောက်တာ ဘယ်လောက် မြောက်သတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မရေတွက်နိုင်ပါဘုရား) မောင်နိုင်....(မရေတွက်နိုင်ပါဘုရား) နောက်က တကာ တကာမတွေ....(မရေတွက်နိုင်ပါဘုရား)။

ဩော်....ခင်ဗျားတို့....ခင်ဗျားတို့ ကံတွေ မြောက်နေတာတွေ ဦးဘရှင်းတို့ မနည်းဘူး(မနည်းပါဘုရား)ကာယကံပေါင်း,ဝစီကံပေါင်းလေ....(မှန်ပါ့) နည်းကြသလား....(မနည်းပါဘုရား)။

အဲဒီတော့ ဒီ ကံပေါင်းတွေက မရေတွက်နိုင်တော့ ဒီ ကံတွေကလဲ မောင်နိုင် တခုသော ကံက သေသည်၏ အခြားမဲ့၌ ကမ္ဘာပဋ္ဌယာ ဇာတိ....(မှန်ပါ့)ဟို....တခုသော ကံကကော-(ကမ္ဘာပဋ္ဌယာ ဇာတိပါဘုရား) ဟို....တခုသော ကံက....(ကမ္ဘာဝပဋ္ဌယာ ဇာတိပါဘုရား)။

ဒါဖြင့် တနေ့ကို ဇာတိဖြစ်ကြောင်း တကာ တကာမတွေ ဘယ်လောက်လုပ်သတုံးလို့ မေးလိုက်တော့....( မရေတွက်နိုင်အောင် လုပ်ပါတယ်ဘုရား )။

ဒါဖြင့် ခင်ဗျားတို့ လုပ်ထားတဲ့ ကုသိုလ်ကလေးနဲ့ ကျောင်းဆောက်, ဘုရားတည်ထားတဲ့ ကုသိုလ်ကလေးနဲ့၊ တခါတလေမှ လုပ်တဲ့ သားကလေးကြီးလို့ ရှင်ပြုတဲ့ ကုသိုလ်ကလေးနဲ့ ဒီ ကံတွေနဲ့ မောင်နိုင် မျှပါ့မလား....(မမျှပါဘုရား)။

ချိန်ခွင်နဲ့ စက်ကြည့်စမ်းပါ ဦးဘရှင်း....(မမျှပါဘုရား) မမျှပါဘူး ဇောက်ထိုးဘဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ဇောက်ထိုး မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

အဲဒီတော့ ဩော်....ခင်ဗျားတို့မှာ ကြွေးပေါင်းဘယ်လောက်ရှိသတုံးလို့ ကာယကံ ကြွေးပေါင်း,ဝစီကံ ကြွေးပေါင်း....(မရေတွက်နိုင်ပါဘုရား) ကိုစောမောင်....(မရေတွက်နိုင်ပါဘုရား)။

ဒါ ခင်ဗျားတို့က ရှစ်ရက်တပတ်မှ ဥပုသ်ကလေး စောင့်တာနဲ့ ကျုပ်တို့ သေပျော်ပလား....(မသေပျော်သေးပါဘုရား)။

ဒီလို သေသေချာချာ စစ်ကြည့်တော့မှ မသေပျော်သေးတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) ရှင်းကြပလား-(ရှင်းပါပြီ)မစစ်သေးယင် မပေါ်သေးဘူး....(မှန်ပါ့) မစစ်သေးယင် ကိုယ့်ဟာ ကိုယ်ဟုတ်နေတာဘဲ....(မှန်ပါ့)။

ကိုယ့်ဟာ ကိုယ်ဟုတ်နေတာသာ ဆိုတယ် ကိုယ့်အထဲ ဖြစ်တာမှ မောင်နိုင် ကိုယ်မှ မသိဘဲ....(မှန်ပါ့) အဲဒီတော့ သူ့ဟာသူ ပြောသံကြားနဲ့ ဟုတ်နေတာ....(မှန်ပါ့)။

မင်းတော့ကွာ....ဥပုသ်ကလဲ မြဲသဟေ့၊ လှူစရာ, တန်းစရာကလဲ မင်းက များသဟေ့၊ အဲဒီတော့ မင်းတော့ စိတ်ချရသကွာ၊ သေယင်သုဂတိတဲ့၊ နိဗ္ဗာန်တောင်စိတ်ချရတယ်လို့ သူများပြောသံကြား ယုံသလား....ကိုယ့် ကံမြောက်တာတွေ ယုံသလား (ကံမြောက်တာတွေ ယုံရမှာပါဘုရား)။

ပေါ်ကြပြီ တကာတကာမတို့ သူများပြောတာ ယုံမလား.... ကိုယ့် ကံမြောက်တာ ယုံကြမလား(ကိုယ့်ကံမြောက်တာ ယုံကြရမှာပါဘုရား)။

မယုံ- ကြည့်ဗျာ....ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ကိုင်း ဘယ်ဇာတိတုံး ကိုစောမောင်.... ကံက မကောင်းတဲ့ကံဖြစ်ယင် လဲ မကောင်းတဲ့ဇာတိပေါ့.... (မှန်ပါ့) ကောင်းတဲ့ကံဖြင့်လဲ.... (ကောင်းတဲ့ဇာတိပါဘုရား) ဒါဖြင့် ဇာတိပေါင်း ဘယ်လောက် တုံး.... မေးလိုက်တယ်....(မရေတွက်နိုင်ပါဘုရား)။

ဦးခိုင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီ) နည်းတဲ့ဇာတိတွေ လားဗျာ၊ နောက် လာမှာတွေကလေ....(မှန်ပါ့)။

အဲဒါ ကျောင်းကလေးကကျောက်တွင်းက ကျောက်ကလေး ရမှဆောက်တာ၊ အရောင်း အဝယ် ကလေးက ဖြစ်ထွန်းလာမှ လှူတာ.... ဘုရားကလေးတည်တာဆိုတော့ ခင်ဗျားတို့ စာကြည့် ကံပေါင်းထက်များရဲ့လား....(မများပါဘုရား)။

ဒါ....ခင်ဗျားတို့က ပြောသံကြားနဲ့ မောင်နိုင်တို့က သူများ ပြောသံကြား မယုံနဲ့ကွ....(မှန်ပါ့) ကိုယ့်ဖြစ်စဉ် ယုံပါမှပေါ့.... (မှန်ပါ့)။

သူများပြောသံကြား ယုံကြမလား....ကိုယ့်ဖြစ်စဉ် ယုံကြမ လား....(ကိုယ့်ဖြစ်စဉ် ယုံရပါမယ်ဘုရား)။

ကဲ....ကိုစောမောင် မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) တကာကြီးလှိုင် ခင်ဗျား လူကြီးနော်.... ( မှန်ပါ့ ) မင်းတော့ သေပျော်ပဟော့.... ဘုရားကို ငွေတွေချလိုက်တာ မနည်းဘူး လို့ ဒီလိုအောက်မေ့မနေနဲ့ဦး၊ ရိပ်မိပလား....(မှန်ပါ့)။

သေပျော်ပြီလို့ သွားပြောမနေနဲ့ဦး....ရွှေတွေက အဆိုင်းတ ရာ လှူတာက အင်း....ခြောက်ထပ်ကြီးဘုရား အလှူခံလာမှ အ ဆိုင်းတရာ လှူတာပါ....ဟင်....(မှန်ပါ့) အိမ်မှာ ဒီ- မကောင်း တဲ့ ကမ္မဘဝပေါင်းကဘယ်လောက်တုံး(မရေတွက်နိုင်ပါဘုရား)။

အဲဒီတော့ ဒီရွှေကလေးနဲ့ ကယ်ပါ့မလား(မကယ်ပါဘုရား) ရှင်းပလား တကာကြီးလှိုင်....(ရှင်းပါပြီ) ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင် ဒီလောက် ဆိုလို့ရှိယင်ဖြင့် ဒါ....သူများဖြစ်စဉ်နဲ့ ဆရာဘုန်းကြီးက ရှင်းပြတာလား၊အားလုံးတို့၏ ဖြစ်စဉ်နဲ့ ရှင်းပြတာလား.... (အားလုံးတို့၏ ဖြစ်စဉ်နဲ့ ရှင်းပြတာပါဘုရား)။

ဒါဖြင့် ဘာမှ သံသယမရှိကြနဲ့ ဒီဥစ္စာကို ဖြတ်မှရမယ်.... (မှန်ပါ့)ဘယ့်နှယ်ဆိုကြမယ်....(ဖြတ်မှရပါမယ်ဘုရား) ဖြတ်မှရမယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ .... ဒါဖြင့် ဒီလိုလုပ်ကြစို့တဲ့၊ ဖြတ်မှရမယ်ဆိုတော့ ဒီ တဏှာတွေ, ဒီဥပါဒါန်တွေ, ဒီကံတွေ, ဒီဒေါသတွေပေါ့ဗျာ.... ဒီမောဟတွေ....(မှန်ပါ့)။

အခုဟာ.... လောဘနဲ့ချည်းသွားတဲ့ ပဋိစ္စသမုပ္ပါဒ်နော်.... (မှန်ပါ့) မောဟနဲ့သွားတဲ့ ပဋိစ္စသမုပ္ပါဒ်က ပါလိုက်သေးတယ် (ပါပါတယ်ဘုရား)။

မြင်တယ်ဆိုတော့ မောင်နိုင် မြင်စိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) အဲဒီမြင်စိတ်ကလေးကို ဘာဖြစ်မှန်းမသိဘူးဆိုတဲ့ အခိပ္ပါယ်ကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အင်း....ဘာဖြစ်မှန်းလဲမသိဘူး၊ မြင်စိတ်ပေါ်မှန်းလဲ မသိဘူးဆိုတော့ အဝိဇ္ဇာ....(မှန်ပါ့) သူ့နောက်က အဝိဇ္ဇာလိုက်တယ်၊ မလိုက်ဘူးလား.... (လိုက်ပါတယ် ဘုရား) အဝိဇ္ဇာပစ္စယာ .... (သင်္ခါရာပါဘုရား)။

ကဲ....သူကလဲ နှစ်ခု နှစ်ခုလိုက်နေတော့ မခက်ဘူးလား.... (ခက်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါက ပဋိစ္စသမုပ္ပါဒ်တမျိုး လိုက်တာ....(မှန်ပါ့) ခုနင်က ဟာကတော့ တမျိုးလိုက်တာ၊ မောင်နိုင် ရှင်းပလား....(ရှင်းပါပြီဘုရား) ကဲ....တခါ ဒေါသလိုက်ပုံကလေး ပြလိုက်ပါဦးမယ် ကိုစောမောင်....(မှန်ပါ့) မြင်တယ်ဆိုလို့ ရှိယင် မျက်မွေးစူးတယ် ဆိုတဲ့ဥစ္စာ ခင်ဗျားတို့နောက်က ဒေါသ ကလေးက မလိုက်ဘူး လား....(လိုက်ပါတယ်ဘုရား)။

အင်း....ဒေါသလိုက်တော့ မြင်တာက တစိတ်၊ ဒေါသကတ စိတ်၊ မြင်တာကချုပ်ပြီးယင် ဒေါသစိတ် ကျန်နေရစ်မှာဘဲ.... (မှန်ပါ့)ဒေါသနောက်က သောက,ပရိဒေဝ,အဝိဇ္ဇာတွေကော.... (လာပါတယ်ဘုရား)အဝိဇ္ဇာပစ္စယာသင်္ခါရာတွေကော....(လာပါ တယ်ဘုရား)။

လာမယ်ဆိုတော့ အင်း....ဒါကလဲ တနေ့ အလိုမတူတဲ့ပုဂ္ဂိုလ် နဲ့ တွေ့ရ ကြုံရတဲ့အခါကျတော့ ဒါတွေကကော.... (မရေတွက် နိုင်ပါဘုရား)။

မရေတွက်နိုင်တော့ ခင်ဗျားတို့မှာတဲ့ ပဋိစ္စသမုပ္ပါဒ်မရှိလဲ အ သက်မရှင်ဘူး....(မှန်ပါ့) ဒါ....သေသေ ချာချာမှတ်ပါ။

ပဋိစ္စသမုပ္ပါဒ် မရှိယင်လဲ.... (အသက်မရှင်ပါဘုရား) ရှင်ပြန် တော့လဲ သက်ဆိုးရှင် ဖြစ်နေမှာစိုးရတယ်(မှန်ပါ့)ရှင်ပြန်တော့လဲ (သက်ဆိုးရှင်ဖြစ်နေမှာ စိုးရပါတယ်ဘုရား)။

သက်ဆိုးရှင် ဖြစ်နေတော့လဲ ခုနင်က တဏှာနဲ့ အသက်ရှင် နေတော့လဲ **မကောင်း**၊ ဥပါဒါန်နဲ့ အသက်ရှင်နေယင် မောင် နိုင်....(မကောင်းပါဘုရား) မ**ကောင်း**ဘူး။

နောက်က တကာတကာမတွေမကောင်းတဲ့က ံနဲ့ အသက်ရှင်နေယင်ကော .... ( မကောင်းပါဘုရား ) မကောင်းဘူးဆိုတာပေါ်လာကြပလား....(ပေါ်လာပါပြီ) ကိုပေါ် .... (ပေါ်ပါပြီဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က သတ္တဝါ မျက်လုံးပေါက်မှာလဲကိုစောမောင် သုံးမျိုးလောက်လာတယ်၊ သဘောကျပလား....(ကျပါပြီ) နားပေါက်မှာကော... (သုံးမျိုးပါဘုရား) အင်း....သုံးခြောက်လီ ဆဲ့ရှစ်ပေါ့ဗျာနော်....(မှန်ပါ့)ဒါတွေဟာ တဆဲ့ရှစ်သာပြောတာ တနေ့ ဆဲ့ရှစ်ပေါင်း ဘယ်လောက်တုံးလို့မေးယင် တကာတကာမတွေက ဘယ်လိုဖြေကြမယ်....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူး....တပည့်တော်တို့ မျက်လုံးကလဲ ဖွင့်ရတယ်နားကလဲ စွင့်ရတယ်ဆိုတာ မလာဘူးလား(လာပါတယ်ဘုရား)ဩော်....ဒါဖြင့် တကာတကာမတွေ ဒီဟာတွေကလဲ က ံမြောက်ချည့်သွားနေတော့ ခင်ဗျားတို့မှာ ဒီကံပေါင်း ဘယ်လောက်တုံးလို့ မေးလို့ရှိယင်....(မရေတွက်နိုင်ပါဘုရား)။

ဒီကံတွေက အဟောသိကံ ဖြစ်သွားမှာလား မေးလိုက်တဲ့အခါ ဝိပဿနာမဂ်ဉာဏ် မရသေးသ၍ မောင်နိုင်ကမှတ် ဘယ်တော့မှ အဟောသိက ံ မဖြစ်....(မှန်ပါ့) ဝိပဿနာ မဂ်ဉာဏ်ရယင်ဖြင့်....(အဟောသိကံဖြစ်ပါတယ်ဘုရား)။

အဟောသိကံဖြစ်ပေါ့လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ကဲ....ဒါဖြင့် တကာတကာမတို့ ဖြတ်ကြပါစို့.... အလုပ်ပေးတော့မယ်.... တကာတကာမတို့။

အလုပ်ပေးတော့မယ်ဆိုတာက ရှုစရာရှိမှ ရှုတတ်မှာကိုး....(မှန်ပါ့) ကိုစောမောင် ရှုစရာမရှိယင်....(မရှုတတ်ပါ ဘုရား)။

အခုဟာက ရှုစရာ ပဋိစ္စသမုပ္ပါဒ် အတန်းကြီးဟာက တကာ တကာမတို့ ရှုစရာပြတာလို့ မှတ်လိုက်....(မှန်ပါ့)။

တကာကြီးလှိုင် ... ဘာပြတာတုံး.... ( ရှုစရာ ပြတာပါ ဘုရား)။

အဲ....ရှုစရာပြတော့ တပည့်တော် ဘာရှုရမှန်း မသိဘူးလို့ တော်တော်ကြာကျတော့ ဆရာဘုန်းကြီးကို ခင်ဗျားတို့ကအပြစ် တင်မနေနဲ့....(မှန်ပါ့) ကိုယ့်သန္တာန်ဖြစ်တာ ကိုယ်မသိလို့ မရှုတတ်တာလို့သာ ကိုစောမောင် ပြောရမယ်....(မှန်ပါ့)။

ကဲ ဒါဖြင့် မြင်စိတ်ကလေးလာပြီ မောင်နိုင်ရေ....၊ဟုတ်လား ခံစားတယ် ထားပါတော့၊ ဒီမြင်စိတ်ကလေးကိုဘဲ ဒို့ကနေပြီး တဏှာမလာအောင် ဖြစ်ပျက်ရှုလိုက်....(မှန်ပါ့)။

ကိုစောမောင် မြင်စိတ်ကလေး ဖြစ်ပျက်ရှုလိုက်လဲ မရဘူးလား (ရပါတယ်ဘုရား) အကောင်း အဆိုးကလေး ဝေဘန်နေတာကို ဖြစ်ပျက်ရှုလိုက်ယင်ကော....(ရပါတယ်ဘုရား)။

အဲဒီတော့ မြင်စိတ် ဖြစ်ပျက်ရှုလဲရတယ်၊ အကောင်းအဆိုး ဝေဘန်တဲ့ဝေဒနာ ဖြစ်ပျက်ရှုလဲ....(ရပါတယ်ဘုရား)။

စိတ်ရှုလဲ ဖြစ်ပျက်ရတာဘဲ၊ဝေဒနာရှုလဲ.... (ရပါတယ်ဘုရား) ဖြစ်ပျက်ရတာချည့်ဘဲဆိုတာ သေချာကြပလား.... (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဥပမာမယ်- စိတ်ကလေးကို ဖြစ်ပျက်ရှုတယ်၊ မြင်စိတ် ကလေးကို ဖြစ်ပျက်ရှုတယ်ဆိုတော့ ဖြစ်ပျက် ကရှေ့က ရှုတဲ့ မဂ်က နောက်က....(မှန်ပါ့)ခန္ဓာကိုယ်ထဲမှာလေ....(မှန်ပါ့)။

မြင်စိတ်ကလေးက မျက်လုံး၊ ရူတာက ဟဒယဝတ္ထုပေါ်က နေပြီး မနေဘဲ ဒွါရကနေရှုတော့ မဂ်ကလေးမလာဘူးလား....(လာ ပါတယ်ဘုရား) ဝိပဿနာမဂ်ကလေးလာတယ်။

ဒါဖြင့် ဖြစ်ပျက်နဲ့မဂ်ဟာ သဘောကျသွားပလား.... (ကျပါ ပြီ)မြင်စိတ်ကလေးက.... (ဖြစ်ပျက်ပါဘုရား) ရှုတာကလေးက.... (မဂ်ပါဘုရား)။

မဂ်ကလေးလာတော့ ခုနင်က အကောင်းအဆိုး ဝေဘန်တဲ့ ဝေဒနာလာသေးသလား....(မလာပါဘုရား) ဝေဒနာနောက်က လိုက်မည့် တဏှာ....(မလာပါဘုရား)။

ဝေဒနာမှ ပစ္စယာလုပ်လို့ အကြောင်းဆက်လို့မှ မရတော့ တဏှာလာစရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)ဒါဖြင့်တဏှာ မလာတော့ ဥပါဒါန်ကော....( မလာပါဘုရား ) မလာတော့ ကံကော....(မလာပါဘုရား)။

ဟာ ဒါဖြင့် ဖြစ်ပျက်ရှုတဲ့မဂ်သည် ကိလေသာကံတွေ ဖြတ် တယ်....(မှန်ပါ)။

ဘယ့်နှယ် ဆိုကြမယ် .... (ကိလေသာကံတွေ ဖြတ်ပါတယ် ဘုရား)။

ဒါဖြင့် ကိလေသာနှစ်ခုက ကိလေသဝဋ် ကိုဇောမောင်.... (မှန်ပါ)တဏှာ ဥပါဒါန်က ကိလေသဝဋ်....(မှန်ပါ)။

အဲဒါလဲ ဦးဘရှင်း ဖြတ်လိုက်တာ မြင်ပလား .... (မြင်ပါပြီ) မြင်စိတ် ဖြစ်ပျက်ရှုလိုက်တာကိုးဗျ....(မှန်ပါ)။

တဏှာ ဥပါဒါန်တည်းဟူသော ကိလေသဝဋ် လာနိုင်သေးရဲ့ လား....( မလာနိုင်ပါဘုရား ) ခုနင်က ကာယကံ ဝစီကံကော

မြောက်သေးရဲ့လား....(မမြောက်ပါဘုရား)အဲဒါဖြင့် ကမ္မဝဋ်လဲ ပြတ်ထွက်တယ်၊သဘောကျပလား....(ကျပါပြီ)။

ကမ္မဝဋ်ပြတ်ပေါ့ မောင်နိုင် နောက်ဘဝ ပဋိသန္ဓေနေဘို့ ဝိပါကဝဋ်ကကော....(ပြတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဝိပဿနာ အရှုခိုင်းတာ ဝဋ်ဖြတ်ခိုင်းတာကိုး (မှန်ပါ့)ပေါ်ပြီ....(ပေါ်ပါပြီ)ဦးခိုင် ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ဝိပဿနာ အရှုခိုင်းတာ ဘာပါလိမ့် .... (ဝဋ်ဖြတ်ခိုင်းတာပါဘုရား)။

ကြည့်စမ်း အခု ကိလေသဝဋ်က စ,ပြတ်တယ်....(မှန်ပါ့) မြင်စိတ်ရှုလိုက်လဲ ကိလေသဝဋ်ကပြတ်တာဘဲ၊ အကောင်းအဆိုးဝေဘန်တာကလေး ရှုလိုက်ပြန်ကော.... (ကိလေသဝဋ် ပြတ်ပါတယ်ဘုရား)။

ကိလေသဝဋ်ကစပြီး ကမ္မဝဋ်ကော....( ပြတ်ပါတယ်ဘုရား ) နောက်လာမည့် အကျိုးပေးဝိပါကဆိုတဲ့ ဇာတိဟာကော....(ပြတ်ပါတယ်ဘုရား)။

ဩော် .... ဒါဖြင့် ဝိပဿနာ ရှုကြ ရှုကြဆိုတာ ကိုယ့်ဝဋ်ကိုယ်အချတ်ခိုင်းတာပါလား....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ် .... (ကိုယ့်ဝဋ်ကိုယ် အချတ်ခိုင်းတာပါဘုရား)။

နို့မဟုတ်ယင် ဒီဝဋ်တန်းကြီးက ကိုဇောမောင် ကိလေသဝဋ်ပြီးယင် ကမ္မဝဋ်က....(လာမှာပါဘုရား) ကမ္မဝဋ်ပြီးယင်....(ဝိပါကဝဋ်လာမှာပါဘုရား)။

ဝိပါကဝဋ်က မလာပေဘူးလား.... (လာပါတယ်ဘုရား) ဒါ သူများပြောလား၊ကိုယ့်သန္တာန် ဖြစ်စဉ်ကိုက်လား .... (ဖြစ်စဉ် ကိုက်ပါဘုရား)။

ဒါဖြင့် လုပ်ရမှာလား- မလုပ်ရဘူးလား .... (လုပ်ရမှာပါ ဘုရား)နောက်က တကာ တကာမတွေ လုပ်ရမှာဘဲဆိုတာ သေ ချာပလား....(သေချာပါပြီ)။

ဟာ....ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက သူ့ဝိပဿနာကြီး၊ သူ့ဝိပဿနာကြီးကို ဒီလောက်တောင် တွန်းနေရပါလိမ့် သူ့ တကာ တကာမတွေကိုလို့ ဩော်... သနားလို့ တွန်းတာထင် ပါရဲ့လို့ ခင်ဗျားတို့ တွေးလိုက်လို့ရှိယင်ဘဲ၊ ဘုန်းကြီးက ကျေ နပ်ပါတယ်....(မှန်ပါ့)ခင်ဗျားတို့က သနားစရာ လုပ်နေတာကိုး (မှန်ပါ့)။

ကိလေသဝဋ်လဲ မပြတ်ဘူး ကိုစောမောင်က.... (မှန်ပါ့) ကမ္မ ဝဋ်ကော.... (မပြတ်ပါဘုရား) ဝိပါကဝဋ်ကော .... (မပြတ်ပါ ဘုရား)ဒါဖြင့်ဝဋ်သမားကြီးဖြစ်နေပြီ....(မှန်ပါ့) မဟုတ်ဘူးလား၊ ဝဋ်သုံးပါးလည်ဘို့ ဖြစ်နေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ သနားလို့ ဟောတာဆိုတာလဲ မပေါ်သေးဘူး လား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘုရားဟောတော်မူတာသည် ဘယ်တော့မှ ကရုဏာနဲ့ ပညာမကင်းဘူးဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ပညာက ခင်ဗျားတို့နားလည်မှုပညာ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)ကရုဏာက ခင်ဗျားတို့ ဝဋ်ထဲလည်နေမှာစိုးလို့ သ

နားတာ....(မှန်ပါ့)ဒါဖြင့် **က**ရုနာနဲ့ပညာကင်းရဲ့လား....(မ**ကောင်း**ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အခုဘုန်းကြီးတို့ ဟောနေတာလဲ ဘာနဲ့ ဟောနေပါလိမ့် ကိုစောမောင်....(**က**ရုဏာနဲ့ ပညာပါဘုရား)။

ပညာမပါလို့ရှိယင်လဲ ဒီအတန်းကို ခင်ဗျားတို့လည်ပတ်အောင် မပြောနိုင်တော့ဘူး....(မှန်ပါ့) ကရုဏာမပါလို့ ရှိယင်လဲ ခင်ဗျားတို့ကို တနာရီ- တနာရီအချိန်ပေးနေစရာ မလိုတော့ဘူး (မှန်ပါ့)လိုသေးရဲ့လား....(မလိုပါဘုရား)။

အဲဒီတော့ ဘာနဲ့ဟောနေပါလိမ့် .... (ကရုဏာနဲ့ ပညာပါဘုရား)။

ပညာမပါတဲ့လူက ထပြောတော့လဲ အလကားအော်နေသလိုဖြစ်မှာဘဲ....(မှန်ပါ့) ကရုဏာမပါဘဲနဲ့ နေပြန်လို့ ရှိယင်လဲ ခင်ဗျားတို့မှာ ဘာမှကျေးဇူးများမှာမဟုတ်ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာနဲ့ ဟောနေပါလိမ့်....(ကရုဏာနဲ့ ပညာနဲ့ ဟောနေပါတယ်ဘုရား)။

ဒါဖြင့် ဆရာ့တာဝန်က ဒီနှစ်ခုပေါ့ဗျာ... (မှန်ပါ့)။

ခင်ဗျားတို့တာဝန်**က** ဘာလိုသတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့၊ ကိုယ့်ကိုယ် ကိုယ်သနားတဲ့ ကရုဏာကလေးထည့်ပေးပါ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ) ဘုန်းကြီးပြောတဲ့ဥစ္စာကိုလဲ ခင်ဗျားတို့ကလဲ ပညာနဲ့မှတ်ပါ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ကလဲ ပညာရော ကိုယ့်ကိုယ်သနားတဲ့ ကရုဏာရော နှစ်ခုထား နာပါ....(မှန်ပါ့)။

ဘာနဲ့နာကြမယ်....(ကိုယ့်ကိုယ်သနားတဲ့ ကရုဏာရော ပညာပါ နာရပါမယ်ဘုရား)။

အဲ....မှတ်ရမည့်ပညာကလဲ ရှိသေးတယ်... (မှန်ပါ့)ဒီနှစ်ခုမပါလို့ရှိယင် ခင်ဗျားတို့မှာလဲ ခက်တာဘဲ....(မှန်ပါ့)ဘုန်းကြီးကလဲ ကရုဏာ, ပညာမပါယင် ခက်တာဘဲ....(မှန်ပါ့)။

ခင်ဗျားတို့ကလဲ ကိုယ့်ကိုယ် ကိုယ်သနားတတ်တဲ့ ကရုဏာမပါ၊ ထိုးထွင်းသိတဲ့ ပြောလိုက်တိုင်းသိတဲ့ ပညာက မပါဘူးဆိုလို့ရှိယင်လဲ ခင်ဗျားတို့ ကုသိုတ်တော့ရပါရဲ့ နိဗ္ဗာန်မရဘူး....(မှန်ပါ့)။

ဘယ်လိုဆိုမယ်- (ကုသိုလ်တော့ရပါရဲ့-နိဗ္ဗာန်မရပါဘုရား)။

ဘာ့ကြောင့်တုံးဖါးနာနာတာကိုးဗျ၊ ဖါးတရားနာနာတာ....(မှန်ပါ့)မောင်နိုင် ဖါးနတ်သားတော့ မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဖါးတရားနာသလို ဖြစ်နေပြီ... (မှန်ပါ့) ဖါးတရားနာတာ ဩော်.... တရားသံဘဲလို့သိတယ်၊ အဲဒီတရားသံဘဲလို့ သိတာနဲ့ စုတေမနေ သေလွန်တော့ ဖါးနတ်သား သွားဖြစ်တယ် .. (မှန်ပါ့)။

ကိုစောမောင် ခင်ဗျားတို့ဟာ ဖါးတရားလား-လူတရားလား ( လူတရားပါဘုရား ) တော်သေးရဲ့၊ တော်-တော်သေးတယ် ခင်ဗျားတို့နော်....(မှန်ပါ့)။

တကာ တကာမတို့ ဖါးတရားဖြင့် မနာကြပါနဲ့နော် .... (မှန်ပါ့)ဘာတရားနာကြမယ်.... (လူတရားနာကြပါမယ်ဘုရား)။

လူလုပ်ပြီးတော့ တရားနာကြပါ၊ ဖါးတရားဖြင့် လုပ်မနေပါနဲ့၊ ကျုပ်တရားနာချေဦးမယ်၊ ဘုန်းကြီး ဦးဝိမလဟောနေတယ်၊ ကုသိုလ်ဖြစ်အောင်ဆိုယင် ဖါးတရားနာတာ....(မှန်ပါ့)မောင်နိုင်ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဖါးတရားနာတော့ တကာ တကာမတို့ သုဂတိတော့မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲ....အခုတော့ ဖါးစိတ်ထားပြီးတော့ မနာဘဲနဲ့ လူစိတ်ထားပြီး နာပါဆိုတာကိုလဲ သေသေချာချာပြောတယ်....(မှန်ပါ့) ကိုစောမောင် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

တရားနာနည်းကိုကလိုသေးတယ်....(လိုပါသေးတယ်ဘုရား)။

ခင်ဗျားတို့၊ ဦးဘရှင်းတို့ ရှေးတုန်းက ပြောစဉ်က တရားနာ ကုသိုလ်ဖြစ်တာပေါ့ကွ....(မှန်ပါ့)။

ဒါကို ခင်ဗျားတို့ အကြီးအကျယ် မသုံးဘူးလား....(သုံးပါတယ်ဘုရား)။

ကိုယ် နားလည်လည်, မလည်လည်ကွာ.... ကုသိုလ်တော့ ဖြစ်တာပေါ့၊ သွားသာ သွားကွ....တဲ့၊ ဩော်....ဒါဖါးနည်း ခိုးပြန်တာ၊ ရိပ်မိပလား....(ရိပ်မိပါပြီ) လူနည်း ပါရဲ့လား....(မပါပါဘုရား) ကိုစောမောင် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဒါဖြင့် လူ့အဖြစ်နဲ့ နာမလား, ဖါးအဖြစ်နဲ့ နာမလား.... (လူ့အဖြစ်နဲ့ နာပါမယ်ဘုရား)။

အေး....ဒါ သေသေချာချာ မှတ်နော်၊ လူ့အဖြစ်နဲ့ နာကြပါဆိုတာ ရှင်းပြနေတယ်....(မှန်ပါ့)။

ကိုင်း ဒါဖြင့် ရူစရာ ခြောက်ပေါက်က သူ့အစဉ်တန်းနေတဲ့ တခုချုပ်ပြီး တခုဖြစ်တဲ့ အတန်းတွေ ဉာဏ်ထဲမှာ အခု ဖါးလို မဟုတ်တော့ဘူး၊ လူလို မှတ်မိပလား....( မှတ်မိပါပြီ )ဖါးက ဘယ်လိုပြောပြော မှတ်မိတာမှ မဟုတ်ဘဲ....(မှန်ပါ့) ဦးဘအုန်းကြီး ရိပ်မိပြီနော်....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ရူစရာ ဒွါရခြောက်ပေါက်ဖြင့် တွေ့ပြီ...,(တွေ့ပါပြီဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒွါရခြောက်ပေါက်မှာ ရူစရာတွေ တန်းတန်းပြီး ရှိနေတယ်ဆိုတာတော့ တခုချုပ်ပြီး တခုဖြစ်နေတယ်ဆိုတာ မောင်နိုင်..., ရှင်းပြီ....(ရှင်းပါပြီ)။

ကဲ...ဒါဖြင့် မြင်တဲ့ စိတ်ကလေးကိုဘဲ မှတ်ကြပါစို့ ကိုစောမောင်....(မှန်ပါ့)။

ကဲ....မြင်တဲ့ စိတ်ကလေးကို ဦးဘရှင်းက သားကလေး မြင်မြင်,သမီးကလေး မြင်မြင်၊ကိုယ့်အိမ်က ပစ္စည်းတွေ ကျောက်တွေ မြင်မြင်, မြင်တဲ့ စိတ်ကို ဦးဘရှင်း ဘာလုပ်မယ်....(ဖြစ်ပျက် ရူပါမယ်ဘုရား)။

အင်း....ဒါဖြင့် မြင်တဲ့ စိတ်ကို ကိုယ့် မနောက,နေပြီး ရူလိုက်တဲ့အခါကျတော့ မြင်တဲ့ စိတ်က ဖြစ်ပျက်၊ ရူတာက မဂ်ဖြစ်သွားတယ်....(မှန်ပါ့)။

မဂ်ဖြစ်သွားတော့ ရူနေတဲ့ အခိုက်အတန့်မှာ ဒီပုဂ္ဂိုလ် မဂ်ပုဂ္ဂိုလ်၊ ကိုစောမောင် မဂ်နဲ့ အသက်ရှင်နေတယ်....(မှန်ပါ့)။

ဘာနဲ့ အသက်ရှင်နေသလဲ....( မဂ်နဲ့ အသက်ရှင်ပါတယ်ဘုရား )ဦးခိုင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

နောက်က တကာ တကာမတွေ ဘာနဲ့ အသက်ရှင်သလဲ....(မဂ်နဲ့ အသက်ရှင်ပါတယ်ဘုရား)။

မဂ်နဲ့ အသက်ရှင်နေတယ်၊ ကိုစောမောင် ဒါလိမ်ပြောတာလား....အဟုတ်ဘဲလား....(အဟုတ်ပါဘုရား)။

ဝိပဿနာ ရှုတာကိုးဗျ၊ဝိပဿနာမဂ်နဲ့ ရှင်နေတာပေါ့....(မှန်ပါ့ဘုရား)။

ဒါ သက်ကောင်းရှင်၊ ဒါ သက်ကောင်းရှင်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီလို ရှုနေတော့ကိုတဲ့ သူဟာ အခုမဂ်နဲ့ အသက်ရှင်နေတာ သေချာပါပြီ....တဲ့၊ သေချာတော့ကို တကာ တကာမတွေ ရှေ့နားမှာ ခန္ဓာရှိသလား....ခန္ဓာ မရှိဘူးလားလို့-မဂ်ရှေ့နားမှာ ခန္ဓာရှိသေးသလား....ခန္ဓာမရှိတော့ဘူးလား မေးယင် ဘယ့်နှယ်ပြောကြမယ်....( ခန္ဓာရှိပါတယ်ဘုရား )မရှိတော့ဘူး၊ ရှုပြီးပြီပေါ့၊ ရှုပြီးတော့ အနိစ္စဆိုတာ ဖြစ်ပြီး ပျက်သွားပြီ-(မှန်ပါ့)။

ခန္ဓာရှိသေးရဲ့လား....( မရှိပါဘုရား ) သဘောပါပလား....(ပါပါပြီ)ခန္ဓာ မရှိတော့ဘူးနော်....(မှန်ပါ့)။

မောင်နိုင် ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတော့ဘူးတဲ့၊ ခန္ဓာ အခု ရှုလိုက်တာ၊ ခုနင်က ဝိညာဏက္ခန္ဓာကို မောင်နိုင်တို့က ရှုလိုက်ပကော....(မှန်ပါ့)။

ရှုလိုက်တော့ သူ ရှိနေယင် ဘယ့်နှယ် အသက်ရှင်တယ်လို့ ဘုန်းကြီးက ဆိုစရာ မလိုတော့ဘူး....(မှန်ပါ့)။

ကိုစောမောင် မဂ်နဲ့ အသက်ရှင်တယ်လို့(မဆိုနိုင်ပါဘုရား) အခုတော့ ဘယ်သူနဲ့ အသက်ရှင်နေသလဲ.... (မဂ်နဲ့ အသက်ရှင်ပါတယ်ဘုရား) ဒါဖြင့် မြင်စိတ်နဲ့ အသက်ရှင်တာ မဟုတ်တော့ဘူး... (မဟုတ်ပါဘုရား) ဒါဖြင့် ခန္ဓာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲ....ဝိပဿနာရှုတာသည် ခင်ဗျားတို့ သေသေချာချာ မှတ်ပါ၊ ခန္ဓာစွန့်တယ်ဆိုတာ ဒါကို ပြောတာ....(မှန်ပါ့)။

ကိုစောမောင် ခန္ဓာရှိသေးရဲ့လား....(မရှိပါဘုရား) မြင်စိတ်ကလေး ရှိသေးရဲ့လား....(မရှိပါဘုရား) မြင်စိတ်နဲ့ အသက်ရှင်တဲ့ သဘော ဘယ်လိုကြည့်ကြည့် မရှိဘူး....(မှန်ပါ့)ရှိကြရဲ့လား-မရှိပါဘုရား)။

ကောင်းပြီ ဒါဖြင့် ခန္ဓာစွန့်တယ်ဆိုတာ ပေါ်ပလား-(ပေါ်ပါပြီ)။

နောက်က ဒီမြင်စိတ် ရှုလိုက်တဲ့အတွက် ဝေဒနာ, တဏှာ ဉပါဒါန်တွေ ကိုစောမောင်....(မလာပါဘုရား)။

ဒါဖြင့် ကိလေသာလဲ စွန့်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာကော....( စွန့်ပါတယ်ဘုရား ) နောက်က လာမည့် ကိလေသာတွေ....(စွန့်ပါတယ်ဘုရား) လာကို လာခွင့် ပေးသေးရဲ့လား....(မပေးပါဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်သည် ခန္ဓာကို စွန့်၍, ကိလေသာကိုလဲ စွန့်ပါတယ်....(မှန်ပါ့)။

ကဲ.. ကိုစောမောင် ခန္ဓာစွန့်တယ် ဆိုကတည်းကိုက ခန္ဓာမရှိယင် ဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာမရှိတော့ကို ဒီဥစ္စာ ဖြစ်ပြီး ပျက်သွားလေသည်လို့ သိလိုက်ကတည်းက ငါ, သူတပါး, ယောကျ်ား, မိန်းမလို့ အထင်ကြီးဟာ....(မရှိတော့ပါဘုရား)။

အဲ .. ခန္ဓာစွန့်လိုက်တော့ ဒိဋ္ဌိပြုတ်တယ်....( မှန်ပါ့ )သဘောကျပလား....(ကျပါပြီ)။

နောက်က ရှုလိုက်တဲ့ ဉာဏ်ကလေးက ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တွေကော.... ကိုစောမောင် မဖြတ်လိုက် ဘူးလား....(ဖြတ်လိုက်ပါတယ်ဘုရား)။

ဟင်....ဒါဖြင့် ခန္ဓာစွန့်, ကိလေသာစွန့်ပေါ့....(မှန်ပါ့)ကိလေသာ စွန့်တယ်ဆိုကတည်းက ကမ္မဝဋ်, ဝိပါကဝဋ်တွေကော မပါသေးဘူးလား....(ပါပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒို့ ဝိပဿနာသည် ခန္ဓာလဲ စွန့်၊ခန္ဓာစွန့်တယ် ဆိုကတည်းက ဒိဋ္ဌိပြုတ်ပြီ....(မှန်ပါ့)။

မှတ်ထားစမ်း မောင်နိုင်၊ ခန္ဓာစွန့်တယ်ဆိုတော့....(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ငါ,သူတပါး, ယောကျ်ာ,မိန်းမ စွဲစရာ ရှေ့နားမှာ ရှိသေးသလား....(မရှိပါဘုရား) ဒိဋ္ဌိ ပြုတ်သွားပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နောက်ကလဲ ဖြစ်ပျက်ရှုလိုက်တဲ့ မဂ်ကလေးက မဂ်နဲ့ အသက်ရှင်နေတဲ့အတွက် ဦးဘရှင်း ကိလေသာတွေ လာသေးသလား....း (မလာပါဘုရား) တဏှာ, ဥပါဒါန်, ကံတွေ....(မလာပါဘုရား) မလာဘူးဆိုတာ ရှင်းပလား ဉာဏ်ထဲမှာ....(ရှင်းပါပြီ) ကိုစောမောင် ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကိလေသာလဲ ခင်ဗျားတို့မဂ်က, ဝိပဿနာမဂ်က စွန့်မယ်....(မှန်ပါ့)ခန္ဓာလဲ....(စွန့်သွားပါတယ်)သဘောကျပလား--(ကျပါပြီ)။

ကိလေသာစွန့်....( ခန္ဓာစွန့်ပါဘုရား ) ကဲ....ကိုစောမောင်ကျေးဇူးများပုံ ပေါ်ကြပလား....(ပေါ်ပါတယ်ဘုရား)။

ကိလေသာလဲ....(စွန့်ပါတယ်)ခန္ဓာလဲ....(စွန့်သွားပါတယ်)။

ဒါဖြင့် ဒီအချိန်မှာကိလေသာမရှိဘဲနဲ့ ခင်ဗျားတို့ ဝိပဿနာနဲ့ သေသွားမယ်.... ( မှန်ပါ့ ) ကဲ....ဝိပဿနာရှုရင်း သေသွားတယ်ဆိုကြစို့....၊ မောင်နိုင် ကိုယ်ခန္ဓာလဲ ဒိဋ္ဌိပြုတ်သွားပြီ....(မှန်ပါ့)ဟိုဘက် နောက်ဘဝ အကျိုးပေးစရာကော ရှိသေးလား(မရှိပါဘုရား)။

အကယ်၍ ဝိပဿနာစိတ်နဲ့ သေသွားလို့ အကျိုးပေးပြန်လဲ သုဂတိရောက်ပေးမယ်....( မှန်ပါ့ ) သုဂတိ ရောက်သည်နဲ့ တပြိုင်နက်တည်းလဲသောတာပန် တည်ရမယ်၊ကိုစောမောင်....(မှန်ပါ့)။

ဘာပြုလို့တုံး၊ ဝိပဿနာရှုတဲ့ ဇောနဲ့ ဟိုမှာ ပဋိသန္ဓေ နေတာနဲ့က ကပ်မနေဘူးလား....(ကပ်နေပါတယ် ဘုရား) အဲ....ကပ်နေတော့ ဒီ တရားတွေဟာ အကုန်သွားပေါ်တာဘဲ...(မှန်ပါ့ ဘုရား)။

ပေါ်သည်နဲ့ တပြိုင်နည်တည်း နတ်ပြည်ရောက်တာက နှေးသေးတယ်၊ သောတာပန် တည်မှာက စောနေတယ်....( မှန်ပါ့ ) ဒီလောက်ထိအောင် ကျေးဇူးများတယ် ဝိပဿနာမဂ်ကလဲ....(မှန်ပါ့)ပေါ်ကြပလား( ပေါ်ပါပြီ )အဲဒါကြောင့် အချည်းနှီးမဖြစ်ဘူးဆိုတာကော ရှင်းရှင်းလင်းလင်း ရှိကြပါပလား ....( ရှိပါပြီ )။

ဒါဖြင့် ဝိပဿနာရှုလိုက်ခြင်းသည် ခန္ဓာစွန့်လို့ ဒိဋ္ဌိပြုတ်တယ် (မှန်ပါ့) နောက်က ကိလေသာမလာသောကြောင့် ကိလေသာ သေသောကြောင့်လဲ အပါယ်လေးပါး မသွားဘူး....( မှန်ပါ့ ) ပေါ်ပလား....(ပေါ်ပါပြီ)။

ဝိပဿနာမဂ်နဲ့သေယင် သုဂတိမှတပါး ဘယ်မှ မသွားဘူး.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

မဂ်စစ်ကို မဟောသေးပါဘူးတဲ့၊ မဂ်စစ်ကို မဟောသေးပါ ဘူး၊ ဝိပဿနာမဂ်ကိုဘဲ ဟောပါတယ်။

ဝိသုဒ္ဓိမဂ်ဆရာက "အယမ္ပိ ဝိပဿနာ ခန္ဓာဘိ သင်္ခါရေဟိ ပရိစ္စဇတိ"တဲ့၊ ခန္ဓာနဲ့ အဘိသင်္ခါရတွေ အကုန်စွန့်လိုက်ပါတယ် ကွာ....တဲ့။

ခန္ဓာရှိနေယင်တော့ ဒိဋ္ဌိလာဦးမှာကိုး....(မှန်ပါ့) ငါ့ခန္ဓာလို့ လာဦးမယ်....(မှန်ပါ့)အခု ရှေ့မှာ ငါ့ ခန္ဓာရယ်လို့ရှိရဲ့လား.... (မရှိပါဘုရား) အနိစ္စဘဲ ရှိတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

ခန္ဓာရှိရဲ့လား၊ ဘာရှိသတုံး....( အနိစ္စဘဲ ရှိပါတယ်ဘုရား ) ဒါဖြင့် ခန္ဓာစွန့်လို့ အနိစ္စနဲ့ တွေ့နေပြီ၊သဘောကျရဲ့လား.... (ကျပါပြီ)။

ဒါဖြင့် ခန္ဓာစွန့်သောကြောင့် ကိုစောမောင် ဘာပြုတ်သတုံး ( ဒိဋ္ဌိပြုတ်ပါတယ်ဘုရား ) ဒိဋ္ဌိပြုတ်သွားတယ်၊ မောင်နိုင် ရှင်း ပလား....(ရှင်းပါပြီ)။

စွဲစရာကို ရှိသေးရဲ့လား....(မရှိပါဘုရား) ဒိဋ္ဌိခိုစရာ အကွက် ပါသေးလား... (မပါပါဘုရား)။

အေး....ဒါကြောင့် ကြိုးစားလုပ်ကြ၊ ကြိုးစားလုပ်ကြဆိုတာ တိုက်တွန်းရမှာလား....၊ မတိုက်တွန်းရဘူးလား.... ( တိုက်တွန်း ရမှာပါဘုရား )။

ဒီ ဒိဋ္ဌိရှိနေသေးလို့ ရှိယင်လဲ ဦးဘရှင်း အပါယ်သွားဦးမှာဘဲ (မှန်ပါ့)။

ဒါဖြင့် ဝိပဿနာသည် ရှုတဲ့ပုဂ္ဂိုလ်မှာ ဘယ်နှစ်ချက် စွန့်ပါ လိမ့်....(နှစ်ချက်စွန့်ပါတယ်) ရှေ့က ခန္ဓာစွန့်တယ်၊ နောက်က ကိလေသာစွန့်တယ်....(မှန်ပါ့)။

ရှေ့က....(ခန္ဓာစွန့်ပါတယ်)နောက်က....(ကိလေသာ စွန့်ပါ တယ်) ကိလေသာစွန့်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဪ....ဒါဖြင့် နောက်ဘဝ မဂ်စစ်ကို မရသေးဘဲ ဝိပဿနာ မဂ်နဲ့ သေသွားလို့ ရှိယင်လဲ သုဂတိခန္ဓာဘဲ ရမယ်....( မှန်ပါ့ ) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါ တဏှာ, ဥပါဒါန် အုပ်ချုပ်တဲ့ သဘော မလာတော့ဘူး....(မှန်ပါ့) လာသေးရဲ့လား....(မလာ ပါဘုရား)။

အဲဒီတော့ သုဂတိရောက်သည်နဲ့ တပြိုင်နက်တည်း သောတာ ပန်တည်တာက အယင်ကျမယ်ဆိုတာ ပြောပြီးပါပြီ....( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ရှုရင်း သေလဲ မမှားဘူး--(မှန်ပါ့)သဘောကျပလား (ကျပါပြီ) ရှုရင်း သေလဲ.... သုဂတိဘဲ....(မှန်ပါ့)။

ကိုင်း ဒီလောက်နဲ့ မသေချင်သေးပါဘူး ဘုရား....ဆိုတော့မှ ကဲ... ဝိပဿနာ ရှုရှု၊ ဒွါရခြောက်ပေါက်မှာ ရှုစရာတွေလဲ တွေ့ပြီ မဟုတ်လား....(တွေ့ပါပြီ)။

ကဲ....တခါ မြင်စိတ်ကလေး တပည့်တော်တို့က ဘုရား....မြင်စိတ်ဆိုတော့ ဖျတ်ဆို နောက်က ဉာဏ်လိုက်ရမှာ နည်းနည်းဝေးတယ်၊ အကောင်း-အဆိုး ရွေးနေတုန်းကို ရှုမယ်....(မှန်ပါ)။

ဒါဖြင့် အကောင်း-အဆိုး ရွေးနေတာက ဝေဒနာက ရွေးနေတယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)အဲဒီ နောက်က နေပြီး ကိုစောမောင်က မဂ်တည့်လိုက်တာပေါ့....(မှန်ပါ) မရဘူးလား....(ရပါတယ်)ဒါဖြင့် ဝေဒနာ ဖြစ်ပျက် မရဘူးလား....(ရပါတယ်ဘုရား)။

ဟော....ဝေဒနာက္ခန္ဓာ စွန့်ပြီ....(မှန်ပါ)မစွန့်ဘူးလား....(စွန့်ပါတယ်ဘုရား)ခုနင်က ဝိညာဏက္ခန္ဓာ စွန့်တယ်၊အခုတော့ ဘာစွန့်သလဲ....(ဝေဒနာက္ခန္ဓာ စွန့်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာစွန့်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)နောက်က တဏှာကော လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

ဒါဖြင့် ဝိပဿနာသည် ကိုစောမောင် ဘာစွန့်သတုံး....(ခန္ဓာစွန့်ပါတယ်) ပြီးတော့ကော... (ကိလေသာ စွန့်ပါတယ်) ကိလေသာဆိုတဲ့ တဏှာတွေကော....(စွန့်ပါတယ်ဘုရား) သဘောပါပလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီ့ထက် ကျေးဇူးများစရာ အားလုံး တရားနာကြတဲ့ တကာ တကာမတွေ ဘယ်ရှာတွေတော့မတုံး-(မတွေ့ပါဘုရား) တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

ဩော်....ဒါဖြင့် တကာကြီးလှိုင် အဘိုးတန်တဲ့ အချက်ပါ လား....(မှန်ပါ့) မရချင်နေပေစေ အထက်မဂ်ကို တကာကြီးလှိုင် လဲ အသက်အရွယ်ကြီးလို့ထား၊ လုပ်သာနေ....(မှန်ပါ့) ခန္ဓာ စွန့်ပြီးယင် ဒါစွန့်မယ်ဆိုတာ သေချာတယ်....(မှန်ပါ့)။

တကာကြီးလှိုင်က အသက် အရွယ်လဲ ကြီးလို့ ဒီဥစ္စာ ဩော်-တပည့်တော် လုပ်သာနေရတယ် မဂ်များ ဘယ်တော့ ရပါမလဲ အို....ရ,တဲ့ မဂ်နဲ့ ကျေနပ်လိုက်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

မောင်နိုင် ဘာတဲ့တုံး....(ရ,တဲ့ မဂ်နဲ့ ကျေနပ်ရမယ်ဘုရား)။

ကိုယ်က ဒီလောက်တွင် ရ,ရမှာကိုး၊ အဲဒီတော့ ရ,တဲ့ မဂ်နဲ့ ကျေနပ်လိုက်တာပေါ့....( မှန်ပါ့ )ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ကဲ....တခါ ဟာ....တပည့်တော်တို့ နောက်က တကာတကာ မတွေ့ကလဲ အသက်က ငယ်သေးတော့ တပည့်တော်တို့က ဒီလောက်နဲ့ မကျေနပ်သေးဘူး၊ ဒါ ရှိဦးမှာကိုး....(မှန်ပါ့) မရှိ ပေဘူးလား....( ရှိပါတယ်ဘုရား )။

ကဲ....မဂ်စစ် ရအောင် တခါ လုပ်မယ်ဆိုတော့ ဒီလိုလုပ်ပါ တဲ့....၊ မဂ်စစ် ရအောင် လုပ်မယ်ဆိုတော့ မောင်နိုင်ရေ မြင်စိတ် ကလေး ရှုလိုက်ပေါ့ကွာ၊ ကြားစိတ်လာလဲ....(ရှုရပါမယ်)နံစိတ် လာလဲ....(ရှုရပါမယ်)စားစိတ် လာလဲ....(ရှုရပါမယ်) ယားစိတ်, ယံစိတ်လာလဲ....( ရှုရပါမယ် ) ရှုရမှာဘဲ၊ ကြံစိတ်,စည်စိတ်တွေ

လာယင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတွေ လာယင်ကော....(ရှုရမှာပါဘဲဘုရား)။

ရှုလိုက်တဲ့အခါကျတော့ အကုန်လာသည်၍,ဖြစ်ပျက်တွေ ရှုနေတော့ ကိုစောမောင်ရေ ယထာဘူတဉာဏ် ရသွားမယ်....( ရသွားပါတယ်ဘုရား )။

ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ်....(မှန်ပါ့) ခန္ဓာထဲမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တသာ ရှိတယ်ဆိုတဲ့ ဉာဏ်တော့ မရပေဘူးလား....(ရပါတယ်ဘုရား)။

အဲ.... ယထာဘူတဉာဏ် ရသွားပြီလို့ ရှုယင်ဖြင့်“ဧဝ မေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ”....ဆိုတော့ တကာ တကာမတွေက ဒီ စိတ်ဖြစ်ပျက်ကို ငြီးငွေ့အောင် ရှုလိုက်တာ ပေါ့....(မှန်ပါ့)။

ကိုစောမောင် ဖြစ်ပျက်တွေ မြင်ရဖန်များယင် ဘယ့်နှယ် ဖြစ်မလဲ....(ငြီးငွေ့ပါတယ်ဘုရား)။

ငြီးငွေ့တဲ့ ဉာဏ် ရအောင် ရှုပြီးသကာလ နေလိုက်တော့ အင်း....ဒါ နိဗ္ဗိန္ဒဉာဏ် တက်သွားပြီ၊ ကြားထဲ ဉာဏ်တွေလဲ ဒီထဲ အတွင်း-ဝင်သွားပြီနော်....(မှန်ပါ့)။

“နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိ”နိဗ္ဗိန္ဒန္တော=ငြီးငွေ့ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ=မဂ်ပေါ်လာ၏။

“ဝိရဇ္ဇတီတိ မဂ္ဂေါ” လို့.... အဋ္ဌကထာ ဆရာများဖွင့်သော ကြောင့် မလိုချင်တာ မဂ်ဘဲကွလို့ ဆိုသောကြောင့် ဒီ ဝိညာဏက္ခန္ဓာ ဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာ အစစ်ဘဲလို့ ဆုံးဖြတ်ချက် ချလိုက်လို့ ရှုယင် ဖျတ်ဆို ချုပ်သွားပြီ ကိုစောမောင်....

နိဗ္ဗာန်ပေါ်လာတယ်....(မှန်ပါ)မဂ် ပေါ်မလာဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီမဂ်ပေါ်လာတော့ကို ရှေ့မှာ ခန္ဓာကော ရှိသေးရဲ့လား....(မရှိပါဘုရား)ခန္ဓာလဲ မရှိဘူး၊နောက်က ကိလေသာကော....(မရှိပါဘုရား)။

အင်း....ဒီ ဉာဏ်ကလဲ ကိုစောမောင်ရေ ချုပ်သွားတော့ကို ရှေ့ပိုင်း ချုပ်လဲသွားပါရော ချုပ်တဲ့ နိဗ္ဗာန်ဘက်ကို သူ မလှည့်ဘူးလား....(လှည့်ပါတယ်ဘုရား)။

ဒါဖြင့် တကယ့် လောကုတ္တရာ သောတာပတ္တိမဂ်ကတော့ တကာ တကာမတို့ ရှေ့က ခန္ဓာလဲ စွန့်၊ နိဗ္ဗာန်ဘက်ကိုလဲ လှည့်တယ်....(မှန်ပါ) နောက်က ကိလေသာလဲ သေကျေတယ်....(မှန်ပါဘုရား)။

သူက သုံးချက်၊ ကိုစောမောင် ခုနင်က-ဟာနဲ့ တူသေးရဲ့လား....(မတူပါဘုရား)။

ကိလေသာ စွန့်၊ ခန္ဓာ စွန့်ပြီး ဒီ ဉာဏ် နိဗ္ဗာန်ဘက် ပြေးဝင်သွားတယ်....(မှန်ပါ) မောင်နိုင် မှတ်မိပလား....(မှတ်မိပါပြီ)။

ဘာတဲ့တုံး....(ကိလေသာစွန့်၊ ခန္ဓာစွန့်ပြီး နိဗ္ဗာန်ဘက် ပြေးဝင်သွားပါတယ်ဘုရား)။

သူက သုံးချက်၊ ခုနင်က ဝိပဿနာ မဂ်ကတော့....( နှစ်ချက်ပါဘုရား) ကိလေသာနဲ့ ခန္ဓာသာ စွန့်တယ်....(မှန်ပါ)။

အခု ဒီ သောတာပတ္တိမဂ်ကတော့ ဘာတဲ့....(နိဗ္ဗာန်ပါ ပြေးဝင်ပါတယ်ဘုရား)။

ကိလေသာ စွန့်....(ခန္ဓာစွန့်ပြီး နိဗ္ဗာန်ဘက် ပြေးဝင်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ရှေ့ကလဲ ဖြစ်ပျက်တွေ ရှိသေးရဲ့လား....မောင်နိုင်....( မရှိတော့ပါဘုရား ) မရှိတော့ ခန္ဓာစွန့်ပြီးသွား မကျဘူးလား....(ကျပါတယ်)နောက်က ကိလေသာလဲ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ လာသေးလား....(မလာပါဘုရား) ဒါဖြင့် ကိလေသာကော....(စွန့်ပါတယ်ဘုရား)။

အင်း-ကိလေသာ စွန့်တာက သူ့ ပယောဂနဲ့ စွန့်တာ မဟုတ်ဘူး၊ သူ လာတာနဲ့ ဟိုက နောက်ပိုင်းက မလာဘဲ နေလိုက်ရတာ....(မှန်ပါ့)။

ဒါဖြင့် ဒီဉာဏ်သည် ခုနင်ကတုန်းကတော့ သင်္ခါရ ဖြစ်ပျက်ကို အာရုံပြုနေတော့ ဖြစ်ပျက် မရှိတော့ သူ ဘယ်လှည့်သွား သတုံးမေးယင် ဘယ့်နှယ်ပြောမလဲ....(နိဗ္ဗာန်ဘက် လှည့်သွားပါတယ်) ဖြစ်ပျက်ဆုံးတဲ့ဘက် လှည့်သွားတယ်....(မှန်ပါ့)။

ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ဘက် မလှည့်ဘူးလား....(လှည့်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဪ....ဒါဖြင့် လောကုတ္တရာမဂ်က ( ၀၁ ) သောတာပတ္တိမဂ်ကတော့ ကိလေသာစွန့်, ခန္ဓာစွန့်ပြီးသကာလ နိဗ္ဗာန်ဘက် ပြေးဝင်သွားပြီ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ ပြောဘူ့ မလွယ်ပါဘူး ကိုစောမောင်ရေ.... ( မှန်ပါ့ ) လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

ဒီလိုဆိုတော့ ကိုစောမောင်တို့ကဘဲ စဉ်းစား၊ နောက်က တကာ တကာမတွေကဘဲ စဉ်းစားဉာဏ် ထုတ်လိုက်တာပေါ့....၊ ဪ....ဒီမဂ်က အခု ဆုံးအောင် လိုက်-လိုက်လို့ ဒို့ ရှေ့ဖြစ်ပျက်တွေကို မလိုချင်ဘူး၊ ဒါတွေ ဒုက္ခသစ္စာတွေဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိသွားမယ်ဆိုလို့ရှိယင် ဖြစ်ပျက်တွေဆိုတဲ့ ခန္ဓာတွေက

လဲ ပျောက်သွားမယ်၊ မပျောက်ပေဘူးလား....(ပျောက်ပါမယ်) ဉာဏ်ကလဲ ဘယ်ဘက်ရောက်သွားမလဲ....၊ ဖြစ်ပျက်ဆုံးတဲ့ဘက် ရောက်သွားမယ်၊ မရောက်ဘူးလား....(ရောက်သွားပါမယ်)။

ဉာဏ်က ဘယ်ဘက်ရောက်မလဲ--(ဖြစ်ပျက်ဆုံးတဲ့ဘက်ရောက် ပါမယ်ဘုရား)။

ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်မဟုတ်လား....( မှန်ပါ ) အဲဒီဘက် ရောက်မသွားဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီ ရောက်သွားတာနဲ့ မဂ်ဖြစ်နေတဲ့အတွက် နောက်က **ကို** လေသာကလဲ ခုနင်က ဝိပဿနာမဂ်ကတောင် လာခွင့်မပေးဘူး ဆိုတော့ သူက လာခွင့် ပေးသေးရဲ့လား....(မပေးပါ ဘုရား)။

မပေးတော့ ကိုစောမောင် ဒိဋ္ဌိ **ကိ**လေသာ-ဝိစိ**ကိ**စ္ဆာ **ကိ**လေ သာ- သီလဗ္ဗတပရာမာသ **ကိ**လေသာတွေ လာနိုင်သေးရဲ့လား-- (မလာနိုင်တော့ပါဘုရား)။

ဒါဖြင့် မဂ်သည် ဘာစွန့်လို့ ဘယ်ပြေးဝင်သတုံး ...(**ကိ**လေ သာစွန့်, ခန္ဓာစွန့်၍, နိဗ္ဗာန်ဘက် ပြေးဝင်ပါတယ်ဘုရား)။

နိဗ္ဗာန်ဘက်ကို ဉာဏ်ကလေး ပြေးဝင်သွားတယ်....(မှန်ပါ့) သေသေချာချာ မှတ်ပါ၊ ဒါ ဝိသုဒ္ဓိမဂ်မှာ သေသေချာချာ လာ တယ်... (မှန်ပါ့) မိလိန္ဒ **ပဉှာ**မှာလဲ သေသေချာချာ လာတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ပြန်ပြောဦးမယ် ကိုစောမောင်နော်.... (မှန်ပါ့)။

ဝိပ**ဿ**နာမဂ် ရှုနေတဲ့ ပုဂ္ဂိုလ်များကတော့ ဘာတဲ့....(ခန္ဓာနဲ့ **ကို**လေသာစွန့်ပါတယ်) ခန္ဓာနဲ့ **ကိ**လေသာ စွန့်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကိုင်း ဒါဖြင့် ခန္ဓာလဲ စွန့် - ကိလေသာလဲ စွန့်၊ ဦးဘရှင်း ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကဲ....ဒါဖြင့် တပည့်တော်ဖြင့် အဆုံးဘဲ လိုက်ပါတော့မယ်-ဘုရား၊ ဖြစ်ပျက် ဆုံးသည့်တိုင်အောင် တပည့်တော် ရှုနေပါတော့မယ်ဆိုတော့ ကဲ....ဆုံးသွားပြီ ကိုစောမောင်ရေ.... (ခန္ဓာလဲ စွန့်- ကိလေသာလဲ စွန့်- နိဗ္ဗာန်ဘက်လည်း ပြေးဝင်ပါတယ်) နိဗ္ဗာန်ဘက်လဲ ပြေးဝင်သွားတယ်....(ပြေးဝင်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စိတ်ဟာလဲတဲ့ အာရုံ တခု မရှိလို့ရှိယင် နေလို့ဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)။

ခုနင်ကတုန်းက ဖြစ်ပျက်နဲ့ နေတယ်....( မှန်ပါ့ )အခုတော့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်နဲ့ နေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန် ဝေးသလား....၊ နီးသလား မေးကြယင် ကိုစောမောင် ဘယ့်နှယ်ဖြေမလဲ....(နီးပါတယ်ဘုရား)။

နီးလျက်နဲ့ ဘယ့်နှယ်ကြောင့် တကာ တကာမတွေ မရောက်ကြပါလိမ့်မတုံး ဆိုတော့ ဝိပဿနာမဂ် မစလို့ လောကုတ္တရာမဂ်က မလာနိုင်ဘူး....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဘာ မစလို့တဲ့....(ဝိပဿနာမဂ် မစလို့ပါဘုရား)။

ဝိပဿနာမဂ်မှ မစလို့ရှိယင်ဖြင့် ဝိပဿနာမဂ် မစတဲ့ပုဂ္ဂိုလ်ဟာ ဘယ်နည်းနှင့်မှ လောကုတ္တရာမဂ်ကို....(မရပါဘုရား)။

ဘာ့ကြောင့်တုံး ဆိုတော့ မောင်နိုင် စဉ်းစားလိုက်နော်.... အနန္တရပစ္စယောလို့ နှလုံးသွင်းလိုက်စမ်း၊ တကာ တကာမတို့ ရွတ်လိုက်စမ်း ဒီပါဠိ....(အနန္တရပစ္စယောပါဘုရား)။

မြန်မာလို ပြန်လိုက်ပါဦး....( အခြားမရှိမူ၍, ကျေးဇူးပြု တယ် ) အခြား မရှိမူ၍, ကျေးဇူး ပြုတယ်....တဲ့၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာမဂ်က ချုပ်သွားမှ လောကုတ္တရာမဂ် ပေါ်မှာ.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာမဂ် ဆုံးမှ....(လောကုတ္တရာမဂ် ပေါ်မှာပါ)အခြား ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ ဝိပဿနာမဂ် မပါဘဲနဲ့ ဘယ်ကလာ လောကုတ္တ ရာမဂ် ရမှာတုံး....(မရနိုင်ပါဘုရား)။

ဒါဖြင့် ဝိပဿနာ မရှုတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရချင်ပါတယ်လို့.... ငိုနေ....(မရနိုင်ပါဘုရား) တောင်းချင်တဲ့ ဆုတောင်းပြည့်ဘုရား အောင်တောင်း....(မရနိုင်ပါ ဘုရား) မရနိုင်ဘူးဆိုတာ သေချာပ လား....(သေချာပါပြီ)။

အဲဒါ ယနေ့ အကြီးအကျယ် ဆုံးဖြတ်ချက် ချပေးတယ် ဆို တာ ဒီ အနန္တရပစ္စည်းနဲ့ဆုံးဖြတ်ချက် ချပေးတာ....(မှန်ပါ့)ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ သံယုတ်အဋ္ဌကတာမှာလဲ ဒီအတိုင်းဘဲ လာပါတယ်၊ ဝိသုဒ္ဓိမဂ်မှာလဲ ဒီအတိုင်းဘဲ လာပါတယ် ကိုစောမောင် .... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန် လိုချင်လို့ရှိယင်ဖြင့် ဝိပဿနာ မဂ်ကို ရှေ့ထား လုပ်ရလိမ့်မယ်....( မှန်ပါ့ ) ဝိပဿနာမဂ် ရှေ့ မထားဘဲနဲ့ နောက်ကနေ သောတာပတ္တိမဂ်ကြီး လိုက်လာလိမ့် မယ်ဆိုတာဖြင့် အယူမရှိပါနဲ့....(မှန်ပါ့)။

ဘယ်တော့မှ....( လိုက်မလာပါဘုရား ) ဘာဖြစ်လို့တုံး.... ရှေ့က အနန္တရပစ္စည်းရှိမှ အနန္တရပစ္စုပ္ပန်က လာရမှာ.... (မှန်ပါ့ဘုရား )။

ဝိပဿနာမဂ် ချုပ်မှ လောကုတ္တရာမဂ်က လာရမှာ၊ဝိပဿနာမဂ် မချုပ်သ၍ ဘယ်တော့မှ မလာဘူးတဲ့....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမဂ် ချုပ်အောင်လဲ ဝိပဿနာ ရှုမှာဘဲ ဝိပဿနာမဂ်ကလဲ ချုပ်မှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီနေရာမှာ ခင်ဗျားတို့ ဝိပဿနာမဂ်ကို ဘယ်လောက် တပည့်တော်တို့ အကြိမ်ပွါးရမှာတုံး....မေးဘို့ မလိုဘူးလား .... (လိုပါတယ်) လောကုတ္တရာမဂ်ကလဲ အကြိမ်ဘယ်လောက် ပွါးရမှာတုံး မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

လိုတော့ ဘုန်းကြီး ဒီနေ့ ကျကျ-နန ရှင်းပေးပါမယ်တဲ့....၊ ဝိပဿနာမဂ်ကတော့ဖြင့် ခင်ဗျားတို့ အကြိမ်များစွာ ပွါးရလိမ့်မယ်....(မှန်ပါ့)လောကုတ္တရာမဂ်ကတော့ တကြိမ်ဘဲ သူ့ဟာသူ လာမယ်၊ နှစ်ကြိမ်မလာဘူး၊ သဘောကျပလား.... (ကျပါပြီ) "မဂ္ဂါဘိညာ သကိံ မတာ"လို့ ဆိုထားတဲ့အတွက် မဂ်ဇော၊ အဘိညာဏ်ဇောတို့ တကြိမ်ဘဲ လာတယ်....(မှန်ပါ့)။

ဒါဖြင့် မဂ်ဘာဝေတဗ္ဗကိစ္စဆိုတာ ဝိပဿနာမဂ်ကိုဆိုတာ.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မဂ်ဟာ ဘာဝေတဗ္ဗကိစ္စဆိုတာ ဘယ်မဂ်ကို ဆိုတာပါလိမ့်-( ဝိပဿနာမဂ်ကို ဆိုတာပါဘုရား ) လောကုတ္တရာမဂ်ကတော့ ဘယ်နှစ်ကြိမ်သာ လာသတုံး.... ( တကြိမ်သာ လာပါတယ် ဘုရား )။

တကြိမ်သာ လာတယ်၊ နောက် ဘယ်တော့မှ မလာတော့ဘူး .... ( မှန်ပါ့ ) သောတာပတ္တိမဂ် - ဟာ တကြိမ် ပေါ်ပြီး ဘယ်တော့မှ မလာတော့ဘူး၊ သူ လာလို့ရှိယင် နောက် ပွါးလို့ရှိယင် သကဒါဂါမိမဂ်ဘဲ လာမယ်....(မှန်ပါ့) သူကလဲ တကြိမ်နဲ့ ပြီးတာဘဲ၊ နှစ်ကြိမ်ဖြစ်ဘို့ မလိုဘူးတဲ့ ကိုစောမောင်ရဲ့ (မှန်ပါ့)တကြိမ်နဲ့ အပါယ်လေးပါး တံခါးပိတ်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်၊ နှစ်ကြိမ် ပိတ်မနေရဘူးတဲ့၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကြိမ်နဲ့ဘဲ....(အပါယ်လေးပါး တံခါးပိတ်ပါတယ်)။

ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဆိုတဲ့ အပါယ်သွားကြောင်းတွေကို တကြိမ်နဲ့ အကုန်ပယ်ချလိုက်တယ်....( မှန်ပါ့ ) နှစ်ကြိမ်လုပ်နေယင် အပိုဘဲတဲ့....(မှန်ပါ့) သတ်စရာ မရှိဘူးတဲ့၊ ရှိသေးရဲ့လား....(မရှိပါဘုရား)။

တကြိမ်တည်းနဲ့ သတ်လို့ သေပေါ့ ကိုစောမောင် နှစ်ကြိမ် သတ်စရာ....(မလိုတော့ပါဘုရား)။

အဲဒါကြောင့် သူ့ ဘယ်နှစ်ကြိမ်တဲ့တုံး....လောကုတ္တရာမဂ်က ( တကြိမ်ပါဘုရား )ဝိပဿနာမဂ်ကတော့....( အကြိမ်ကြိမ်ပါဘုရား )။

အကြိမ်များစွာ ပွါးရမယ်ဆိုတော့ ခင်ဗျားတို့က မဂ်ဆိုတာ ပွါးရမှာကွလို့ ဆိုငြားသော်လဲ မခွဲတတ်ဘူး....( မှန်ပါ့ ) အခုတော့ ခွဲတတ်ပလား....(ခွဲတတ်ပါပြီ) ဘယ်မဂ် ပွါးရမှာတုံး.... (ဝိပဿနာမဂ် ပွါးရမှာပါ) လောကုတ္တရာမဂ်ကျတော့-(တကြိမ်ပါဘုရား)။

တကြိမ်ဆိုတော့ ပွါးဆိုတဲ့ အဓိပ္ပါယ်နဲ့ သုံးလို့ ရသေးသလား (မရပါဘုရား) အဲ....လောကုတ္တရာမဂ်ကတော့ တကြိမ်ဘဲ လာမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲ .... ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာမှာ သေသေချာချာ ဖွင့်တယ်ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ရှုစရာကော ဒွါရခြောက်ပေါက်မှာ တွေ့ပါပလား....( တွေ့ပါပြီ )ရှုကော ရှုတတ်ပါပလား....(ရှုတတ်ပါပြီဘုရား)။

ရှုတဲ့ ကျေးဇူးကလဲ ဝိပဿနာမဂ်က ကျေးဇူး ဘယ်နှစ်ခု ရသတုံး....(နှစ်ခုရပါတယ်) လောကုတ္တရာမဂ် ဆိုက်သွားတော့ ဘယ်နှစ်ခု ရသလဲ....(သုံးခု ရပါတယ်ဘုရား)။

သုံးခု ရသွားတယ်ဆိုတော့ ကိုစောမောင် ဒီနေ့ နံနံနောနော အဘိုးတန်တာမဟုတ်ဘူး....( တန်ပါတယ်ဘုရား )။

တကာ တကာမတွေ ဒီနေ့နာရတဲ့ ပုဂ္ဂိုလ်တွေမှာ နံနံနောနော အဘိုးတန်သလား....၊အကြီးအကျယ် တန်သလား....(အကြီးအကျယ်တန်ပါတယ်ဘုရား)။

ခင်ဗျားတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး လာလို့ရှိယင် ဝိပဿနာ ရှုကြဘဲ ပောမယ်၊ ဒီလိုတောင် သိပ် ဝေဘန်နေမှာ မဟုတ်ဘူး....(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါတောင်မှ ကိုယ်တော်ကြီးက တော်တော်နဲ့ လာတာမဟုတ်ဘူး၊ မင်းတို့ ဉာဏ်တော်တော်ရင့်မှ ကဗျာကရာ လာလိုက်တာ-(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီလို ဝါးလုံးရှည်ရှည်နဲ့ ရမ်းတယ်လို့ အောက်မေ့မနေနဲ့.... (မှန်ပါ့) အခုဟာက ဘယ်သူပါပါ ရမ်းတဲ့ အဓိပ္ပါယ်....(မှန်ပါ့ဘုရား)။

ဘုရားကတော့ မဟုတ်ဘူး၊ နေနေသေးယင် ငါသွား အလကားဘဲဆိုပြီး ရင့်တဲ့ ဇုဂ္ဂိုလ်ဆီ လှည့်သွားတာ....( မှန်ပါ့ )နုတဲ့ ပုဂ္ဂိုလ်ဆီ သွားရဲ့လား၊ မသွားပါဘုရား၊ ရှင်းပလား(ရှင်းပါပြီဘုရား)။

အဲဒီတော့ ရှုနည်းကလေး တကာ တကာမတွေကို ပြောပါမယ်တဲ့၊ ရှုနည်းကလေးက နာရီကျန်နေတယ် ကိုစောမောင်ရဲ့ ငါးမိနစ်....(မှန်ပါ့)။

ကျန်နေတော့ ရှုနည်းကလေးက သြော်....အခု ရှုခိုင်းတာ ဘုရားကလဲ ရှုခိုင်းတာ၊ ဘုရား၏ တပည့်သားကလဲ ရှုခိုင်းတာ ဘုရား အဆုံးအမ လိုက်နာပြီးတော့ ဆိုပြီး ယုံယုံကြည်ကြည်.... ကိုယ်တော်မြတ်ကြီးဥာဏ်ကို ခင်ဗျားတို့ ယုံကြည်ပါ....(မှန်ပါ့) ကိုယ်တော်မြတ်ကြီး ဥာဏ်နဲ့ ဟောထားတာ....(မှန်ပါ့)။

အဲဒီတော့ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်ကို ယုံကြည်ပါ-(မှန်ပါ့) ယုံကြည်ပြီးသကာလ ကိုယ့်ပညာကလေးနဲ့လဲ ဆရာပေးထားတဲ့ ပညာနဲ့ ကြည့်ပါ။

ဘုရားအပေါ် ယုံကြည်ပြီး ကိုယ့်ပညာနဲ့ ကြည့်ပါ-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားအပေါ်ကို....(ယုံကြည်ရပါမယ်)ပြီးတော့ ကိုယ့်ပညာနဲ့....(ကိုယ်ကြည့်ရပါမယ်ဘုရား)။

အဲဒီတော့ သဒ္ဓါနဲ့ ပညာ ညီပါစေ....(မှန်ပါ့)သဒ္ဓါလဲ ဘုရားဆီ ကြည်ညိုတာ မလွန်စေနဲ့၊ ဘုရားကြည်ညိုတာလွန်ယင် ပညာ

က နောက်ဆုတ်သွားမယ်....(မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးတဲ့....(မှန်ပါ့)။

ဘုရား အကြည်ညိုလွန်ယင်....(မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ပါဘုရား) ဝက္ကလိကို နှင်ပြစ်တာ ကြည့်နော်....(မှန်ပါ့)။

အကြည်ညိုလွန်တာနဲ့ ဘာဖြစ်နေသတုံး....(မဂ် ဖိုလ် မရနိုင်ပါဘုရား) ပညာက နောက်ဆုတ်နေတယ်....( မှန်ပါ့ )သဒ္ဓါက....(လွန်နေပါတယ်ဘုရား)။

သဒ္ဓါက လွန်နေလို့ အဲဒါကြောင့် ခင်ဗျားတို့ ဘုရား....မကြည်ညိုနဲ့လို့ ဟောတာမဟုတ်ဘူး၊ အကြည်ညိုလွန် မဂ်မရဘူး (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီ)ဘာ့ကြောင့်တုံး သဒ္ဓါ့ပညာ မညီလို့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုယူရမလဲ....(သဒ္ဓါ ပညာ မညီလို့ပါဘုရား)။

အဲ....နိဗ္ဗာန်လိုချင်လို့ရှိယင် သဒ္ဓါ ပညာ ညီရမယ်--(မှန်ပါ့) သဒ္ဓါကလဲ ဘုရားဂုဏ်တော် သိပ်ပြီး ယုံကြည်ရမယ်....(မှန်ပါ့) ပညာကလဲ ယုံကြည်တဲ့အတိုင်း ဘုရားက ဟောဒီမှာ မြင်စိတ်ကလေး ဖြစ်ပျက်တဲ့၊ ကြားစိတ်ကလေး ဖြစ်ပျက်တဲ့ ဆိုယင် ခင်ဗျားတို့ ဉာဏ်ကလဲ အဲဒီ ဖြစ်ပျက်ဆီကို သွားစိုက်ရမယ်(မှန်ပါ့) သဒ္ဓါကလဲ ယုံယုံကြည်ကြည်နဲ့ ဒီ ဖြစ်ပျက်ဆီမှာ သွားစိုက်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလို နှစ်ခု ညီလိုက်လို့ရှိယင် သဒ္ဓါပညာ ညီရင်လဲ ခဏကလေးနဲ့ ရမယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါက ဣန္ဒြေ ညီတာလို့ ခေါ်တယ်....( မှန်ပါ့ ) သဒ္ဓိန္ဒြေနဲ့ ပညိန္ဒြေ ညီတာ....(မှန်ပါ့)။

ပြီးတော့ကို အကယ်၍ ဒီနှစ်ခုမှာ နှားနှစ်ကောင်ကို ကြိုးစုံ ကိုင်မောင်းတော့ ကိုစောမောင် တကောင်မှ မလွှန်ရသလိုပေါ့ဗျာ၊ သူတို့ နှစ်ခု တခုလွန်သွားယင် သဒ္ဓါလွန်သော် ဟိုဘက်ကို ခင်တဲ့ဘက် လှည့်သွားတယ်....(မှန်ပါ့) ဘုရားအပေါ် ခင်တဲ့ဘက် လှည့်သွားတယ်....(မှန်ပါ့)။

ပညာက ရှေ့ ချွန်ထွက်သွားပြန်လဲ ကောက်ကျစ်တဲ့ဘက် လှည့်သွား တယ်....(မှန်ပါ့)။

သူတို့နှစ်ခု ညီနေအောင်ထားရမယ်၊ ဖြစ်ပျက်ဆီကို ဖြစ်ပျက်ဆီကို....(မှန်ပါ့)။

တကာ တကာမတို့ ဖြစ်ပျက်ဆီကို ဘယ်သူဟာ ညီအောင် ထားရမှာတုံး....(သဒ္ဓါနဲ့ ပညာပါဘုရား) အဲ.... ညီအောင်ထားဦးဘရှင်း၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ငါ ဘယ့်နှယ်ကြောင့် မရသေးပါလိမ့်ဆို ဒါ မညီသေးလို့ မှတ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....တခု ပြောလိုက်ဦးမယ်၊ ဝီရိယနဲ့ သမာဓိ၊ သူ့တို့လဲ စုံလွှတ်ရမယ်....(မှန်ပါ့)။

ဝီရိယကလေးကလဲ ကိုစောမောင် အားထုတ်ရမယ်၊ ဖြစ်ပျက်ရှိတဲ့ဘက်ကို... (မှန်ပါ့) သမာဓိကလဲ ဖြစ်ပျက်ရှိတဲ့ဘက်ကို တည့်ရမယ်၊ မောင်နိုင် သဘောကျပလား....(ကျပါပြီဘုရား)။

ဝီရိယနဲ့ သမာဓိကကော....(မျှရပါမယ်) ညီရမယ်။

ဘယ်ဘက် လှည့်ညီ ရမှာပါလိမ့်....( ဖြစ်ပျက်ရှိတဲ့ဘက်ပါ ) ဖြစ်ပျက် ရှိတဲ့ဘက်ကို ညီနေအောင်လွှတ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဖြစ်ပျက် ရှိတဲ့ဘက် ဘယ်လိုလုပ်ရမယ်....(ညီအောင်လုပ်ရပါမယ်ဘုရား)။

အဲဒီတော့ သူတို့နှစ်ခု ဝီရိယက ရှေ့ချွန်ထွက်သွားပြန်လို့ ရှိယင်လဲ ဥဒ္ဒစ္စဘက် သွားလိမ့်မယ်တဲ့၊ မဂ် မရပေဘူးတဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

သမာဓိက လွန်သွားပြန်လို့ရှိယင်လဲ ပျင်းရိတဲ့ဘက် ထိနမိဒ္ဓဘက် သွားလိမ့်မကွ....တဲ့....(မှန်ပါ့) သူတို့နှစ်ခု မလွန်စေနဲ့တဲ့....ဖြစ်ပျက် ရှိတဲ့ဘက်ကို....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကဲ....သဒ္ဓါ ပညာကော မောင်နိုင်....(ညီရပါမယ်)ဘယ်ဘက် လှည့်ညီရမှာတုံး(ဖြစ်ပျက် ရှိတဲ့ဘက်ကိုပါ)ဝီရိယနဲ့ သမာဓိကော (ဖြစ်ပျက်ရှိတဲ့ဘက် လှည့်ညီရပါမယ်ဘုရား)။

အဲ....အဲဒီတော့"သဒ္ဓိန္ဒြေ- ဝီရိယိန္ဒြေ- သမာဓိန္ဒြေ- ပညိန္ဒြေ" ဆိုတာ ဣန္ဒြေလေးပါး ပြီးသွားပြီ....(မှန်ပါ့)။

အဲဒီတော့ သတိတလုံး ကျန်သေးတယ်၊ သတိကတော့ ဒီအပေါ်မှာ, လေးခုစလုံးအပေါ်မှာ အကုန်ချုပ်တယ်....(မှန်ပါ့) **သတိက** မလစ်စေနဲ့၊ လာသ၍ ရှုမဟဲ့၊ မောင်နိုင် သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....သတိကတော့ဖြင့် ခုနင်ကဟာတွေလို လွန်တယ်လို့ မရှိဘူး....(မှန်ပါ့) သူကတော့ အမြဲတမ်းစောင့်ပြီး ရှုနေရမယ်-(မှန်ပါ့)။

အမြဲတမ်းစောင့်နေရမယ် သတိက....(မှန်ပါ့)ဒီအထဲမှာ ဖြစ်ပျက်မြင်တာကတော့ ပညာတလုံးတည်း မြင်တာ....( မှန်ပါ့ ) ဒီ့ပြဝ်ဟာတွေက အကူအညီချည့် မှတ်လိုက်....(မှန်ပါ့)။

သဒ္ဓါကကော...( အကူအညီပါ ) ဝီရိယနဲ့ သမာဓိကော.... (အကူအညီပါ)သတိကကော....(အကူအညီပါဘုရား)။

အကူအညီဘဲတဲ့၊ သို့သော်....ပညာ့ အခြံအရံတွေ....(မှန်ပါ့) ရှင်းပလား....(ရှင်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီနေ့ညမှာ ဘာနဲ့ဘာ ညီရမတုံး ဝိပဿနာ ရှုတဲ့ ပုဂ္ဂိုလ်မှာ....(သဒ္ဓါနဲ့ ပညာ ညီရပါမယ်)ပြီးတော့ကော—(ဝီရိယနဲ့ သမာဓိ ညီရပါမယ်) သတိဘယ်တော့မှ မလစ်စေနဲ့ (မှန်ပါ့) ဒါကလေး နောက်က ချုပ်ပေးပါ....(မှန်ပါ့)။

တကာ တကာမတွေ တခေါက် ပြန်ပြောစမ်း.... (သဒ္ဓါနဲ့ ပညာ ညီရမယ်၊ ဝီရိယနဲ့ သမာဓိ ညီရပါမယ်ဘုရား) သတိကို.... (မလစ်စေရပါ) သတိကို ဘယ်တော့မှ မလစ်လေနဲ့....(မှန်ပါ့ဘုရား)။

ဒီ ငါးပါး ညီလို့ရှိယင်ဖြင့်ကွာ....တဲ့ ဣန္ဒြေ မျှတဲ့အတွက် ငါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ်လို့ သေသေချာချာ ဟောတယ်--တဲ့ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်လဲ ရှင်းပြီ....(ရှင်းပါပြီ)လောကုတ္တရာမဂ်ကော....(ရှင်းပါပြီဘုရား)ရှုနည်း, ညီနည်းကော....(ရှင်းပါပြီဘုရား)။

ရှုနည်း ညှိနည်းလဲ ရပြီဆိုတော့ ဘာလိုသေးသတုံး - ကိုစောမောင်....(မလိုပါဘုရား)။

ကဲ....ဒီနေ့ည အတွက်မှာ အတော် အဘိုးတန်သွားပြီ....(တန်ပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....၊

သာဓု....သာဓု....သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**ခန္ဓာကိုယ်ကို သစ္စာမျက်လုံး တစ်ကြည့်ရမည့်**

# ညအလုပ်ပေးတရားတော်

( ၁၇ - ၆ - ၆၂ )

ဆုပေးလိုက်တယ်လို့ ကိုစောမောင်တို့နော်....(မှန်ပါ့)ဘယ်လို ပေးလိုက်သတုံးဆိုတော့ မအို့ မသေ့ အမြဲနေသော နိဗ္ဗာန်သို့ရောက်ပါစေ၊ နိဗ္ဗာန်ဆိုတာ မအို့ မသေ အမြဲနေတာလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့) ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်ဆိုတော့ ဒုက္ခဆိုတာ ဘာမှ မရှိတဲ့ နိဗ္ဗာန်လို့ မှတ်လိုက်တာပေါ့.... (မှန်ပါ့)။

ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာငြိမ်းရာ သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတာလဲ ခန္ဓာကိုယ်ထဲမှာ အပူခေတ် အလောင်ခေတ်တွေ အကုန်ကုန်တာကို ဆိုတယ်....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်ဟာ အားလုံး တကာတကာမတွေ့ မှတ်ထားတာပေါ့ ချမ်းသာသက်သက် တခုတည်းဘဲကိုးလို့.... ( မှန်ပါ့ဘုရား )။

ဘာပါလိမ့်....(ချမ်းသာသက်သက် တခုတည်းပါဘုရား)။

ချမ်းသာသက်သက် တခုတည်းလို့ မှတ်ထားတော့ ဩော်.... ဒါရမှ အေးမှာဘဲ၊ဒါမရသရွေ့ ကာလပတ်လုံး ငါတို့သည်ကား လို့ ဆိုယင်ဖြင့် ဒုက္ခခပ်သိမ်းနဲ့လဲ ကြုံရမယ်၊ ကိလေသာ အပူ ဓာတ်၊ အလောင်ဓာတ်တွေကလဲ ခန္ဓာကိုယ်ထဲ လောင်လိမ့်မယ်- အိုမှု၊ သေမှု၊ နာမှုတွေကလဲ အမြဲနှိပ်စက်လိမ့်မယ်လို့ မဆိုထိုက် ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်သည် ဘယ်သဘောသတ္တိ ရှိသတုံး လို့ မေးလို့ရှိယင်ဖြင့် မအို၊ မသေ၊ အမြဲနေသော သဘောသတ္တိ ရှိ တယ်၊ဒုက္ခခပ်သိမ်း ကင်းငြိမ်းခြင်းသဘောသတ္တိ ရှိတယ်၊ ထောင့် ငါးရာ ကိလေသာဆိုတဲ့ အပူဓာတ်၊ အလောင်ဓာတ်တွေ ငြိမ်း သတ်ရာ အရပ်လဲ ဖြစ်တယ်၊ နိဗ္ဗာန်၏ ဂုဏ်ပုဒ်တွေနော်( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်ရအောင် လုပ်ပါလို့ တိုက်တွန်းလိုက် မယ်၊ နိဗ္ဗာန်မရသေးလို့ရှိယင် တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာ.... အမိ နို့ရည်သောက်ပြီး နေရ တာ ခင်ဗျားတို့ နောက်ကို သမုဒ္ဒရာလေးစင်းရေလောက်သောက် ရဦးမယ်....( မှန်ပါ့ )သောက်ရတယ်ဆိုကတည်းက သေဦးမှာဘဲ ကိုစောမောင်....(မှန်ပါ့)သောက်လိုက်-သေလိုက်၊ သောက်လိုက်- သေလိုက် နေဦးမှာဘဲ....(မှန်ပါ့)။

ဒါငါဘုရားသခင် ကိုယ်တော်မြတ်ကြီးကွာ....တဲ့ လူဖြစ်တဲ့ ဘဝ ပြောတာဟေ့....တဲ့၊ အမိ နို့ရည် မသောက်ဘဲနဲ့ သေတဲ့ ဘဝတွေ ငါ ထည့်မပြောသေးဘူးတဲ့....(မှန်ပါ့)။

ဦးဘရှင်း ဘယ်လောက်များ သံသရာရှည်သတုံး....(ရှည်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဆရာကလဲ လမ်းညွှန်ပြီးသကာလ နေတယ်၊ ခင်ဗျားတို့ကလဲ ဖြောင့်ဖြောင့် လိုက်ပြီးသကာလ ဒီဘဝနဲ့ အပြတ်လုပ်ပါလို့ ပြောလိုက်တယ်-(မှန်ပါ့)။

ဒုက္ခ ဆက်ချင်ကြသေးသလား....(မဆက်ချင်ပါဘုရား) ဒုက္ခလဲ မဆက်ချင်ပါနဲ့ဆိုတာ သတိပေးလိုက်တယ်၊ကိလေသာ အပူဓာတ်တွေလဲ နောက်ထပ် မလောင်ပါစေနဲ့ ဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့)မပေးထိုက်ဘူးလား... ( ပေးထိုက်ပါတယ်ဘုရား )။

အဲဒီတော့ နိဗ္ဗာန်လိုချင်လို့ရှိယင် ခုနင်က အသေဓာတ်တွေ လွတ်ချင်လို့ အပူဓာတ်တွေအလောင်ဓာတ်တွေ ငြိမ်းသတ်ချင်လို့ ရှိယင်ဖြင့်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ဒါကလေး မှတ်ထားပါကွာ....တဲ့၊ "အာရောဂျံ ပရမံ လာဘာ" ကလေး မှတ်ထားလိုက်စမ်းပါ။

"အာရောဂျံ ပရမံ လာဘာ၊နိဗ္ဗာနံ ပရမံ သုခံ"တဲ့ ကိုစောမောင်နေဘ်....(မှန်ပါ့)။

အာရောဂျံ = အနာ ကင်းခြင်းသည်၊ ပရမံ = မြတ်သော၊ လာဘာ=လာဘ်ကြီး တခုဘဲ၊ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ ပရမံ=လွန်ကဲသော၊ သုခံ=ချမ်းသာအစစ်ဘဲ။

အနာကင်းခြင်းဟာ လာဘ်ကြီး တခုပေါ့ဗျာ၊ ချမ်းသာဆုံးဟာ နိဗ္ဗာန်ဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

"အင္ဋင်္ဂိကော စ မဂ္ဂါနံ၊ ခေမံ အမတဂါမိနံ" ဆိုတဲ့ အတိုင်း တဲ့ မဂ္ဂင်ရှစ်ပါး တရားသည် နိဗ္ဗာန်ရောက်ကြောင်းတရား အစစ် လို့ မှတ်လိုက်....(မှန်ပါ)။

ဒါဖြင့် အနာကင်းခြင်းဟာ မောင်နိုင် လာဘ်ကြီးတခု.... (မှန်ပါ)။

ကိုပေါ် အနာကင်းခြင်းဟာ....(လာဘ်ကြီးတခုပါဘုရား) လာဘ်ကြီးတခုလို့ မှတ်ထားလိုက်စမ်းပါ။

"နိဗ္ဗာနံ ပရမံ သုခံ" တဲ့ နိဗ္ဗာန်မှာ အနာမရှိဘူးဆိုတဲ့ ဥစ္စာ ကော ရှင်းသွားပလား....(ရှင်းသွားပါပြီ) ဘယ်လို လုပ်သွားရ မှာတုံးဆိုတော့ "အင္ဋင်္ဂိကော စ မဂ္ဂါနံ" မဂ္ဂင်ရှစ်ပါးနဲ့ သွားပါ ကွာ....တဲ့။

ဘယ်ရောက်မှာတုံးဆိုတော့ ခုနင်က "ခေမံ အမတဂါမိနံ" ဆိုတော့ အနာကင်းတဲ့ နိဗ္ဗာန်ရောက်ပါလိမ့်မယ်-ဆိုတော့ ဒီနေ့ ည ဟောရမည့် တရားက မာဂဏ္ဍီပုဏ္ဏားကြီးကို ဒီဂါထာရွတ် လိုက်တော့ မောင်နိုင် မာဂဏ္ဍီပုဏ္ဏားကြီးက ဒီဂါထာ ရထား တယ်....(မှန်ပါ)။

ဒီဂါထာ ရထားတော့ ဟာ....အရှင်ကြီး ဂေါတမ နေရာ ကျလိုက်တာ၊ ဒီဂါထာကို ကျုပ်လဲ ရထားတယ်၊ ရထားတာက ကိုစောမောင် ကဿပမြတ်စွာဘုရား လက်ထက်က ဂါထာ.... (မှန်ပါ)။

သူက ဂေါတမဘုရား လက်ထက်ကျအောင် ရထားတယ်.... (မှန်ပါ) ရထားတာက ပုဏ္ဏားပညာရှိတွေ အဆင့်ဆင့်ဆောင် လာတာနဲ့ ဒီဂါထာက အခုထက်ထိ ကျန်နေတယ်....၊ ဂေါတမ ဘုရား လက်ထက်ကျအောင်....(မှန်ပါ)။

သို့သော်လဲ အယူအဆက လွဲနေတယ်၊ "အာရောဂျံ ပရမံ လာဘံ"လို့ ဘုရားက ရွတ်လိုက်တော့ သူက သဘောကျတယ် ဩော်....ကျုပ်ဟာ အနာကင်းတဲ့ ပုဂ္ဂိုလ်ဘဲလို့ ခန္ဓာကိုယ်ကြီးကို သူက ပြောလိုက်တယ်....(မှန်ပါ့)။

"နိဗ္ဗာနံ ပရမံ သုခံ"ဆိုတော့ အို....ကျုပ် အနာကင်းနေတာ နိဗ္ဗာန်ဘဲ....တဲ့၊ သူ့ ခန္ဓာကိုယ်ကြီးကို နိဗ္ဗာန်ယူလိုက်တယ် (မှန်ပါ့) အယူက မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

"အာရောဂျံ ပရမံ လာဘံ"လဲ သူ့မှာ အနာ မရှိပါဘူးတဲ့ ဒီ ခန္ဓာကိုယ်ကြီးဘဲတဲ့၊ အခု ကျန်းမာလို့ အရှင်ဘုရားများနဲ့ ပြောနိုင်၊ဆိုနိုင် တရားနာနိုင်တာပေါ့ဆိုတော့ သူ့ ခန္ဓာကိုယ်ကြီးကို ကျန်းမာတယ်လို့ ယူလိုက်ပြန်တယ်....(မှန်ပါ့)။

"နိဗ္ဗာနံ ပရမံ သုခံ"ကို ဘုရားက ဆက်ရွတ်လိုက်ပြန်တော့လဲ ဩော်....ကျုပ် ကျန်းမာနေတာဟာ နိဗ္ဗာန်ဘဲ၊ ဒါ ချမ်းသာနေတာဆိုတော့ ဒီ ခန္ဓာကိုယ်ကြီးဘဲ ယူလိုက်ပြန်တယ် ဦးဘရှင်းရဲ့....(မှန်ပါ့)။

ခန္ဓာကြီး ဘယ်နှစ်ချက် ရှိပြီလဲ ယူလိုက်တာ....(နှစ်ချက်ရှိပါပြီဘုရား)။

အနာကင်းတာလဲ မိမိခန္ဓာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) နိဗ္ဗာန်ဆိုတာလဲ....(မိမိခန္ဓာပါဘုရား)။

မိမိခန္ဓာဘဲလို့ ယူလိုက်တော့ မာဂဏ္ဍီ ပုဏ္ဏားကြီးက ဒီလို သဘောကျပြီးသကာလနေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟ....မာဂဏ္ဍီပုဏ္ဏားကြီး....

အာရောဂျံ ပရမံ လာဘံ၊
နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊
ခေမံ အမတဂါမိနံ။

လို့ ငါ ရွတ်လိုက်တဲ့ ဂါထာသည်ကားလို့ ဆိုလို့ရှိယင် မင်းက မင်းကိုယ်ကြီးဟာ အနာကင်းတာဘဲ၊ မင်းကိုယ်ကြီးဟာ နိဗ္ဗာန်ဘဲလို့ ယူလိုက်တာ မင်းက ကွာ....တဲ့ မျက်စိနှစ်ကွင်း အလင်း မရတဲ့ ပုဂ္ဂိုလ်နဲ့ တူလိုက်တာ။

ဘယ်နှယ်ကြောင့် မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်နဲ့ တူပါလိမ့်မတုံးဆိုတော့ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်ဟာ ကွာ....တဲ့ သူတပါးက အိုးမဲတွေနဲ့ သုတ်ထားတဲ့ အဝတ်ကို ဝတ်ခိုင်းတယ်၊ ဝတ်ပြီးသကာလ ဟောဒီ အဝတ်ဟာ အင်မတန် ဖြူစင်ပါတယ်လို့ မျက်စိမြင်တဲ့ လူက ပြောတော့ မျက်စိ နှစ်ကွင်း အလင်းမရတဲ့ လူက ဆီသုတ်တဲ့ အဝတ်ကို ဝတ်ပြီးသကာလဒီအဝတ်နဲ့ သူနဲ့ လိုက်တယ်,လိုက်တယ်လို့ မင်းမြို့ထဲမှာလည်ပြီး ပြောစမ်းဆိုတော့ ကိုစောမောင် မျက်စိက မမြင်တော့ ဒီ အဝတ်နဲ့ ကျုပ်တို့မလိုက်ဘူးလားလို့ လည်ပြီး မေးနေတယ်....(မေးပါတယ်ဘုရား)။

ဘာဖြစ်လို့ မေးပါလိမ့်မတုံးဆိုတော့ ဦးဘရှင်း အဖြေထွက်စမ်းပါ....(မျက်စိမမြင်လို့ပါဘုရား) မျက်စိမမြင်တော့ သူ့ဟာ သူ ဟုတ်နေတာဘဲ....(မှန်ပါ)။

အဲဒီတော့ ကွာ....တဲ့ မင်းကလဲ 'အာရောဂျံ ပရမံ လာဘံ' ဆိုတဲ့ ဥစ္စာ မင်းခန္ဓာကြီး အနာကင်းတယ်လို့ ယူလိုက်တယ်၊

"ခေမံ အမတဂါမိနံ"ဆိုတဲ့ ဥစ္စာလဲ 'နိဗ္ဗာနံ ပရမံ သုခံ'ဆိုတာလဲ မင်းက မင်္ဂလာခန္ဓာကြီးလို့ ယူလိုက်တော့ မင်းက အနှာ ရှိတာလဲ မသိ၊ နိဗ္ဗာန်လဲ မသိ၊ သူများပြောသံကြားနဲ့ မျက်စိနှစ်ကွင်း အလင်းမရတော့ မင်းဝတ်ထားတဲ့ အဝတ်ကြီး ခြေသုတ်ထားတာကြီးကို ငါနဲ့ မလိုက်ဘူးလား၊ ငါနဲ့ အင်မတန် လိုက်တယ်ဆိုတာ ပြောတာနဲ့ အတူတူဖြစ်နေပြီ....(မှန်ပါ့) ဘုရားက ကဲ့ရဲ့တော်မူတယ်....(မှန်ပါ့)။

ကိုပေါ် မကဲ့ရဲ့ ထိုက်ဘူးလား.... ( ကဲ့ရဲ့ထိုက်ပါတယ် ဘုရား )။

သူက မျက်စိနှစ်ကွင်း အလင်းမရတော့ သူ့အဝတ်နဲ့ သူနဲ့ ဟုတ်နေတာကိုး....(မှန်ပါ့) ဟုတ်တော့ ကျုပ်တို့ မျက်စိနှစ်ကွင်း အလင်းရတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီ အဝတ်နဲ့ ဒီဟာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူး၊ သူ့မှာ လူများပြောသ၍နဲ့ ပြီးနေတာဆိုတဲ့ အဓိပ္ပါယ် ဦးဘရှင်း....ရှင်းလင်းပေါ့ဗျာ....(မှန်ပါ့)။

တကာကြီးလှိုင်.... ပေါ်သွားပြီနော်.... ( ပေါ်သွားပါပြီ ဘုရား )။

အဲဒီတော့ ပုဏ္ဏားက ဇာတ်ရည်လည်လာတော့ ဒါဖြင့် ရှင်ကြီးဂေါတမ....ကျုပ်က "အာရောဂျံ ပရမံ လာဘာ" ဆိုတာ ကျုပ် ခန္ဓာကို ကျုပ်အနာကင်းတယ်လို့ ယူထားတယ်၊ "နိဗ္ဗာနံ ပရမံ သုခံ"ဆိုတာလဲ ကျုပ်အခု ချမ်းသာနေတာလဲ နိဗ္ဗာန်ဘဲလို့ ကျုပ် ယူထားတာ၊ ကျုပ် မျက်စိနှစ်ကွင်း အလင်းမရလို့ သူများက ဆီသုတ်တဲ့ အဝတ်ကြီး ဝတ်ပြီးသကာလ ငါ့အဝတ်နဲ့ ငါနဲ့ မလိုက်ဘူးလားလို့ လည်ပြောနေတာနဲ့ ကျုပ်ကို

တူပါတယ်ဆိုလို့ရှိယင် ကျုပ်ကို မျက်လုံးဖွင့်ပေးပါဦး- တောင်း ပန်ပါတယ်....(မှန်ပါ့)။

အနာကင်းတာလဲ သိရအောင် နိဗ္ဗာန်လဲ သိရအောင် ကျုပ်ကို မျက်လုံးဖွင့်ပေးပါဦး....တဲ့၊ တောင်းပန်ပြီ....(မှန်ပါ့)ရှင်းကြပလား....တကာ တကာမတို့....(ရှင်းပါပြီဘုရား)။

တောင်းပန်တဲ့ အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းမျက်လုံး ဖွင့်ပေးရမယ်ဆိုလို့ရှိယင်ကွာ....တဲ့ သူတော်ကောင်းဆီ ဆည်းကပ်ပါဦး....တဲ့၊ ရှင်းပလား....(ရှင်းပါပြီ)။

ဘာလုပ်ရဦးမလဲ....(သူတော်ကောင်းဆီ ဆည်းကပ်ရပါမယ် ဘုရား) သစ္စာတရား နာပါဦး....တဲ့၊ နှစ်ချက်ရှိပြီ တိုက်တွန်းတာ-(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(သူတော်ကောင်း ဆည်းကပ်ရပါမယ်၊ သစ္စာတရား နာရပါမယ်ဘုရား) နှစ်ချက်ရှိသွားပြီ ကိုစောမောင်နေ့ (မှန်ပါ့)။

သစ္စာကိုလဲ မြင်အောင် ကျင့်ပါဦး....တဲ့၊ သုံးခုရှိသွားပြီ.... (မှန်ပါ့)။

တကာ တကာမတွေ ဘယ်နှစ်ခုပါလိမ့်....(သုံးခုပါဘုရား)။

မျက်စိနှစ်ကွင်း အလင်းရချင်လို့ရှိယင် မင်း ဒီ သုံးခု အရေးကြီးတယ်ကွ....လို့ ဟောပြန်တယ်....(မှန်ပါ့)။

ဦးဘအုန်း သဘောကျပလား....( ကျပါပြီ )မျက်စိနှစ်ကွင်း အလင်းရချင်ယင် ဘယ်နှစ်ခုပါလိမ့်....(သုံးခုပါ ဘုရား)။

သူတော်ကောင်း ဆည်းကပ်ရဦးမယ် ၁-နံပါတ်....(မှန်ပါ့) သစ္စာတရားနာရမှာက....၂-နံပါတ်....(မှန်ပါ့)နာထားတဲ့အတိုင်း

သစ္စာကို မြင်အောင် ကျင့်ရမှာက....( ၃-နံပါတ်ပါ ဘုရား ) ဒီ သုံးခု ရမှ အနာကင်းတာကိုလဲ သိမယ်၊ နိဗ္ဗာန်လဲ သိမယ် ကွာ....လို့ ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီသုံးခု ကို မင်း ရှေးဦးစွာ ဆည်းပူးပါဦး၊ ဒါမှ မင့် ခန္ဓာကိုယ်ကြီး အနာရှိတာကိုလဲ သိမယ်၊ အနာကင်းတဲ့ နိဗ္ဗာန်ကိုလဲ သိမယ်လို့ ဘုရားက ပြောရှာတယ်....(မှန်ပါ့) သဘောပါကြလား .. (ပါ ပါပြီဘုရား)။

ဒါဖြင့် ဒါက မဇ္ဈိမပဏ္ဏာသပါဠိတော်မှာလာတဲ့ မာဂဏ္ဍိ ပုဏ္ဏားကြီးကိုဟောနေတယ်ဆိုတဲ့ ဥစ္စာ မောင်နိုင် ရှင်းပလားကွ (ရှင်းပါပြီဘုရား) ဇာတ်အကုန်ဟောဘို့ မဟုတ်ပါဘူးတဲ့၊ဒီဥစ္စာ တကာ တကာမတွေ အလုပ်ပေးချင်လို့ စ,လာတာ .. (မှန်ပါ့)။

ကိုင်း တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး က မင်း အနာရှိတာကိုလဲ သိချင်တယ်၊ နိဗ္ဗာန်ကိုလဲ သိချင်ယင် "သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအားထုတ်"-ဆိုတဲ့ အယင် ပြောထားတဲ့အတိုင်း သူတော်ကောင်းလဲ ဆည်းကပ်ပါ ဦး၊ သစ္စာတရားလဲ(နာပါ)နာတဲ့အတိုင်း သစ္စာကို မြင်အောင်လဲ ကျင့်ပါဦးတဲ့....(မှန်ပါ့)။

ဒီသုံးခုရှိမှ မင်းသည် မျက်စိနှစ်ကွင်း အလင်းရသွားမယ်.... နို့မဟုတ်လို့ရှိယင် မင်း သူများပေးတဲ့ ဆီ ချေးတွေပေနေတဲ့ အဝတ်ကြီးနဲ့ ငါနဲ့ မလိုက်ဘူးလားဆိုတဲ့ မျက်စိကန်းပြောပြော နေမှာဘဲလို့ ဘုရားက ပြောလိုက်တယ်....(မှန်ပါ့)။

ဒီမှာလဲ တကာ တကာမတွေ ဒီနေ့ အခုတရား နာလာကြ တာ တကာ တကာမတွေက ဩော်....တပည့်တော်တို့ ဘုရား....

မိုးကဲလာကြရတာ ကျန်းမာလို့ လာနိုင်တာလို့ ဆိုပြီးသကာလ "အာရောဂျံ ပရမံ လာဘံ" ထဲ ဒီ တကာ တကာမတွေ ပါနေတယ်....(မှန်ပါ့)။

တပည့်တော်တို့ ဘုရား....အခု ကျန်းမာလို့ လာနိုင်ကြတာ ဘုရား....ဆိုတော့ အင်း....ကျန်းမာလို့ လာနိုင်ကြတယ်ဆိုတော့ ဘုန်းကြီးကဘဲ ဝမ်းသာရဦးတော့မလိုလို ဖြစ်ပြီးသကာလနေတော့ သမုတိနယ်ကတော့လဲ ဦးဘရှင်း ဝမ်းသာရမှာဘဲ .... (မှန်ပါ့) အင်း....ကြိုးစားကြပေတယ်၊ ကိုယ့်အရေး ကိုယ်သိပေတယ်လို့ ဝမ်းသာရပါတယ်။

သို့သော်လဲတဲ့ သစ္စာမျက်လုံး မတပ်ရသေးတော့ ဝိပဿနာမျက်လုံး, သစ္စာမျက်လုံး မတပ်ရသေးတော့ မကျန်းမာတာကိုဘဲ မကျန်းမာတာ မသိသေးဘဲ ဖြစ်နေတယ်....( မှန်ပါ့ )ကျန်းမာတယ် ထင်တုန်းဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု သူတော်ကောင်းနားလဲ ဆည်းကပ်လို့ တရားကလဲ နာနေတော့ တကာ တကာမတွေက တွေးတာပေါ့....တဲ့ ခန္ဓာကိုယ်ကို တခါတည်း ကမ္ဘဋ္ဌာန်းခွင် သဘောပေါ့ ကိုစောမောင်ရာ....( မှန်ပါ့ ) ထိုင်ပြီး မျက်လုံးမှိတ်ပြီးသကာလ ထွက်သက်,ဝင်သက် လေကလေး မှန်မှန် ရှူပြီးသကာလနေတဲ့အခါကျတော့မှ ဦးဘရှင်းရေ....ဟိုက ယား, ဒီက နာ, ဟိုက အောင့်, ဒီက ခဲဆိုတာတွေ မလာဘူးလား....(လာပါတယ်ဘုရား)။ အင်းနဂိုသွားလာနေတုန်းကတော့ ဒီလို မထင်ဘူး၊ ဆရာ နည်းပေးတဲ့အတိုင်း စောင့်ကြည့် မျက်လုံးကလေးနဲ့စောင့်ကြည့်လိုက်တဲ့အခါကျတော့မှ ဩော်....ထိုင်လဲ အောက်ပိုင်းက အနာတွေနဲ့၊ ဘေး

ကလဲ ယားတဲ့ အနာတွေနဲ့၊ ဒီ အနာတွေသည်ကားလို့ ဆိုလို့ရှိ ယင်ဖြင့် တော်တော်ကြာ စောင်းရ, တော်တော်ကြာ တည့်ရ .... ကိုစောမောင် မနေရဘူးလား(နေရပါတယ်ဘုရား) တော်တော် ကြာ ကျင်ကြီးစွန့်ချင်, ကျင်ငယ်စွန့်ချင်နဲ့ မလာရဘူးလား.... (လာရပါတယ်ဘုရား)။

တော်တော်ကြာ ထိုင်ပါများလို့ ကျင်နာတွေကော မလာ ဘူးလား....(လာပါတယ်ဘုရား)။

အင်း....ဦးဘရှင်း ဒီဥစ္စာတွေ, အနာတွေမှ ဟုတ်ကဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာ တကာမတို့ အနာကင်းကြရဲ့လား- လို့ မေးတော့ ဘုရား....ဒီတွင် သွားရင်း, လာရင်းတော့ တပည့် တော်တို့ ခုနင်က သစ္စာမျက်လုံး မတပ်ခင်တုန်းကတော့ဖြင့် အနာကင်းတယ်လို့ ထင်ပါတယ်ဘုရား၊ အခု သစ္စာမျက်လုံး, သမ္မာဒိဋ္ဌိမျက်လုံးနဲ့ တပ်ကြည့်လိုက်တဲ့ အခါကျတော့ဖြင့် ဟိုက ယား, ဒီက နာနဲ့၊ ဟိုက အောင့်လိုက်, ဟိုနေရာပြောင်း, ဒီနေရာ ရွှေ့လိုက်နဲ့ မောင်နိုင် မနေရဘူးလား....(နေရပါတယ်ဘုရား)။

ဟိုဟာကလေး ဆွဲခြုံလိုက်ရ၊ ဒီဟာကလေး ဆွဲခွါလိုက်ရ....၊ ဟာ .... ဘာဖြစ်ကြတာတုံး မေးတော့ ဘယ်နှယ် ပြောကြမလဲ.... (အနာနှိပ်စက်လို့ပါဘုရား)အနာနှိပ်စက်လို့ ။

နောက်က တကာ တကာမတွေ ဘာဖြစ်ကြတာတုံး....(အနာ နှိပ်စက်လို့ပါဘုရား)။

ဩော်....ဒါဖြင့် ကျန်းမာလို့ တရားနာနိုင်တာလား,အနာ ရှိလျက်နဲ့ နာနေတာလား....( အနာရှိလျက်နဲ့ နာနေတာပါ ဘုရား )။

ဒီကျတော့ သူတော်ကောင်း ဆည်းကပ်တဲ့ အခါကျတော့ သစ္စာမျက်လုံးကလေး တပ်ပေးလိုက်တော့ ကိုစောမောင်ရေ.... ကမ္မဋ္ဌာန်းထိုင်တဲ့ အချိန်ကျတော့ အနာတွေ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် "အာရောဂျံ ပရမံ လာဘာံ"ဆိုတာ အရောဂျံ= အနာကင်းခြင်းသည်၊ ပရမံ = မြတ်သော၊ လာဘာံ = နိဗ္ဗာန် လာဘ်ကြီးဘဲဆိုတဲ့ ဥစ္စာ ကိုစောမောင် ဒီအနာတွေ အကုန် ကင်းမှ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အင်း....တကာ တကာမတွေထင်တဲ့ အနာမျိုးဟုတ်ပါရဲ့လား ( မဟုတ်ပါဘုရား ) ပင်ကိုယ့်ကိုက ပင်ကိုယ်သဘောနာကို ဆိုပါ တယ်၊ ဖေါက်ပြန်တဲ့ အနာကို မဆိုဘူး....(မှန်ပါ့)ပင်ကိုယ့်ကိုက မကျန်းမာတဲ့ အနာတွေ ဘုရားက ဟောပါတယ်.... ( မှန်ပါ့ ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာပါသိမ့်.... ( ပင်ကိုယ် မကျန်းမာတဲ့ အနာဆိုပါတယ် ဘုရား )။

စဉ်းစားကြည့်ပါ တကာ တကာမတို့ ဒီမှာလာကြတော့ အခု မိုးကလေးက တစိမ့်စိမ့်နဲ့၊ အင်း....ထီးကလေး ကူခဲ့ရရဲ့လား ဆို တာလဲ ရိပ်မိကြပလား....( ကူခဲ့ကြရပါတယ်ဘုရား )ခြုံထည် ကလေး ထူထူခြုံခဲ့ကြရရဲ့လား....(ခြုံခဲ့ရပါတယ်ဘုရား) ကျန်း မာလို့လား....မကျန်းမာလို့လား....(မကျန်းမာလို့ပါဘုရား)။

မကျန်းမာလို့နော်....၊ ဒီအထဲကဘဲ ခြေထောက်ကကော အေးတဲ့ ဝေဒနာကလေးများ ပေါ်သေးလား....(ပေါ်ပါတယ် ဘုရား)။

ပေါ်တယ်တဲ့၊ အေးရောက - နေပြီးသကာလ အခု ထိုင်ပြီး သကာလ နေကြပြောသော်လဲတဲ့၊ ဟိုနေရာက စစ်စစ်, ဒီနေရာ က ယားသလိုလို, ဒီနေရာက အောင့်သလိုလိုကော မလာဘူး လား....(လာပါတယ်ဘုရား) ဟင်....ဒါဖြင့် တကာ တကာမတို့ ကျန်းမာကြရဲ့လား....( မကျန်းမာပါ ဘုရား )။

ဒါဖြင့် ဒီ ခန္ဓာကြီးဟာ တထစ်ချ မှတ်လိုက်တော့ မကျန်းမာ တဲ့ ခန္ဓာကြီး....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဘာ တဲ့တုံး....(မကျန်းမာတဲ့ ခန္ဓာကြီးပါဘုရား)။

ဘယ်အချိန် ကျန်းမာကြသလဲ.... (ဘယ်အချိန်မှ မကျန်းမာ ပါဘုရား)။

အဲဒါ သိမှကွ၊ ဒီလို သစ္စာမျက်လုံး တပ်ပြီးကြည့်လိုက်မှ....၊ မင်းက ကျန်းမာလို့ သူ့ရင်ပတ်များ သူ ပုတ်ပြလိုက်သေးတယ် "အာရောဂျ ပရမံ လာဘာ"ဆိုတာ ကျုပ်ကို ဆိုတာ၊မာဂဏ္ဍိ ပုဏ္ဏားက မောင်နိုင် သူ့ရင်ပတ်များ ပုတ်ပြလိုက်သေးတယ်.... (မှန်ပါ့)။

"နိဗ္ဗာနံ ပရမံ သုခံ" ဆိုတာ သူ့ခန္ဓာကြီးဟာ နိဗ္ဗာန်ဘဲ ပြောနေတယ်။

မင်းဟာ အရိယာမျက်လုံး မတပ်ရသေးတော့ ခက်တယ်ကွာ ဆိုတော့ အရိယာမျက်လုံးဆိုတာ သစ္စာမျက်လုံးပါဘဲ-(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အရိယာ မျက်လုံးဆိုတာ ဘာပါလိမ့်....( သစ္စာမျက်လုံးပါ ဘုရား )။

အဲ....သစ္စာမျက်လုံးတပ်ပြီး ကြည့်လိုက်တော့မှ တကာတကာ မတွေ့ သမာဓိကလေး ကောင်းကောင်းနဲ့ ပညာလေးနဲ့ တည့် ပြီး ကြည့်လိုက်တော့ ခန္ဓာကိုယ်ထဲမှာ ဟိုက ရှရှ, ဒီက ရှရှနဲ့ ကိုစောမောင် ဟိုက အောင့်, ဒီက နာ ဟင်...( မှန်ပါ့ ) ဟိုက ရှေ့ချင်, ဒီက ပြောင်းချင်နဲ့၊ ဟင်....ဒီလို ထိုင်လို့ မဖြစ်သေး ဘူး ဟိုလိုမှ၊ ဒီလို ခြုံလို့ မဖြစ်ဘူး ဟိုလိုခြုံမှ၊ ဒီလို ခြုံပြန် ဟိုလို ခွါဦးမှ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဟ....ဘာဖြစ်ကြတာတုံးလို့ မေးယင် ဘယ့်နှယ် ဖြေကြမယ်- (အနာနှိပ်စက်တာပါဘုရား)အနာကြွတာ အနာထ,တာဘုရား.... (မှန်ပါ့)။

တကာ တကာမတွေ့ ဘယ်လို မှတ်ကြမယ်....( အနာကြွတာ, အနာ ထ,တာပါဘုရား ) အနာကြွလို့ အနာ ထ,တာပါဘုရာ့ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါက အားလုံး ကကာ တကာမတွေ့ မှတ်လိုက်စမ်းပါတဲ့၊ အရိယာမျက်လုံး တပ်ကြည့်တော့မှ မမာမှန်း သိတာကိုး-(မှန်ပါ့ ဘုရား)။

ဘယ်လိုပါလိမ့်....(အရိယာမျက်လုံး တပ်ကြည့်တော့မှ မမာ မှန်း သိပါတယ်ဘုရား)။

အဲဒီလိုဝိပဿနာအလုပ်ဆိုတာ ကိုယ်က အနာရှာရတာမဟုတ် ပါဘူးတဲ့၊သမာဓိနဲ့ ပညာနဲ့ စောင့်ကြည့်လိုက်လို့ရှိယင်ဖြင့် အနာ တွေ အကုန်ပေါ်လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျ ပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရောဂတော ဆိုတာ ဒါဘဲဟေ့၊ ရောဂါတွေများတယ်ဆိုတာ ဒါ ရောဂါ တွေဘဲ....(မှန်ပါ့) ဂဏ္ဍတောဆိုတာ အနာတွေ အစုကြီးဆိုတာ လဲ ဒါကို ဆိုတာဟေ့....(မှန်ပါ့) သလ္လတော-တဲ့ ဟိုက စူး၊ ဒီက စူးနဲ့ ကိုစောမောင် မရှိဘူးလား....(ရှိပါတယ်ဘုရား)အဃတော တဲ့ အလကား အသုံးမကျတဲ့ အချည်းနှီးချည်းဘဲဆိုတာကော မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ ဒါတွေက ဘယ်မျက်လုံးတပ်ကြည့်မှ မြင်မှာတုံး ဆိုတာကော တရားတပွဲလုံး ပေါ်ကြပလား....( ပေါ်ပါပြီ ) ဦးဘကလေး ဘယ်မျက်လုံး တပ်ရမလဲ....(အရိယာမျက်လုံး တပ် ရပါမယ်ဘုရား)။

အဲ....အရိယာမျက်လုံးတပ် (ဝါ)သစ္စာမျက်လုံးတပ်၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒီလို မျက်လုံးတပ်ကြည့်လိုက်တဲ့အခါကျတော့မှ ဒီ ခန္ဓာကြီး ဟာ ဋ္ဌန္ဒေရရ, သမာဓိရှိရှိ ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တဲ့အခါကျ တော့မှ ကိုသောင်တို့ ဒီအတိုင်းကို ထားလို့ မရတော့ဘူး .... (မရပါဘုရား) ရသေးရဲ့လား....(မရပါဘုရား)။

ခန္ဓာက တမျိုး ဟုတ်လား....၊ စွန့်ချင်တဲ့ အနာက....(တမျိုး ပါဘုရား) စောင်းချင်တဲ့ အနာက....(ကမျိုးပါဘုရား) မစောင်း ဘဲနဲ့ကို အယားပျောက်ချင်တဲ့ အနာက....( တမျိုးပါဘုရား ) အဝတ်ထူထူကလေး ကပ်ချင်တာကလဲ....( တမျိုးပါ ဘုရား ) သဘောကျပလား....(ကျပါပြီ) ထူလို့ ပါးချင်တဲ့ သဘောတွေ ကလဲ အနာထ,လို့ ပြင်ရတာတွေကော....( တမျိုးပါဘုရား )

ဦးဘရှင်း ဘယ်အချိန် ကျန်းမာသတုံး....(ဘယ်အချိန်မှ မကျန်းမာပါဘုရား)။

အဲဒါ မြင်မှသာလျှင်ကွာ....တဲ့၊ မာဂဏ္ဍိ ပုဏ္ဏားကြီး.... မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အရိယာမျက်လုံး တပ်ကြည့်မှ မင်းက "အာရောဂျံ ပရမံ လာဘံ" ဆို မင်း ခန္ဓာကိုယ်ကြီး ရင်ပပ်ပုတ်ပြတယ်၊ "နိဗ္ဗာနံ ပရမံ သုခံ" ဆိုတာ ကျုပ်ခန္ဓာကြီး ဟာ နိဗ္ဗာန်ဘဲလို့ ပြောနေတယ်၊ မင်း အရိယာမျက်လုံး မတပ် သေးသ၍ ကာလပတ်လုံးတော့ဖြင့် ဒီ စုံလုံးကန်းဟာ ပျောက် မှာမဟုတ်ပါဘူး၊ သဘောပါကြလား....( ပါပါတယ်ဘုရား )။

အခု တကာ တကာမတွေ အလုပ်ထိုင်ကြည့်တော့မှ ခန္ဓာကိုယ်ထဲ ဟိုက ဖျတ်ဖျတ်, ဒီက ဖျတ်ဖျတ်၊ ဟိုက အောင့်,ဒီက နာနဲ့ ဒါတွေ ရှောက်ပြီး သြော်.... ရောဂတော, ရောဂတော-ရောဂါတွေဆိုတာ ဒါတွေပါလား၊ ဒုက္ခသစ္စာဆိုတာ ဒါတွေ ပါလား....ဒုက္ခသစ္စာဆိုတာ ဒါတွေပါလားလို့ ကိုစောမောင် ဉာဏ်နဲ့ စောင့်ကြည့်နေရမယ်....(မှန်ပါ့)။

အဲဒီကျတော့မှ 'ရောဂတော' ပေါ်လာတာ မောင်နိုင်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ) ဒါ ဘာမျက်လုံး တပ် ကြည့်လိုက်တာတုံး.... (အရိယာမျက်လုံး တပ်ကြည့်လိုက်တာပါ ဘုရား)။

အဲဒီတော့"အာရောဂျံ ပရမံ လာဘံ"ဆိုတော့ သြော်.... ဒီခန္ဓာမရှိမှ "အာရောဂျံ ပရမံ လာဘံ"ဆိုတဲ့ နိဗ္ဗာန် လာဘ်ကြီး ရမှာပါကလား၊ ဒီခန္ဓာ ရှိယင်ဖြင့် ရောဂါချည့်ဘဲ(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီခန္ဓာ ရှိနေယင်....(ရောဂါချည့်ပါဘဲဘုရား)။

နောက်က တကာတကာမတွေ ရှင်းကြရဲ့လား....( ရှင်းပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီး ပြောတာလဲ တရားပါဘဲ၊ ကိုယ့်ဉာဏ်နဲ့ ကိုယ် အိမ်ကျတော့ ထိုင်ပြီး စောင့်ကြည့်ကြစမ်းပါ၊ အဲဒါ အလုပ်ထိုင်တာဘဲ....(မှန်ပါ့ဘုရား)။

အဲဒါ အလုပ်ထိုင်တာ၊ ဟိုနေရာက ယား ဒီနေရာက အောင့် ဒီနေရာက နာ, ဒီနေရာ ရွေ့ချင် ဒီနေရာ ရွေ့ချင် ဩော်.... ဒုက္ခသစ္စာ, ဒုက္ခသစ္စာ, ဒုက္ခသစ္စာဆိုတော့ အဲဒီ နာတဲ့ အောင့်တဲ့ နေရာကလေးဘဲ ဒုက္ခသစ္စာဆိုတော့ အောင့်တဲ့ နာတဲ့ နေရာက ဒုက္ခသစ္စာ ကိုစောမောင်....( မှန်ပါ့ )မျက်လုံးက မဂ္ဂသစ္စာ ဖြစ်သွားတယ်....(မှန်ပါ)။

စောင့်ကြည့်တဲ့ မျက်လုံးက .... (မဂ္ဂသစ္စာ သွားဖြစ်ပါတယ်ဘုရား)။

မဂ္ဂသစ္စာ သွားဖြစ်တော့မှ ဩော်.... ဒါ အရိယာမျက်လုံး တပ်ကြည့်လိုက်တာပါကလားဆိုတာ တရားတပွဲလုံး ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား )။

အင်း....ဘယ်မျက်လုံး တပ်ကြည့်သလဲ.... (အရိယာမျက်လုံး တပ်ကြည့်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဝေဒနာဆိုတာ ရှာပြီး ရှုရတာ မဟုတ်ပါဘူး၊ စောင့်ကြည့်လိုက် ပေါ်တာပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝေဒနာဆိုတာ ရှုကြည့်ရတာလား....၊ စောင့်ကြည့်ရတာလား....(စောင့်ကြည့်ရတာပါဘုရား)။

စောင့်ကြည့်တော့ ခန္ဓာကိုယ်ကြီးက ဘုရားက ရောဂတော ကွ....တဲ့၊ ရောဂါ အပြည့်နဲ့တဲ့....(မှန်ပါ့)။

ဒါ ကိုယ်လုပ်ကြည့်ရမှာလား....( မဟုတ်ပါဘုရား ) ခန္ဓာက ပြတယ်....(ပြပါတယ်ဘုရား) နဂိုက ဘာခန္ဓာပါလိမ့်....(ရောဂါခန္ဓာပါဘုရား)ရောဂါခန္ဓာကြီးဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

အဲဒါ အိမ်ကျတော့ မထိုင်တတ် မပြုတတ် ရှိမှာစိုးလို့ မာဂဏ္ဍီဟောချင်လို့ မဟုတ်ပါဘူး တကာ တကာမတို့ မကြည့်တတ်မှာစိုးလို့ အကြည့်သင်တာပါ....(မှန်ပါ့) ဝိပဿနာ နည်းပေးနေတာ၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အခု တရားနာရင်းလဲ နားက ထောင်ပြီး စောင့်ကြည့်နေလို့ ရှိယင်ဖြင့် ပြောင်းချင်တာ ကလေးကလဲ အနာထ, တာဘဲ .... (မှန်ပါ့) ရွေ့ချင်တာကလေးကလဲ....( အနာထ,တာပါဘုရား ) ခြုံထည်ကလေး ပြင်ခြုံတာကကော....(အနာထ,တာပါဘုရား) ခြုံထည်ကလေး ခွါလိုက်ချင်တာကော.... (အနာထ , တာပါဘုရား) ဟိုနေရာ, ဒီနေရာကလေး လုပ်လိုက်ချင်တာကော.... (အနာထ,တာပါဘုရား) ဘယ်နေရာ လွတ်သတုံး....(ဘယ်နေရာမှ မလွတ်ပါဘုရား)။

ဒါဖြင့် 'ရောဂတော' ဆိုတဲ့ တောလေးဆယ်မှာ ပါတဲ့ဥစ္စာ ဘုရားက ပုဏ္ဏား....မင်း အရိယာမျက်လုံး မတပ်လေးတော့ မင်းက မင်းခန္ဓာကြီးကိုဘဲ ရောဂါကင်းတယ် ထင်တယ်၊ မင်း ခန္ဓာ

ကြီးကိုဘဲ နိဗ္ဗာန်လို့ ထင်နေတဲ့ ဥစ္စာ မင်း ဆီသုတ်တဲ့ အဝတ် ဝတ်ပြီး ငါနဲ့ မလိုက်လျောဘူးလား ပြောနေတဲ့ အကန်းနဲ့ တူပါပေါ့လား ကွ....၊ ကိုစောမောင် မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီမှာလဲ တကာ့ တကာမတွေဟာ....တဲ့ ဝိပဿနာ အလုပ်ခွင် မဝင်သေးလို့ရှိယင် ကျုပ် ကျန်းမာတယ်၊ ဒါ့ကြောင့် သွားစရာ ရှိတာသွားရတယ်၊ လုပ်စရာရှိတာ လုပ်နိုင်သေးလို့ တော်-တော် သေးရဲ့ဆိုပြီး တဏှာများ ဒီခန္ဓာပေါ်မှာ သူ ကျန်းမာလို့ ကျေးဇူးတင်သေးရဲ့များ တဏှာများတောင် လာလိုက်သေး တယ်....(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ဒီသားတွေ ဒီသမီးတွေနဲ့ လုပ်ကိုင်ကျွေးပြီး ခေါင်း ဆောင်ပြီး နေရတော့ ခန္ဓာကိုယ်က ကျန်းမာပေလို့ မြင်တဲ့ အတိုင်းဘဲ၊ ကျုပ်သာလဲယင် မခက်ဘူးလားဆိုတဲ့ ဂုဏ်ယူနေတဲ့ ပုဂ္ဂိုလ်တွေလဲ ကိုစောမောင်တို့ ကြားဘူးမှာဘဲ... (ကြားဘူးပါ တယ်ဘုရား) မကြားဘူးလား .. ( ကြားဘူးပါတယ် ဘုရား ) ဒါ စုံလုံးကန်းပြောတဲ့ စကား....(မှန်ပါ့)။

ဦးဘလေး ဘယ်သူပြောတာလဲ....(စုံလုံးကန်း ပြောတာပါ ဘုရား)စုံလုံးကန်းပြောတဲ့ စကားဆိုတာကော ကျေနပ်ကြပလား (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ အခုတော့ဖြင့် စောင့်ကြည့်လိုက်တဲ့ အခါကျ တော့ ကိုစောမောင် ဘယ်နေရာမှ အပ်သွားချစရာ မရှိဘူး.... (မှန်ပါ့)ဘာတွေ ပြည့်နေသလဲ....(ရောဂါတွေ ပြည့်နေပါတယ် ဘုရား)။

ကဲ....ဒါဖြင့် ဒီရောဂါတွေ ပြည့်တော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက....ကွာတဲ့ မင်း ခန္ဓာတကိုယ်လုံး ဒုက္ခသစ္စာကြီး ပါဘဲကွဆိုတဲ့ ဥစ္စာ အဲဒီကျမှ အရိယာမျက်လုံး တပ်ကြည့်လိုက်တော့မှ ဦးဘရှင်း မြင်လာတာ....(မှန်ပါ့)။

ဒါဖြင့် ဒီလို မြင်လာတော့ အမြင်ခံရတာ ဒုက္ခသစ္စာ....(မှန်ပါ့)မြင်ဥာဏ်သည်....(မဂ္ဂသစ္စာပါဘုရား)။

ဒါကြောင့်ကွာ....တဲ့ မာဂဏ္ဍီပုဏ္ဏားကြီး မင်းကလဲ မင်းခန္ဓာကြီး ကျန်းမာတယ်၊ မင့်ခန္ဓာကြီး နိဗ္ဗာန်လို့ ထင်ပြီးသကာလနေလိုက်တာ သူတော်ကောင်းလဲ မင်းက မဆည်းကပ်၊ သစ္စာတရားလဲ မင်းက မနာ၊ ကိုယ်တိုင်လဲ ကျင့်မကြည့်သေးတော့ မင်းဟာ အနာရှိလို့လဲ ရှိမှန်းမသိဘူး၊ နိဗ္ဗာန် မဟုတ်တာလဲ မဟုတ်မှန်းမသိဘူး၊ မင်းအတွက်ကဖြင့် မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်ဆီချေးပေနေတဲ့ အဝတ်ကြီး ဝတ်ပြီး ငါနဲ့ မလိုက်ဘူးလားလို့ မြှို့ထဲ ကြွားနေတာနဲ့ တော့ ဖြင့် မင်း.... သိပ်တူတာဘဲ ( မှန်ပါ့ )။

တကာ တကာမတွေ ဟောထိုက်ပလား....( ဟောထိုက်ပါတယ်ဘုရား )။

အဲဒါကြောင့် ဒါ မာဂဏ္ဍီ ဟောချင်လို့လား....ခန္ဓာကိုယ်ကြည့်တတ်အောင်လို့ မောင်နိုင် သင်နေတာလား....( ခန္ဓာကိုယ် ကြည့်တတ်အောင်လို့ သင်နေတာပါဘုရား ) ကိုပေါ်တို့ဒါ အလုပ်ပေးပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ညဟောတဲ့ တရားသည် ဘာတရားပါလိမ့်မတုံး လို့ မေးတဲ့အခါကျတော့ အလုပ်ပေးတရား....( မှန်ပါ့ )ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ တကာ တကာမတို့ အိမ်ကျလို့ရှိယင် စောင့် ကြည့်ကြစမ်းပါနော်....(မှန်ပါ့) အင်း....သမာဓိကောင်းကောင်း ကလေးထားပြီးသကာလ ကိုစောမောင် ပညာမျက်လုံးကလေး နဲ့ ကြည့်ပေးနော်....(မှန်ပါ့)။

သမာဓိ တည်အောင်လုပ်ပြီး ပညာမျက်လုံးနဲ့ ကြည့်လိုက် တော့ ခန္ဓာကိုယ်ထဲ ဘာတွေ တွေ့ပါ့မတုံးဗျာ....(ရောဂါတွေ တွေ့ပါတယ်ဘုရား)ရောဂါ ဘာသစ္စာပါလိမ့်....( ဒုက္ခသစ္စာပါ ဘုရား )။

အဲ....ဒုက္ခသစ္စာကို အရိယာမျက်လုံးတပ်ပြီးတော့ မဂ္ဂသစ္စာနဲ့ သွားမြင်တာကိုး....(မှန်ပါ့)။

ဦးလှိုင်ရေ အိမ်ကျတော့ ဒီအတိုင်း ကြည့်စမ်းပါနော် .... (မှန်ပါ့)။

အားလုံး တကာ တကာမတွေ ဒီအတိုင်း ကြည့်ကြစမ်းပါ- (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီလို ကြည့်လိုက်တဲ့အခါကျတော့မှ ဩော်....ဒီရောဂါကြီး ဘယ်နေရာမှ အပ်သွားချစရာ မရှိပါကလား၊ အကုန်ရောဂါတုံး ရောဂါခဲကြီးပါလား၊ ရောဂါတွေ အကုန်စုနေပါကလား ဆိုတာ အရိယာမျက်လုံး တပ်ကြည့်လိုက်တော့မှ မောင်နိုင် ရှင်းရှင်း ကြီး ပေါ်လာပါတယ်....(မှန်ပါ့) မပေါ်လာဘူးလား....(ပေါ် လာပါတယ်ဘုရား)။

ကဲ.... ကိုစောမောင်ရေ ဒါဖြင့် ကျုပ်တို့ အရပ်မျက်လုံးနဲ့ အရိယာမျက်လုံးနဲ့ တယ်ခြားနားပါလား....( ခြားနားပါတယ် ဘုရား )။

တကာကြီးလှိုင်....(ခြားနားပါတယ်ဘုရား)။

အဲဒီတော့ တကာကြီးလှိုင် တရားရှာမနေနဲ့ စောင့်ကြည့်ပြီး ခန္ဓာကိုယ်က ဟိုကနာတာ, ဒီက ကိုက်တာ, ဒီက ခဲတာ, ဟိုက ရွေ့ချင်တာ, ဒီက ရွေ့နေတာတွေသာ ကြည့်နေလို့ ရှိယင်ဖြင့် ဒါ ပင်ကိုယ်က ပေါ်လာတာ ကိုယ်လုပ်ရှုတာ မဟုတ်ပါဘူး.... (မှန်ပါ) ရှုတတ်ပလား....(ရှုတတ်ပါပြီဘုရား)။

အဲဒီတော့ တကာကြီးလှိုင်တို့ အတွက်ကို အထူးတလည်ဘဲ သင်ပေးနေတယ်ဆိုတာ ကိုစောမောင် မှတ်ပါ....(မှန်ပါ)။

ကဲ... ဒါဖြင့် ဒီဟာတွေ အကုန်ကင်းမှ "အာရောဂျံ ပရမံ လာဘံ"ဆိုတဲ့ နိဗ္ဗာန်ကြီး ရမယ်.... (မှန်ပါ)။

အဲဒီတော့ ဒါတွေ မြင်ဖန်များလာတဲ့ အခါကျတော့မှ အင်း....ဒီကျတဲ့အခါကျတော့မှ မျက်စိနှစ်ကွင်း အလင်းရတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

မျက်စိနှစ်ကွင်း အသင်းရတော့မှခုနင်က ဆီချေးတွေပေနေတဲ့ ဝတ်ကြီး ဝတ်နေတဲ့ ပုဂ္ဂိုလ် သူ့ကို ဆရာကောင်း,သမားကောင်း တွေနဲ့ဆေးကောင်း, ဝါးကောင်းတွေ, အမေမိဘတွေက ကုပေး လိုက်တဲ့အခါကျတော့မှ ခုနင်က သူ့ကို ဒီ အဝတ်နဲ့ မင်းနဲ့ တယ် လိုက်တယ်၊ သူ့မှာ သိုးမွေးဖြူကြီးများ ဝတ်နေသလို ထင်နေတဲ့ ဥစ္စာ ခုနင်က သူ့ကို ဆင်လိုက်တဲ့ ပုဂ္ဂိုလ်ကို ဆဲချင် ဆိုချင် ကြိမ်းဝါးချင် သူ မျက်စိနှစ်ကွင်း အလင်းရတော့ မလာပေဘူး

လား....(လာပါတယ်ဘုရား) ငါ့ကို တသက်လုံး လှည့်စားနေတာ လို့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ခန္ဓာကြီးက တသံသရာလုံး လှည့်စားနေတာ....(လှည့်စားနေပါတယ်ဘုရား) ပေါ်ပြီ....( ပေါ်ပါပြီဘုရား )။

တသံသရာလုံးဘဲ....(လှည့်စားနေပါတယ်ဘုရား)လှည့်စားနေတယ်၊ကျန်းမာတုန်း လုပ်ဟော့....ကျန်းမာတုန်း သွားဟဲ့....ကျန်းမာတုန်း ဝယ်ဟဲ့....၊ ကျန်းကျန်းမာမာ ရှိတုန်းကို လုပ်ဟဲ့....၊ကိုင်ဟဲ့....၊ အံမာလေး....သူ့ကျန်းကျန်းမာမာ ရှိတုန်း လုပ်ဟဲ့....ကိုင်ဟဲ့နဲ့ ခန္ဓာကိုယ်ကြီးမှာသက္ကာယဒိဋ္ဌိက ဝင်ပြီး ညာနေတော့ ကိုစောမောင်တို့က ခုနင်ကမကျန်းမာတာတွေ ကြည့်မိသေးရဲ့လား (မကြည့်မိပါဘုရား)။

မကြည့်မိတော့ အခု သေသေချာချာ အရိယာမျက်လုံး တပ်ကြည့်တော့မှ ဩော်....ငါတို့ ကျန်းမာတယ်, လှတယ်, ပ-တယ်ထင်ခဲ့သ၍ဟာဖြင့် ဒိဋ္ဌိတဏှာ လိမ်ချက်တွေဘဲ၊ မင်းတို့ အတော်ဆိုးတဲ့ လူတွေပါကလားလို့ ပေါ်လာတယ်...( ပေါ်ပါတယ်ဘုရား )။

ခင်ဗျားတို့ မျက်လုံးကို ဆရာဘုန်းကြီးက ကုပေးလိုက်တယ်၊ ဆေးကောင်း, ဝါးကောင်းနဲ့ မြတ်စွာဘုရား ပေးတော်မူတဲ့ဆေးနဲ့ ကုပေးလိုက်တဲ့ အခါကျတော့မှ ဩော်.... ဘယ်နေရာကမှ ကျန်းမာတာ တကွက်မှ မပါပါကလား....(မပါပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ပါသေးလား နောက်က တကာ တကာမတွေ....(မပါပါဘုရား) ပါတယ်ထင်လို့ရှိယင် အိမ်ကျတော့ ဘုရားရှေ့မှာ ထိုင်

ပြီး ဘာမှ မလုပ်ဘဲနဲ့ ဒီ ခန္ဓာကြီး စောင့်ကြည့်နေပါ....(မှန်ပါ ဘုရား)။

စောင့်ကြည့်နေယင် ဦးဘရှင်း ခန္ဓာကိုယ်က ဘာတွေ ပြောမယ်ထင်သတုံး....(ရောဂါတွေ ပြောပါမယ်ဘုရား) ရောဂါတွေ မကျန်းမာတာတွေ အကုန်မပြောပေဘူးလား....( ပြောပါတယ် ဘုရား )။

ပြောတော့မှ သြော်....ဒို့ ပင်ကိုယ်မျက်လုံးနဲ့ကတော့ ကျန်းမာတယ်လို့ ထင်ပြီးသကာလ တကြွားတည်း ကြွားပြီးသကာလ တလုပ်တည်း အလုပ်တွေ လုပ်နေကြတာ ရှေးက မျက်စိနှစ်ကွင်း အလင်းမရတဲ့လူကို ဆီချေးပေနေတဲ့ပုဆိုးကြီးဆင်လှတ်လိုက်တာနဲ့ ဒို့မှာ ကြွားလုံးထုတ်နေတာ, ဒို့ အကန်းကြွား-ကြွားနေတာကိုးဆိုတာ ပေါ်သွားပါပြီ....(ပေါ်ပါပြီ ဘုရား)။

အခု အရိယာမျက်လုံး တပ်ကြည့်တော့မှ တဏှာ ဒိဋ္ဌိတို့ လိမ်ခြင်းကြောင့် အကန်းကြွား-ကြွားနေတာ အခု တဏှာ ဒိဋ္ဌိ မပါဘဲနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ် ခင်လုံး မပါဘဲနဲ့ ခန္ဓာကိုယ် ငါမထင်ဘဲနဲ့ ကြည့်လိုက်တော့မှ ရောဂါတွေ တွေ့တယ်....(မှန်ပါ)။

တကာ တကာမတွေ ဘာတွေတွေ့သလဲ....(ရောဂါတွေ တွေ့ပါတယ်ဘုရား)။

ရောဂါတွေ တွေ့လာကြတော့မှ သြော်....ဒုက္ခသစ္စာ အစစ်ပါလားလို့ ဉာဏ်က ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

အင်မတန် အဘိုးတန်ပါကလား ဦးဘကလေး....( တန်ပါတယ်ဘုရား )။

ဘုရားပေးတဲ့ ဥပမာနဲ့ အခု ဆရာဘုန်းကြီးကဖြည့်စွက်ပြီးသင် လွှတ်တာနဲ့ဆိုတော့ ဦးဘအုန်းကြီးတို့ သိပ် ကျေးဇူးများတယ်.... (များပါတယ်ဘုရား)။

စောင့်ကြည့်ပါနော်....တကာ တကာမတို့....(မှန်ပါ့) အိမ်ကျ တော့ ဘာလုပ်ကြရမယ်....(စောင့်ကြည့်ရပါမယ်ဘုရား)။

အဲ့....သမာဓိကောင်းကောင်းထားပြီး ပညာမျက်လုံးနဲ့ ကြည့် လိုက်တဲ့အခါကျတော့မှ အင်း....ဒါဒုက္ခသစ္စာတွေပါလား....ဖြစ် ပျက်တွေပါလား....ဖြစ်ပျက်တွေပါလား....၊ ဖြစ်ပြီးပျက်၊ ဒီနေရာ ယားတာတွေလဲ ဖြစ်ပျက်၊ ဒီနေရာ အောင့်တာတွေလဲ....(ဖြစ်ပြီး ပျက်ပါဘုရား)အင်း- ဒါဘာသစ္စာတွေပါလိမ့်....(ဒုက္ခသစ္စာတွေ ပါဘုရား)။

အဲ....ဒါဖြင့် ရောဂါမှ ဟုတ်ပါရဲ့လား....( ဟုတ်ပါတယ် ဘုရား )ဒုက္ခရောက်တယ်ဆိုတဲ့ ဥစ္စာ ကိုစောမောင် ရောဂါတွေ ဘဲ....(မှန်ပါ့)တကာကြီးလှိုင် ပေါ်ပလား-(ပေါ်ပါပြီ ဘုရား)။

နက်ဖြန်ကျတော့ ဘုန်းကြီးပေးတဲ့ အခု နည်းနဲ့ မာဂဏ္ဍိပုဏ္ဏား ကြီး ဘုရားပေးတဲ့ နည်းကိုထားပြီး ထိုင်ပြီးကြည့်ကြည့်, အိပ်ဘဲ ကြည့်ကြည့် သမာဓိကောင်းကောင်းနဲ့ ကြည့်တဲ့အခါ သစ္စာတွေ အကုန်တွေ့ပါလိမ့်မယ်....(မှန်ပါ့)ဘာသစ္စာတွေတွေ့မလဲ.... (ဒုက္ခ သစ္စာတွေ တွေ့ပါမယ်ဘုရား)။

အဲ....ဒုက္ခသစ္စာတွေ ကိုယ့်ဉာဏ်နဲ့ တွေ့ပါလိမ့်မယ်လို့ မှတ် လိုက်ကြစမ်းပါ....(မှန်ပါ့)။

ဘာတွေ တွေ့ကြမယ်....(ဒုက္ခသစ္စာတွေ ကိုယ့်ဉာဏ်နဲ့ တွေ့ပါတယ်ဘုရား) အဲ .... ဒုက္ခသစ္စာတွေ ကိုယ့်ဉာဏ်နဲ့ တွေ့တဲ့အခါကျတော့မှ မျက်စိနှစ်ကွင်း အလင်းရလို့ပော့.... ဆိုတာမှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဦးဘရှင်း ဘယ်လိုမှတ်မယ်....(မျက်စိနှစ်ကွင်း အလင်းရလို့ပါဘုရား)။

မျက်စိနှစ်ကွင်း အလင်းရတာနဲ့ အယင်တုန်းကတော့ဖြင့်ကျန်းမာလို့ တရားနာနိုင်တယ်လို့ ထင်ကြတယ်၊ မဟုတ်လား (မှန်ပါ) ကျန်းမာလို့ အရောင်းအဝယ် ထွက်နိုင်တယ်လို့ ထင်ကြတယ်....(မှန်ပါ)ကျန်းမာလို့ ဒီသား ဒီသမီးတွေကို ဒီထမင်းအိုးကြီးနဲ့ နေ့တိုင်း မကြောင့်မကျ မတောင့်မတနဲ့ ကျွေးနိုင်တယ်၊ မွေးနိုင်တယ်လို့ ထင်ကြတယ်....(မှန်ပါ)အပြီးသတ်တော့ဘယ်ဟုတ်မလဲ.... မကျန်းမာလျက်နဲ့ ထ လုပ်နေတာ....( မှန်ပါဘုရား )။

ဦးဘကလေး ဘယ့်နှယ်တုံး.... (မကျန်းမာလျက်နဲ့ ထ လုပ်နေတာပါဘုရား)။

အယင်မျက်လုံးက စုံလုံးကန်း မျက်လုံးနဲ့ ပြောနေတာ....(မှန်ပါ)အခု အရိယာမျက်လုံး တပ်ကြည့်လိုက်တော့ သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်ပြန်လဲ မကျန်းမာလျက်နဲ့ လုပ်ရတယ်ဆိုတော့ သစ္စာမြင်ပြီး လုပ်တာ....(မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)ဘာမြင် လုပ်ကြသလဲ.... (သစ္စာမြင်ပြီး လုပ်တာပါဘုရား)။

သစ္စာမြင်ပြီး လုပ်တော့ နောက်က တဏှာက သေနေတယ် (မှန်ပါ့)သစ္စဉာဏ်နဲ့ လုပ်လိုက်တာကိုး....(မှန်ပါ့)သဘောပါကြ လား....(ပါပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဆရာကောင်း, သမားကောင်း,ဆေးကောင်း ဝါးကောင်းနဲ့ မင်းခုနင်ကဆီချေးတွေပေတဲ့ အဝတ်ကြီးဝတ်နေတဲ့ စုံလုံးကန်းကို ဆေးကောင်း, ဝါးကောင်းနဲ့ ကုလိုက်တဲ့အခါကျ တော့ အယင်က ဆင်ထားတဲ့ ပုဂ္ဂိုလ်ကို ဆဲချင်, ဆိုချင်တွေ ကိုစောမောင် လာ-မလာ....(လာပါတယ်ဘုရား)။

ငါ့ကို လိမ်လည်လှည့်ဖြားတာ ကြာလှပြီ....( မှန်ပါ့ )စုံလုံး ကန်း ဖြစ်နေတုန်းက ငါ့အဝတ်နဲ့ ငါလိုက်တယ် ထင်နေတာ အခုမှ မျက်စိနှစ်ကွင်းအလင်းရတော့မှ ငါ့လှည့်စားလာတာ ကြာ လှပြီ ဆိုပြီးသကာလ ဒီဆင်တဲ့, ပြင်တဲ့ ပုဂ္ဂိုလ်ကိုဘဲ အတော် စိတ်ဆိုးတယ်....( မှန်ပါ့ ) မဆိုးပေဘူးလား....( ဆိုးပါတယ် ဘုရား )။

ဘယ့်နှယ်....ဆီချေးတွေပေနေတဲ့ အဝတ်ကြီးကို အဖြူလုပ်ပြီး သကာလ မင်းနဲ့ တယ်လိုက်တယ်လို့ပြောပြီး ဆင်ထားတာကိုး (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ခန္ဓာကိုယ်ထဲမှာရှိတဲ့ တဏှာက အင်း.... မင်းခန္ဓာ မင်း ခင်နေတာဘဲဆိုတာလဲ တဏှာက အဝတ်ဆင်ထား တာ....(မှန်ပါ့) ဒိဋ္ဌိကလဲ မင်းခန္ဓာကိုယ်ကြီးဟာ ရောဂါဥပါဒ် အန္တရာယ်ကင်းတုန်း ကြိုးစားလုပ်ကွ....(မှန်ပါ့)။

အင်း....ဒိဋ္ဌိကလဲ အဝတ်ဆင်ပေးပြန်တယ်....(မှန်ပါ့)။

ဒိဋ္ဌိက အကြိုးစားခိုင်း၊ တဏှာက အဝတ်ဆင်ပေးဆိုတော့ ကျုပ်တို့ကလဲ မျက်စိနှစ်ကွင်း အလင်းမရသေးတော့ အနာတွေ မမြင်....(မှန်ပါ့) ဘယ့်နှယ်ဖြစ်နေကြပါလိမ့်မတုံး....(ကန်းနေကြ ပါတယ်ဘုရား)။

တကာ တကာမတွေ ပေါ်ပလား....( ပေါ်ပါပြီ )ကန်းချက် ပြင်းထန်လိုက်တာ....(မှန်ပါ့)။

ဘယ်လောက်ကြာပြီတုံး ဒီ ခန္ဓာအဝတ်ကြီးကို ရောဂါမရှိဘူး ဆိုပြီး ထင်ပြီးသကာလ ဒီခန္ဓာကြီး ထမ်းပိုးပြီး ဝတ်ဆင်လာကြ တာ ဘယ်လောက်ကြာပလဲ....(မရေတွက်နိုင်ပါဘုရား)။

ကိုင်း ခင်ဗျားတို့ ဆီချေးတွေပေနေတဲ့အဝတ်ကြီးနဲ့တိုင်းပြည် လှည့်နေတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောကြား ညွှန်ပြ ဆုံးမတဲ့ ဥစ္စာ ပုထုဇန်မျက်လုံးနဲ့ အရိယာမျက်လုံး ခွဲခြားပြီး ဟောလိုက်တော့မှ မောင်နိုင် ရှင်းရှင်းကြီး ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) မပေါ်လာဘူးလား....(ပေါ်လာပါတယ် ဘုရား) နောက်က တကာ တကာမတွေ ရှင်းကြရဲ့လား....(ရှင်း ပါတယ်ဘုရား)။

ဒါဖြင့် အခု ဘာမျက်လုံးနဲ့ ကြည့်မယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ဝိဋ္ဌာန်ပါတော့....(မှန်ပါ့) အိမ်ကျလို့ ရှိယင်ဖြင့်ဟေ့ .... အရိယာ မျက်လုံးဆိုတဲ့ သစ္စာမျက်လုံးနဲ့ ကြည့်မဟ.... (မှန်ပါ့)သစ္စာမျက် လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့မှ ခန္ဓာကိုယ်ထဲ ရောဂါတွေ အကုန်အးပြည့် မြင်ရပါလိမ့်မယ်....(မှန်ပါ့)။

ဖြစ်လိုက် ပျက်လိုက်-ဖြစ်လိုက် ပျက်လိုက်နဲ့၊ ဒီရောဂါကလဲ သာမည ရောဂါလားဆိုလို့ရှိယင် သေလောက်အောင် ရောဂါ ချည့်ဘဲ.... (မှန်ပါ့)။

ဘယ်ရောဂါတွေပါလိမ့်....(သေလောက်အောင် ရောဂါချည့် ပါဘုရား)။

အင်း....ဝေဒနာကလေး ဖြစ်လဲ ဖြစ်ပြီး ပျောက်သွားတာဘဲ-သေသွားတာဘဲ ဦးဘရှင်း ဘာကျန်သေးသတုံး.... (မကျန်ပါ ဘုရား)။

စိတ်ကလေးပေါ်လာလဲ....( ဖြစ်ပြီး ပျောက်သွားတာဘဲ ) သေနာပေါ်ချည်းဘဲ....( မှန်ပါ့ )အသေလွတ်ကလေးများ ပါ သေးလား....( မပါပါဘုရား ) ဒါဖြင့် ဒီ့ထက်ကြီးတဲ့ ရောဂါ ကော.... ( မရှိပါဘုရား ) မရှိဘူးဆိုတာ တကာ တကာမတွေ ကောင်းကောင်းရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်... ဒါဖြင့် ဘယ်မျက်လုံး တပ်ပေးလိုက်လို့ ဒီအခြေ အနေ ရောက်သွားပါလိမ့်မတုံးဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား) အင်း....ဘယ်မျက်လုံးပါလိမ့်....( အရိယာ မျက်လုံးပါဘုရာ )။

အဲဒါကြောင့် ခင်ဗျားတို့ ဆရာသမားများ မကယ်ယင် ဒီ အရိယာမျက်လုံး ဘယ်ကလာ ရမှာတုံး....(မှန်ပါ့) ဦးလှိုင် ရနိုင် ပါ့မလား....(မရနိုင်ပါဘုရား)။

မရနိုင်ဘူးဗျ၊မင်းတို့ဘဝအရ စော်တယ်လို့ ဟောနေဦးမှာ.... (မှန်ပါ့) မောင်နိုင် မလွဲပေဘူးလား....(လွဲပါတယ်ဘုရား)။

အင်း....အရတော်လိုက်တာကွာ၊ယောကျ်ားလဲ ဖြစ်တယ်ကွာ၊ စီးပွားရေးကလဲ ဖြောင့်တယ်ကွာ၊ သားတွေ့သမီးတွေကလဲ ကိုယ့်စကား လိုက်နာသကွာ၊ မင်းတို့လောက် ကံကောင်းတာ ဘယ်ရှာတွေ့မတုံးဆိုတော့ ခုနင်က ဆီချေးတွေပေနေတဲ့ အဝတ်ကို ဝတ်ပေးပြန်ပြီ....(မှန်ပါ့)တော်တော်ကြာ အဆဲခံရလိမ့်မယ် ဒီဆရာ.... (မှန်ပါ့) မခံရပေဘူးလား....(ခံရပါတယ်ဘုရား)။

ကဲ.... မျက်စိနှစ်ကွင်း ဘာစ္စာမျက်လုံးနဲ့ အရိယာမျက်လုံးတပ်ပေးတဲ့ ပုဂ္ဂိုလ်နဲ့ ဆေးကုပေးလိုက်ပြီ ဆိုမှဖြင့် သြော်....တသက်လုံးလှည့်စားပြီးသကာလ ငါ့မှာဖြင့် ဒီလူ့အဖြစ်က အင်မတန်ကြီးပါကလားဆိုပြီး အကြီးအကျယ် စိတ်ဆိုးထိုက်တယ် .... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့မှာ တဏှာဒိဋ္ဌိက တခါတည်း ခန္ဓာကိုယ်ကြီး လှည့်စားပြီးထားလိုက်တာ မင်းအဖြစ်နဲ့ မင်းနဲ့လိုက်လိုက်တာကွာ....၊ကျန်းမာရေးကလဲဟန်ကျ၊ အင်း .... စီးပွားရေးကလဲ ပြေပြစ်ဆိုပြီး တဏှာဒိဋ္ဌိက ဦးဘရှင်းတို့ မြှောက်လာတာ ဘဝပေါင်း ဘယ်လောက်ကြာခဲ့ပြီလဲ....(မရေတွက်နိုင်ပါဘုရား)။

ကြည့်စမ်း....ဆီချေးတွေပေနေတဲ့အဝတ်ကြီးဝတ်ထားတယ်.... ( မှန်ပါ့ )ဆီချေးတွေ ပေနေတဲ့အဝတ် ဝတ်ပြီးသကာလ သံသရာခရီးသည်အဖြစ်နဲ့ ဟိုအလှည့်ခိုင်း ဒီအလှည့်ခိုင်း အရှက်တကွဲအကျိုးနည်း လည်နေကြတယ်....(မှန်ပါ့)။

ဘယ်လိုလည်ကြတာတုံး....(အရှက်တကွဲအကျိုးနည်း လည်နေကြတာပါဘုရား)။

အရှက်တကွဲအကျိုးနည်း အလည်ခိုင်းတာသည် တဏှာဒိဋ္ဌိ.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

အင်း .... ဘယ်သူက အလည်ခိုင်းပါလိမ့်.... (တဏှာဒိဋ္ဌိကပါ ဘုရား)။

တဏှာဒိဋ္ဌိက အလည်ခိုင်းတယ်ဆိုတော့ အခုအရိယာမျက်လုံး ကလေးတပ်ကြည့်လိုက်တော့မှ ဩော်.... ဒီရောဂါတုံး ရောဂါခဲ ကြီးနဲ့ ဟိုဘုံမှာသွားပြ ဒီဘုံမှာသွားပြ-နတ်ပြည်သွားပြ- ဗြဟ္မာ ပြည်မှာ သွားပြလိုက် ကျုပ်ရောဂါသည်ပါဆိုတဲ့ဥစ္စာ၊ ဟိုက အရိယာနတ်တွေက ကြည့်တဲ့အခါကျတော့ ဘယ်လောက်များ စက်ဆုပ်ရှာမတုံး.... (စက်ဆုပ်ပါတယ်ဘုရား) ဘယ်လောက်များ သနားရှာမတုံး....(သနားပါတယ်ဘုရား) မသနားပေဘူးလား.... (သနားပါတယ်ဘုရား)။

အဲဒီမှာလဲ တကာတကာမတွေက ခင်ဗျားတို့ချင်း နားခမ်းပဲ့ ချင်း မီးမှုတ်ပြီး သူက တော်တယ်၊ ငါက မကျန်းမာဘူး၊ သူက နေရာကျပြီ သားရေး-သမီးရေး-စီးပွားရေးကော ငါက လိုသေး တယ်လို့ ဒီအကန်းချင်းတော့ စကားပြောမနေပါနဲ့.... (မှန်ပါ့) အရိယာမျက်လုံး အကုန်တညီတညွတ်တည်း တပ်ပြီးကြည့်လိုက် ပါ....(မှန်ပါ့)။

တပ်ကြည့်လိုက်တော့ ဘယ်သူ့-ဘယ်သူမှ မကယ်နိုင်တဲ့ အနာ သည်တွေ တွေ့နေတယ်....(မှန်ပါ့)။

ကိုစောမောင် ဘာတွေတွေ့သလဲ .... (ဘယ်သူ့- ဘယ်သူမှ မကယ်နိုင်တဲ့ အနာသည်တွေ တွေ့ပါတယ်ဘုရား)။

ဘယ်သူ့-ဘယ်သူ ကယ်နိုင်ကြသေးသတုံး .... (မကယ်နိုင်ပါဘုရား) သူလဲအနာမျိုးစုံနဲ့....(မှန်ပါ့)ကိုယ်ကကော....(အနာမျိုးစုံနဲ့ပါဘုရား)။

ကဲ-ဒါဖြင့် ဒီအနာမျိုးစုံတွေကိုတဲ့ တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ တပည့်သားများ နည်းပေးတဲ့ ဆေးနဲ့မှ ခန္ဓာချုပ်ရေးကို ခင်ဗျားတို့ မလုပ်တော့ပါဘူးဆိုယင် အနာနဲ့ သံသရာလည်ကြပေတော့ (မှန်ပါ့) ဆီချေးတွေ ပေနေတဲ့ အဝတ် ဝတ်ပြီးသကာလ ငါနဲ့ မလိုက်ဘူးလားဆိုတဲ့ မျက်လုံးကန်းကြွားသာ ကြွားကြပေရော့ (မှန်ပါ့)။

ဒီ့ပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား)တယ်လဲဆိုးပါလား (ဆိုးပါတယ်ဘုရား)။

တကာ တကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီ) တယ်လဲဆိုးပါလား....(ဆိုးပါတယ်ဘုရား)။

သေသေချာချာ အကြောင်းအကျိုးဆက်ပြီး ပြောတော့မှ ကိုယ့်အခြေအနေကလေးဟာ အခုကြည့်စမ်း ဟိုအနာသမားနဲ့ ဒီအနာသမား မတည့်ကြ ရန်ဖြစ်ကြ၊အမျိုးမျိုး အဖုံဖုံပေါ့ဗျာ.... (မှန်ပါ့)ဒါ အမြင်မှားမှုတွေပေါ့....(မှန်ပါ့) သဘောပါကြလား (ပါပါပြီ)။

အနာမမြင်တော့ ဦးဘရှင်းတို့က ဟော့ .... ဘယ်သူ နဲ့ ဖြင့် မပေါင်းနိုင်ဘူးကွာ၊ ဘယ်သူနဲ့ဖြင့် မသင်းနိုင်ဘူးကွာ ဟုတ်လား (မှန်ပါ့) ဟာ-မာန်တွေ ထ,မာနတွေ တက်၊ အင်း-....တခါ တခါ

ပေါ့ဗျာ မလာတတ်ဘူးလား(လာပါတယ်ဘုရား)အဲဒါ ဘာမမြင် လို့ပါလိမ့်....(အနာမမြင်လို့ပါဘုရား)။

အင်း....သူလဲ အနာနဲ့-ငါလဲ အနာနဲ့၊ငါပျောက်ဘို့သာအရေး ကြီးတယ် ဆိုပြီးသကာလ ဒီစိတ်က မလာဘူးလား.... (မလာပါ ဘုရား)။

သူနဲ့ ငါနဲ့ဖြင့် တန်းမတူဘူး၊ သူနဲ့ ငါနဲ့ဖြင့် တန်းမတူဘူး၊ သူနဲ့ ငါနဲ့သည်ကားလို့ဆိုယင် စကားပြောလို့ နေရာမကျဘူး အစရှိသည်နဲ့၊ မလာခဲ့နဲ့ကွာ၊ အိမ်ရိပ်တောင် မနင်းနဲ့ဟေ့.... အစရှိသည်နဲ့ ကိုစောမောင် အနာသည်က နေပြီးသကာလ ကိုစောမောင် အနာသည်ကနေပြီး တခါတည်း ငါနဲ့မလိုက် ဘူးလားပြောနေတယ်၊ ငါနဲ့တူတာ ဘယ်သူ ရှိသေးသတုံး၊ ငါလို စီးပွားရေးနဲ့ ငါလိုအိမ်ကောင်း တိုက်ကောင်းနဲ့နေတာ ဘယ်သူ ရှိသေးတုံးဆိုပြီး ခုနင်က ဆီးချေးတွေပေနေတဲ့ အဝတ် ကြီးနဲ့ ကြွားနေတာကိုး....(မှန်ပါ)။

ဘာနဲ့ကြွားနေတာတုံး....(ဆီးချေးတွေပေနေတဲ့အဝတ်ကြီးနဲ့ ကြွားနေတာပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

အံမာလေး ဦးဘအုန်းရေ-ဖြစ်နေလိုက်တာ ဟင်.... (မှန်ပါ) ဘာမျက်လုံးမရခင် ဖြစ်နေကြတာပါလိမ့် .... (အရိယာမျက်လုံး မရခင် ဖြစ်နေကြတာပါဘုရား)။

ကိုင်း-ဒါဖြင့် ဒီအရိယာမျက်လုံး မရသ၍ ကာလပတ်လုံး ဒီအကန်းကြွားကဖြင့် ထက်သန်လိမ့်မယ်....(မှန်ပါ)။

ဦးလှိုင် ဘယ်လိုပါလိမ့် .... ( ထက်သန်ပါလိမ့်မယ်ဘုရား ) အကန်းကြွားထည့်ပါဦး.... (မှန်ပါ အကန်းကြွား ထက်သန်ပါတယ် ဘုရား)။

အကန်းကြွား သိပ်ထက်သန်လိမ့်မယ်ဆိုတာ တကာ တကာမ တွေ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် အဲဒီ့ အကန်းကြွားဟာ ဘယ်လောက်ကြာခဲ့ကြပြီတုံး (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး....(မှန်ပါ့)ဒီတခါဖြင့် ရောဂါပျောက်တဲ့ မျက်လုံးကို ခင်ဗျားတို့ကို ဆရာဘုန်းကြီးကလဲ ပေးပါပြီဆိုတော့ ဩော်....အကန်းဇာတ်နဲ့ အနာဇာတ်ဖြင့်သိမ်း ရတော့မယ်ဆိုတာ ဝမ်းမြောက် ဝမ်းသာနဲ့ ဒီဥစ္စာမှတ်ရတော့ မယ်····(မှန်ပါ့)။

အကန်းဇာတ်ကိုလဲ သိမ်းမယ်၊ အနာပျောက်တဲ့ နည်းကိုလဲ ပေးမယ်....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီ)။

ဒီလိုဆိုလို့ရှိယင်ဖြင့် အထူးတလည်ဘဲ ကျေးဇူးများတော့ မယ်ဆိုတဲ့ ဥစ္စာဖြင့် ဦးဘရှင်း သံသယမရှိနဲ့တော့....(မှန်ပါ့)။

ဒါ အင်မတန်ဖေါ်ရတယ်နော်.... ( မှန်ပါ့ ) ကိုစောမောင် ဒီတရားကလေး ဟောချင်တော့ ဘယ်လောက်ဖေါ်ရတယ်ဆိုတာ နာရီသုံးမတ်ရှိသွားပြီဗျ....(မှန်ပါ့)။

တကာ တကာမတွေ ခင်ဗျားတို့ ဆီချေးတွေပေနေတဲ့အဝတ် ကြီးနဲ့ အကန်းက ကြွားပြီးသကာလ လာခဲ့တာ သံသရာမှာ ဘဝပေါင်းဘယ်လောက်တုံး .... (မရေတွက်နိုင်ပါဘုရား) ဘယ် တော့များ မြင်ခဲ့သတုံး....(ဘယ်တော့မှမမြင်ခဲ့ပါဘုရား)။

တဏှာကလဲ သူ့အဝတ်နဲ့သူ လိုက်တယ်ပြောတာဘဲ၊မင်းဘဝ အရတော်တယ်ဆိုတာ သူ့အဝတ်နဲ့သူ လိုက်တယ်ပြောတာ.... (မှန်ပါ့)။

မင်းလိုလူ ရှာမှရှားတယ်လို့ မာနကလဲ မြှောက်နေတာဘဲ- (မှန်ပါ့) မမြှောက်ဘူးလား....(မြှောက်ပါတယ်ဘုရား)။

ဒိဋ္ဌိကလဲ.... အင်း....ငါ့ကိုယ် ငါဘဲအရေးကြီးတာဘဲ....ဆိုတဲ့ ငါတွေကကော....(မြှောက်ပါတယ်ဘုရား)။

မြှောက်နေတော့ ကိုယ့်အဝတ်နဲ့ကိုယ် အနာသမားကနေပြီး သကာလ.... ဟာ....တဏှာ မာန ဒိဋ္ဌိတည်းဟူသော သုံးခုက လှည့်စားလိုက်တာနဲ့ အနာလဲမမြင်ဘဲနဲ့ ဘဝင်သာမြင့်ပြီး ငါ့အဝတ်နဲ့ငါ မလိုက်ဘူးလားသာ ပြောနေတာဘဲ....(မှန်ပါ့) ဘယ် လောက်များ ဆိုးတယ်ဆိုတာ တကာကြီးလှိုင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကိုစောမောင်တို့ ဦးဘရှင်းတို့ ရှင်းလောက်ပါပြီ....(ရှင်းပါပြီ ဘုရား)။

အနာမြင်မှ ပျောက်ချင်တာသာ ကေန်....( မှန်ပါ့ ) အနာ မမြင်ဘဲနဲ့ ပျောက်ချင်နေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် အင်း....ထုံးစံအ တိုင်း ရိုးရာဘဲ....(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)

ဒါဖြင့် ဘယ်လိုမှပျောက်ချင်တာ အမှန်ပါလိမ့်....(အနာမြင် မှ ပျောက်ချင်တာ အမှန်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာမြင်မှ နိရောဓသစ္စာကို သေသေချာချာ ရချင်မယ်(မှန်ပါ့) ဒုက္ခသစ္စာ မမြင်တဲ့ပုဂ္ဂိုလ်.... (နိရောဓသစ္စာ မရချင်ပါဘုရား)။

နိရောဓသစ္စာ သူလိုချင်ပါတယ် ဆိုတာ အပြောသမား.... (မှန်ပါ) အကြိုက်သမားတော့.... (မဟုတ်ပါဘုရား)။

အပြောသမားနဲ့ အကြိုက်သမားတော့ ကိုစောမောင် တခြားစီ.... (တခြားစီပါဘုရား) သဘောပါကြလား....(ပါပါပြီ)

ဩော် .... ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီ ဝတ္ထုထုတ်ပြီးသကာလ ဒီ နမူနာနဲ့ အရိယာမျက်လုံး တပ်ပေးရတာ ဘုန်းကြီးဖြင့် ဒီနေ့ တရားပြောရတာ အင်မတန် ဝမ်းမြောက်ပါတယ်....(မှန်ပါ)။

ဦးဘကလေး ဝမ်းမမြောက်သင့်ဘူးလား....(ဝမ်းမြောက်သင့်ပါတယ်ဘုရား)။

တကာကြီးလှိုင် ကြည့်နည်းနိဿယည်း ပေးတာနော်(မှန်ပါ) သမာဓိကြီးကြီးထားပြီးပညာမျက်လုံးဖွင့်ကြည့်စမ်းပါ....(မှန်ပါ) ဖွင့်ကြည့်တော့ တကာကြီးလှိုင် ရွေ့ချင်, ပြောင်းချင်, ယားချင် ကုတ်ချင်ဆိုတာတွေ လာမလား....မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါတွေ ဖြစ်ပျက်သာ ရှုချပေးတော့၊ ဒါ ဒုက္ခသစ္စာတွေဘဲ၊ဒါ ဒုက္ခသစ္စာတွေဘဲလို့ သာရှုလိုက်ပါ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ) တရားရှာစရာ လိုသေးသလား....( မလိုပါဘုရား )။

အင်း....တရားရှာနေရတာက ကိုယ့်ကိုယ်ကိုကျွန်းမာတယ် ထင်နေတဲ့ ပုဂ္ဂိုလ်, ကျွန်းမာတုန်း တရားရှာမှဘဲလို့ သူက အလွဲပြောနေတယ်....(မှန်ပါ)။

ဦးဘရှင်း အလွဲပြောနေတာ....(မှန်ပါ)ကျုပ် ကျွန်းမာတယ် ခုချိန် တရားကလေး ရ,ထားမှ တော်မယ်၊ တရား လိုက်ရှာဦးမယ်

ဆိုတော့ ဒါ တဖက်လှဲ့နေပြီ....(မှန်ပါ့) မလှဲ့ဘူးလား....( လှဲ့ပါ တယ်ဘုရား )။

မကျန်းမာတဲ့ ခန္ဓာကိုယ်ကြီး ကြည့်လိုက်လို့ရှိယင် တရား တွေ့မယ်....(မှန်ပါ့) ကျန်းမာတုန်း တရားရှာလို့ရှိယင်....(မတွေ့ နိုင်ပါဘုရား)။

မတွေ့နိုင်ဘူးဆိုတော့ သူ့ကိုယ်ကမျက်လုံးက တော်တော်ခက် နေတယ်....(မှန်ပါ့)။

ကိုစောမောင် ဒါ အပြောတတ်လို့လားတဲ့ သူ အလှဲ့ကြီး တာလား....( အလှဲ့ကြီးတာပါဘုရား ) အလှဲ့ကြီးတာပါဆိုတာ တကာ တကာမတွေ့ ပေါ်လာပါပြီ....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် မောင်နိုင်တို့ စဉ်းစားပါတဲ့ ဒီတရားမျိုး ပေါ် လာဘို့ လွယ်မှ မလွယ်ဘဲ....(မလွယ်ပါဘုရား)။

ဦးဘရှင်း လွယ်ပါ့မလား....( မလွယ်ပါဘုရား ) မလွယ်ဘူး ကိုပေါ်ရဲ့... (မှန်ပါ့) အားကြီးခက်တယ်....နော်....(မှန်ပါ့)။ ခင်ဗျားတို့က ကျောင်းဆောက်ပြီး အချောင်နိဗ္ဗာန်လိုချင်တာ.... (မှန်ပါ့) ဘုရားတည်ပြီးတော့....(အချောင်နိဗ္ဗာန် လိုချင်တာပါ ဘုရား) ဒုက္ခသစ္စာသိပြီး လိုချင်တာ ဟုတ်ကဲ့လား....(မဟုတ်ပါ ဘုရား)။

အဲဒီ အချောင်သမားတွေကတော့ဖြင့် မနည်းပါဘူး(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဒီ အချောင်သမားကကော ရမှာလားလို့ တကာကြီးလှိုင် ဘဲ စဉ်းစားကြည့်ပါ....(မရနိုင်ပါဘုရား)။

သူ့ဟာက ကျောင်းနဲ့ နိဗ္ဗာန် လဲမယ် ပြောတာ....( မှန်ပါ့ ဘုရား )။

မောင်နိုင် ဘယ့်နှယ်တုံး....(ကျောင်းနဲ့ နိဗ္ဗာန် လဲမယ် ပြောတာပါဘုရား)။

ဘုရားတည်ပြီး နိဗ္ဗာန်နဲ့ လဲမယ်လို့ ပြောတာ....( မှန်ပါ့ ) သူဟာ ဒီကတည်းက သူ့ခန္ဓာ သူ လဲတဲ့ သဘောလား .... သူ့ခန္ဓာအပြစ်မြင်တဲ့ သဘောလားတဲ့၊ချောင်ချောင်နဲ့ လဲယူမှာလား (ချောင်ချောင်နဲ့ လဲယူမှာပါဘုရား)။

ဟာ....မရဘူး-မရဘူး၊ မရဘူး စိတ်ချ .... (မှန်ပါ့) တကယ် ပျောက်ချင်တယ် အနာရှိမှန်းသိလို့ ပျောက်ချင်တဲ့ပုဂ္ဂိုလ်မှရမယ် (မှန်ပါ့)

အနာရှိမှန်းသိလို့....( ပျောက်ချင်တဲ့ပုဂ္ဂိုလ်မှ ရမှာပါဘုရား ) ဒီပြင်ပုဂ္ဂိုလ်ဖြင့်....(မရနိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးလဲ ကိုစောမောင် ဟောပြီ....(မှန်ပါ့)သစ္စသံယုတ်မှာ ဟောပြန်တယ်၊ငါဟာကွာတဲ့ သစ္စာလေးပါးမှာ ပဌမဒုက္ခသစ္စာမသိဘဲနဲ့ ငါနိဗ္ဗာန် ရောက်ခဲ့ တယ်ဆိုလို့ရှိယင်ဖြင့် အကြောင်းမဟုတ်ဘူးကွာတဲ့.... (မှန်ပါ့)။

ဒုက္ခသစ္စာဆိုတဲ့ အနာတွေ မမြင်ဘဲနဲ့ ဒုက္ခသစ္စာမမြင်ဘဲနဲ့ ငါဒုက္ခဆုံးတဲ့ နိဗ္ဗာန်ရောက်ခဲ့ပါတယ် ဆိုလို့ရှယင် ရိုးရိုးငါဥပမာ ပြောပါ့မယ်ကွာ....တဲ့ တိုင်တွေလဲမပါဘူး၊ ယောက်ပတ်တွေလဲ မပတ်ဘဲနဲ့ ကျုပ်ဒိုင်းတင်ခဲ့တယ်လို့ ပြောတာနဲ့ အတူတူဘဲတဲ့ (မှန်ပါ့ဘုရား)။

တိုင်ယောက်ပတ်မှ မပါဘဲနဲ့ ဒိုင်းဘယ့်နှယ်လုပ်တင်မလဲ.... (မတင်နိုင်ပါဘုရား) အဲ့ဒီလိုပြောတာနဲ့ အတူတူဘဲကွတဲ့ .... (မှန်ပါ့ဘုရား)။

ကိုင်း.... တကာ တကာမတို့ ဘုန်းကြီးပြောတဲ့စကားက အချောင်သမား နိဗ္ဗာန်လိုချင်လို့ မရနိုင်ဘူးဆိုတာကို ဒီဥပမာနဲ့ဘဲ ရှင်းလိုက်တယ် ကိုစောမောင်.... (မှန်ပါ) မရှင်းသေးဘူးလား.... (ရှင်းပါပြီ)။

တိုင်မပါ ယောက်ပတ်မပါဘဲနဲ့ ဒိုင်းချည့်တင်ခဲ့တယ်၊ ကျုပ်အိမ်ဟာ တော်တော်ဆန်းဆန်းပြားပြား လုပ်ခဲ့တယ်ဆိုယင်မောင်နိုင်က ဟာ ဒီလူရူးပြီလို့ ဆိုရပါလိမ့်မယ်....(မှန်ပါ ဆိုရပါမယ်ဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဘာပြုလို့တုံး....တိုင်လဲမပါဘူး၊ ယောက်ပတ်လဲ မပါဘဲနဲ့ ဒိုင်းကို ဦးဘရှင်းက ဘယ်နေရာသွားချိတ်မှာတုံး....(မချိတ်နိုင်ပါဘုရား)။

တကာကြီးလှိုင်.... ( မချိတ်နိုင်ပါဘုရား ) ချိတ်စရာ မြင်ကြရဲ့လား....(မမြင်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး အရိယာမျက်လုံးမတပ်ဘဲနဲ့ ဒုက္ခသစ္စာမမြင်နိုင်ပါဘူး....(မှန်ပါ)။

မမြင်ဘဲနဲ့ ကျုပ်ဖြင့် ပန်းတပွင့်နဲ့ နိဗ္ဗာန် ရောက်ခဲ့တယ်၊ ကျောင်းတဆောင်နဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာ မယုံနဲ့....(မှန်ပါဘုရား) အချောင်သမား နိဗ္ဗာန်သာ မှတ်ပေတော့.... (မှန်ပါ) သဘောကျပလား- (ကျပါပြီ)တကယ်ရမည့်နိဗ္ဗာန်တော့(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ ဒီအလုပ်ကို လုပ်ယူရဦးမယ်(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ) ကျောင်းဆောက်တဲ့ ကုသိုလ်ကနေပြီး ဒီအလုပ်- လုပ်ဘို့ ကျေးဇူးပြုရဦးမယ်၊ ပြုပြီးတော့မှ ဒီအလုပ်ကမှ နိဗ္ဗာန်ပို့မှာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကျောင်းဆောက်,ဘုရားတည်တာ ကုသိုလ်မရဘူးလို့ မပြောဘူးတဲ့၊ သူကသစ္စာမြင်တဲ့ မျက်လုံးဆီကိုရောက်အောင် ပို့ရဦးမယ်....(မှန်ပါ့) သဘောပါပလား(ပါပါပြီ)။

သစ္စာမျက်လုံးဆီကို....(ပို့ရဦးမှာပါဘုရား) ပို့တော့မှ သစ္စာမျက်လုံးက မြင်မှ နိဗ္ဗာန်ရမှာ.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

ဒါဖြင့် ဟိုဟာက ဝေးသောအကြောင်း....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒီအခု သစ္စာမျက်လုံး ချက်ခြင်းတပ်ပေးလိုက်တာက .... (နီးသောအကြောင်းပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာ တကာမတို့ သာသနာတွင်းမို့ နီးသောအကြောင်း, ဝေးသောအကြောင်း ပြောနိုင်တာနော်....(မှန်ပါ့) သာသနာပကျလို့ရှိယင် ထမင်းရေ ချောင်းစီးတာ ဒါနိဗ္ဗာန်ရောက်ဘို့ဘဲ ဆိုပြီး ဒါသာ သူတို့ ယူတော့တာဘဲ....( မှန်ပါ့ ) ခုနင်က သစ္စာက ကွယ်သွားပြီ....(ကွယ်သွားပါပြီ ဘုရား) မကွယ်သေးဘူးလား....(ကွယ်သွားပါပြီဘုရား)။

အဲ့ဒီတော့ နီးသောအကြောင်း ရှိသေးရဲ့လား....( မရှိပါဘုရား )အဲ....နီးသော အကြောင်းက ဘုရားပွင့်မှ ပေါ်လာတာ (မှန်ပါ့)။

ဒါ့ကြောင့် သစ္စာဟာ ဘုရားပွင့်မှ ပေါ်လာတယ် ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အခု ဒီ ဆရာနဲ့,ဒီ ဘုန်းကြီးနဲ့, ဒီ ခေတ်နဲ့ ခင်ဗျားတို့ အခု နာတဲ့ နားနဲ့ လွဲသွားယင် သွားပြီ

(မှန်ပါ့)မသွားသေးဘူးလား....( သွားပါပြီ ) သေသေချာချာ သွားပြီဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သွားတော့ ဘယ်လိုသွားမှာတုံး....အနာသည်က ဆီချေးတွေ ပေနေတဲ့ အဝတ်ကြီးဝတ်ပြီးသကာလ ငါနဲ့ မလိုက်ဘူးလား.... ဆိုတာနဲ့ဘဲ တသံသရာလုံး လည်နေတော့မှာဘဲ .... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

လူကလဲ အနာသည်၊ သဘောကျပလား....( ကျပါပြီ ) မျက်လုံးကကော- အကန်း....(မှန်ပါ့)။

ဆီချေးတွေပေနေတဲ့အဝတ်ကြီးဝတ်ပြီးသကာလသူသံသရာထဲ လည်ကြွားဦးမယ်....(မှန်ပါ့)တဏှာ,မာန,ဒိဋ္ဌိနဲ့ မကြွားကြပေဘူး လား-(ကြွားကြပါတယ်ဘုရား)ကဲ-ပေါ်ကြပလား-(ပေါ်ပါပြီ)။

အဲဒါ-သံသရာ အသာထားစမ်းပါဦး၊ ကိုယ်ငယ်ငယ်တုန်းက ဘယ်လိုကြွားခဲ့တယ် ဆိုတာကိုဘဲ အကဲခတ်ကြည့်လိုက်ယင် သံသရာကြီးဟာ ပေါ်သွားပါပြီ....(ပေါ်သွားပါပြီဘုရား)။

ကိုယ်ငယ်ငယ်တုန်းကလေ ကိုယ့်အထင်နဲ့ ကိုယ် အမေမိဘက ဝယ်ပေးတာ ကိုယ့်ဟာကိုယ်လုပ်နိုင်လို့ ဝတ်ရတဲ့ အဝတ်နဲ့ ကိုယ့် ဟာနဲ့ကိုယ်များ နေရာကျနေတဲ့ အခါ ကျတော့ ဈေးထဲ အတော် ရွေးပြီး ငါ့အဆင်နဲ့ငါ အတော်လိုက်အောင် ဝယ်လာခဲ့တာဘဲ ဆိုတဲ့ဥစ္စာ ကိုစောမောင် ကိုယ့်ဟာကိုယ်များ မျက်စိကမမြင် တော့ ပြုံးများပြုံးလိုက်သေးတယ်....(မှန်ပါ့) မပြုံးဘူးလား.... (ပြုံးပါတယ်ဘုရား)။

အင်း....ဘာပြုံး-ပြုံးတာတုံးဆိုတော့ အကန်းပြုံး....(မှန်ပါ့) ရောဂါမမြင်လို့ဘာတုံး....(အကန်းပြုံးပါဘုရား)။

အကန်းပြုံး၊ သူ့အဝတ်နဲ့သူနဲ့ တယ်လိုက်တယ်ထင်တယ်.... ( မှန်ပါ့ ) ဘယ်သူက ဆင်ထားတာတုံး.... (တဏှာ့,မာန,ဒိဋ္ဌိပါ ဘုရား)ကိုင်း....ဆင်တဲ့ လူကလဲ လူယုတ်မာချည့်ဘဲ....(မှန်ပါ့)။

အဲဒီတော့ သစ္စာမျက်လုံးတပ်လို့ ကိုယ့်အနာတွေမြင်တော့မှ မျက်လုံးကလေး ပွင့်လာတော့မှ ငါ့လိမ်တာ တဏှာ့,မာန,ဒိဋ္ဌိဘဲ ဆိုတာ အဲဒီကျမှ ရန်ဖြစ်နိုင်ပါတယ်....(မှန်ပါ့)။

အခုတော့ တဏှာနဲ့တောင်းနေတဲ့ ဆုတွေဆိုတော့ ကိုစောမောင် ဘုန်းကြီးက နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဟောရမှာလား.... (မဟောနိုင်ပါဘုရား) တဏှာ့,မာန ဖြတ်ရဦးမှာကိုး....(ဖြတ်ရမှာပါဘုရား)သဘောပါပါလား....(ပါပါပြီ)။

ဩော်....ဒါဖြင့် ဒီအရေးဟာ အခုပြောတဲ့ ဒီနေ့ညအရေးဟာ မောင်နိုင် သေးသေးကွေးကွေး အရေးရယ်လို့ မမှတ်လိုက်ပါနဲ့ (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ရှင်းကြရဲ့လား .... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဘာမျက်လုံးဒီနေ့တပ်ပေးပါလိမ့်....(အရိယာမျက်လုံး တပ်ပေးပါတယ်ဘုရား)။

အရိယာမျက်လုံး တပ်ပြီး သကာလ ကြည့်လိုက်တဲ့ အခါကျတော့ တဖက်က သမာဓိမျက်လုံး၊ တဖက်က ပညာမျက်လုံးနဲ့ ကိုစောမောင် အိမ်ကျတော့တပ်ကြည့်....(မှန်ပါ့)တပ်ကြည့်တော့ ဘာတွေတွေ့မယ် ထင်သတုံး .... (အနာရောဂါတွေ တွေ့ပါမယ် ဘုရား)။

သောဂါတွေ မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)အင်း.... ရောဂါတွေသည်ကားလို့ ဆိုယင် တခုတည်းလား၊ အများကြီး လာမလား .... (အများကြီးလာပါတယ်ဘုရား) တကိုယ်လုံးဟာ ဘာတွေတုံး....(ရောဂါတွေပါဘုရား)။

အကုန်ရောဂါချည့် မြင်တဲ့အခါကျတော့ "ရောဂတော ဂဏ္ဍတော သလ္လတော"ဆိုတာတွေ ဒီကျမှပေါ်တာ....(မှန်ပါ့) မပေါ် လာဘူးလား....(ပေါ်လာပါတယ်ဘုရား) ပေါ်တော့မှ ဒါ ဒုက္ခ သစ္စာ မြင်တာ....( မှန်ပါ့ )။

ဆရာဘုန်းကြီးတပ်ပေးလိုက်တဲ့ သမ္မာဒိဋ္ဌိမျက်လုံးနဲ့ အရိယာ မျက်လုံးကို တပ်ပေးလိုက်တဲ့ အတွက် ကိုစောမောင် 'ရောဂတော ဂဏ္ဍတော'တွေ မြင်လာတယ်.... (မြင်ပါတယ်ဘုရား) မမြင်သေး ဘူးလား.... (မြင်ပါတယ်ဘုရား)။

မြင်တဲ့အခါကျတော့ အမြင်ခံရတာက ဒုက္ခသစ္စာ၊မြင်တဲ့ဉာဏ် က မဂ္ဂသစ္စာ....(မှန်ပါ့)။

ဒါဖြင့်ဒီရောဂါလွတ်ရာပြေးမှာဘဲဆိုပြီးသကာလပြေးချင်တော့ နိဗ္ဗာန်ကို တခါတည်းပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) နို့မဟုတ်ယင်ဖြင့် .... ( မပေါ်ပါဘုရား ) သဘောကျပလား.... (ကျပါပြီ)။

ဒီအရပ် ဝမ်းလျှောနေတယ်၊ ကာလဝမ်းဖြစ်နေသတဲ့ ဆိုတော့ ကိုစောမောင်နေရဲပါ့မလား....(မနေရဲပါဘုရား) ခင်ဗျားလွတ်ရာ တော့....(ပြေးမှာပါဘဲဘုရား)။

အဲ....ဝမ်းလျှောမှန်းသိမှ ပြေးချင်တာ....(မှန်ပါ့ဘုရား)။

ဝမ်းမလျှော့ဘဲနဲ့ ကျုပ်ပြေးချင်လှပြီပြောတာ ကိုစောမောင် မယုံနဲ့နော်....(မှန်ပါ့)။

ကျုပ်ဖြင့် ဒီသား့ဒီသမီးနဲ့ နေဘဲ-မနေချင်ပါဘူး- သူတို့နဲ့ စိတ်ပျက်လွန်းလို့ နိဗ္ဗာန်သာရောက်ချင်တာဘဲဆိုတော့ ဘာဟုတ်ရမှာတုံး သူက သူ့ခန္ဓာ သူမြင်တာလား၊ သူ့သား့သူ့သမီးစိတ်ပျက်တာလား....(သားသမီးစိတ်ပျက်တာပါဘုရား)။

ဒါနဲ့ နိဗ္ဗာန်သွားချင်တယ် ဆိုလို့ယုံရမှာလား.... (မယုံရပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီအရပ် စီးပွားရေးမဖြောင့်တာနဲ့ ကျုပ်တော့ဖြင့်ဗျာ ဒီဘဝမျိုး ကြုံလဲမကြုံချင်ဘူး၊ နိဗ္ဗာန်သာ ရောက်ချင်တာ ဆိုတော့ သူစီးပွားရေးမဖြောင့်လို့ သူ့ခန္ဓာကြီး မဆင်ရလို့ .... (မှန်ပါ့) တဏှာ့မာန့ဒိဋ္ဌိနဲ့ မဆင်ရလို့ပြောတာ .... (မှန်ပါ့) ဆင်ရယင် သူအကန်းကြွား ကြွားဦးမှာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေဟာ ယနေ့ သမာဓိမျက်လုံး တဖက်ထားပြီး ပညာမျက်လုံးကို ခပ်ပြူးပြူး ကလေးဖွင့်ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲဘာတွေတွေ့ ကြသတုံး....(ရောဂါတွေတွေ့ပါတယ်ဘုရား)။

ရောဂါမှ ပြည်မမှည့်သေးတဲ့ ရောဂါလား- သေ သေ နေတဲ့ ရောဂါတွေလား... (သေသေနေကဲ့ရောဂါတွေပါဘုရား)။

အဲ သေသေနေတဲ့ ရောဂါဆိုတာ အနိစ္စလဲဟုတ်တာဘဲ၊ဒုက္ခလဲ ဟုတ်တာဘဲ၊ အနတ္တလဲဟုတ်တာဘဲ၊ ဒုက္ခသစ္စာလဲဟုတ်တာဘဲ.... (ဟုတ်ပါတယ်ဘုရား)မြင်ကြပလား....(မြင်ပါပြီ)။

အဲဒီတော့ ဒီနေရာမှာတော့ဖြင့် ရောဂါမြင်ပြီး သကာလ ရောဂါကိုမုန်း၊ ရောဂါဆုံးမှ နိဗ္ဗာန်ရောက်မယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ပဌမရှေးဦးစွာဘာမြင်အောင်ကြည့်ရမလဲ-(ရောဂါမြင်အောင်ကြည့်ရပါမယ်ဘုရား)။

နောက်ကျတော့ ဆက်ကြည့်တော့ ရောဂါဘာဖြစ်ရမလဲ.... (မုန်းရပါမယ်ဘုရား)။

မုန်းအောင်ကြည့်ရမယ်၊နောက်ကျတော့ဒီရောဂါနဲ့ဖြင့်နေကို မနေချင်ပါဘူး၊ ဒါတွေဟာ ဒုက္ခအစစ်ဘဲလို့ ဆုံးဖြတ်ချက်ချလိုက်မှသာလျှင် ရောဂါတုံးပျောက်ပြီးသကာလ ရောဂါကင်းတဲ့ နိဗ္ဗာန်ရောက်ရမယ်....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ)။

ကဲ- ယနေ့ ဒီတွင် တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု

**ကျေးရွာတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**အရိယာမျက်လုံးနဲ့ တစ်ကြည့်မှ နိဗ္ဗာန်မြင်ပုံ**

# ညအလုပ်ပေးတရားတော်

အမြဲဘဲ သုံးသပ်ပါတယ်၊ အဲဒီ့ သုံးသပ်တဲ့ အခါကျတော့ ဩော်.... အဝိဇ္ဇာသင်္ခါရဟာ အစ,ဘဲလို့ သူသိလို့ အင်မတန် ဝမ်းသာတယ်နော်....(မှန်ပါ့)။

အဝိဇ္ဇာသင်္ခါရဟာ.... ( အစ,ပါဘုရား ) အစ,ဘဲလို့ သိလို့ အားကြီးဝမ်းသာတယ်၊ ဩော်....အဝိဇ္ဇာနဲ့ သင်္ခါရဟာ တကယ် ဆိုးတဲ့ တရားပါကလား....၊သတ္တဝါတွေ အိုဘေး, နာဘေး, သေ ဘေး, ဂျောက်တွန်းနေတာ သူတို့နှစ်ခုဘဲလို့ မှန်မှန်ကန်ကန် သိလာတဲ့အတွက် အင်မတန်ဝမ်းသာရှာတယ်....(မှန်ပါ့)။

နောက်တခါ ပြန်တွေးပြန်တယ်၊ ဒီ အိုဘေး, နာဘေး, သေ ဘေးချုပ်အောင် ဘယ့်နှယ်လုပ်ရပါ့မလဲ၊ လောကကြီး ထဲမှာ အိုတာ,နာတာ,သေတာတွေ တကာ တကာမတွေ သောက ပရိ ဒေဝ ဒုက္ခ ဒေါမနဿတွေနဲ့ ရှုပ်ပွေလိမ်ပြီးသကာလ အမျိုးမျိုး လူပုံအလယ် အရှက်ကွဲ ငိုချင်းချ မြေပေါ်ပစ်လှဲလိုက်၊ ရောဂါ ဝေဒနာတွေရလိုက် အရှက်တကွဲ အကျိုးနည်းကိစ္စကြီး ဘယ်လို

ဇာတ်သိမ်းရပါမလဲလို့ သူ့ဟာသူ ဆင်ခြင် လိုက် ပြန် တော့ ကြော်....အစဉ်အတိုင်း တွေးလိုက်တော့ ဇာတိချုပ်ယင် သူ ချုပ်မှာဘဲ....(မှန်ပါ့)ဒီ ဇာတိ ဆိုတာလဲ အဝိဇ္ဇာ သင်္ခါရက လာတာ ဖြစ်လေသောကြောင့် မောင်နိုင်ရေ အဝိဇ္ဇာ သင်္ခါရချုပ်မှ ချုပ်မယ်လို့ တွေးမိတယ်....(မှန်ပါ့)ဒီတွင်လဲ ဝမ်းသာပြန်တယ်။

ဘယ်နှစ်ချက်ရှိသွားပလဲဝမ်းသာတာ....(နှစ်ချက် ရှိသွားပါပြီ ဘုရား)။

အဖြစ်သိရလို့ ဝမ်းသာတာ တချက်နော်....(မှန်ပါ့) အချုပ်သိရလို့....(ဝမ်းသာတာ တချက်ပါဘုရား)။

ဒီ နှစ်ချက်လဲ သိပြီးပါရော အားလုံး တရားနာကြတဲ့ တကာ တကာမတွေ အဖြစ်နဲ့ အချုပ် ခန္ဓာ၏ ဖြစ်ပုံကိုလဲ သူ သိတယ်၊ ခန္ဓာကြီးဟာ ဒီလို ဒုက္ခသစ္စာကြီးတန်းပြီး လှည့်နေတာလဲ သူ သိတယ်၊ ၎င်းခန္ဓာကြီးသည်ကားလို့ ဆိုယင် ဒီကနေ ဇာတ်သိမ်း လိုက်လို့ရှိယင်လဲ အရသားဘဲ ဆိုတာလဲ သိလိုက်တယ်....(မှန်ပါ့ ဘုရား)။

အဲဒီကဲ့သို ခန္ဓာဖြစ်ကြောင်း, ခန္ဓာချုပ်ကြောင်းကို သိလိုက်တာနဲ့ဘဲ ဘုရားဖြစ်သွားတယ်....(မှန်ပါ့)ဉာဏ်စဉ်တွေ တက်ပြီး ဘုရား....ဖြစ်ရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

သဗ္ဗညုတဉာဏ် ရလာတယ်၊ ဘုရားအဖြစ်သို့ ရောက်လာတယ် ဆိုတာ ခန္ဓာဖြစ်ကြောင်း, ခန္ဓာချုပ်ကြောင်း ပဋိစ္စသမုပ္ပါဒ်၊ ဒါနားလည်တော့မှ တခါတည်း ဘုရားအဖြစ်သို့ ငါရောက်ပြီဆိုတဲ့ အကြောင်းကို သူသည်တဲ့ ကြော်ငြာမောင်း ခတ်လိုက်တော့ တာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ၎င်း ပဋိစ္စသမုပ္ပါဒ်ဟာ ဘုရား၏ ပဌမ ဝမ်းသာမှုလဲ အဖြစ်သိရလို့ ဝမ်းသာမှုနော်....(မှန်ပါ) နောက် အချုပ်သိရလို့....(ဝမ်းသာမှုပါဘုရား)။

နောက်ကျတော့ကို....တဲ့ ဒါတွေ နှစ်ခုလဲ ပိုင်ပိုင်နိုင်နိုင် သိပါရော ဝိပဿနာတွေ ရှုလိုက်ပြီးသကာလ သဗ္ဗညုတဉာဏ် ရလာတော့တာဘဲ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ အစဉ်အတိုင်း ရပြီး သဗ္ဗညုတဆိုတော့ သူက အထူးရတာပေါ့လေနော်.... (မှန်ပါ) သူများတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မောင်နိုင် ဇာတ်သိမ်းတယ်....နော်....(မှန်ပါ)။

သူကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အပေါ်မှာ အလုံးစုံသိတဲ့ သဗ္ဗညုတဉာဏ်ဆိုတာကတော့ တောတောင်တွေ၊ မြေရေတွေနဲ့ တကွ သတ္တဝါစရိုက်တွေပါ အကုန်သိတဲ့ ဒီဉာဏ် အထူးရသွားတယ်ဆိုတာလဲ ပဋိစ္စသမုပ္ပါဒ် ဖြစ်ချုပ် နားလည်လို့ ဘုရားဖြစ်သွားတယ်လို့ ဆိုထိုက်ပါတယ်....(မှန်ပါ)။

ဒါကြောင့် တကာ တကာမတို့ အိမ်မှာ ဘုရားအနေကဇာတင်တော့ "ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ"လို့ ဘုန်းကြီးတွေ ရွတ်သံမကြားဘူးလား....(ကြားပါတယ်ဘုရား)။

အဲဒါ ဖြစ်ကြောင်းကို ပဌမသိတဲ့ဥစ္စာ ဘုရားဖြစ်ကြောင်း သိလို့ ဝမ်းသာတာမို့ ရွတ်တာလို့ မှတ်လိုက်....(မှန်ပါ)။

နောက်တခါ'ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ'ဆိုပြီး ဒုတိယတခါ ပြန်ရွတ်ပြန်တော့ ချုပ်ကြောင်းသိလို့ ဘုရား ဝမ်းသာတဲ့ ဂါထာ....(မှန်ပါဘုရား)။

"ဝိဓူပယံ တိဋ္ဌတိ မာရသေနံ သူရိယောဝ ဩဘာသယ မန္တလိက္ခံ"ဆိုပြီး ရွတ်ကြပြန်တာက အလုံးစုံသော အဝိဇ္ဇာမှောင်

ကြီးကို ရှင်းပြီးသကာလ သဗ္ဗညုတဉာဏ်အလင်းကို ရပေါ့.... ဘုရားဖြစ်ပေါ့....ဆိုပြီးသကာလ ရွတ်လိုက်တဲ့ ဂါထာ ဖြစ်လေသောကြောင့် တတိယဂါထာဟာ ဘုရားဖြစ်တဲ့ ဂါထာ(မှန်ပါ့)ကိုဝ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားဘယ့်နှယ်ကြောင့် ဘုရားဖြစ်ပါလိမ့် အနီးကပ်ဆုံး အကြောင်း ပြောလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်၏ဖြစ်ကြောင်း, ချုပ်ကြောင်း သိလို့ ဘုရားဖြစ်သည်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ကြောင်း, ချုပ်ကြောင်း သိလို့ပါဘုရား)ဘုရားဖြစ်တယ်နော်....(မှန်ပါ့)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်တွေ ဒါကြောင့် ရတယ်လို့ဘဲ ဘုန်းကြီးတို့ တကာ တကာမတွေက ဆုံးဖြတ်ချက် ချလိုက်တာပေါ့.... (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဘုန်းကြီးသည် အလွန်ဘဲ စေတနာ ထက်ထက်သန်သန်နဲ့ ဟောရင်းသောင်တင်နေတယ် ဆိုတာလဲ ကိုပေါ်တို့ ကိုစံလှတို့ သိပြီ.... (မှန်ပါ) ဘာကို သူ အဓိကထားပြီး ဟောနေပါလိမ့်မတုံး ဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ် လွတ်တဲ့နေ့ရယ်လို့ မောင်နိုင် မပါဘူး (မပါပါဘုရား)ဖြစ်ခြင်း,ချုပ်ခြင်းဘဲ သိအောင် ပြောနေတာဘဲ ရှုလိုက်လဲ၊ မင်းတို့ မြင်စမ်းပါစေ....ကွာဆိုတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလို မြင်တဲ့ ပုဂ္ဂိုလ်“ယတော ခေါ ဘိက္ခဝေ အရိယသာဝကော လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကအတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ အယံ ဘိက္ခဝေ အရိယသာဝကော” ဒါ အရိယာသာဝက ဖြစ်တာဘဲတဲ့....(မှန်ပါ့)။

လောကကြီး၏ ဖြစ်စဉ်နဲ့ လောကကြီး၏ ချုပ်စဉ်ကို သိလို့ ရှိယင် အရိယာတို့၏ တပည့်သား ဖြစ်ပါတယ်....(မှန်ပါ့)။

လောကကြီး၏ ဖြစ်စဉ်နဲ့ လောကကြီး၏ ချုပ်စဉ်သိယင် ဘယ်သူ၏ တပည့်သား ဖြစ်သတဲ့တုံး....(အရိယာတို့၏ တပည့်သားဖြစ်ပါတယ်ဘုရား)။

အရိယာတို့၏ တပည့်သား ဖြစ်ပါပြီလို့ ရှေးဦးစွာ ဘုရား.... ဝန်ခံလိုက်တယ်နော်....(မှန်ပါ့)။

လောကဆိုတာ တကာ တကာမတွေ သေသေချာချာ မှတ်ပါ၊ စေတနာသုံးတန် ပြဋ္ဌာန်းပြီးသကာလ အင်မတန့် စေတနာနဲ့ ဟောနေတယ်လို့ မောင်နိုင် မှတ်ပါ....( မှန်ပါ့ )။

ကဲ....လောကဆိုတာ ဘာပါလိမ့်မလဲဆိုတော့ ခန္ဓာလောကကို ဆိုတာ....(မှန်ပါ့)။

လောကဆိုတာ ဘာပါလိမ့်....( ခန္ဓာလောကကို ဆိုတာပါ ဘုရား )။

ခန္ဓာလောကကို ဆိုတယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေက မှတ်ထားတော့ ခန္ဓာကြီးဟာက ခဏခဏ ပေါ်လာတာဟာ ခန္ဓာလောက....(မှန်ပါ့)ခဏခဏ ချုပ်သွားတာသည် ခန္ဓာလောက ချုပ်တယ်....(မှန်ပါ့) သဘောကျပလား....( ကျပါပြီ ဘုရား )။

ခန္ဓာကြီးခဏခဏပေါ်တဲ့တရားက....(ခန္ဓာလောကပါဘုရား) သဘောကျပလား....(ကျပါပြီ) ခန္ဓာကြီး ခဏခဏ ချုပ်နေတာကတော့ ခန္ဓာလောက ချုပ်နေတာ....(မှန်ပါ့)။

ဒါဖြင့် လောက ချုပ်တာနဲ့ လောက ဖြစ်တာ သိရတယ်....(မှန်ပါ့)။

"ယတော ခေါ ဘိက္ခဝေ အရိယသာဝကော လောကဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ အယံ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိပိ"၊ သူဟာ သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါ၏ကွာ....တဲ့....(မှန်ပါ့)။

လောက ဖြစ်တာနဲ့ လောက ချုပ်တာကိုသာသိယင် သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါပြီတဲ့....( မှန်ပါ့ )ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘာဖြစ်သတဲ့တုံး....(သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါတယ် ဘုရား)။

အဲ .. ဒါဖြင့် တကာ တကာမတို့ သေပျော်ပြီ....(မှန်ပါ့)။

မောင်နိုင် ချီးမြှောက်ပြောတယ်လို့ မယူနဲ့နော်....(မှန်ပါ့ဘုရား)။

ဘုရားကိုက အခု နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ....တဲ့ "အယံ ဘိက္ခဝေ ဘိက္ခု အရိယာသာဝကော ဒိဋ္ဌိသမ္ပန္နောဣတိ" သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်အဖြစ်ကို မှတ်၊ သူ့ပေါ်မှာ တာဝန်ခံပါပြီတဲ့၊ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသွားပြီ....(မှန်ပါ့)။

သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသွားတယ်ဆိုကတည်းက ကိုပေါ်က စဉ်းစား, မောင်နိုင်က စဉ်းစား, ကိုစံလှက စဉ်းစား မိစ္ဆာဒိဋ္ဌိကြီးမရှိဘူးကွ....(မှန်ပါ့)။

ဘာမရှိတာတုံး....( မိစ္ဆာဒိဋ္ဌိ မရှိတော့ပါဘုရား ) ဒါဖြင့် အပါယ်လွတ်သွားတာဘဲ....(မှန်ပါ့)။

မောင်နိုင် သေသေချာချာ မှတ်ပါ၊ မိစ္ဆာဒိဋ္ဌိ မရှိဘူးဆိုတာ အပါယ်လွတ်တာနော်....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိတော့ ရှိနေသေးတယ်၊ ငါ့ကိုယ် ငါ့ဟာ ထင်နေသေးလို့ရှိယင် အပါယ်တော့ လွတ်လိမ့်

မယ်ဆိုတာ ဘယ်အခါကာလမှ အယူမသီးလိုက်ပါနဲ့လို့ သတိ ပေးလိုက်တယ်....(မှန်ပါ့)။

ကိုင်း ဒါဖြင့် လောကကြီး၏ ဖြစ်ပုံကို သိ၊ လောကကြီး၏ ချုပ်ပုံကို သိလို့ရှိယင်ဖြင့် "ဒိဋ္ဌိသမ္ပန္နော ဣတိပိ" သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟော တော်မူ၏၊ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံပါပြီကွာ....တဲ့ လောကကြီး၏ ဖြစ် ပုံကိုသိ၍ လောကကြီး၏ ပျက်ပုံကို သိလို့ရှိယင်ဖြင့် သမ္မာဒိဋ္ဌိ နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ငါ သေသေချာချာ တာဝန်ယူပါ တယ်....တဲ့....(မှန်ပါ့) ဒါ သဗ္ဗညုတဉာဏ်နဲ့ ဟောတာနော်.... (မှန်ပါ့)။

ကိုစံလှ ဘာနဲ့ ဟောပါလိမ့် .... (သဗ္ဗညုတဉာဏ်နဲ့ဟောပါ ပါတယ်ဘုရား)။

ပုံမပြသေးပါဘူး၊ ဘုရားက တကာ တကာမတွေကို အလွန် ကျေးဇူးများတဲ့အဖြစ်ကို သိစေလိုလို့ သူဟောတဲ့ ပါဠိတော်တွေ ကို အကုန်ဘဲ ပြောပါရစေဦး....ပြီးတော့မှ ပုံချပြပါ့မယ်နော် (မှန်ပါ့)။

လောက၏ဖြစ်ပုံ၊ လောကဆိုတာ ရုပ်နာမ်ဘဲ မောင်နိုင်.... (မှန်ပါ့)၌ရုပ်နာမ်ခန္ဓာ၊ အဲဒါကလေး၏ ဖြစ်ပုံနဲ့ချုပ်ပုံကို သိလို့ ရှိယင် ဒိဋ္ဌိသမ္ပန္နောဣတိ = သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ ၍၊ အဟံ = ငါဘုရားသည်၊ ဝဒါမိ= ဟောတော်မူ၏၊ အပါယ် လေးပါးလွတ်ပြီလို့ ငါဘုရားဟောလိုက်တယ်....(မှန်ပါ့)။

လောက၏ ဖြစ်ပုံနဲ့ ချုပ်ပုံကို သိလို့ရှိယင်.... (အပါယ် လေးပါး လွတ်ပါပြီ) အပါယ်လေးပါး လွတ်ပါပြီတဲ့....ကိုဝ ဘာကြောက်စရာရှိသေးသတုံး....(မရှိပါဘုရား)။

ဩြဘ်-ဒါမသိသေးလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမ တွေ လွတ်ရေး ကျွတ်ရေး ဝေးသေးတယ်လို့သာ ဆုံးဖြတ်ချက် ချ....(မှန်ပါ့)။

လွတ်ရေး-ကျွတ်ရေး.... (ဝေးပါသေးတယ်ဘုရား) ဝေးသေး တယ်လို့ ဆုံးဖြတ်ချက်ချစမ်းပါ....(မှန်ပါ့)။

သေသေချာချာ ရှင်းရှင်း လင်းလင်း ပြောပေးနေတယ်.... (မှန်ပါ့ဘုရား)။

ဒဿနသမ္ပန္နောဗုဂ္ဂလိပိ၊ တခါဟောပြန်တယ်၊ ဘုရားက မင်း တို့ သာမညများ မှတ်မနေပါနဲ့ကွာ....တဲ့၊ ပဋိစ္စသမုပ္ပါဒ် ဟော တတ်တဲ့ ဆရာနဲ့တွေ့လို့ ရှိယင်.... မင်းတို့သည် ဒဿနသမ္ပန္နော ဂုဂ္ဂလိပိ၊ အမြင်ညာဏ်နဲ့ အမြင်မှန်နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍လဲ ငါဘုရားက သေသေချာချာ မင်းတို့ကို တာဝန် ယူပါတယ်.... (မှန်ပါ့) အမြင်မှန်လဲ ရသွားတယ်....တဲ့၊ သဘောကျပလား.... (ကျပါပြီ) သမ္မာဒိဋ္ဌိနဲ့ ပြည်စုံယင်နော်.... (မှန်ပါ့) အမြင်မှန် ကော....(ရပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ သေချင်သေပါ....တဲ့၊ ဒီအမြင်မှန် တော့ မရဘဲနဲ့ သေမှာသာ နှမြောတယ်လို့ ကိုစံလှ ဘုန်းကြီးတို့ က ဘုရားဟောတော်မူတဲ့အတိုင်းဟောလိုက်တယ်နော်....(မှန်ပါ့ ဘုရား)။

ဒီဟာ မရဘဲနဲ့သာ သေသွားမယ်၊ လောကကြီးဖြစ်နေတာ လဲ မသိဘူး၊ လောကကြီး ပျက်နေတာလဲ မသိဘူးဆိုယင် လော က ဆိုတာ ကိုယ့်ခန္ဓာပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

လောကဆိုတာ ဘာပါလိမ့်.... (ကိုယ့်ခန္ဓာပါ) ကိုယ့်ခန္ဓာ ဖြစ်နေတာလဲ ဘယ်လိုကြောင့် ဖြစ်တယ်လို့ သူမသိဘူး-(မှန်ပါ့) ကိုယ့်ခန္ဓာ ချုပ်နေတာလဲ.... (ဘယ်လိုကြောင့် ချုပ်တယ်လို့ မသိပါဘုရား ) ဘယ်လိုကြောင့် ချုပ်တယ်လို့ သူမသိဘူး.... (မှန်ပါ့)။

အဲဒီလို ပုဂ္ဂိုလ်ဖြင့်ကွာ....တဲ့၊ သမ္မာဒိဋ္ဌိဆိုတဲ့ အပါယ်လွတ်ကြောင်းတရားလဲ သူ့ခန္ဓာထဲမှာ မရှင်းလင်းဘဲနဲ့ ရှုပ်ရှုပ် ထွေးထွေးနဲ့ ပုဂ္ဂိုလ်တဲ့၊ အပါယ်ကျစေတတ်တဲ့ တရားဟာ သူ့ဝမ်းထဲ ရှိလျက်နဲ့ သေသွားတဲ့ ပုဂ္ဂိုလ်လို့ ငါ ဆုံးဖြတ်ချက်ချတယ်.... (မှန်ပါ့) လောကဖြစ်ကြောင်းနဲ့ လောက ချုပ်ကြောင်း မသိလို့ ရှိယင်....နော်....(မှန်ပါ့)။

ပြီးတော့ ဒါတွင် မကသေးဘူး၊ ဒသနသမ္ပန္နောဟုတိပိ....တဲ့၊ အမြင်မှန်ပြီးတော့ သေသွားတယ်လို့လဲ သူ့ကို မဆိုလိုက်နဲ့တဲ့ (မှန်ပါ့)။

ကိုဝံလှ ဘယ်လောက် ကြောက်စရာကောင်းသလဲ (ကြောက်စရာကောင်းပါတယ်ဘုရား)။

တကာတကာမတို့ ဒီဥစ္စာ လေးလေးစားစားနဲ့ နားထောင်စမ်းပါ၊ လေးလေးစားစားနဲ့ နားထောင်စမ်းပါ၊ လေးသချေနဲ့ ကမ္ဘာတသိန်းဖြည့်ဆည်းပူးတဲ့ ပါရမီတော်ကြောင့်ရတဲ့- အလုံးစုံသိတဲ့ဉာဏ်နဲ့ ဘုရားဟောထားတဲ့အတိုင်း လိုက်နာပြီး အခု တကာတကာမတွေကို ဟောနေတာ၊ အဲဒီနည်းယူပြီး ဟောနေတာ.... (မှန်ပါ့) ကိုဝ....လွယ်လွယ်ဟောတာလို့ ဆိုကြမလား....(မဆိုပါဘုရား) လွယ်လွယ်လို့ မဆိုလိုက်ပါနဲ့၊ အင်မတန် အရေးကြီးနေတာလို့ မှတ်ပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် လောက ရုပ်နာမ်ကြီး၏ ဖြစ်ပုံကိုလဲသိ၊ ချုပ်ပုံကိုလဲ သိပြီးသေသွားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဒိဋ္ဌိပြုတ်သေတယ်ကွ၊ အပါယ်မရောက်ဘူး....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)ဒါဖြင့် သောတာပန် သေထဲက၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

"ဒဿနသမ္ပန္နော ဣတိပိ"တဲ့ အမြင်မှန်ရပြီး သေသွားတဲ့ ပုဂ္ဂိုလ်ကွာ....တဲ့....(မှန်ပါ့) "အာဂတော ဣမံ သဒ္ဓမ္မံ ဣတိပိ" ကြောင့်....သူ့သန္တာန်ဖြင့် သူတော်ကောင်းတရားနဲ့ သေသွားတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဣမံ သဒ္ဓမ္မံ=ဤသူတော်ကောင်းတရားသည်၊ အာဂတော= သူ့သန္တာန်၌ ရောက်ပြီဟူ၍၊ ဣတိပိ = ဤသို့ ငါဘုရား ဟောတော်မူ၏၊ သူ့သန္တာန်မှာ သူတော်ကောင်းတရားရောက်ပြီး သေသွားတာဟေ့....တဲ့၊ အဲသလိုဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)သုံးခုရှိသွားပြီနော်.... (မှန်ပါ့)။

ကိုစံလှ ဒါ ဘုန်းကြီးဟောတာလား....ဘုရားကိုယ်တိုင် ဟောနေတာလား....(ဘုရားကိုယ်တိုင် ဟောနေတာပါဘုရား)။

ဘုရားကိုယ်တိုင် ဟောတာကို ဘုန်းကြီးက ရှင်းလင်းပြီးဘေးက အကူအညီပေးတာဘဲ ရှိတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒါဘဲလားလို့ဆိုတော့ မကသေးဘူးကွ... တဲ့၊ "သေက္ခဉာဏေန သမ္ပန္နာဂတော ဣတိပိ" ကြောင့်....သူတို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်၊ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်ဆိုတော့ ခုနစ်ယောက်မရှိဘူးလား.... အရဟတ္တဖိုလ် နုတ်လိုက်....(ရှိပါတယ်ဘုရား)အဲဒါ သေက္ခပုဂ္ဂိုလ်

ခုနစ်ယောက်လို့ ခေါ်တယ်၊ ကျင့်ဆဲ ခုနစ်ယောက်နော်.... (မှန်ပါ့)။

သေက္ခပုဂ္ဂိုလ်ခုနစ်ယောက် သိပြီနော်....( မှန်ပါ့ ) သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်ဆိုတော့ ခြောက်ယောက်မနေဘူးလား....(နေပါတယ်ဘုရား)အရဟတ္တမဂ် ပုဂ္ဂိုလ်တယောက် ထည့်လိုက်၊ ခုနစ်ယောက်မနေဘူးလား....(နေပါတယ်ဘုရား) ရဟန္တာသာ ချန်ထား၊ အဲဒီ ခုနစ်ယောက်ဟာ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက် ခေါ်တယ်, ကျင့်ဆဲပုဂ္ဂိုလ်ဘဲ ရှိသေးတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျင့်ဆဲသာဆိုတာ မောင်နိုင် အပါယ်လေးပါး တံခါးပိတ်ပြီး ကျင့်တာဘဲ....(မှန်ပါ့)ပိတ်ပြီးသား ကျင့်နေတဲ့ ပုဂ္ဂိုလ်မှတ်လိုက်ပါတော့။

အဲဒီတော့ အခုကဲ့သို့ လောကကြီး၏ ဖြစ်တာနဲ့ ချုပ်တာကို သိနေတဲ့ ပုဂ္ဂိုလ်များသည် ဘယ်လိုတုံးလို့ဆိုလို့ရှိယင် "သေက္ခဉာဏေန သမ္ပန္နာဂတော ဣတိပိ" သေက္ခဉာဏေန=ခုနင်က ပြောခဲ့တဲ့ အရိယာပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဉာဏ်နဲ့၊ သမ္ပန္နာဂတော ဣတိပိ=ပြည့်စုံ၏ ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟော၏ တဲ့....။

မောင်နိုင် ဘယ်လောက်နက်နဲသတုံး....(မှန်ပါ့)သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့နဲ့ ခင်ဗျားတို့နဲ့ တူသွားပြီတဲ့....(မှန်ပါ့)။

ကိုဝရေ....အဘိုးမတန်ဘူးလား....(တန်ပါတယ်ဘုရား) သောတာပန်နဲ့လဲ တူသွားပြီ၊ သကဒါဂါမ်, အနာဂါမ်နဲ့ကော....(တူသွားပါပြီဘုရား)။

တူသွားပြီ၊ သူတို့လဲ ဒီအမြင်ဘဲကွ....တဲ့....(မှန်ပါ) တခြားအမြင်ရယ်လို့ မင်းတို့က မှတ်မနေပါနဲ့တဲ့၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်အမြင်ဟာလဲ ဒါပါဘဲတဲ့၊ဒီဖြစ်ချုပ် မြင်တာဘဲ(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ကိုပေါ် သေပျော်ပြီဆိုတာ ပေါ်လာပလား....(ပေါ်လာပါပြီဘုရား)။

ဒါကြောင့် ကိုယ့်ခန္ဓာ ကိုယ်ဉာဏ်စိုက်ပြီး ဘုန်းကြီးတို့ကကာ တကာမတွေက ဩော်....ပျက်နေပြီ၊ ဩော်....ပျက်နေပြီ ဩော်....အကြောင်းဖြစ်လို့ အကျိုးဖြစ်နေကြတာဘဲ၊အကြောင်းချုပ်လို့ အကျိုးချုပ်နေတာကလေးကို တကာတကာမတွေက ဉာဏ်နဲ့ ကြည့်လိုက်တော့ ဖြစ်ပျက်, ဖြစ်ပျက်လို့ မြင်နေတဲ့ သဘောကလေးဟာ ဖြစ်ချင်လို့ ဖြစ်တာလားလို့ ခမေးယင် အကြောင်းဖြစ်လို့ ဖြစ်လာတာ....(မှန်ပါ) အကြောင်းတံခုက ဖြစ်စေလို့ သူဖြစ်လာတာပေါ့ မောင်နိုင်....(မှန်ပါ)ချုပ်သွားပြန်တော့ သူ့ အကြောင်းက ချုပ်လို့....(သူ့အကျိုးက ချုပ်ပါတယ်ဘုရား) သူ့အကျိုး ချုပ်သွားတယ်လို့ မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီလိုဘုန်းကြီးတို့ တကာတကာမတွေဉာဏ်ထဲမှာရှင်းနေလို့ ရှိယင်ဖြင့် သေက္ခေန ဉာဏေန သမ္ပန္နာဂတောဣတိပိ၊သေက္ခပုဂ္ဂိုလ်တို့၏ သေက္ခဉာဏ်နဲ့ပြည့်စုံတယ်ဟူ၍လဲ ငါဘုရားကဟောပါတယ်ကွာ....တဲ့၊သူလဲ အပါယ်တော့ မသွားတော့ပါဘူးတဲ့....(မှန်ပါ) သံသရာလည်စရာမရှိပါဘူးတဲ့....(မှန်ပါ)။

တကာတကာမတို့ သိပ်ဝမ်းသာစရာ ကောင်းပါကလား..., (ကောင်းပါတယ်ဘုရား)။

အပြောကောင်းလို့ ဝမ်းသာတယ်၊အဟောကောင်းလို့ ဝမ်းသာတယ်လို့ မောင်နိုင် ဒီလို မယူနဲ့၊ အမှန်ပြောနေလို့ ဝမ်းသာတာ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ရှေ့ကို တက်ပါဦး....တဲ့၊ "ဝိဇ္ဇာယ ဉာဏေန သမ္မန္နာဂတော ဣတိပိ"တဲ့၊ ဝိဇ္ဇာဉာဏ်ဆိုတော့ အဝိဇ္ဇာချုပ်တဲ့ ဉာဏ်နဲ့ မြင်တာကွ....တဲ့ ဒီဉစ္စာ အဝိဇ္ဇာ နည်းနည်းမှ မပါဘူးတဲ့၊ ဖြစ်ချုပ်မြင်တဲ့ ပုဂ္ဂိုလ်များ....(မှန်ပါ့)အဝိဇ္ဇာရှိယင် မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘုရား)။

"ဝိဇ္ဇာယဉာဏေန သမ္မန္နာဂတော ဣတိပိ"တဲ့၊ ဝိဇ္ဇာဉာဏ်နဲ့လဲ သူတို့ ပြည့်စုံပြီကွ....ဆိုတော့ သံသရာ အစ,က ချုပ်ပြီကွ-(မှန်ပါ့ဘုရား)။

ဘာတဲ့ကွုံး....(သံသရာ အစ,က ချုပ်ပါပြီဘုရား)။

သံသရာ အစ,က ချုပ်ပြီလို့ ပြောတော့လဲ သြော်....ငါတို့သည် ယနေ့ ဦးဆရာနဲ့ ဒီ တကာတွေ, ဒီ တကာမတွေနဲ့ ဒီ အကြောင်းကို ဒို့ဉာဏ်ထဲမှာ တွေ့လိုက်ရ ခန္ဓာ ကြည့်လိုက်တဲ့ အခါ ဒီအကြောင်းမြင်ရလို့ရှိယင်တော့ သြော်....အဝိဇ္ဇာချုပ်တဲ့ အမြင်ပါကလားလို့ ကိုယ့်ဟာ ကိုယ်ဝမ်းသာပစ်လိုက်ပါ(မှန်ပါ့)

ဘယ်လိုဝမ်းသာကြမယ်....(အဝိဇ္ဇာချုပ်တဲ့ အမြင်ပါကလားလို့ ကိုယ့်ဟာ ကိုယ်ဝမ်းသာရပါမယ်ဘုရား)။

အဝိဇ္ဇာချုပ်လို့၊ အဝိဇ္ဇာသာ ရှိယင် ဖြစ်တာလဲ ကိုယ်က မမြင်ဘူး....(မမြင်ပါဘုရား) ပျက်သွားပြန်ပြီဆိုတာကော-(မမြင်ပါဘုရား) ဒါ အဝိဇ္ဇာက ကွယ်ထားတယ်....(မှန်ပါ့)။

မောင်နိုင်တို့ ကဲ....အသက် ငါးဆယ်လောက်ရှိပါပြီ၊ နောက်က တကာ တကာမတွေကော ကိုယ့်အတန်းနဲ့ကိုယ် အသက်ကြီးကုန်ကြပါပြီ၊ ဘယ်တော့ကမှ မမြင်ခဲ့ဘူး....(မှန်ပါ့)မြင်ကို-မမြင်ခဲ့ဘူး....(မှန်ပါ့)။

ဒီ ဝိဇ္ဇာ မလာခင် ခုလို ရှုပါလို့ ဆရာသမားက တိုက်တွန်းနှိုးဆော်မှု မရှိခင် ရှုဘို့နည်းကိုပြတဲ့ ဆရာသမားက မပြခင်တုန်းက ဆိုလို့ရှိယင် သူများ စားသလိုစား, သူများ လုပ်သလိုလုပ်, သူများ ကိုင်သလိုကိုင်, သူများ သေလဲ သွားပို့လိုက်, ကိုယ့် လူမမာရှိလဲ လာမေးကြ၊ဒါနဲ့သာ အချိန်ကုန်သွားတာဘဲ....(မှန်ပါ့ဘုရား)၊

ကိုယ့်သန္တာန်မှာ တရွရွ ခဏခဏ ပျက်နေတာ- ဖြစ်ပေါ်လာပြန်ပြီ, ပျက်နေပြန်ပြီ သိရဲ့လား(မသိပါဘုရား)အဲဒါ အဝိဇ္ဇာနဲ့ ချည့် နေလာတယ်....(မှန်ပါ့)။

ကိုစံလှ ဘယ်လောက် ကျုပ်တို့ အဝိဇ္ဇာ အသက် ရှည်လာခဲ့တယ်ဆိုတာ....(ရှည်ခဲ့ပါတယ် ဘုရား)။

ခုလို ဆရာသမား နည်းပေး လမ်းပြနဲ့ မတွေ့သ၍ ကာလပတ်လုံးဖြင့် မောင်နိုင် ဘယ်တော့ အဝိဇ္ဇာချုပ်မလဲ....(မချုပ်နိုင်ပါဘုရား)။

အဝိဇ္ဇာ မချုပ်လို့ရှိယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာသွားလိုက်, ဇာတိ ဇရာ မရဏကျအောင် ဒါကျုပ်တို့ လမ်းစဉ်ဘဲ( မှန်ပါ့ ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဝိဇ္ဇာဖြစ်လို့ရှိယင် သင်္ခါရ ဖြစ်မှာဘဲ၊ သင်္ခါရဖြစ်ယင် ဇာတိ ဇရာ မရဏတွေ လာမှာဘဲ၊ သောကပရိဒေဝတွေ လာမှာဘဲ....(မှန်ပါ့)။

အဲဒီ သောကပရိဒေဝတွေ လာလို့ရှိယင် အဲဒီ သောကပရိဒေဝထဲမှာ အဝိဇ္ဇာက မပါဘူးလား-(ပါပါတယ်ဘုရား)မသိလို့ သောကပရိဒေဝ ဖြစ်တော့ အဝိဇ္ဇာက မသိတာ ပါနေတယ်....(မှန်ပါ့)အဲဒီတော့ အဝိဇ္ဇာ ဘာခါရာ ပြန်မလှည့်ဘူးလား....(လှည့်ပါတယ်ဘုရား)။

ကြက်ဥ အစ,ရှာမတွေ့သလို ဝိုင်းမနေပေဘူးလား....(ဝိုင်းနေပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ချိုးမြှောက်ပြောတယ်လို့ မယူနဲ့၊ဒီ ဖြစ်မှုကလေး မတွေ့လို့ ပျက်မှုကလေးဘဲ တွေ့နေနေ၊ ပျက်မှုတွေ့ယင် သြော်....ဖြစ်မှုရှိလို့ ပျက်တယ်ဆိုတာလဲ ဉာဏ်ဆောင်ကြည့်လိုက်ယင် မောင်နိုင် မသိဘူးလား....(သိပါတယ်ဘုရား)။

ဒီလို သိလို့ရှိယင် အဖြစ်လဲ သိပြီးသား၊ အပျက်လဲ သိပြီးသားလို့ ဆိုပြီးသကာလ သြော်....ဒို့ သေက္ခဉာဏ်နဲ့လဲ ပြည့်စုံပါပေါ့လား....လို့ မောင်နိုင် ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ကိုဝ အားရှိစရာ သိပ်ကောင်းတယ်.... (မှန်ပါ့ အားရှိစရာ သိပ်ကောင်းပါတယ်ဘုရား)။

သေတာဟာတဲ့ ဒီဟာသာ မြင်ပြီးယင် ခင်ဗျားတို့ သေတာဟာ သေက္ခအဖြစ်နဲ့ သေတာ၊ သောတာပန်,သကဒါဂါမ်,အနာဂါမ် သေတာကွ၊ ဒါဘာမှ ပူစရာ မရှိဘူးကွ၊ ဒီဉာဏ်နဲ့ သေသွားတာကွဆိုတော့ ကျုပ်တို့ ဘယ်နည်းနဲ့မှ ဂတိမှားစရာ မရှိပါဘူး....(မရှိပါဘုရား)သဘောကျပလား....(မှန်ပါ့)။

ကောင်းပြီ ဒီ့ပြင် ဘာအထူးများ ဟောပြန်သတုံးဆိုတော့ "ဓမ္မာသောတံ အာပန္နော ဣတိပိ"တဲ့၊ ဓမ္မာသောတံ=နိဗ္ဗာန် ဆောင်စေတတ်တဲ့၊ ဥပမာ....ရေစီးသွားတယ်၊ ဧရာဝတီမြစ်ကြီး စီးသွားတယ်ဆိုတော့ မောင်နိုင် သမုဒ္ဒရာရောက်မှ ရောက်ပါ့ မလားဟေ့....(ရောက်ပါတယ် ဘုရား) အဲဒီကျမှဘဲ သူ့စီးစရာ ကုန်တော့တာဘဲ....(မှန်ပါ့)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့ ဒီ ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်မှုကလေး, ချုပ်မှုကလေးမြင်တဲ့ ဥစ္စာသည် ဒီ အမြင်တည်းဟူသော သောတ၊ ဒီ အမြင်တည်းဟူသော အယဉ်ဉာဏ်သည် ရေအယဉ်နဲ့ တူတဲ့ ဉာဏ်သည် နိဗ္ဗာန်ဘဲ ဆိုက်တော့မယ်ဆိုတဲ့ ဥစ္စာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့)။

ဒီ အမြင်ဉာဏ်ကလေးဟာ နိဗ္ဗာန်မှ တပါး ဘယ်မှ မဆိုက် တော့ဘူး....(မှန်ပါ့) အမြင်ဉာဏ်ကလေးဟာလေ.... ဘယ်သွား ဆိုက်မလဲ....(နိဗ္ဗာန်သွားဆိုက်ပါမယ်ဘုရား)နိဗ္ဗာန်သွားဆိုက်မယ် ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

အင်မတန် အဘိုးတန်ပါတယ်....(တန်ပါတယ်ဘုရား)။

လောကကြီး၏ ဖြစ်ပုံကလေးနဲ့ ချုပ်ပုံကလေး မြင်လိုက်တဲ့ သဘောကလေးဟာ ဒီ အမြင်ဉာဏ်ကလေးဟာ ဘယ်ကျမှ လမ်း ဆုံးသလဲ....(နိဗ္ဗာန်ကျမှ လမ်းဆုံးပါတယ်ဘုရား)။

အဲ....ဓမ္မသောတံ=တရားတည်းဟူသော ရေအယဉ်သည်- ဓမ္မ တည်းဟူသော ဉာဏ်အယဉ်ကလေးဟာ ဉာဏ် တည်းဟူသော သဘောကလေးဟာ နိဗ္ဗာန်သွားဆိုက်တော့မယ်ဆိုတာ သေသေ ချာချာ မှတ်ပါ....(မှန်ပါ့)။

ဩော်....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ခန္ဓာ၏ ဖြစ်မှုကလေး, ခန္ဓာ၏ ချုပ်မှုကလေး ဩော်....အကြောင်းဖြစ်လို့ ဖြစ်တာဘဲ မောင်နိုင် (မှန်ပါ့) ချုပ်ပြန်တော့ကော-(အကြောင်းချုပ်လို့ ချုပ်ပါတယ် ဘုရား)အကြောင်းမချုပ်ယင် ဘယ့်နှယ်လုပ်ပြီး ဒီ အကျိုးချုပ်မလဲ--(မချုပ်ပါဘုရား) ဆီမှ မကုန်ဘဲနဲ့ မီးသေချင်လို့ မောင်နိုင် (မရပါဘုရား)။

ဆီမကုန်ယင် မီးမသေပါဘူး....(မှန်ပါ့)ဆီသာ ကိုဝ ကုန် ကြည့်စမ်းပါ၊ ဒီ မီးမသေတော့ ဘုန်းကြီးဆိုတော့....( မှန်ပါ့ ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဟောဒီ့ ဘုန်းကြီး မောင်းနေတဲ့ အင်ဂျင်က ဆီသာ ကုန်ပေစေ... ဟောဒီ မီးတွေ အကုန်ငြိမ်းချေရဲ့--(မှန်ပါ့ ဘုရား)။

ဒါဖြင့် ကိုဝ အကြောင်းကုန်လို့ ဒီ မီးအကျိုးကုန်တယ်.... (မှန်ပါ့)ဟိုက ဆီတည်းဟူသော အကြောင်းက ကျေးဇူးပြုနေ လို့ ဒီမီး လင်းတယ်....(မှန်ပါ့)။

ဒါဖြင့် အကြောင်းချုပ်လို့....(အကျိုးချုပ်ပါတယ်ဘုရား)။

အဲ....ဒီ ခန္ဓာထဲမှာလဲ ဒီအတိုင်းသာ တကာ တကာမတွေက ဩော်....ဖြစ်တယ်၊ အကြောင်းဖြစ်လို့ ဖြစ်ရှာတာ၊ ပျက်ပြန် တယ်၊အကြောင်းပျက်လို့....(ပျက်ပါတယ်ဘုရား)ပျက်သွားတာ ဘဲလို့ ဒီလိုသိနေတဲ့ ပုဂ္ဂိုလ်မှာ“ဓမ္မသောတံ အာပန္နော ဣတိပိ” နိဗ္ဗာန်ဆိုက်တဲ့ဉာဏ် ရသွားပြီကွာ....တဲ့ သူ့အတွက်တော့ဖြင့် ဘာမှ မစိုးရိမ်ပါနဲ့တော့တဲ့....(မှန်ပါ့)သဘောကျပလား....(ကျ ပါပြီဘုရား)။

ဘယ်ဆိုက်တဲ့ဉာဏ် ရသလဲ....(နိဗ္ဗာန်ဆိုက်တဲ့ဉာဏ် ရပါတယ် ဘုရား)။

အဲဒါ တကာတကာမတွေက ငါသေယင် အပါယ်များသွား ဦးမှာလား....၊ ငါ့မှာ သားတွေ့သမီးတွေနဲ့ ပစ္စည်းတွေနဲ့ ခက် ကောင်း-ခက်ရချည်ရဲ့၊အို....သံသယကို မရှိနဲ့၊ဒီ အမြင်နဲ့သာ သေ ပေစေ၊ ရှင်းပလား....(ရှင်းပါပြီ) ဒီ အမြင်ကို လက်မလွှတ်ပါနဲ့ (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးက မှာတယ် တကာ တကာမတို့ ရှုပေး ပါနော်....၊ရှုနေပါဆိုတာ ဒီ အမြင်နဲ့ သေပါစေ....( မှန်ပါ့ ) မောင်နိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

သို့သော်....ဒီ တကာ တကာမတွေကို ဘယ်သူကဘဲ ကြိမ်နဲ့ တားတား....မရှုနဲ့ဟဲ့ဆိုလဲ မရတော့ပါဘူး....(မှန်ပါ့) ကိုဝ.... ရပါ့မလား....(မရပါဘုရား)။

အာစိဏ္ဏကံဆိုတဲ့ မပြတ်လေ့ကျက်တဲ့ ကံကြီးက ဘုန်းကြီးတို့ တကာ တကာမတွေမှာ အရေးရှိဒါဘဲ အားကိုးရမှာဘဲ(မှန်ပါ့ ဘုရား)။

နို့....ဒီဉာဏ်ကလေးရဘို့ သူတို့ ကြိုးစားတော့မယ်ဆိုတော့ ဒီဉာဏ်ကလေးကလဲ နိဗ္ဗာန်တည်းဟူသော-သမုဒ္ဒရာသို့ ဆိုက်တဲ့ ဉာဏ်....(မှန်ပါ့)။

"ဓမ္မသောတံ အာပန္နော ဉတိပိ"တဲ့၊တကာတကာမတို့နိဗ္ဗာန် တည်းဟူသော သမုဒ္ဒရာကြီးသို့သာသွားတဲ့ ဉာဏ်အယဉ်ဘဲဆို တာ သေသေသေချာချာ မှတ်ထားတော့မှ ဩော်....ငါတို့သိတဲ့ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာကလေး၊ အကြောင်းချုပ်လို့

အကျိုးချုပ်တာကလေး(ဝါ)ဖြစ်ပျက်ကလေး နှစ်ခုသည် ဒါသိတဲ့ဉာဏ်သည်ကားလို့ဆိုယင် နိဗ္ဗာန်သိတဲ့ဉာဏ် ရှိထားတာပါ ကလားဆိုတာ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

အားရှိအောင်ပြောတာလား....ဘုရားဟောပါဠိတော်အတိုင်းလား မောင်နိုင်....(ပါဠိတော်အတိုင်းပါဘုရား)ကိုဝ ပါဠိတော်အတိုင်းနော်....(မှန်ပါ့)။

ပါဠိတော်အတိုင်းဆိုတော့ ဩော်....ယုံမှယုံရပါ့မလား....ဆိုတာ ခင်ဗျားတို့က မထားနဲ့တော့.... (မှန်ပါ့) မထားနဲ့တော့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးလို့ရတဲ့ ခုနင်က ပဋိစ္စသမုပ္ပါဒ်သိလို့ သူဘုရားဖြစ်လာပေါ့ဗျာ.... (မှန်ပါ့) သူ့ ဘုရားဖြစ်တဲ့ဉာဏ်နဲ့ ပြောတာဘဲ....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဘဲလားဆိုတော့ မကသေးပါဘူးကွာ....တဲ့ "နိဗ္ဗေဓိကဉာဏာ ဂ္ဂတိပိ"....တဲ့ သူများ ဘယ်သူမှ မသိနိုင်တဲ့ သံသရာလောကမှာ ဆရာကောင်းသမားကောင်းနဲ့ မတွေ့ရတဲ့ပုဂ္ဂိုလ် မသိနိုင်တဲ့ အသိကို အဝိဇ္ဇာက ဖုံးထားတာကို မင်းတို့ သိရတဲ့ ထိုးထွင်းတဲ့ ဉာဏ်အသိလို့ သေသေချာချာလဲ မှတ်ပါတဲ့....(မှန်ပါ့)။

ဘာအသိတဲ့.... (ထိုးထွင်းတဲ့ ဉာဏ်အသိပါဘုရား) ထိုးထွင်းတဲ့ ဉာဏ်အသိလို့ အဝိဇ္ဇာတည်းဟူသော ဒုကြီးဟာ တသံသရာလုံးကာပြီးသကာလ နေခဲ့တဲ့အတွက် ဘုရားရှင်တွေက တရားစည်ကြီးတီးလိုက်တာ အကနိဋ္ဌ ဗြဟ္မာ့ပြည် တိုင်အောင်ကြားတယ် လူ့ပြည်က တီးလိုက်တာ တရားသံတွေဟာလေ (မှန်ပါ့) အဲဒါ ကျုပ်တို့ အဝိဇ္ဇာထဲတိုးလို့မရဘူး တရားသံတွေဟာလေ.... (မှန်ပါ့) မောင်နိုင်.... ရရဲ့လား... (မရပါပါဘုရား)။

ဒီလောက်ထိအောင် ကျုပ်တို့ထူခဲ့....အခုခဲ့ ထူ-ကြီးခဲ့တယ် ဆို တာကိုဖြင့် ဘာမှ သံသယမရှိနဲ့ အလွန်ကို ဆိုးဝါးခဲ့တယ်.... (မှန်ပါ့)။

အဝိဇ္ဇာထု ဘယ်လောက်ကြီးခဲ့တယ်ဆိုတာ.... (ကြီးပါတယ် ဘုရား) ဘုရားတဆူတဆူပေါ်လိုက်တဲ့ တရားစည်ကြီးဆိုတဲ့အသံ ကြီးဟာလေ....တရားသံကြီးဟာ မောင်းနိုင်....အကနိဋ္ဌဗြဟ္မာ့ပြည် ကကြားတယ်....(မှန်ပါ့) ကျုပ်တို့မကြားဘူး....(မှန်ပါ့) ဘာခံ နေသတဲ့တုံး....(အဝိဇ္ဇာထုကြီး ခံနေပါတယ်ဘုရား) အဝိဇ္ဇာထုခံ နေတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဪ....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ယခုဖြစ် တာနဲ့ အကြောင်းဖြစ်လို့ အကျိုးဖြစ်ရရှာတယ်၊ အကြောင်း ချုပ်လို့ အကျိုးချုပ်ရတယ်ဆိုတဲ့ ခန္ဓာ့လောကကြီးပေါ့လေ.... (မှန်ပါ့)။

အဲဒီ ခန္ဓာလောကကြီးကို ပိုင်ပိုင်နိုင်နိုင် ကျုပ်တို့ ဪ.... ဖြစ်ပြီ....ဪ....ပျက်ပြီ.... ဒီလိုသိနေတဲ့အသိကလေးဟာအဝိဇ္ဇာ ထုကြီးကို တခါတည်း ထိုးဖောက်တဲ့ဉာဏ်နဲ့သိတာပါကလား.... (မှန်ပါ့) ဒါဖြင့် အဝိဇ္ဇာချုပ်တဲ့ဉာဏ်ဘဲ....(မှန်ပါ့)သဘောပါပ လား....(ပါပါပြီဘုရား)။

ဒါတွင်ဘဲလားဆိုတော့ မကသေးဘူးကွာ....တဲ့၊ငါဘုရား အ မြင်နဲ့ မင်းတို့ကို ရှင်းနေအောင် ပြောပရစေဆိုပြီး "အမတဒွါရံ အာဟစ္စတိဋ္ဌတိ ဋ္ဌတိပိ" နိဗ္ဗာန် တံခါးဝကိုရောက်ပါပြီကွာ.... တဲ့ မင်းတို့ သေးတယ်သိမ်ငယ်တယ်လို့ မျှား ထင်မနေပါနဲ့တဲ့ ဒီအမြင် ဒီအမြင်ဟာ....(မှန်ပါ့)။

"အမတဒ္ဒါရံအာဟစ္စတိဋ္ဌတိ ဣတိပိ" တဲ့ နိဗ္ဗာန်တံခါးဝနား မင်းတို့ရောက်ပြီ၊ ပြန်မဆုတ်တော့ဘူးကွ....တဲ့....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ အခုပြောလိုက်တဲ့ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သဗ္ဗညုတဉာဏ်နဲ့ အမှန်ကို သေသေချာ ချာဟောတော့မှ ဩော်.... ငါတို့ ဘယ်များ ရောက်နေပါလိမ့် မတုံးလို့ မောင်နိုင်ရေ ဘာမှ သံသယ ရှိမနေနဲ့....(မှန်ပါ့)နိဗ္ဗာန် တံခါးဝနားရောက်နေပြီလို့ ဆုံးဖြတ်ချက်ချပါ(မှန်ပါ့)ဖြစ်ပျက် ဆုံးတဲ့ ပုဂ္ဂိုလ်ကတော့ ရောက်ပြီလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဖြစ်ပျက် မြင်နေတဲ့ပုဂ္ဂိုလ်ကတော့ တံခါးဝရောက်ပြီလို့ ဆုံးဖြတ် ချက်ချ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီနေ့ညမှာ သေသေချာချာ ပြောနေတယ်တကာတကာမတို့ သေသေချာချာပြောတော့ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ် ဘယ်ရောက် သတုံး.... ( နိဗ္ဗာန်တံခါးဝ ရောက်ပါတယ် ) နိဗ္ဗာန်တံခါးဝ ရောက်တယ် သူ၊ နောက်တော့မဆုတ်ဘူး....(မှန်ပါ့) နိဗ္ဗာန် တံ ခါးဝ လာပြီးရပ်ပါပြီတဲ့၊သဘောကျပလား....(ကျပါပြီဘုရား)။

ဟာ.... ဒီပဋိစ္စသမုပ္ပါဒ် လောကကြီး၏ ဖြစ်တာလဲ မတွေ့ တော့ဘူးဆိုတော့ ပဋိစ္စသမုပ္ပါဒ် ရှိသေးရဲ့လား.... (မရှိတော့ပါ ဘုရား)။

ဖြစ် ပဋိစ္စသမုပ္ပါဒ်လဲမရှိဘူး....(မှန်ပါ့) ချုပ် ပဋိစ္စသမုပ္ပါဒ် ကော....(မရှိတော့ပါဘုရား)။

မရှိဘူး ဆိုတော့ ပဋိစ္စသမုပ္ပါဒ် နှစ်ခုစလုံး သူ့မှာဖြင့် သေတတ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ မရှိဘူး၊ မွေးတဲ့ ပဋိစ္စသမုပ္ပါဒ်ကော

(မရှိပါဘုရား) သြော်....ဒါဖြင့် မွေးသေလွတ်ကိုမြင်တော့ မွေးသေလွတ် နေရာမြင်တော့ နိဗ္ဗာန်ရောက်နေပြီ....(မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့်တကာတကာမတို့"အမတဒွါရံ အာဟစ္စတိဋ္ဌတိ ဣတိပိ...." အမတဒွါရံ = နိဗ္ဗာန်တည်းဟူသော တံခါးဝသို့၊ အာဟစ္စ=ထိကပ်၍၊ တိဋ္ဌတိ=တည်နေတယ်ဟူ၍၊ အဟံ = ငါဘုရားသည်၊ ဝဒါမိ= ဟောပြန်၏တဲ့။

နိဗ္ဗာန် တံခါးဝနားကို သူရပ်နေပါပြီကွာ....တဲ့ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များဟာ....(မှန်ပါ့) ဖြစ်ပျက်များ ဆုံးအောင်လိုက်တဲ့ပုဂ္ဂိုလ်များကျတော့နိဗ္ဗာန်မြို့ထဲ ဝင်သွားပြီ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီလောက်တောင်ဘဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အကျယ်တဝင့်ပြော သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ရှင်းရှင်းလင်းလင်းပြောလိုက်တဲ့အတွက် သြော်.... ငါတို့လုပ်တာ နဂိုကလဲ ပဋိစ္စသမုပ္ပါဒ် ဖြစ်မှုကိုလဲတွေ့တယ်၊ ပျက်မှုကိုလဲတွေ့တယ်၊ ဖြစ်ပျက်တွေ့ပါတယ်ဆိုကတည်းကနိဗ္ဗာန်တံခါးဝနားရပ်နေပြီ....(မှန်ပါ့) ဒီ-ပဋိစ္စသမုပ္ပါဒ်ကြီးတောင်မှအခု ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီးတောင်မှ ဖြစ်တာလဲ မတွေ့တော့ပါဘူး၊ ပျက်တာလဲ မတွေ့တော့ပါဘူးဆို ပဋိစ္စသမုပ္ပါဒ်ဟာ နှစ်ခုစလုံးဆုံးသွားတယ် မောင်နိုင်....(မှန်ပါ့) ဘာဆုံးသွားသတုံး....(ပဋိစ္စသမုပ္ပါဒ်ဆုံးသွားပါတယ်) နှစ်ခုစလုံးဆုံးသွားတယ်....(မှန်ပါ့)။

နှစ်ခုစလုံး ဆုံးသွားတော့ ဖြစ်စရာလဲ မရှိတော့ဘူးကျုပ်တို့....(မှန်ပါ့) ပျက်စရာကော.... (မရှိတော့ပါဘုရား) သြော်....ကျုပ်-

တို့သည်ကားလို့ဆိုယင်ဖြင့် အမွေး, အသေဖြင့် လွတ်ပေါ့.... (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်.... (အမွေး, အသေလွတ်ပါပြီ) အမွေး အသေဖြင့် လွတ်ပါပြီ၊ မွေးယင် သေဦးမှာကိုး....(မှန်ပါ) အခု တော့ မွေးတာလဲ မတွေ့တော့ပါဘူးဆိုတော့ ဖြစ်တာမတွေ့ဘူး (မှန်ပါ) သေတာလဲ မတွေ့တော့ပါဘူးဆိုကတည်းကိုက တကာ တကာမတို့ ကျုပ်တို့ အသေလွတ်မြင်နေတဲ့ အမိပ္ပါယ် မရောက် ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် "အမတဒ္ဒါရံ အာဟစ္စ တိဋ္ဌတိ" အမတဒ္ဒါရံ နိဗ္ဗာန်မြို့ တံခါးဝသို့ အာဟစ္စ- ထိကပ်၍၊ တိဋ္ဌတိ- ရပ်နေ၏ တဲ့၊ (ဝါ) တည်နေ၏။ ဣတိ- ဤသို့၊အဟံ- ငါဘုရားသည်၊ ဝဒါမိ- ဟောတော်မူ၏။

ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များမှာ နိဗ္ဗာန်တံခါးဝနား ဝင်မလို့ ရပ်နေတာ၊ တည်နေတာ....(မှန်ပါ)။

ကိုစံလှရေ....ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ ဘာတဲ့တုံး....(နိဗ္ဗာန် တံခါးဝနားမှာ ရပ်နေပါတယ်)ပြန်ဆုတ်သေးသလား....(မဆုတ် ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်ဆိုတော့ သာမညမှတ်နေ တယ်၊ စင်စစ်ဘာဟုတ်မလဲ၊ ခန္ဓာကြီး၏ ပဋိစ္စသမုပ္ပါဒ်ဖြစ်မှုကို မြင်တာ....(မှန်ပါ)ချုပ်တာက ခန္ဓာကြီး၏ ပဋိစ္စသမုပ္ပါဒ်သေနေ တာကို မြင်တာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာကြီး၏ ပဋိစ္စသမုပ္ပါဒ် သေနေတာကိုမြင်တာရယ်- ဖြစ်နေ တာကိုမြင်တာရယ်၊ ဒီအမြင်နှစ်ခုရတယ်....(မှန်ပါ)။

ဒါဖြင့် ကိုယ်ခဏခဏဒုက္ခရောက်နေတာကိုလဲ မြင်တယ်၊ကိုယ်ခဏခဏ သေနေတာကော….(မြင်ပါတယ်ဘုရား)။

အဲဒါ ဒီဆုံးသွားတဲ့ ပုဂ္ဂိုလ်များကျလာတော့ ဘယ့်နှယ်နေပါ့မလဲ- မောင်နိုင်…. ( နိဗ္ဗာန်ရောက်ပါတယ်ဘုရား ) နိဗ္ဗာန်တခါတည်း အတွင်းရောက်သွားတယ်….(မှန်ပါ့) ရှင်းပလား…. (ရှင်းပါပြီ)။

အဲဒါကြောင့်တဲ့ ဒီတကာတကာမတွေ ဩော်….ငါ့တို့သည်ကားလို့ဆိုယင် ဘယ်အခြေအနေမျိုး ရောက်နေပါလိမ့်မလဲ…. ဆရာသမားနဲ့ ကပ်နေတာလဲကြာကြပြီ၊ဆရာသမားလဲ နေ့တိုင်းသယ်ယူပို့ဆောင်နေတယ်၊ နိဗ္ဗာန်ရောက်အောင်၊ဒို့ကဝန်လေးသမား- ခြေနှေးသမားကပ်ဖွဲ့သမား နောက်ပြန်ကွေ့နေတဲ့သမားလားလို့ ကိုယ့်ကိုယ်ကိုမတွေးလိုက်ပါနဲ့ ဖြစ်ပျက်တွေ့နေကတည်းက သေချာနေပြီ….(မှန်ပါ့)။

ဖြစ်ပျက်တွေ့ကတည်းက….(သေချာနေပါပြီ) သေချာနေပြီဆိုတော့ ကိုဝ-ရေ….သေပျော်တဲ့တရား….(မှန်ပါ့)။

ကဲ….မောင်နိုင်တို့လဲ အသက်ကြီးပြီ၊ ကိုဝတို့လဲ ခြောက်ဆယ်ကျော်နေပြီ၊ ကိုပေါ်တို့လဲ အတူတူဘဲကြီးနေပြီ၊ ကိုစံလှတို့လဲ ကြီးပြီ၊ ဒါတွေကိုမတွေ့ဘူး….(မှန်ပါ့)တွေ့နိုင်ပါ့မလား….(မတွေ့နိုင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်တံခါးဝရောက်တယ်လို့ သူ့ကိုဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘုရား)။

ဘုရားက လောကခန္ဓာကြီး၏ ဖြစ်မှုနဲ့ ပျက်မှုကိုတွေ့မှ နိဗ္ဗာန်တံခါးဝနားကို ရပ်ပြီးသကာလ တည်နေတဲ့ပုဂ္ဂိုလ်လို့ ငါဘုရား

ဟောတယ်လို့ ဆိုကတည်းကိုက ဒါမှမတွေ့သေးတဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်တံခါးမပြောပါနဲ့ နိဗ္ဗာန်သွားလမ်းကို မတွေ့သေးဘူး.... (မှန်ပါ့)တွေ့ပလား....(မတွေ့သေးပါဘုရား)။

မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဩော် .... သူ့အတွက်ခင်ဗျား တို့က ဘယ်လိုစဉ်းစားမလဲ၊ဘယ်လိုမှမစဉ်းစားနဲ့တော့.... (မှန်ပါ့) သံသရာ့ခရီးသည် အမောဆိုက်ပြီးသကာလ ဒီနေရာတွင်လဲသေ ပြီး ဟိုနေရာထ ပြေးမှာဘဲ၊ ပြေးပြီး ဟိုနေရာကျ လဲပြီးသေလိုက် မှာဘဲ၊ ဒါဘဲ သူ့လမ်းရှိတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ထပြေးလိုက်၊လဲသေလိုက်၊ လဲသေရာကနေ ထ ပြေးလိုက်ပြန် ယင်ကော....(ဒါဘဲရှိပါတယ်) ဒါ သူ့လမ်း....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

နောက်တခါ ပြန်လှည့်လာပြန်တော့ သူ့အရိုးပုံပေါ်ပြန်ပြီး သူ့ကိုမြှုပ်ပေါ့ဗျာ....(မှန်ပါ့) ဒီလိုဘဲ လှည့်နေမယ်ဆိုတာ သေ ချာပလား....(သေချာပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ နိဗ္ဗာန်တံခါး ဝနား ရောက်ချင်ကြလို့ရှိယင် ဖြစ်ပျက်တွေ့အောင် ကြိုးစားပါ (မှန်ပါ့) နိဗ္ဗာန်ထဲကို ရောက်ချင်ပါတယ်ဆိုလို့ရှိယင် ဖြစ်ပျက် ဆုံးသည့်တိုင်အောင် ဉာဏ်ကလိုက်ပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီလိုဆိုယင် ပူစရာရှိသေးရဲ့လား.... (မရှိပါဘုရား) သဘော ပါပလား....(ပါပါပြီ) ။

ဒါက နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ သေသေချာချာဟော တာဘဲ....(မှန်ပါ့)။

ကဲ.... ဒါဖြင့် နိဗ္ဗာန်ထဲရောက်ပုံ ပြောကြပါစို့ ဆိုတော့ မနေ့က အင်္ဂဝစ္ဆကို ဒါနဲ့ပြန်စပ် မောင်နိုင်ရ....(မှန်ပါ့)။

အင်္ဂဝစ္ဆက မနေ့ကမေးလိုက်တာ အရှင်ဘုရားတဲ့ တဏှာတွေ ဥပါဒါန်တွေ ကံတွေချုပ်တဲ့ပုဂ္ဂိုလ်၊ တဏှာ ဥပါဒါန် ကံနေ၁်.... (မှန်ပါ့)ဒါတွေကချုပ်တယ်တဲ့၊ဒီကမင်္ဂလာသေးတာကိုး၊မင်္ဂက ရှေ့ပိုင်းကလာပေး....ဒီက ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်မှုကလေး ပျက်မှုကလေး၊ ဒါက ခန္ဓာပေါ့လေ....(မှန်ပါ့)။

ခန္ဓာထဲ ဖြစ်မှုပျက်မှုမှတပါး ယောကျ်ား- မိန်းမရှိသေးရဲ့ လား....(မရှိပါဘုရား)။

ဘာရှိသတုံး....(ဖြစ်မှု ပျက်မှုဘဲရှိပါတယ်ဘုရား)။

အဲဒါကလေး ကျုပ်တို့က ဒီမင်္ဂဉာဏ်ကလေးနဲ့ မြင်ပြီ ဝိပဿနာမင်္ဂနဲ့ဘဲ မြင်တယ်ထားပါဦးတော့၊ မြင်လို့ရှိယင်ဖြင့် ခန္ဓာခင်တဲ့တဏှာ ခန္ဓာစွဲလမ်းတဲ့ ဥပါဒါန် နောက်ခန္ဓာလိုချင်လို့ပြုတဲ့ ကံလာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် တဏှာ ဥပါဒါန် မချုပ်ဘူးလား .... (ချုပ်သွားပါ တယ်ဘုရား)။

ဒီ တဏှာ ဥပါဒါန် ကံချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက ဖြစ်ပျက်မြင်လို့ရှိယင် ငါဘုရား အမြင်ဟာ ဖြစ်ပျက်ဘဲလို့လဲ သူဟောထားတယ်....(မှန်ပါ့) မဟောဘူးလား (ဟောပါတယ်ဘုရား)။

ငါဘုရားအမြင်ဟာဖြင့် ဝေဒနာကြည့်ပြန်လဲ ဝေဒနာမတွေ့ ပါဘူးကွာ၊ ဖြစ်ပျက်တွေ့တယ်.... (မှန်ပါ့)ရုပ်ကြည့်ပြန်လဲ ရုပ်မ

တွေ့ပါဘူးကွာ၊ဖြစ်ပျက်တွေ့တယ်လို့ မဟောဘူးလား.... (ဟော ပါတယ်ဘုရား)။ အဲဒါငါဘုရားအမြင် ဆိုတော့ ဒီအမြင်ရတဲ့ ပုဂ္ဂိုလ်ဘာဖြစ်သတုံးဆိုတော့ တဏှာ ဉပါဒါန် ကံချုပ်တယ်၊ တဏှာ မာန ဒိဋ္ဌိ ချုပ်တယ်လို့ မနေ့က မဟောခဲ့ဘူးလား.... (ဟောခဲ့ပါတယ်ဘုရား)။

ချုပ်ကော မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒါကဖြစ်ပျက်၊ ဒါကအမြင်....(မှန်ပါ့) အမြင်နောက်ကနေ ပြီး ဒါတွေလိုက်နိုင်သေးရဲ့လား....(မလိုက်နိုင်ပါဘုရား)မမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒါတွေက တန်းနေတာဘဲ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒါက ခန္ဓာပဋိစ္စသမုပ္ပါဒ် မောင်နိုင်ရ၊ ခန္ဓာပဋိစ္စ သမုပ္ပါဒ်ကို ဉာဏ်နဲ့ မြင်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါ ပြီ ဘုရား)။

ခန္ဓာ၏ ဖြစ်မှု ပျက်မှုဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ်မဟုတ်လား.... (မှန်ပါ့) အဲဒါ ဘာနဲ့မြင်သတုံး....(ဉာဏ်နဲ့ မြင်ပါတယ်ဘုရား)။

ဉာဏ်နဲ့မြင်တော့ကိုတဲ့ ငါဘုရား၏ အမြင်က ဒီလိုမြင်တာ၊ ဒီလိုမြင်တဲ့ပုဂ္ဂိုလ် ဘာကျေးဇူးရှိသတုံး၊ အို....တဏှာ, မာန, ဒိဋ္ဌိ ချုပ်တယ်လို့ ဘုရားက မဟောလိုက်ဘူးလား.... (ဟောပါတယ် ဘုရား) တဏှာ,ဉပါဒါန်,ကံတွေ အကုန်ချုပ်တယ်လို့ကော.... (ဟောပါတယ်ဘုရား)။

ဟောတော့ ပုဏ္ဏားက တဆင့်တက်ပြီး မေးတယ်- ဒီချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့၊ မေးလာပြီ....(မှန်ပါ့)။

ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး.... ဒီတဏှာ ဥပါဒါန် ချုပ်တယ်တဲ့၊ဒီချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွားသတုံးဆိုတော့ မဂ်ပုဂ္ဂိုလ် ဘယ်သွားသတုံးမေးတာဘဲ....(မှန်ပါ့) မမေးပေဘူးလား....(မေးပါတယ်ဘုရား)။

ချုပ်တာက ဒီမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်, ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှ ဒါချုပ်တယ်မဟုတ်လား....(မှန်ပါ့)။

အဲချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးဆိုတော့ ဒီမဂ်ပုဂ္ဂိုလ်ဘယ် သွားသတုံး ဒီရဟန္တာဘယ်သွားသတုံးမေးတာ....(မှန်ပါ့) မမေး သင့်ဘူးလား.... (မေးသင့်ပါတယ်ဘုရား) ခင်ဗျားတို့လဲ မေးရ မှာဘဲ....(မှန်ပါ့)။

ဒီမဂ်ပုဂ္ဂိုလ် ဘယ်သွားသတုံး၊ ဒီရဟန္တာ ဘယ်သွားသတုံး လို့မေးတော့ ဘုရားက ဘယ်သွားတယ်လို့ မမေးပါနဲ့ကွာ.... (မှန်ပါ့)။

ဒါနဲ့ မသွားဘဲနေသလား....တဲ့ သွားတယ်လို့ဆိုယင် သူက သဿတဒိဋ္ဌိဖြစ်မှာ.... ( မှန်ပါ့ ) အဂ္ဂိဝစ္ဆ ပုဏ္ဏားမှာ မဖြစ်ပေ ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

တဏှာ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သွားတယ် ဆို လို့ရှိယင်လဲ ခြော်.... ဒီပုဂ္ဂိုလ်ဟာ ခြေလျှင်သွားလို့ ဒီဘက် ရောက်တယ်၊ ဘယ်ဒိဋ္ဌိထဲသွားမလဲ.... ( သဿတဒိဋ္ဌိထဲ သွားပါ မယ်ဘုရား)။

မသွားဘူးကွ၊ ဒီပုဂ္ဂိုလ် ဘယ်မှမသွားတော့ဘူး ဆိုလို့ရှိယင် ခြော်...ပြတ်တာဘဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိယူသွားဦးမှာဘဲ.... (မှန်ပါ့) မယူပေဘူးလား....(ယူပါတယ်ဘုရား)။

နိဗ္ဗာန်သိချင်ယင် သဿတ ဥစ္ဆေဒလွတ်မှ နိဗ္ဗာန်ရှင်းမှာ.... (မှန်ပါ့) နို့မဟုတ်ယင် ရှင်းကြပါ့မလား....(မရှင်းပါဘုရား)။

အဲဒါ ခင်ဗျားတို့က အလကားနေရင်း ခင်ဗျားတို့ကဆုတွေ နှင်းတောင်းပြီးသကာလ နေပြောသော်လဲ နိဗ္ဗာန်သဘောကျလို့ တောင်းတာလား၊ တောင်းရမယ်ဆိုတဲ့ ရှေးပေါရာဏကြောင့် တောင်းတာလားလို့မေးတော့သဘောကျတာပါကို မပါဘူး.... (မှန်ပါ့)ရှေးပေါရာဏနဲ့ တောင်းနေတာ.... (မှန်ပါ့)။

ကိုစံလှ ဒီ့ပြင် ဘာပါသေးသလဲ.... (မပါပါဘုရား) အခု သေသေချာချာ စဉ်းစားကြည့်တော့ တကာတကာမတို့ နိဗ္ဗာန် ဆိုတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီဟာတွေ ချုပ်သွားတဲ့အ တွက် နောက် ဒုက္ခသစ္စာမလာတာကိုဆိုတာ....(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာဘာတုံး(နောက်ဒုက္ခသစ္စာ မလာတာပါဘုရား) အဲဒီတော့ ဒီဒုက္ခသစ္စာ သဘောကျထားမှ ဩော်....ဒုက္ခသစ္စာ မရှိယင်တော့ အေးတာပါဘဲလေ.... ဆိုတော့ နိဗ္ဗာန်ပေါ်လာ တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခသစ္စာမရှိယင်.... (အေးတာပါဘဲဘုရား) အေးတာဘဲဆို တော့ နိဗ္ဗာန်သည် သန္တိလက္ခဏံ နိရောဓသစ္စံ ဆိုတဲ့ အတိုင်း အေးချမ်းတာ နိဗ္ဗာန်ဘဲလို့ဆိုတော့ ဩော်....ဒီခန္ဓာမှဒုက္ခသစ္စာ မသိတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်လိုချင်ပါတယ်ဆိုလို့ရှိယင် သူ့အတွက် ဟာ သူလိုချင်တာသည် ရိုးရာလိုချင်တာယင်လဲ ဖြစ်ရပါမယ်.... (မှန်ပါ့) တကယ်လိုချင်တာတော့ ကိုဝ....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ သဘောမှမကျဘဲ၊ သူ့ခန္ဓာ ဒုက္ခသစ္စာမှ ဖြစ်ပျက် ဒုက္ခသစ္စာမှ မောင်နိုင် မသိဘဲနဲ့ သူလိုချင်တဲ့နိဗ္ဗာန်

သည်ကားလို့ဆိုယင်ဖြင့်သူများရသလိုရချင်တာပေါ့၊ဒါလောက် ဘဲသိမှာဘဲ.... (မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး.... ( မရှိပါ ဘုရား)။

သူများရသလိုရချင်တာပေါ့၊သစ်ပင်က သစ်သီးတွေကြွေလာ တယ်၊ဥပမာမယ် သစ်တော်သီးတွေကြွေလာတယ်၊သူလဲကောက် စား- သူများလဲကောက်စား၊ သူမရလို့ ငိုတယ်ဆိုတော့သူများ ရသလို ရချင်လို့ ငိုတာဘဲရှိမှာပါဘဲ....(မှန်ပါ့) ဟုတ်ပလား.... (မှန်ပါ့)။

သစ်တော်သီးရတာ သူသိလို့ လိုချင်တာ သဘောမျိုး ကလေး ဟုတ်ပါလေရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ခလေးလိုဘဲ သူများကစားချင်လို့ ကစားချင်တာ၊ မကစား ရငိုတာလောက် ဒီလိုလောက်ဖြစ်နေတယ်၊ ဒီ့ပြင် ဘာမှမရှိပါ ဘူး....(မှန်ပါ့)။

ဒါကြောင့် နိဗ္ဗာန်အကြောင်းကို ဟောရတော့မယ်ဆိုတော့ မောင်နိုင် ဒီခန္ဓာကြီး ဖြစ်ပျက်ဟာ ဒုက္ခသစ္စာမသိတဲ့ ပုဂ္ဂိုလ်တ ဦးတယောက်ဟာ ကိုဝ....နိဗ္ဗာန်လိုချင်ပါတယ်....လို့ ဘယ့်နှယ် လုပ်ပြီး သူ့ကိုဟောမလဲ.... (မဟောနိုင်ပါဘုရား)။

သူ့ခန္ဓာ ဒုက္ခသစ္စာလို့ သူမသိဘူးဗျ(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ဖြစ်မှုလဲ ဒုက္ခသစ္စာ၊ ချုပ်မှုလဲ ဒုက္ခသစ္စာ၊ ဒါတွေမှမသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်လိုချင်ပါတယ်ဆိုလို့ရှိယင်ဖြင့် ဩော်....သူလိုချင်တာသည် စာဘတ်ဘူးလို့ထင်ပါရဲ့....(မှန်ပါ့) ကိုစံလှ ဒါဘဲသူသိတယ်၊ ဒီ့ပြင် ဘာပြောစရာ ရှိသေးသလဲ....(မရှိပါဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ အင်မတန်အရေးကြီး ပါတယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်နော်.... (ပေါ်လာပါတယ် ဘုရား)။

ကဲ....ဒါဖြင့် အဂ္ဂိဝစ္ဆ မေးတာက ဒီတဏှာ ဥပါဒါန် ချုပ် သွားတဲ့ပုဂ္ဂိုလ်များ ဘယ်သွားသတုံးလို့မေးလိုက်တော့ ဘုရားက ဘယ်သွားတယ်လို့ မမေးပါနဲ့လို့ ဘုရားက အဖြေမထွက်ဘူး လား.. (ထွက်ပါတယ်ဘုရား)။

အကယ်၍ ဘုရားက သွားတယ်လို့ ဖြေလိုက်လို့ရှိယင် သူ- ဘယ်ထဲ သွားမယ်ထင်သလဲ.... (သဿတဒိဋ္ဌိထဲ သွားပါတယ် ဘုရား)။

ကောင်းပြီ.... ဘုရားဟာ ဖြေသင့်မှဖြေတယ်ဆိုတာ မပေါ် လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ....တဲ့ ဒီတဏှာ ဥပါဒါန်များ ချုပ် သွားတဲ့ပုဂ္ဂိုလ်ဖြစ်ပျက်တွေမြင်လို့ ဆုံးသွားလို့ တဏှာဥပါဒါန် ချုပ်သွားတဲ့ ပုဂ္ဂိုလ်များ ဘယ်မှ မသွားတော့ဘူးလား....တဲ့ ဆိုတော့လဲ သူနိဗ္ဗာန်မှ သဘောမကျတော့ မောင်နိုင် ဘယ်မှ မသွားဘူးကွ....လို့ ဖြေလိုက်လို့ရှိယင်လဲ ဥစ္ဆေဒဘက်ကို သွား တယ်....(မှန်ပါ)။

သေယင်ပြီးတာဘဲ· ပြတ်တာဘဲ၊ မင်အားထုတ်ပြီးယင်ပြတ် တာဘဲ၊ ပြတ်ပြီးယင်နောက် ဘာမှ အကျိုးတရား မပေါ်လာ တော့ဘူးဆိုတဲ့ အမြင်ပွါယ် မယူပေဘူးလား.... (ယူပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ....ဘယ်နှယ် ဘာကို သဘောမကျလို့ ဒီဒိဋ္ဌိတွေသွားနေသတုံး.... ဟောဒီ ဖြစ်ပျက် ဒုက္ခသစ္စာ သဘောမကျလို့(မှန်ပါ့) ဖြစ်ပျက် ဒုက္ခသစ္စာ သဘောမကျလို့ သူ့ဒိဋ္ဌိက ကွာပါရဲ့လား (မကွာပါဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်လိုချင်ယင် ဒိဋ္ဌိခွါတတ်မှ နိဗ္ဗာန်ရမယ်.... (မှန်ပါ့) ဒိဋ္ဌိမခွါတတ်ယင်....(နိဗ္ဗာန်မရပါဘုရား)နိဗ္ဗာန် မရနိုင်ဘူးလို့ သေသေချာချာမှတ်ပါ....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကဲ....ကိုဝ ဒိဋ္ဌိ ဘယ်လောက် အရေးကြီးသတုံး.... (ကြီးပါတယ်ဘုရား)။

ဒိဋ္ဌိမခွါတတ်ယင် နိဗ္ဗာန်ကို သူသဘောမကျဘူး.... (မှန်ပါ့) ကျပါ့မလား....(မကျပါဘုရား)။

မကျလို့ရှိယင်ဖြင့် သူ့အတွက်ဖြင့် အခက်ကြီးပါဘဲဆိုတာသာ ခင်ဗျားတို့ ရင်မ-နေကြပေတော့....(မှန်ပါ့)။

ဒါဖြင့် ရင်မ့စရာလူတွေ မောင်နိုင်.... ဘယ်လောက်များပေါမယ်ထင်သတုံး.... (ပေါပါတယ်ဘုရား)။

ဒါဖြင့် ဘုရားတွေ ဘယ်လိုပွင့်ပွင့် ကိုဝ- ကုန်နိုင်ပါ့မလား (မကုန်နိုင်ပါဘုရား)။

သေသေချာချာ စဉ်းစားပါ တကာတကာမတို့ ဘုရားတွေက ပွင့်သွားလိုက်တာ မနည်းပါဘူး၊ ကုန်ပါတော့လားလို့ မေးတော့ ဒိဋ္ဌိကွာတဲ့လူ ကွာနိုင်တဲ့ဉာဏ် ပေးနိုင်တဲ့ဆရာ ပေးသည့်တိုင်အောင်လဲ ယူနိုင်တဲ့ဉာဏ် ဒီနှစ်ခုဆုံဘို့ရာ ကိုစံလှတို့အခု ဘုန်းကြီးရဲ့ တရားနာနေရတာ ခုနစ်လ- ရှစ်လ ဒီလိုမရှိကြဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒီထဲတောင်မှ တခါတခါ ကိုယ့်ဟာကငြိချင် ငြိနေသေးတာ....(မှန်ပါ) မငြိဘူးလား....(ငြိပါတယ်ဘုရား)။

အဲဒီတော့ သူမက္ခာလို့ရှိယင်လဲ နိဗ္ဗာန်သဘောကျပါ့မလား (မကျပါဘုရား) ရောက်ကော ရောက်နိုင်ပါ့မလား.... (မရောက်နိုင်ပါဘုရား) မရောက်ပေဘူး၊ သူတားမယ် ဒိဋ္ဌိက.... (မှန်ပါ) မတားဘူးလား(တားပါတယ်ဘုရား) တားမယ်ဆိုတာ သေချာပလား....(သေချာပါပြီ) အဲဒါကြောင့်တဲ့ တကာတကာမတို့ အလွန်အရေးကြီးတဲ့ အကြောင်းကို ဘုရားသခင်ကိုယ်တော်မြတ်မြတ်ကြီးက "ပစ္စယပရိဂ္ဂဟံ အဇာနန္တာ အညေန အာစရိယေန ဝသန္တေန" ဖွင့်လိုက်တယ်။

ပဋိစ္စသမုပ္ပါဒ်နားမလည်တဲ့ ဆရာနဲ့ နေမယ်ဆိုယင် ဟောဒီပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်းသိကို- မသိဘူးတဲ့....(မှန်ပါ) မဂ်ရတဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်းမသိနိုင်ပါဘူးတဲ့.... (မှန်ပါ)။

သူ့ကို အပြစ်တင်တယ်၊ ပုဏ္ဏားကို အပြစ်တင်ပြီ၊ တကာတကာမတို့....(မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့ဆရာဆီမှ မင်းမမှီဝဲ မဆည်းကပ်လို့ရှိယင် ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်းသဘောကျဘို့ ဘယ့်နှယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး....(မှန်ပါ)။

ကဲ....ကိုဝ သေချာပလား....( သေချာပါပြီ ) ကိုစံလှရေ.... (သေချာပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ဆရာနဲ့ မင်းသည် မနေဘူးဘူး၊ မင်းလဲဒီဉာဏ်ကို မပိုင်ဘူးဆိုလို့ရှိယင်ဖြင့်တဲ့ ဒီ တဏှာ ဥပါဒါန်

ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတာ မင်းသိဘို့ အတော်ခဲယဉ်းပါတယ်တဲ့၊ သိကို မသိနိုင်ဘူး....(မှန်ပါ့)။

ဘာနားမလည်လို့တဲ့လဲ .... (ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား)။

ဘယ်နားလည်လိမ့်မလဲ၊ ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်းလဲ သူမသိဘူး...(မှန်ပါ့) ချုပ်ကြောင်းသိယင် ပဋိစ္စသမုပ္ပါဒ်အကုန်ချုပ်ယင် နိဗ္ဗာန်ကိုး.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဖြစ်တာ ဒုက္ခသစ္စာမှ မသိပြန်တော့လဲ နိဗ္ဗာန်ကြိုက်ပါ့မလား .... (မကြိုက်ပါဘုရား)။

ဒါဖြင့် အဖြစ်မသိလို့လဲ နိဗ္ဗာန်မကြိုက်၊ အချုပ်မသိလို့လဲ နိဗ္ဗာန်ရှာမတွေ့ဘူး....(မှန်ပါ့) တွေ့နိုင်ပါ့မလား....(မတွေ့နိုင်ပါဘုရား)။

အဲဒါ အင်မတန်အရေးကြီးနေတယ်ဆိုတာ သာမညနားနဲ့ ဒီတရားကို နားထောင်လို့မဖြစ်ဘူး....(မှန်ပါ့) အင်မတန်ကြီးကျယ်တဲ့ စကားတွေဆိုတာ မောင်နိုင် သေသေချာချာမှတ်ပါ (မှန်ပါ့)။

ကိုစံလှ သဘောပါပလား....(ပါပါပြီ) ခုလိုတရားဖြန့်ကျဉပမာ တရက်နှစ်ရက်လောက် လာနာတဲ့ပုဂ္ဂိုလ်ဖြင့် မောင်နိုင်မနာကို-မနာစေနဲ့ နားမလည်ဘူး....(မှန်ပါ့)။

ကိုဝ.... ဘယ့်နှယ်လုပ်နားလည်မလဲ ( မလည်နိုင်ပါဘုရား )။

နားမလည်လို့ ရှိယင်လဲ ဘာနားမလည်တာတုံးလို့ မေးကြပါတော့ဆိုယင်၊ ဘာသာရေးကို နားမလည်တာလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ကိုစံလှ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ .... (ဘာသာရေးကိုနား မလည်တာပါဘုရား)။

ဘာသာရေးဆိုတာ ကိုယ့်ခန္ဓာ၏ ဒုက္ခသစ္စာဆိုတဲ့ဥစ္စာမှ သူ နားမလည်ဘူး .... ( မှန်ပါ့ ) ကိုယ့်ခန္ဓာဇာတ်သိမ်းယင် နိဗ္ဗာန် ဆိုတာကော....(နားမလည်ပါဘုရား)။

ဒါဖြင့် သူ့မှာ တကာ တကာမတို့ ကိုယ့်ခန္ဓာလဲ သူမသိ (မှန်ပါ့) ကိုယ့်ဗုဒ္ဓဘာသာ၏ အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ.... (မသိပါဘုရား)။

မသိတော့ သူ့ခန္ဓာလဲ သူမသိ၊ သူ့ခန္ဓာချုပ်ငြိမ်းရုပ်သိမ်းတဲ့ နိဗ္ဗာန်လဲ သူမသိလို့ရှိယင် သူ့အတွက်ဖြင့် ကိုဝ-ထည့်ကို မစဉ်း စားနဲ့....(မှန်ပါ့)။

ဦးညိုကြီး ထည့်စဉ်းစား အပိုဘဲ .... (မှန်ပါ့) ခင်ဗျားတို့ အသက်ကြီးလှပါပြီတဲ့၊ ဒီဥစ္စာသိဘို့ရာ တော်တော်ဆည်းဘူးမှ ရပါတယ်....(မှန်ပါ့)။

အခုတော့ဖြင့် ဆရာသမားကလဲ အပြကောင်း၊ ခင်ဗျားတို့ ကလဲ ဇွဲကောင်းနဲ့နာလို့ ဒါသိထားတာ....(မှန်ပါ့) နို့မဟုတ် ယင်....(မသိနိုင်ပါဘုရား) ဝေးပါသေးတယ် ခင်ဗျားတို့....။

ဝေးပါသေးတယ်ကွဲ့၊ ဒီလိုတွေ့ဘို့ကြုံဘို့ရာ အင်မတန်ခဲယဉ်း ပါတယ်ဆိုတာ အခုသေသေချာချာဘုရားက ဟောပါတယ်နော် (မှန်ပါ့)။

ဒါနဲ့... ရှင်ကြီးဂေါတမ....တဲ့ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ် သွားသတုံးဆိုတော့လဲ မမေးနဲ့၊ မသွားဘဲနေသလား ဆိုတော့လဲ မမေးနဲ့၊ သွားချီတလှည့်လား- မသွားချီတလှည့်လားလို့ဆိုတော့ လဲ မမေးနဲ့လို့ဘဲဖြေတယ်၊ ဒီလိုလဲမဟုတ်ဘူးလို့ ဖြေပြန်တယ်၊

မသွားသည်မဟုတ်- သွားသည်လားလို့ မေးပြန်တော့လဲ- ဒီလိုလဲ မဟုတ်ဘူးလို့ဆိုတော့ ကျုပ်မှာဖြင့် မေးစရာကုန်ပြီတဲ့၊ ဉာဏ်လဲ တုံးပါပြီဆိုတော့မှ- မင်းဉာဏ်တုံးမယ်၊ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ဆရာနဲ့မှ ပေါင်းသင်းဆက်ဆံ စည်းဝေးဆွေးနွေးခြင်း မရှိလို့ ရှိယင်ဖြင့် ဒီ မင်းမေးတဲ့ လေးချက်ဟာတဲ့ ဘယ်နည်းနဲ့မဆို ဒါ ဒိဋ္ဌိအယူချည်း ဖြစ်ရမယ်....( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဗုဒ္ဓဘာသာထဲမှာလဲ နိဗ္ဗာန်ဆိုတာ ဘာမှမရှိပါဘူး ယူတဲ့အယူလဲရှိသေးတယ်....(ယူပါတယ်ဘုရား)တိတ္ထိအယူဗျအဲဒါ (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘာအယူခေါ်ကြမယ် ....(တိတ္ထိအယူပါဘုရား)တိတ္ထိအယူဆို တာ သေချာကြပလား....(သေချာပါပြီ)။

ဘယ့်နှယ်-မောင်နိုင်စဉ်းစားကြည့်စမ်းပါလား တိတ္ထိအယူဟုတ် မဟုတ်ဆိုတဲ့ဉစ္စာ၊ ဒုက္ခသစ္စာချုပ်တယ်၊ သဘောကျပလား .... (ကျပါပြီ)။

ဒုက္ခသစ္စာက- ဒုက္ခသစ္စာ၊ ချုပ်တာကဘာသစ္စာလဲ....(နိရောဓ သစ္စာပါဘုရား)။

ဟာ.... ဒါဖြင့် ဒုက္ခသစ္စာချုပ်လို့ နိရောဓသစ္စာဖြစ်တဲ့ဉစ္စာ ဘာမှမရှိဘူးဆိုတော့ ကိုစံလှ ခက်ကရောပေါ့....(ခက်ပါပြီ)။

နိရောဓသစ္စာ သီးခြားနိဗ္ဗာန်ကြီး ရှိပါတယ်ဆိုလျက်သားနဲ့ ဘာမှမဖြစ်တော့ဘူးဆိုတော့ သူသည် တကာတကာမတိုစဉ်းစား ကြည့်ပါကော့ ဥစ္ဆေဒဒိဋ္ဌိဘက်သွားတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်အကြောင်း သဘောကျချင်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ် သဘောကျမှ ဖြစ်ချုပ်သဘောကျမှ နိဗ္ဗာန်ကျေကျေနပ်နပ်သဘောကျမယ်....(မှန်ပါ့)။

နို့မဟုတ်ယင် ကျနိုင်ပါ့မလား....(မကျနိုင်ပါဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားဟောတော့မယ်ဆိုတော့ မောင်နိုင်တို့ကို ခဏခဏပြောတယ်၊ မြင်းမိုရ်တောင်အောက်က- မြင်းမိုရ်တောင်ကြီးဆိုတာက ယူဇနာပေါင်းရှစ်သောင်းလေထောင်၊ ဒီအောက်က သဲယူပြရမှာဆိုတော့-ဟိုကကိလေသာမျက်လုံးတွေနဲ့ ကြည့်မည့်ပုဂ္ဂိုလ်တွေနဲ့ ငါကဒီဥစ္စာခဲခဲယဉ်းယဉ်း ယူပြမှာနဲ့ ဟောဘဲမဟောချင်ဘူးဟော့.... (မှန်ပါ့)

ဖြစ်သင့်-မဖြစ်သင့်.... (ဖြစ်သင့်ပါတယ်ဘုရား) သေသေ ချာချာ ဖြစ်ထိုက်တယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် အခုတကာမတွေ ခင်ဗျားတို့ ဉာဏ်တိမ်တယ်၊ တကာတွေလဲ တချို့ဉာဏ်တိမ်တယ်၊ တချို့လဲထက်တယ် .... (မှန်ပါ့)များသောအားဖြင့် တကာမကသာပြီး ဉာဏ်တိမ်တယ်.... ( မှန်ပါ့ ) ကိုယ်တွေ့ရတဲ့ ကိုယ့်အခြေအနေဟာ မည်မျှလောက်သြော်.... ငါတို့သည်ကား ဒါလောက်တောင် ပေပြီးသကာလပေ ဒီဆရာသမားဆီ မှီဝဲဆည်းကပ် အမျိုးမျိုးလာလို့ ဒီအခြေအနေလေး ရောက်တယ်ဆိုတာ မောင်နိုင်မလွယ်ဘူး .... (မလွယ်ပါဘုရား)။

ကိုစံလှလွယ်ပါ့မလား....(မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ ဒါမှ မသိလို့ရှိယင်လဲ ကိုယ့်ခန္ဓာ ကိုယ်မသိ၊ နိဗ္ဗာန်ကော....(မသိပါဘုရား) ကိုယ့်ခန္ဓာ အဆုံးကော....(မသိပါဘုရား)။

မသိတော့ ဒုက္ခသစ္စာလဲ မသိ၊ဒုက္ခချုပ်တာလဲ မသိဆိုတော့ ဒီ ပုဂ္ဂိုလ် ဘယ့်နှယ် ဖြစ်နေသတုံးဆိုတော့ အနာပေါက်တာလဲ မသိ၊ အနာပျောက်မှုကိုလဲ မသိဘူးဆိုတော့ အရူးသက်သက်ဘဲ--(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ....(အရူးသက်သက်ပါဘုရား)။

အနာပေါက်တာလဲ သူ မသိဘူးဆိုတော့ ရူးလို့ပေါ့ဗျာ.... (မှန်ပါ့)အနာပျောက်တာလဲ....(မသိပါဘုရား)သူ့ကို ဘယ့်နှယ် ဆိုကြမယ်....(အရူးပါဘုရား)။

အဲ....ခင်ဗျားတို့ ဒီလိုသာ မတွေ့ဘူးဆိုယင် အရူးသက်သက်နဲ့ သေကြမယ်....(မှန်ပါ့)ပုထုဇန် အရူးအဖြစ်နဲ့ဘဲ သေကြမှာဘဲ.... (မှန်ပါ့)။

ဒီ့ပြင် ဘာမှ သယ်ယူပို့ဆောင်စရာ ခင်ဗျားတို့ အတွက် ချီးမြှင့် ထောက်ပံ့စရာ ဘာမှ မရှိဘူး၊ အရူးနဲ့ သေမှာဘဲ.... (မှန်ပါ့)။

တကာကြီးလှိုင် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် အေးအေးဆေးဆေးနဲ့ အရေးကြီးတဲ့ စကားကို ပြောနေတော့ အခု ကြည့်စမ်း ပုဏ္ဏား မေးတာတွေ အင်မတန် အကွက်ကျတယ်....(မှန်ပါ့) သို့သော်....သူ ဒိဋ္ဌိလွတ်အောင် မေး နိုင်ရဲ့လား....(မမေးနိုင်ပါဘုရား)။

ဘယ်လိုသဘောကျမလဲ၊ မင်း ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာဆီ ဆည်းကပ်မှီဝဲမှသာလျှင် ဒီ မင်းမေးတဲ့ အမေးဟာ မင်း သန္တာန်အဖြေဖြစ်မယ်တဲ့....(မှန်ပါ့) ဒါမှ နားမလည်ယင် မင်း သန္တာန်အဖြေဖြစ်ဘို့ အတော်ခဲယဉ်းတယ်....တဲ့(မှန်ပါ့)။

ကဲ....ကိုပေါ် ယုံပလား... (ယုံပါပြီဘုရား)။

ဘုရားကိုယ်တိုင်က ပဋိစ္စသမုပ္ပါဒ် မသိယင် ခက်တယ်လို့.... ဟောနေတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကွာ....တဲ့ မင့်ကို ငါ ဥပမာကလေးတခုပြောမယ်....တဲ့၊ ဥပမာကလေးတခု ပြောမယ် ဟိုအရှေ့ဘက်က မီးတောက်နေတယ်ကွာ....တဲ့၊ မင်း မြင်ရဲ့လား-ဆိုတော့ သူက မြင်ပါတယ်....တဲ့ အရှေ့ဘက် မီးတောက်နေတာ။

အေး....မှတ်ထား မီးတောက်နေတာကို၊ အဲဒီ မီးဟာကွာ.... ဘာမီးလို့ ဆိုမတုံး....တဲ့၊ မေးပြန်တယ်၊ အရှေ့ဘက် မီးတောက်နေတဲ့ မီးဟာ ဘာမီးလို့ ဆိုမတုံးတဲ့....(မှန်ပါ့)။

အို....ဒါကတော့ ဝါးခြမ်းလောင်ယင် ဝါးမီးခေါ်ပါတယ်၊ ထင်းလောင်ယင်....(ထင်းမီးခေါ်ပါတယ်) နွားချေးလောင်ယင်-(နွားချေးမီးခေါ်ပါတယ်) ဓာတ်ဆီလောင်ယင်.... (ဓာတ်ဆီမီးခေါ်ပါတယ်)ရေနံလောင်ယင်....(ရေနံမီးခေါ်ပါတယ်ဘုရား)။

အေး....မှတ်ထားတဲ့၊မှတ်ထား့မှတ်ထား၊ မီးလောင်တာ မင်း သဘောကျပြီတဲ့....။

ဒါဖြင့် ကွာ....တဲ့ဒီမီးသည်ကားလို့ဆိုယင် ငြိမ်းသွားတယ်တဲ့၊ ငြိမ်းသွားတဲ့ မီးဟာ ဘယ်သွားသတုံးလို့ မင်းကို မေးယင် ပြောစမ်းပါဦး....တဲ့၊ ငြိမ်းသွားတဲ့ မီး ဘယ်များသွားသတုံး မေးယင် ဘယ့်နှယ် ဖြေကြမလဲ....(မဖြေနိုင်ပါဘုရား) ငြိမ်းတာဘဲ ဖြေရမယ်....(မှန်ပါ့)သဘောကျကြပလား....(ကျပါပြီဘုရား)။

နောက်က တကာ တကာမတွေ(ငြိမ်းသွားတယ်လို့ဘဲ ဖြေရပါမယ်)ဒီ့ပြင် ဘာဖြေကြမယ်....(ဖြေမရပါဘုရား)။

ဘယ့်နှယ်ကြောင့် ငြိမ်းသတုံးလို့ မင်းကို ဆက်မေးယင် မင်း ဘယ့်နှယ်ဖြေမတုံးတဲ့၊ မေးတဲ့အခါ ဝါးကုန်လို့ ဝါးမီးငြိမ်းတယ် (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ရေနံကုန်လို့....(ရေနံမီး ငြိမ်းပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခေတ်ဆီကုန်လို့....(ခေတ်ဆီမီး ငြိမ်းပါတယ်ဘုရား)ခေတ်ဆီ မီး ငြိမ်းတယ်ဆိုတော့ ဒီမှာလဲ ခန္ဓာလောင်စာကုန်လို့ တကာ တကာမတို့ ကိလေသာမီး ငြိမ်းသွားတယ်....(မှန်ပါ့)။

ခန္ဓာ လောင်စာကုန်လို့...(ကိလေသာမီး ငြိမ်းသွားပါတယ် ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ် ဘယ်သွားတယ်လို့ ခန္ဓာလောင်စာ ကုန် လို့ ကိလေသာမီး ငြိမ်းတဲ့ ရဟန္တာဖြစ်စေ၊ ဘုရားဖြစ်စေ ဘယ် သွားသတုံးလို့ မေးဘို့ လိုသေးသလား....(မလိုတော့ပါဘုရား)။

ဩော်....လောင်စာသိမ်း၍ မီးငြိမ်းသွားတဲ့ အဖြစ် ရောက် သွားရှာပြီ....(မှန်ပါ့)။

ဘယ့်နှယ် ဆိုကြမယ်....( လောင်စာသိမ်း၍ မီးငြိမ်းသွားတဲ့ အဖြစ် ရောက်သွားပါပြီဘုရား)။

အဲ....လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ် ရောက်သွားပြီဆို တော့ ကိုယ့်ခန္ဓာထဲမှာ လောင်စာနဲ့ မီး တွဲနေတာ ဒီမှာ ပြန် ပေါ်လာတယ်....( မှန်ပါ့ )မပေါ်လာဘူးလား....(ပေါ်လာပါ တယ်ဘုရား)။

ခန္ဓာကြီးက လောင်စာကိုး၊ ဇာတိ, ဇရာ, မရဏက မီးကိုး.... (မှန်ပါ့)ကိလေသာတွေကကော....(မီးပါဘုရား) ခန္ဓာက ဘာဖြစ်နေသလဲ....(လောင်စာပါဘုရား)။

ကျုပ်တို့မှာ မသိလို့သာကိုးဗျ....(မှန်ပါ့) လောင်စာနဲ့ မီးနဲ့ တဟုန်းဟုန်း တောက်နေတာ....( မှန်ပါ့ ) ဟိုဘုံ သွားတောက်လိုက်, ဒီဘုံ သွားပြီးတော့ ...(တောက်လိုက်ပါဘုရား)ဒီ မီးပုံကြီး ချည့် သွားနေတာ မောင်နိုင်....(မှန်ပါ့)။

ဘယ်သူမျှား သွားသေးသတုံး....(မသွားပါဘုရား)နတ်ခန္ဓာ သွားကြည့်တော့ နတ်ခန္ဓာလဲ လောင်စာနဲ့ မီး လောင်နေတာဘဲ (မှန်ပါ့)ဗြဟ္မာခန္ဓာကြီး သွားကြည့်လိုက်ပြန်တော့လဲ....(လောင်စာနဲ့ မီး တောက်နေတာပါဘဲဘုရား)။

လောင်စာနဲ့ မီး တောက်နေတာဘဲ.... (မှန်ပါ့) သဘောကျပလား(ကျပါပြီ)ဘယ်သူမှာသားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူ၊ ရချင်မှု၊ လိုချင်မှု၊ စိုးရိမ်မှုတွေဆိုတဲ့ ကိလေသာမီးက ဘယ့်နှယ်နေသလဲ.... (လောင်ပါတယ်ဘုရား)။

အင်း....ဘယ်သူ့ လောင်ပါလိမ့်မလဲ....(ခန္ဓာ လောင်ပါတယ်ဘုရား) ခန္ဓာလောင်စာကြီးကို လောင်တာ၊ သဘောကျပလား-(ကျပါပြီဘုရား)။

အဲ....ဒါဖြင့် ခန္ဓာလောင်စာကြီး လောင်နေတာကို သိမှသာလျှင် လောင်စာသိမ်း၍ မီးငြိမ်းတာ သဘောကျမှာပေါ့.... (မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေဘဲ စဉ်းစားကြည့်ပါတော့ ဒီဒုက္ခသစ္စာကြီးသန္တာပတ္ထော=ဆင်းရဲမီးငွေ့ ငြိုးငြိုးတောက်လောင် အမြဲလောင်ကျွမ်းနေတဲ့ အနက်သဘောသည် လည်းကောင်း ဆို

တာ မဟောသင့်ဘူးလား....(ဟောသင့်ပါတယ် ဘုရား) ကိလေသာမီး, ဒုက္ခမီးတွေနဲ့ ခန္ဓာကြီး လောင်နေတယ်ဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အဲဒီ ခန္ဓာကြီးဟာ အကောင်းဘယ်လိုရှာကြမတုံးလို့ ကိုဝတို့ မေးမေး ကိုပေါ်တို့ မေးမေး ဘယ့်နှယ်ဖြေကြမလဲ....(မတွေ့နိုင်ပါဘုရား)နဂိုက-ကိုက မပါဘူး....(မှန်ပါ)။

ဒီထင်းနဲ့ ဒီမီးဟာလဲ လောင်နေတာဘဲ....(မှန်ပါ) ရောက်ရာမှာ....(လောင်ပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီ) ဘာဖြစ်နေသလဲ....(ရောက်ရာမှာ လောင်နေပါတယ်ဘုရား)။

ဩော်....ဒီလို အရိယာမျက်လုံးကလေး တပ်ကြည့်လိုက်တော့ မောင်နိုင် ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဖြစ်တာလဲ ဖြစ်တာဘဲ၊ မီးလောင်ပြန် ပျောက်ပြန်တာဘဲ မောင်နိုင်ဒီ ခန္ဓာကြီး-ဟာလေ....(မှန်ပါ) ခန္ဓာပဋိစ္စသမုပ္ပါဒ်ဟာ ဒီဟာဘဲကိုဝရဲ့....(မှန်ပါ) ဖြစ်တာက လောင်စာပေါ်တာဘဲ၊ ပျက်တာက လောင်လို့ ပျောက်သွားပြန်တာဘဲ....(မှန်ပါ)။

ဘယ့်နှယ် ဆိုကြမယ်....(ဖြစ်တာက လောင်စာပေါ်တာပါဘုရား)။

ဖြစ်တာက လောင်စာပေါ်လာတာလေ....(မှန်ပါ)ပျက်တာက ဘာပါလိမ့်....(လောင်သွားတာပါ) လောင်လို့ အလောင်ခံပြီးသကာလ ပျောက်သွားပြန်တာဘဲ....(မှန်ပါ)။

နောက်တခါ လောင်စာပေါ်ပြန်ပြီ၊ နောက်တခါ ပျောက်ပြန်ပြီ သူ့မီးနဲ့ သူ လောင်လို့.... (မှန်ပါ)။

အဲဒီတော့ သံသရာထဲမှာ တပည့်တော်တို့ ဘာဖြစ်ခဲ့သတုံး- ညာဖြစ်ခဲ့သတုံးလို့ တကာ တကာမတွေက မေးခဲ့လို့ရှိယင်လဲကြ ပါလိမ့်မယ်နော်....(မှန်ပါ့) ဘာမှ မဖြစ်ဘူးတကာတကာမတို့.... မီးလောင်နေတဲ့အဖြစ်နဲ့ အချိန်ကုန်ခဲ့ရတာဘဲ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ဘာနဲ့ အချိန်ကုန်ခဲ့ရသလဲ....(မီးလောင်နေတဲ့အဖြစ်နဲ့အချိန် ကုန်ခဲ့ရပါတယ်ဘုရား)။

ဒါက အရိယာမျက်လုံးတပ်ပေးမှ သိတာကိုးဗျ....( မှန်ပါ့ ) အရိယာမျက်လုံးသာ တပ်မပေးဘူးဆိုယင်တော့-(မသိပါဘုရား) ဘယ်နည်းနဲ့မှ မသိဘူးဆိုတာ ပေါ်လာကြပလား....(ပေါ်လာ ပါပြီဘုရား)။

ဒါ့ကြောင့် ခုနင်ကပြောခဲ့တဲ့ ခုနစ်ချက်-ရှစ်ချက်ဟာ မောင် နိုင် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်က သေသေချာချာ သူရှင်းပါတယ်၊ ဩော်....အဖြစ်ရှိလို့ အပျက်ရှိတာဘဲလို့ မလာဘူးလား....(လာ ပါတယ်ဘုရား)။

ဖြစ်တာတွေကလောင်စာပေါ်တာ၊ပျက်တာတွေကလောင်လို့ ပြောင်တာ....(မှန်ပါ့)။

ဖြစ်တာသည် .... (လောင်စာပေါ်တာပါဘုရား) ပျက်တာ သည်....(လောင်လို့ပြောင်တာပါဘုရား)။

လောင်လို့ပြောင်တာဆိုတော့၊ ဩော် .... ဘယ့်အချိန်များ အားပါလိမ့်မတုံးမောင်နိုင်ရ.... (ဘယ်အချိန်မှမအားပါဘုရား)။

ဒီလိုသိတော့မှ ဩဘ်-သန္တာပတ္တော=ကိလေသာမီး, ဒုက္ခမီးတို့သည် ငြိုးငြိုးတောက်လောင် အမြဲအလောင်ခံနေရတဲ့ ခန္ဓာသဘောပါကလား....(မှန်ပါ့)မပေါ်လာသေးဘူးလား....(ပေါ်လာပါပြီ) ခန္ဓာ့သဘောလေ....(မှန်ပါ့)။

နောက်က တကာတကာမတွေ ခန္ဓာ့သဘောကကိလေသာမီးရယ်, ဒီ ဒုက္ခ, ဇာတိ, ဇရာ, မရဏ မီးတွေနဲ့ ရောပြီး လောင်နေတယ်၊ ဒီ ခန္ဓာကြီးမှာလေ....(မှန်ပါ့) ဒီ့ပြင် ဘာများ ရှိသေးသတုံး....(မရှိပါဘုရား)။

အဲဒါတွေ မြင်တော့မှ ကိုဝစိတ်ထဲမှာဖြစ်စေ,ကိုယ်စေ်ါ စိတ်ထဲမှာဖြစ်စေ, ဩဘ် လောင်စာသိမ်း၍ မီးငြိမ်းတာ ကြိုက်ပါတော့တယ်....(မှန်ပါ့) လာမလား....မလာဘူးလား....(လာမှာပါဘုရား)။

အဲဒါ ဒုက္ခသစ္စာသိလို့....(မှန်ပါ့)ဖြစ်ပျက် ဒုက္ခသစ္စာသိလို့ လောင်စာသိမ်း၍ မီးငြိမ်းတာ ကြိုက်ပါတော့တယ်ဆိုတော့နိဗ္ဗာန်ပေါ်လာတယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် လောင်စာနဲ့မီး တထိန်ထိန် တငြိုးငြိုး လောင်နေတာမှ ဖြစ်ပျက်ကို မမြင်ကြလို့ရှိယင် လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန်ကို မောင်နိုင် ဘယ်သူ သဘောကျမလဲ....( မကျနိုင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် ခက်တယ်ဆိုတာ ပေါ်ပလား....( ပေါ်ပါပြီဘုရား )။

ဒီ လောင်စာနဲ့မီး လောင်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ကိုဝ....မရှင်းသ၍ကာလပတ်လုံး ပုဏ္ဏားလို ဖြစ်နေမှာဘဲ....(မှန်ပါ့)။

လောင်တဲ့ ပုဂ္ဂိုလ် လောင်၊ ခုနင်က ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဥပါဒါန်ချုပ်ဆိုတာ မီးသိမ်းတာပေါ့ကွာ....(မှန်ပါ့)ဒီ ဥပါဒါန် ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံး....လို့ သူ မေးမှာဘဲ၊ မသွားဘဲ နေသလား....မမေးပေဘူးလား....(မေးပါတယ် ဘုရား) သွားချီ တလှည့်၊ မသွားချီ တလှည့်လား....(မေးမှာပါဘဲ) မသွားသည် မဟုတ် - သွားသည်လို့ ယူရမှာလား....(မေးမှာပါဘဲဘုရား)။

မေးနေမှာဘဲ သူ၊ ဘာကြောင့်တုံး၊ ဟောဒီ ပဋိစ္စသမုပ္ပါဒ် သူ သဘောမကျလို့၊ ကျသေးရဲ့လား....(မကျပါဘုရား)လောင် စာပေါ်လိုက်၊ လောင်လိုက်ကို သူ မြင်သေးရဲ့လား....(မမြင်ပါ ဘုရား)။

မမြင်တော့ ဒီဘက် နိဗ္ဗာန်ကို သူ ဘယ့်နှယ်လုပ်ပြီး သဘော ကျမလဲ....( မကျပါဘုရား ) ရှင်းပလား တကာ တကာမတို့.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ခန္ဓာဟာ လောင်စာ....(မှန်ပါ့)ကိလေသာမီးနဲ့ ဇာတိ၊ ဇရာ၊ မရဏာတွေက မီး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ဒါဖြင့် လောင်စာ နဲ့ မီး ကျုပ်တို့မှာ တသံသရာလုံးမှာ အမြဲ ခွဲမရခဲ့ဘူး....(မှန်ပါ့ ) ရခဲ့ကြသလား....(မရခဲ့ပါဘုရား)။

အဲဒါ အရိယာမျက်လုံး တပ်မကြည့်တဲ့ တကာ တကာမတွေ ကျတော့ အရတော်လေစ္စ....လူ့ဘဝ အရတော်လေစ္စ....၊သိတော့ သေသေချာချာ ကြည့်တော့ အရိယာမျက်လုံး မပါယင်တော့ အရတော်လေစ္စ....(မှန်ပါ့) အရိယာမျက်လုံးဆိုတဲ့ ဖြစ်ပျက် မျက် လုံးကို တပ်ကြည့်ပါတဲ့....ဘယ့်နှယ် ဖြစ်နေသာတုံး....(လောင်စာနဲ့ မီးပါဘဲဘုရား) တဟုန်းဟုန်း တောက်နေတယ်....(မှန်ပါ့)။

တောက်လိုက်-ပြောင်လိုက်၊ လောင်လိုက်-ပြောင်လိုက်၊ ဖြစ်ပေါ်လိုက်-ပြောင်လိုက်၊ ဒီလိုချည့် မနေဘူးလား....(နေပါတယ်ဘုရား)။

အဲဒီလို နေတာ မြင်တော့မှ တော်ပြီ၊တန်ပြီဆိုပြီး ငြီးငွေ့တဲ့ ဉာဏ်တွေ သူ့ကိုဖြင့် မလိုချင်တော့ပါဘူးဆိုတဲ့ မဂ်ဉာဏ်တွေ ပေါ်လာတာ....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာ ပဋိစ္စသမုပ္ပါဒ်ကြီးကို ပိုင်ပိုင်နိုင်နိုင် မသိတဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်ကို ဘယ်လိုဟောဟော သဘောမကျဘူး.... (မှန်ပါ့) ရိုးရာဖြင့် ကြိုက်ပါလိမ့်မယ်၊ သည်းခြေကြိုက်တော့ မဖြစ်နိုင်ဘူး....(မှန်ပါ့) ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ မြို့ထဲကို စုံစမ်းကြည့်ပါတဲ့၊မင်း နိဗ္ဗာန်ကြိုက်ပုံ ပြောစမ်းပါဦးကွ....၊ ဘယ်အပြစ်မြင်လို့ ကြိုက်တာတုံး-ဆိုတော့ မပြောတတ်ဘူး....( မှန်ပါ့ )ပြောတတ်ပါ့မလား.... (မပြောတတ်ပါဘုရား)။

မင့် ခန္ဓာကြီးဟာ ဘယ်အပြစ်မြင်နေလို့ မင်းက နိဗ္ဗာန်ကြိုက်တာတုံးလို့ မေးတဲ့အခါကျလို့ရှိယင် သူ ဘယ်အပြစ်မှ ဖေါ်နိုင်မှာ မဟုတ်ဘူး....(မှန်ပါ့)ဒါဖြင့် သူ့ ရမ်းကြိုက်၊ မှန်းကြိုက် ဖြစ်နေမှာ....(မှန်ပါ့)။

ဒီ အပြစ်တွေ မြင်လို့ ကျုပ် နိဗ္ဗာန်ကြိုက်ပါတယ်လို့ လက်ညှိုးထိုး ပြောနိုင်ပါ့မလား....(မပြောနိုင်ပါဘုရား)။

ဘာပြောနိုင်မတုံး၊ သူ့မှာ အရိယာမျက်လုံး ရှိသလား.... (မရှိပါဘုရား)မရှိတဲ့ ပုဂ္ဂိုလ်က ပြောတာ ကိုဝတ္တိက အတည်ပြုလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကံကောင်း အကြောင်းသင့်လေရဲ့ ဆိုတဲ့စကား သုံးသင့်-မသုံးသင့်....( သုံးသင့်ပါတယ်ဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဆုံးတော့ မဆုံးဘူး မောင်နိုင် တော်ကြဦးစို့....( မှန်ပါ့ )

သာဓု....သာဓု....သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**မသူတော်ဘေး မသင့်စေနဲ့**

# ညအလုပ်ပေးတရားတော်

ဘာတုံးဆိုလို့ရှိယင်ဖြင့် "အသဒ္ဓမ္မတောဝါ" ဒါကလေး မှတ်ထားလိုက်စမ်းပါနော်....(မှန်ပါ့)။

"အသဒ္ဓမ္မတောဝါ" ဆိုတာကလေး မှတ်ထားလိုက်စမ်းပါ။ ဘာတဲ့တုံး....(အသဒ္ဓမ္မတောဝါပါဘုရား)။

အသဒ္ဓမ္မတောဝါ = မသူတော်တရားဘေးမှလည်းကောင်း....(မှန်ပါ့)။

ဘာဘေးတဲ့တုံး....(မသူတော်တရားဘေးပါဘုရား)မသူတော်တရားဘေး၊ ဘုန်းကြီးက နက်ဖြန်ပြန်ရမှာ၊ ဒီတကာ တကာမတွေလဲ အတော်ကယ်တင်ထားတယ်၊ မသူတော်ဘေးတွေ သင့်နေရစ်မှာကို သိပ်စိုးရိမ်တယ်....(မှန်ပါ့)။

မသူတော်ဘေးတွေ သင့်မှာကို ဘုရား....အစိုးရိမ်ဆုံး, ဆရာဘုန်းကြီး အစိုးရိမ်ဆုံးဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ကြစမ်းပါ....(မှန်ပါ့)။

ဘေးတကာ့ ဘေးထဲမှာ တခြားသော ဘေးတွေက တဘဝ တခါပဲ နှိပ်စက်မှာ....(မှန်ပါ့)မသူတော်ဘေးဟာ သိပ်ကြောက်စရာကောင်းပါတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

တခြားသော ဥပမာမယ်....အသတ်ဖြတ်ခံရတဲ့ ဘေး တဘဝ တခါ ခံလိုက်ရတာပဲ ကိစ္စမရှိပါဘူး၊ အရိုက်အနှက် ခံလိုက်ရလဲ တဘဝ တခါခံလိုက်ရတာပဲ ဘာမှ ကြောက်စရာ မရှိပါဘူး.... (မှန်ပါ့)ဒီ မသူတော်ဘေးကတော့ဖြင့် တသံသရာလုံးမှာ အပါယ်ထဲက ခေါင်းမပြူနိုင်လောက်အောင်ပဲ ကြောက်စရာ ကောင်းပါတယ်....(မှန်ပါ့)။

အပါယ်ထဲက ခေါင်းမပြူနိုင်လောက်အောင်ပဲ ကြောက်စရာကောင်းတဲ့အတွက် ဘေးတကာ့ ဘေးမှာ ၂၅ - ပါးသော "ရာဇတောဝါ စောရတောဝါ"နဲ့ ဟောထားလိုက်တာ မောင်နိုင်တို့ ရပါလိမ့်မယ်နော်....(မှန်ပါ့)။

အဲဒီ ၂၅-ပါးသော ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးတုံး....(မသူတော်ဘေး ကြောက်စရာအကောင်းဆုံး ပါဘုရား)။

အေး....ပါဠိလိုသုံးတော့ "အသဒ္ဓမ္မတောဝါ"လို့ မှတ်လိုက်စမ်းပါနော်.... (မှန်ပါ့) မြန်မာလို ပြန်လိုက်တဲ့ အခါကျတော့ မသူတော်ဘေးတဲ့....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်ဘေး ကြောက်စရာ ကောင်းပါလိမ့်....(မသူတော်ဘေး ပါဘုရား) မသူတော်ဘေး အလွန်ကြောက်စရာကောင်းတယ်။

မသူတော်ဘေးဆိုတာက တခြားမဟုတ်ဘူး၊ တကာတကာမတွေသန္တာန် ဘုန်းကြီးက တကာ တကာမတွေ၏ ခန္ဓာကိုယ်ဟာ

အနိစ္စခန္ဓာကိုယ်နော်....၊ အနိစ္စနဲ့ မဂ္ဂနဲ့ဖြင့် တွဲရစ်ပါ၊ မမှာဘူးလား....(မှာပါတယ်ဘုရား)။

အဲဒါမေ့နေပြီ၊ တပည့်တော်ကို နှိုးဆော်မည့် ဆရာဘုန်းကြီးကလဲ ခပ်ဝေးဝေးဖြစ်နေတယ်ဘုရာ့၊ တပည့်တော်တို့ကလဲ နဝကမ္မကိစ္စတွေက အင်မတန်မှများသောကြောင့် မေ့နေတယ် ဘုရားလို့- တကာတကာမတွေက ဒီအတိုင်းဘဲမေ့ကြမယ် ဆိုလို့ရှိယင် အဲဒါ မသူတော်ဘေးသင့်တာ ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူတော်ကောင်းတရား မေ့တာ ဘာဘေး သင့် တာတုံး ....(မသူတော်ဘေးသင့်တာပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှင်း ရှင်းလင်းလင်းဘဲ မှာပါတယ်....တဲ့၊ ဆရာဘုန်းကြီးနှင့်တကွဘုရားသည် ဒီတကာ တကာမတွေအား ဘယ်ဘေးသင့်မှာ အစိုးရိမ်ဆုံးလဲ ဆိုတာ ပေါ်လာပါပြီ....( ပေါ်လာပါပြီဘုရား ) ဘယ်ဘေးပါလိမ့်....မသူတော်ဘေးပါဘုရား)။

တသံသရာလုံးမှာ ဘုန်းကြီးတို့ တကာ တကာမ တွေ သည် မေ့ဆိုတဲ့ အဝိဇ္ဇာ၊ မေ့ဆိုတာ အဝိဇ္ဇာချည့်ဘဲ မှတ်ပေတော့....(မှန်ပါ့)။

ဖြစ်ပျက်တွေ မေ့ပြီးသကာလနေတာ ဘာပါလိမ့် .... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာခေါင်းဆောင်နေတယ်သာ မှတ်လိုက်ပေတော့....(မှန်ပါ့)။

အဲဒီ့ အဝိဇ္ဇာတည်းဟူသော မသူတော်တရား၊သူကအကုသိုလ်တရားဆိုတော့ မသူတော်တရားပေါ့....(မှန်ပါ့)ဒုစရိုက်တရားဖြစ်လေသောကြောင့် မသူတော်တရားပေါ့....(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာ တကာမတွေ ဘေးတကာ့ဘေးထဲမှာ ဘယ်ဘေးကြောက်စရာ အကောင်းဆုံးလဲ.... (မသူတော်ဘေးကြောက်စရာ အကောင်းဆုံးပါဘုရား) ပါဠိလို သုံးလိုက်တော့.... (အသဒ္ဓမ္မတောဝါ-ပါဘုရား)။

အဲ-ဘုန်းကြီးက တကာတကာမတွေမှာတယ်၊ ဩော်....ညကျတော့ အန္တရာယ်ကင်းအောင်လို့ ပရိတ်တွေရွတ်ပြီးသကာလနေကြငြားသော်လဲ သူတို့က ရွတ်သာရွတ်နေတာ သူတို့မှာသင့်နေတဲ့ "အသဒ္ဓမ္မတောဝါ" လို့ သူတို့ရွတ်တော့ ရွတ်တာဘဲ၊ သူတို့သင့်နေတာ သူတို့မသိဘူး....(မှန်ပါ)။

သူတော်ကောင်းအလုပ်တွေ မေ့နေလို့ရှိယင် ဘာဘေးသင့်သတုံး....(မသူတော်ဘေးသင့်ပါတယ်ဘုရား) ပါဠိလိုတော့မှာ.... ( အသဒ္ဓမ္မတောဝါ ) ဒါကျတော့ လူတိုင်းဘဲ ရထားတယ်.... (မှန်ပါ)။

အားလုံးတကာတကာမတွေ အရေးကြီးတာ ပြောလိမ့်မယ်ဆိုတာ မှတ်ထားပါနော်....(မှန်ပါ)။

အဲဒီ မသူတော်ဘေးဆိုတာက ဒီကခန္ဓာငါးပါးရှိပါတယ်မောင်နိုင်ရာ၊ ခန္ဓာငါးပါးရှိလျက်နဲ့ ဒီခန္ဓာငါးပါးကြီးကလဲခဏခဏ"သဗ္ဗေသင်္ခါရာ အနိစ္စာ"အင်း....သင်္ခါရတရားပျက်တယ်ကွ၊ ပါဠိကမရှိဘူးလား....( ရှိပါတယ်ဘုရား ) "သဗ္ဗေသင်္ခါရာ ဒုက္ခာ" သင်္ခါရတရားဟာ ဒုက္ခလမ်းဆုံးတယ်ကွ၊မပြောဘူးလား (ပြောပါတယ်ဘုရား) "သဗ္ဗေဓမ္မာ အနတ္တာ"မင်းတို့ ခန္ဓာထဲမှာရှိတာဟူသမျှသည် ဘာကြည့်လိုက်- ကြည့်လိုက် အနတ္တကွာလို့ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီလိုပြောတာကို ကိုဝတ္တိလူစုတွေက ကိုစံလှတို့ လူစုတွေက မမြင်ပါဘူးဘုရား ဆိုလို့ ရှိယင် မသူတော်ဘေးသင့်လို့ သာမှတ်ပါ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

မမြင်ပါဘူးဆိုယင်....(မသူတော်ဘေးသင့်တာပါဘုရား)။

မသူတော်ဆိုတာ တခြားမဟုတ်ပါဘူး တကာတကာမတို့ အဝိဇ္ဇာဘေးသင့်တာပါဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မသူတော်ဘေးဆိုတာ ဘာဘေးပါလိမ့် .... (အဝိဇ္ဇာဘေးပါဘုရား)။

ဘြော်....ဒီဖြစ်ပျက် ခန္ဓာကိုယ်ကြီး"သဗ္ဗေ သင်္ခါရာ အနိစ္စာ, သဗ္ဗေ သင်္ခါရာ ဒုက္ခာ သဗ္ဗေ ဓမ္မာ အနတ္တာ" ရှိပါလျက်သားနဲ့ ဘယ်တော့မှ ဒီအနိစ္စက နိစ္စဖြစ်လာတယ်ရယ်လို့ မရှိဘူး(မှန်ပါ့) ဒုက္ခခန္ဓာက သုခဖြစ်လာတယ်ရယ်လို့ ထုံးစံရှိရဲ့လား .... (မရှိပါဘုရား) အနတ္တခန္ဓာကိုယ်ကြီးက အတ္တဆိုတဲ့ ခိုင်မြဲတာများ ဖြစ်ပါရဲ့လား.... ( မဖြစ်ပါဘုရား ) ရှိနေတာ ဧကန်ဘဲနော်.... (မှန်ပါ့)။

အဲဒါကို တပည့်တော်တို့ မေ့တယ်ဘုရား၊ဆရာဘုန်းကြီးကလဲ ဒီဖြစ်ပျက်တွေကို မေ့အောင်မနေရစ်ကြနဲ့၊ ဒါမေ့လို့ ရှိယင် ခင်ဗျားတို့မသူတော်ဘေးသင့်လိမ့်မယ်လို့ ပြောလိုက်တယ်(မှန်ပါ့ဘုရား)။

ဒါမေ့နေတဲ့ တကာတကာမတွေကျတော့ ဘာဘေးသင့်ပါလိမ့်....( မသူတော်ဘေးသင့်ပါတယ်ဘုရား ) မသူတော်ဘေးတရားကိုယ် စစ်စစ်ကိုကောက်လိုက်တော့ အဝိဇ္ဇာ....(မှန်ပါ့)ရှင်းကြပ လား....(ရှင်းပါပြီ)။

မသူတော်ဘေး တရားကိုယ်စစ်စစ်ကို ကောက်လိုက်တော့.... (အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာဆိုတာ ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒီအဝိဇ္ဇာရှိနေလို့ရှိယင်ဖြင့်"အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော"လို့ မလာဘူးလား....(လာပါတယ်ဘုရား)။

ဩော်....တကာ တကာမကို ဒီအဝိဇ္ဇာသာ ရှိလို့ရှိယင်အာသဝဆိုတဲ့ သုံးဆဲ့တဘုံထဲမှာ အိုဘေး, နာဘေးထဲမှာ ခင်ဗျားတို့ ခန္ဓာကြီးပေးရလိမ့်မယ်....(မှန်ပါ့)။

"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော" အတူတူဘဲနော်....(မှန်ပါ့)။

အဝိဇ္ဇာရှိယင် နောက်က ဘာလိုက်လာမလဲ....(အာသဝလိုက်လာပါမယ် ဘုရား)။

အာသဝလိုက်တော့ ဘုံဘဝမှာ မြုပ်တတ် မျောတတ်တဲ့ အာသဝလိုက်ပါလိမ့်မယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ ဘယ်ဘေးသင့်တဲ့ပုဂ္ဂိုလ်မှာ ဘုံဘဝမှာ မြုပ်-မျောအာသဝလာပါလိမ့်မလဲဆိုတာ စဉ်းစားစမ်း .... (မသူတော်ဘေး သင့်တဲ့ပုဂ္ဂိုလ်မှာပါဘုရား)။

ဒါဖြင့် ကိုဝ မစိုးရိမ်ထိုက်-စိုးရိမ်ထိုက်....(စိုးရိမ်ထိုက်ပါတယ်ဘုရား)။

ဘုန်းကြီးက မမေ့နဲ့၊ ဘုရားကမမေ့နဲ့၊ နှစ်ရက်တောင်ဟောနေတယ်....(မှန်ပါ့) သင်္ခါရတရားတွေ အနိစ္စတရားကွ၊ သင်္ခါရဟာ အနိစ္စလမ်းဆုံးတယ်ကွ၊ အဲဒါကြည့်နေကွ၊ မမေ့နဲ့လို့ပြော

လျက်သွားနဲ့ ဒါတွေမမြင်ဘူးဆိုလို့ရှိယင် မောင်နိုင်မေ့ပြီ....
(မှန်ပါ့)။

မေ့တာဟာ အဝိဇ္ဇာနော်....( မှန်ပါ့ ) အဝိဇ္ဇာသမုဒယာ....
(အာသဝသမုဒယော) အာသဝသမုဒယော မဖြစ်သေးဘူးလား
(ဖြစ်ပါတယ်ဘုရား)။

အဝိဇ္ဇာကြောင့်.... (အာသဝဖြစ်ပါတယ်ဘုရား) အာသဝဆို
တာ ဘုံဘဝကိုဆိုလိုတယ်၊အပါယ်လေးပါးတည်းဟူသော ဘုံဘဝ
ကို မြုပ်အောင် မျောအောင်ဆောင်တတ်တဲ့ တရားကိုဘာခေါ်
ကြမယ်....(အာသဝပါဘုရား)။

ဩော်....အဝိဇ္ဇာကြောင့် အာသဝဖြစ်လာတယ် .... (မှန်ပါ့)
မေ့တဲ့ပုဂ္ဂိုတ်ဟာ မြုပ်ခြင်း,မျောခြင်းမှာ လမ်းဆုံးလိမ့်မယ်....
(မှန်ပါ့)။

မေ့တဲ့ပုဂ္ဂိုလ်ဟာ .... (မြုပ်ခြင်း-မျောခြင်းမှာ လမ်းဆုံးပါ
တယ်ဘုရား) ဒါဘယ်ဘေးသင့်တဲ့ ပုဂ္ဂိုလ်ပါလိမ့် .... (မသူတော်
ဘေးသင့်တဲ့ပုဂ္ဂိုလ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဩော်....အထပ်
ထပ်မှာရှာတယ်၊ ဒို့ဆရာဘုန်းကြီးက ဘာတွေများ အရေးတကြီး
မှာရှာပါလိမ့်မတုံးဆိုတော့ ဒီ့ပြင် ဆန်ရှားတဲ့ ငတ်မွတ်ခေါင်း
ပါးတဲ့ဘေး မကြောက်ပါဘူး၊ တခါတဘဝတော် တဘဝတဲ့သေ
မှာဘဲ၊ ဟိုအိမ်မရှိလို့၊ ဒီအိမ်ကသနားလို့ပေး စားရပါသေး
တယ်....(မှန်ပါ့) ဒီဟာတွေက ကြောက်စရာမရှိပါဘူး မောင်
နိုင်ရ ...(မှန်ပါ့) သံသရာမှာ မြုပ်-မျောမှ သူကာ မသွားဘဲ....
(မှန်ပါ့)။

ဒီ မသူတော်ဘေးကတော့ဖြင့် "အဝိဇ္ဇာသမုဒယာ အာသဝ သမုဒယော"ဆိုတော့ သံသရာထဲမှာအိုဘေး,နာဘေး, သေဘေး တွေထဲမှာ မဆုံးနိုင်အောင်ဘဲ မြုပ်-မျောနေရမယ်ဆိုတာ မပေါ် လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘေးတကာ့ဘေးထဲမှာ နှစ်ဆဲ့ငါးပါးသော ဘေး ရှိတဲ့အနက်က ဘယ်ဘေးကြောက်စရာ ကောင်းတယ်ဆိုတာပေါ် ကြပလား....(ပေါ်ပါပြီ) ဘယ်သူပါလိမ့်.... (မသူတော်ဘေးပါ ဘုရား)။

မသူတော်ဘေးဆိုတော့ ပါဠိလိုတော့ မေ့ာင်နိုင်ဘာတဲ့.... (အသဒ္ဓမ္မတောဝါပါဘုရား)။

အသဒ္ဓမ္မတောဝါ= သူတော်မဟုတ် သူယုတ်မာဖြစ်တဲ့ဘေးမှ လည်းကောင်း၊ မသူတော်တရား ဘေးမှလည်းကောင်းဆိုတော့ မသူတော်တရား.... တရားကိုယ် ကောက်လိုက်တော့ အဝိဇ္ဇာ.... (မှန်ပါ့) အဝိဇ္ဇာလာလို့ရှိယင် အာသဝတွေက (လာပါတယ် ဘုရား)။

ဩော်....ကာမာသဝဆိုတဲ့ ကာမဘုံလည်တတ်တဲ့ အာသဝလဲ လာမယ်....(မှန်ပါ့) ဘဝါသဝဆိုတဲ့ အထက်ဘုံတွေလည်တတ်တဲ့ အထက်ဘုံမှာ အိုဘေး, နာဘေးဆီသွားတတ်တဲ့ အာသဝကော (လာပါတယ်ဘုရား)ဒိဋ္ဌာသဝ....တဲ့ အပါယ်ကျတတ်တဲ့ဒိဋ္ဌာသဝ ကော....(လာပါတယ် ဘုရား) အဝိဇ္ဇာသဝ....တဲ့ သစ္စာမသိတဲ့ သံသရာရှည်မည့် အဝိဇ္ဇာသဝကော....(လာပါတယ်ဘုရား)။

အဲ....တကာတကာမတို့ မေ့လိုက်တဲ့ အပြစ်ဟာ အာသဝေါ တရားလေးပါးပေါ်တယ်........(မှန်ပါ့)။

ဦးကြီးတို့ ဖေသေချာချာမှတ်စမ်းပါ.... (မှန်ပါ့) နောက်က တကာတကာမတွေ ဒီနေ့ အထူးတလည်ဘဲ မေတ္တာ ရှေ့ထား ပြီးသကာလ ဒီတကာတကာမတွေနဲ့ ဒီဆရာနဲ့ ဆိုတဲ့ဥစ္စာလဲ အ ကြောင်း မညီညွတ်လို့ ရှိယင် အနိစ္စခန္ဓာကိုယ်နဲ့ အနိစ္စခန္ဓာ ကိုယ်ချင်း မနေရတယ်ဆိုတာ ခဏခဏ ပြောတယ်.... (မှန်ပါ့) ဖေးနေကြရတာဘဲ၊ နည်းနည်းပညာရှိတဲ့ ပုဂ္ဂိုလ်က ပညာမဲ့တဲ့ ပုဂ္ဂိုလ်တွေကို ဖေးပြီးကယ်ဖို့ ယူဖို့ ဆောင်ဖို့ တင်ဖို့ဒီလိုလုပ်နေ တော့ အခုအချိန်ဟာ အလွန်အရေးကြီးတဲ့ အချိန်.... (ကြီးပါ တယ်ဘုရား) ဘာ့ကြောင့်တုံးဆိုလို့ ရှိယင် အနိစ္စ အနိစ္စချင်း ဖေး ရတော့ ဒီအစုံနဲ့လဲ နောက်တခါ ပြန်တွေ့ဘို့ မလွယ်ဘူး-(မှန်ပါ့) အရှိပုဂ္ဂိုလ်နဲ့လဲ နောက်တခါ ပြန်တွေ့ဘို့.... (မလွယ်ပါဘုရား)။

ဘာဖြစ်လို့တုံး.... ဟောတဲ့ပုဂ္ဂိုလ်ကလဲ အနိစ္စ၊ နာတဲ့ပုဂ္ဂိုလ် ကလဲ....(အနိစ္စပါဘုရား) အနိစ္စ- အနိစ္စချင်းဖေးရတော့ ခိုင်လိမ့် မယ်လို့ ယူလို့မရပါဘူး.... (မှန်ပါ့) ရပါ့မလား.... ( မရပါ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘယ်အချိန် အကောင်းဆုံးတုံး....အခုအချိန် အကောင်းဆုံး.... (မှန်ပါ့)။

အခုသိလို့ အခုကြိုးစားတဲ့ အချိန်သည် တကာတကာမတို့ (အကောင်းဆုံးပါဘုရား) နက်ဖြန် ဒီခန္ဓာကြီး ကိုယ်ကစိုးပိုင်နိုင် ကြပါ့မလား.... (မပိုင်နိုင်ပါဘုရား)။

အဲဒါကြောင့်ဘုန်းကြီးတို့ တကာတကာမတွေမှာ ဆရာဘုန်း ကြီးစိုးရိမ်တာ ဘယ်ဘေးစိုးရိမ်ပါလိမ့်.... (မသူတော်ဘေးပါ ဘုရား)။

မသူတော်တေးဆိုတာ ခန္ဓာကိုယ်ဖြစ်ပြီး ပျက်နေတဲ့ သင်္ခါရာ အနိစ္စ- သင်္ခါရာ ဒုက္ခ- သဗ္ဗေဓမ္မာ အနတ္တဆိုတာတွေကို ဖြစ်ပျက်ကိုချိုးလိုက်တော့ ဒီသုံးခုစလုံးဟာ ဖြစ်ပြီးပျက်တာဘဲတွေ့တယ်....(မှန်ပါ့) အဲဒါကို မရှုမိဘဲနေတဲ့ဘေးဟာဖြင့် ရှုလျက်သားနဲ့ မမြင်တဲ့ဘေးဟာဖြင့် ဒါ အဝိဇ္ဇာသဝဘဲဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီ) ရှင်းပြီနော်....(မှန်ပါ့)။

ဒါဖြင့်"အဝိဇ္ဇာ သမုဒယာ အာသဝသမုဒယော"လာလိမ့်မယ် (မှန်ပါ့) "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ကော.... (လာပါတယ်ဘုရား)။

လာမှာဖြစ်နေတော့ ဒီ ခန္ဓာကိုယ်ကြီးထဲမှာ အနိစ္စ, ဒုက္ခ, အနတ္တတွေရှိပါလျက်သားနဲ့ မမြင်ဘူးဘုရာ့.... မရှုမိဘူးဘုရာ့.... မရှုမိတာလဲ အဝိဇ္ဇာဘဲ၊ မမြင်တာလဲအဝိဇ္ဇာဘဲဆိုတော့ ဩော်.... ဒို့....တကာတကာမတွေ့ ဆရာသမားလဲ သွားရှာ သူတို့မှာမသူတော်ဘေးလဲ သင့်ရှာဆိုတဲ့ အဓိပ္ပါယ်တော့ အင်မတန်ရှက်စရာကောင်းပါတယ်....(မှန်ပါ့)။

ဆရာသမားလဲသွားရှာ.... (မသူတော်ဘေးလဲ သင့်ရှာ) မသူတော်ဘေးလဲ သင့်ပါရဲ့ ဆိုတာ တကာ တကာမတွေ့ သိတဲ့ မသူတော်က သူခိုးတို့ ဓါးပြတို့ ကိုယ့်မှန်းတီးတဲ့ပုဂ္ဂိုလ်တို့သာမသူတော်ထင်ကြတယ်....(မှန်ပါ့)။

အဲဒီ မသူတော်က ကြောက်စရာမရှိပါဘူး၊ ဆိုထားတာက မသူတော်တရားလို့မဆိုဘူးလား....(ဆိုပါတယ်ဘုရား)မသူတော်ပုဂ္ဂိုလ်လို့ ဆိုရဲ့လား....(မဆိုပါဘုရား)။

ဒါဖြင့် မသူတော်အသဒ္ဓမ္မဆိုတာ ဓမ္မဟောထားတာ(မှန်ပါ့) ကိုဝ....တို့ သိထားတာက ဟိုလူတွေက မသူတော်တွေကွဆိုပြီး

ပုဂ္ဂိုလ်သွားယူတယ်....(မှန်ပါ့) ပုဂ္ဂိုလ်သွားယူတော့ သူတပါးကို သာလျှင် တကာတကာမတွေက စိုးရိမ်တယ်....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

သင့်တယ်ဆိုတာက ကိုယ့်ဝမ်းထဲမှာ ရုပ်နာမ်ဓမ္မ ဖြစ်ပျက် ကို မသိတဲ့ မသူတော်တရား ဘေးသင့်တာ....(မှန်ပါ့) ဒါ-တည့် အောင်ယူပါနော်.... (မှန်ပါ့)။

တကာတကာမတွေ သိထားတာက မသူတော်ဘေးသင့်မှာ စိုးရိမ်တယ်၊ ဟိုလမ်းမသွားနဲ့၊ ဟိုအိမ်မလည်နဲ့၊ဟိုလမ်းမလျှောက် နဲ့၊ ဟိုအစာ မစားနဲ့၊ ဟိုအိမ်က မင်းကို မကောင်းစိတ်ကြံနေ တာ၊ အဲ....မသူတော်တွေနော်.... မင်း....ဒါကို စိုးရိမ်ပါ၊ ဒီလို သာ အမေမိဘများလဲ ဆုံးမလေ့ရှိပါတယ်....(မှန်ပါ့) တကယ့် မသူတော်ဘေး သူမသိပါဘူး....(မှန်ပါ့)။

အခုတော့ဖြင့် တကာ တကာမတွေဘဲ စဉ်းစားပါတော့ အသဒ္ဓမ္မ....ဆိုတဲ့ဉစ္စာက တကာ တကာမတွေ သူတော်ကောင်း တရားမဟုတ်တဲ့ မသူတော်တရား၊ မသူတော်တရား ဘေး....လို့ စာထဲမှာ ဒီလိုဆိုပါလျက်သားနဲ့ ခင်ဗျားတို့က ပုဂ္ဂိုလ်ရောက် နေတယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် စာက ပုဂ္ဂိုလ်ဆိုပါသလား.... ဝမ်းထဲမှာရှိတဲ့ မသူ တော်တရားကို ဆိုပါသလား.... (မသူတော် တရားကိုဆိုပါတယ် ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ အစကလဲ ပြောခဲ့တယ်၊ အခု လဲ နည်းနည်း....နည်းနည်းနဲ့ အရေးကြီးတာ ပြောလိမ့်မယ်ဆို တာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ယူထားတာကဖြင့် ဟိုဘက်က မသူတော် တယ်များသကွ.... ကိုဝ....သားသမီးတွေ ဆုံးမယင် ဒီအတိုင်းဘဲ.... (မှန်ပါ့) ငါလဲ ရှောင်သကွ.... ဟိုဘက်မှာ မသူတော်တွေက တယ်များသကွ.... မောင်နိုင်တို့ မသုံးဘူးလား.... ( သုံးပါတယ် ဘုရား)။

မသူတော် လူယုတ်မာတွေက တယ်များတယ်ဆိုတော့ အင်း-တကာတကာမတွေက မသူတော်တရားကို ပုဂ္ဂိုလ်သွားယူတာ ကိုး....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)။

သင့်နေတာက ကိုယ့်ဝမ်းထဲမှာ တရားသင့်နေတာ (မှန်ပါ့) ကိုယ့်ဝမ်းထဲမှာ ဖြစ်ပျက်ကိုရှုလျက်နဲ့ မသိတဲ့ အဝိဇ္ဇာဆိုတဲ့ တရားဟာ သူတော် တရားလား.... မသူတော် တရားလား.... (မသူတော်တရားပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) အဲဒီဘေးသင့်မှာ ကြောက်စရာကောင်းတယ်....(မှန်ပါ့)သဘော ပါကြပလား....(ပါပါပြီဘုရား)။

ကဲ....ဒါဖြင့် ဆရာဘုန်းကြီး အရေးကြီးတာ ပြောလိမ့်မယ် ဆိုတဲ့အတိုင်း ဒို့မှာ ကိုယ့်ဘေးသင့်နေတာ ကိုယ်မမြင်ဘူး၊မသင့် သေးတဲ့ဘေးကိုလဲ ကြောက်နေတယ်(မှန်ပါ့)။

ကိုဝ....ရေ ဘယ့်နှယ်တုံး....(ကိုယ့်ဘေး ကိုယ်မမြင်ပါဘုရား) မသင့်သေးတဲ့ဘေးတော့(ကြောက်နေပါတယ်ဘုရား) သင့်နေတဲ့ ဘေးတော့.... (မကြောက်ပါဘုရား)။

အံမာလေး တကာတကာမတွေ ဒီ့ထက်လွဲ.... ဒီ့ထက်ချော် တာများ ရှိသေးသလား....(မရှိပါဘုရား)။

အခု သားရေး.... သမီးရေး.... စီးပွားရေး တွေကြောင့် အခုခန္ဓာကိုယ် ဖြစ်ပျက်မေ့တယ်....(မှန်ပါ့) ကဲ.... ဘာဘေး

သင့်မတုံး.... (မသူတော်ဘေး သင့်ပါတယ်ဘုရား) ဦးကြံတို့.... သေသေချာချာမှတ်ပါ၊ မသူတော်ဘေး ဝေးဝေးကြီးမှတ်မနေကြပါနဲ့....(မှန်ပါ့) ဝမ်းထဲရောက်နေပြီဆိုတာ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ....(မှန်ပါ့)။

ဒါကအင်မတန်မှ ကရုဏာကြီး မေတ္တာကြီးနဲ့ မို့တရားကိုယ်ဖေါ်ပြောလို့ တကာ တကာမတွေ ရှင်းတာနော်....(မှန်ပါ့) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ပုဂ္ဂိုလ်ပေါ် ချည့် ရောက်လိမ့်မနော် (မှန်ပါ့) ပုဂ္ဂိုလ်အပေါ် ရောက်လို့ရှိယင် မောင်နိုင် ဆုံးဖြတ်ချက်ချ၊ ဩြော်....သူတပါးကိုသာ ဘေးထင်တော့တယ်၊ ပိမိအတွင်းဘေးကို သူမြင်သေးရဲ့လား....(မမြင်ပါဘုရား)။

မမြင်ကတည်းကိုက ဒီဘေးရှောင်ပါဦးမလား....(မရှောင်ပါဘုရား) မရှောင်ယင် ဘာဘေးသင့်နေသတုံး.... (မသူတော်ဘေး သင့်ပါတယ်ဘုရား)။

ဟော....သေသေချာချာ ဦးညိုပြောလာပြီ.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ ဘုန်းကြီးသည်....တဲ့ အင်မတန်မှ အမေမိဘ ဆွေမျိုး ဥာတကာတွေ ဘဝသံသရာမှာ မတော်ဘူးသူမည်သည် မရှိလို့ ဒီဥစ္စာ ကြားရဘို့လွယ်ကိုမလွယ်ဘူး....(မှန်ပါ့) လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ သိထားတဲ့မသူတော်ဘေးက ဒီဟာ့ကို မဟုတ်ပါဘူး.... (မှန်ပါ့) မသူတော်တွေက သိပ်များသကွာ.... ငါ့သား ငါ့သမီးတို့ သိပ်ပြီး မလည်ကြပါနဲ့.... မပတ်ကြပါနဲ့ ဟိုဘက်အိမ် ကြည့်လိုက်ပြန်လဲ မသူတော်တွေက သိပ်များ...,

ဒီဘက်အိမ် ကြည့်လိုက်ပြန်လဲ မကောင်းတဲ့လူတွေက၊ မကောင်းတဲ့လူနဲ့ မသူတော်နဲ့ အတူတူဘဲနေ၁....(မှန်ပါ)အမေမိဘများမှာ ဒါဘဲဆိုးမလေ့ရှိပါတယ်....(မှန်ပါ)။

ဒီကတည်းက ဒီ အမေမိဘမှာ ကိုယ့်ဝမ်းထဲမှာ မသူတော်ဘေးသင့်တာ သိသေးရဲ့လား.... (မသိပါဘုရား) သူများဆိုးမကတည်းက အလွဲဆိုးမနေတာ.... (မှန်ပါ)။

သူများဆိုးမကတည်းက အလွဲဆိုးမနေတော့ ကိုယ့်မှာသင့်နေတာ မသိလို့ဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကိုစံလှတို့ ကိုပေါ်တို့.... တသံသရာလုံး ကျုပ်တို့ပြင်ဘေးကိုသာမြင်၍ အတွင်းဘေးကို မမြင်သောကြောင့်သံသရာရှည်ခဲ့ရတယ်....(မှန်ပါ) ဒီဘေးတွေကချည့် နှိပ်စက်ချလိုက်တာ... (မှန်ပါ) တကာကြီးလှိုင် သေသေချာချာမှတ်စမ်းပါ.... (မှန်ပါ)။

အားလုံးတကာတကာမတွေ ဒီဥစ္စာသေးသိမ်တဲ့ စကားလားအလွန်မွန်မြတ်ပြီး ကြီးကျယ်ခမ်းနားတဲ့ တရားလား ဆိုတာစဉ်းစားကြည့်ပါ.... ( အလွန်မွန်မြတ်ပြီး ကြီးကျယ်ခမ်းနားတဲ့တရားပါဘုရား)။

သာမညတွေးလို့ မရဘူး.... (မှန်ပါ) သာမည တွေးတော့နောက်ဝဋ္ဋထုတ်လာလိမ့်မယ်.... မောင်နိုင်... (မှန်ပါ)။

မသူတော်ဘေး သင့်ခြင်းကြောင့်အပြစ်သင့်တာတွေ လာပါလိမ့်မယ် တကာတကာမတို့ ရှေ့ပိုင်းမှာ ရှင်းအောင်ပြောနေသေးလို့.... သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မိမိခန္ဓာကြီးဟာ သဗ္ဗေ သင်္ခါရာ အနိစ္စာ....မဆိုဘူးလား.... (ဆိုပါတယ်ဘုရား) မိမိခန္ဓာကိုပင်လျှင် ဘုရားက သဗ္ဗေ သင်္ခါရာဒုက္ခာ.... မဟောဘူးလား.... ( ဟောပါတယ်ဘုရား) ခန္ဓာငါးပါးကို အလုံးစုံ သင်္ခါရဒုက္ခလို့မဆိုဘူးလား....(ဆိုပါတယ်ဘုရား) ဖြစ်လိုက် ပျက်လိုက်ဘဲမဆိုဘူးလား (ဆိုပါတယ်ဘုရား) သဗ္ဗေ ဓမ္မာ အနတ္တာ....လို့ဘဲ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒါ ရှိလျက်သားနဲ့ မကြည့်မိ၊ မကြည့်မိတော့ မောင်နိုင်မမြင်တာသည် ဘာဖြစ်တာတုံး.... (မသူတော်ဘေး သင့်တာပါဘုရား)။

မသူတော်ဘေးသင့်တာ၊ အဝိဇ္ဇာဟာ သူတော်လား.... မသူတော်လား မောင်နိုင်.... ကိုယ်တိုင်စဉ်းစားကြည့်စမ်း.... (မသူတော်ပါဘုရား)။

ကဲ....ဦးပြန့်တို့.... (မသူတော်ပါ ဘုရား) မသူတော်ဆိုတာ သေချာပလား....(သေချာပါပြီ)။

အသဒ္ဓမ္မဆိုတာ သူတော်မဟုတ်- သူယုတ်မာ၊ ဓမ္မက....တရား သူယုတ်မာတရားလို့ဆိုထားတယ်၊ ပုဂ္ဂိုလ်မပါဘူး( မှန်ပါ့ ) ပါသေးရဲ့လား.... (မပါပါဘုရား)။

ဘယ့်နှယ်ဆိုတာ ဒီဘက်က တကာ တကာမတွေ စဉ်းစားလိုက်စမ်း....(သူယုတ်မာတရားပါ) ယုတ်မာတဲ့ တရားကိုဆိုထားတာ....(မှန်ပါ့) ပုဂ္ဂိုလ်ကို ဆိုတာလား.... (မဟုတ်ပါဘုရား)။

ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ တကာတကာမတို့ ယုတ်မာတယ် လိမ်မာတယ်လို့ မရှိဘူး.... တရားကသာ ယုတ်မာတဲ့တရား လိမ်

မာတဲ့တရား ရှိပါတယ်.... (မှန်ပါ့) ပုဂ္ဂိုလ်နဲ့ ဘာဆိုင်သတုံး.... (မဆိုင်ပါဘုရား)။

အဲဒါ အားလုံးဟာရား တပုံလုံး ဘုန်းကြီးနဲ့သာ တကာတကာ မတွေ့ မရင်းနှီးကြဘူး၊ ဒီလိုလဲတရားကို မနာဘူးဆိုလို့ ရှိယင်ဖြင့် သွားပြီ....(မှန်ပါ့)သွားပြီ....သွားပြီ....(မှန်ပါ့) ပုဂ္ဂိုလ်ပေါ် ချည့် အကုန်ရောက်မယ်....(မှန်ပါ့) မရောက်ဘူးလား.... ရောက်မလား (ရောက်ပါတယ်ဘုရား)။

ဒီတပုံလုံးကို ခြုံပြီး ပြောပါတယ် တကာ တကာမတို့.... အကုန်ရောက်မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား) အကုန်မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ယနေ့ မူပြောင်းလိုက်ပါ....(မှန်ပါ့) အသဒ္ဓမ္မဆိုတာ သူတော်မဟုတ်.... ယုတ်မာတာ၊ ရှင်းပလား....(ရှင်းပါပြီ)ဓမ္မက တရား၊ ယုတ်မာတဲ့တရား....(မှန်ပါ့) မသူတော်တရား....(မှန်ပါ့) ဒီ ဘေးသင့်မှာစိုးရိမ်....(မှန်ပါ့) ဟိုပုဂ္ဂိုလ် ဘေးသင့်မှာ ပြော ရဲ့လား....(မပြောပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ယူပုံနဲ့ ဘုရား၏ ဟောပုံနဲ့ဖြင့် ကိုဝ.... တခြားစီ....(မှန်ပါ့) တခြားစီ....(မှန်ပါ့)။

ယနေ့ တည့်ကြပလားတဲ့.... ( တည့်ကြပါပြီ ) တည့်ကြပါ တော့၊ တည့်ကြပါတော့၊ဒါ တည့်လိုက်လို့ရှိယင် အဝိဇ္ဇာချုပ် မယ်... (မှန်ပါ့) အဝိဇ္ဇာချုပ်လို့ရှိယင် နိဗ္ဗာန်ရောက်တော့မယ် ဆိုတာ မောင်နိုင်မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဂကာတကာမတို့ ဘေးတကာ့ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးလဲ.... (မသူတော်ဘေး ကြောက်စ

ရာ ကောင်းပါတယ်ဘုရား) မသူတော်ဘေး ကြောက်စရာ အကောင်းဆုံး။

မသူတော်ဘေး ဆိုတာ ဘယ်အချိန်များ သင့်မှာပါလိမ့် မတုံးဆိုလို့ ရှိယင် ဒါနလုပ်နေတုန်းကို ဒါလောက် မသင့်ဘူးထား ပါတော့၊ သီလဆောက်တည်နေတုန်း မသင့်ဘူး၊ သမထအား ထုတ်နေလဲ မသင့်ဘူး၊ဝိပဿနာအလုပ်-လုပ်နေယင်.... (မသင့်ပါ ဘုရား) မသင့်ဘူးတဲ့။

ဒါန အားထုတ်တဲ့ အခါကျတော့ တခါတလေ သင့်ချင် သင့်တတ်တယ်.. (မှန်ပါ့) ဘာ့ကြောင့်တုံး ဆိုတော့ ဒီ....ဒါန ကြောင့် လူ့ပြည်၊ နတ်ပြည် ရ-ရပါလို၏ဆိုတော့ ကာမဘဝဘေး လာသင့်တယ်....(မှန်ပါ့) ကာမဘုံလိုချင်တာကိုး (မှန်ပါ့)ဘုံဘဝ တောင့်တဘဲ့ ဘဝါသဝကော.... (မှန်ပါ့) မလာဘူးလား(လာ ပါတယ်ဘုရား)။

အဲဒါတွေကတော့ သင့်တော့သင့်တာဘဲတဲ့၊ သင့်ပင်သင့်ငြား သော်လဲ ဒီဥစ္စာ အကောင်းချည်း မဟုတ်ဘူး၊ အကောင်းထဲက မှရွေးထုတ်လိုက်လို့ ရှိယင် အလတ်စားကောင်းကလေးလို့ ဆိုလို့ ရသေးတယ်....(မှန်ပါ့)။

လုံးလုံးမေ့နေတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် တကာ တကာမတို့ ဒါနလဲမေ့ ၊သီလလဲမေ့၊ သမထလဲမေ့၊ ဖြစ်ပျက် ဝိပဿနာ ကိုလဲ မေ့မယ်ဆိုလို့ရှိယင်ဖြင့်....တဲ့ တကာတကာမတို့အဝိဇ္ဇာက မေ့တတ်တဲ့တရား....(မှန်ပါ့) ဘာဘေးသင့်သတုံး....(မသူတော် ဘေး သင့်ပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊တရားတလုံးတည်းဖောနေသေးတယ် တကာတကာမတို့ တရားမများသေးပါဘူး (မများပါဘုရား)။

ဒီ မသူတော်ဘေးဟာက သူများကြောင့် သင့်တာလား.... ကိုယ့်ခန္ဓာ ဉာဏ်မလှည့်လို့ သင့်တာလား....(ကိုယ့်ခန္ဓာ ဉာဏ်မှ လှည့်လိုသင့်တာပါဘုရား)။

ကိုပေါ်.... မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ဦးပြန့်တို့ ကဲ .. ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဩော်.... တသံသရာလုံး ဒို့ ဘယ်ဘေး အကြီးဆုံး သင့်လာ လို့ ဒီ အဝိဇ္ဇာ မ ချုပ်ပါလိမ့်မလဲလို့ ဆိုတာ လက်သည် ရှာလိုက်တော့ ဒီနေ့မိလာတယ်.... (မှန်ပါ) ဩော်... မသူတော် ဘေးသင့်များနေတာကိုး....(မှန်ပါ)။

တကာတကာမတို့ ... (မသူတော်ဘေးသင့် များနေတာပါ ဘုရား) ဘုရားအဆူဆူနဲ့ လွဲခဲ့တာ ....(မသူတော်ဘေးသင့်ခဲ့တာ ပါဘုရား) နိဗ္ဗာန်အနား ရှိလျက်သားနဲ့ မရောက်တာ.... (မသူ တော်ဘေးသင့် တာပါဘုရား) အပါယ်လေးပါး ရောက်သွားရ တာ(မသူတော်ဘေး သင့်တာပါဘုရား) ရှင်းကြပလား.... (ရှင်း ပါပြီဘုရား)။

ရှင်းပြီ .... ရှင်းပြီ .... တကာ တကာမတို့ .... အင်မတန် အရေး ကြီးပါတယ်....၊ ယနေ့.... တရားမှာ ဆရာ သမားက အိတ်သွန်ဖါမှောက် လိုရင်းဟူသ၍ ပေးတော့မယ်ဆိုပြီးသကာလ ပေးနေတော့ ဇမောင်နိုင်ရေ-ဘေးတကာ့ဘေးထဲမှာဖြင့် သူအကြီး ဆုံးပါဘဲ....(မှန်ပါ)။

ဘုရား အဆူဆူနဲ့ လွဲခဲ့တာလဲ .... ( မသူတော်ဘေးပါဘုရား) မသူတော်ဘေးဘဲ၊ သဘောကျပလား....(ကျပါပြီ) နိဗ္ဗာန်အနီးကလေးနဲ့ မတွေ့တာလဲ.... (မသူတော်ဘေးပါဘုရား) မသူတော်ဘေးဘဲ။

နက်ရှာသုဂတိကနေပြီး အပါယ်များ ခုန်ချလိုက်တာများ...,(မသူတော်ဘေးသင့်တာပါဘုရား) မသူတော်ဘေးသင့်တာ၊ သဘောကျပလား....(ကျပါပြီ)။

ဗြဟ္မာပြည်ကနေပြီး အပါယ်လေးပါးများ ရောက်သွားလိုက်တာကော....(မသူတော်ဘေးသင့်တာပါဘုရား)။

ဒါဖြင့်- ဘေးတကာ့ဘေးမှာဖြင့် အကြီးဆုံးဘေး ယနေ့တွေ့ပါပြီ....(တွေ့ပါပြီ) ဘာပါလိမ့် .... (မသူတော်ဘေးသင့်တာပါဘုရား)။

သေသေချာချာ မှတ်ကြစမ်းပါ တကာတကာမတို့ တကယ့်စေတနာ- တကယ့်ကရုဏာ- တကယ့်မေတ္တာ သေးသေးမဟုတ်ဘူး၊ ကြီးကြီးနဲ့ဘဲ တကာ တကာမတွေကို ပေးနေတယ်ဆိုသဖြင့် ဩော်....ဟုတ်ပါပေတယ်ဆိုတာ ကိုဝ-ပေါ်ပါပြီ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘေးတကာ့ဘေး ဘယ်ဘေးကြောက်စရာအကောင်းဆုံးတုံး (မသူတော်ဘေးကြောက်စရာ အကောင်းဆုံးပါဘုရား)။

မသူတော်ဘေးဆိုတာ ဘာတုံးမေးတော့ ခန္ဓာကိုယ်ဖြစ်ပျက်ရှိလျက်နဲ့ ဖြစ်ပျက်မသိတဲ့ဘေး....(မှန်ပါ့)။

ဖြစ်ပျက်ရှိလျက်နဲ့....(ဖြစ်ပျက်မသိတဲ့ဘေးပါဘုရား)။

ကိုင်း....ကျုပ်တို့ ထမင်းစားနေတဲ့အခါမှာလဲ နှလုံးမသွင်းဖြစ်ဘူးဆိုယင် ဘေးသင့်နေတယ်....(မှန်ပါ့)ရေချိုးနေတဲ့ အခါမှာလဲ ခန္ဓာကိုယ်ကြီးမှာ အအေး-အပူတွေ ပြောင်းနေပါကလား ဆိုတာ နှလုံးမသွင်းမိယင်....(မသူတော်သေးသင့်ပါတယ်ဘုရား)။

ခင်ဗျားတို့ဟာက တကာ တကာမတို့- နေရာတိုင်းဘေးသင့်နေပြီ...(မှန်ပါ့) မောင်နိုင်သဘောပါရဲ့လား....(ပါပါပြီ)။

နေရာတိုင်း,နေ့တိုင်း,နေ့တိုင်း ဘာဖြစ်နေကြသတုံး.... (ဘေးသင့်နေပါတယ်ဘုရား)။

သြော်....ဒါကြောင့် ဒို့သည်ကားလို့ဆိုယင်ဖြင့် အန္တရာယ်ကင်းလို့ ဘေးရှင်းပါရစေဘုရား....လို့ ဆိုငြားသော်လဲ သင့်နေတဲ့ ဘေးကို ကိုယ်ကမှထုတ်မပစ်တတ်လို့ရှိယင်ဖြင့် ဆုတောင်းပြည့်နိုင်စရာမမြင်ပါဘူး....(မှန်ပါ့)မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

သင့်နေတဲ့ဘေးမှ စူးနေတဲ့ဆူးမှနုတ်မပစ်လို့ရှိယင်ဖြင့် ဒီအနာပျောက်ပါလိမ့်မယ်လို့ ဆိုရမှာ အတော်ခဲယဉ်းတယ် .... (ခဲယဉ်းပါတယ်ဘုရား)။

ဆူးကစူးနေတယ်....(မှန်ပါ့)အဲဒါတော့သူက ဘေးမထင်ဘူးနောက်ဟိုက ဆူးတွေမစူးပါရစေနဲ့၊ဟိုပုဂ္ဂိုလ်တွေ ဘေးမသင့်ပါရစေနဲ့ ဆိုတော့ ကိုယ့်စူးနေတဲ့ မသူတော်ဘေးတော့ မနုတ်ပစ်ဘူး....(မှန်ပါ့) ဟိုဟာတွေ မစူးပရစေနဲ့ဆိုတော့ အန္တရာယ်ကင်းလို့ ဘေးရှင်းပါ့မလား၊ စူးပြီးသားကဘဲ ပြန်ပြီးသကာလ ပိုမိုနှိပ်စက်နေမလားဆိုတာ ခင်ဗျားတို့ တွေးကြည့်ပါ .... (စူးပြီးသားက ပိုမိုနှိပ်စက်နေပါတယ်ဘုရား) သဘောပါပလား .... (ပါပါပြီဘုရား)။

ဆူးတွေကစူးနေတာ သူ့မှာ-မသူတော်ဘေးကလေ .... (မှန်ပါ့) မသူတော်ဘေးစူးနေတာတော့သူကမသိဘူး၊ ဒို့အိမ်သားနဲ့တကွဒို့သားသမီးတွေ ဒို့ခန္ဓာကအစ လူဆိုးသူဆိုး လူမိုက်သူမိုက်တွေနဲ့ဖြင့် ဘယ်အခါမှမပေါင်းပါရစေနဲ့....တဲ့၊အေး....အဲဒါက မပေါင်းရဘူး စိတ်သာချ၊ ဒီထက်မိုက်တာနဲ့ ပေါင်းနေပြီ .... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ .... (ဒီ့ထက် မိုက်တာနဲ့ ပေါင်းနေပြီ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

တော်တော် အရေးကြီးတဲ့ တရားဆိုတာကော ကိုစံလှ နဂိုရှိတဲ့အတိုင်း အခုသဘောပါပလား....(ပါပါပြီ) ခင်ဗျားတို့မသိတဲ့ ဘေးသင့်တယ်....(မှန်ပါ့) ပြီးတော့ ခင်ဗျားတို့က အပြင်ဘေးတွေကိုတော့ဖြင့် ပရိတ်နဲ့ တားရတော့မလိုလို .... ဘုန်းကြီးတွေပင့်ပြီး ကမ္မဝါနဲ့ တားရတော့မလိုလို- ဒီလိုမထင်ကြဘူးလား (ထင်ကြပါတယ်ဘုရား)။

သင့်နေတာကတော့ ကိုယ်က- သူတော်ကောင်းဖြစ်တဲ့ သဗ္ဗေသင်္ခါရာအနိစ္စ မေ့နေတယ်၊ သဗ္ဗေ သင်္ခါရာ ဒုက္ခ မေ့နေတယ်၊ သဗ္ဗေ ဓမ္မာ အနတ္တာတွေ ရှိလျက်သားနဲ့မေ့နေတယ်.... (မှန်ပါ့) မေ့နေတော့ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) မမြင်တော့ မမြင်တာ ဘာခေါ်ကြမယ်....( အဝိဇ္ဇာပါဘုရား ) အဝိဇ္ဇာကို ရာဇတောဝါ-ထဲ သွင်းလိုက်တော့ ဘာတဲ့....(အသဒ္ဓမ္မတောဝါပါဘုရား)။

အသဒ္ဓမ္မတောဝါ၊ ဟော....ခန္ဓာကိုယ်ထဲမှာ စူးနေပြီ....(မှန်ပါ့) မစူးသေးဘူးလား....(စူးပါပြီ)။

အဲဒါကြောင့် တကာတကာမတွေ ဘေးတကာ့ဘေးထဲ ဘယ်ဘေး ကြောက်စရာအကောင်းဆုံးလဲ.... ( မသူတော်ဘေး ကြောက်စရာအကောင်းဆုံးပါဘုရား)။

မသူတော်ဘေးဆိုတာ ဖြစ်ပျက်မမြင်တဲ့ဘေး....(မှန်ပါ့) တိုတို ပြောတော့ မောင်နိုင် ဒါရှင်းလိုက်တာ....(မှန်ပါ့)။

မသူတော်ဘေးဆိုတာ ဘာပါလိမ့်...(ဖြစ်ပျက်မမြင်တဲ့ ဘေး ပါဘုရား)။

ဖြစ်ပျက် မမြင်တဲ့ဘေးဆိုတော့ ဩော်....ဒို့သည်ကားလို့ ဆို ယင် အန္တရာယ်ကင်းချင်လို့, ဘေးရှင်းချင်လို့ ရေသက်စေ့ ပန်းသက်စေ့တွေဖြင့် မောင်နိုင် လှူနေတာဘဲ.... (မှန်ပါ့)သင့်နေ တဲ့ဘေး သူမသိဘူး....( မသိပါဘုရား ) အဲဒီဘေး နှုတ်လိုက်ရ လို့ရှိယင် ကိုဝ- ဘယ့်နှယ်ဆိုပါ့မလဲ .... (ကောင်းသွားပါတယ်) အန္တရာယ်ကင်းမသွားပေဘူးလား....(ကင်းသွားပါတယ်ဘုရား)။

ကိုယ့်မှာမှ ဒီအညွှန့်မှမရှိတော့ဘဲ၊ ဟိုဘေးက ယင်တွေအုံ စရာ လိုသေးသလား....(မလိုပါဘုရား)။

အခုတော့ အညွှန့်တော့ ထုတ်မပစ်ဘူး၊ ယင်အုံမှာတော့ ကြောက်နေတယ်....(မှန်ပါ့) စည်းကမ်းကျ- မကျစဉ်းစားစမ်း.... (မကျပါဘုရား)။

မကျဘူးနော်....(မှန်ပါ့) မသူတော်ဘေးက ကိုယ့်မှာသင့်နေ တယ်၊ မသူတော်ရှိလို့ မသူတော်တရားတွေလာတယ်.... (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီလာတာကိုတော့ ကိုယ့်အညာ ကိုတော့ဖြင့်တကာတကာမတွေက ရေဆေးမပစ်ဘဲနဲ့ ဖြစ်ပျက်သိတဲ့ ဉာဏ်တည်းဟူသော မဂ်ရေစင်နဲ့ ဘေးကဟာတွေ စိုးရိမ်ပါတယ် ဆိုလို့ရှိယင်ဖြင့် အညာ ရှိလို့ယင်အုံတာ ဘယ်သူမှမတတ်နိုင်ဘူး....(မှန်ပါ့)တတ်နိုင်သေးရဲ့လား....(မတတ်နိုင်ပါဘုရား)။

တရားစစ်ကိုပြောတော့ ဒီအတိုင်းအမှန် ပြောရပါတယ်....(မှန်ပါ့) အားလုံးသဘောပါကြရဲ့လား .. (ပါပါတယ်ဘုရား)။

ဒါဟာ နေ့တိုင်းတရားထက်ထူးထူးဆန်းဆန်းတရားဘဲ၊ ဩဝါဒ်ငါတို့ အသက်တွေလဲ ကြီးကုန်ကြပြီ၊ ကိုယ်သင့်နေတဲ့ ဘေးကိုယ်မသိတာလောက် လောကကြီးမှာ ကိုယ့်ပေါက်နေတဲ့ မှည့်ကိုတောင် ကိုယ်တခါမှ မှန်မကြည့်ဘူးတော့ ကိုယ့်မှည့်မရှိဘူးလို့ ထင်ပြီးသကာလ နေတဲ့ဥစ္စာလောက် အမြင်ဆိုးဝါးတာ အမြင်ကန်းတာဖြင့် မောင်နိုင် ရှိကိုမရှိဘူး....(မှန်ပါ့)ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့ဘာပဲဟောသတုံးလို့ မေးလို့ရှိယင်ဖြင့် တကာ တကာမတွေ ဘုန်းကြီးကပြန်တော့မှာမို့ ဘာစိုးရိမ်သတုံး.... (မသူတော်ဘေးသင့်မှာ စိုးရိမ်ပါတယ်ဘုရား)။

သို့သော်လဲ ပြောသာပြောနေရပါတယ်၊ နဂိုက ဆိုယင်ဖြင့် သင့်နေလို့ သင့်မှန်းသိတဲ့လူတွေ မဟုတ်ပါဘူး....(မှန်ပါ့)ဆိုထိုက်၊ မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

သင့်နေတော့ နေတာဘဲ ကိုစံလှရ....(မှန်ပါ့) သင့်မှန်းက.... (မသိပါဘုရား)။

မသိတော့ ကြော်....ကိုယ့်မှာ ဘေးသင့်နေတာ မသိတော့ အပြင်ဘေးသာ ကြောက်၍ အတွင်းဘေးကို.... (မကြောက်ပါ ဘုရား)။

ဒါဖြင့် အပြင်ဘေးသာကြောက်၍ အတွင်းဘေးကိုမကြောက် ဘူးဆိုလို့ရှိယင်ဖြင့် အိမ်ထဲ ရောက်နေတဲ့ ဓါးပြနဲ့ အိမ်ပြင်က ဓါးပြ ဘယ်ဟာ ကြောက်စရာကောင်းသလဲ....(အိမ်ထဲရောက်နေ တဲ့ ဓါးပြ ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲ....ဒီလို ကြောက်စရာကောင်းတာကို ခင်ဗျားတို့ မသိလိုက် ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)အတော်မဆိုးဘူးလား-- (ဆိုးပါတယ်ဘုရား)။

ဦးပြန့်တို့ သတိထားပါ၊ သတိထားကြပါ၊ တကာ တကာမ တို့ တသံသရာလုံး ဘုရားအဆူဆူနဲ့ သစ္စာပွဲကြီးတွေ ဘုရားတွေ ပွင့်သွားလိုက်တာ ဘယ်ဘုရားမှ သစ္စာမဟောတဲ့ ဘုရားရယ်လို့ မရှိဘဲနဲ့ သစ္စာပွဲကြီးတွေဟာ တခါတည်း ဘုရားတည်းဟူသော အသံတော်ကြီးနဲ့ စည်ကြီးတီးပြီးသကာလ အမျိုးမျိုး ချွတ်သွား လို့ သစ္စာပွဲနဲ့ပြီးသကာလ နိဗ္ဗာန်ဝင်သွားကြတဲ့ ပုဂ္ဂိုလ်တွေထဲ ကျုပ်တို့ မပါတာ ဘေးသင့်နေလို့....(မှန်ပါ့)သဘောပါပလား (ပါပါပြီဘုရား)။

ကျုပ်တို့ မပါတာ....(ဘေးသင့်နေလို့ပါ)ဘာဘေးပါလိမ့်.... (မသူတော်ဘေး သင့်နေပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

မသူတော်ဘေးဆိုတာ ဘာပါလိမ့်၊ ဖြစ်ပျက်ရှိလျက်နဲ့ ဖြစ်ပျက် မသိတဲ့ဘေး....( မှန်ပါ့ )သဘောပါကြလား....(ပါပါပြီ ဘုရား)။

ဖြစ်ပျက်ရှိလျက်နဲ့....(ဖြစ်ပျက်မသိတဲ့ ဘေးပါဘုရား)။

ဖြစ်ပျက်မသိတဲ့ ဘေးဆိုတော့ မသိတာက အဝိဇ္ဇာ-ဟုတ်လား (မှန်ပါ့)မောဟဆိုယင်ကော....(မလွဲပါဘုရား)မောဟနဲ့ အဝိဇ္ဇာ အတူတူဘဲ....(မှန်ပါ့)။

ဩော်....သစ္စာပွဲကြီးတွေ တရားစည်ကြီး တီးလိုက်တာ လူ့ပြည်မှာ ဘုရားပွင့်ပြီး လူ့ပြည်က-နေ ဟောလိုက်တာ ဗြဟ္မာပြည်တောင် ကြားတယ်....(မှန်ပါ့)ကျုပ်တို့ မသူတော်ဘေး သင့်နေလို့ ကိုဝ....မကြားလိုက်ဘူး....(မှန်ပါ့) ကိုစံလှ သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီတခါမှ လွဲယင်ဖြင့် သွားကြပေတော့....(မှန်ပါ့) သွားကြပေတော့ ဘယ့်နှယ်နည်းနဲ့မှ တကာကြီးတို့ မတက်နိုင်တော့ဘူး၊ တက်နိုင်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲဒါကြောင့် အဘိုးတန်အောင် ပြောလို့ တန်နေတာလားလို့ ဘုန်းကြီးက စကားကလဲ တတ်တယ်၊တရားကလဲ တတ်တယ် ဒါ့ကြောင့် သူ့စကား- သူ့တရားဟာ ပုဂ္ဂိုလ် တန်နေတာဘဲလို့ ဒီလို မယူပါနဲ့....(မှန်ပါ့) တရားကိုက ခင်ဗျားတို့ မသိတဲ့ တရားဖေါ်ပြောနေရလို့ ဒါကြောင့် တန်နေတာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတွေ ဆရာသမားက ဘယ်ဘေးစိုးရိမ်ပါလိမ့်....(မသူတော်ဘေး စိုးရိမ်ပါတယ်ဘုရား)။

မသူတော်ဘေးဆိုတာ ဖြစ်ပျက်ရှိလျက်နဲ့....(ဖြစ်ပျက်မသိတာပါဘုရား) မသိတဲ့ဘေး....(မှန်ပါ့)ဒီတော့ မသိတာက အဝိဇ္ဇာ၊ "အဝိဇ္ဇာ သမုဒယာအာသဝသမုဒယော"ဆိုတော့မောင်နိုင် ငြင်းစရာလိုသေးသလား....(မလိုပါဘုရား)မလိုတော့ဘူး၊သံသရာမြုပ်တော့-မျောတော့မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီ ဘေးသာ သင့်ယင်ဖြင့် မြုပ်မျောလမ်းမှ တပါး တခြားသွားစရာ မရှိတော့ပါဘူး....(မှန်ပါ့) ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ကဲ....ဆရာသမား စိုးရိမ်တာက နည်းနည်း....(မှန်ပါ့)ခင်ဗျားတို့ အရပ်ဆိုး - အကျည်းတန်ကြီးနဲ့ သံသရာထဲမှာ တခါတည်း အိုဘေးကလဲ ငါ့ပစ္စည်း,သေဘေးကလဲ ငါ့ပစ္စည်း, ငရဲဘေးကလဲ ငါပိုင် ဟုတ်လား....(မှန်ပါ့) တွင်းတွေ, ကျင်းတွေထဲမှာ ရှိတဲ့ လူပ်လူပ်ရွရွ ဒီ တိရစ္ဆာန်တွေ ဖြစ်ဘို့လဲ ငါ့တွင်း,ငါ့ကျင်း၊သမုဒ္ဒရာ ရေကြီးဟာလဲ ငါ့ရေ....ငါ-ငါးဖြစ်တဲ့အခါ အောင်းဘို့၊ ဒီ အထဲမှာ သွားတော့မယ်....(မှန်ပါ့) မဆိုထိုက်ဘူးတား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါ ဘယ်ဘေးသင့်တဲ့ ပုဂ္ဂိုလ်၏ အဖြစ်ဆိုးလဲ....(မသူတော်ဘေးသင့်တဲ့ ပုဂ္ဂိုလ်၏ အဖြစ်ဆိုးပါဘုရား ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာ တကာမတို့ မသူတော်ဘေးဟာ ဥပဒ္ဒဝေဘက ကံ့ဥပဃာတက ကံလို့ မရှိဘူးလား....( ရှိပါတယ် ဘုရား )။

ဒါတွေက မောင်နိုင်က အခု ကျန်းကျန်းမာမာနဲ့ နေတယ်၊ ဖျတ်ဆို သူက ဖြတ်ချလိုက်တယ်၊ မသူတော်ဘေး သင့်သွားတယ် (မှန်ပါ့)မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)။

ကိုဝ အခု ကျန်းကျန်းမာမာနဲ့ ဖျတ်ဆို လေဖြတ်ပြီးသကာလ ဝိညာဏ်ချုပ်ပစ်လိုက်တယ်၊ အင်း....ဒါ မသူတော်ဘေး သင့်တာ သေချာတယ်....(မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

မသူတော်ဟာက တကာတကာမတို့ အခု အကောင်း နောက် နှစ်စက္ကန့်မှာ အဆိုးဖြစ်အောင် ဖြတ်တတ်တဲ့ သတ္တိရှိတယ်(မှန်ပါ့) ကြောက်စရာ ဘယ်လောက်ကောင်းသတုံး....( ကောင်းပါတယ် ဘုရား )။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဩော်.... မသူတော်ဘေးဟာ အညွှ ရှိ ယင်အုံဆိုတာ ကိုယ်က ဉာဏ်မရှိလို့ ရှိယင်ဖြင့် အဝိဇ္ဇာနေတော့မယ်ဆိုတာ မောင်နိုင် သေချာပြီ (သေချာပါပြီဘုရား) အဝိဇ္ဇာဟာ သူတော်လား....မသူတော်လား....(မသူတော်ပါဘုရား)။

ဒါဖြင့် မသူတော်ဆိုတာသည် ကိုဝတို့က စဉ်းစား, ကိုပေါ်တို့က စဉ်းစား....သူ့အပေါ်ဘဲ လိုက်မယ်....( မှန်ပါ့ ) ခုနင်က

ဥပစ္ဆေဒက ဖြတ်တတ်တဲ့ ကံတွေ(လာပါတယ်ဘုရား) ဥပစ္ဆေဒက ကပ်ပြီး ဖြတ်တတ်တဲ့ ကံတွေ လာလိမ့်မယ်....(မှန်ပါ့)။

ဥပဃာတက ကတော့ ကောင်းကောင်းကလေး ကျန်းမာနေတုန်းဘဲကွယ်၊ မင်း သေပေတော့ကွာဆိုပြီး ဥပဃာတက ကံတွေကော....(လာပါတယ်ဘုရား)။

ကျန်းမာနေတုန်းဘဲ ဥပပီဠက အိပ်ရာက မထနိုင်အောင် နှိပ်စက်တတ်တဲ့ ကံတွေကော....(လာပါတယ်ဘုရား) မသူတော်ရှိလို့ လာတာ....(မှန်ပါ့)။

တကာတကာမတို့ ဘာကြောင့်လာတာပါလိမ့်....(မသူတော်ရှိလို့ပါဘုရား)။

အို....အမှိုက်ရှိရာ ခွေးချေးလာတာ....( မှန်ပါ ) မသူတော် အမှိုက်ရှိနေလို့ ခွေးချေးနဲ့ တူတဲ့ မကောင်းတဲ့ ကံတွေ အကုန် လာတာ....(မှန်ပါ့) ရိပ်မိကြပလား....( ရိပ်မိပါပြီ )ကဲ....ဘယ် လောက်ဆိုးသလဲ....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဘေးတကာ့ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးလဲ....(မသူတော်ဘေး ကြောက်စရာ ကောင်းပါ တယ်ဘုရား။

မသူတော်ဘေး ကြောက်စရာအကောင်းဆုံးဘဲ၊ အမှိုက်ရှိရာ ခွေးချေး လာတယ်ဆိုတာ တကာ တကာမတို့ ဟောဒီ မသူ တော်ဘေး အမှိုက်ရှိလို့ခင်ဗျားတို့မှာ စိတ်ဆင်းရဲတဲ့ အကြောင်း တွေ ကိုယ်ဆင်းရဲရတဲ့ အကြောင်းတွေ မလာဘူးလား....(လာ ပါတယ်ဘုရား)။

အင်း....ဘယ်ဘေးသင့်နေတဲ့ ပုဂ္ဂိုလ်မို့ မောင်နိုင် ဒီ အဖော်တွေ ရောက်ပါလိမ့်.... (မသူတော်ဘေးသင့်နေတဲ့ ပုဂ္ဂိုလ်မို့ပါဘုရား) မသူတော်ဘေးသင့်လို့ ဒီ အဖော်တွေ ရောက်လာတာ (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဆရာဘုန်းကြီး စိုးရိမ်တာ ဘယ်ဘေးပါလိမ့်....(မသူတော်ဘေးပါဘုရား)။

ခင်ဗျားတို့ တော်သေမှာလဲ မစိုးရိမ်ပါဘူး၊ အင်....သူတို့ တော်တော့ မသေနိုင်ဘူးဆိုတာ ဘုန်းကြီးက စိတ်ချတယ်....(မှန်ပါ့ဘုရား)။

ဒီ့ပြင်ဟာ ဘာမှ မစိုးရိမ်ဘူး၊ အိမ်တွေကလဲ သူတို့ မိုးလုံလေလုံ နေကြတာဘဲ၊ ကိစ္စမရှိပါဘူး၊ မိုးရွာပေမဲ့ သူတို့ ဘာမှ ဖြစ်မှာမဟုတ်ပါဘူး၊ နေတွေ ဘာတွေပူလဲ ပူပေမဲ့ သူတို့မှာ အရိပ်တွေ ရှိသားဘဲ၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ အဲဒါတွေ အကုန်စိတ်ချတယ်....(မှန်ပါ့)။

ဒီဘေးကျတော့....(စိတ်မချရပါဘုရား)။

ကဲ...ကိုဝ ဒီဘေးကျတော့....(စိတ်မချရပါဘုရား)အခု မေ့လိုက်ယင် အခု သင့်တာဘဲ....(မှန်ပါ့)။

အခု မေ့လိုက်ယင်....(အခု သင့်ပါတယ်ဘုရား)။

အေး-ဒါကြောင့် တကာတကာမတို့ မေ့တဲ့ဘေးဟာ အကြီးဆုံးဘဲ....(မှန်ပါ့)။

ဒါကြောင့်“ပမတ္တဿ နာမ စတ္တာရော အပါယာ သကဂေဟာသဒိသာ”လို့ ဓမ္မပဒအဋ္ဌကထာက ဆိုလိုက်တယ်.... ( မှန်ပါ့ဘုရား )။

ပမတ္တဿ နာမ=မိမိ ခန္ဓာကိုယ် ဖြစ်ပျက်ကို မေ့လျော့ပြီး သကာလ မေ့ဘေးသင့်နေတဲ့ ပုဂ္ဂိုလ်အား၊ စတ္တာရော အပါယာ= အပါယ် လေးဘုံတို့သည်၊ သကဂေဟာသဒိသာ=မေ့တဲ့ ပုဂ္ဂိုလ်၏ အိမ်တွေဘဲ....(မှန်ပါ့) ကုန်ရောပေါ့ဗျာ....( မှန်ပါ့ ) မကုန်သေးဘူးလား....(ကုန်ပါတယ်ဘုရား)။

မေ့တဲ့ ပုဂ္ဂိုလ်၏ အိမ်ဟာ အပါယ်လေးဘုံဘဲ....( မှန်ပါ့ ဘုရား )။

တကာတကာမတို့ မေ့တဲ့ ပုဂ္ဂိုလ်၏ အိမ်ဟာ....( အပါယ် လေးဘုံပါဘုရား )။

ကိုင်း....ဒါဟာ ကိုပေါ် ဓမ္မပဒအဋ္ဌကထာပါဘဲဗျာ(မှန်ပါ့) ခန္ဓာကိုယ် ဖြစ်ပျက်ကို မေ့နေတဲ့ ပုဂ္ဂိုလ်၏ ဘေးသင့်ပုံ....(မှန်ပါ့ ဘုရား)။

မေ့တဲ့ ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်း ဘယ်ဟာလဲ....(အပါယ် လေးဘုံပါဘုရား)။

ကိုင်း....တကာ တကာမတို့ သေသေချာချာလဲ ပေါ်လာပါပြီ တစ်တစ်နဲ့....(မှန်ပါ့) ပေါ်လာတဲ့အခါကျတော့မှ ဩော်.... ဒီ ဆရာနဲ့သာ မတွေ့ယင် ကိုယ်ကျိုး အနည်းဘဲ (မှန်ပါ့)မနည်း သေးဘူးလား....နည်းမလား....(နည်းပါတယ်ဘုရား)။

သေသေချာချာ နည်းမယ်၊ ဒီ ခန္ဓာ ဘာရှိနေတယ်လို့ သိပါ ဦးမလား....(မသိပါဘုရား)။

မသိနိုင်တော့ မသိတာက....(အဝိဇ္ဇာပါ)အဝိဇ္ဇာဆိုတာ မေ့ တာ၊ မေ့တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းဟာ အပါယ်လေးဘုံဘဲ....(မှန်ပါ့ ဘုရား)။

မေ့တဲ့ ပုဂ္ဂိုလ်၏ ကိုယ့်အိမ်ဟာ ဘာတဲ့....(အပါယ်လေးဘုံပါ ဘုရား)။

ကဲ....ဦးဘကလေးတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....မေ့တဲ့ ပုဂ္ဂိုလ်၏ပစ္စည်းဟာ အပါယ်လေးဘုံဘဲ(မှန်ပါ့ ဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ဘုရားအဆူဆူပွင့် သစ္စာတရားစည်ကြီး တီးပြီးသကာလ မကြားလိုက်ႇမတွေ့လိုက်တာသည် မောင်နိုင်ရေ 'အသဒ္ဓမ္မတော၀ါ'ဘေး သင့်နေတာဘဲ....(မှန်ပါ့)။

ဘယ့်နှယ်တုံး တကာ တကာမတို့.... (အသဒ္ဓမ္မတော၀ါဘေး သင့်နေတာပါဘုရား)။

အဲဒီလို ခင်ဗျားတို့ကလဲ ရွတ်လိုက်တဲ့ 'အသဒ္ဓမ္မတော၀ါ' သင့်နေတာလဲ ကိုယ့်မှာ....(မှန်ပါ့)။

ရွတ်လိုက်တာလဲ လွန်လို့၊ သင့်နေတာလဲ....( ကိုယ့်မှာပါ ဘုရား )ဖြစ်မှ ဖြစ်ရပလေ....(မှန်ပါ့)ကို၀ ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

အင်း....ကာလႇဒေသ တယ်မကောင်းဘူး၊ ခွေးတွေက အူ တယ်၊ ကျီးတွေက ပြိုတယ်ကွ၊ ဟိုမှာလဲ လူတွေက ဟိုအရပ်မှာ ဖျတ်ကနဲ-ဖျတ်ကနဲ သေသွားတယ်....တယ်များသကွ၊ အဲဒီတော့ 'ရာဇတော၀ါ'ကလေးများ ရွတ်ကြစမ်းဦးကွ....၊ မောင်နိုင် လာ ပြီ....(မှန်ပါ့)မလာဘူးလား....(လာပါပြီဘုရား)။

အင်း....သူက ရွတ်သာနေတယ်၊ သူ့ သင့်တာတော့ သူမသိ ဘူး....(မှန်ပါ့)။

ရွတ်တာလဲ သူဘဲနော်....(မှန်ပါ့) သင့်တာလဲ.... (သူပါဘဲဘုရား) ဒီ့ထက် ထူတာတော့ ဘယ်ရှာတွေ့တော့မလဲ....(မှန်ပါ့) ရှိသေးရဲ့လား....(မရှိပါဘုရား)။

ရွတ်တာလဲ....( သူပါဘဲဘုရား )သင့်နေတာလဲ....(သူပါဘဲဘုရား)။

ဒီတော့ ရွတ်နေရုံမဟုတ်ဘူး၊ ဒီ အထဲမှာ သူတော်ကောင်းတရားနဲ့ တခါတည်း ခန္ဓာကိုယ် မမေ့အောင် ဖြစ်ပျက်အလုပ်ကလေး လုပ်လိုက်မယ် ဆိုလို့ရှိယင်ဖြင့်....တဲ့ သူ့မှာ သင့်သေးရဲ့လား....(မသင့်ပါဘုရား)။

အဲ....သူ့မှာ မသင့်တဲ့အခါကျလို့ရှိယင်ဖြင့် အမိုက်မရှိလို့ ခွေးချေးမလာပါဘူး(မှန်ပါ့) လာစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အခုတော့ အမိုက်တွေကတော့ ပုံထားတယ်၊ ခွေးချေးတော့ မယိုစေချင်ဘူးဆိုတော့ ဖြစ်နိုင်-မဖြစ်နိုင်....(မဖြစ်နိုင်ပါဘုရား)။

အဲ....ယနေ့က စ,ပြီး ဘုန်းကြီးတို့ တကာ တကာမတွေက ပြင်ကြဦးဟေ့....၊ ဆရာဘုန်းကြီး အရေးကြီးတဲ့ အကြောင်းပြောပြီ....(မှန်ပါ့) ပြင်ချိန်ရှိသေးလို့ ပြောလို့ ရသေးတယ်၊ တော်သေးတယ်နော်....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာတကာမတွေ အခုတရားဟာ ဆရာသမားလဲ စိုးရိမ်တယ်၊ ဘုရားလဲ စိုးရိမ်ဆုံး၊ ကျုပ်တို့ သံသရာရှည်ခဲ့တာလဲ သူ့ကြောင့်၊ သင့်မှန်းမသိဘဲ နေတာလဲ ကျုပ်တို့၏ မိုက်ပြစ်....(မှန်ပါ့)။

သင့်မှန်းမသိဘဲ နေတာက....(မိုက်ပြစ်ပါဘုရား) မိုက်ပြစ်ဘဲ၊ ဆရာကောင်းဆီ မကိုးကွယ်....မဆည်းကပ်၊ အဲဒီတော့ သင့်နေ

တာကို မောင်နိုင် မသိဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သင့်နေတာကို....(မသိပါဘုရား)မသိဘူးဆိုတော့ ကိုဝ တန်းကုန်နေတာ....(မှန်ပါ့)ခလေး အနာပေါက်လျက်နဲ့ ဆော့နေတဲ့ ခလေးနဲ့တော့ တူပြီ....(မှန်ပါ့)။

ခလေးဟာ အနာပေါက်လျက်နဲ့ ဆော့နေတော့ အမေမိဘက မင်း တစ်နာက နှစ်နာများ ရချင်သေးလို့လားဆိုတာ အမေမိဘ ပြောလို့သာ သူ နားထောင်ရတာ၊ သူကတော့ ဒီအနာဟာ အနာ့ပေါက်မှန်းရယ်လို့ သိရဲ့လား....(မသိပါဘုရား) နောက်အနာရမှာကော....(မသိပါဘုရား)။

ဒါဖြင့် ခလေးသည် မူလ အနာပေါက်တာလဲ သူ မသိဘူး....(မှန်ပါ့) နောက် အနာ သူ ပြေးလွှားဆော့နေလို့ ရလိမ့်မယ်ဆိုတာလဲ....(မသိပါဘုရား)။

ဒါဖြင့် ဒီ ခလေးမှာ အနာရှိတာကို အနာရှိတယ်လို့ မသိသလို ကျုပ်တို့မှာ တသံသရာလုံး ခလေးစိတ်နဲ့ အချိန်ကုန်ခဲ့တယ်....(မှန်ပါ့) ဆိုထိုက်·မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

တသံသရာလုံး .. (ခလေးစိတ်နဲ့ အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ 'အသဒ္ဓမ္မတော၀ါ' ဆိုတဲ့ ဖြစ်ပျက်မေ့နေတဲ့ ဖြစ်ပျက်ရှိလျက်နဲ့ မသိတဲ့ မေ့လုံးကို ကိုယ့်မှာ အနာပေါက်နေတယ်လို့ ကိုဝ မသိခဲ့ပါဘူး....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သိပ် ကြောက်စရာကောင်းပါကလား တကာ တကာမတို့.... (ကောင်းပါတယ်ဘုရား)။

ဘေးတကာ့ ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်း ဆုံးလဲ....(မသူတော်ဘေး ကြောက်စရာအကောင်းဆုံးပါဘုရား)။

မသူတော်ဘေးဆိုတာ ဘာမေ့တာပါလိမ့်(ဖြစ်ပျက်မေ့တာ ပါ) ဖြစ်ပျက်ရှိလျက်နဲ့ မသိဘဲနဲ့ မေ့နေတယ်....( မှန်ပါ ) မောင်နိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အားလုံး တရားနာကြတဲ့ တကာ တကာမတွေ ကဲ....အရေး မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ကဲ....မသူတော်ဘေး သင့်လိုက်တာတဲ့ တကာ တကာမတို့ ကျုပ်တို့မှာ အပါယ်ရောက်ခဲ့ရတယ်၊ ဘယ်ဘေးကြောင့်တုံး.... (မသူတော်ဘေးကြောင့်ပါဘုရား)မသူတော်ဘေးကြောင့်နော်.... (မှန်ပါဘုရား)။

နတ်ပြည်များရောက်ပြီးသကာလ နတ်ပြည်များ တခါတလေ အကြောင်း ညီညွတ်လို့ တက်သွားပြီး အပါယ်လေးပါများ ရောက်တာ ဘယ့်နှယ်ကြောင့် နတ်ပြည်က အပါယ်လေးပါးပြန် ရောက်ပါလိမ့်....(မသူတော်ဘေးကြောင့် ရောက်တာပါဘုရား)။

ကမ္ဘာ ပျက်တိုင်းပျက်တိုင်း ကျုပ်တို့ဗြဟ္မာပြည်မှာများသော အားဖြင့် ဖြစ်ပြီး ဗြဟ္မာကြီးတွေ တန်ခိုးကြီးတွေဖြစ်ပြီး၊ဘယ့်နှယ် ကြောင့် ကျုပ်တို့အခုအချိန်မှာ လူဆင်းရဲ-စိတ်ဆင်းရဲ-ကိုယ်ဆင်းရဲ ဖြစ်နေကြပါလိမ့်....(မသူတော်ဘေးသင့်လို့ပါဘုရား)။

မသူတော်ဘေး သင့်လို့ချည့်ဘဲ ကျုပ်တို့ဒုက္ခမျိုးစုံ ကျုပ်တို့ အကုန်ဖြစ်ရတယ်....(မှန်ပါ) ဆိုထိုက်ကြရဲ့လား .... (ဆိုထိုက်ပါ တယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘေးတကာ့ဘေး ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးတုံး .... (မသူတော်ဘေး ကြောက်စရာအကောင်းဆုံးပါဘုရား)မှတ်မိကြပလား....(မှတ်မိပါပြီ)။

တလုံးတည်းဟောသေးတယ် မောင်နိုင် နာရီသုံးမတ်တော့ရှိသွားပြီကွ .. (မှန်ပါ့) နာရီသုံးမတ်ရှိသွားပြီ တကာတကာမတို့ အရေးကြီးလို့ ပြောနေတာ....(မှန်ပါ့)။

ဘယ်လိုကြောင့်ပါလိမ့် .... (အရေးကြီးလို့ ပြောနေတာပါဘုရား)။

ဘုန်းကြီးက တတို့တတို့နဲ့ ညတိုင်း တခါတည်း ၄- နာရီဆိုလာကြနော်၊ ကြိုးစားကြနော်၊ အိမ်ကျတော့လဲ မေ့မနေကြနဲ့နော်....ဆိုတာ အခုဘုန်းကြီးရှိတုန်းတော့ တော်သေးတယ် .... (မှန်ပါ့)။

အခု- ဒီခန္ဓာကြီးဟာ အနိစ္စခန္ဓာကိုယ်ကြီးဘဲဆိုပြီး ထိုင်ရှုမိတာတွေ ရှိသေးတာကိုး....(မှန်ပါ့)။

အိမ်နေတော့ ပစ်ထားလိုက်တဲ့ အခါကျတော့ ဘေးကရောက်လာတယ်....(မှန်ပါ့) မရောက်ပေဘူးလား .... (ရောက်ပါတယ်ဘုရား)။

အဲ....မသူတော်ဘေး သင့်လို့ရှိယင် အပါယ်လေးဘုံဟာ သူပိုင်ပစ္စည်းတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မသူတော်ဘေးသင့်ယင်....(အပါယ်လေးဘုံဟာသူပိုင်ပစ္စည်းပါဘုရား) သူပိုင်ပစ္စည်းဖြစ်တော့မယ် ဆိုတော့ သိပ်ကြောက်စရာကောင်းတယ်ဆိုတာ ကိုစံလှ ပေါ်ပါပြီ.... (ပေါ်ပါပြီ)ရှင်းကြပလား....(ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် မသူတော်ဘေး မေ့ဘေးနော်....(မှန်ပါ့) မေ့တဲ့ဘေးတဲ့၊ မေ့တာဘယ်သူပါလိမ့် .... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာသမုဒယာ....(အာသဝသမုဒယောပါဘုရား)။

ဟော....အာသဝေါတရားလေးပါးပေါ်တယ် တကာတကာမတို့နော်....(မှန်ပါ့) အာသဝေါတရားလေးပါး ပေါ်လာတယ်ဆိုတော့ ကောင်းကြသေးရဲ့လား.... (မကောင်းပါဘုရား) အင်မတန် မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ တကာတကာမတို့၊ကြပ်ကြပ်စဉ်းစားပါ ဒါ-မနက်ကျလို့ရှိယင်ဖြင့် ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုလို့ရှိယင် ခန္ဓာဘက်ကို ဉာဏ်မလှည့်ဘဲနဲ့ သွားချင်လာချင်တဲ့ စိတ်တွေနဲ့ ဒီ့နှယ်-ဟို့နှယ်တွေက ဗျာပါရများလာလို့ရှိယင်၊ ဟာ-မင့်ဟာက ဒီဗျာပါရတွေ ဝင်လာကတည်းက အင်း....ဟိုစိတ်မချ၊ ဒီစိတ်မချ၊ဟိုပူ ဒီပူ၊ ဟိုဆွေး ဒီဆွေး၊ ဟိုမှာ ဒီမှာနဲ့ဘဲ မသူတော် ဘေးသင့်နေတာ....(မှန်ပါ့) သူတော်ဘေးသင့်ယင် ငြိမ်နေမှာဘဲ....(မှန်ပါ့)။

သူတော်ဘေးရယ်လို့ မရှိဘူး၊ သူတော်ကောင်း စိတ်သာရှိမယ်ဆိုယင် ငြိမ်ပြီးချမ်းသာနေမှာဘဲ....(မှန်ပါ့)။

ဖုတ်-ဆို မိုးလင်းလာလို့ရှိယင် ဘယ်သူကဘယ်သွား- ဘယ်သူကဘာလုပ်၊ ဘယ်သူက ဘယ်ကိုင်တွယ် ဆိုလို့ရှိယင်ဖြင့် အဲဒါ မောင်နိုင် ရိပ်မိပါပြီ....(မှန်ပါ့) ဘေးသင့်လို့ ဗျာများတာ.... (မှန်ပါ့)။

ဘယ်လိုကြောင့်ပါလိမ့် .... (ဘေးသင့်လို့ ဗျာများတာပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

အင်း....မနက် မိုးလင်းလို့ရှိယင် ဘာလုပ်မယ်, ဘာကိုင်မယ်, ဘာကြိုးစားမယ်လို့ လောကီအလုပ်တွေကို ပြောတိုင်းပြောတိုင်း ဩြော် .... ငါ ငြိမ်ငြိမ်မနေရအောင်ဘဲ ဒုက္ခရောက်အောင် ခလုတ်တွေထည့်ပြီး ဆူးတွေငြိအောင်တွန်းပေါ့ဟ .... (မှန်ပါ့) ဟိုလူနဲ့ ဒီလူစကားများရအောင်လဲ သူတွန်းပေါ့.... (မှန်ပါ့) မဆိုနိုင်ဘူးလား .... ( ဆိုနိုင်ပါတယ် ) ဒါဘယ်ဘေးစသင့်လိုက်တာလဲ.... (မသူတော်ဘေး စ,သင့်ပါတယ်ဘုရား) ရှင်းပလား(ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် မသူတော်ဘေးဟာ ဤမျှလောက် ယုတ်မာ အကျည်းတန် ဆိုးဝါးမှာဖြင့် တန်းကုန်ပါပေါ့ဆိုတာလဲ ဘုရား အဆူဆူနဲ့ လွဲတာတောက်လိုက်ယင် သေချာပါပြီ....( မှန်ပါ့ ) မသေချာသေးဘူးလား....(သေချာပါပြီ) ကိုပေါ်ကြီး သေချာပလား....(သေချာပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီး ဝတ္တုထုတ်ပါတော့မယ်....တဲ့ နာရီ ကနီးနေလို့....

ပမာဒံ ဘယတော ဒိသွာ။

ပမာဒံ=မေ့လျော့ခြင်းကို၊ ဘယတော= ဘေးသင့်နေတယ်လို့၊ ဒိသွာ=မြင်ရမယ်....( မှန်ပါ့ ) မောင်နိုင် သေသေချာချာ၊ မှတ်ပါ....(မှန်ပါ့)။

ပမာဒံ=ဒိခန္ဓာကိုယ်ကြီး၏ဖြစ်ပျက်မေ့လျော့ခြင်းကို၊ဘယံ= ဘေးသင့်သည်ဟု၊ဒိသွာ=သိ၍၊ သဘောကျပလား(ကျပါပြီ)။

ဖြစ်ပျက် မေ့နေလို့ရှိယင်ဖြင့် ဘာသင့်တာတဲ့.... (ဘေးသင့်တာပါဘုရား)။

အပ္ပမာဒဠ ခေမတော....တဲ့၊ ဒီဖြစ်ပျက်ကို ဖြစ်ပျက်ရှိတယ်လို့ သိနေတဲ့အခါကျတော့ ဘေးမရှိတဲ့ဆီ ရောက်မယ်တဲ့ ....(မှန်ပါ့) ပေါ်လာပြီမဟုတ်လား....(မှန်ပါ့)။

မေ့နေယင် ဘေးသင့်တယ်....(မှန်ပါ့)မမေ့လို့ရှိယင် ဘေးမရှိတဲ့ နိဗ္ဗာန်ရောက်မယ် .... (မှန်ပါ့) အဝိဇ္ဇာချုပ်ကြည့်စမ်းပါ မောင်နိုင်ရဲ၊ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ)။

မေ့ယင် ဘေးသင့်ပါတယ်....(မှန်ပါ့)အဝိဇ္ဇာဘေးသင့်ပြီ....(မှန်ပါ့) မမေ့လို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်ပါပြီ....(မှန်ပါ့)ဘယ်လောက်မှန်သတုံး....(မှန်ပါ့)သဘောကျပလား .... (ကျပါပြီ)။

မေ့ယင်.... (ဘေးသင့်ပါတယ်ဘုရား) မမေ့ယင်....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

အဲဒီခန္ဓာကြီးပေါ်မှာ ကြပ်ကြပ်မမေ့အောင် ဘုန်းကြီးတို့တကာ တကာမတွေ ကြိုးစားရစ်ပါဆိုတာမှတ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီ)။

"ပမာဒရဟိတာ ဟောထ၊ သောဗုဒ္ဓါနုသာသနီ" ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး တသက်လုံး ဆုံးမလာတာကွာတဲ့၊ မင်းတို့ မေ့လျော့တဲ့ ဘေးသင့်လို့ရှိယင် ဒုက္ခရောက်ချီရဲ့၊ မမေ့မလျော့လို့ရှိယင် နိဗ္ဗာန်ရောက်ချီရဲ့၊ အဲဒါငါဘုရား၏ အဆုံးအမဘဲဆိုပြီးသကာလ သေသေချာချာ ဟောပါတယ်....(မှန်ပါ့ဘုရား)။

"သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော။ အယံ ဝေါ အမှာကံ အနုသာသနီ"။

သံယုတ်ပါဠိတော်များ ဒီဥစ္စာသိပ်မှာတာဘဲ....(မှန်ပါ့)။

ဘိက္ခဝေ = ငါ၏ချစ်သား ရဟန်းများတို့၊ ဘိက္ခု=ရဟန်းသည်၊ သတော=သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော= ပညာနှင့်ဖြစ်ပျက်မြင်သည်ဖြစ်၍၊ ဝိဟရေယျ=နေစမ်းပါကွ....။

ဘိက္ခဝေ=ရဟန်းတို့၊ ဘိက္ခု=သံသရာကို ဘေးဟုရှုတဲ့ပုဂ္ဂိုလ်ဟုသ၍သည်၊ သတော=ဒီခန္ဓာကိုယ်ကြီး၌ ဖြစ်ပျက်ရှိတယ်လို့ သတိထားပြီးသကာလ၊ သမ္ပဇာနော=ပညာနဲ့ မြင်သည်ဖြစ်၍၊ ဝိဟရေယျ=နေစမ်းပါ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အယံ=အခုငါပြောတဲ့ သတိထားပြီး ပညာနဲ့ရှုဆိုတဲ့အလုပ်ဟာ၊ဝေါတုံမှာကံ=သင်ချစ်သားတို့အား၊ အမှာကံ=ငါဘုရားတို့၏ အနုသာသနီ=အကြီးဆုံး အဆုံးအမဘဲ....တဲ့၊ ၄၅-ဝါဆုံးမတာ သတိထား ပညာနဲ့ကြည့် တလုံးတည်းဟာ အဲဒီထဲအကုန်ပါတာဘဲ....(မှန်ပါ့)။

သတိထားပြီးတော့ (ပညနဲ့ကြည့်ရမှာပါ ဘုရား)အဲ....သတိထား ပညာနဲ့ကြည့်လို့ရှိယင်ကွာတဲ့၊ မေ့ဘေး သင့်နိုင်စရာရှိသေးရဲ့လား....(မရှိပါဘုရား)သဘောပါကြလား .... (ပါပါပြီဘုရား)

အဲဒီတော့ ပါဠိတော်ကလဲ ရှည်ပြီးသကာလ နေလို့ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဩော်....ဆရာသမားကလဲ ဟိုလိုက်ပြီး ချီးမြှောက်ရဦးမှာ၊ ဒီမှာလဲ ကယ်တင်ထားတာတွေကမနည်းဘူး၊ ဒီ-ကယ်တင်ထားတာတွေကအချို့ကအဆုံးမရောက်ကြသေး အဆုံး မရောက်ကြသေးလို့ ရှိယင် သူတို့မှာ ဘေးကတော့ သင့်ဦးမယ်၊ သူတို့ဟာသူတို့ သတိထားပညာနဲ့မကြည့်ယင် ဘေးသင့်ဦးမယ်....(မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီဘေးထက် ကြောက်စရာကောင်းတာကော တွေ့ကြသေးရဲ့လား.... (မတွေ့ပါဘုရား) ကဲ....ပါဠိတော်ရွတ် စမ်းပါ ဘာတဲ့.... (အသဒ္ဓမ္မတော ဝါပါဘုရား)။

အဲဒါဟာ သုတ္တနိပါတ် ပါဠိတော်၊ ပရိတ်ကြီးလို့ အောက် မေ့လိုက်....(မှန်ပါ့)သုတ္တနိပါတ်ပါဠိတော်မှာ ဘုရားကိုယ်တော် တိုင် ဟောခဲ့တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် နေရာကျပါပြီတဲ့၊ မောင်နိုင် စဉ်းစားလိုက်ပါ တဲ့၊ တာဝတိံသာ နတ်ပြည်မှာ အယင်တုန်းက ပြောခဲ့ပါတယ် သုဗြဟ္မနတ်သားဆိုတာ မောင်နိုင်တို့ကို အယင်တုန်းက ဟော ဘူးတယ်....(မှန်ပါ့)။

တာဝတိံသာ နတ်ပြည်မှာ ဘာနတ်သားတဲ့.... (သုဗြဟ္မနတ် သားပါဘုရား)။

သုဗြဟ္မ နတ်သားဆိုတဲ့ဥစ္စာ အင်မတန် ဘုန်းကံ ပါရမီနဲ့ ပြည့်စုံခြင်းကြောင့် နတ်သမီးကတထောင်ရှိတယ် သူတယောက် တည်းမှာ နတ်သမီးတထောင်ရှိတယ်...(မှန်ပါ့)။

နတ်သမီး တထောင်ရှိတော့ ဥယျာဉ်တော် ထွက်ကြပါတယ် ဥယျာဉ်တော် ထွက်တဲ့အခါကျတော့ နတ်သမီးငါးရာက ရေက သစ်ပန်းတွေ နတ်ပန်းတွေ အပေါ်တက်ပြီး ခူးကြ- ဆွတ်ကြပြီး အောက်ချွေချရတယ်....(မှန်ပါ့) အောက်က နတ်သမီး ငါးရာက ချွေချတဲ့ ပန်းတွေကို သီကြကုံးကြပြီး ခုနင်က သုဗြဟ္မနတ် သားက ထိုင်ပြီးသကာလ စည်းစိမ်ရှင်လုပ်ပြီး သူ့ကို လာလာ ပေးကြတယ်၊ အောက်က နတ်သမီး ငါးရာကလဲ ကိုယ်ကုံးပြီး သား ကလေးတွေကို လာလာဆင်ကြရတယ်။

အပေါ်ကတော့ ချွေချပေါ့လေ(မှန်ပါ့) အောက်က (ကုံး ကြရပါတယ်) ကုံးပြီးဆင်ကြဆိုတော့ ဩော်....သူ့မှာ စည်း စိမ်ရှင်ကြီးဘဲလို့ တကာ့တကာမတွေ ဆိုထိုက်– မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) သဘောပါပလား....(ပါပါပြီ)။

ကိုင်း....အောက်က ငါးရာကလဲ သူတို့ ခင်ပွန်းသည် ကျေ နပ်လောက်အောင် ပြုနေရလို့ အင်မတန် ဝမ်းမြောက်နေတာ ဘဲ....(မှန်ပါ့)။

အပေါ်ကလဲ ခင်ပွန်းသည်ကို သီချင်းတကျော်ကျော်နဲ့ဆိုပြီး သကာလ ပန်းတွေဆွတ်ခူးပြီး ခင်ပွန်းသည် အလိုကျ လုပ်နေရ လို့ သူတို့ကလဲ ပျော်လို့မဆုံးဘူး....(မှန်ပါ့)။

အပေါ်ကလဲ မေ့လိုက်တဲ့ ဖြစ်ခြင်း.... (မှန်ပါ့) အောက်က ကော....(မေ့ပါတယ်ဘုရား)။

မေ့လိုက်တဲ့ဖြစ်ခြင်းတော့ဖြင့် မေ့ဘေးကို သင့်နေကြတယ် (မှန်ပါ့)။

အလယ်မှာ ထိုင်နေတဲ့ သုပြဟ္မနတ်သားကလဲ အထက်က သီချင်းသံကြားလို့ သူ့မှာ သာယာတာကတမျိုး၊ အောက်က ပန်းတွေ ကုံးသီပြီး လာလာဆင်နေတာတွေ မြင်ရတော့လဲ သူ့ မှာ ရွှင်ပြုံးလို့မပြီးဘူး....(မှန်ပါ့) သူ့မှာလဲ မေ့နေလိုက်တဲ့ ဖြစ်ခြင်း....(မှန်ပါ့) ခန္ဓာဘာဖြစ်နေတယ် မသိဘူး....(မှန်ပါ့)။

နတ်မျက်လုံးဟာ ခန္ဓာကြည့်လိုက်ယင် ချက်ချင်း ဖြစ်ပျက် မြင်တယ်....(မှန်ပါ့) အဲဒါမမြင်ဘူး မောင်နိုင်....(မှန်ပါ့)။

နတ်မျက်လုံးဟာ သီးခြေ, သလိပ်, သွေး,ပြည် ရှိရဲ့လား.... (မရှိပါဘုရား)။

ကျုပ်တို့မှာ ဒီမှာ သီးခြေမျက်လုံးဆိုယင် ဝါ-မလာဘူးလား (ဝါ-လာပါတယ်ဘုရား) ဝါလာတာဘဲ၊ သလိပ်မျက်လုံး ဆိုလို့ ရှိယင်လဲ ဖြူလာတာဘဲ....(မှန်ပါ့) ဒီလိုက ကျုပ်တို့မှာ အဖုံး အဖိတွေက မျက်လုံးအကြည်ဓါတ်ပေါ်မှာ အများကြီးရှိတယ် (မှန်ပါ့)။

သူတို့မှာ သီးခြေလဲမရှိ၊ သလိပ်လဲမရှိ၊ သွေးလဲမရှိ၊ ပြည်လဲ မရှိဆိုတော့ သူတို့မျက်လုံးဟာ ဥာဏ်နဲ့သာ ကြည့်လိုက်မယ် တည့်သာ တည့်လိုက်မယ်ဆိုယင် ချက်ခြင်းဖြစ်ပျက်မြင်တယ်.... (မှန်ပါ့) ဒါလောက်ကောင်းတဲ့မျက်လုံး....(မှန်ပါ့)။

အဲဒါကိုတောင် မေ့ဘေးဆိုတဲ့ အဝိဇ္ဇာက ဖုံးပြီးသကာလ ထားလိုက်တာ ကိုဝရေ.... သုဗြဟ္မာနတ်သား မြင်သေးလား.... (မမြင်ပါဘုရား) မမြင်ဘူး။

ဒါဖြင့် ပန်းကုံးနေတဲ့ ငါးရာကော.... (မမြင်ပါ ဘုရား) ခင်ပွန်းသည် အလိုလိုက်ပြီး ခင်ပွန်းအကြိုက် လိုက်နေရတာ သူ တို့မှာ ပျော်လို့မပြီးဘူး...(မှန်ပါ့) အောက်ကလဲ ခင်ပွန်းအလို လိုက်ပြီး ခင်ပွန်းအကြိုက် ဆင်မြန်းပေးနေရတာကို သူတို့မှာ အကျေနပ်ကြီး ကျေနပ်နေတယ်.... (မှန်ပါ့) ဘယ်လောက်မေ့ နေကြသလဲ....(မေ့ပါတယ်ဘုရား)။

အဲ....မေ့တဲ့လူပေါင်း တထောင်နဲ့တယောက်....(မှန်ပါ့)မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

မေ့ဘေးသင့်နေတာဘယ်နှစ်ယောက်ပါလိမ့်....(တထောင်နဲ့ တယောက်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ကိုယ့်ဟာကလေးနဲ့ကိုယ် မေ့နေကြမှာ အလွန်စိုးရိမ်တယ်(မှန်ပါ့) လူတကိုယ်တော့ကို ငါးရာတထောင်

တော့ ဘယ်ရှိမတုံး၊ ကိုယ့် ဟာကလေးနဲ့ကိုယ် တင်းတိမ်နေယင်လဲ ဒါမေ့နေတတ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကိုယ့် ဟာကလေးနဲ့ ကိုယ် တင်းတိမ်းနေယင် (မေ့နေတတ်ပါတယ်ဘုရား)။

အင်း....ဒို့ သားမယား ငယ်ငယ်တုန်းက ပေါင်းလာခဲ့တာဘဲ သူတိုလဲ ဒီအချိန်အရွယ်ကျလို့ ရှိယင် ပူစရာလူကကိုယ်ဘဲရှိတာဘဲ ဆိုယင်လဲ မေ့နေဦးမှာဘဲ....(မှန်ပါ့) မမေ့ပေဘူးလား....(မေ့ပါတယ်ဘုရား)။

မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ဒီသားတွေ သမီးတွေကိုဘာမှသိကြသေးတာမဟုတ်တော့ သူတို့ဝတ္တရား ကိုယ့်ပေါ်မှာ အကုန်ရောက်တော့ ဒါဘဲ လုပ်ရဦးမှာဘဲဆိုတော့ ဘာဘေးသင့်မတုံး (မေ့ဘေးသင့်ပါတယ်ဘုရား)။

အဲဒီမှာလဲ တကာတကာမတွေ သူဗြဟ္မနက်သား သွားပြီး မကဲ့ရဲ့နဲ့ခင်ဗျားတို့လဲ ကိုယ့်အာရုံနဲ့ ကိုယ်နဲ့ တော့ မေ့ဘေးသင့်နေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုယ့်အာရုံနဲ့ ကိုယ်နဲ့တော့.... (မေ့ဘေး သင့်နေတာပါဘုရား)။

အင်း....သားဘေး, သမီးဘေး, သားသမီး ဆွေမျိုးညာတကာ ရှေ့-လူချင်းတူတူ သူချင်းမျှမျှဖြစ်ဘို့၊ အခုဘဲ လူတောသူတော သွားတဲ့အခါ လူချင်းတူတူ သူချင်းတူတူဖြစ်ဘို့(မှန်ပါ့) ဒါဟာ အမေမိဘတွေမှာ ဒီဘေးက သင့်နေတာဘဲ....(မှန်ပါ့) ကိုယ့် သန္တာန် ဖြစ်ပျက်ကြည့်မိရဲ့လား.... (မကြည့်မိပါဘုရား)။

မကြည့်မိဘူး၊ ဒါဖြင့် ရောင်းဦးမှာဘဲ၊ ဝယ်ဦးမှာဘဲ ဒါကလေး ထုတ်လိုက်ဦးမှာဘဲ၊ အခုအခါ ကျောက်စျေးနာစျေးနဲ့အစရှိသည် နဲ့ ခင်ဗျားတို့ဟာကလဲ မေ့ဘေးသင့်တာဘဲ၊ တခါတည်းပါးစပ်ကပြောမဆုံးဘဲ မေ့တာဘဲ....(မှန်ပါ့) ဒီလို ကျမနေဘူးလား.... (မှန်ပါ့)။

အခု တကာတကာမတွေ ဘာပြောနေနေ သူတော်ကောင်း ခန္ဓာဉာဏ်မလှည့်ဘဲနဲ့ ပြောနေတာ ဟူသရွှေဟာဖြင့် များသော အားဖြင့် တရားမှတပါး မေ့ဘေးသင့်တာ ပြောနေတာဘဲ (မှန်ပါ့) မပြောကြဘူးလား.... (ပြောပါတယ်) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါနဲ့ ဖျတ်ဆို မေ့ဘေးသင့်နေတော့ အမှုိက်ရှိရာ ခွေးချေးလာ ဆိုသလိုဘဲ မေ့ဘေး အဝိဇ္ဇာက အပေါ်မှာရှိတဲ့ နတ်သမီး ငါးရာတွေဟာ တကာ တကာမတွေ သူတို့သန္တာန် အဝိဇ္ဇာရှိလို့ မေ့မနေဘူးလား.... (မေ့နေပါတယ် ဘုရား) အသဒ္ဓမ္မတောဝါ- ဘေးသင့်ပြီနော်.... (မှန်ပါ့) အဲဒီဘေးသင့် တော့ ခုနင်က ဉပဿာတက ကံဆိုတာကလာပြီး ဖြတ်ချလိုက်တာ ကိုဝ.... ငါးရာစလုံး အဝီစိကျတယ်....(မှန်ပါ့)အကုန်တယောက် မှ ရှာမတွေ့ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....အမှုိက်ရှိရာ ခွေးချေးယိုဆိုတာ မောင်နိုင် ပေါ်ပလား (ပေါ်ပါပြီဘုရား)။

မေ့ဘေးသင့်လိုက်တဲ့အခါ ဉပစ္ဆေဒက အကုသိုလ်ကံတွေက ဝင်ပြီးနေတော့ ဒီမှာ ဝင်လို့မရဘူး .... (မရပါဘုရား) သူက နဂို ကတည်းက အမှုိက်ဆိုတဲ့ အဝိဇ္ဇာက ရှိမနေဘူးလား (ရှိပါတယ်ဘုရား) အဲ.... အဝိဇ္ဇာ အဖေါ်တွေက ဒီကလာပြီး

ဒီလာပြီး ကပ်လိုက်တော့ တခါတည်း လုံးမိမသွားဘူးလား..., (လုံးမိသွားပါတယ် ဘုရား) လုံးမိသွားတော့ ဒီခန္ဓာကြီးဟာ ပြုတ်ထွက်သွားတယ်၊ ဥပစ္ဆေဒက ကံက လာဖြတ်ချလိုက်တယ်..., (မှန်ပါ့)။

ကဲ....ငါးရာစလုံး ဘယ်ရောက်သွားသတုံး.... (အဝီစိရောက်သွားပါတယ်) အဝီစိ ဒယ်အိုးထဲမှာ အကုန်ရောက်ကြတယ်..., (မှန်ပါ့)။

ဒီတွင်မှ သုပြဟ္မနတ်သားက တကာတကာမတို့ ဩော်..., သီချင်းဆိုသံလဲမကြားဘူး၊ ပန်းတွေလဲ အောက်မကျလာပါဘူး၊ ဘယ်များသွားကြပါလိမ့်မလဲ.... သံဝေဂကလေး နည်းနည်း ဝင်လာတယ်၊ အဲဒီအချိန်ကျမှ မောင်နိုင်ကြည့်လိုက်တော့တယောက်မှ ရှာမတွေ့တော့ဘူး....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒီအပေါ်မှာလဲ တယောက်မှမရှိဘူးဆိုပြီး သူ့မှာလဲ ဘယ်များသွားကြလို့ ဘယ်များရောက်ပါလိမ့်မတုံးဆိုပြီး အဲဒီကျမှ သည်းခြေ သလိပ်ကင်းတဲ့ နတ်မျက်လုံးနဲ့ ကြည့်လိုက်တော့ အဝီစိကျအောင် ဖေါက်မြင်တယ်....(မှန်ပါ့) ငါးရာစလုံး ဟိုမှာအော်ကာ, ငင်ကာနဲ့ ခံနေကြရတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ငါးရာစလုံး ဘာဖြစ်နေကြသတုံး.... (အော်ကာ, ငင်ကာခံနေရပါတယ်ဘုရား)။

အော်ကာ, ငင်ကာနှင့် ခံနေရတဲ့အခါကျတော့ ကဲ... သွားပြီသွားပြီ....သွားပြီ.... ဒါလဲ မေ့ဘေးသင့်လို့....လို့ မောင်နိုင်သူ-ဘေးသိသွားတယ်....(မှန်ပါ့)။

ဒါဖြင့် ကဲ....အခု ငါးရာနဲ့ ငါးနဲ့ ကျန်နေသေးတယ်၊ ဒို့လဲ ဘာဖြစ်မှာတုံး....ဆိုပြီးကိုယ့်အကြောင်း ကိုယ်ပြန်တွေးပြန်တော့ သူတို့လဲ ငါးရာနဲ့တယောက်က နောက် ခုနစ်ရက်ရှိယင် အဲဒီဘဲ သွားရမှာ....(မှန်ပါ့) မေ့ဘေးသင့်တဲ့အထဲမှာ အတူတူပါရမှာ (မှန်ပါ့)။

ကဲ...ကိုဝ.... ပျော်နိုင်သေးရဲ့လား.... (မပျော်နိုင်တော့ပါ ဘုရား)။

နဂိုက နှတ်မျက်လုံးက ဒါလောက်ထက်လျက်သားနဲ့ မောင်နိုင်.... မေ့ဘေးသင့်နေလို့ မမြင်တာ....(မှန်ပါ့) အဝိစိတောင် လှမ်းမြင်တာကြည့်ပါလား....(မှန်ပါ့)။

အဝီစိတောင် သူ့နှတ်သမီးတွေ ကျနေတာ မမြင်ဘူးလား (မြင်ပါတယ် ဘုရား) သူတို့ ခန္ဓာကြည့်လိုက်ယင် မမြင်ပေဘူး လားဗျာ....(မြင်ပါတယ်ဘုရား)။

အဲဒါ ဘာဘေး သင့်နေတာတုံး.... (မေ့ဘေးသင့်နေတာပါ ဘုရား)။

ကဲ....ရှိပါစေတော့ မေ့ဘေးကြောင့် တဝက်တော့သွားပြီ- (မှန်ပါ့) မေ့ဘေးသင့်လိုက်တာ တဝက်တော့ အဝီစိရောက်ပြီ.... (မှန်ပါ့)။

ကျန်တဲ့ ငါးရာနဲ့ တယောက်လဲ မောင်နိုင်....ဒီအတိုင်းသာ နေကြဦးမယ်ဆိုယင် အဝီစိသွားဦးမှာဘဲ....(မှန်ပါ့) ဘယ်ဘေး သင့်ချလိုက်တာလဲ (မေ့ဘေး သင့်ချလိုက်တာပါဘုရား) ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ မေ့ ဘေးလောက် ကြောက်စရာကောင်းတာဖြင့် အသဒ္ဒမှတောဝါ

ဆိုတဲ့ မေ့ဘေးလောက် ကြောက်စရာကောင်းတဲ့ လက်နက်ဟာ ဖြင့် မရှိတော့ဘူး....(မှန်ပါ့)။

အခုကြည့်စမ်း.... နတ်ကနေပြီး ငရဲကောင်တွေ ဖြစ်နေတယ် (မှန်ပါ့)။

တကာတကာမတို့ ဘယ်လောက် ကြောက်စရာကောင်းသလဲ (ကောင်းပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကိုင်း....ဒါနဲ့ဘဲ သူ့အကြောင်းကို သုဗြဟ္မ နတ်သားက ငါလဲဘဲ ဘာဖြစ်မှာတုံးလို့.... အို....ခုနစ်ရက်ရှိယင် ဒီနတ်သမီး တွေနဲ့ မေ့ဘေးသင့်တဲ့သူချင်းသွားပြီး ဒယ်အိုးထဲပေါင်းရမှာ- (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) သူ့နတ်သမီးတွေ ကြည့်လိုက်ပြန်တော့လဲ .... ဒီအတိုင်း ရောက်လိမ့်မယ်ဆိုတာ သူမြင်ပြန်တယ်....(မှန်ပါ့)။

အဲဒီတွင်မှ ကိုင်း.... ကိုးကွယ်ရာလဲမရှိ၊ ဆည်းကပ်ရာလဲမရှိ၊ ဒီဘေး ဘယ်သူ တားပေးနိုင်ပါ့မတုံးဆိုတာကလေး မောင်နိုင် ရေ.... အကြံအစည်ကလေး ပေါ်ပေါက်တယ်....(မှန်ပါ့)။

ဒီဘေး ဘယ်သူတားပေးနိုင်ပါ့မတုံး.... အဝီစိသွားတဲ့ဘေး ဘယ်သူ တားပေးနိုင်ပါလိမ့်မလဲဆိုတာ အဲဒီကျတော့မှ အကြံ အစည်ကလေး ပေါက်တယ်....(မှန်ပါ့)။

သို့သော်လဲ သူ့မှာ သင့်နေတဲ့ဘေး သူသိပလား....(မသိသေး ပါဘုရား)။

ဘုရားဆီ သူသွားမလို့စိတ်ကူးတာပါဘဲ....(မှန်ပါ့)သို့သော် ဒီတကာတကာမတွေကို ယနေ့ညဟောတဲ့ တရားကတော့ ဟာ.... ဘယ်မှ သွားဘို့မလိုတော့ဘူး၊ ကိုယ့်မေ့ဘေး ကိုယ်နှုတ်ပစ်မှ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ပစ်လိုက်....(မှန်ပါ့)။

ဖြစ်ပျက် မမြင်တာကို ဖြစ်ပျက်မြင်အောင် လုပ်ပစ်လိုက်၊ မေ့ဘေးဟာ တခါတည်း လွတ်သွားတာဘဲ....(မှန်ပါ့)မလွတ်ဘူးလား....(လွတ်သွားပါတယ်ဘုရား)။

ဘယ်လောက် မောင်နိုင် အဘိုးတန်သလဲ.... (တန်ပါတယ်ဘုရား)။

ကဲ....ဒါနဲ့ဘဲ တကာတကာမတို့ ဘယ်လို လုပ်ရမယ်လို့ နတ်သာဖြစ်နေတယ် ကိုဝန္ဒယ်....သိကို မသိဘူး....(မှန်ပါ့)သေရမှာတော့ သူမကြောက်၊ အဝိစိရောက်မှာတော့ သိပ်ကြောက်နေပြီ....(မှန်ပါ့)။

ကြောက်သာ ကြောက်တယ် ဘယ်ဘေးသင့်လို့ ငါဒီနေရာရောက်ရမှာပါလိမ့်မတုံးဆိုတာ လက်သည်တော့ ဖမ်းမမိဘူး....(မှန်ပါ့)။

ခင်ဗျားတို့ကို အခု တရားတနာရှိ ဟောလာတော့ တကာတကာမတို့ ဘယ်ဟာနှုတ်လိုက်ယင် ပြီးမယ်ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မေ့တတ်တဲ့ အဝိဇ္ဇာနှုတ်ပြီးသကာလ မမေ့တတ်တဲ့ဖြစ်ပျက်မြင်တဲ့ဝိဇ္ဇာ သွင်းလိုက်ပါလား....(မှန်ပါ့) ကိုယ့်ဟာကိုယ် နှုတ်ရတယ်....(မှန်ပါ့)။

အဲဒီ နတ်သမီး ငါးရာနဲ့ သုဗြဟ္မ နတ်သားက ကိုဝ....ဘယ်လို လုပ်ရမှန်းမသိဘူး....(မှန်ပါ့) ပူသာ နေတော့တာဘဲ၊ အင်း နောက်ခုနစ်ရက်ရှိ သွားရတော့မယ်၊ နောက် ခုနစ်ရက်ရှိ ကြောက်လှချီရဲ့၊ ဒီအဝီစိကြီးရောက်ရတော့မယ်၊ ဟိုကလဲ ရှေ့က ရောက်နှင့်နေကြပြီ၊ရောက်နှင့်နေတာလဲသူများသားသမီးတွေ

လား သူ့ သံယောဇဉ် တွေလား.... (သူ့သံယောဇဉ်တွေပါ ဘုရား)။

အင်း....နဂိုပြုံးတာတွေ မောင်နိုင် အကုန်မဲ့ရပြီ....(မှန်ပါ့) နဂိုတုန်းကတော့ သီချင်းတကျော်ကျော်နဲ့ အပေါ်ကနတ်သမီး တွေက ပန်းတွေချွေချနေတုန်းကတော့ သူက အောက်ကပြုံးလို့ ပေါ့လေ၊ သီချင်းသံကလေး နားထောင်၊ ပန်းတွေ ရလာလို့ဝမ်း သာ....(မှန်ပါ့) ကိုဝ....အခု ပြုံးနိုင်သေးရဲ့လား....(မပြုံးနိုင်ပါ ဘုရား)။

မပြုံးနိုင်တော့မှ ခက်ပြီဆိုပြီးသကာလ ဘုရားဆီ ပြေးရပါ တယ်... (မှန်ပါ့) မပြေးကြဘူးလား.... (ပြေးကြပါတယ်ဘုရား)။

ဘုရားဆီ ပြေးကြတယ် တကာတကာမတို့ ပြေးတော့ ဘုရား က ကွာ....တဲ့၊ မင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အခု ဘယ် ကိစ္စနဲ့လာကြသတုံး....။

တပည့်တော် ဒီလိုဘဲဘုရား.... နတ်သမီး တထောင်နဲ့နေတာ ငါးရာကဖြင့် ပန်းဆွတ်နေတဲ့ ငါးရာက တပည့်တော်.... တပည့် တော် နတ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အလုံးစုံအစိစိ ရောက်ကုန်ပါပြီဘုရား၊ တပည့်တော် ဉာဏ်စွမ်းနဲ့ တပည့်တော် နတ်မျက်လုံးနဲ့ ကြည့်လိုက်ပြန် တော့လဲ တပည့်တော် တို့လဲ နောက်ခုနစ်ရက်ရှိယင်အဲဒီ အစိစိဘဲ အတူတူသွားကြရမှာ ဖြစ် ပါတယ်၊ ဒါကြောင့် ကယ်တော်မူပါဦး ယူတော်မူပါဦး....တဲ့ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....နတ်ပင် ဖြစ်ငြားသော်လဲ ကယ်တော်မူပါဦး ယူတော် မူပါဦးဆိုတော့ ဘယ်အလုပ်· လုပ်ရမယ်၊ ဝိပဿနာအလုပ် လုပ် ရမယ်လို့ သိရဲ့လား....(မသိပါဘုရား)။

အခု ဒီတကာတကာမတွေ အဲဒီ နတ်ပြည်ထက်အဆပေါင်း တရာမကဘူး၊ ခင်ဗျားတို့သာတယ်.... (မှန်ပါ့ ဘုရား) ဒီနေ့ဟောတဲ့တရားမှာ....(မှန်ပါ့)။

မေ့ဘေးသင့်လို့ရှိယင် မမေ့အောင် နေလိုက်မဟော့....ဆိုလို့ရှိယင် ပြီးသွားတာဘဲ....(မှန်ပါ့)။

မမေ့အောင် နေလိုက်မဟော့.... ဆိုတော့ မေ့ဘေးသင့်နိုင်သေးရဲ့လား .... ( မသင့်နိုင်ပါ ဘုရား ) မသင့်နိုင်ယင် အောက်သံသရာကြီးသွားဘို့.... (မသွားနိုင်ပါဘုရား)။

မသွားတော့ဘူး ဆိုတာ ခင်ဗျားတို့မှာ ဒီနည်းရတယ်.... (မှန်ပါ့) အခု ဘုရားဆီ ပြေးရရှာတယ်....(မှန်ပါ့) သူ့ကိုယ်တိုင် နည်းရရဲ့လား....(မရပါဘုရား)။

ကဲ....ဘယ်သူက တန်းသာတယ်ဆိုတာ တကာတကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီ) ဒီတကာတကာမတွေက....(တန်းသာပါတယ်ဘုရား)။

တန်းသာတယ်တဲ့၊ အဲဒါ ကလျာဏ မိတ္တာဆိုတဲ့ သူတော်ကောင်းနဲ့ ပေါင်းမိလို့ မောင်နိုင်.... (မှန်ပါ့ ဘုရား) ဒါနဲ့သာ မပေါင်းမိယင် ခင်ဗျားတို့သွားပြီ....(မှန်ပါ့)။

သွားပြီ၊ အခုတော့ဖြင့် ဘာကိစ္စရှိသတုံးကွ၊ ဖြစ်ပျက်ရှုပေးလိုက်၊ မေ့ဘေးအသင့်တော့ မခံဘူးပြောတာ....(မှန်ပါ့)။

ဖြစ်ပျက်ရှုနေလိုက်တော့ ဘယ်နိမိတ်တွေ ထင်စရာရှိသေးသတုံး၊ ဘာနိမိတ်မှထင်စရာ မရှိဘူး၊ တကာတကာမတွေ လာယင် သုဂတိနိမိတ်၊ ဒါဘဲလာမယ်....ဖြစ်ပျက် ရှုသေလိုက်မယ်ဆိုတော့ (မှန်ပါ့)၊

သို့သော်လဲ နေလဲ ဖြစ်ပျက်နဲ့ဘဲ၊ သေလဲ ဖြစ်ပျက်နဲ့ဘဲလို့ သာ စိတ်ထဲက ဆုံးဖြတ်ချက်ချလိုက်၊ အဲဒါမှ မေ့ဘေးလုံးဝလွတ်နေတာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာပါလိမ့်.... (မေ့ဘေးလုံးဝ လွတ်နေပါတယ်ဘုရား)ရှင်းပြီနော်.... (မှန်ပါ့)။

အဲဒီတွင်မှ နတ်သမီးငါးရာနဲ့ သုပြဟ္မနတ်သား ဘုရားဆီရောက်ပါပြီ ဆိုကြပါစို့၊ အရှင်ဘုရား.... ကယ်တော်မူပါဦး...., ယူတော်မူပါဦး....တဲ့။

သူ့ဟာသူ ကယ်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိရဲ့လား.... (မရှိပါဘုရား) ဒီ....တကာ တကာမတွေမှာ (ရှိပါတယ်ဘုရား)။

ရှိတယ်တဲ့၊ ခင်ဗျားတို့မမေ့သာမမေ့ဘဲနဲ့ "သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ"ဆိုတဲ့ ဒီဖြစ်ပျက်ကိုသာခင်ဗျားတို့ ရှုနေမယ် ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာ မလိုချင်လို့ဟိုခန္ဓာမရ....(မှန်ပါ့)။

ဒီခန္ဓာ မလိုချင်လို့.... (ဟိုခန္ဓာ မရပါဘုရား) သေချာပလား....(သေချာပါပြီဘုရား)။

ဟိုခန္ဓာ မရတော့ဘူးဆိုကတည်းက ခန္ဓာအဆုံးဟာနိဗ္ဗာန်ဘဲ (မှန်ပါ့)။

ကဲ....မမေ့တဲ့ပုဂ္ဂိုလ်အတွက်မှာ ဘယ်လောက် ခရီးပေါက်သတုံး....(ပေါက်ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒီတွင်မှ ကယ်တော်မူပါဦးဘုရား၊ ယူတော်မူပါဦးဘုရား.... တပည့်တော်တို့လဲ ခုနစ်ရက်ရှိယင် သွားရတော့မယ်ဘုရား၊အရှင့်ဘုရားမှ မကယ်ယင်ဖြင့် တပည့်တော်တို့ဖြင့် ဘယ့်နှယ်မှ မတတ်

နိုင်တော့ဘူးဆိုတော့ မောင်နိုင်ရေ.... ဒီတကာ တကာမတွေ လောက် ဆရာကောင်း မတွေ့ခဲ့ဘူးဆိုတာ ဒီနတ်သေချာတယ် (မှန်ပါ့) မသေချာဘူးလား(သေချာပါတယ်ဘုရား)ဒါကြောင့် လျှောက်နေရတယ်....(မှန်ပါ့)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ ရတဲ့....

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိပါဏိနံ....

လို့....မင်းကွာ....တဲ့ ဖြစ်ပျက်ရှုတဲ့ ဗောဇ္ဈင်မဂ္ဂင် အလုပ်မှ တပါး မင်းကို ကယ်မည့်လူ တယောက်မှ မရှိဘူးလို့မှတ်လိုက် တဲ့....(မှန်ပါ့)။

ကိုင်း....ဆုံးဖြတ်ချက် ချပေးလိုက်တယ်....(မှန်ပါ့) ပေါ်ကြ ပလား(ပေါ်ပါပြီ) ဘယ်လောက် အရေးကြီးသတုံး....ဒီစကား (ကြီးပါတယ်ဘုရား)။

ဗောဇ္ဈင်နဲ့ မဂ္ဂင်ဟာ အတူတူနော်....(မှန်ပါ့) ဗောဇ္ဈာတ ပသာ=ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို၊အညတြ=ကြဉ်ထား၍၊သောတ္ထိံ မင်းချမ်းသာခြင်းကို.... (ဝါ) မင်းချမ်းသာလိမ့်မယ် ဆိုတာကို နပဿာမိ=မမြင်ဘူးကွာ....တဲ့....(မှန်ပါ့)။

ဖြစ်ပျက်ရှုတဲ့ ဗောဇ္ဈင် မဂ္ဂင်အလုပ်မှတပါး မင်းချမ်းသာ ခွင့်ကိုမမြင်ဘူး၊ မင်းဒါလုပ်ယင်လုပ် မလုပ်နိုင်သွားပြီ၊ မင်းမြင် တဲ့နေရာသွားတော့....(မှန်ပါ့)။

ကောင်းကြသေးရဲ့လား.... (မကောင်းပါဘုရား)အဲဒီတော့ ဒီတကာတကာမတွေ အခု ဘုန်းကြီးက မိဘဆွေမျိုး ဉာတကာ တွေ မတော်ဘူးသူမည်သည်မရှိလို့....ဒါဘဲ အားကိုးရစ်ဆိုတာ

ပြောနေတယ်....(မှန်ပါ့) ဒီ့ပြင်ဟာကို အားမကိုးပါနဲ့၊ ဒီဟာ အရေး အကြီးဆုံးပါဘဲ....(မှန်ပါ့)ဘုရားကိုကဖွင့်ချပြီ-(မှန်ပါ့)။

နာညတြဗောဓ္ဈာတပသာ = ဗောဇ္ဈင်မဂ္ဂင်တည်းဟူသော၊ တပက=အကျင့်၊ ဗောဇ္ဈာတပသာ = ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို၊ အညတြ=ကြဉ်ထား၍ဆိုတော့ ဖြစ်ပျက်ရှုတဲ့ အကျင့်ကိုဆိုတယ် (မှန်ပါ့)သောတ္ထိံ=မင်း၏ချမ်းသာရာကို၊နပဿာမိ=ငါမမြင်ဘူး ကွ....တဲ့....။

မင်း ဒီအကျင့်ကို ကျင့်ယင်ကျင့်၊ မကျင့်ယင်တော့ သွားပြီ ကွ....တဲ့(မှန်ပါ့)။

ကဲ....သေသေချာချာ ဖွင့်မချဘူးလား ဦးဘကလေးရ.... (ဖွင့်ချပါတယ်ဘုရား) ရိပ်မိကြပလား တကာတကာမတို့....(ရိပ် မိပါပြီ)။

ဒီအကျင့်မှတပါး မင့်ကို ကယ်မည့်သူ မရှိဘူး....(မှန်ပါ့) မောင်နိုင် မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

အဲဒီတော့ ဒီတကာတကာမတွေဆရာသမားကလဲအကြောင်း ညီညွတ်တော့ သွားကြရမယ်ဆိုတော့ ဘာအားကိုး နေရစ်ကြ မှာတုံး....(ဖြစ်ပျက်အကျင့်ဘဲ အားကိုးနေရပါမယ်ဘုရား)။

ဖြစ်ပျက်ကျင့်တဲ့ အကျင့်ဘဲ အားကိုးနေ....(မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး.... (မရှိပါဘုရား)။

အခု ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သေသေချာ ချာဖွင့်ချပြီ၊ ငရဲသွားမည့် ပုဂ္ဂိုလ်တွေ ငါးရာနဲ့တယောက် မောင်နိုင်... (မှန်ပါ့) မဆိုသာဘူးလား....(ဆိုသာပါတယ်ဘုရား) သူများပြောလား- သူတို့ကိုယ်တိုင်မြင်ပြီးသားလား(ကိုယ်တိုင်မြင် ပါဘုရား)။

ရှေ့က သွားနှင့်တာရှိ-မရှိ....(ရှိပါတယ်ဘုရား)ရှေ့က သွားနှင့်တာလဲရှိတယ်၊ ကိုယ်သွားရမယ်ဆိုတာလဲ ကိုယ်ကိုယ်တိုင်သိတယ်....(မှန်ပါ့)။

အဲဒါတောင် ဘုရားက မင်းဖြစ်ပျက်ရှုတဲ့၊မဂ္ဂင်အကျင့်ကိုကျင့်လို့ရှိယင် အဲဒါမှတပါး မင်းကို ကယ်မည့်သူ မရှိဘူး ဆိုတော့ ဒီ့ပြင်ဟာ ဟောကိုမဟောတော့ဘူး.... (မှန်ပါ့) ဟောသေးရဲ့လား....(မဟောပါဘုရား)။

ကဲ.... အရေးတကြီး ဘယ်လောက် ပေါ်လာတယ်ဆိုတာ....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် မေ့ဘေး မသင့်စေနဲ့၊ မှမေ့တာသည် ဖြစ်ပျက်ရှုတာဘဲ....(မှန်ပါ့) ဒါဟာ ဗောဇ္ဈင်မဂ္ဂင်အလုပ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

"နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ...."တဲ့ မင်း ဗောဇ္ဈင်မဂ္ဂင်အလုပ်မှတပါး မင်းကို ကယ်မည့်သူ မရှိဘူး၊ လုပ်ယင်လုပ် မလုပ်ယင်သွား.... တခွန်းတည်းပြောတာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ် ဟိုမှာ သူ့ခင်ပွန်းသည်ငါးရာလဲ အော်ကာ ငင်ကာနဲ့ ခံနေရပြီ၊ သူတို့ကလဲ သွားရမှာသေချာတယ်ဆိုတော့ အရိုးကျေကျေ အရေခြောက်ခြောက် လုပ်တော့မယ်ဆိုတဲ့စိတ် မမွေးပေဘူးလား.... (မွေးပါတယ်ဘုရား)။

မွေးလိုက်ပြန်တော့လဲ ကိုဝတို့ ကိုပေါ်တို့ မောင်နိုင်တို့ မှတ်လိုက်ပေတော့ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးပြီး သောတာပန်တည်တယ်....(မှန်ပါ့)။

ငါးရာ့တယောက် အပါယ် သေချာပြီးသား.... (မှန်ပါ့) စဉ်းစားကြည့်စမ်း အပါယ် သေချာပြီးသားနော်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် စတုဟာ ပါယေဟိစ ဝိပ္ပမုတ္တော.... (မှန်ပါ့) ဟောသင့် မဟောသင့်....(ဟောသင့်ပါတယ်ဘုရား)။

ဘုရားဟောတာလေ...(မှန်ပါ့) ခင်ဗျားတို့ ပရိတ်ကြီးထဲမှာပါတဲ့၊ "တယဿုမ္မော(ပ) စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော...." အပါယ်လေးပါးမှ လွတ်သွားတယ်၊ ဖြစ်ပျက်ဘဲ၊ ဒါကယ်တာဘဲ ဆိုတာ တကာတကာမတွေ့ သေချာပလား.... (သေချာပါပြီဘုရား)။

တခါတည်း သုဗြဟ္မနတ်သားရော မောင်နိုင် သူနဲ့လိုက်ပြီး တရားနာတဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေရော ဘာဖြစ်ကုန်သလဲ.... (သောတာပန် တည်ပါတယ်ဘုရား)။

ဟာ.... ငရဲသွားမည့် ပုဂ္ဂိုလ်က သောတာပန်တည်တယ်.... (မှန်ပါ့) ဘယ်သူတုံး....တည်တာ.... (တာဝတိံသာ နတ်တွေပါဘုရား)။

ငရဲ သေချာပြီးသားတွေက ဘာတုံး.... ( သောတာပန် တည်ပါတယ်ဘုရား)။

ငရဲလွတ်သွားတယ်....(မှန်ပါ့) နောက် ဒီနေရာပြန်ရောက်ဘို့ ရှိသေးသလား.... (မရှိပါဘုရား)။

ဒါ ဘယ်သူသတ္တိတုံးဆိုတော့ ဗောဇ္ဈင် မဂ္ဂင်အကျင့် ကျင့်လိုက်တာ... (မှန်ပါ့)။

တကာကြီးလှိုင် ရိပ်မိပလား... (ရိပ်မိပါပြီ) ဘာကျင့်လိုက်တာတုံး....(ဗောဇ္ဈင် မဂ္ဂင်အကျင့် ကျင့်လိုက်တာပါဘုရား)။

ဗောဇ္ဈင်မဂ္ဂင်အကျင့်ဆိုတာ ခင်ဗျားတို့က စာလိုပြောနေတာ၊ ဖြစ်ပျက်ရှုတာဟာ ဒါ....ဗောဇ္ဈင်မဂ္ဂင်ချည့်ဘဲ....(မှန်ပါ့) ဒီထဲ မဂ္ဂင်ကပါမနေဘူးလား.... (ပါနေပါတယ်ဘုရား) ဗောဇ္ဈင်ကကော.... (ပါပါတယ်ဘုရား)။

အဲ .. ဗောဇ္ဈင်နဲ့ မဂ္ဂင်ဆိုတာ ဘာမှထူးတာမဟုတ်ဘူးဆိုတာ မှတ်လိုက်စမ်းပါ(မှန်ပါ့) ရှုပွားနေတဲ့အလုပ် ဟူသရွေ့ကို ဗောဇ္ဈင်မဂ္ဂင်ချည့်ဘဲမှတ်....(မှန်ပါ့) သဘောကြပလား.... (သဘောပါပြီဘုရား)။

ဒါဖြင့် ဒါ....ခရီးပေါက်အောင် လိုက်လိုက်တော့လဲ ငရဲပြည်ရပြီးသား ကယ်တင်တာ ဗောဇ္ဈင်မဂ္ဂင်ဘဲ....(မှန်ပါ့)။

ငရဲပြည်ရပြီး.... (ကယ်တင်တာ ဗောဇ္ဈင် မဂ္ဂင်ပါဘုရား)။

ဗောဇ္ဈင်မဂ္ဂင်ဘဲဆိုတော့ ခင်ဗျားတို့လဲ ဆရာ ဘုန်းကြီးက ခမေ့လို့ရှိယင် ဒါ ဗောဇ္ဈင်မဂ္ဂင်ဖြစ်တာဘဲ.... (မှန်ပါ့)မေ့ယင်တော့ဖြင့် ဗောဇ္ဈင်မဂ္ဂင် ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ သုဗြဟ္မ နတ်သားကို ဒီအတိုင်းဘဲ သင်ဟာ ဝိပဿနာအလုပ်ကိုသာ လုပ်ပါလို့တိုတိုပြောလိုက်တော့ ဒါလုပ်လိုက်တော့ ဟိုပုဂ္ဂိုလ်တွေတော့ မေ့ဘေးသင့်လို့ မောင်နိုင်မတတ်နိုင်တော့ဘူး (မှန်ပါ့)ဘုရားတတ်နိုင်သေးရဲ့လား (မတတ်နိုင်ပါဘုရား ) ဒါကလေးကတော့ အချိန်မှီလိုက်သေးတယ်.... (မှန်ပါ့)။

ငါးရာနဲ့ တယောက်ကတော့ အကုန် အပါယ်လေးပါးလွတ်သွားပြီး နိဗ္ဗာန်ဝင်ကြတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါဖြင့် မေ့ဘေးသင့်တာက ငါးရာဟုတ်လား....(မှန်ပါ့)ကျန်

တဲ့ ငါးရာ့တယောက်က မေ့ဘေးဖယ်ရှားပြီး မမေ့တဲ့အလုပ် လုပ်လိုက်တဲ့အတွက် သောတာပန် တည်ကုန်ကြတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဘုန်းကြီး စိုးရိမ်တာ တကာတကာမတွေ ဘာပါ လိမ့်.... ( မေ့ဘေးပါဘုရား ) ပါဠိတော်အလို ဘာပါလိမ့်.... (အသဒ္ဓမ္မတောဝပါဘုရား)။

အသဒ္ဓမ္မတောဝါကြောင့် ငါးရာစလုံး ဘာဖြစ်သွားသတုံး (အစီစိကျပါတယ်ဘုရား)။

နောက်ကျတဲ့အခါကျလို့ရှိယင်ဖြင့် မမေ့တဲ့ပုဂ္ဂိုလ်တွေက ငါးရာနဲ့တယောက်က ဘာဖြစ်သွားသတုံး.... ( သောတာပန် တည်ပါတယ်ဘုရား)။

ကြည့်စမ်းပါဦး၊ မိုးနဲ့မြေကြီး ကွာသွားတယ်.... (မှန်ပါ့) မကွာဘူးလား.... (ကွာပါတယ်ဘုရား)။

မိုးနဲ့မြေကြီး ကွာတယ်နော်၊ ဟိုက ဟိုအောက် အဝီစိမှာ ဒီက ဟိုအပေါ်မှာ သောတာပန်တည်ပြီး နိဗ္ဗာန်မှာ.... (မှန်ပါ့) ဘယ်လောက်ကွာသတုံး.... (ကွာပါတယ်ဘုရား)။

ဒါဖြင့် မေ့တဲ့ပုဂ္ဂိုလ်နဲ့ မမေ့တဲ့ပုဂ္ဂိုလ် တကာတကာမတို့ အင်မတန် မခြားနားဘူးလား.... (ခြားနားပါတယ်ဘုရား)အဲဒါ ဆရာဘုန်းကြီးက တကာ တကာမတွေ ဘာစိုးရိမ်ပါလိမ့်.... (မေ့ဘေးသင့်မှာ စိုးရိမ်ပါတယ်ဘုရား)။

အောက်သွားချေရဲ့၊ အောက်သွားချေရဲ့လို့ ဒါ....မစိုးရိမ် ထိုက်ဘူးလား.... (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

ဟာ....ဒီဟာ ဘုန်းကြီးကလဲ ဒါလောက် ဟောထားတာဘဲ၊ ဒို့တော့ဖြင့် တနေ့တကြိမ်ဖြစ်စေ.... နှစ်ကြိမ်ဖြစ်စေ....လုပ်တိုင်း

ကိုင်တိုင်းဖြစ်စေ ဒီဖြစ်ပျက်ကို သတိထားမယ် ဆိုလိုက်လို့ရှိယင် လဲ ခုနင်က သုပြဟ္မနတ်သားတို့ အပါယ်တားနိုင်တယ်ဆိုတာလဲ သေချာတယ်....(မှန်ပါ့) သေသေ ချာချာ သွားမည့်ပုဂ္ဂိုလ်ကို တားတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ဘာပူစရာရှိသလဲတဲ့မေ့ဘေးတခုသာ ရှောင်....(မှန်ပါ့)။

ကိုဝတို့ ကိုပေါတို့ ဘာရှောင်ရမလဲ.... ( မေ့ဘေးတခုသာ ရှောင်ရပါမယ်ဘုရား)။

မေ့ဘေးကို ရှောင်ပြီးသကာလ ရှုရေးကိုသာဆောင်မယ် ဆိုယင်ဖြင့် ဘာမှမပူနဲ့....(မှန်ပါ့)။

မေ့ဘေးကိုရှောင်.... (ရှုရေးကို ဆောင်ရမယ်)ရှုရတဲ့အရေး ကိုဆောင်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မေ့ဘေးကို.... (ရှောင်ရပါမယ်) ရှုရမည့်အရေးကို(ဆောင် ရပါမယ်ဘုရား)။

အဲဒါ ဒီမိုးနဲ့ မြေကြီးကွာသလို အကျိုးပေးကွာသွားမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် လုပ်တတ်ကြပလား....(လုပ်တတ်ပါပြီ) ဒါဖြင့် ဖြစ် ပျက်ရှုတဲ့အလုပ်ဟာ သာမည အရေးကြီးသလား.... အထူးဘဲ ခရီးပေါက်လွယ်သလား.... (အထူးဘဲ ခရီးပေါက်လွယ်ပါတယ် ဘုရား) ဒီ- ငါးရာ့တယောက်ဟာ ချက်ခြင်းသေချာသွားတယ် (မှန်ပါ့)။

အဲဒါကြောင့် ဖြစ်ပျက်မြင်အောင် ရှုပါ။ ဒီ့ထက်ရှုနိုင်လို့ ရှိယင် ဖြစ်ပျက်မုန်းအောင်ရှုပါ.... (မှန်ပါ့) ဟာ....ဒီ့ထက် ခင် ဗျားတို့ မပျင်းမရိဘဲနဲ့ မေ့ဘေးမသင့်ပါစေနဲ့၊ ဆုံးအောင်

လိုက်၊ လိုက်စမ်းပါဆိုယင် ပြီးသွားတာဘဲ....(မှန်ပါ့) မပြီးဘူးလား....(ပြီးပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဘေးတကာ့ဘေး ဘယ်ဘေးကြောက်စရာအကောင်းဆုံးတုံး....(မေ့ဘေး ကြောက်စရာ အကောင်းဆုံးပါဘုရား) မေ့ဘေးကို ပါဠိလိုက.... (အသဒ္ဓမ္မတောဝါပါဘုရား)။

အဲ.... အသဒ္ဓမ္မတောဝါကို သဒ္ဓမ္မတောဝါဖြစ်အောင် လုပ်ပေး....(မှန်ပါ့) သဒ္ဓမ္မတောဝါ....ဆိုတဲ့ဥစ္စာလုပ်ပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အသဒ္ဓမ္မကို သဒ္ဓမ္မသာ ဖြစ်လို့ရှိယင် သေချာပေါ့လို့ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီနေ့ တရားနာရီတောင် ပိုသွားပြီ.... (မှန်ပါ့) ကဲ....ဒီနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

**ဘုရားအကြိုက်ဆုံး ပူဇော်နည်း**

# ညအလုပ်ပေးတရားတော်

အခါကာလ မဟုတ်ဘဲနဲ့ ပွင့်လာပြီး ပန်းပွင့်တွေကဘုရားကို ပန်းမွှေ့ရာအဖြစ်နဲ့ ပူဇော်ကြတယ်လို့ မနေ့က ပြောခဲ့တယ် (မှန်ပါ့)။

လူတွင်မက ကာမာဝစရ နတ်သားတွေကလဲ စတုမဟာရာဇ်တာဝတိံသာက လာပြီးသကာလ ဘုရား ပရိနိဗ္ဗာန် စံခါနီးမှာ မောင်နိုင် မကြဲချဘူးလား....(ကြဲချပါတယ်ဘုရား)။

ဒါတွင် မကသေးပါဘူးတဲ့ ဗြဟ္မာတွေကလဲ အင်မတန်မွှေးကြိုင်တဲ့ အမှုန့်တွေ နံ့သာမှုန့်တွေကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံခါနီးမှာ အကုန် ကြဲပြီးသကာလ ဒီနေရာချကြလို့ မွှေးကြိုင်နေကြတာဘဲ၊ ဒါလဲ ပူဇော်တာဘဲမဟုတ်လား....(မှန်ပါ့)။

နောက်တခါ အားလုံးသောနတ်တွေ အကုန်လာပြီး အတီးတွေ အမှုတ်တွေနဲ့ အမျိုးမျိုးအဖုံဖုံ ကောင်းကင်က မပူဇော်ကြဘူးလား.... (ပူဇော်ပါတယ်ဘုရား)။

အဲဒီတော့ ရှင်အာနန္ဒာက အံ့အားသင့်တယ်၊ ပရိနိဗ္ဗာန်စံကာနီး ရှင်အာနန္ဒာက အံ့အားသင့်ပြီးသကာလ မေးတယ်၊ ဩော်.... အသက်မရှိတဲ့ အင်ကြင်းပင်ကြီးနှစ်ခုကလဲ အခါကာလမဟုတ်ဘဲနဲ့ ပွင့်တယ်၊ ပွင့်ပြီးပန်းပွင့်တွေချက်ခြင်းကြွေကျတယ်၊ ဘုရားကို ပန်းမွှေ့ရာအဖြစ်နဲ့ ပူဇော်ကြတယ်၊ မန္ဒာရဝနတ်ပန်းတွေကလဲ ထို့အတူ ပူဇော်ကြတယ်၊ တယ်ကြည်ညိုစရာကောင်းပါကလား.... ပူဇော်တာတွေကဖြင့် မနည်းလှပါကလား၊ နတ်တွေကလဲ တီးကြမှုတ်ကြနဲ့ ကောင်းကင်ကနေပြီး တီးကြမှုတ်ကြပြီး ပရိနိဗ္ဗာန်စံကာနီး ပူဇော်နေကြတယ်၊အဲဒါ ရှင်အာနန္ဒာက သိတယ်....နော်....(မှန်ပါ့)။

ရှင်အာနန္ဒာကသိလို့ ရှင်အာနန္ဒာက အရှင်ဘုရား....ဒီပူဇော်ပွဲကြီးကဖြင့်ခမ်းနားပါပေတယ်.... ကြီးကျယ်ပါပေတယ်၊အတီးတွေရော အမှုတ်တွေရော ပန်းတွေရော စုံလို့ကိုဘဲ။

ညီတော်အာနန္ဒာတဲ့ ဒီပူဇော်ခြင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကုသိုလ်တော့ ရပါတယ်ကွာ....ငါဘုရားအကြိုက်ဆုံးတော့ မကျသေးဘူးတဲ့။

ကုသိုလ်တော့.... (ရပါတယ်ဘုရား) ဘုရားအကြိုက်ဆုံးတော့ (မကျသေးပါဘုရား) ဒါကလေး မှတ်ထားကြပါ.... (မှန်ပါ့)။

ဒါကလေး မှတ်ထားကြပါ တကာတကာမတို့ ဘုရားကတော့ ပူဇော်တာ ကုသိုလ်တော့ ရပါတယ်တဲ့၊သို့သော်ငါဘုရားအကြိုက်ဆုံးတော့ မကျဘူး....(မှန်ပါ့) သဘောပါလား.... (ပါပါတယ်ဘုရား)။

ကောင်းကင်က အတီးတွေ အမှုတ်တွေနဲ့ ပူဇော်နေတာဘဲ တကာတကာမတို့ အဲဒါ ပူဇော်နေတဲ့ဥစ္စာ ညီတော် အာနန္ဒာ

ခေါ်ပြီးသကာလ ပြောတယ်၊ ညီတော် အာနန္ဒာ အခုပူဇော်ပသ,နေကြတာတွေ မြင်ပြီလားကွ....တဲ့ မြင်ပါပြီဘုရား....အင်မတန် ထူးထူးခြားခြားကြီး....။

အဲဒါ ငါဘုရားအကြိုက် မကျသေးဘူးကွ.... ကုသိုလ်တော့ ရပါရဲ့... ငါဘုရား ပူဇော်ကြတာတွေ၊ အင်ကြင်းပင်ကြီးကလဲ ပူဇော်၊ ကောင်းကင်ကလဲ စတုမဟာရာဇ် တာဝတိံသာ ယာမာနတ်တွေကလဲ ပန်းအမျိုးမျိုး အမွှေးအကြိုင် အမျိုးမျိုးအတီးအမှုတ် အမျိုးမျိုး ပူဇော်ကြတာတွေဟာ ပူဇော်တော့ ပူဇော်ကြတာဘဲ၊ ငါဘုရားအကြိုက်ကြီးတော့ မကျသေးဘူး၊ကုသိုလ်တော့ရရဲ့....(မှန်ပါ့) မောင်နိုင်.... ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား) ကိုပေါ် သဘောကျပလား....(ကျပါပြီ)။

ငါဘုရားအကြိုက်ကို သေသေချာချာ ပရိနိဗ္ဗာန်စံကာနီး မင်းတို့ကို ငါပြောမယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ငါဘုရားအကြိုက်ကို ငါသေသေချာချာ ပြောရလို့ရှိယင် "ဓမ္မာနု ဓမ္မပဋိပန္နော သာမိစိပဋိပန္နော အနုဓမ္မစာရီ" ဟာ ငါ့အကြိုက်ဆုံးဘဲ၊ အလုပ်-လုပ်နေပြီးသကာလနေတာဟာ ငါဘုရားကို ပူဇော်နေတာဘဲ....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အနိစ္စရှုနေတာဟာ ဘာပါလိမ့်.... (ဘုရားပူဇော်နေတာပါဘုရား)။

ဩော်....ဘုရားပူဇော်နေတာ၊ ဘုရားသခင် ကိုယ်ထော်မြတ်ကြီးဟောလို့.... သိရပေတယ်၊ ဒီ .... သိကြတာသည်ကားလို့ဆိုယင် ဘုရားအပေါ်မှာလဲ ပူဇော်ရာရောက်၊ သူလဲ နိဗ္ဗာန်ဆိုတဲ့ ထွက်ရပ်လမ်း မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီ ငါကလဲ ထွက်ရပ်လမ်းကို မင်းတို့ကိုရောက်စေချင်တယ် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကြီး ရောက်စေချင်တယ်၊မင်းတို့ကလဲ ရောက်တဲ့အလုပ် လုပ်တော့ ငါဘုရားအကြိုက်ကြတဲ့ ဒီပူဇော်ပုံ မျိုးကျတော့ ငါက အကြီးဆုံးလက်ခံတယ်....(မှန်ပါ့) သဘော ပါကြလား.... (ပါပါပြီဘုရား)။

ဘုရား....အကြီးဆုံး လက်ခံတာက ဘယ်ဟာ လက်ခံတာ တုံး.... (တရားကျင့်တာပါဘုရား) တရား ကျင့်ကြံကြိုးကုတ်အား ထုတ်တာကို အကြီးဆုံး ပူဇော်ခြင်းအဖြစ်နဲ့ လက်ခံပါတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တရားနဲ့ ပူဇော်တယ်ဆိုတော့ ရွတ်နေတာတွေ သွားမယူနဲ့ နော်(မှန်ပါ့)"ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" ဆိုတာတွေ သွားယူမနေနဲ့တဲ့၊တရား ကျင့်ကြံ ကြိုးကုတ်အား ထုတ်နေတာကို မောင်နိုင်ရေ ...ဒီဥစ္စာပူဇော်တာမှတ်.... (မှန်ပါ့ ဘုရား)။

ဘုရားက သူ....နိဗ္ဗာန် ရောက်သလို ရောက်စေချင်တဲ့ ဆန္ဒ အစကမရှိဘူးလား.... (ရှိပါတယ် ဘုရား) ဒီကလဲ နိဗ္ဗာန် ရောက်တဲ့ အလုပ်ကို လုပ်နေတော့ ပိုမိုပြီး ဘယ်လောက်ထိအောင် ဘဲ ပူဇော်ခံပြီး ဝမ်းမြောက်မယ်ဆိုတဲ့ဥစ္စာ ဘုရား ဝမ်းမြောက် တော်မူတာလဲ ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီဘုရား) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ ဘုရားအကြီးဆုံး ပူဇော်ခြင်းကြိုက်တာက ဘယ်ဟာကြိုက်တာတုံး (တရားကျင့်မှုကိုကြိုက်ပါတယ်ဘုရား)။

တရားကျင့်ကြံကြိုးကုတ်အားထုတ်မှုဟာပူဇော်တကာ့ပူဇော် ထဲမှာအမြတ်ဆုံး ပူဇော်ခြင်း၊ ပရမာယ ပူဇာယလို့ ဆိုခြင်း

ကြောင့်တကာတကာမတို့ဘာမှတော့ သဒ္ဒါတရားတွေနဲ့အလျှင် မလှုပ်ပါနဲ့ ပူဇော်အစစ်သာရှာ အကြိုက်ဆုံးပါဘဲ....(မှန်ပါ့) ကိုဝ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

တရားအားထုတ်နေတာသည် တကာတကာမတို့ ဥဒယဗ္ဗယ ဆိုတဲ့ ဖြစ်မှု ပျက်မှုတွေ ရှုနေတာ ဖြစ်မှု ပျက်မှုတွေ မှန်းပြီး သကာလနေတဲ့ဉာဏ် ဖြစ်မှု ပျက်မှုကလေးတွေ သိတဲ့ဉာဏ်တွေ သူ့ဟာသူတက်ပြီး ဖြစ်ပျက်မှုတွေဆုံးသွားတဲ့ နိဗ္ဗာန်မျှားရောက် မယ်ဆိုတော့ အို....ငါဘုရား ပူဇော်နေလိုက်တာ ငါဒီလောကသူ တို့ကို ရောက်စေချင်တယ်၊ ရောက်တဲ့အလုပ်ကို လုပ်နေတယ်ဆို ဝမ်းသာလိုက်တာကွာ....တဲ့ ဘုရားက....(မှန်ပါ့) သဘောကျကြ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အကြီးဆုံးပူဇော်ခြင်းဟာ ဘာပါလိမ့်မလဲ....(တရား ကျင့်ကြံကြိုးကုတ် အားထုတ်မှုပါဘုရား)။

ဩော်.... တရားအားထုတ်နေတာဟာ ခင်ဗျားတို့က လက် အုပ်မချီငြားသော်လဲ အကြီးဆုံးပူဇော်ခြင်းဘဲ....(မှန်ပါ့ဘုရား)။

လက်အုပ် မချီငြားသော်လဲ.... (အကြီးဆုံး ပူဇော်ခြင်းပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီလို သိပြီးသကာလ ဒါက မောင်နိုင်တို့ ကိုစံမြတို့ ကိုပေါ်တို့က စဉ်းစားလိုက် ဩော်ဘယ့်နှယ်ကြောင့် ဒီစကား သုံးပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

ခုနင်က အချိန် မရောက်ဘဲနဲ့ အင်ကြင်းပင်တွေက ပရိနိဗ္ဗာန် စံယူမည့်အချိန်မှာ အချိန်ကာလ မဟုတ်ဘဲနဲ့တပြိုင်နက်ပွင့်တယ် ခြေရင်းက ခေါင်းရင်းကနေ ပွင့်ပြီး ကိုင်းတယ်၊ ကိုင်းလာပြီးမှ

အပွင့်တွေကြွေကျတယ်.... (မှန်ပါ့) သဘောကျလား.... (ကျပါတယ်ဘုရား)။

မနောဒွါရ နတ်ပန်းတွေကလဲ လူတွေမမြင်ရပါဘူး၊ကောင်းကင်က ကြွေကျပြီး ဘုရားရှေ့တော်မှောက်မှာ ပူဇော်နေကြတယ်.... (ပူဇော်ပါတယ်ဘုရား) အင်မတန်မွှေးကြိုင်တာတွေ ဗြဟ္မာတွေကလဲ ယူလာပြီးသကာလမပူဇော်ကြဘူးလား....(ပူဇော်ပါတယ်ဘုရား)။

အဲဒါ ဘုရားက အကျေနပ်ကြီး ကျေနပ်တော်မူတဲ့ ပူဇော်ပွဲလား....လို့ မောင်နိုင်တို့ မေးနေတို့ ဘုရားက ထုတ်ပြောပြီ.... (မှန်ပါ)။

ကောင်းကင်က ပူဇော်တာ အတီးတွေ အမှုတ်တွေနဲ့ပူဇော်နေတာကွာ....တဲ့ အမြတ်ဆုံးပူဇော်ခြင်းလို့ ငါမမြင်သေးပါဘူးတဲ့....(မှန်ပါ့)။

ဓမ္မာနု ဓမ္မပ္ပဋိပန္န....တရား ကျင့်နေတာဖြစ်ပျက်ရှုလို့ဖြစ်ပျက်သိနေတာ ဖြစ်ပျက်အဆုံး နိဗ္ဗာန် အာရုံပြုပြီးသကာလနေတာ အဲဒါ သူတို့ဟာသူတို့ လုပ်ဩားသော်လဲ ငါဟောတာ ဒီဟာလုပ်စေချင်လို့ ဒီဟာလုပ်တော့ ဝမ်းသာတာပေါ့....တဲ့.... (မှန်ပါ့) ကိုစံမြ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေလဲ ဆရာသမားဘာနဲ့ပူဇော်တာ အကောင်းဆုံးလဲဆိုလို့ရှိယင်လဲ မောင်နိုင်ရေ (တရားကျင့်တာပါဘုရား) တရားကျင့်ပြီး ကိုဝ ပူဇော်နေတာ အကောင်းဆုံးဘဲ.... ( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါ့ကြောင့် ဒါနဲ့ဘဲ မောင်နိုင်ရေ.... စပ်မိလို့ဘဲ အဲဒီအချိန်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး နောက်ဆုံးလရှိ ပရိနိဗ္ဗာန်စံမယ်ဆိုပြီး အခု အင်ကြင်းပင်တွေ အောက်တောင် ရောက်လာပြီဆိုတာ မောင်နိုင်သိပါပြီ....(သိပါပြီဘုရား)။

အဲဒီမှာ တဲသဆိုတဲ့ ရဟန်းကြီးတပါးက ဘုရားပရိနိဗ္ဗာန်မစံမီ သူက ဘုရားအကြိုက်ဖြစ်တဲ့ နိဗ္ဗာန်အရောက်လုပ်မယ်လို့ အမြဲ စွဲမြဲထားပြီးသကာလ မောင်နိုင် ဝိပဿနာအလုပ် လုပ်တယ်နော်....(မှန်ပါ့)။

ဝိပဿနာအလုပ် လုပ်ပြီးသကာလနေတော့ ဒီ့ပြင်ရဟန်းတွေကတော့ မသိလား မရှိလားဆိုပြီး တိဿကြီးသွားခေါ်ကြတယ်ကိုဝ....နော်.... (မှန်ပါ့)။

ခေါ်ပင် ခေါ်ငြားသော်လဲ မလိုက်လာဘူး၊ မလိုက်လာလို့ ဘုရားသွားလျှောက်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာ.... တိဿငါ့ဆီက တရားတွေ ယူပြီးသကာလ တရားတွေကြိုးစားပြီးသကာလ ငါဘုရားမမာတော့ ပြန်လို့မှ လှည့်မကြည့်ဘူး။

အရှင်ဘုရား.... ဒါကြောင့် တိဿကြီး တပည့်တော်တို့ နှစ်ခါရှိပါပြီ သွားခေါ်တာ....။

ကဲ.... ဒါဖြင့် ငါ့အမိန့်နဲ့ဘဲ ခေါ်လိုက်ပါဦးကွ....ဆိုပြီး မောင်နိုင် အခေါ်မခိုင်းဘူးလား.... (ခိုင်းပါတယ်ဘုရား)။

အဲဒီတော့ ဘုရားအမိန့်ဆိုတော့ ကိုဝ....ရေ.... လိုက်လာတာပေါ့.... (မှန်ပါ့) လိုက်လာတဲ့အခါကျတော့ တိဿ....ငါအခု ပရိနိဗ္ဗာန် စံတော့မယ်ဆိုတာ မင်းမသိဘူးလား၊ သိပါတယ်ဘုရားတဲ့....။

နို့....ဘာဖြစ်လို့ဝေယျာဝစ္စတွေ ဝေယျာဝစ္စဒါနဝေယျာဝစ္စ သီလတွေ ဆေးရှာဝါးရှာတဲ့ဒါန ငါကိုယ်တော်မြတ်ကြီး ပြုစုတဲ့ ဝေယျာဝစ္စသီလတွေကို မင်းကျေးဇူးရှင်ကို ကျေးဇူးမသိတတ်လို့ မပြုဘဲနေတာလားလို့ မောင်နိုင်မေးတယ်....(မှန်ပါ)။

တပည့်တော်ဘုရား.... ကျေးဇူးရှင်၏ ကျေးဇူး သိတတ်ပါ တယ်၊ သို့သော်လဲ အရှင်ဘုရားက ထွက်သက် ဝင်သက်ရှိတုန်း က မင်း....ရုပ်နာမ် ဓမ္မတွေ၏ ဖြစ်ပျက်တွေ ရှုရမယ်၊ ၎င်းဖြစ်ပျက် အဆုံးမှာမှ နိဗ္ဗာန်ရှိတယ်ဆိုတာ အရှင်ဘုရားက ဟောထားလို့ တပည့်တော်က ဒီဟာတွေ အဓိပ္ပါယ် အစကတည်းက တွေးပြီး သကာလနေတော့ ဖြစ်ပျက်အဆုံးကို အရှင်ဘုရားရှိတုန်း ရောက် အောင်လို့ ကြိုးစားနေပါတယ်ဘုရား၊ ဒါ့ကြောင့်အရှင်ဘုရား ဆီ ဝေယျာဝစ္စ လာပြုခြင်းအလုပ်ကို တပည့်တော် မလုပ်ပါ ဘုရား....ဆိုတော့မှ တကာတကာမတို့ သာဓု....သာဓု....သာဓု.... သုံးကြိမ်ခေါ်တယ်....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

သာဓု....သာဓု....သာဓု....ဘယ်နှစ်ကြိမ်ခေါ်ပါလိမ့်(သုံးကြိမ် ခေါ်ပါတယ်ဘုရား)။

ဟောဒီ ငါ့အနားမှာ ပြုစုနေကြတဲ့ ပုဂ္ဂိုလ်တွေက ဓမ္မနဲ့ ပူဇော်ရာ မရောက်ဘူးကွ.... ဝေယျာဝစ္စ သီလကလေးနဲ့ ကျေနပ် နေကြတယ်....(မှန်ပါ) ထိုပုဂ္ဂိုလ်က ဓမ္မာနုဓမ္မပဋိပတ်နဲ့ ပူဇော် နေတာကွ.... တိဿက.... တိဿက....နော်....(မှန်ပါ)။

တိဿက တရားနဲ့ ပူဇော်တာကွ၊ မင်းတို့ တရားနဲ့ ပူဇော် တာမဟုတ်ဘူး၊ ဝေယျာဝစ္စနဲ့ ပူဇော်နေတာ ဖြစ်သောကြောင့် ငါဘုရားကို တကယ်တမ်း ကြည်ညိုလေးစားကြပါမူကား၊ ဓမ္မာနု

ဓမ္မပဋိပတ္တိအလုပ်ကို လုပ်ပါမှ ငါဘုရားကို အကြီးဆုံးပူဇော်တာဘဲလို့ အဲဒါ ဓမ္မပဒမှာလာတယ်....(မှန်ပါ့)။

မောင်နိုင် ရှင်းပလား....(ရှင်းပါပြီ) နောက်ကတကာတကာမတွေ အကြီးဆုံးပူဇော်တဲ့ အလုပ်ဟာ ဘာပါလိမ့်.... (ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ပါဘုရား)။

တရားကျင့်ကြံ ကြိုးကုတ် အားထုတ်နေတာဟာ အကြီးဆုံးပူဇော်တာဘဲ ဆိုတာ တကာ တကာမတွေ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ကဲ.... မောင်နိုင်တို့ ရှင်းပလား.... (ရှင်းပါပြီ) အဲဒီတော့ တကာတကာမတို့ ဆရာသမားပူဇော်တယ်ဆိုတာလဲ တရားနဲ့နေမှုဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဆရာသမားက နေ့တိုင်းဟောတာလဲ နေ့တိုင်း ဆုပေးတာကို တကာတကာမတွေ နားထောင်ကြည့် သိပါတယ်(မှန်ပါ့) အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျှင်မြန်စွာမဂ်ဉာဏ်ကို ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေ-နိဗ္ဗာန်သို့ ရောက်သည်ဖြစ်စေလို့ မပေးဘူးလား.... ( ပေးပါတယ်ဘုရား)။

ဘယ်နှစ်ခါ ပေးသတုံးလို့ မေးလို့ရှိယင် နေ့တိုင်းပေးပါတယ်ဘုရားလို့ ဆိုရမယ်....(မှန်ပါ့)။

ကဲ....ဒါဟာ ဘုရား၏ တပည့်သား ဖြစ်တဲ့အတွက် ဆရာသမားအလိုရှိတာ ဝမ်းထဲက ထုတ်ပြောတာဘဲ.... (မှန်ပါ့)။

ခင်ဗျားတို့ ဝိပဿနာဉာဏ် အားထုတ်တာ ဝိပဿနာဉာဏ်ကနေပြီး မဂ်ဉာဏ် ကျေးဇူးပြုပါလိမ့်မယ်။ အဲဒီ မဂ်ဉာဏ်ကနေပြီး နိဗ္ဗာန်ကို မြင်ပါလိမ့်မယ်၊ အဲဒါကို ခင်ဗျားတို့ အား

ထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်ကို ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေ(မှန်ပါ့) မောင်နိုင် နေ့တိုင်းမပေးဘူးလား.... (ပေးပါတယ်ဘုရား)။

ဝိပဿနာ လုပ်ပြီးသကာလ မဂ်ဉာဏ် ရောက်ပါစေ၊မဂ်ဉာဏ် ရောက်ပြီးသကာလ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေလို့ အားလုံး တကာတကာမတို့ နေ့တိုင်း မပေးဘူးလား.... (ပေးပါတယ်ဘုရား)။

ဆရာ အလိုရှိတာ ဒါဘဲ....(မှန်ပါ့ဘုရား) ဘုရားအလိုရှိတာ လဲ.... (ဒါပါဘဲဘုရား)။

အဲဒီတော့ တကာတကာမတွေ ဒီအလုပ် လုပ်နေလို့ရှိယင် ဖြင့် ဆရာသမားကို ပူဇော်ရာ ဘုရားကို ပူဇော်ရာသေသေချာချာ မရောက်ဘူးလား(ရောက်ပါတယ်ဘုရား)။

အဲ....သေသေ ချာချာ ရောက်တဲ့အတွက် ဩော်.... ဘုရား အကြိုက်လဲ ဒါဘဲ၊ ဒို့ဆရာသမားအကြိုက်လဲ ဘုရား၏ တပည့် သားဖြစ်သောကြောင့် ဒါဘဲ အတူလိုက်ပြီး ကြိုက်တာဘဲဆိုပြီး ဒါကြိုးစားရမှာကိုဝ.... ( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ဒါဘဲ ကြိုးစားစရာ ရှိတယ်ဆိုတော့ မနေ့ကလဲ တကာတကာ မတွေ တချို့မပါလာလို့ ပြောပါတယ်၊ ဒီအင်ကြင်းပျိုကြား မြောက်သို့ ခေါင်းပြုပြီးသကာလ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံတော့မည့်အချိန် ရောက်တဲ့အခါကျတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ငါကွာတဲ့.... မင်းတို့ကို ၄၅-ဝါကာလ ပတ်လုံး ဟောတဲ့တရားတွေကို အကျဉ်းချုပ်ကလေးတလုံးတော့

မင်းတို့ကို ဆုံးမချင်သေးတယ်ဆိုပြီး မဆုံးမဘူးလား.... (ဆုံးမပါ တယ်ဘုရား)။

၄၅–ဝါ ဟောထားတဲ့ တရားကို ချုံ့ယူလိုက်လို့ ရှိယင် တလုံးတည်းနဲ့ ပြီးပါတယ်ကွာ .... ဆိုတာကော မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဘယ်နှစ်လုံးနဲ့ ပြီးသလဲ....(တလုံးနဲ့ ပြီးပါတယ်ဘုရား)ကဲ.... ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ အလို လိုဘဲ ခင်ဗျားတို့သန္တာန်မှာရှိတဲ့ ဝေဒနာကလေးတွေဟာအလိုလို ပေါ်သလား....ဟုတ်လား၊ ရုပ်တရားဟာ အလိုလိုပေါ်သလား ဆိုတာ အလိုလိုပေါ်တယ်ဆိုယင် မောင်နိုင် ထမင်းမကျွေးနဲ့.... ( မှန်ပါ ) ထမင်းကြောင့်ဖြစ်တဲ့ရုပ် မလာဘူး.... မဟုတ်ဘူး လား....(မှန်ပါ) နေပူမခံနဲ့၊ နေပူကြောင့်ဖြစ်တဲ့ရုပ် လာပါ့မ လား.... (မလာပါဘုရား) အအေးမခံနဲ့၊ အအေးကြောင့်ဖြစ်တဲ့ ရုပ်ကော.... (မလာပါဘုရား)။

ဒါဖြင့် မင်းတို့ ခန္ဓာကိုယ်ကြီးဟာ ပြုပြင်မှ ပေါ်လာတဲ့ သင်္ခါရတရားရုပ်....(မှန်ပါ)။

ခန္ဓာကိုယ်ကြီးဟာ ဘာတဲ့.... (ပြုပြင်မှ ပေါ်လာတဲ့ သင်္ခါရ တရားရုပ်ပါဘုရား)။

ပြုပြင်မှ ပေါ်လာတဲ့ တရားချည့်ဘဲ တကာတကာမတွေ တရားတပွဲလုံးမှာဖြင့် ကိုယ်စိုး ကိုယ်ပိုင်ထားတဲ့ဥစ္စာများ ပါကြ ရဲ့လား.... (မပါပါဘုရား)။

အင်း.... ပြုပြင်လို့ ပေါ်လာတဲ့ တရားကြီးနဲ့ အခု တရားနာ နေကြတယ်.... (မှန်ပါ) ဘုန်းကြီးက ဟောနေတာလဲ ပြုပြင်လို့

ပေါ်လာတဲ့ တရားကြီးနဲ့ ဟောနေတယ်လို့ဘဲ မှတ်ရုံဘဲ.... (မှန်ပါ့)။

အဲဒီ ပြုပြင်လို့ ပေါ်လာတဲ့တရား ဟူသ၍ဟာဖြင့် တကာ တကာမတွေ မှတ်လိုက်စမ်းပါတဲ့ သင်္ခါရတရားချည့်မှတ်လိုက်ပါ (မှန်ပါ့)။

ဒါကြောင့် ခန္ဓာငါးပါး သင်္ခါရတရားတို့သည်...ဆိုတာ များ မောင်နိုင် ကျေနပ်ဘို့ ကောင်းပါတယ်.... (ကောင်းပါ တယ်ဘုရား)။

ခန္ဓာငါးပါး....ဘာတဲ့....(သင်္ခါရတရားပါဘုရား) ပြုပြင်လို့ ပေါ်လာတာ....(မှန်ပါ့)။

ကိုဝ ဘယ့်နှယ်တုံး.... (ပြုပြင်လို့ ပေါ်လာတာပါ ဘုရား) ဆေးနဲ့ ပြုပြင်လိုက်တဲ့အခါကျတော့ ရောဂါပျောက်တဲ့ ဆေး ရုပ်ပေါ်လာတယ်....(မှန်ပါ့) လူမမာတွေများ ဆေးပေးလိုက်တဲ့ အခါကျတော့ နက်ဖြန် ရုပ်သွားကြည့်တော့ ဟာ....ငါ့ဆေးနဲ့ တည့်ပြီဆိုတာ သူသိတယ်....(မှန်ပါ့) မသိဘူးလား.... (သိပါ တယ်ဘုရား) ဆေးကြောင့်ဖြစ်တဲ့ဆေးရုပ်ကိုပြတယ်....(မှန်ပါ့)။

ဒါဖြင့် ဆေးတည်းဟူသောတရားက ပြုပြင်လိုက်လို့ ဆေး ကြောင့် သက်သာတဲ့ရုပ် ပေါ်မလာဘူးလား.... (ပေါ်လာပါ တယ်ဘုရား)။

အဲဒီ ပေါ်လာတဲ့ တရားဟာ သင်္ခါရတရား.... (မှန်ပါ့) ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ သင်္ခါရတရား.... (မှန်ပါ့)။

ထမင်းစားကောင်းတော့ တကာတကာမတွေရုပ်ကလေးတွေ ဘယ့်နှယ်နေကြသလဲ.... ( ကြည်ပါတယ်ဘုရား ) ကြည်တယ် ဝတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် အဲဒီ ကြည်တဲ့ ဝတ္ထုရုပ်ကို ဘာရုပ်လို့ ခေါ်ကြမလဲ (သင်္ခါရရုပ်ပါဘုရား) သင်္ခါရတရား....။

စားလို့ ကောင်းလိုက်တာ ဆိုတော့ ကောင်းလုံးကလေး ဟာလဲ အရသာက ပြုပြင်ပေးလို့ မောင်နိုင်ဆိုတာ ဖြစ်လာ တာ....(မှန်ပါ) အရသာက မပြုပြင် လိုက်ယင် .... (မဖြစ်ပါ ဘုရား)။

ဒါဖြင့် ကောင်းလုံးကလေး ဝေဒနာက္ခန္ဓာဟာ ဘာတုံး.... (သင်္ခါရတရားပါဘုရား) အင်း-ဘာနဲ့ဘာချက်ထားတာကိုးဆိုတဲ့ အမှတ်ကလေးဟာလဲ.... (သင်္ခါရပါ) သင်္ခါရတရားဘဲ (မှန်ပါ) စားလိုတဲ့ စေတနာကလေးကို ချက်ခြင်းပေါ်လာတာဘဲ ဆိုတာ ကော....(သင်္ခါရတရားပါဘုရား)။

အို....ကျုပ် ဒီ....စားချင်တဲ့ စိတ်နဲ့ကို စားလိုက်တာ၊ အားနာ ပါးနာ စားနေတာ မဟုတ်ပါဘူး၊ တကယ့်စားချင်တဲ့ စိတ်နဲ့ကို ဒီထမင်းတွေ ဒီဟင်းတွေ မြင်ကတည်းကိုက စားချင်တဲ့စိတ်ပေါ် လာတယ်၊ ဟင်း ထမင်းက ပြုပြင်လို့....စားချင်တဲ့စိတ်ပေါ်လာ တယ်....(မှန်ပါ)။

ဒါဖြင့် ခန္ဓာငါးပါးစလုံးဟာ ဘာတရားလို့ ခေါ်ကြမလဲ.... (သင်္ခါရတရားပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ခန္ဓာငါးပါးစလုံး ဘာတရားပါလိမ့်.... (သင်္ခါရတရားပါ ဘုရား) ကျေနပ်ကြရဲ့လား....(ကျေနပ်ပါတယ်ဘုရား)။

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ...."

ဘိက္ခဝေ= ငါ၏ချစ်သား တပည့်များတို့၊ ဟန္ဒ= ကိုယ်တော်ပန်း၍ နှိမ်းလှလေပြီ၊ဝေါ - တုမှာကံ = သင်ချစ်သားတို့အား၊ အာမန္တယာမိ = ငါ နောက်ဆုံးစကား မှာမယ် ဆိုပြီးတော့ ဘုရားက မမှာဘူးလား....(မှာပါတယ်ဘုရား)။

သင်္ခါရာ- မင်းတို့ ပြုပြင်လို့ ပေါ်လာတဲ့ မင်းတို့ခန္ဓာငါးပါး ရှိတယ်ကွာတဲ့....(မှန်ပါ)။

သင်္ခါရာ=ပြုပြင်လို့ ပေါ်လာတဲ့ ခန္ဓာငါးပါး မရှိကြဘူးလား.... (ရှိပါတယ်ဘုရား) ဝယဓမ္မာ= ကုန်ခြင်း ဆုံးခြင်းပျက်ပြုန်းခြင်းဖြစ်တယ် မဟောဘူးလား.... (ဟောပါတယ် ဘုရား) ပြုပြင်လို့ ပေါ်လာတဲ့တရားဟာကုန်ဆုံးပျက်တယ်....(မှန်ပါ)။

ပြုပြင်လို့ ပေါ်လာတဲ့တရား ဟူသ၍.... (ကုန်ဆုံးပျက်ပါတယ်ဘုရား) ကုန်ခြင်းဆုံးခြင်း ပျက်ပြုန်းခြင်းမှာ လမ်းဆုံးသွားတယ်ဆိုတာတကာတကာမတွေ့ ကျေနပ်ပလား(ကျေနပ်ပါပြီ)။

ပြုပြင်လို့ ပေါ်လာတဲ့ တရား ဘယ်မှာ လမ်းဆုံးသလဲ(ပျက်ခြင်း ပြုန်းခြင်း ကုန်ခြင်းမှာ လမ်းဆုံးပါတယ်ဘုရား)။

အဲ....ပေါ်လာတဲ့ တရားဟာဖြင့် ကုန်ခြင်း ဆုံးခြင်း ပျက်ပြုန်းခြင်းမှာဘဲနိဂုံးချုပ်လိုက်ရတယ်၊ (ဝါ) ဇာတ်သိမ်းလိုက်ရတယ်ဆိုတာ မောင်နိုင် ငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား) ကိုစံမြ ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သမုတိနယ်ထဲကနေပြီး ပြောကြပါစို့ ဆိုလို့ရှိယင်ဖြင့် အခု ခန္ဓာကိုယ်ကြီးဟာ ကံစိတ် ဥတု အာဟာရကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးဟာဖြင့် ကုန်ခြင်း ဆုံးခြင်း ပျက်ပြုန်းခြင်းဆိုတဲ့ သုသာန်မြေ

ပေါ်မှာ ကျုပ်တို့ ရောက်ရမှာဘဲ....(မှန်ပါ့) မရောက်ချင်ပါဘူး ဆိုလို့.... (မရပါဘုရား) မရဘူး၊ ကုန်ခြင်း ဆုံးခြင်း ပျက်ပြုန်းခြင်းမှာဘဲ လမ်းဆုံးရမှာဘဲဆိုတာ သေချာပလား.... (သေချာပါပြီ) အဲဒါက သမုတိသစ္စာ ဟောတာပါ....(မှန်ပါ့)။

ပရမတ္ထသစ္စာကတော့ အခု လျှာပေါ်မှာကောင်းတဲ့ကောင်းလုံးကလေး အခုလျှာပေါ်မှာပေါ် လျှာပေါ်မှာပျောက်တာဘဲ (မှန်ပါ့) အခု ရသာကလေးစားမိလို့ မောင်နိုင်....ကောင်းလုံးကလေးဟာ ဘယ့်နှယ်နေသတုံး.... (အခု ပျောက်သွားပါတယ်ဘုရား)။

အင်း.... ကောင်းလုံးကလေး ပေါ်လာတာဟာ သင်္ခါရ၊ ပျောက်တာ သည်ကားလို့ ဆိုလို့ရှိယင် အနိစ္စဘဲ....(မှန်ပါ့)။

ပေါ်လာတာ.... (သင်္ခါရပါ) ပျောက်တာ (အနိစ္စပါ)ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒို့မှာ ဥပ္ပါဒနဲ့ ဝယဘဲရှိတာပေါ့ မောင်နိုင်ရ.... (မှန်ပါ့) ဘာရှိသတုံး....(ဥပ္ပါဒနဲ့ ဝယဘဲရှိပါတယ်ဘုရား)။

ဥပ္ပါဒနဲ့ ဝယဆိုလို့ရှိယင် ဥပ္ပါဒ-က ဖြစ်တာဘဲ၊ ဝယ-က ပျက်တာဘဲ....(မှန်ပါ့) ဥပ္ပဇ္ဇိတွာ=ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ= ချုပ်ကုန်၏ဆိုတာလဲ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

တေသံ=ထိုဖြစ်ခြင်း ချုပ်ခြင်းတို့၏၊ ဝူပသမော = မရှိတဲ့ နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာ၏....(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အဲဒီ့ ပါဠိတော်နဲ့ကော မကိုက်ဘူးလား.... (ကိုက်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ပရိနိဗ္ဗာန်စံကာနီး ပြောပြတာကလဲ သင်္ခါရတရား ပျက်တတ်သည်၊ အဲဒါမမေ့နဲ့။

ပရိနိဗ္ဗာန် စံကာနီး မှာတာက ဘာတဲ့.... (သင်္ခါရတရားပျက်တတ်သည်၊ အဲဒါ မမေ့နဲ့) အဲဒါမမေ့နဲ့၊ ရှင်းပလား.... (ရှင်းပါပြီ)။

သင်္ခါရတရား....(ပျက်တတ်ပါသည်)အဲဒါကို.... (မမေ့ပါနဲ့ပါဘုရား)။

မမေ့နဲ့ဆိုတော့ ကျုပ်တို့ရှိတာက ဘာတရားရှိသတုံး(သင်္ခါရတရား ရှိပါတယ်ဘုရား)။

အင်း....မမေ့နဲ့ ဆိုတော့ စိုက်ကြည့်လိုက်တဲ့အခါကျတော့ ဘာတွေသတုံး.... (အပျက်တွေပါတယ်ဘုရား) အပျက်တွေတယ် ပြောင်....သင်္ခါရတရားမို့ ပျက်တာဘဲ....(မှန်ပါ့)မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

သင်္ခါရတရားမို့.... ( ပျက်ပါတယ်ဘုရား ) ပျက်တာဘဲဆိုတာ တကာတကာမတွေက သိလိုက်ပါတယ်၊ ဒီသိလုံးကလေးဟာ မဂ္ဂင်ပါဘဲ....မောင်နိုင်ရ တခြားမဟုတ်ပါဘူး....(မှန်ပါ့)။

သိလုံးကလေးဟာ ဘာခေါ်ကြမယ်(မဂ္ဂင်ပါဘုရား) သင်္ခါရတရား ပျက်တာကို မြင်တယ်ဆိုတော့ မြင်လုံးကလေးဟာ ဘာပါလိမ့်....(မဂ္ဂင်ပါဘုရား) မြင်လုံးကလေးဟာ မဂ္ဂင်ဘဲဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် သင်္ခါရတရား ပျက်တတ်တာကို မမေ့နဲ့ ဆိုလိုတယ် ဒီထဲမှာ သတိဦးစီးပါကွာ....(မှန်ပါ့) သမာဓိကော.... (ဦးစီးပါဘုရား) ဝီရိယကော....(ဦးစီးပါဘုရား) အကြံကော....(ဦးစီးပါဘုရား)ဉာဏ်ကော....(ဦးစီးပါဘုရား)။

အဲ....အကြံက- ဝိတက်၊ ဉာဏ်က- ဉာဏ်ပေါ့.... မောင်နိုင် (မှန်ပါ့) မဂ္ဂင် ဘယ်နှစ်ပါးတုံး....(ငါးပါးပါဘုရား)။

အဲဒါတကာတကာမတို့ သင်္ခါရတရားပျက်တတ်တာကိုမမေ့နဲ့သာဆိုတာသတိတလုံးတည်းနဲ့ ဒီဉစ္စာကို မြင်ရတာမဟုတ်ဘူး (မှန်ပါ့) ငါးပါးပေါင်းလို့မြင်တာ....(မှန်ပါ့)။

ဒါကြောင့် မဂ္ဂင်အလုပ် လုပ်ရစ်ဆိုတာနဲ့ ဘာထူးသေးသတုံး....(မထူးပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

သင်္ခါရတရားသည် ပျက်တတ်သည်၊ အဲဒါကို ဘာတဲ့တုံး.... (မမေ့ပါနဲ့ပါဘုရား)။

မမေ့နဲ့လို့ ဆိုလိုက်တာ ကိုပေါ်ရေ.... သတိတလုံးတည်းကို ပဓာနထားလိုက်တာ....(မှန်ပါ့) စင်စစ် သတိတလုံးတည်းဖြစ်ရိုးထုံးစံက ရှိပါရဲ့လား.... (မရှိပါဘုရား) အင်း....ဘာရှိပါလိမ့် (မဂ္ဂင်ငါးပါးပါဘုရား) သူနဲ့ လေးပါးနဲ့တကွ တွဲမဖြစ်ရဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ ဘုရားပရိနိဗ္ဗာန် စံကာနီး ဘာမှာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သင်္ခါရတရားပျက်တတ်သည်၊ မမေ့နဲ့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သင်္ခါရတရား....(ပျက်တတ်သည်) မမေ့နဲ့လို့ သေသေချာချာမဟောဘူးလား(ဟောပါတယ်)အဲဒါ မမေ့တဲ့ဉစ္စာဒီတလုံးဟာတကာတကာမတို့ မနေ့ကလဲနာကြရတယ်၊ ဒီနေ့ မနာရသေးတဲ့ပုဂ္ဂိုလ်အတွက် နည်းနည်းကလေး ဖြတ်ပြောပေးတယ်နော်.... (မှန်ပါ့)။

သင်္ခါရတရား ပျက်တာတွေ မမေ့ရစ်ကြနဲ့ ဆိုပြီးသကာလ မောင်နိုင် တခါတည်း ပရိနိဗ္ဗာန်စံတယ်ဆိုကြပါစို့.... (မှန်ပါ့) သတ္တဝါတွေ ဟောတဲ့ တရားမှာဖြင့် ဒါ နောက်ဆုံးပိတ်ဘဲ..., (မှန်ပါ့)။

သတ္တဝါတို့ ဟောတဲ့တရားမှာ.... (နောက်ဆုံးပိတ်ပါဘုရား) ဘယ်လိုတဲ့တုံး(သင်္ခါရတရား ပျက်တာတွေ မမေ့ရစ်ကြနဲ့တဲ့)။

အဲ... သင်္ခါရတရားတွေ ပျက်တာတွေ မမေ့နဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ မမေ့နဲ့ဆိုတာက တကာတကာမတွေ စဉ်းစားပါ၊ ခန္ဓာကိုယ်က ရှိတာက သင်္ခါရတရား.... (မှန်ပါ့) သင်္ခါရတရားမို့ဘဲ ဒီခန္ဓာကြီးက ပျက်ဘဲမနေဘူးလား (နေပါတယ်)။

အဲဒီတော့ မမေ့နဲ့ဆိုတာ ဒီခန္ဓာကြည့်ဆိုတာ (မှန်ပါ့)ဘာဆိုကြတာပါလိမ့်.... (ခန္ဓာကြည့်ဆိုတာပါဘုရား)။

ခန္ဓာကြည့်လို့ဆိုတာ တကာတကာမတို့ တခြားကြည့်လို့ဆိုတာလား....(မဟုတ်ပါဘုရား) ရှိတာကလဲ မောင်နိုင် စဉ်းစားကြည့်ပါ၊ သင်္ခါရတရား ဘယ်မှာရှိသလဲ....(ခန္ဓာမှာရှိပါတယ်)။

နို့....ရှိရာကနေ ပျက်မှာပေါ့....၊ မရှိရာက ပျက်လို့ကော.... (မရပါဘုရား)။

ကဲ....ဒါဖြင့် ရှိတဲ့ သင်္ခါရတရား ဘယ်မှာ လမ်းဆုံးသလဲ.... (အပျက်လမ်းဆုံးပါတယ်) အဲဒါကို ဘုရားက ဘယ့်နှယ်မှာသတုံး....(အပျက်ကို မမေ့နဲ့ပါဘုရား)။

မမေ့နဲ့ဆိုတော့ သင်္ခါရတရား ပျက်တတ်သည်၊အဲဒါမမေ့ပါနဲ့လို့ဆိုပြီး ဘုရားပရိနိဗ္ဗာန်စံသွားတယ်....(မှန်ပါ့)။

ဘုရား ပရိနိဗ္ဗာန် စံသွားတယ်ဆိုတာ တကာ တကာမတို့ နောက်ထပ် စကားမပြောတာဘဲ၊ ပရိနိဗ္ဗာန်တော့ စံသေးတာ မဟုတ်ဘူး၊ စျာန်တွေ လှည့်ပတ်ပြီး ဝင်စားနေသေးတယ်.... (မှန်ပါ့) ဒီဟာပြောတာ တရားတော် ဇာတ်သိမ်းသွားတာဘဲ ရှိတာဘဲ.... (မှန်ပါ့) နောက်တော့ တရားဟောခွင့် စကားပြော ခွင့်တော့မလုပ်တော့ဘူး၊ ဒီဟာ နောက်ဆုံးပိတ်တရားဘဲ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အင်း....ပရိနိဗ္ဗာန် စံရော့လားလို့မေးတော့ မစံသေးပါဘူး တဲ့၊ ပဌမစျာန် ဝင်စားလိုက်, ဒုတိယစျာန် ဝင်စားလိုက်,တတိယ စျာန်ဝင်စားလိုက်, စတုတ္ထစျာန်, ပဉ္စမစျာန်, အရူပစျာန်တွေ လှည့်ပြီး ဝင်စားနေတာဘဲ....(မှန်ပါ့)။

အဲဒီဝင်စားပြီး သကာလမှ ဒီစျာန်တွေ ကုန်ဆုံးပြီးအလည် ရောက်မှ မောင်နိုင် ပရိနိဗ္ဗာန်စံတာ....(မှန်ပါ့) စျာန်တွေဝင်စား နေသေးတာနော်....(မှန်ပါ့)။

အဲဒီတွင်တခြားသောရဟန္တာတွေကမြတ်စွာဘုရားပရိနိဗ္ဗာန်စံ ပလားလို့ မေးကြတယ်....(မှန်ပါ့) ဟိုက....စံသေးတာ မဟုတ်ဘူး (မှန်ပါ့)။

ဒီတော့ ရှင်အနုရုဒ္ဓါက အနားကရှိတယ်၊ မစံသေးဘူး....ဒါ ဘယ်စျာန် ဝင်စားနေတာ....(မှန်ပါ့) သူက အမြဲတမ်းထောက် ပြောနေရတယ်....(မှန်ပါ့)တချို့ရဟန္တာတွေက မောင်နိုင် စျာန် ဘက်က မကျင်လည်တော့ မသိဘူးနော်....(မှန်ပါ့) ရှင်အနုရုဒ္ဓါ ဘဲ မေးနေရတယ်....(မှန်ပါ့)။

အရှင်ဘုရား.... အချမြတ်စွာဘုရား.... ပရိနိဗ္ဗာန်စံပလား.... မစံသေးဘူးကွ၊ အရှုပစျွာန် ဝင်စားနေတယ်၊ ဒါချည့်ဘဲသူအမြဲ တမ်းပြောနေရတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒီလိုနဲ့.... နောက် ပရိနိဗ္ဗာန်စံတော့မှ သိကြားကလဲအနား က လူမမာပြုအဖြစ်နဲ့ မောင်နိုင်စောင့်နေတယ်....(မှန်ပါ့)။

အဲဒီတွင် ရှင်အနုရုဒ္ဓါဆိုတဲ့ ရဟန္တာက ပရိနိဗ္ဗာန် စံပြီလို့ အားလုံးကို ကြေညာတော့မှ သိကြားက အနိစ္စာဝတ သင်္ခါရာ ကိုရွတ်တာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊တေသံ ဝူပသမော သုခေါ။

ဒါ သိကြားရွတ်တာ ပရိနိဗ္ဗာန် စံပြီးတော့မှ ကိုစံလှရဲ့၊ ပရိနိဗ္ဗာန် စံပြီးတဲ့အချိန်မှာ ရွတ်တဲ့ဂါထာ....(မှန်ပါ့)။

ဘုရားရှိတုန်းကလဲ ဟောခဲ့ပါတယ်....(မှန်ပါ့)သို့သော် အခု ဘုရား ပရိနိဗ္ဗာန်စံတော့ကို အားလုံးကို ဩော် .. သူက ဘာထပ် ပြောပြန်သတုံးဆိုတော့ သင်္ခါရတရားဟာ ပျက်ပါတယ်၊ အဲဒီ ပျက်တဲ့အဆုံးဟာ နိဗ္ဗာန်ပါဘဲ....လို့ သူက ထပ်ပြောတယ်.... (မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

သင်္ခါရတရားဟာ (ပျက်တတ်ပါတယ်) အဲဒီ သင်္ခါရနှစ်ခု ဖြစ်မှု ပျက်မှုမရှိတာ ဘာတဲ့တုံး....(နိဗ္ဗာန်ပါဘုရား)သူက ဒါ.... ထပ်ပြောတယ်၊ ရှင်းပလား....(ရှင်းပါပြီ) ဘုရားကတော့သင်္ခါရ တရား ပျက်တတ်သည် အဲဒါမိန့်တယ် .. (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဘုရားက ဘာတဲ့... (သင်္ခါရတရားပျက်တတ်သည်လို့ မိန့်ပါတယ်ဘုရား)အဲဒါကို မိန့်တယ်လို့ တကာတကာမတွေ မပါဘူးလား....(ပါပါတယ်ဘုရား)။

နောက်တခါ ပရိနိဗ္ဗာန်စံပြီး ရှင် အနုရုဒ္ဓါကို မေးတော့ ပရိနိဗ္ဗာန်စံပြီ စျာန်တွေမရှိတော့ဘူး၊ စျာန်မဝင်စားတော့ဘူး၊ ဝိညာဏ်ချုပ်သွားပြီဆိုတော့မှ သိကြားက"အနိစ္စာဝတ သင်္ခါရာ (ပ) သုခေါ"ဆိုတဲ့ ဥစ္စာ ပရိနိဗ္ဗာန် စံပြီးမှသိကြားက ရွတ်တာ (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

သူကတော့ ဘာတုံးဆိုတော့ သင်္ခါရတရားပျက်တယ်၊ ၎င်း-သင်္ခါရရော အပျက်ရောမရှိယင် နိဗ္ဗာန်ဘဲ၊ သူကဒါတိုးလာတယ် (မှန်ပါ)။

သင်္ခါရ တရားပျက်တယ် ဘုရားကတော့မမေ့နဲ့( မှန်ပါ ) ဘုရားကဘာတဲ့....(သင်္ခါရတရား ပျက်တတ်သည် မမေ့နဲ့) မမေ့နဲ့၊ မင်းတို့မမေ့နဲ့တဲ့။

သိကြားကတော့ သင်္ခါရတရားပျက်တယ်တဲ့၊ အဲဒီသင်္ခါရရော အပျက်ရော မရှိတာ နိဗ္ဗာန်ဘဲ....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

သိကြားနဲ့ ဘုရား တွဲဟောတယ်၊ ဒီနေ့ တွဲဟောတယ်လို့ ဆိုတာ တကာတကာမတွေ မှတ်ရလိမ့်မယ်....(မှန်ပါ)။

သိကြားကတော့ သင်္ခါရတရားပျက်တယ်၊ သူလဲ ဘုရားအတိုင်း မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

အဲဒီ ဖြစ်ပေါ်တဲ့ သင်္ခါရရော- ပျက်မှုလဲမရှိတာ နိဗ္ဗာန်ဘဲလို့ သိကြားက ထပ်ပြီးသကာလပြောတယ်....(မှန်ပါ)။

သိကြွားကလဲ သာမည သိကြွားမှမဟုတ်ဘဲ၊ တနေ့က ဟော ပြီးပြီ၊ သောတာပန်တည်ပြီးသားသိကြွား... (မှန်ပါ့)ကိုယ်·ကိုယ် တိုင် နိဗ္ဗာန်တွေ့ပြီးသားကိုပေါ်ရေ့... (မှန်ပါ့) ဒီပုဂ္ဂိုလ်ကပြော တာ.. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သိကြွားပြောတဲ့ စကားကတော့ဖြင့် တကာတကာ မတို့ သင်္ခါရဆုံးအောင်လိုက်ပါ.. (မှန်ပါ့)။

မောင်နိုင် ဘာတဲ့....(သင်္ခါရဆုံးအောင် လိုက်ပါဘုရား)။

ဒါဖြင့် မောင်နိုင်တို့က သိပြီးသားဘဲ....ဩော် သင်္ခါရနယ်က မလွန်သေးတော့ ဒီလိုပျက်ရတာဘဲဆိုတော့ ပါသွားတာဘဲ၊မပါ ဘူးလား....(ပါပါတယ်ဘုရာ)။

သင်္ခါရနယ်က မလွန်သေးတော့.... (ဒီလို ပျက်ရပါတယ်) ဒီလိုပျက်ရတာဘဲဆိုတာ မသုံးကြဘူးလား....(သုံးကြပါတယ်)။

ဒါဖြင့် ခင်ဗျားတို့လဲ ဒါသုံးတာဘဲ၊သင်္ခါရဆိုတာဖြစ်ပေါ် တာ၊ ဒီလိုပျက်ရတာဘဲဆိုတာက ပျက်တာ(မှန်ပါ့) ဖြစ်ပျက်ဘဲ ခင်ဗျားတို့ ပြောနေတာ....(မှန်ပါ့)။

ခင်ဗျားတို့က ဟို....မသာမှသုံးတာ ဖြစ်နေတော့ ခန္ဓာထဲမှာ ခဏခဏ သင်္ခါရတွေ ပျက်တာကိုတော့ မရှုမိဘဲနဲ့ မသာမှာ သွားပြီးသုံးတဲ့စကား ဖြစ်နေတယ်....(မှန်ပါ့)။

ဩော်....ဘယ်သူ အနိစ္စရောက်လို့ အင်း.... ဘယ်သူ အနိစ္စ ရောက်လို့ဟေ့....ဆိုတော့ ဩော်.... သင်္ခါရတရား ဟူသရွှေဟာ ဒီမှာလမ်းဆုံးတာဘဲဆိုပြီးသကာလအိမ်ပေါ်မှာသွားပြီးသကာလ စားကာ သောက်ကာနဲ့ အားလုံး ပြန်လာခဲ့ကြတယ်....(မှန်ပါ့)။

သူတို့က ဝိပဿနာဘက် သုံးသလားတဲ့၊ မရဏာနုဿတိဘက်သွားသုံးသလား....(မရဏာ နုဿတိဘက် သွားသုံးပါတယ်ဘုရား)။

စင်စစ်သုံးရမှာက ဝိပဿနာဘက် သုံးရမှာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဘုရားက ကြည့်လေ....သင်္ခါရတရား ပျက်တတ်သည်၊ အဲဒါမမေ့နဲ့ဆိုတော့ တကာတကာမတို့ ရှင်တုန်းသုံးတာ၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန်သည် တကာတကာမတို့သင်္ခါရတရား၏အဆုံးမှာရှိတယ်....(မှန်ပါ့)။

နိဗ္ဗာန် ဘယ်မှာရှိပါလိမ့်.... (သင်္ခါရတရား၏ အဆုံးမှာရှိပါတယ်ဘုရား)။

ကောင်းပြီ၊ သင်္ခါရတရားဆိုတာက အကြောင်း တိုက်ဆိုင်တော့ မောင်နိုင်ရေ.... သင်္ခါရတရားဆိုတာ ဒီလို လက်ခုတ်တီးကြည့်လိုက်၊ လက်ခုတ်တီးကြည့်လိုက်တော့ကို အသံကလေးတခုတော့ လူတိုင်း ဖြစ်မှာပါဘဲ....(မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

သို့သော် မေးပရစေဦးတဲ့ ဒီတရားတပွဲလုံး....နော်....(မှန်ပါ့) ပဌမ ညာဘက် လက်ဖဝါးထဲမှာက အသံပါသလားတဲ့.... (မပါပါဘုရား) ဘယ်ဘက်လက်ဖဝါးထဲမှာကော (မပါပါဘုရား)။

ဩော်....သူတို့နှစ်ခု ပြုပြင်လိုက်တာနဲ့ အသံရုပ် ဖြစ်လာတယ်....(မှန်ပါ့)။

သူတို့နှစ်ခု ပြုပြင်လိုက်တာနဲ့....(အသံရုပ်ဖြစ်လာပါတယ်)။

အသံရုပ်ဖြစ်လာတော့ အဲဒါပျက်တယ်....(မှန်ပါ့) ဖြစ်ပေါ်လာတဲ့ ဖြစ်ဘက်....(မှန်ပါ့)။

ဒီ အသံရုပ်ဟာ သူများပြုပြင်လို့ ဒီလက်နှစ်ခု ပြုပြင်လို့ ဖြစ်လိုက်တဲ့ အသံရုပ်ဖြစ်နေတော့ တော်တော်ကြာ မကြာဘူးဆိုတဲ့အသံ ပျောက်သွားတယ်....(မှန်ပါ့) အသံရုပ်ဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်....(မှန်ပါ့)။

ဒါဖြင့် သင်္ခါရတရား ပျက်တတ်သည်ဆိုတာကို ပြုပြင်လို့ ပေါ်လာတဲ့ အသံရုပ်တရားဟာ သင်္ခါရတရား....(မှန်ပါ့) တော်တော်ကြာ ကိုဝတို့ ကြားသေးရဲ့လား....(မကြားပါဘုရား)။

မကြားတော့ ဘာဖြစ်သွားသတုံး....(ပျက်သွားပါတယ်)။

အဲ....ပြုပြင်လို့ ပေါ်လာတဲ့ တရားဟူသရွေ့ဖြင့် အပျက်မှာ လမ်းဆုံးတယ်....(မှန်ပါ့) ဆိုနိုင်ကြသလား.... (ဆိုနိုင်ပါတယ်) ဒါဖြင့် အခု ဘုန်းကြီးတို့အားလုံး တရားနာကြတဲ့ တကာတကာမတွေဟာ နေ့တိုင်းဘဲ အစားနဲ့ ပြုပြင်ကြ၊ အဝတ်နဲ့ ပြုပြင်ကြ၊ ဥတုနဲ့ပြုပြင်ကြ၊ ဆေးနဲ့ ပြုပြင်ကြ၊ ရေနဲ့ ပြုပြင်ကြ၊ မိုးနဲ့ပြုပြင်ကြ အနေအထိုင်နဲ့ပြုပြင်ကြ၊ အထည်အလိပ်တွေ ခြုံကာ ရုံကာနဲ့ အနွေးအခါမှာ အနွေးနဲ့ပြုပြင်ကြ၊အအေးအခါမှာ အအေးဓါတ်ကိုကာကွယ်တာနဲ့ပြုပြင်လိုက် ပြုပြင်လုပ်ထားတဲ့ ခန္ဓာကိုယ်ကြီး.... (မှန်ပါ့)ပြုပြင်လိုက် ပျက်လိုက်နဲ့.... (မှန်ပါ့)။

ပြုပြင်လိုက်.... (ပျက်လိုက်ပါဘုရား) ပြုပြင်လိုက်.... (ပျက်လိုက်ပါ) တသံသရာလုံးဟာ ဒီအတိုင်းနေတယ်.... (မှန်ပါ့)။

တသံသရာလုံးဟာ ဘယ်လိုလာခဲ့ကြသတုံး.... (ပြုပြင်လိုက် ပျက်လိုက်နဲ့ပါဘုရား)။

တသံသရာလုံး ပြုပြင်လိုက် ပျက်လိုက်၊ ပြုပြင်လိုက်ပျက်လိုက် ချည့် လာတာဘဲဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

ဒါဖြင့် ဒီပြုပြင်လို့ ပျက်တာကြီးကို ကျုပ်တို့ ဆုံးအောင် ပြုပြင်မှ ပေါ်လာတဲ့တရား အပျက်ကို ကျုပ်တို့သည် အဆုံးကိုရှာ ချင်တဲ့ပုဂ္ဂိုလ်ဖြင့် ပြုပြင်လိုက် ပျက်လိုက်နဲ့ဘဲ အမောဆိုက်နေ မှာဘဲ....(မှန်ပါ့)။

ဘယ်လို ဆိုကြမလဲ (ပြုပြင်လိုက် ပျက်လိုက်နဲ့ဘဲအမောဆိုက် နေမှာပါဘုရား)။

ကျောက်တွင်းတူးသလို ဖြစ်နေတယ်....(မှန်ပါ့)ရတာကလေး စားလိုက် ပြန်တူးလိုက်၊ ရတာကလေးစားလိုက် ပြန်တူးလိုက်ဆို တော့ တူးလို့ဘဲ မဆုံးနိုင်ဘူး....(မှန်ပါ့) ဆုံးရဲ့လား.... (မဆုံး ပါဘုရား)။

ဟ....ဘယ်တော့ ဒီကျောက်တွင်းအတွက် ခင်ဗျားတို့ရပ်စဲပြီး ပြီးမှာတုံးလို့ မေးတော့ အစားရပ်စဲယင် သူပြီးမှာဘဲ(မှန်ပါ့) အစားရပ်စဲယင်တော့ (ပြီးမှာပါ) ကျောက်တွင်းတူးက ရပ်စဲ မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)အစားမှ မရပ်စဲ သေးယင်.... (မရပ်စဲပါ) သဘောကျပလား....(ကျပါပြီ)။

စားဘဲ့အလုပ် ရပ်စဲယင် ဒီကျောက်တွင်းတူးတဲ့ အလုပ်ဟာ (ရပ်စဲမှာပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ထို့အတူဘဲတဲ့ ဒီမှာလဲ ပြုပြင်လို့ ပေါ်လာတဲ့ တရားကြီး ဟာ ပျက်ပျက်- ပျက်ပျက်နေတာကို နောက်ထပ် ပြုပြင်ဦးမယ် ဆိုယင် ဒီအပျက်ပြန်ရဦးမှာဘဲ....(မှန်ပါ့)။

နောက်ထပ် ပြုပြင်ဦးမယ်ဆိုယင်....( (ဒီအပျက်ပြန်ရပါမယ် ဘုရား)။

ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုက်ကြည့်တော့မှ မောင်နိုင် ရှင်းတယ်....(မှန်ပါ့) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)အဲ.... မသိမှု အဝိဇ္ဇာကြောင့် သင်္ခါရပြုပြင်တယ်....၊ မလာဘူးလား.... (လာပါတယ်) သင်္ခါရ ပေါ်မလာဘူးလား.... (လာပါတယ်) သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား)။

ဟော....ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး ပေါ်လာတယ်(မှန်ပါ့) ဒီအကြောင်း ရှာလိုက်တော့မှ ဩော်.... ဒီအဝိဇ္ဇာနဲ့ ဒီသင်္ခါရရှိ နေလို့ရှိယင် ဒီသင်္ခါရကနေ ပြုပြင်လို့ ပေါ်လာတဲ့ ခန္ဓာငါး ပါး လာဦးမှာဘဲ...(လာဦးမှာပါ) လာယင် ဘာဖြစ်မယ်ထင် သတုံး....(ပျက်မှာပါဘုရား)။

ကဲ....မောင်နိုင်....သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ကို ဒီအဝိဇ္ဇာနဲ့ ဒီသင်္ခါရ ကျုပ်တို့ ချုပ်လို့ရှိယင် ဖြင့် ဒီဖြစ်မှုပျက်မှုကြီးဟာ ရပ်စဲသွားမှာဘဲ.... (မှန်ပါ့) မရပ်စဲ ပေဘူးလား....(ရပ်စဲပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရသာ ချုပ်မယ်ဆိုယင်ဖြင့်....(ဖြစ်မှုပျက်မှု ရပ် စဲသွားပါတယ်) သင်္ခါရ အနိစ္စကြီးဟာ မောင်နိုင်.... ကုန်ရ မလား....မကုန်ရဘူးလား....(ကုန်ရပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီအဝိဇ္ဇာ သင်္ခါရက အတိတ်ဘက်ကထား လိုက်တော့ အတိတ်ကလာခဲ့တဲ့ အဝိဇ္ဇာ သင်္ခါရ၊ နောက်ကျုပ် တို့သည် ပစ္စုပ္ပန်မှာ ဒီအဝိဇ္ဇာသင်္ခါရ မောင်နိုင်.... မလာဘူးဆို လို့ရှိယင်ဖြင့် ဒီဝိညာဏ်ဆိုတဲ့ နောက်ခန္ဓာ လာဦးမလား.... (မလာတော့ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အတိတ်က အဝိဇ္ဇာသင်္ခါရ သတ်ရမှာလား....ပစ္စုပ္ပန်မှာပေါ်တဲ့ အဝိဇ္ဇာသင်္ခါရ သတ်ရမှာလား.... (ပစ္စုပ္ပန်မှာပေါ်တဲ့ အဝိဇ္ဇာသင်္ခါရ သတ်ရမှာပါဘုရား)။

သေသေချာချာ သဘောပါပြီ တကာတကာမတို့.... ဒီဥစ္စာ အင်မတန် အရေးကြီးတဲ့ တရားပါဘဲ....(မှန်ပါ့)။

ဒီအတိတ်က အဝိဇ္ဇာနဲ့ အတိတ်ကသင်္ခါရကြောင့် လက်ရှိ ခန္ဓာကြီးဘဲ ရထားတော့ သူ့သတ်လို့အပိုဘဲ....(မှန်ပါ့)။

ယခု ကျုပ်တို့ ဆရာဘုန်းကြီး နည်းပေးနေတုန်း တကာတကာမတွေကလဲ ဒီခန္ဓာကြီး ဖြစ်ပျက်ကို အလုပ်လုပ်မှရမယ် ဆိုတာ သိတုန်းကို ဒီအဝိဇ္ဇာသင်္ခါရ သတ်ရမှာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်အဝိဇ္ဇာသင်္ခါရ သတ်ရမှာတုံးလို့ မေးလို့ရှိယင် ဖြင့် ပစ္စုပ္ပန်မှာ အကြောင်း တိုက်ဆိုင်လို့ ပေါ်မည့် အဝိဇ္ဇာ သင်္ခါရ သတ်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတွေက သင်္ခါရတရား ပျက်တတ်တယ်လို့ ရှုလိုက်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ဘုရားက သင်္ခါရတရား ပျက်တယ်လို့ ရှုပေးပါ၊ မမေ့ပါနဲ့.... (မှန်ပါ့) မမေ့ပါနဲ့ဆိုတာ ရှုပါဆိုတာပါဘဲ... (မှန်ပါ့) ကိုစံဝ....ဟုတ်ပလား....(ဟုတ်ပါပြီ)။

ဘုရားကဘာတဲ့.... (သင်္ခါရတရား ပျက်တတ်သည် မမေ့ပါနဲ့) မမေ့ပါနဲ့၊ မမေ့ပါနဲ့ဆိုတာ ရှုပါဆိုတာပေါ့ (မှန်ပါ့) ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ရှုတဲ့အခါကျတော့ တကာတကာမတွေက စဉ်းစားတာပေါ့ တဲ့၊ရှုတဲ့အခါကျတော့ သတိကလေးကလဲ သတိမဂ္ဂင်....(မှန်ပါ့)

သတိထားလို့ ရှုဖြစ်တာကိုး....(မှန်ပါ့) သမာဓိကလဲ သမာဓိမဂ္ဂင်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ဝီရိယလဲ ဝီရိယမဂ္ဂင်လို့ (ဆိုနိုင်ပါတယ်) ကြံဆိုတဲ့ဥစ္စာက သမ္မာသင်္ကပ္ပမဂ္ဂင်....(မှန်ပါ့) အမြင်က သမ္မာဒိဋ္ဌိ ဟုတ်လား....(မှန်ပါ့)။

သမ္မာဒိဋ္ဌိဆိုတော့ တကာတကာမတွေစဉ်းစားလိုက်တဲ့အမှန်မြင်တဲ့တရားဘဲ မဟုတ်လား.... (မှန်ပါ့) အဝိဇ္ဇာလား.... ဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား)။

တကာတကာမတို့ ရှုနေတာက သင်္ခါရတရား ပျက်တတ်တာရှုနေတာက ဒီ့ပြင်ဟာတွေက အခြံအရံတွေပါတဲ့၊ခေါင်းဆောင်က ဝိဇ္ဇာက ခေါင်းဆောင် ဖြစ်နေတယ်....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

ဘာက ခေါင်းဆောင်ဖြစ်နေသလဲ....(ဝိဇ္ဇာကခေါင်းဆောင်ဖြစ်နေပါတယ်ဘုရား)။

ဝိဇ္ဇာက ခေါင်းဆောင် ဖြစ်နေတယ်လို့ ဘုရားကမဖေါ်ပါဘူး....(မှန်ပါ့) အခု ဘုန်းကြီးက တကာတကာမတို့ ရှေ့ပိုင်းက ဘုရားဖေါ်ပြီးသားမို့ ပြန်ဖေါ်တာ.... (မှန်ပါ့) သူ ပရိနိဗ္ဗာန်စံကာနီးကျတော့ ဒါကို မဖေါ်တော့ဘူး မောင်နိုင်....(မှန်ပါ့) သင်္ခါရတရား ပျက်တတ်သည်၊ မမေ့ရစ်နဲ့... ဒါနဲ့ဘဲပရိနိဗ္ဗာန်စံသွားတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ အခု မမေ့ရစ်နဲ့ ဆိုတဲ့အထဲမှာ ကျုပ်တို့ဝိဇ္ဇာ ပါမပါ... (ပါပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိ တည်းဟူသော ဝိဇ္ဇာဟာလေ၊"ဒုက္ခေဉာဏံ ဒုက္ခသမုဒယေဉာဏံ"ဆိုတဲ့ ဝိဇ္ဇာမပါဘူးလား (ပါပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဝိဇ္ဇာနဲ့ရှုနေတော့ မောင်နိုင်.... အဝိဇ္ဇာက မချုပ်ဘူးလား....(ချုပ်ပါတယ်) ချုပ်တော့ သူ့အပေါင်းအဖေါ် အဝိဇ္ဇာပစ္စယာ သင်္ခါရာကလဲ...(ချုပ်ပါတယ်) သင်္ခါရပစ္စယာ ဒီဘက်ခန္ဓာငါးပါး ဝိညာဏ်ကကော....(ချုပ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒို့ရှုနေတာ အဝိဇ္ဇာသင်္ခါရ ချုပ်အောင် လုပ်နေတာဘဲ....(မှန်ပါ) အဝိဇ္ဇာသင်္ခါရကြောင့် ဒီခန္ဓာ ဒုက္ခ သစ္စာကြီး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး ဘယ့်နှယ်နေသတုံး....(ပေါ်ပါတယ်ဘုရား)။

ပေါ်တယ်ဆိုတော့ ရှုနေတဲ့ပုဂ္ဂိုလ်မှာ အဝိဇ္ဇာသင်္ခါရချုပ်တဲ့ အလုပ် လုပ်နေတယ်....(မှန်ပါ)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... ( အဝိဇ္ဇာ သင်္ခါရချုပ်တဲ့အလုပ် လုပ်နေပါတယ်ဘုရား)။

ဟုတ်ပါရဲ့လားလို့ဆိုတော့ ဖြစ်ပျက်ကို မြင်တာကခေါင်းဆောင်ကတော့ဖြင့် ဝိဇ္ဇာမဂ္ဂင်က မြင်တာဘဲ(မှန်ပါ)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဖြစ်ပျက် မြင်တာက.... ( ဝိဇ္ဇာမဂ္ဂင်က မြင်တာပါ) ဝိဇ္ဇာမဂ္ဂင်က မြင်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဝိဇ္ဇာမဂ္ဂင်က ဒီခန္ဓာငါးပါးထဲက တပါးပါး ဖြစ်နေတယ် ပျက်နေတယ်- ဖြစ်နေတယ် ပျက်နေတယ်ဆိုတာ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဝိဇ္ဇာလာတော့ အဝိဇ္ဇာက ချုပ်ရတယ်.... (မှန်ပါ) အဝိဇ္ဇာချုပ်တော့ သင်္ခါရက ငါချည့်လာဦးမယ်ဆိုတော့ ဖြစ်

နိုင်ပါ့မလား....(မဖြစ်နိုင်ပါ) အဝိဇ္ဇာ အကြောင်းရှိမှ သင်္ခါရက ဖြစ်ရမှာကိုး....(မှန်ပါ့)။

ဒါဖြင့် အဝိဇ္ဇာ ချုပ်အောင်လုပ်တာ ဘယ်သူတုံးလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ.... (ဝိဇ္ဇာပါ) ဝိဇ္ဇာဘဲ၊ ရှုတဲ့ဝိဇ္ဇာ၊ ရှုတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ ဝိဇ္ဇာဘဲ.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့ ဝိဇ္ဇာကလာတော့ အဝိဇ္ဇာယတွေဝ....ဆိုတဲ့အတိုင်း အဝိဇ္ဇာချုပ်သွားတာဘဲ၊ အဝိဇ္ဇာနိရောဓာဆိုတော့သူနဲ့ ပတ်သက်တဲ့ သင်္ခါရက ဒီဘက်ကလဲ ချုပ်မသွားဘူးလား.... (ချုပ်သွားပါတယ်)။

ဒါဖြင့် နောက်ခန္ဓာ တည်းဟူသော ဝိညာဏ် တရားတွေ မောင်နိုင်....(ချုပ်သွားပါတယ်) ချုပ်ရမှယ်၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ သင်္ခါရတရား ပျက်တတ်သည်၊ ဘုရားက ရှုပါ- ရှုပါလို့ဆိုတာသည် အဝိဇ္ဇာ သင်္ခါရအချုပ်ခိုင်းတာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘာအချုပ်ခိုင်းတာပါလိမ့်.... (အဝိဇ္ဇာ သင်္ခါရ အချုပ်ခိုင်းတာပါဘုရား)။

ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ်မှာ ကိုပေါ်တို့ မောင်နိုင်တို့က စဉ်းစားပါလား ဝိဇ္ဇာမှ မပေါ်တော့ဘဲနဲ့အဝိဇ္ဇာနဲ့ သင်္ခါရဘဲသူ့သန္တာန်မှာ ရှိနေမယ်ဆိုတာ မသေချာဘူးလား.... ( သေချာပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့အလုပ်လုပ်မှခရီးပေါက်မယ် ဆိုတာကော....(သေချာပါတယ်ဘုရား) သေချာပြီနော်....(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်အလုပ်လုပ်မှခရီးပေါက်နိုင်မည်ဆိုတာသည် ကဲ....မောင်နိုင် ရှုလိုက်တဲ့အခါကျတော့ ဒါကလေးတွေ ခန္ဓာ ငါးပါးထဲက တပါးပါး ဝေဒနာရှုယင် ဝေဒနာဖြစ်ပျက်မြင်ကြ မှာဘဲ....(မှန်ပါ) စိတ်ရှုယင် စိတ်ဖြစ်ပျက်မြင်ကြမှာဘဲ(မှန်ပါ) ရုပ်ရှုယင် ရုပ်ဖြစ်ပျက်ဆိုတဲ့ အနိစ္စ မမြင်ကြပေဘူးလား.... (မြင်ရပါတယ်ဘုရား)။

မြင်ရတဲ့အခါကျတော့ ဝိဇ္ဇာနဲ့ မြင်တာလား....အဝိဇ္ဇာနဲ့ မြင်တာလား....(ဝိဇ္ဇာနဲ့ မြင်တာပါဘုရား)။

ဝိဇ္ဇာဆိုတာ သမ္မာဒိဋ္ဌိ....(မှန်ပါ) မရှုပ်စေနဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် ကို တချို့နေရာ ဝိဇ္ဇာလို့ခေါ်တယ်....(မှန်ပါ) သဘောကျရဲ့ လား....(ကျပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိမဂ္ဂင်ကို....(ဝိဇ္ဇာလို့ ခေါ်ပါတယ်ဘုရား) ဝိဇ္ဇာလို့ လဲ ခေါ်နိုင်တယ်၊ တချို့နေရာကျတော့ ဘယ်လို သုံးလိုက်သ လဲ.... သမ္မာဒိဋ္ဌိ....(မှန်ပါ) တချို့နေရာကျတော့.... ( ဝိဇ္ဇာပါ ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒီခန္ဓာကိုယ်ထဲမှာ ဝိဇ္ဇာမဂ္ဂင် ရောက်လာကတည်းက မောင်နိုင်ရေ.... အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်တယ်.... (မှန်ပါ) မချုပ်သေးဘူးလား.... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သင်္ခါရတရား ပျက်တတ်သည်၊အဲဒါမမေ့နဲ့ ဆိုတာ မင်းတို့ မမေ့လို့ရှိယင် အဝိဇ္ဇာသင်္ခါရ ချုပ်ပါလိမ့်မယ်.... (မှန်ပါ) အဝိဇ္ဇာသင်္ခါရ ချုပ်လို့ရှိယင်ဖြင့် ဝိညာဏ်တည်းဟူ

သော ခန္ဓာငါးပါးကြီးဟာ မချုပ်ပါနဲ့ဆိုလို့ ရသေးရဲ့လား.... (မရပါဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သင်္ခါရတရား ပျက်တတ်သည် မမေ့ပါနဲ့လို့.... ဆိုတဲ့ဥစ္စာကို အဝိဇ္ဇာသင်္ခါရကို ချုပ်အောင် လုပ်နေတဲ့ပုဂ္ဂိုလ်မို့ ဩော်....သူ့အကျိုးသူသိပြီးသကာလ နေရှာတာကိုးဆိုပြီးသကာလ ဝမ်းသာတော်မူတယ် (မှန်ပါ) သူ့ဒုက္ခ သူသိမ်းနေတာကိုး ဆိုပြီးသကာလ တကာတကာမတို့ ဝမ်းသာတော်မူတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့သည် အလုပ် မလုပ်တဲ့ပုဂ္ဂိုလ်များကျတော့ တိုက်တွန်းတယ်လို့လဲ မအောက်မေ့နဲ့ ဒါ....စကားစကို နားထောင်ကြည့်၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်းနေတာလား....တဲ့ ဒုက္ခကြီးပွားရေး ကြိုးစားနေတာလား မေးကြယင် ဘယ့်နှယ်ပြောကြမလဲ.... (ဒုက္ခ ကြီးပွားရေး ကြိုးစားနေတာပါဘုရား) ဒုက္ခ ကြီးပွားရေး ကြိုးစားနေတာမှတပါး ဘာပါသေးသတုံး (ဘာမှ မပါပါဘုရား ) ဖြစ်ပျက်မရှုတဲ့ ပုဂ္ဂိုလ်များလေ.... (မှန်ပါ)။

ဒါဖြင့် ဒုက္ခဆိုတာ ကိုဝ....စဉ်းစားစမ်း၊ကြီးပွားကောင်းတာလား.... ဇာတ်သိမ်းကောင်းတာလား.... (ဇာတ်သိမ်းကောင်းတာပါဘုရား)။

ဇာတ်သိမ်းကောင်းတာကို တကာ တကာမတွေက အလုပ်မလုပ်ဘဲနေတော့ဝိဇ္ဇာကမလာတော့အဝိဇ္ဇာနဲ့သင်္ခါရကတွဲလျက်ကြီး ခန္ဓာထဲ ရောက်မနေပေဘူးလား .... (ရောက်နေပါတယ်ဘုရား)။

ရောက်နေတော့ ဝိညာဏ်ဆိုတဲ့ ဒုက္ခသစ္စာကြီး "ဝေမေတဿ ကောဝလဿ ဒုက္ခက္ခန္ဓဿ" ဆိုတာကြီးဟာ တစုတပုံကြီး မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် သူဘာလုပ်နေတာပါလိမ့်မတုံး မေးလို့ရှိယင် ဒုက္ခကြီးပွားရေး ကြိုးစားနေတာ....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ဒုက္ခ ကြီးပွားရေး ကြိုးစားနေတာပါဘုရား)။

အဲဒီတော့ ဒုက္ခကြီးပွားရေး ကြိုးစားနေတဲ့ ပုဂ္ဂိုလ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကြိုက်နိုင်ပါရဲ့လား(မကြိုက်နိုင်ပါဘုရား)ဒုက္ခချုပ်အောင် ကြိုးစားနေတဲ့ပုဂ္ဂိုလ်ကျတော့ ကြိုက်ပါတယ်ဘုရား) အင်မတန် ဝမ်းသာလိမ့်မယ်ဆိုတာ သဘောကျပလား.... (ကျပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ သိကြားနဲ့ ဘုရားသာတဲ့ကြပေတော့....(မှန်ပါ့) သိကြားနဲ့ဘုရား ယနေ့တဲ့ပြီးသကာလ ပြပါတယ်....(မှန်ပါ့)။

တကာတကာမတို့ သိကြားနဲ့ ဘုရား.... ဘုရားက အယင်ဟောတယ်....(မှန်ပါ့)ဘုရားက အယင်ဟောတယ်ဆိုတာသဘောကျပလား... (ကျပါပြီ)။

ဘုရားက သခ်ါရတရား ဘာတဲ့တုံး....(ပျက်တတ်သည်)အဲဒါကို....(မမြဲနဲ့တဲ့) ဒါ....ဘုရားဟောသွားတယ်....(မှန်ပါ့)။

ဒီနောက်ကို ဘုရားသည် တရားဟောသေးသလား....(မဟောတော့ပါဘုရား) မဟောတော့ဘူး၊ တကာတကာမတို့ ဒါကလေးပြောပြီးတော့ မဟောတော့ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

သူဟောတဲ့တရား မေ့စရာများ ရှိသေးသလား....(မရှိပါဘုရား)သင်္ခါရတရား.... (ပျက်တတ်သည်) အဲဒါကို မမေ့နဲ့.... ရှင်းပလား....(ရှင်းပါပြီ)။

သင်္ခါရတရား.... (ပျက်တတ်သည် အဲဒါမမေ့နဲ့) မမေ့နဲ့၊ မမေ့နဲ့၊ အဲဒါ မမေ့နဲ့ ဆိုပြီးသကာလဘုရားသည် တရားဟောမှာဖြင့် ဒါ- ဇာတ်သိမ်းတရား....(မှန်ပါ) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

နောက် ဇာတ်သိမ်းပြီး သကာလ ကိုယ်တော်မြတ်ကြီး အကြောင်း ရှင်အနုရုဒ္ဓါမေးပြီး သိကြားတွေဘာတွေက အရှင်ဘုရား.... ဘုရားဟာ အခု ဝိညာဏ် ချုပ်ပလား.... မချုပ်သေးဘူးလား.... မချုပ်သေးဘူးသိကြား.... နောက်တော့ဈာန်တွေဝင်စားရာမှ ချုပ်ပြီလားဆိုတော့.... ဟာ.... တကာသိကြား....ချုပ်သွားပြီ၊ မရှိတော့ဘူးဆိုတော့မှ သူက အနိစ္စာဝတသင်္ခါရာရွတ်တာကိုး.... (မှန်ပါ)။

အနိစ္စာဝတ သင်္ခါရာ ဘယ်သူရွတ်ပါလိမ့်.... တကာ တကာမတို့....(သိကြားရွတ်ပါတယ်ဘုရား)။

သိကြားက ရွတ်တာ သိကြားကရွတ်တာ၊ မဟာပရိနိဗ္ဗာနသုတ်မှာ ဒီအတိုင်းလာပါတယ်....(မှန်ပါ)။

မဟာပရိနိဗ္ဗာနသုတ် ဆိုပြီးသကာလ သံဃာယနာတင်ထားတာ ရှိသေးတယ်....(မှန်ပါ)။

ဝတ- ဧကန္တေန၊ စင်စစ်၊ သင်္ခါရာ- ပြုပြင်လို့ ပေါ်လာတဲ့ သင်္ခါရတရားဆိုတော့ တကာတကာမတွေက တခြားရှာမနေနဲ့ ဩော်....ဒီခန္ဓာဆိုတာပါကလားလို့ မှတ်လိုက်....(မှန်ပါ)ဒီခန္ဓာငါးပါးဆိုတာဘဲ။

ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ တခြားလား.... (မဟုတ်ပါဘုရား) ဘယ်သူပါလိမ့်....(ခန္ဓာငါးပါးပါဘုရား) ဒီခန္ဓာငါးပါးဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

အနိစ္စက ဒီခန္ဓာငါးပါးမှာ တကယ်ရှိ၊ တကယ်သူ့မှာရှိတာပြောစမ်းပါဦးလို့ ဆိုလို့ရှိယင် ဥပ္ပါဒနဲ့ဝယဘဲရှိတယ်(မှန်ပါ)။

ခန္ဓာငါးပါးမှာ တကယ်ရှိတာက....(ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်) ဖြစ်တာနဲ့ ပျက်တာ ဘဲရှိတယ် (မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ဘာရှိသတဲ့လဲ.... (ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်) ဖြစ်တာနဲ့ပျက်တာဘဲရှိတယ် ဆိုတဲ့ဥစ္စာသေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် ဥပ္ပါဒဝယ ဓမ္မ°နေ့ာ- ဖြစ်ခြင်း ပျက်ခြင်းသာ သူ့သဘောရှိတယ်....(မှန်ပါ) ယောကျ်ားမိန်းမ သဘော ပါသေးသလား....(မပါပါဘုရား) ပုဂ္ဂိုလ်သတ္တဝါသဘော.... (မပါပါဘုရား) ခင်စရာ မင်စရာသဘော.... (မပါပါဘုရား)။

မပါပါဘူး၊ တကာတကာမတွေက သေသေချာချာစဉ်းစားပါ၊ ဖြစ်တာနဲ့ ပျက်တာဘဲရှိပါတယ်လို့ သေသေချာချာပြောနေတာဘဲ....(မှန်ပါ) ဉာဏ်နဲ့ မောင်နိုင် စူးစူးစိုက်စိုက်ကြည့်ယင်လဲ ဒါဘဲတွေ့မယ်(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ယောကျ်ားတွေ့သလား မိန်းမ တွေ့သလား....(မတွေ့ပါဘုရား) ငါတွေ့သလား.... သူတွေ့သလား.... ဘာတွေ့သတုံး.... (ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့ပါမယ်ဘုရား) ဖြစ်တာနဲ့ပျက်တာဘဲ တွေ့တယ်....ဉာဏ်သမားမှာဖြင့်ဒါဘဲရှိတယ်....(မှန်ပါ)။

ဉာဏ်သမားမှာဖြင့် ဒါဘဲရှိတယ်....(မှန်ပါ) ခုနင်ကအဝိဇ္ဇာသမားတွေတော့ ယောကျ်ားတွေတယ် မိန်းမ တွေ့တယ်လို့သူ

ပြောချင်လဲ ပြောလိမ့်မယ်....(မှန်ပါ့) သူက ဉာဏ်မှ မပါဘဲကိုး (မှန်ပါ့ဘုရား)။

**ကိုင်း....ဒါဖြင့် တကာ** တကာမတွေ ဥပ္ပဇ္ဇိတွာ=ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ ဘာတုံး....(ချုပ်ကုန်၏) ဩော်.... ဖြစ်ချုပ်ဘဲရှိတယ်၊ ထပ်ပြောတာ....(မှန်ပါ့)။

ကိုစံလှ ဘာပြောပြန်သတုံး.... (ဖြစ်ချုပ်ဘဲ ရှိပါတယ်ဘုရား)

"တေသံ ဝူပသမော သုခေါ"တေသံ=ထိုဖြစ်ချုပ်နှစ်ခုတို့၏၊ ဝူပသမော=မရှိတဲ့နိဗ္ဗာန်သည်၊ ဝူပသမောဆိုတာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဆိုတာနော်....(မှန်ပါ့) သုခေါ=ချမ်းသာတယ်။

ဒီဖြစ်ပျက်နှစ်ခု မရှိတာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့)အဲဒါချမ်းသာစစ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဖြစ်ပျက်မရှိတာ....(နိဗ္ဗာန်ပါ ဘုရား) အဲဒါ ဘာတဲ့တုံး.... (ချမ်းသာအစစ်ပါ) ချမ်းသာအစစ်ဘဲ ဆိုတဲ့ဥစ္စာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ကို ဘုန်းကြီးကနေ့တိုင်းလိုလိုသတိပေးတယ်၊ ဖြစ်ပျက်များ ဆုံးကြပလားကွ....ယောဂီ ပုဂ္ဂိုလ်တွေ မမေးဘူးလား....(မေးပါတယ်ဘုရား)။

ဖြစ်ပျက်များ ဆုံးကြပလားဟေ့.... ဖြင်ပျက်ဘဲတွေ့တုံးဘဲလား.... ဖြစ်ပျက်ဘဲ မှုန်းတုန်းဘဲလား.... အပျက် ကလေးတွေချည့်ဘဲများ တွေ့နေသေးသလား၊ ဒီအပျက်ကလေးတွေဘဲလျစ်လျူရှုနေရသေးသလား၊ ဉာဏ်တွေအမျိုးမျိုး အဖုံဖုံမေးတာပေါ့ဗျာ....(မှန်ပါ့) မဆုံးကြသေးဘူးလားဆိုတာ ကိုဝ ဒေါ်ထိုက်....မဒမေးထိုက်....(မေးထိုက်ပါတယ်ဘုရား) ရှင်းကြရဲ့လား.... (ရှင်းပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ နိဗ္ဗာန် မရောက်သေးဘူးလားလို့ မေးတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

နိဗ္ဗာန် မင်း မမြင်ရသေးဘူးလားလို့ မေးတာပါဘဲဆိုတာ ကျေနပ်ပလား... (ကျေနပ်ပါပြီ)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးမနေနဲ့ ဒီခန္ဓာမရှိတာကိုဆိုတာ.... (မှန်ပါ့)။

ခန္ဓာဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)ဩော်....ဒုက္ခသစ္စာ မရှိတာကို ကိုယ့်ဒုက္ခမရှိတာကို ကိုယ်သိရမယ်....(မှန်ပါ့)။

ကိုစံလှ ဘာတုံး.... (ကိုယ့်ဒုက္ခမရှိတာကို ကိုယ်သိရပါမယ် ဘုရား)။

ကိုယ့်ဒုက္ခမရှိတာ ကိုယ်သိရပါတယ်.... (မှန်ပါ့) ဩော်.... နိဗ္ဗာန်ဆိုတာ မသေခင် တွေ့ရတာကဘာယ်လိုမျှားပါလိမ့်မတုံးဆို တော့ မောင်နိုင်ရေ- သံသယမရှိနဲ့တော့... (မှန်ပါ့) ကိုယ့်ဒုက္ခ ချုပ်ငြိမ်းရပ်သိမ်းတာကိုသိတာ.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ကိုယ့်ဒုက္ခ ချုပ်ငြိမ်းရပ်သိမ်းတာကိုကိုယ်ရှုလိုက်တဲ့အခါကျ တော့ ဖျတ်ဆို ချုပ်-ချုပ်သွားတယ်... (မှန်ပါ့) အင်း-ဖြစ်ပျက် ကလေးတွေ ချုပ်ချုပ်သွားတယ်၊ တေသံ- ထိုဖြစ်ပျက်နှစ်ပါး တို့၏၊ ဝူပသမော- ချုပ်ဆုံးတဲ့နိဗ္ဗာန်သည်၊ သုခေါ-ချမ်းသာ၏- လို့ သိကြားကသေသေချာချာဟောတယ်....(မှန်ပါ့)။

ဘုရားကတော့ ဖြစ်ပျက်မမေ့ရစ်နဲ့တဲ့၊ သူကတော့ဖြစ်ပျက် ဆုံးအောင်လိုက်ပါ... (မှန်ပါ့) သူက ဒါကလေးသွင်းလိုက်တာ ပါဘဲ....(မှန်ပါ့)။

သို့သော်လဲ ဘုရားက ရှင်စဉ်အခါက ဟောပြီးသားဂါထာ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ရှင်စဉ်အခါက ဟောပြီးသားဂါထာကိုသူက ဘုရားပရိနိဗ္ဗာန်စံပြီးမှ ပြန်ရွတ်တာဘဲရှိတယ် ...(မှန်ပါ့)။

ဒါဖြင့် သိကြားရွတ်တဲ့ဂါထာက ဒီဖြစ်ပျက်ဆုံးယင်ဘာတဲ့ (နိဗ္ဗာန်ပါဘုရား)။

တေသံ· ထိုဖြစ်မှုပျက်မှုတို့၏၊ ဝူပသမော·မရှိတဲ့ နိဗ္ဗာန်သည်၊ သုခေါ· ချမ်းသာ၏...(မှန်ပါ့) တကာတကာမတို့ သဘောကျပလား....(ကျပါပြီ)။

ဖြစ်ပျက်မရှိတာ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)အဲဒါကိုတခါ ဘယ့်နှယ်ထပ်ဖွင့်သလဲ....(ချမ်းသာပါတယ်)ချမ်းသာဆိုတာဒါဘဲ၊ သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီခန္ဓာကိုယ် ပျက်တတ်သည်၊ အဲဒါမမေ့နဲ့ မှာခဲ့တယ်.... (မှန်ပါ့)သိကြားကတော့အဲဒီဖြစ်ပျက်ဆုံးအောင်လိုက်ယင်နိဗ္ဗာန်တွေ့ပါလိမ့်မယ် ...(မှန်ပါ့)။

ဒီဖြစ်ပျက်ဆုံးအောင်လိုက်သွားယင်(နိဗ္ဗာန်တွေ့ပါလိမ့်မယ်) နိဗ္ဗာန်တွေ့ပါတယ်ဆိုတော့ နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာနေပါတယ်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် ... (နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာနေပါတယ်ဘုရား)။

နိဗ္ဗာန်သည် ဖြစ်ပျက် အဆုံးမှာ နေတယ်ဆိုတာ တကာတကာမတွေ ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့အလုပ်စဉ်ကို ဘုန်းကြီးခဏခဏ ပြောတာက ဖြစ်ပျက်မြင်အောင်ကြည့် မောင်နိုင်ရ....ဆိုတော့ ပရိနိဗ္ဗာန်စံကာနီး ဟောတဲ့တရားဟောတာ .. (မှန်ပါ့)။

ဖြစ်ပျက်မြင်အောင် ကြည့်ပါလို့ ကိုစံလှတို့ မဆုံးမဘူးလား (ဆုံးမပါတယ်ဘုရား)ဘာ မြင်အောင်ကြည့်ရမလဲ .... (ဖြစ်ပျက်မြင်အောင်ကြည့်ရပါမယ်ဘုရား)အဲဒါ- ပရိနိဗ္ဗာန်စံကာနီး ဟောတဲ့တရား ဟောတာ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဖြစ်ပျက်မုန်းအောင်ကြည့်ဆိုတာ ရှင်စဉ်အခါတုန်းက နိဗ္ဗိန္ဒဉာဏ်ကို ဘုရားကဟောခဲ့တယ်....( မှန်ပါ့ )သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ ဖြစ်ပျက်ကို ကြည့်ဖန်များယင် မုန်းရမှာဘဲ .... (မှန်ပါ့) ဒီမုန်းတဲ့အထဲမှာ ဥဒယဗ္ဗယဘင်္ဂတွေ အကုန်ပါသွားတယ်လို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

နောက်ကျတော့ ဖြစ်ပျက်ဆုံးအောင် ကြည့်ပါလို့တခါမမှာဘူးလား....(မှာပါတယ်ဘုရား)။

သုံးခုတည်း မှာတာဘဲ ဘုန်းကြီးလဲ မများပါဘူး၊ ဘုရားဟောတာလဲ ဉာဏ်သုံးဆင့်နဲ့ဟောထားလို့ ဒါဘဲဟောပါတယ်နော်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်မြင်ယင် ယထာဘူတဉာဏ် (မှန်ပါ့) ဖြစ်ပျက်မုန်းယင်....(နိဗ္ဗိန္ဒဉာဏ်ပါဘုရား) ဖြစ်ပျက်ဆုံးယင်.... (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်ဆိုတော့ အင်မတန်ကျေနပ်ဘို့ ကောင်းပါတယ်....(မှန်ပါ့ဘုရား)။

အင်မတန် ကျေနပ်ဘို့ကောင်းပါတယ်....တဲ့၊ တကာတကာမ တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်ကိုအဝေးကြီးလို့ နဂိုက ထင်မိပါတယ် .... ( မှန်ပါ့ ) စောစောနဲ့ ရောက်လိမ့်မယ်လို့လဲ မောင်နိုင်တို့လဲ မထင်မိပါဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဩော်....ဒီအနားလောက် ရှိမှန်းမှမသိဘဲကိုး။ အင်မတန်ဝေး တယ်ထင်နေတာကိုး.... ( မှန်ပါ့ ) အခုတော့ဖြင့် ပါဠိတော်တွေ အမျိုးမျိုးနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးပြတာ အင်မတန် ရှင်းလင်းပြီးသကာလနေတော့ တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော=မရှိတဲ့နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာတာဘဲဆိုတော့ နိဗ္ဗာန်သူပေါ်နေတယ်(မှန်ပါ့ဘုရား)။

နိဗ္ဗာန် ဘယ်အနားရှိပါလိမ့်မတုံးလို့ အမေးထုတ်လို့ရှိကင် ဖြစ်ပျက်အဆုံးမှာရှိတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါ ပြီဘုရား)။

ဖြစ်ပျက်အဆုံးမှာ....(နိဗ္ဗာန်ရှိပါတယ်ဘုရား) နိဗ္ဗာန်ရှိတယ် ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဖြစ်ပျက်ကလဲ သေသေချာချာကြည့်တော့ တကာတကာမ တို့ ကိုယ့်အလံနဲ့ ကိုယ်လံယင် လေးတောင်သာရှိပါတယ်.... (မှန်ပါ့) ကျုပ်တို့က ဆံပင်ဖျားကစပြီး ခြေ ဖျား ကျ အောင် မောင်နိုင် ကိုယ့်အလံနဲ့ ကိုယ်လံယင် လေးတောင်ဘဲ မရှိဘူး လား....(ရှိပါတယ်ဘုရား)အဲဒီထဲမှာ ဖြစ်ပျက်ရှုရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဖြစ်ပျက် အဆုံးဟာလဲ ဒီလေးတောင် အဆုံးမှာရှိ မှာဘဲ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်က လေးတောင်ခန့်ရှိလို့ ရှိယင်ဖြင့် ဖြစ်ပျက်အဆုံး နိဗ္ဗာန်က ဘယ်နားရှိမတုံး .... (လေးတောင်အဆုံးမှာ ရှိပါမယ် ဘုရား) လေးတောင်အဆုံးမှာ ရှိမှာဆိုတော့လေးတောင်တလက် မလား-လေးတောင် နှစ်လက်မလား ဒီလိုလုပ်မနေနဲ့.... (မှန်ပါ့) လေးတောင် ပျောက်သွားတဲ့အခါမှာ ဒီလေးတောင်နေရာမှာ ပေါ်လာတာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

လေးတောင်ပျောက်သွားလို့ရှိယင်....(လေးတောင်နေရာမှာ ပေါ်လာပါတယ်) လေးတောင်နေရာမှာ ပေါ်လာတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဩော်....ဒါဖြင့် ကျုပ်တို့ဒုက္ခခံနေလို့ နိရောဓငုပ်နေတယ် (မှန်ပါ့)။

သေသေချာချာမှတ်ပါ ဒီဥစ္စာ၊ ရှေ့ကဒုက္ခဖုံးနေလို့နိရောဓ မမြင်ရတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှေးက ဘာဖုံးနေသတုံး.... ( ဒုက္ခဖုံးနေပါတယ် ဘုရား ) ဒုက္ခဖုံးနေတော့ နိရောဓနိဗ္ဗာန်.... (မမြင်ရပါဘုရား)။

ဩော်....ဒါဖြင့် မောင်နိုင် ဒီလိုလုပ်ကြပေတော့ ၄-ကို ၄-နဲ့ စားလိုက်တော့....(သုညပါ) ၄-ကို ၄-နဲ့စားလိုက်ယင်ကုန်ရော.... (မှန်ပါ့)မကုန်ဘူးလား....(ကုန်ပါတယ်ဘုရား)။

၄-ကို ၄-နဲ့စားလိုက်ယင်.... (ကုန်သွားပါတယ်ဘုရား)။

အင်း....၄-ကို ၄-နဲ့စားလိုက်တော့ ကုန်သွားတာဘဲတဲ့၊ဒီမှာလဲ တကာတကာမတို့ ခန္ဓာငါးပါးကို....တဲ့ မဂ္ဂင်ရှစ်ပါးနဲ့သာ စား ပစ်လိုက်တော့....(မှန်ပါ့)ခန္ဓာငါးပါးကို မဂ္ဂင်ရှစ်ပါးနဲ့ စားပစ်

လိုက်တော့ ဖြစ်ပျက်တွေ ကုန်မသွားပေဘူးလား (ကုန်သွားပါ တယ်ဘုရား)။

အဲ....ဖြစ်ပျက်တွေကုန်သွားတော့ လေးတောင်စလုံးကုန်သွား လိမ့်မယ်....(မှန်ပါ့)ခန္ဓာက လေးတောင်ရှိတာကိုး .... (မှန်ပါ့)။

လေးတောင်စလုံး ကုန်သွားတော့ ဒီနေရာမှာ နိဗ္ဗာန်ဟာ လေးတောင်ပေါ်လာမှာဘဲ....(မှန်ပါ့)။

ဘာပေါ်လာသတုံး.... (လေးတောင်- လေးတောင်ပေါ်လာ ပါတယ်ဘုရား) အဲ....၄-ကို ၄-နဲ့ စားလိုက်တဲ့အခါကျတော့ပေါ် လာသလိုပေါ့လေ။ လေးတောင်စလုံး ပျောက်သွားပြီးသကာလ လေးတောင်ပျောက်တာ ပေါ်လာသလို(မှန်ပါ့)တကာတကာမ တို့ ခြေလဲရှာမတွေ့ဘူး၊ ခေါင်းလဲရှာမတွေ့ဘူး၊ သဘောကျပ လား....(ကျပါပြီ)။

ခြေတွေ၊ခေါင်းတွေ .... (ရှာမတွေ့ပါဘုရား) ရှာမတွေ့တော့ ဘူးဆိုသဖြင့် ခြေတို့ ခေါင်းတို့ဟာ ဒုက္ခသစ္စာဘဲ၊ ဒုက္ခသစ္စာ ပျောက်သွားတဲ့နေရာမှာလေးတောင်နေရာမှာ နိရောဓသစ္စာလေး တောင်ပေါ်တယ်လို့ မောင်နိုင်တို့မှတ်လိုက်....(မှန်ပါ့)။

ဒုက္ခသစ္စာ လေးတောင်ပျောက်တဲ့နေရာမှာ ...(နိရောဓသစ္စာ လေးတောင်ပေါ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ စဉ်းစဉ်းစားစားနဲ့တရား ကို နာကြည့်ပါတဲ့၊ ဩော်....နိဗ္ဗာန်ကို ဘယ်သူကွယ်နေပါလိမ့် မလဲ....(ဒုက္ခသစ္စာကွယ်နေပါတယ်ဘုရား)။

ဒုက္ခသစ္စာကွယ်နေတယ်၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒုက္ခသစ္စာဆုံးသွားတော့ နိရောဓသစ္စာဖျပ်ဆို ပေါ်လာတယ် (မှန်ပါဘုရား)။

ဒါဖြင့် နိရောဓသစ္စာ ဘယ်သူ ကွယ်နေပါလိမ့်....(ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)။

မှတ်ထား- မှတ်ထား ဒီဉစ္စာဘယ်တော့မှ မပြောဘူးသေးဘူး နော်....(မှန်ပါ့ဘုရား)။

နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ဘယ်သူ ကွယ်နေပါလိမ့် .... (ဒုက္ခသစ္စာကွယ်နေပါတယ်ဘုရား) ဒုက္ခသစ္စာ ကွယ်နေတယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

တခါ ဒုက္ခသစ္စာဆိုတဲ့ ဖြစ်ပျက်တောင်မတွေ့တဲ့ ပုဂ္ဂိုလ်ကျတော့ အဝိဇ္ဇာကွယ်နေတယ်လို့ မှတ်လိုက်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီဆရာဘုန်းကြီးသည် ခင်ဗျားတို့ကိုဘယ်လောက်ထိအောင် ဖယ်ရယ်ပြီးသကာလ ပေးနေရတယ်ဆိုတာ ပဌမ အဝိဇ္ဇာကိုဖယ်ပေးရတယ်....(မှန်ပါ့)အဝိဇ္ဇာရှိနေပြန်ယင်ဖြစ်ပျက်ကို မတွေ့နိုင်ဘူး၊ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

အဝိဇ္ဇာရှိနေယင်....(ဖြစ်ပျက်ကို မတွေ့နိုင်ပါဘုရား)။

သူကလဲ နည်းတဲ့မှောင်တိုက်မှမဟုတ်ဘဲ .... (မှန်ပါ့) ဒီရှိတဲ့ ဉစ္စာတွေအကုန် မမြင်အောင်ဖုံးထားတယ်ဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် အဲဒါကိုလဲ ဖြစ်ပျက်တွေ့တဲ့ ပုဂ္ဂိုလ်များမှာ ဆရာဘုန်းကြီးပေးတာလို့ မှတ်ရမယ် .... (မှန်ပါ့) အဝိဇ္ဇာဖယ်ချပေးလိုက်တယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် သောတာပန်တည်ချင်လို့ရှိယင် ဆရာ မပါယင် မပြီးပါဘူးဆိုတဲ့ ဉစ္စာ မောင်နိုင် ကျေနပ်ပလား....(ကျေနပ်ပါ

ပြီ) ဘာ ဖယ်ပေးရသလဲ....(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာ ဖယ်ပေးနေတယ်....(မှန်ပါ)ဖယ်ပုံနည်းပေးတာနော်....(မှန်ပါ)။

သွားပြီးသကာလ ဥပမာ....မောင်နိုင်တို့ သန္တာန်ရှိတဲ့ အဝိဇ္ဇာကို ယူပြီးသကာလ ဖယ်တာတော့ မဟုတ်ဘူး၊ ဖယ်နည်း ပေးရတယ်....(မှန်ပါ)မပေးရဘူးလား....(ပေးရပါတယ်ဘုရား)။

ဖယ်နည်းပေးတော့ ဝေဒနာကလေး ပေါ်ယင် ကြည့်စမ်းပါကွ....၊နာသလား,ယားသလား-အဲဒါကလေး ကြည့်ကွ....ဆိုတော့ ယားတာကလေးတွေ တွေ့ပြီဘုရား....နာတာကလေးတွေ တွေ့ပြီဘုရား....၊ အဲဒါ ဝေဒနာ တွေ့ပြီကွ ... (မှန်ပါ) ကောင်းဘာကလေးလဲ မင်း မတွေ့ဘူးလား....တွေ့ပါပြီဘုရား....၊အဲဒါ ဝေဒနာတွေ့ပြီကွ....ဆိုတော့ အရင်တုန်းက မတွေ့တာတွေဟာ ဘယ်လိုယားယား, ဘယ်လို နာနာ, ငါ တွေ, သူတွေ ယင်နေတာကိုး....(မှန်ပါ) ဝေဒနာကို တွေ့လိုက်ကဲ့လား....(မတွေ့ပါဘုရား)။

အခုတော့ ဝေဒနာကလေးတွေ မှတ်လိုက် ဆိုတော့ ငါသူတည်းဟူသော အဝိဇ္ဇာတွေက ဘယ့်နှယ်နေသတုံး....( ချုပ်ပါတယ်ဘုရား )။

အဲဒီ အဝိဇ္ဇာကို ဖယ်ပေးတာကတော့ တရားနာမှ ဖယ်နိုင်ကြတယ်....(မှန်ပါ) တရားမနာတဲ့ ပုဂ္ဂိုလ်က.... (မဖယ်နိုင်ပါဘုရား)။

မဖယ်နိုင်ပါဘူးဆိုတာ သေချာပလား....( သေချာပါပြီ ) ဒါဖြင့် ၁-နံပါတ် ဖယ်ပေးတာက ဆရာ့တာဝန်....( မှန်ပါ ) သဘောကျပလား....(ကျပါပြီ) ၂-နံပါတ် ဖယ်ရမှာက ယောဂီတာဝန်....(မှန်ပါ)။

၁-နံပါတ် ဖယ်ပေးရမှာက....(ဆရာ့တာဝန်ပါ ဘုရား)။

၂-နံပါတ်ဆိုတဲ့ ဖြစ်ပျက်ကြီးကိုတဲ့ ရှုဖန်များလို့ ရှိယင်ဖြင့် ဖြစ်ပျက်တွေ ဆုံးသွားမှာဘဲ....(မှန်ပါ့) မဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား)။

အဲ....ဖြစ်ပျက်တွေ ဆုံးသွားတော့ ဒါကတော့ ကိုယ့်ဟာ ကိုယ်ဖယ်မှရမယ်....(မှန်ပါ့) ကိုယ့်ဟာကိုယ် ဒီဥစ္စာ ဒုက္ခသစ္စာမှ အစစ်ပါဘဲဆိုတဲ့ ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချလိုက်မှ သူက ဖျပ်....ဆို လေးတောင် ချုပ်သွားမှာကို မောင်နိုင်ရ....(မှန်ပါ့)လေးတောင် ပြည့်တဲ့ ခန္ဓာကြီး မပျောက်ပေဘူးလား.... (ပျောက်ပါတယ် ဘုရား)။

လေးတောင်ရှိတဲ့ ခန္ဓာကြီး ပျောက်သွားတဲ့ အခါတော့ လေးတောင်ရှိတဲ့ နိဗ္ဗာန် ဩော်....ဒုက္ခတွေ လုံးဝ မတွေ့တော့ ပါလားဆိုတဲ့ ဒီဉာဏ်ဟာ ဒုက္ခလုံးဝမတွေ့တာနဲ့ တည့်မနေပေ ဘူးလား....(တည့်နေပါတယ်ဘုရား)။

ဒါဖြင့် လေးတောင်ပျောက်ယင် တကာ တကာမတို့ လေး တောင်သာ ပျောက်ပေစေ၊ နိဗ္ဗာန်ရောက်လာတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တကာ တကာမတို့ သေသေချာချာ မှတ်ပါ၊ ခန္ဓာနဲ့ စပ်နေတယ်လို့ မှတ်....(မှန်ပါ့)။

ဟောဒီ ခန္ဓာငါးပါးနဲ့.... (စပ်နေပါတယ်ဘုရား)။

စပ်နေတော့ကို နိဗ္ဗာန်နဲ့ ခန္ဓာနဲ့ဟာက စပ်နေတယ်လို့ ဆို ယင် မလွဲပါဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘာ့ကြောင့်တုံး ဆိုတော့ ခန္ဓာ ပျောက်သွားပြန်တော့လဲ နိဗ္ဗာန်က ပေါ်ပေါက်လာတယ်....(မှန်ပါ့)။

ခန္ဓာပျောက်တော့....( နိဗ္ဗာန် ပေါ်ပေါက်ပါတယ်ဘုရား ) ခန္ဓာပျောက်တော့ နိဗ္ဗာန်က ပေါ်ပေါက်တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ခန္ဓာမတွေ့တဲ့ ပုဂ္ဂိုလ်ဖြင့် ခန္ဓာဖြစ်ပျက်ကိုမှ မတွေ့တဲ့ ပုဂ္ဂိုလ် ခန္ဓာပျောက်ဘို့ အရေး ဝေးပါသေးရဲ့....(မှန်ပါ)။

ခန္ဓာမှ မပျောက်လို့ရှိယင်လဲ နိဗ္ဗာန်ရောက်ဘို့ အရေး ဝေးပါသေးရဲ့....(မှန်ပါ) ဆိုထိုက် - မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သိကြွားနဲ့ ဘုရား တဲ့ဟောတဲ့နေ့ ဖြစ်သောကြောင့် ဘုရားက သင်္ခါရတရား ပျက်တတ်သည်-ဘာတဲ့တုံး....(မမေ့ကြနဲ့)။

သိကြွားက ပရိနိဗ္ဗာန် စံပြီးတဲ့ အခါကျတော့ နောက်ထပ် သင်္ခါရတရား ဆုံးအောင် လိုက်-လိုက်....( မှန်ပါ )သဘောကျပလား....(ကျပါပြီဘုရား)။

သင်္ခါရတရား ဆုံးအောင်သာ လိုက်လို့ရှိယင် အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ဆိုတာ သင်္ခါရတရား အဆုံးမှာ ရှိတယ်....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားက ဘာတဲ့တုံး-(သင်္ခါရတရား ပျက်တတ်သည်၊ မမေ့နဲ့) သင်္ခါရတရား မမေ့နဲ့၊ သူကတော့ ဝိပဿနာ ခရီးပြတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာလမ်းဆုံးကျတော့ သိကြွားကနေ ကူလိုက်ပါတယ် (မှန်ပါ)။

သူ့ အတ္တနော၁မတိနဲ့ ကူတာလား....ဘုရားဆီက နည်းယူထားပြီး ကူတာလား .... (ဘုရားဆီက နည်းယူထားပြီး ကူတာပါဘုရား)။

အဲဒီ သင်္ခါရ အဆုံးလိုက်-လိုက်ပါ....(မှန်ပါ့)အဲဒါ ဘယ်သူက ကူတာပါလိမ့်....(သိကြားက ကူတာပါဘုရား)။

ဒါဖြင့် ဘုရားက သင်္ခါရတရား ပျက်တတ်သည်....(မှန်ပါ့) သိကြားက သင်္ခါရတရား အဆုံးလိုက်လို့ရှိယင် နိဗ္ဗာန်ဆိုတာ သိကြားက ကူပေးလိုက်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)

ဒါဖြင့် ခင်ဗျားတို့ ဘုရားကိုလဲ မမေ့ပါနဲ့၊ သိကြားကူညီတာကိုလဲ....(မမေ့ပါနဲ့)။

ဘုရားက ဘယ်လို ဟောလိုက်သတုံး....(သင်္ခါရတရား ပျက်တတ်သည်၊ မမေ့နဲ့)။

သိကြားက ဘယ်လို ကူလိုက်သတုံး....(သင်္ခါရတရား ဆုံးအောင် လိုက်ပါဘုရား)။

သင်္ခါရတရား ဆုံးအောင်လိုက်၊ အဲဒါ နိဗ္ဗာန်ဘဲလို့ သူက ကူလိုက်တယ်....(မှန်ပါ့)။

ဒီလို ဆိုလိုက်တော့ ကျုပ်တို့မှာ ဘာလိုနေသေးသတုံး .... (ဘာမှ မလိုပါဘုရား) အကုန်ပြည့်နေပြီ....(မှန်ပါ့) ဖြစ်ပျက်လဲ တွေ့အောင် ရှာတတ်ပြီ၊ ဖြစ်ပျက်အဆုံးလဲ....(တွေ့အောင် ရှာတတ်ပါပြီ) တွေ့အောင် ရှာတတ်ပြီဆိုတာ မောင်နိုင် နှစ်ဉာဏ် မရဘူးလား....(ရပါတယ်ဘုရား) ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် သွားရတယ်....(မှန်ပါ့)။

သင်္ခါရတရား ပျက်တတ်သည်လို့ ရှုတဲ့ ဉာဏ်ကတော့ ဘာဉာဏ်ခေါ်ကြမလဲ....(ဝိပဿနာဉာဏ်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

သင်္ခါရဆုံးအောင် လိုက်ပါဆိုလို့ ဆုံးသွားတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ....(မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ဘဲ ရှိတယ်....(မှန်ပါ)။

ကိုစံလှ ဘယ်နှစ်ဉာဏ် ရှိသလဲ....(နှစ်ဉာဏ်ရှိပါတယ်ဘုရား)။

အဲ....ဝိပဿနာ အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်ပြီး မဂ်ဉာဏ် လာတာချည်းဘဲဆိုတာကိုလဲ တထစ်ချသာ မှတ်ပါတော့ သေချာပါပြီ....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု....

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

( စိတ္တာနုပဿနာရှုပုံ )

# ညအလုပ်ပေးတရားတော်

( ၁၇-၆-၆၂ )

တကာတကာမတွေ ဒီနေ့ အလုပ်တရားကို ရှေ့ပိုင်းက ပေးရမယ်၊ ပြီးတော့မှ အလုပ်တရားပေးပုံကို ရှင်သာရိပုတ္တရာ ဆိုတဲ့ ရဟန္တာကြီး ရှင်ကောဏ္ဍိန္နဆိုတဲ့ ရဟန္တာကြီးနှစ်ပါးက ဒီလိုလုပ်လို့ ရှိယင်ကွာ....တဲ့ မအို့ မသေ့ အမြဲနေတဲ့ နိဗ္ဗာန် ရောက်ပါတယ်ဆိုတာ သူတို့က ရဟန္တာနှစ်ပါး အမေးအဖြေ လုပ်ပြီးသကာလ မောင်နိုင် ထောက်ခံချက် ပေးမယ်... (မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေနိဗ္ဗာန်ရောက်တရားဟာရောက်ပြီးသား ကိုယ်တော်နှစ်ပါးက ထောက်ခံချက် ပေးပြီးသကာလ ဒီလိုလုပ်ယင် ရပါတယ်ကွဆိုတာ ကိုစောမောင် သေသေချာချာ ပြောတယ်....(မှန်ပါ့)။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ဆိုတော့ မောင်နိုင်တို့သိပြီးသား ကိုယ်တော်တိုင် ပြောတာကို ခေါ်တယ်နော်.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပြောကြပါစို့၊ တကာ တကာမတွေသန္တာန်မှာ စိတ်ဆိုတာရှိပါတယ်။

စိတ်ဆိုတာသည် တကာ တကာမတွေမှာ တခါတလေလဲ မြင်စိတ်ပေါ်တယ်လို့ ကိုစောမောင် မရှိဘူးလား....(ရှိပါတယ် ဘုရား) အင်း....ဒီ မြင်စိတ်လဲ ဂရုစိုက်ရလိမ့်မယ်-နော်....(မှန်ပါ)

တခါတလေလဲ ကြားစိတ်ပေါ်တယ် ဆိုတာလဲ ရှိတယ်၊ မရှိပေဘူးလား....(ရှိပါတယ်ဘုရား) တခါတလေကျတော့ မွှေးတာ နံတာကလေး သိတဲ့ စိတ်ကလေး၊ နာခေါင်းအစုံ ပေါ်တဲ့ စိတ်ကလေး....(ရှိပါတယ်ဘုရား)။

ဒါလဲ တရားလို့ မှတ်ကြနော်....၊ပေါ်တာကို သိမှ ပျက်တာ သိမှာကိုး....(မှန်ပါ)၊

လျှာအလယ်မှာလဲ ချိုတယ်, ချဉ်တယ်, ဖန်တယ်, ငန်တယ် ဆိုတဲ့ စားတဲ့ စိတ်ကလေးဟာ လျှာအလယ်မှာ ပေါ်တယ်၊ဒါက စားစိတ်ကလေးပေါ့ဗျာ....(မှန်ပါ)။

ကိုယ်ကျတော့ကိုတဲ့ ဆံဖျား, ခြေသီးဖျား, အရေ ချောက် ချန်ပြီး ကျန်တဲ့နေရာမှာတဲ့တခါတလေ နာကျင် ကိုက်ခဲတဲ့ စိတ်ကလေးလဲ- ယားနာတဲ့ စိတ်ကလေးလဲ ပေါ်တတ်တယ်....(မှန်ပါ ဘုရား)။

တခါတလေကျတော့ ချမ်းသာတဲ့ စိတ်ကလေးတွေ လေပြေ လေညှင်း တိုက်လို့, မီးလှုံလို့ ချမ်းသာတဲ့ စိတ်ကလေးတွေလဲ ကိုယ်ပေါ်မှာ ပေါ်တတ်တယ်....(မှန်ပါ)။

ကိုယ်ပေါ်မှာတော့ ချမ်းသာတဲ့စိတ် ဆင်းရဲတဲ့ စိတ် နှစ်မျိုး ပေါ်တယ်....(မှန်ပါဘုရား) ငါးမျိုး ရှိသွားပြီနော် .... (မှန်ပါ ဘုရား)။

ချမ်းသာ ဆင်းရဲတာ ချမ်းသာလဲ ရှုပေါ့လေ....ဆင်းရဲလဲ ရှုပေါ့၊ အလုပ်သမားတွေ တကာ တကာမတွေ သေသေချာချာ မှတ်ရလိမ့်မယ်။

အခု ပြောပြီးတာ မြင်စိတ်ရယ်, ကြားစိတ်ရယ်, နံစိတ်ရယ်, စားစိတ်ရယ်, ယားယံကောင်းစိတ်ရယ်, ယားယံကောင်းစိတ် ဆို တာက ကိုစောမောင် ကိုယ်ပေါ်မှာ ပေါ်တယ်....(မှန်ပါ့)။

ဒါပြင်ဘက်မှာ ပေါ်သောကြောင့် ကိုဝတို့က-မှတ်၊ကိုပေါ် တို့က မှတ် အပြင်ဋ္ဌေသည် ငါးယောက်....(မှန်ပါ့)။

အပြင်ဋ္ဌေသည် ငါးယောက်လို့ ဆရာဘုန်းကြီးက ဆိုင်းဆွဲ ပေးလိုက်တယ်ဆိုတော့ ဒါဟာ ပေါ်ချင်တဲ့ အချိန်မှာ ပေါ်တာ ဖြစ်သောကြောင့် ကိုစောမောင်က ဟုတ်တယ်ဟော့လို့ ဆုံးဖြတ် ချက်ချ- အမြဲပေါ်တာ မဟုတ်ဘူး....(မှန်ပါ့)။

ဒါက အရှုခံ တရားတွေ သိအောင်လို့ ပြောပေးနေပါ တယ်။

တခါ ဒါက ဝမ်းထဲပေါ်တဲ့ ဋ္ဌေသည် ပြောကြဦးစို့၊ ဝမ်း ထဲပေါ်တဲ့ ဋ္ဌေသည်ကတော့ တခါတလေကျတော့လဲ လိုချင်တဲ့ လောဘစိတ်ကလေး ပေါ်တယ်၊ ဒါလဲ တခါတလေကျမှ ပေါ် တာ....(မှန်ပါ့)။

ကိုစောမောင် တခု ရရောပေါ့နော်....(မှန်ပါ့ ရပါပြီ)။

ဝမ်းထဲမှာ တခါတလေကျတော့လဲ အလိုမကျတဲ့ ဒေါသ စိတ်ကလေးများလဲ ပေါ်ချင်ပေါ်နေတာ....( မှန်ပါ့ )တခါ တလေကျတော့လဲ သံသယ ရှိတယ် စိတ်ပျံ့လွင့်တယ်ဆိုတဲ့.... မောဟကော....(ပေါ်ပါတယ် ဘုရား)။

ဝမ်းထဲမှာ အကုသိုလ်ဘက်က သုံးခုပေါ့ဗျာ...(မှန်ပါ့)။

ကုသိုလ်ဘက်ကတော့ တခါတလေကျတော့ ပေးချင်, ကမ်းချင်တဲ့ အလောဘစိတ်ကလေးလဲ ပေါ်တယ်၊ ပေးချင်, ကမ်းချင်တဲ့ စိတ်ဟာ အလောဘစိတ်လို့ မှတ်လိုက်....( မှန်ပါ့ )တခါတလေကျတော့ မေတ္တာရှိတဲ့ စိတ်ကလေးကော မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)အဲဒါက အဒေါသစိတ်လို့ မှတ်လိုက်ပါ၊ အဒေါသစိတ်ဆိုတာ သူများ မပြစ်မှားတဲ့ စိတ်ပေါ့လေ-နော်....( မှန်ပါ့ ) ကရုဏာထားတဲ့ စိတ်, မေတ္တာထားတဲ့ စိတ်ဟာ အဒေါသစိတ်ဘဲ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အမောဟစိတ်ဆိုတာ တခါတလေကျတော့ ကျောက်ကလေးတွေ, ဘာကလေးတွေလဲ ခင်ဗျားတို့ အကြံအစည်နဲ့ ကြံစည်တဲ့ အခါကျလို့ရှိယင် အဲဒါ မောင်နိုင် အမောဟစိတ်လို့ ခေါ်တယ်....(မှန်ပါ့)။

ဝိပဿနာကြံတာတော့ မဟုတ်ဘူးပေါ့ဗျာ....(မှန်ပါ့) ကိုယ့်လုပ်ခင်း, ကိုင်ခင်းကို ကြံတာ ဦးဘရှင်းတို့ မရှိဘူးလား....(ရှိပါတယ်ဘုရား) အဲဒါ အမောဟစိတ်လို့ မှတ်ထားလိုက်နော်....(မှန်ပါ့)။

အဲဒီတော့ ဝမ်းထဲမှာ ခြောက်မျိုးပေါ့ဗျာ၊ ဒါလဲ အတွင်းဋ္ဌေသည် ခြောက်ယောက်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အပြင်ကလဲ ခြောက်ဆိုလဲ ဟုတ်တာဘဲ၊ ငါးဆိုလဲ ဟုတ်တာဘဲနော်....(မှန်ပါ့)ကိုယ်ပေါ်မှာ သုခ, ဒုက္ခနဲ့ဆိုတော့ အပြင်က ခြောက်ထားလိုက်ပါဦးတော့....(မှန်ပါ့) အတွင်းက ခြောက်ဆိုတော့ ဋ္ဌေသည် ဆယ့်နှစ်ယောက် မရှိဘူးလား....( ရှိပါတယ်ဘုရား )။

အဲဒီတော့ ဒါ ညွတ်သည်ဆိုသဖြင့် ကျုပ်တို့က ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ခြေဘ်....ကြုံတဲ့အခါ ရှုဘို့ဘဲ ဒီ ဆယ့်နှစ်ခုကတော့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဆယ့်နှစ်ခုကတော့....(ကြုံတဲ့အခါ ရှုဘို့ပါဘုရား)။

ဒါဖြင့် မကြုံတဲ့ အခါကျတော့ ဘယ့်နှယ်နေမလဲ ဘုရား.... လို့ဆိုတော့ အို....သက်စောင့်ရှိသေးတယ်ဟေ့....လို့ ပြောရမယ် (မှန်ပါ့)။

သက်စောင့်က ဘာပါလိမ့်မှတုံးဆိုတော့ နောက်က တကာ တကာမတွေ့ သက်စောင့်က လေကိုထုတ်တဲ့ စိတ်ကလေး၊အဲဒါ မသေအောင် စောင့်တာဘဲ၊ သတ္တဝါကို သုသာန်သို့ မပို့ရ အောင် စောင့်နေတဲ့ စိတ်....၊ကိုပေါ် ရိပ်မိပလား....(ရိပ်မိပါပြီ) တခါ လေပြန်ရှိုက်တဲ့ စိတ်၊ဒီ စိတ်ကလေး နှစ်ခုကတော့ ခုနင်က ညွတ်သည် ဆယ့်နှစ်ယောက် မရှိလို့ရှိယင် သူတို့နှစ်ခုက အသက် စောင့်နေတယ်....(မှန်ပါ့)။

ဒါဖြင့် အားလုံး ဆယ့်လေးယောက်ကျသွားတယ်၊ ရှင်းကြ ပလား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် အရှုခံတရား ဆယ့်လေးခု၊ မှတ်မိကြပလား....(မှတ် မိကြပါပြီဘုရား)။

အရှုခံတရား....(ဆယ့်လေးခုပါဘုရား)။

ဒါ သေသေချာချာ မှတ်ပါနော်....၊ အရှုခံတရားက အပြင် ညွတ်သည် ခြောက်၊ အတွင်းညွတ်သည်က....( ခြောက်ပါဘုရား ) အိမ်သည်က....(နှစ်ယောက်ပါ ဘုရား)။

ကောင်းပြီ ဒါတွေက စိတ်တရားချည့်ဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ဒီ စိတ်တွေကို ဘုန်းကြီးတို့ တကာ တကာမတွေက အပြင်ဒြေ့သည်လာလို့ရှိယင်လဲ ဒါ စိတ်လို့ဘဲ ရှေ့ဦးစွာ မှတ်လိုက်တဲ့အတွက် စိတ်ဆိုတာ နာမ်ဓမ္မလို့ မှတ်တော့ ဩော်- နာမ်ဘဲဆိုတာ သေချာတယ်....(မှန်ပါ့)။

စိတ်ဟူသရှိဟာလဲ ရုပ်ပေါ်မှာ ပေါ်ရသည် ဖြစ်သောကြောင့် ဩော်... စိတ်ဟာ ဘယ်သူ့အပေါ် ပေါ်ပါလိမ့်မတုံးဆိုတော့ ရုပ်ပေါ်မှာ ပေါ်ရတယ်....(မှန်ပါ့)။

ဒါဖြင့် စိတ်က နာမ်၊အောက်က သူ့အခံက ရုပ်ပေါ့ဗျာ.... (မှန်ပါ့) နာမ်ရုပ်လဲ ကိုစောမောင် ရှင်းတယ်....(ရှင်းပါတယ်ဘုရား)။

မျက်လုံးစိတ် ဆိုလို့ရှိယင် ကိုစောမောင် မျက်လုံးရုပ်ပေါ်မှာ ပေါ်မှာဘဲ....(မှန်ပါ့)အဲဒီတော့ နာမ်ရုပ်ပေါ့ဗျာ....။

နားစိတ် ဆိုလို့ရှိယင်လဲ နားရုပ်ပေါ်မှာ နားကြားတဲ့စိတ်ပေါ်မှာဘဲ....( မှန်ပါ့ ) ဒီတော့ ကိုဝ နာမ်ရုပ်ခွဲစရာ လိုသေးသလား... (မလိုပါဘုရား)။

သူ့နေရာနဲ့သူ တွဲလျက်-တွဲလျက် ပေါ်နေတယ်ဆိုတာ သိပြီးသားဘဲ .. ( သိပြီးသားပါဘုရား ) ကိုစောမောင် ရှင်းသွားတယ်....(မှန်ပါ့ ရှင်းပါတယ်ဘုရား) တကာကြီးလှိုင် သေသေချာချာ မှတ်ပါနော် .. (မှန်ပါ့)။

အဲဒီတော့ အခုဆဲ့နှစ်ခုဟာ ခုနင်က အတွင်းဒြေ့သည်ခြောက်ယောက်ကလဲ ဟဒယဝတ္ထုပေါ်မှာချည့် အလှည့်ကျနဲ့ ပေါ်နေကြတာဘဲ....(မှန်ပါ့) ဒီတော့ရုပ်ပေါ်မှာ ပေါ်တာဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကောင်းပြီ ရှုစိတ်နဲ့ ရှိုက်စိတ်ကကောလို့ မေးတော့လဲ သူလဲဟာဒယဝတ္ထုပေါ်မှာ ပေါ်ကြတယ် ဆိုတော့ ဩော်....ရုပ်ပေါ်မှာ နာမ်ပေါ်တယ်ဆိုတာ သေချာပြီ .... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေသန္တာန်မှာ ဘာသာလျှင် ရှိသတုံးလို့မေးတဲ့အခါ ဘာပေါ်ပေါ် ရုပ်ပေါ်မှာ နာမ်ပေါ်သောကြောင့် နာမ်ရုပ်ပေါ်တာဘဲ....(မှန်ပါ့) ဦးဘကလေး ရှင်းပြီ....(ရှင်းပါပြီ)။

ရုပ်ပေါ်မှာ နာမ်ပေါ်သောကြောင့်....(နာမ်ရုပ်ပေါ်တာပါဘဲဘုရား) နာမ်ရုပ်ဘဲရှိမယ်။

ဘာပေါ်ပေါ် ဘယ့်နှယ် ဆိုမလဲ .... (နာမ်ရုပ်ဘဲရှိပါ့မယ်ဘုရား)။

ဒါဖြင့် မြင်တာလဲ နာမ်ရုပ်ကမြင်တာ၊ ကြားတာကော....(နာမ်ရုပ်ကကြားတာပါဘုရား)။

ကိုဝ ဒါဖြင့် နာမ်ရုပ်အထူးခွဲစရာ လိုသေးသလား .... (မလိုပါဘုရား)။

ရှင်းသွားပြီတဲ့၊ ဒါစိတ္တာနုပဿနာ ဟောမလို့ ရှေးဦးစွာနာမ်ရုပ်ကို ကိုစောမောင် ဝေဘန်လိုက်တာ....(မှန်ပါ့)။

ဒါဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ရပြီ....(မှန်ပါ့)နာမ်ရုပ်ပိုင်းခြားသိတဲ့ဉာဏ် မရသေးဘူးလား....(ရပါပြီ) ရပြီလို့ တကာတကာမတွေက မှတ်လိုက်တာပေါ့။

ဒါဟာ တကာတကာမတွေ နောက်တော့ အလုပ်တွေချည့်ပြောမှာဖြစ်နေတော့ ဒါဟာ ဩော်....ရှုစရာတွေဟာ ဒီဆဲ့လေး

ခုထက် ပိုမရှိပါကလားဆိုတာ မှတ်ရုံပေါ့....(မှန်ပါ့)ဒါ သေသေ ချာချာ မှတ်ထားကြပါ။

အယင်တုန်းက ဆဲ့နှစ်ခုပြောတယ်၊ အခုဆဲ့လေးခု၊ အတူတူ ဘဲလို့သာမှတ်လိုက်တော့....(မှန်ပါ့) အတူတူဘဲ သုခ-ဒုက္ခခွဲလိုက် တာဘဲ မောင်နိုင်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် နာမ်ရုပ်ခွဲပြီးတော့ အကြောင်းအကျိုးခွဲရဦး မယ်လို့ မဆိုရပေဘူးလား....(ဆိုရပါတယ်ဘုရား)။

အကြောင်းအကျိုးခွဲတော့ ဒီမှာသိသာနေတာဘဲ၊ မျက်လုံး စိတ်ကလေးဟာ အဆင်းနဲ့ မျက်လုံးရုပ်နဲ့ မပေါင်းမိဘဲနဲ့ မြင်စိတ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ဒါဖြင့် ဒီမြင်စိတ်ကလေးဟာ တကာတကာမတို့ အာရုံရယ် ဒွါရဆိုတဲ့ အကြည်ရုပ်ကလေးရယ် နှစ်ခုတိုက်ဆိုင်မိလို့ ပေါ် လာတာ....( မှန်ပါ့ ) နားကျတော့ကော ....(နှစ်ခုတိုက်ဆိုင်လို့ ကြားစိတ်ပေါ်တာပါဘုရား) အသံက ကြားရုပ်နဲ့ တိုက်မိလို့ (မှန်ပါ့ဘုရား)။

ဒီအတိုင်းသွားလိုက်တော့ ကိုစောမောင် ဒါ-သြော်....စိတ် ဖြစ်ခြင်းအကြောင်းလဲ ဒို့သိပြီ၊ သိကြား, ဗြဟ္မာ, ဘုရားလာပြီး ထည့်တဲ့စိတ်မဟုတ်ဘူး .... (မှန်ပါ့) နှစ်ခုတိုက်လို့ ပေါ်တဲ့စိတ် တွေဘဲဆိုတော့ ဒါက ဝိစိကိစ္ဆာသတ်လိုက်တာ၊ ခုနင်က နာမ်ရုပ် ခွဲလိုက်တာက ဒိဋ္ဌိသတ်လိုက်တာ....(မှန်ပါ့ဘုရား)။

နာမ်နဲ့ ရုပ်သာရှိတယ်ဆိုတော့ ဒိဋ္ဌိမသေသေးဘူးလား .... ( သေပါတယ်ဘုရား ) အလိုလိုပေါ်တာလား၊ အကြောင်းနှစ်ခု တိုက်ဆိုင်လို့ပေါ်တာလား .... (အကြောင်းနှစ်ခုတိုက်ဆိုင်လို့ ပေါ်တာပါဘုရား)။

ဒါကျတော့ သူ့အလိုလိုပေါ်တာလား၊ဘယ့်နှယ်ကြောင့် ပေါ်ပါလိမ့်မတုံးဆိုတဲ့သံသယ လာသေးရဲ့လား.... (မလာပါ)။

ဒါဖြင့် ဝိစိကိစ္ဆာက သေသောကြောင့် ဒါသည် တကာ တကာမတွေ မှတ်လိုက်တာပေါ့တဲ့ နှစ်ဉာဏ်ရသွားပြီ....(မှန်ပါ့) သိဉာဏ်နှစ်ဉာဏ် ရသွားပြီ....(မှန်ပါ့ဘုရား)။

ကိုဇောမောင်.... (သိဉာဏ်နှစ်ဉာဏ်ရပါပြီဘုရား) ပွားဉာဏ် မပါသေးဘူး....(မပါသေးပါဘုရား)ဒါသိဘို့ ဟောနေတယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေ အလုပ်- လုပ်မည့်ပုဂ္ဂိုလ်တွေက သေသေချာချာမှတ်....(မှန်ပါ့)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်ဆိုတဲ့ နှစ်ဉာဏ် မောင်နိုင်ရသွားပြီ....(မှန်ပါ့ဘုရား)။

နှစ်ဉာဏ်ရပြီးသကာလ သွားတဲ့အခါကျတော့ နောက်ကျ တော့ ဖြစ်ပျက်ရှုတဲ့ သမ္မသန ဉဒယဗ္ဗယလို့ ဆရာဘုန်းကြီးကသင် ဘို့လိုတယ်နော်(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီလိုလုပ်ကြစို့ရဲ့၊ တကာတကာမတွေ ဝိပဿနာ ရှုဆိုတာ အရှင်ဘုရား...တဲ့၊ အရှင်ဘုရားများကတော့ ဝိပဿနာ ရှုပြီး နိဗ္ဗာန်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ မိလိန္ဒမင်း ကြီးက မေးတယ်၊ ဝိပဿနာရှုနည်းကလေး တပည့်တော်အမိန့်ရှိ စမ်းပါ၊ တပည့်တော်လဲ နိဗ္ဗာန်ရောက်ကြောင်း လုပ်ချင်တဲ့ပုဂ္ဂိုလ် တဦးတယောက် အပါအဝင်ပါဘဲ။

မေးလိုက်တဲ့အခါကျတော့ တကာကြီး....တောထဲမှာသစ်တွေ ကျားတွေမရှိဘူးလားတဲ့....(ရှိပါတယ် ဘုရား)။

အဲ....သစ်တွေ ကျွဲတွေဟာ သူတို့စားချင်တဲ့ သမင်,ဒရယ်, ဂျီငယ်,စိုင်,ဆတ်,ယုန် အစရှိသည်တို့ကိုအပြေးလိုက်ဖမ်းသလား၊ ချောင်းပြီးဖမ်းသလားမေးတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေက ဘယ့်နှယ်ထင်ကြသလဲ....(ချောင်းပြီး ဖမ်းပါတယ်ဘုရား)။

ချောင်းပြီး ဖမ်းရတယ်၊အပြေးလိုက်ဖမ်းယင်သူ့ထက်အပြေး သန်တဲ့ပုဂ္ဂိုလ်ကို· ကိုဝ မိပါ့မလား....(မမိပါဘုရား)။

ဒါဖြင့် ချောင်းဖမ်းပါဆိုတော့၊ ထို့အတူဘဲ တကာတကာမ တွေက သမာဓိကောင်းကောင်းနဲ့ ချောင်းနေပါ၊ ချောင်းနေတဲ့ အခါ မြင်စိတ်ပေါ်ယင် မြင်စိတ်ဖြစ်ပျက်ရှုပေး....(မှန်ပါ့) ဉာဏ် နဲ့နော်....(မှန်ပါ့ဘုရား)

ချောင်းနေပါ သမာဓိ ကောင်းကောင်းနဲ့ စောင့်နေပါ ကိုစောမောင်....(မှန်ပါ့) ကြားစိတ်ပေါ်ယင်.... (ကြားစိတ်ဖြစ် ပျက်ရှု)ကြားစိတ်ဖြစ်ပျက်ရှုလိုက်၊ နံစိတ်ပေါ်ယင်.... (နံစိတ်ဖြစ် ပျက်ရှု)။

အေး....တောထဲက ကျွဲတို့, သစ်တို့ဟာ ကိုပေါ်တို့ကိုဝတို့ ချောင်းဖမ်း·ဖမ်းပြီး သူတို့က အကောင်ကြီးတွေဖြစ်လို့ သူတို့ ထက်မြန်တဲ့အကောင်တွေကို စားရသောက်ရအောင် ချောင်းပြီးမှ ဖမ်းရသလို ခင်ဗျားတို့လဲ ဆိတ်ငြိမ်တဲ့ နေရာမှာသမာဓိကလေး တည်ပြီးချောင်းဖမ်းပါ.. (မှန်ပါ့ဘုရား)။

တကာကြီးလှိုင် ဒီအတိုင်းရှုလို့ မရဘူးနော် .... ( မှန်ပါ့ ) ချောင်းဖမ်းရမယ်ဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းကြပလား....(ရှင်းပါ ပြီဘုရား)။

ဒါဖြင့် သမာဓိ ကောင်းကောင်းနဲ့ သမာဓိ တည်းဟူသော ခြံထဲမှာ အောင်းပြီးသကာလ ဉာဏ်တည်းဟူသော ကျားက ဖြစ်ပျက်တည်းဟူသော သားကောင်ကိုဖမ်းရမယ် .... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အလုပ်ကို ရှင်းရှင်းပေးနေတယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား)။

အလုပ် ရှင်းရှင်း ပေးနေဘယ်ဆိုတာ ကိုစောမောင် မှတ်မိပလား....(မှတ်မိပါပြီ) သမာဓိတည်းဟူသော ခြံထဲမှာ အောင်းရမယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အေး....သမာဓိတည်းဟူသော ခြံထဲမှာအောင်းပြီးသကာလ ကျားနဲ့တူတဲ့ဉာဏ်သည် သားကောင်နဲ့တူတဲ့ ဝိညာဏ် စိတ်တွေ စိတ်တွေကို ဖမ်းရမယ်....(မှန်ပါ) မမိပေဘူးလား....(မိပါတယ် ဘုရား)။

အဲဒီတော့ သမာဓိခြံထဲမှာမှ မအောင်းလို့ရှိယင်ဖြင့် ဉာဏ် တည်းဟူသော ကျားဟာ အပြေးလိုက်ဖမ်းလို့ရှိယင် လွတ်သွား မှာဘဲဆိုတာ ကိုဝတို့- ကိုပေါ်တို့မှတ်ရလိမ့်မယ်....(မှန်ပါ) မိနိုင် ပါ့မလား .. (မမိနိုင်ပါဘုရား)။

ဒါဖြင့် သမာဓိတည်းဟူသောခြံထဲမှာဉာဏ် တည်းဟူသော ကျားက အမြဲတမ်းစောင့်ပြီးသကာလနေတော့မှ မြင်စိတ်ပေါ်လဲ မြင်စိတ်စားလိုက် ကိုစောမောင်.... (မှန်ပါ) ဖြစ်ပျက် ရှုလိုက် ပြောတာ....(မှန်ပါ) ကြားစိတ်ပေါ်ယင်.... (ကြားစိတ်ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ကြားစိတ် စားလိုက်ပါဆိုတော့ ဉာဏ်နဲ့ သားကောင် နဲ့ဟာ မိလျက်ချည့်နေတယ်....(မှန်ပါ) ထို့အတူဘဲ ဖြစ်ပျက်နဲ့

မင်္ဂနဲ့ဟာ ကိုက်လျက်ချည့်နေတယ်.... (မှန်ပါ) မကိုက်ပေဘူး လား....(ကိုက်ပါတယ်ဘုရား)။

နောက်က တကာတကာမတွေ သဘောကျကြလား.... (ကျပါတယ်ဘုရား) လုပ်နည်းရကြပလား၊ လုပ်နည်းဟာ ဒီအတိုင်းဘဲ မှတ်ရမယ်.... (မှန်ပါ) ချောင်းဖမ်းမှ နေရာကျမယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

အေး....ဒါကို ဘုန်းကြီးက စကားတတ်လို့ ပြောဆိုတဲ့အသွားရယ်လို့လဲ တကာတကာမတွေက မမှတ်ဘဲနဲ့ ရှင်နာဂသိန်ဆိုတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကြီးကို မလိန္ဒ မင်းကြီးကမေးလို့.... "ယထာပိ ဒီပိကော နာမ နိလီယိတွာ ဂဏှေ"လို့ ပါဠိတော်မှာ သေသေချာချာဟောထားတဲ့အတွက် ပုန်းအောင်းပြီးမှ ရှုရမယ်ကွာ.... တောထဲကကျားဟာ သားကောင်ကို ဒီအတိုင်း မဖမ်းနိုင်ဘူး၊ ချောင်းပြီးမှ ဖမ်းနိုင်တယ်ကွ.... တနေရာ ပုန်းအောင်းပြီးချောင်းဖမ်းရတယ်ဆိုတဲ့ဥစ္စာ ဝိပဿနာရှုယင် ဒီလိုဘဲ သမာဓိခြုံထဲမှာ ဉာဏ်အောင်းပြီးသကာလ ကိုဝရေ သားကောင်နဲ့တူတဲ့ ခုနင်က ဆယ့်လေးခုကို ဖမ်းပါ၊ ရှင်းပလား.... (ရှင်းပါပြီ)။

ခုနင်က ဆယ့်လေးခုကို ဖမ်းလိုက်ပါ၊ နောက်က တကာတကာမတွေ နားလည်ကြပလား....(နားလည်ပါပြီ)။

သမာဓိက ဘာနဲ့တူသတုံး .... ( ခြုံနဲ့တူပါတယ်ဘုရား ) ဉာဏ်ကဘာနဲ့တူသတုံး .... ( ကျားနဲ့တူပါတယ်ဘုရား ) ခုနင်က ဆယ့်လေးခုက ဘာနဲ့ တူသတုံး.... (သားကောင်နဲ့ တူပါတယ်ဘုရား)။

အဲဒီ သားကောင်တွေဟာချောင်းဖမ်းယင်မိတယ်....(မှန်ပါ့) ဦးဘရှင်း နေရာကျပလား....(ကျပါပြီ)။

နေရာကျပြီတဲ့၊ ချောင်းဖမ်းလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် တဲ့.... တခါတည်း အသေကလေးတွေချည်းမိတယ်.... (မှန်ပါ့) အပျက်ကလေးတွေချည်း မိပါလိမ့်မယ်....(မှန်ပါ့) သဘောကျပ သား....(ကျပါပြီ)။

အပျက်ကလေးတွေချည့် မိတဲ့အခါကျတော့ဖြင့် အပျက်နဲ့ မဂ်နဲ့ကိုက်တယ်လို့ ဆိုရတော့မယ် ကိုစောမောင်....(မှန်ပါ့) မဆို ပါနဲ့ဆိုလို့ ရသေးသလား....(မရပါဘုရား)။

အဲဒါ အလုပ်မလုပ်တတ်သေးတဲ့ပုဂ္ဂိုလ်တွေအတွက်သော်၎င်း၊ အလုပ် လုပ်ပြီးသားပုဂ္ဂိုလ်တွေအတွက် သော်၎င်း ဒီနေ့ သေသေ ချာချာပြောတယ်လို့ မှတ်ပါ....(မှန်ပါ့)။

သေသေချာချာပြောတယ်လို့ မှတ်ပါ.... ဝိပဿနာရှုနည်း နိဿယည်းကို ရှင်နာဂသိန်က မိလိန္ဒမင်းကြီး သင်တာပါဘဲ.... (မှန်ပါ့) "ယထာပိ ဒီပိကော နာမ"ဆိုတဲ့အတိုင်း ဒီပိကော ဆိုတာ သစ်ကိုဆိုတာပါဘဲနော်.... နိလီယိတွာ ဆိုတာ ပုန်းအောင်း ရမယ်ကွ.... ဒီအတိုင်းဆိုတာဘဲနော်... (မှန်ပါ့)။

ထို့အတူဘဲတဲ့ ယောဂါဝစရပုဂ္ဂိုလ်လဲ သမာဓိခြုံထဲမှာဉာဏ် အောင်းပြီးသကာလ သားကောင် ဆယ့်လေးကောင် ပေါ်ရာ ဖမ်းပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သို့သော် ခင်ဗျားတို့ ဆယ့်လေးခုစလုံး ပြိုင်တူဘယ်တော့မှ မပေါ်ဘူး....(မှန်ပါ့) တခုသာပေါ်မယ်....ဆိုတော့မမိစရာရှိသေး ရဲ့လား....(မရှိပါဘုရား)။

ကိုင်း....ကိုစောမောင် ဖမ်းတတ်ပလား.... (ဖမ်းတတ်ပါပြီ)။

ဒါ....ဘာ အနုပဿနာလဲလို့ အခု သင်နေတာ.... စိတ်ကို အဖမ်းခိုင်းတဲ့အတွက် စိတ္တာနုပဿနာ.... (မှန်ပါ့) စိတ္တ-က စိတ်၊ အနုပဿနာက နောက်ကနေ ချောင်းဖမ်းတာကို ဆိုတာ.... (မှန်ပါ့)စိတ္တက(စိတ်ပါဘုရား) အနုပဿနာက.... (ချောင်းဖမ်းတာပါ) ချောင်းဖမ်းတာကိုဆိုတာ၊ ပေါင်းလိုက်တော့ စိတ္တာနုပဿနာရှင်းပလား....(ရှင်းပါပြီ)။

စိတ္တက ခုနင်ကဆယ့်လေးခုပေါ်ရာကို စိတ်ဆိုတာ၊ သဘောကျပလား....(ကျပါပြီ) အနုပဿနာဆိုတာကဘာတဲ့ (ချောင်းဖမ်းတာပါဘုရား)။

ချောင်းဖမ်းတာတဲ့၊ သမာဓိပညာနဲ့ ချောင်းဖမ်း တာကို အနုပဿနာလို့ ခေါ်ပါတယ်၊ပေါင်းလိုက်တော့ဘယ့်နှယ်ဆိုကြမလဲ.... (စိတ္တာနုပဿနာပါဘုရား)။

ဒါဖြင့် မ,နဲ့ အိ,နဲ့ပေါင်းလိုက်တော့ မအိ....ဆိုသလိုပေါ့၊ ခလေးတုန်းကစာပေါင်းသလိုနော်....(မှန်ပါ့)စိတ္တနဲ့ အနုပဿနာနဲ့ တွဲပေး။

မောင်နိုင် တွဲတတ်ပလား....(တွဲတတ်ပါပြီ) စိတ္တက ဘာပါလိမ့်.... (စိတ်ကိုခေါ်ပါတယ်) ဆယ့်လေးမျိုး၊ ခုနင်က ဆရာဘုန်းကြီးပြထားတဲ့စိတ် ဆယ့်လေးမျိုးကို စိတ်လို့ ခေါ်လိုက်ပါ (မှန်ပါ့) အနုပဿနာကဘာပါလိမ့်မလဲလို့ မေးတဲ့အခါ သူ့ကို အဖန်ဖန်တလဲလဲ ရှုဘို့ပါဘဲ... (မှန်ပါ့) သမာဓိနဲ့ ပညာ ဆိုပါတယ်၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဒီနေ့ပိုမို ရှင်းပါရဲ့လားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(ရှင်းပါတယ်ဘုရား)။

ရှင်းပြီတဲ့၊ အလုပ်မလုပ်တတ်တဲ့ပုဂ္ဂိုလ် မရှိပါဘူးဆိုတဲ့ အခြေအနေရောက်အောင် သင်ပေးနေတယ်ဆိုတာကိုလဲ နောက်က တကာတကာမတွေ ကံထူးလို့ ကြုံကြရတယ်ဆိုတာကိုလဲ ကိုစောမောင် ပြောဘို့မလိုပါဘူး....(မလိုပါဘုရား)။

ဒါဖြင့် ဩော်....ဆရာဘုန်းကြီးကဒိဋ္ဌိကခွာပြီးပြီ၊ဝိစိကိစ္ဆာလဲ သတ်ပြီးပြီ၊ အခု အနုပဿနာရောက်လာပြီး၊ သမ္မသန ဥဒယဗ္ဗယ ရောက်လာပြီ ကိုစောမောင်....(မှန်ပါ)။

အဲဒီကဲ့သို့ ရောက်လာတော့ ဒီဉာဏ်နဲ့ တကာတကာမတွေက ဒီသမာဓိတည်းဟူသော ခြုံထဲမှာ ဉာဏ်တည်းဟူသော သစ်တို့ကျားတို့ကို ထားပြီးသကာလသားကောင် ဆယ့်လေးကောင်ကို တကောင်စီ ပေါ်နေတာတော့ ခင်ဗျားတို့ မလွတ်အောင်ဖမ်းယူပါ....(မှန်ပါဘုရား)။

ဖမ်းလိုက်တဲ့အခါကျတော့ အဖမ်းခံရတာကစိတ်၊ ဖမ်းတာက အနုပဿနာ၊ရှင်းပလား....(ရှင်းပါပြီ)။

အဖမ်းခံရတာက(စိတ်ပါဘုရား) ဖမ်းတာက....(အနုပဿနာပါဘုရား)။

အနုပဿနာဆိုတာ အဖန်တလဲလဲ ရှုတာကို ဆိုပါတယ်၊ ဒါ့ကြောင့် စိတ္တာနုပဿနာ၊ တကာကြီးလှိုင်.... ရှင်းပလား.... (ရှင်းပါပြီ)။

စိတ္တာနုပဿနာဆိုတာ သဘောကျကြပလား.... (ကျပါပြီ) ဩော် .. စသံပါနေသေးသလား.... ဒို့ဉာဏ်ထဲ ရှင်းသွားပလား (ရှင်းသွားပါပြီ)။

ရှင်းသွားပြီနော်.... စာသံပါနေပြန်လဲ ကိုဝတို့ကကျုပ်တို့က မာဓာတ်သာကို နားမလည်တဲ့အတွက် ဒါ ဘုန်းကြီးတွေအလုပ် ဆိုပြီးထင်နေကြတယ်၊ မဟုတ်ပါဘူးတဲ့....စိတ်ကို အဖန်တလဲလဲ ရှုတာပါ....(မှန်ပါ့) သဘောကျပလား....ကျပါပြီ)။

စိတ်ကို....( အဖန်တလဲလဲရှုတာပါဘုရား ) အဲဒါပါဠိလို သုံးတော့ ဘယ်လိုဖြစ်သွားသတုံး....(စိတ္တာနုပဿနာပါ) မြန်မာ လိုပြန်လိုက်တော့....(စိတ်ကို အဖန်တလဲလဲရှုတာပါဘုရား)။

စိတ်ကို အဖန်တလဲလဲရှုတာ ဦးဘရှင်း....ဒါ ငြင်းနေဘို့ မလို တော့ဘူး... (မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီလောက်ရှင်းလို့ရှိယင်ဖြင့်၊ဘယ့်နှယ်ကြောင့် အရှင်ဘုရား၊ဘုရားသခင် ကိုယ်တော်မြတ်ကြီးက စိတ္တာနုပဿနာ ဟောပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ကွာ....တဲ့၊သောတာ ပတ္တိမဂ်ဆိုတာ ဒိဋ္ဌိသတ်တာဟေ့.... (မှန်ပါ့) သောတာပတ္တိမဂ် လိုချင်ယင် ဒိဋ္ဌိသတ်မှရမယ်....။

အထက်မဂ် လိုချင်ယင် တဏှာသတ်မှ ရမယ်၊မှတ်မိကြပလား (မှတ်မိပါပြီဘုရား)။

အောက်ဆုံးမဂ်ကို လိုချင်ယင်....(ဒိဋ္ဌိသတ်မှရပါတယ်ဘုရား) အထက်မဂ်တွေ လိုချင်ယင်....(တဏှာသတ်မှ ရပါတယ်ဘုရား)။

တဏှာ သတ်ရမယ်ဆိုတော့ ဒီမှာ ဆရာတွေက မှားသွားကြ မယ်ဆိုလို့ရှိယင်ဖြင့် တဏှာသတ် ဟောထားလို့ရှိယင်ဖြင့် ကို မောမောင် အရင်သတ်ရမှာ မသတ်ဘဲနဲ့ နောက်သတ်ရမှာအရင် သတ်နေလို့ရှိယင် မောနေမှာဘဲ....(မှန်ပါ့) မောနေလို့ရှိယင် လိုရာခရီး အပြီးအပိုင်ရောက်ပါ့မလား.... (မရောက်ပါဘုရား)။

ဒါ့ကြောင့် အားလုံး အဌကထာ, ဋီကာတွေက ဒီဟာအရင် လုပ်ပါကွာ၊ စိတ်မှာ ဒိဋ္ဌိအများဆုံးဘဲကွ၊ ဒါ့ကြောင့် ဒိဋ္ဌိသတ်မှ သောတာပန်တည်တယ်၊သောတာပတ္တိမဂ် မရဘဲနဲ့ လဲ အထက်မဂ် ရချင်လို့ ကိုဝ....(မရပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိသတ်တဲ့ အလုပ်ကိုရှေ့ထားပါ....(မှန်ပါ့) ဦးဘကလေး ရှင်းပြီ....(ရှင်းပါပြီဘုရား)။

နောက်ကတကာတကာမတွေရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

စိတ္တာနုပဿနာကို ဘာကြောင့် ဆရာဘုန်းကြီး လမ်းခင်းပြီး အကျယ်တဝင့် ပြောဆိုနေပါလိမ့်မလဲလို့ ဆိုတော့ ဘာသတ်တာတုံး....(ဒိဋ္ဌိသတ်တာပါဘုရား)။

ဒါဖြင့် သောတာပတ္တိမဂ်ဟာ ဘာပယ်တာတုံး....(ဒိဋ္ဌိပယ်တာပါဘုရား) ဒိဋ္ဌိပယ်တာဘဲဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီမဂ် လိုချင်ယင် ဒီမဂ် မရဘဲနဲ့ အထက်မဂ် ခုန်တက်လို့....(မရပါဘုရား)။

ဒါဖြင့် တကာကြီးလှိုင် ဒါလုပ်ရတော့မယ်နော်.... (လုပ်ရပါမယ်ဘုရား) မလုပ်ရပေဘူးလား....(လုပ်ရပါတယ် ဘုရား)။

ဦးဘရှင်းတို့ နေရာကျပလား....( ကျပါပြီ ) နောက်ကတကာတကာမတွေ....(ကျပါပြီဘုရား)။

နေရာကျကြပါတော့တဲ့၊ ဒီလောက် ပင်ပန်းခံ ပြောနေလို့ရှိယင်ဖြင့် ခင်ဗျားတို့ ကျေကျေနပ်နပ်ကြီး သဘောကျဘို့ကောင်းပါပြီ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီလိုလုပ်နည်း ပေးလိုက်တော့ စိတ်ပေါ်မှာ ဒိဋ္ဌိအမျှားဆုံးမို့ ဉာဏ်လေးလေးနဲ့ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်ကို စိတ္တာနုပဿနာပေး၊ သူနဲ့ လျော်သကွ....တဲ့ (မှန်ပါ့)။

ကိုဝ ဉာဏ်ကလဲ လေးမယ်၊ ဒိဋ္ဌိကလဲ များမယ်ဆိုလို့ ရှိယင် ဘာပေးရမလဲ....(စိတ္တာနုပဿနာ ပေးရပါမယ်ဘုရား)။

ဒါဟာ ကိုစောမောင် အနာနဲ့ ဆေး သင့်အောင် ပေးတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အနာနဲ့ ဆေး သင့်အောင် မပေးလို့ရှိယင်လဲ လိုရင်း ပြီးပါ့ မလား....(မပြီးပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အခု အနာနဲ့ဆေးကော သင့်ပလား.... (သင့်ပါပြီဘုရား)။

ကိုယ်က သောတာပတ္တိမဂ်ကို ရလိုတဲ့ ပုဂ္ဂိုလ်....၊သူ့ကို ရမှလဲ အထက်တက်နိုင်တော့ သောတာပတ္တိမဂ်ဆိုတာ ဒိဋ္ဌိနိရောဓ နိဗ္ဗာန်ကိုး၊ ဒိဋ္ဌိသတ်မှ နိဗ္ဗာန်ရတာ၊ ပဌမ နိဗ္ဗာန်လိုချင်ယင် ဒိဋ္ဌိ သတ်ရတယ်....(မှန်ပါ့)။

အဲဒီတော့ ဒီ တကာ တကာမတွေမှာ ဒီ စိတ်ဆယ့်လေးခုကို ရှုပေးပါဆိုတော့ ဩော် .. ဒိဋ္ဌိပြုတ်လွယ်လိမ့်မယ်ဆိုတာ ကိုပေါ် ကိုဝတို့ စိတ်ထဲ ဆုံးဖြတ်ချက်ချလိုက်ပါ....(မှန်ပါ့) ရှင်းပြီနော်- (ရှင်းပါပြီဘုရား)။

နို့....စာမှာတော့ ဘုရား....သရာဂစိတ်၊ ဝီရာဂစိတ်ဆိုတဲ့၊အို.... စာသံပါနေတယ်၊ မင်းသိတဲ့ စိတ် မင်းရှု၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါ မင်းတို့ စာထဲပါတဲ့ စိတ်တွေ အကုန်ဘဲ ဆရာဘုန်းကြီး သင်ထားတဲ့ ဥစ္စာ အတူတူဘဲ....( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီဘုရား)။

စာထဲမှာ နာမည်ပေးထားတာနဲ့ အခု ဆရာဘုန်းကြီး ပေးတာနဲ့ဟာ အတူတူဘဲလို့ မှတ်....(မှန်ပါ့)။

သို့သော်-စာမှာ ပိုနေတာတွေက ကိုဝ ရှိသေးတယ်( မှန်ပါ့ ) စာမှာက အရိယာဖြစ်ပြီးမှ ရှုရမည့် စိတ်တွေ ပါနေတယ်.... (မှန်ပါ့)။

အဲဒါတွေပါ မသိတဲ့ ပုဂ္ဂိုလ်က ဟောဒီ စိတ်တွေ ဒီစိတ်တွေ နည်းတာတွေ မဟုတ်ဘူး ဘုရားဟောထားတာ၊ အဲဒီ စိတ်တွေ ပါရှုရမယ်ဆိုတော့ ကျုပ်တို့က အရိယာမှ မဟုတ်သေးဘဲဘဲ၊အရိယာ ရတဲ့ စိတ်ကို ကျုပ်တို့ ရှုလို့ ဖြစ်ပါ့မလား.... ( မဖြစ်ပါဘုရား)။

မဖြစ်နိုင်တော့ ပုထုဇန်သန္တာန်ပေါ်တဲ့ စိတ်ဟာဖြင့် ဒီဆယ့်လေးမျိုးဘဲ ရှိတယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ) ပုထုဇန် အဖြစ်က လွန်မြောက်မှ သောတာပန်အဖြစ် ရောက်ရမှာကိုး....(မှန်ပါ့)။

အဲဒီတော့ ဟိုမှာ ဘုရားက ဟောထားတာကတော့ ပုထုဇန်အတွက်ရော, အရိယာအတွက်ရော ဟောထားတာ၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်ပါဠိတော်ကြီး ဟောထားတာက ပုထုဇန်အတွက်သာ ဟောထားတာလား.... ပုထုဇန်ရော အရိယာရော ဟောထားတာလား(ပုထုဇန်ရော အရိယာရော ဟောတာပါဘုရား)။

သူကတော့ ဟောရလိမ့်မယ်၊ ပရိနိဗ္ဗာန်စံမည့် ကိုယ်တော်ကြီးကိုး....(မှန်ပါ့)မဟုတ်ဘူးလား....၊ ကျုပ်တို့က အရိယာစိတ်တွေကို ကျုပ်တို့က ရှုချင်လို့ရှိယင် မရှိတာ ရှုသလိုဖြစ်နေမယ်-(မှန်ပါ့)။

ဒါကြောင့် ကျုပ်တို့သန္တာန်ပေါ်တဲ့ စိတ်ကဖြင့် ဒီ ဆယ့်လေးမျိုးဘဲ....(မှန်ပါ့) ဒီ ဆယ့်လေးမျိုးကို နိုင်သွားယင် ပြီးတာဘဲ အရိယာတက်မှာဘဲ၊ ရှင်းပြီမဟုတ်လား....(ရှင်းပါပြီဘုရား)။

စာထဲပါတာ အကုန်ရှုရမှာလား....(မဟုတ်ပါဘုရား) မရှုနဲ့-တဲ့'သဉ္တရံဝါစိတ္တံ သဉ္တရံစိတ္တန္တိ ပဇာနာတိ၊အနုတ္တရံဝါစိတ္တံ အနုတ္တရံစိတ္တန္တိ ပဇာနာတိ''လောကုတ္တရာစိတ်လဲ ရှုလို့ ဘုရားကဟောတယ်....(မှန်ပါ့)။

ကျုပ်တို့က လောကုတ္တရာစိတ် ဘယ်မှာ ရောက်မှ မရောက်သေးဘဲ....(မှန်ပါ့) မရောက်သေးတော့ ဘုန်းကြီးက ဒီ ခလေးတွေကို ဒီ ထမင်းလုပ်ကလေးနဲ့ မျှတယ်ဆိုပြီးတော့ ဒီထမင်းလုပ်ကျွေးတာ....(မှန်ပါ့)။

တကာတကာမတွေက ခလေးဘဲထားပါတော့ လောကုတ္တရာနဲ့ ကြည့်လိုက်တော့....(မှန်ပါ့) သူ့ထမင်းလုပ်နဲ့ သူ့ကျွေးမှ သာလျှင် သူ ကျန်းမာရေး ဖြစ်မယ်၊ ထမင်းလုပ်ကြီးယင် သူ ဆင်းရဲရေးသွားဖြစ်မယ်....(မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် စာတွေကိုလဲ ကိုယ်က ဝေဘန်ယူတတ်မှ ဒါက ပုထုဇန်ဟောတာ၊ ဒါက အရိယာ ဟောတာ၊ ကိုစောမောင် ဒီလို မဝေဘန်ဘဲနဲ့ ဟာ....ဒါတွေဟာ ဘုရားဟောချည့်ဘဲကွ....

လုပ်ပါလားကွ....ဆိုတော့ ဩော်....ခက်ပါဘိတော့တယ်၊ ကိုယ့် မရှိတာ ရှာရမလို ဖြစ်နေပြီ... ( မှန်ပါ့ ) သဘောပါကြလား.... (ပါပါပြီဘုရား)။

အင်မတန် အရေးကြီးလို့ စေ့စေ့ငုငု ပြောနေတယ်ဆိုတာ ကော ကိုဝတို့ ကိုပေါ်တို့ ရိပ်မိကြပလား.... ( ရိပ်မိကြပါပြီ ဘုရား )။

ကဲ....အခု ကိုယ်နဲ့ ထိုက်တန်တဲ့စိတ် ရှိတယ်ဆိုတာလဲ ပေါ် ပလား-(ပေါ်ပါပြီ) ကိုယ်နဲ့ ထိုက်တန်တဲ့ စိတ်က ကိုစောမောင် ကိုယ့်သန္တာန် ဘယ်နှစ်မျိုး ပေါ်သလဲ....(ဆယ့်လေးမျိုး ပေါ် ပါတယ်ဘုရား) အဲ... ခုနင်က ဆယ့်လေးမျိုးပေါ့လေ-(မှန်ပါ့) ပြောခဲ့ပြီးပါပြီ၊ ဒါတော့ မောင်နိုင် သိပြီပေါ့....(မှန်ပါ့)။

ကဲ....နောက်က တကာတကာမတွေလဲ သိပြီဆိုကြပါစို့.... ( မှန်ပါ့ ) မှတ်ထားပေါ့၊ ရေးယူကြပေါ့၊ မသိတဲ့ ပုဂ္ဂိုလ် လဲ နေ့လယ်လာရေးယင် ရပါတယ်....(မှန်ပါ့)

ကိုင်း... သိတဲ့ပုဂ္ဂိုလ်ကလဲ ကူးယူရပါတယ်ဆိုတာ ရှင်းတော့ ဝိပဿနာဆိုတာ စောင့်ဖမ်းရမယ်ဆိုတာကလေးကိုလဲ တလုံးထဲ မှတ်ထားစမ်းပါ... (မှန်ပါ့ဘုရား)။

ဟ....ဘယ်သူကသင်တာတုံးမေးတော့ ရှင်နာဂသိန်ရဟန္တာက သင်တာ....(မှန်ပါ့) တကာကြီးလှိုင် ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ကိုယ်ကလိုက်ပြီး ရှာမနေနဲ့....(မှန်ပါ့) ရှာပြီးရှုယင် ပညတ် ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ရှာပြီးရှုယင်....(ပညတ်ဖြစ်ပါတယ်ဘုရား)စောင့်ပြီး ပေါ်ရာကို ရှုယင်....(ပရမတ်ဖြစ်ပါတယ်ဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် တပည့်တော်တို့ဘုရား....ရှုစရာလဲ ဆဲ့လေးမျိုးတွေ့ပြီ၊ ရှုတာလဲ သမာဓိပညာနဲ့ ရှုရမယ်လို့ အရှင်ဘုရားက ပြောတော့ တပည့်တော်တို့ သမာဓိတည်းဟူသော ခြုံထဲမှာ မညာတည်းဟူသော ကျားအောင်းပြီး သကာလ ဖမ်းပါလို့ အရှင်ဘုရားသင်ထားလို့ တပည့်တော်တို့ဖြင့် မရှင်း မရှိပါဘူးဆိုတာကို ဒီနေ့တာဝန်ခံကြရတော့မယ် .... (မှန်ပါ့တာဝန်ခံကြရပါမယ်ဘုရား) မရှင်းကြသေးဘူးလား....(ရှင်းပါပြီ)။

ရှင်းသွားပြီတဲ့၊ နောက်ကခလေးမလေးတွေ သေသေချာချာ မှတ်ပါ၊ ဘာကြောင့်တုံးဆိုတော့ ဒီ ဒိဋ္ဌိမပြုတ်သ၍ ကာလပတ်လုံး ကိုပေါ်တို့၊ ကိုဝတို့မှတ်လိုက်၊ ဘာကြီးလှလှ ဘာကြီးတန်းတန်း ဒိဋ္ဌိက အပါယ်ပို့လိမ့်ဦးမယ်....(မှန်ပါ့ဘုရား)။

ဘာကြီးအလှုလုပ်လုပ်- ဘာကြီးတန်းတန်း သုဂတိရောက်၊ ရောက်ရာမှာ၊ ကဲ... မင်းကုသိုလ်အရှိန် ရှိသေးယင် နေသေးတာပေါ့ကွ၊ ငါဆွဲချချိန်မရသေးဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့စောင့်တာဘဲ....(စောင့်ပါတယ်ဘုရား)။

စင်စစ် ဒိဋ္ဌိပါသွားလို့ရှိယင် ကိုစောမောင် ဒိဋ္ဌိက ဆွဲချလိုက်တာဘဲ....(မှန်ပါ့)မချဘူးလား....(ချပါတယ်ဘုရား)။

အဲဒီတော့ ဒိဋ္ဌိက ခဏခဏ တကာတကာမတွေလဲ ပြောထားပြီ၊ ငရဲမျိုးစေ့.... ( မှန်ပါ့ ) ငရဲမျိုးစေ့ပါသွားတဲ့ ပုဂ္ဂိုလ်ဟာ ငရဲလွတ်ချင်ပါတယ်ဆိုပေမဲ့လဲ တနေ့နေ့ ကျဦးမှာဘဲ....(မှန်ပါ့)

ကုသိုလ်တွေ ကျောင်းကြီး ကန်ကြီးတွေ ဘုရားကြီးတွေ အမျိုးမျိုးအဖုံဖုံလုပ်ပြောသော်လဲ ဒိဋ္ဌိမပြုတ်သေးယင် ပရမ်းပတာ ဘေးဆိုတဲ့ ဘေးကြီးဟာ တကာတကာမတို့ မလွတ်သေး မှတ်လိုက်တာပေါ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိမပြုတ်သေးယင်ဖြင့် ဘာနဲ့မှတင်းတိမ်မနေသေးနဲ့ ကိုစောမောင်၊ ဟုတ်လား....(မှန်ပါ့ဘုရား)။

ငါတော့ လူ့ဘဝမှာဟော့ သားကလဲများများ သမီးတွေကလဲများများနဲ့ ကိစ္စတွေ လူရ တန်းရ ပေးရကမ်းရတာတွေ များပါပြီ၊ စေတနာသုံးတန်ကလဲ ပြတ်တာများခဲ့ပါတယ်၊အို....စေတနာက စေတနာတခြား၊ ဒိဋ္ဌိက ဒိဋ္ဌိတခြား၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြီးလှိုင် စေတနာက....( တခြားပါဘုရား ) ဒိဋ္ဌိက....(တခြားပါဘုရား) ဒိဋ္ဌိကတခြားတဲ့၊ စေတနာနဲ့ ဒိဋ္ဌိဆိုတာလဲ တခြားစီဥစ္စာဘဲ၊ စေတနာကလဲ သူ့ဆိုင်ရာ သူ့အကျိုးပေးမှာဘဲ၊ ဒိဋ္ဌိကလဲ ငါလုပ်ချင်တာ လုပ်မှာဘဲ....(မှန်ပါ့ဘုရား)။

ကိုစောမောင် မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာ တကာမတွေ ခုနင်က ရဟန္တာကြီးနှစ်ပါးကို သူတို့အလုပ်ပေးတာကိုရှင်းကြစို့ရဲ့နော် .... (မှန်ပါ့ဘုရား)။

ရဟန္တာကြီးနှစ်ပါးဟာဒီစိတ္တာနုပဿနာကိုသူတို့ပြောကြတယ် (မှန်ပါ့) ပြောကြတော့ ကိုဝတို့ ကိုပေါ်တို့က စဉ်းစားတာပေါ့၊ ရဟန္တာတွေက ရဟန္တာဖြစ်ပြီ၊သူတို့ ဒီအလုပ်က တက်ခဲ့ပြီးသား၊

ဘာဖြစ်လို့ စိတ္တာနုပဿနာတွေကို ပြန်ပြီးသကာလတပါးကမေး တပါးက အဖြေထုတ်ပါလိမ့်မတုံး မေးတော့ ဩော်... နောင်လာ နောက်သားများ ရဟန္တာကြီးနှစ်ပါး မေးမြန်းသွားတဲ့ ဥစ္စာ အမေးအဖြေကလဲ သံသယမရှိတဲ့ ပုဂ္ဂိုလ်-ဒိဋ္ဌိပြုတ်ပြီးသား ပုဂ္ဂိုလ်-တဏှာပြုတ်ပြီးသားပုဂ္ဂိုလ်တွေက အမေးခံကလဲ ထို့အတူ-အမေး သမားကလဲ ထို့အတူ ဖြစ်သောကြောင့် သူတို့က ပြောတာ အမှန်ချည့်ဘဲဆိုပြီး နောင်လာနောက်သားတွေ အတည်ပြုရစ်ပါ စေလို့ ဟောတာ....(မှန်ပါ့)ဒီတော့ ကျေနပ်ပြီ....(ကျေနပ်ပါပြီ ဘုရား)။

နောင်လာနောက်သားတွေအတည်ပြုရစ်ပါစေတော့ဒို့နှစ်ပါး ပြောတာကိုဆိုတော့ သိပြီးသားပုဂ္ဂိုလ်က ပြောတာလား၊စ့လုပ် မည့်ပုဂ္ဂိုလ်က ပြောတာလား....(သိပြီးသားပုဂ္ဂိုလ်ကပြောတာပါ ဘုရား)။

ဒို့ဒီလမ်းက တက်ခဲ့လို့ ဖုန်ပြီးသကာလနေလို့ မင်းတို့ဒီလမ်း လိုက်ရစ်ပါဆိုတာ ပြောတဲ့စကား....(မှန်ပါ့)တကာကြီးလှိုင် သေ ချာပလား....(သေချာပါပြီဘုရား)။

ဒို့ ဒီလမ်းကတက်ခဲ့ပါတယ်ကွာ၊ မင်းတို့လဲ ဒီလမ်းကလိုက် ရစ်ကြပါ၊ သံသယမရှိဘဲနဲ့ လိုက်ရစ်ကြကွ- ဆိုပြီး သကာလ သေသေချာချာကတိခံချင်လို့- ကိုစောမောင် အကိုးအကားလုံ လောက်အောင်လို့ ရဲရဲတင်းတင်းနဲ့ ဒီလမ်းလိုက်ပါစေလို့သူတို့ နှစ်ပါး အမေး-အဖြေလုပ်တာ....(မှန်ပါဘုရား)။

ဒီလိုဆိုတော့ ကိုဝ ဒီ့ထက်ခိုင်လုံတာဖြင့် မရှိတော့ဘူး...., (မရှိပါဘုရား)။

ဒီထဲမှာ သူတို့နှစ်ပါး အမေးအဖြေကို ဘုရားကလက်မှတ် ထိုးလိုက်သေးတယ်၊ မင်းတို့ အမေးအဖြေဟာကွာ .. ငါဟောလဲ ဒီအတိုင်းဟောမှာပါဘဲလို့ လက်မှတ်ထိုးသေးတယ် .... (မှန်ပါ ဘုရား)။

ဒီလိုဆိုတော့ သုံးပါးလက်မှတ်ထိုးထားတယ်ဆိုတော့အတည် ဖြစ်ကရောပေါ့၊ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် လုပ်ထိုက်-မလုပ်ထိုက်ဆိုတာ သေချာပလား (သေချာပါပြီ)သံသယနဲ့လား- ရဲရဲတင်းတင်းလား .... (ရဲရဲတင်း တင်းပါဘုရား)။

ရဲရဲတင်းတင်း လုပ်ပါဆိုတာ တကာတကာမတွေကိုဘုန်းကြီး က လေးစားစွာနဲ့ဘဲ မေတ္တာရှေ့ထားပြောနေပါတယ် ....(မှန် ပါ)ကိုစောမောင် မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ် ဘုရား)ဘုရားလက်မှတ်ထိုးတာကော သေချာပလား....(သေချာ ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ကွာ....တဲ့၊ပဌမရှေးဦးစွာနိဂုံးချုပ်ကလေး ဘယ်လိုပြောလိုက်သတုံးဆိုတော့ ပြီးတော့အလယ်သားကိုတကာ တကာမတွေကို ဖွင့်ပြီးတော့ပြပါမယ်။

အကြောင်တရားဟော ပုဂ္ဂိုလ်ဟာကွာ....တဲ့၊စိတ်စဉ်ကြီးဖြစ်ပျက် မြင်အောင် ငြီးငွေ့အောင် မလိုချင်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိယင်ဖြင့် သူ့ကို ဓမ္မကထိကလို့ ဆိုဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

စိတ်ပေါ်မှာတဲ့.... မုန်းအောင် ရှ်အောင် မလိုချင်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်ကိုမင်းတို့ရှာလဲရှာ၊ ရှာလို့တွေ့ခဲ့လို့ ရှိယင် ဒီပုဂ္ဂိုလ်ကို ဓမ္မကထိက အကောင်းဆုံးလို့မှတ်လိုက်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ကျတော့ကွာ....တဲ့ မင်းတို့ကို ဟောလို့ ဒီပုဂ္ဂိုလ်ဟာ အကောင်းဆုံးပုဂ္ဂိုလ် ဟောတာကို မင်းတို့နာရလို့ ရှိယင်ဖြင့် ဗြဲ့.... ဒို့အကောင်းဆုံးပုဂ္ဂိုလ်တွေ့ပြီဆိုပြီး မင်းတို့ ဒီတွင်မရပ်နဲ့ ဒီစိတ်ပေါ်မှာ နိဗ္ဗိန္ဒဖြစ်အောင် ငြီးငွေ့အောင် မလိုချင်အောင် ကျင့်နိုင်လို့ရှိယင်ဖြင့် မင်းတို့ဟာ ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ်ဖြစ်ပြီ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

နှစ်ချက် ရှိသွားပြီနော်.... ( မှန်ပါ့ ) ခုနင်က စိတ်ကို မလို ချင်အောင် ငြီးငွေ့အောင်ဟောနိုင်ယင် ဓမ္မကထိကကောင်း.... ( မှန်ပါ့ )သဘောကျပလား.... ( ကျပါပြီ )စိတ်ကို မလိုချင် အောင် ငြီးငွေ့အောင် တကာ တကာမတွေ့က ကျင့်နိုင်လို့ ရှိယင်လဲ ဓမ္မာနုဓမ္မပဋိပတ္တိ ပုဂ္ဂိုလ် ဖြစ်သွားပြီ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) နှစ်ချက်ရှိသွားပြီနော်....(မှန်ပါ့ ဘုရား)။

ဒီစိတ်ကိုဘဲကွာ....တဲ့၊ တခါတည်း ငြီးငွေ့အောင် မလိုချင် အောင် ဥပါဒါန် စိတ်နဲ့ဖြင့် ဘယ်တော့မှ ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် စွဲလမ်းမှု ဥပါဒါန်ချုပ်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်လို့ရှိယင် ယခုဘ၀ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်လို့ ဒို့နှစ်ယောက် က ဆုံးဖြတ်ချက်ချတယ်....( မှန်ပါ့ဘုရား )။

ဘယ်လောက်ပိုင်သလဲ....( ပိုင်ပါတယ်ဘုရား )။

တကာတကာမတို့ အင်မတန် ကိုယ်တော်ကြီးနှစ်ပါး ကရုဏာရှေ့ထားပြီးသကာလ မင်းတို့ ရဲရဲတင်းတင်း လုပ်စမ်းပါကွ၊ ဒီလိုဟောတဲ့ ပုဂ္ဂိုလ်လဲ ရှာကွ၊ ဒီလိုလဲ ကျင့်မိအောင် ကျင့်ကွ၊ ဒီလိုကျင့်လို့ ဒီလိုစိတ်အပေါ်မှာ မစွဲလမ်းလို့ ငြိမ်းအေးပြီး မစွဲလမ်းတော့ပါဘူး ဆိုလို့ရှိယင် ဒီဘဝ ဒီခဏမှာ နိဗ္ဗာန်ရမယ်လို့ ဒို့နှစ်ယောက် တာဝန်ခံတယ်.... ( မှန်ပါ ) ဒီလိုဆိုတော့ တကာကြီးလှိုင် ဒီ့ထက် ရဲရဲတင်းတင်းတော့ မရှိဘူး....(မှန်ပါဘုရား)။

မကုန်သေးဘူးလား တကာ တကာမတို့.... ( ကုန်ပါတယ်) စကားကုန်သွားပြီ။

အဲဒီတော့ ခင်ဗျားတို့ကို ဘုန်းကြီးကစကား ဖြည့်စွက်ရမယ် ကိုဝတို့ ခင်ဗျားတို့က ဂျိုးများပြီး သကာလ မနေနဲ့တော့ သုံးပါးလက်မှတ်ထိုးပြီး စိတ်ပေါ်မှာ တာဝန်ခံပြီး သကာလ ဓမ္မကထိကကို ဒီလို ဓမ္မကထိကရှာ၊ ဒီလိုကျင့်ပြီး ဒီလိုကျင့်ယင် ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ် ယောဂီပုဂ္ဂိုလ်မှာဖြစ်ပြီ၊ ဒီလိုစိတ်ကို ဆုံးအောင်လိုက်ပြီး စိတ်ပေါ်၌ စိတ်ဆုံးသွားတယ် ဆိုတော့ ကိုစောမောင် စွဲလမ်းတဲ့ ဥပါဒါန် ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒီ ဥပါဒါန်မရှိအောင် စိတ်ဆုံးတဲ့ဆီ ရောက်အောင် ဥပါဒါန်ပြုတ်အောင် ကျင့်ကြလို့ ရှိယင်လဲတဲ့ ယခုဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်လို့ ဒို့သုံးပါးသဘောတူ နောင်လာ နောက်သားများအတွက်ရဲရဲတင်းတင်း လုပ်လေအောင် ဒို့တော့ဖြင့် အားလုံးပရိနိဗ္ဗာန် စံရမှာတွေ့ချည့် ဖြစ်နေတယ်၊ နောင်လာနောက်သားတွေအတွက် ထားခဲ့တဲ့ ပါဠိတော်.... (မှန်ပါဘုရား)။

ဒီလိုဆိုတော့ ကိုဝ အတော်လေးစားထိုက်တယ်·(လေးစားပါတယ်ဘုရား ) နောက်က တကာ တကာမတွေ လေးစားထိုက်တဲ့စကား-လေးစားထိုက်တဲ့ တရားဆိုတာပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးအတွက်က ဘာလိုနေသေးသတုံး ဆိုတော့ စိတ်ပေါ်မှာ ငြိးငွေ့အောင် ပြောပြီးသကာလ စိတ်ဟာ တကာ တကာမတို့ ခင်ဗျားတို့ကို နှိပ်စက်နေတယ်လို့ဆိုတာ ဘုန်းကြီးက စိတ်ပေါ်မှာ ငြိးငွေ့အောင် ပြောရဦးမယ်....( မှန်ပါ့ဘုရား )။

ဘာဖြစ်လို့တုံး ဆိုတော့ "စိတ္တေန နီယျတေ လောကော၊ စိတ္တဿ ပရိကဿတိ၊"လောကော·လောကကို၊ စိတ္တေန=စိတ်က၊ နီယျတေ=ဆောင်ယူ၏၊ စိတ်ဆောင်နေတာ၊ဟိုဘုံ ရောက်သွား ဒီဘုံရောက်သွားဆိုတာ ဘာတွေပါလိမ့်....( စိတ်ဆောင်တာပါဘုရား)။

ဒါဖြင့် အသေနဲ့ချည်းသွားပြီး တန်းနေတာ ဘယ်သူပါလိမ့်....(စိတ်ပါဘုရား)။

'စိတ္တဿ ပရိကဿတိ'သူဘဲတဲ့ ဟိုဆောင်ဒီဆောင်နဲ့ ကြံစည်ပြီး သကာလ သူလုပ်နေတာ၊ သူ့ကိုမနိုင်ကြတာနဲ့ တကာ တကာမတို့ ခင်ဗျားတို့ ဟိုဘုံရောက် ဒီဘုံရောက်-ရောက်နေတာ (မှန်ပါ့ဘုရား)။

နတ်ပြည်ရောက်သွားတယ်ဆိုတာလဲ ဒီစိတ်က ပို့လိုက်တာ.... (မှန်ပါ့) ငရဲရောက်သွားတယ်ဆိုတာကော.... (ဒီစိတ်က ပို့တာပါဘုရား) အကုသိုလ်စိတ်က ပို့ချလိုက်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကုသိုလ် စိတ်ကနေ တခါ တခါ တကာ တကာမ တွေ ဆောင်သွားပြန်လို့ သုဂတိရောက်တယ်.... (မှန်ပါ့) အကုသိုလ် စိတ်ကနေပြီး တခါတလေ တိရစ္ဆာန်ခင်တော့ တိရစ္ဆာန်ဖြစ်သွား တာတွေလဲ ကိုစောမောင် ဘယ်သူက ဆောင်သွားတာတုံး.... (စိတ်ကဆောင်သွားတာပါဘုရား)။

ဒါဖြင့် ဒီစိတ်ဟာဒို့ကို သန္တာန်အမျိုးမျိုး အရှက်တကွဲ အကျိုးနည်းလုပ်နေတဲ့ စိတ်ဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီစိတ် ပေါင်းထိုက် မပေါင်းထိုက် .. (မပေါင်းထိုက် ပါဘုရား)။

ဒါ စိတ်ကိုငြီးငွေ့အောင် ပြောနေတာ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီစိတ်သည်ကားလို့ ဆိုလို့ရှိယင် ဘုန်းကြီးက ငြီးငွေ့အောင်ပြောတော့ ဩော်....ဒီစိတ်သည်ကားလို့ ဆိုယင် ဒို့အပေါ်မှာ ကိုယ့်စိတ် ကိုယ်မနိုင်တာ ဆိုလိုတယ်.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကြည့်ပါ တကာတကာမတို့ စိတ်ဟာဘယ်လောက်ထိအောင် ကြောက်စရာ ကောင်းသတုံးဆိုတော့ ဒီ ကြက်ကောင်ကလေးတွေ ကြက်မကြီးက ဥကလေးတွေ ဥလိုက်တယ်ဆိုတော့ ဒီ ဥကလေး တွေထဲမှာ ပဋိသန္ဓေ စိတ်ကတော့ အယင် ရောက်တာဘဲ.... (မှန်ပါ့) ပဋိသန္ဓေစိတ် ရောက်လို့ရှိယင် ဒီ ကြက်ဥထဲမှာဘဲ ဒီ့ ပြင်အကောင် ပေါက်ပါတော့လားလို့ ကိုဝ မေးဘို့ မကောင်း ဘူးလား....( ကောင်းပါတယ် ) စိတ် အတူတူကိုးဗျ.... (မှန်ပါ့ ဘုရား)။

မဟုတ်ဘူးတဲ့....၊ ဒီစိတ်က သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကြက် ဘဝကို သာယာတဲ့ အကောင်ကလေးတွေ သူ့ဟာသူ ထွက် လာတယ်....(မှန်ပါ့) စိတ်ကလုပ်လိုက်တာ၊ သူ့ဟာသူ ဒီစိတ်က လုပ်လိုက်တာ.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်သည် အမျိုးမျိုး ဖန်ဆင်းတတ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နွားဝမ်းထဲ ပဋိသန္ဓေက ပစ်ချလိုက်ပြန်တော့ လူကလေး မွေးပါလား ဆိုတော့ စိတ်ဆိုတာ အမျိုးမျိုး ဖြစ်နိုင်တယ်.... မဟုတ်ဘူးတဲ့....နွားဝမ်းထဲ ရောက်လို့ရှိယင် သူ့စိတ်ကလေး သည်ကားလို့ဆိုယင် ရောက်ရာမှာ သူချိုကလေးနဲ့၊ နားရွက် ကားကလေးနဲ့၊ ခြေလေးချောင်းကလေးနဲ့၊ အမြီးရှေကလေးနဲ့ ဖြစ်ချင်တဲ့စိတ်က အဲဒီသွားပေါ်တယ်....(မှန်ပါ့ဘုရား)။

အဲဒါနဲ့ တနေ့တခြား အဲဒါကလေးတွေ တိုးလာတယ်.... (မှန်ပါ့) ပဋိသန္ဓေချင်းက အတူတူဘဲ.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

အဲဒါတွေ ဘယ်သူလုပ်ပါလိမ့်(စိတ်ကလုပ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကံချည်းထင်နေတယ်တဲ့၊ မထင်နဲ့တဲ့၊ ဟိုထဲကျတော့ စိတ်ကပြန်လုပ်ချလိုက်တယ်....(မှန်ပါ့)ကံကတော့ ပဋိသန္ဓေရယ်လို့ ပစ်ချလိုက်တာဘဲ....( မှန်ပါ့ )ဟိုထဲမှာ အမေနဲ့ တူအောင် အကောင်ဖြစ်လာထာကတော့ စိတ်က လုပ်တာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ကို ချိုကားကြီးနဲ့ ဖြစ်လာအောင်လဲ အရှက် ခွဲခဲ့တာစိတ်....(မှန်ပါ့) အတောင်နဲ့ ပျံအောင်လုပ်တာလဲ....

(စိတ်ပါသဲဘုရား)ခြေလေးချောင်းနဲ့ ခြေများများနဲ့ဖြစ်အောင် လုပ်ခဲ့တာလဲ....(စိတ်ပါသဲ ဘုရား)။

ဪ....ဒါဖြင့် ဒီစိတ်သာ ဒို့သည်ကားလို့ ဆိုယင် ငြိုးငွေ့အောင် မလိုချင်အောင်မှ ဒို့ သန္တာန်မယ် ဟောတဲ့ဘုန်းကြီး မတွေ့ဘူး ဆိုလို့ရှိယင်ဖြင့် ဒို့ကို အကောင် အမျိုးမျိုး ဖန်ဆင်းနေတာ စိတ်ဘဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ခင်ဗျားတို့ကနွားဝမ်းထဲပစ်ချလိုက်တာကိုကကံက ဒါကြောင့် နွားကလေးဖြစ်လာတယ်၊ ဘယ်ဟုတ်မလဲ နွားဝမ်းထဲ ကံကပစ်ချလိုက်တော့ ပဋိသန္ဓေစိတ်တခုတည်း ပစ်ချလိုက်တယ်....(မှန်ပါ့) ကျုပ်တို့ ရှိတဲ့ ပဋိသန္ဓေစိတ်နဲ့ အတူတူဘဲ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် နွားနဲ့ တူလာသတုံးဆိုတော့ ဟိုထဲကျတော့မှ ဒီစိတ်ကလေးသည်ကားလို့ ဆိုလို့ရှိယင် နွားဖြစ်ချင်တဲ့ သဘောကလေးက အဲဒီထဲကျမှ ပေါ်လာတယ်...(မှန်ပါ့) ပေါ်လာတော့ ချိုကလေး သူ့ဟာသူ ပေါက်တယ်၊ သဘောကျပလား .. (ကျပါပြီဘုရား)။

နွားကလေး သူ့ဟာသူ ပေါက်၊ အမြီးကလေး သူ့ဟာသူ လာဆိုတော့ ဟိုထဲရောက်မှ စီမံတာက ဘယ်သူတုံး....(စိတ်ပါဘုရား) ဒီ ပဋိသန္ဓေထဲ ပစ်ချလိုက်တာကတော့...( ကံပါဘုရား) အဲ....ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ စဉ်းစားသာ ကြည့်ပါတော့တဲ့- အဲ....သူ ပစ်ချလိုက်တာက ကံကတော့ဖြင့် ပဋိသန္ဓေစိတ်ကလေးပါဘဲ ကိုစောမောင် ပစ်ချလိုက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒါကလေးဘဲ ကံက တည်ထောင်ပေးလိုက်

ဘယ်၊ ဟိုထဲရောက်မှ အမေနဲ့ တူအောင် အမျိုးမျိုးတူအောင် က ဘယ်သူ လုပ်သလဲ... (စိတ်က လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ကို အရှက်တကွဲ အကျိုးနည်း လုပ်ခဲ့တာ ဘယ်သူတုံး--(စိတ်ပါဘုရား) ပေါ်ကြပလား....(ပေါ် ပါပြီဘုရား)။

တခါ ငရဲမှာ ဒယ်အိုးကြီးတွေ ကြီးကြီးကျယ်ကျယ် ဟုတ် လား....၊ ဒယ်အိုးကြီးတွေ ကြီးကြီးကျယ်ကျယ် ကြီးတဲ့ လူလဲ အတူတူပေါ့ကွ....၊ ဟ....ဘယ်သူလုပ်တာတုံး ဆိုတော့ ဒီကစိတ် က နေပြီးသကာလ ဟိုမှာ ဒီက မကောင်းတာ အကြီးအကျယ် စိတ်ကူးလိုက်တော့ ဟိုမှာ မကောင်းတာ အကြီးအကျယ်သွား ပြီး ပေါ်နေတယ်....(မှန်ပါ့) ဒါ ဘယ်သူဆိုကြမလဲ....(စိတ်ပါ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာ တကာမတွေ ဒါ ကံထင်နေတယ်၊ ကံ မကောင်းလို့ ငရဲကျတယ်၊ ငရဲကျလို့ရှိယင် ငရဲတမျိုးတည်း နေပါလား၊ ငရဲကြီး တရာ့နှစ်ဆယ်ဖြစ်အောင် ဘယ်သူက ဖန် ဆင်းသတုံး.... (စိတ်က ဖန်ဆင်းပါတယ် ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကံနဲ့ စိတ် ဘယ်ဟာ သာပြီး ကြောက်စရာကောင်း သတုံး....(စိတ်ကြောက်စရာကောင်းပါတယ်ဘုရား)။

စိတ် ကြောက်စရာ ကောင်းတယ် ဆိုတော့ စဉ်းစားကြည့်၊ ကျုပ် ကံ မနိုင်ဘူးဆိုကြသလား....ကျုပ်စိတ် ကျုပ် မနိုင်ဘူး ဆို ကြသလား........(စိတ်မနိုင်ဘူး ဆိုကြပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ စိတ်ဘယ်လောက်ဆိုးသလဲ....(ဆိုး ပါတယ်ဘုရား)။

ဒါဖြင့် စိတ်သည် ရှင်းရှင်း ဘုရားက ဥပမာပေးတော့ကွာ.... တဲ့၊ ပန်းချီရုပ်ဟာ ပန်းချီသမား၏ စိတ်အတိုင်း ပေါ်လာတာ.... (မှန်ပါ)သူက ဒီနေရာက အပြောက်ထည့်၊ ဒီနေရာက ပုဆိုးပုံကလေးထည့်၊ ဒီနေရာကျတော့ အင်္ကျီပုံကလေးထည့်၊ ဒီနေရာကျတော့ မျက်နှာပုံကလေးထည့်၊ ဒီနေရာ လက်မောင်းပုံကလေး ကျောပုံကလေး ထည့်ဆိုတော့ ကိုဝ ဒီဥစ္စာပန်းချီသမားက ဆေးကလေးတခု ကိုင်တာနဲ့ စိတ်က ရှောက်ပြီး အလုပ်-လုပ်ပစ်တယ် (မှန်ပါ)ဒါ ဘယ်သူ လုပ်လိုက်တာတုံး....(စိတ်ကပါ ဘုရား)။

ဒါဖြင့် "စိတ္တေန နီယျတေလောကော" စိတ်က ဖန်ဆင်းတာ ဆိုတာ ပေါ်နေပြီ....(မှန်ပါ)။

တချို့ ပျဉ်ပြားကြီးဘဲ ကိုစောမောင် သူ အရုပ်ဖြစ်လာတယ်....(မှန်ပါ)ဘယ်သူ လုပ်လိုက်တာတုံး....(စိတ်က လုပ်လိုက်တာပါဘုရား)။

ဒါဖြင့် စိတ်ဟာ မဆန်းကျယ်ဘူးလား.... (ဆန်းကျယ်ပါတယ်ဘုရား)။

ဒါ့ကြောင့် "ဝိစိတ္တကရဏာ စိတ္တံ" ဘုရားက ဆန်းကျယ်အောင် လုပ်လိုက်တတ်သောကြောင့် စိတ်ကွ....၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ စိတ်ဟာ ကျုပ်တို့ကိုအရှက်တကွဲ အကျိုးနည်း လုပ်နေတယ် ဆိုတဲ့ ဥစ္စာ ကိုဝ ရှင်းပြီနော်-- (ရှင်းပါပြီဘုရား)။

ကိုစောမောင် စိတ်များ လုပ်လိုက်ပြီဆိုမှဖြင့် ဟိုကြည့် သစ်ပင်ကြီးဟာ ငုတ်တိုကြီး ခါတိုင်းလဲ ရှိတာဘဲ၊ စိတ်က လုပ်လိုက်တဲ့ အခါကျမှ သူ့ရဲ့ကြီး ဖြစ်ပြီးမှ တခါတလေ တက်ပြီးသေတာ

များရှိသေးတယ်.... (မှန်ပါ့) ဘယ်သူ သတ်လိုက်တာလဲ(စိတ်ပါ ဘုရား) ကိုယ့်စိတ်ကကို လုပ်ပြီးသတ်တာ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

တခါ ကိုယ့်စိတ်ကိုယ်မနိုင်တာနဲ့ကြိုးဆွဲချသေတာ....(မှန်ပါ့) ကံက ကြိုးဆွဲချတာလား.... (စိတ်က ကြိုးဆွဲချတာပါဘုရား)။

အဲဒါ အဖန်ငါးရာ ငါးကမ္ဘာလို့ဆိုတာ ဘယ်သူက ပြောတာတုံး.... ခင်ဗျားတို့ကို... (စိတ်ကပါဘုရား)။

အလကား.... ဘယ်သူမှမယုံနဲ့၊ သူ့ ဒီစိတ်ဟာ ဒီဘဝမှာ ဒီစိတ်ရှိခဲ့တယ်၊ သူ့စိတ် သူမနိုင်လို့ သူသေလိုက်တယ် (မှန်ပါ့) ဒီဥစ္စာ အဖန်ငါးရာ ငါးကမ္ဘာလို့မသွားနိုင်ဘူး၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) နောက်ဘဝ ဆရာကောင်း သမားကောင်းနဲ့တွေ့ယင် ရဟန္တာဖြစ်နိုင်တယ်....(မှန်ပါ့)။

မဖြစ်နိုင်ဘူးလား....(ဖြစ်နိုင်ပါတယ်)ဘယ်မှာ အဖန်ငါးရာ ငါးကမ္ဘာဟုတ်ရမှာလဲ(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒါဟို ကြိုးဆွဲချသေတဲ့ ပုဂ္ဂိုလ်လို ကိုယ့်သားသမီးမိုက်မှာစိုးတာနဲ့ တယောက်ကစပြီး ပြောတာနဲ့ ဒါကြီးဟာ ပေါရာဏဖြစ်ပြီး ကြီးသွားတယ်....(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ)။

ကိုယ့်သားသမီးလဲ ဒီလိုစိတ်ကူးတွေ ကိုယ့်သမီးကလဲ အင်း.... စိတ်ပျက်နေတဲ့အခါ သူအလိုရှိရာနဲ့ မပြည့်စုံတဲ့အခါ ကြံမှာစိုးလို့ "ဒါမျိုးဟာ မလုပ်ကောင်းဘူး"ဆိုပြီး ဒီအသွားကနေပြီး သိပ်ကြီးကျယ်လာတဲ့အဓိပ္ပါယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်မှ အဖန်ငါးရာ ငါးကမ္ဘာလို့ စာကိုမလာဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ...ဒါဖြင့် တကာတကာမတို့ စိတ်ဟာဖြင့် ကျုပ်တို့ကိုနှိပ်စက်နေတာမပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ကိုင်း....စိတ်ဘယ်လောက်နှိပ်စက်တယ်မနှိပ်စက်တယ် ဆိုတော့ မယုံယင် စဉ်းစားကြည့်ပါ၊ အပ်ကလေးနဲ့ ထိုးမိတာကို မြွေပွေးကိုက်တယ်ဆိုပြီး ချက်ခြင်းတက်တယ်....(မှန်ပါ့) ဒါ....ဘယ့်နှယ်ကြောင့်ဆိုမလဲ....(စိတ်ကြောင့်ပါဘုရား)ရိပ်မိပလား.... (ရိပ်မိပါပြီ) အပ်ကလေးချစ်မိတာ မင့်မြွေပွေးကိုက်တယ်လို့ သာပြောကြည့်၊ ဟိုပုဂ္ဂိုလ်ဟာအတော်ကုယူရမယ်.... (မှန်ပါ့) မကုရပေဘူးလား.... (ကုရပါတယ်ဘုရား)။

အဲဒီတော့ အပ်နာလား.... စိတ်နာလား မေးကြည့်....(စိတ်နာပါဘုရား) ဒါဖြင့် စိတ်ကြောက်စရာကောင်းတယ်....(မှန်ပါ့) ကိုဝ ရှင်းပလား....(ရှင်းပါပြီ)။

ဒါ့ကြောင့်တဲ့ တကာတကာမတို့စိတ်ကို ငြိမ်းငွေ့အောင်ဟောနိုင်လို့ရှိယင် ဓမ္မကထိကကောင်း ဆိုတဲ့အတိုင်း သားကောင်ကလေးတွေဖြစ်တာလဲ စိတ်ဘဲ.... (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီ) ကိုယ့်စိတ် ကိုယ်မနိုင်လို့ သေခြင်းဆိုးသေတာတွေကော....(စိတ်ပါဘုရား)။

စိတ်ဘဲဆိုသဖြင့် ဩော်....သူသတ်သမားလဲစိတ်ဘဲ၊ဆန်းကြယ်အောင်လုပ်တာလဲစိတ်ဘဲ၊ ကိုစောမောင် ပန်းချီရုပ်ကြည့်လိုက်သဖြင့် မသိဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်သည် ကျုပ်တို့ကို သုံးဆယ့်တဘုံမှာသဏ္ဌာန်အမျိုးမျိုး၊ ခြေအမျိုးမျိုး၊ နားရွက်အမျိုးမျိုး ချီကား ချီထောင်အမျိုးမျိုးလုပ်တာ ဘယ်သူတုံး....(စိတ်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ကို အရှက်ခွဲပြီးသေခြင်းဆိုး အသေခိုင်းတာ ဘယ်သူတုံး....(စိတ်ပါဘုရား)။

ဒါဖြင့် သူ့ကို ပေါင်းသင်းလို့ တော်-မတော်....(မတော်ပါဘုရား) စိတ်ကိုငြိမ်းငွေ့ပါတော့ဆိုတာ အထူးပြောစရာ လိုသေးသလား ...(မလိုပါဘုရား)။

မလိုတော့ပါဘူး၊ အဲဒီတော့ကိုတဲ့ ဒါ.... ဓမ္မကထိကကောင်းလို့ ဆိုကြပါစို့....(မှန်ပါ) စိတ်ပေါ်မှာလဲ ခင်ဗျားတို့ပေါင်းသင်းချင်တဲ့သဘော ရှိသေးရဲ့လား .. (မရှိပါဘုရား)။

ဒါဖြင့် စိတ်ကို ငြိမ်းငွေ့အောင်ဟောနိုင်လို့ရှိယင် ဓမ္မကထိကကောင်း....(မှန်ပါ)။

စိတ်ကို ငြိမ်းငွေ့အောင် ကျင့်နိုင်လို့ရှိယင် ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ်ဖြစ်ပါတယ်....ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ငြိမ်းငွေ့အောင် ကိုစောမောင်ရှုကြစို့....(မှန်ပါ)

ရှုကြစို့ဆိုတော့ ရှုစရာဆဲ့လေးခုကို ဆရာ ဘုန်းကြီးက ချောင်းပြီးဖမ်းပါ၊ သမာဓိတည်းဟူသောခြုံထဲမှာ ဉာဏ်တည်းဟူသော ကျားအောင်းပြီးသကာလ ပေါ်ရာလိုက်ပြီး ရှုစမ်းပါ ဘာမှမရှိလို့ရှိယင် ထွက်လေ အားထုတ်တဲ့စိတ်၊ ဝင်လေအားထုတ်တဲ့စိတ်ကိုရှုပေးပါ၊မသင်ဘူးလား.... (သင်ပါတယ်ဘုရား)။

ထိုကဲ့သို့ သင်လိုက်တဲ့အခါကျလို့ရှိယင် ရှုစရာမရှိဘူးလို့ ကိုဝဏ္ဏ ကိုစောမောင်တို့က ဆင်ခြေလဲစရာလိုသေးသလား....(မလိုပါဘုရား)ရှုစရာမရှိယင် ခင်ဗျားတို့သေရုံဘဲရှိတယ်(မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ရှုစရာမရှိယင်.... (သေရုံဘဲရှိပါတယ်ဘုရား) ဒီစိတ်နဲ့ အသက်ရှင်နေတာကိုး.... ဒီစိတ်မရှိတော့ဘူးဆိုယင် ဘယ့်နှယ်တုံး....(သေပါတယ်ဘုရား)။

ဒီဆဲ့လေးမျိုးထဲက တစိတ်မှမရှိတော့ဘူးဘုရား၊ ရှုစရာမရှိတော့ဘူးဆိုလို့ရှိယင်ဖြင့် သေရုံဘဲရှိတယ်....(မှန်ပါ့)။

အဲဒါကြောင့် တပည့်တော် ရှုစရာမရှိတော့ဘူး ဆိုတဲ့စကားကိုစောမောင် ကိုယ့်ဟာကိုယ်အရှုံးဖြစ်အောင်တော့ မလုပ်နဲ့....(မှန်ပါ့) တကာကြီးလှိုင် မလုပ်နဲ့နော်....(မှန်ပါ့)။

ကဲ....အခု ပေါ်ကြပလား....(ပေါ်ပါပြီ) အမြဲတမ်း ရှုနေရမှာက လေကိုထုတ်တဲ့စိတ် လေကိုပြန်ရှိုက်တဲ့စိတ်ကို အမြဲတမ်းရှုပါ....(မှန်ပါ့)။

အိမ်သည်စိတ်နှစ်ခုကို အမြဲတမ်းရှုပြီးသကာလ ကိုစောမောင် ဧည့်သည်လဲ ပေါ်မှလိုက်....(မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

အိမ်သည်လဲ အလှည့်နဲ့ပေါ်တာဘဲ.... သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

တခါတလေများ စိုက်ပြီးကြည့်နေတဲ့အခါ အသက်မရှူဘဲနဲ့ကြည့်တဲ့အခါ ပါသေးတယ်....(မှန်ပါ့)။

ကျောက်တလုံးကို သေသေချာချာ ဒီဥစ္စာ အဘိုးကလဲများမယ်၊ ကြံကျောက်ကလဲ ဖြစ်နေမယ်ဆိုယင် ကိုဝ အသက်ရှူသေးရဲ့လား....(မရှူပါဘုရား) မရှူဘူး.... မရှူဘူး.... မရှူဘူး .. ။

ကြံကျောက်လဲဖြစ်မယ်၊အဘိုးကလဲ ကြီးနေတယ်၊ပေးရမည့် အဘိုးကလဲ ကျောက်ကအချိန်ကလေးကလဲကြီး အရေကလဲအပြု ကကောင်း၊ ပြီးတော့ ကြံစရာတွေကလဲ ပါနေမယ်ဆိုတော့ ဦးဘရှင်း.... အသက်ရှူသေးရဲ့လား....(မရှူပါဘုရား)။

မရှူတော့ဘူးဆိုတော့ သူ့ကိုရှုလို့မဖြစ်တော့ဘူး၊ ဒီအခါ ကြည့်စိတ်ကိုရှုမှဖြစ်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါ ပြီဘုရား)။

အဲဒါကြောင့် သူလဲ အမြဲတမ်းသာ ဆိုတယ် မမြဲပါဘူး ကိုစောမောင်ရ၊ မြဲရဲ့လား... (မမြဲပါဘုရား) မမြဲဘူးဆိုတာပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

သို့သော် သူများထက်မြဲလို့ အိမ်သည်ရယ်....လို့ ဆုံးဖြတ် ချက်ချလိုက်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာမှ ရှုစရာမရှိယင် အိမ်သည် နှစ်ခုရှု....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

အပြင်ဧည့်သည် လာယင်....( အပြင်ဧည့်သည် ရှုရပါမယ် ) အတွင်းဧည့်သည်လာယင်.... (အတွင်းဧည့်သည်ရှုရပါမယ်)။

ရှုလိုက်တဲ့အခါကျတော့ကိုတဲ့ စိတ်ဟာ နှစ်ခုနဲ့ အသက်ရှင်သ လား၊ တခုနဲ့ အသက်ရှင်သလား .. (တခုနဲ့ရှင်ပါတယ်ဘုရား)။

ဒါဖြင့် တခု စိတ်ပျက်သွားတာကို နောက် အသစ်ပေါ်တဲ့ ဉာဏ်စိတ်နဲ့ ကိုဝ ရှုပေး....(မှန်ပါ့) ဒီတော့ အသေကို အရှင်နဲ့ရှု၊ ပေါ်ပလား....(ပေါ်ပါပြီ)။

အသေကို.... (အရှင်နဲ့ရှုရပါမယ်ဘုရား) အသေကို အရှင်နဲ့ ရှုလိုက်တယ်ဆိုတော့ ဟင်....ဘယ်သူ့ အသေပါလိမ့်မတုံးလို့မေး

တော့ ကိုစောမောင် ဘယ့်နှယ်ပြောမလဲ.... ကိုယ့်အသေ.... (မှန်ပါ့) နှုတ်လေး မနေနဲ့တော့....(မှန်ပါ့)။

တကာ့တကာမတို့ ဘယ်သူ့အသေတုံး.... ( ကိုယ့်အသေပါ ဘုရား)။

ဒီ စိတ်နဲ့ အသက်ရှင်နေတာကိုး....၊ ဒီစိတ် သေသွားတယ်ဆို တော့ ကိုယ့်အသေ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ကိုယ့်အသေကို ကိုယ်က ကံမကုန်သေးလို့ ရှင်တဲ့စိတ်နဲ့ ပြန်ရှု....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အသေကို အရှင်နဲ့ ရှု....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဘယ်လိုရှုကြမယ်.... ( အသေကို အရှင်နဲ့ ပြန်ရှုရပါမယ် ဘုရား)။

ဒါဖြင့် အသေကို အရှင်နဲ့ရှုလို့ ဆရာဘုန်းကြီးက ပြောလိုက် တော့ ကေစိတ္တ သမာယုတ္တာ၊ သဘောကျပလား....(ကျပါပြီ) ဒါပါဦး၊ *အသက်ရှိတဲ့ ပုဂ္ဂိုလ်တို့သည် တခုတည်းနဲ့ အသက်ရှင် နေ၏....( မှန်ပါ့ ) စိတ်တခုတည်းနဲ့ အသက်ရှင် တယ်....တဲ့.... (မှန်ပါ့) ဒီစိတ် ချုပ်သွားယင် ဒီလူတယောက် သေတာဘဲ....၊ သဘောကျပလား....(ကျပါပြီဘုရား)။

နောက်စိတ် မလာယင် ဘယ့်နှယ်တုံး.... ( သေတာပါဘဲ ဘုရား) သုသာန်ပို့ရုံဘဲ....။

---

* ကေစိတ္တ သမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော' မဟာနိဒ္ဒေသပါဠိ (၃၂)။

ဒါဖြင့် ခင်ဗျားတို့ကို သုသာန်မပို့ရသေးတာဟာ အယင်စိတ်တွေကတော့ အယင် ကိုစောမောင် ပေါင်း ဘယ်လောက်သေပလဲ....(မရေတွက်နိုင်ပါဘုရား)။

အခု ဘယ့်နှယ်ကြောင့် ကိုစောမောင် သုသာန်မပို့ရသေးပါလိမ့်မတုံး မေးယင် ဘယ့်နှယ်ပြောမလဲ.... (နောက်စိတ်နဲ့ အသက်ရှင်နေလို့ပါဘုရား) နောက်စိတ်နဲ့၊ နောက် ကိုစောမောင်၊ နောက်စိတ် ကိုစောမောင် ဒါက အသက်ရှင်နေလို့....(မှန်ပါ)။

ဒါဖြင့် အသေကို ဘာနဲ့ ကြည့်မလဲ.... ( အရှင်နဲ့ ကြည့်ရပါမယ်ဘုရား)။

အသေကို အရှင်နဲ့ရှုဆိုတာ ဝိပဿနာ စခန်းလို့ မှတ်လိုက်....(မှန်ပါ)။

အသေကို အရှင်နဲ့ရှုဆိုတာ....(ဝိပဿနာစခန်းပါဘုရား)။

ဝိပဿနာစခန်းလို့ မှတ်လိုက်ပါ....တဲ့၊ ဝိပဿနာ ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့က ရှုတာကို ဝိပဿနာလို့ မှတ်နေတယ်၊ အခု သေသေချာချာ ခရေစေ့တွင်းကျ စစ်လိုက်တော့မှ ကိုယ့်အသေကို အရှင်ကနေကြည့်တာ၊ သဘောကျပလား....(ကျပါပြီ)။

ကိုယ့်အသေကို....(အရှင်ကနေ ကြည့်တာပါဘုရား) အရှင်ကနေ ကြည့်တာဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

ပေါ်တော့ကို ကြည့်ဖန်များလာတော့ ဆရာဘုန်းကြီးကလဲ နည်းပေးထားတယ်၊ ကိုယ့်အသေ ကိုယ်ကြည့်တာဟေ့ ဆိုတော့

ကိုစောမောင် သေတာတွေက မများပေဘူးလား.... ( များပါတယ်ဘုရား) များလာတော့ မုန်းမလား....၊ မမုန်းဘူးလား.... (မုန်းပါတယ်ဘုရား)။

ဒါ အခုတော့ မကြည့်တော့ မမုန်းသေးဘူး....(မှန်ပါ့) ကြည့်ဖန်များလာတော့ အသုဘတွေက အတွေ့က များလာတယ်....၊ များလာတော့ ဘယ့်နှယ်ဆိုမလဲ... (မုန်းပါတယ်ဘုရား)။

မုန်းလာတော့ကို....တဲ့၊ မုန်းအောင်ကြည့်လို့ရှိယင်.... ဟုတ်လား မုန်းတဲ့ ပုဂ္ဂိုလ်ဟာ နောက် ဒီအသေမျိုး၊ ဒီလို ဆုတောင်းလို့ရှိယင် ဒီစိတ်တွေ ဒီလို သေနေဦးမှာဆိုတော့.... စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာကို လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား)။

အဲ....မလိုချင်အောင် ကျင့်နိုင်တဲ့ပုဂ္ဂိုလ်ဟာ·တဲ့၊ မုန်းအောင် ကျင့်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ဓမ္မာနုဓမ္မပ္ပဋိပတ္တိပုဂ္ဂိုလ်ဖြစ်ပြီ.... (မှန်ပါ့)။

ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

စိတ်ကို မလိုချင်အောင် မုန်းအောင်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘာတုံး.... (ဓမ္မာနုဓမ္မပ္ပဋိပတ္တိပုဂ္ဂိုလ်ပါဘုရား)။

ခင်ဗျားတို့က "ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ...." သွားပြီး လုပ်နေတယ်၊ မလုပ်ကြဘူးလား.... ( လုပ်ပါတယ်ဘုရား)။

ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ....၊ တပည့်တော်လောကုတ္တရာတရားနဲ့ လျော်တဲ့ အကျင့်နဲ့ ရှိခိုးပါ၏။ ကျင့်လဲမကျင့်ဘဲနဲ့ အလကားရှိခိုးနေတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကျင့်တာက ရှုမှ ကျင့်တာကိုး....(မှန်ပါ့) မကျင့်ဘဲနဲ့ အလကား ရှိခိုးနေတယ်....(မှန်ပါ့ဘုရား)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်သူကမျှား သင်ထားသတုံး ခင်ဗျားတို့....၊ မယ်သီလ ကျောင်းထွက်တွေမျှား ဖြစ်နေသလား မပြောတတ်ပါဘူး....၊ ရိပ်မိပလား....(မှန်ပါ့)။

မဟုတ်ပါဘူး....တဲ့၊ ခင်ဗျားတို့က အခု- ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာဆိုတာ ပဋိပတ္တိကလဲ ပါသေးတာ....(မှန်ပါ့) ကျင့်ပါဦး ဆိုထားတဲ့ဥစ္စာ....(မှန်ပါ့) ဟောဒီက အပျက်နဲ့ ဟောဒီက မဂ်ကိုက်အောင် ကျင့်ပါဆိုတာ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ...၊ ရှင်းပလား....(ရှင်းပါပြီ)။

အပျက်က ဓမ္မ မောင်နိုင်....(မှန်ပါ့) ဟိုက ပဋိပတ္တိ၊ အပျက်ကိုကျင့်တဲ့ အကျင့်၊ အဲဒီအကျင့်နဲ့ ရှိခိုးပါဆိုတာ.... (မှန်ပါ့)။

ရှုတော့ မရှုဘူး၊ အကာလားနေရင်း သွားပြီးတော့ ကိုစောမောင်ကြီးက လက်ဆယ်ချောင်းနဲ့ ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိဘုရား့....ဓမ္မံ ပူဇေမိဘုရား့....၊ ဦးဘရှင်းကြီးကော လုပ်ဘူးရဲ့လား.... (လုပ်ဘူးပါတယ်ဘုရား) ဟာ....သွားပြီပေါ့ ခင်ဗျားတို့။

ဘာမှ မသိဘဲနဲ့လုပ်နေတာ....(မှန်ပါ့) ကျင့်ပြီးလုပ်တာလား ကိုယ့်စိတ် ကိုယ်အပျက်မြင်ပြီးလုပ်တာလား....(ကျင့်ပြီးလုပ်တာတာပါဘုရား)။

ဘယ်ဟုတ်လိမ့်မတုံးဗျ....ဘုရားရှိခိုး အဆုံးပါတာနဲ့ ကိုစောမောင်တို့ လုပ်နေကြတာ။

အပျက် မမြင်ပါဘူး၊ စိတ်ပျက်တာကို ဟင်....(မှန်ပါ့)။

ခင်ဗျားတို့ ပျက်တဲ့ စိတ်ပျက်က ကျောက်ကလေးရှုံးမှ ပျက်လိုက်တာကွာ....၊ ဒီအပျက်သာ ရှိပါတယ်....၊ ဒီ့ပြင် အပျက် ခင်ဗျားတို့ မရှိပါဘူး....(မရှိပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

တရားက အဆုံး ပြောဘိုဘဲ၊ နာရီကလဲစေ့ပြီ...၊ နက်ဖြန်မှ ဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

အဖုံးနှစ်ချပ်ဖွင့်ကြည့်မှ နိဗ္ဗာန်မြင်ပုံ

# ညအလုပ်ပေးတရားတော်

( ၁၈ - ၆ - ၆၂ )

ဒုတ်ဆိုတာ အရင်းအဖျားရှိတယ်၊ အရင်းအဖျားရှိတော့ကို မြှောက်လိုက်တဲ့အခါကျတော့ ကျချင်တဲ့ ဘက်ကကျမယ်၊ အမြဲတမ်းပုံသေမှန်းခြေကိုက်ရှိရဲ့လား.... (မရှိပါဘုရား)။

ဘယ့်နှယ်ကြောင့် မှန်းခြေကိုက် မရှိပါလိမ့်မတုံး....လို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့်တဲ့ကိုယ်၏လက်ဆအတိုင်း ကျချင်သလို ကျပြီးသကာလ အရင်းကကျလိုက်, အဖျားကကျလိုက်, အလည်ကကဖုကလေးရှိယင်လဲ အလည်ကကျလိုက် ကိုစောမောင် ကျချင်သလိုကျနေမှာဘဲ....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ကျချင်သလို ကျမလဲလို့ ဘုန်းကြီးတို့တကာတကာမတွေက မေးလို့ရှိယင်ဖြင့် မမြဲလို့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာဘဲလုပ်နေနေ သစ္စာမသိသေးယင် ခင်ဗျားတို့ သံသရာထဲမှာ ကျချင်သလို ကျလိမ့်မယ်..၊ မမြဲသေးဘူးသာမှတ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

သစ္စာမသိသေးလို့ ရှိယင် သံသရာထဲမှာဖြင့် နတ်ဖြစ်လို့လဲ ဒီတခါ ရှုံးရရှာတယ်၊ နောက်တခါ နတ်က နေပြီးသကာလအဝီစိငရဲကိုလဲ ကျချင်လဲ ကျသွားမှာဘဲ၊ အဖျားက ကျခြင်လဲ ကျသွားမှာဘဲ မောင်နိုင် မြဲပါ့မလား.... (မမြဲပါဘုရား)။

အဲဒါတွေ သေသေချာချာ စဉ်းစားတော့မှ ဩော်....သစ္စာမသိလို့ရှိယင်ဖြင့် ကိုယ်ကျိုးအကြီးအကျယ် နည်းပါပေါ့လား.... (မှန်ပါ့)။

မောင်နိုင် သစ္စာမသိယင်....(ကိုယ်ကျိုး အကြီးအကျယ်နည်းပါတယ်ဘုရား)။

ကိုယ်ကျိုးအကြီးအကျယ်နည်းပါပေါ့လားဆို တဲ့ဥစ္စာတကာတကာမတွေ သစ္စာမသိတဲ့ပုဂ္ဂိုလ် လုပ်နေတဲ့အလုပ်ဟာ ကိုစောမောင်စဉ်းစားကြည့်၊မောင်နိုင်စဉ်းစားသာကြည့်၊တကာကြီးလှိုင်စဉ်းစားကြည့်၊ ပေါ်ပါလိမ့်မယ်နော်....(မှန်ပါ့) ဒီသားမယားနဲ့ဘဲ လူ့ပြည်နတ်ပြည် ရောက်ချင်တယ်။

မောင်နိုင်သစ္စာသိတဲ့ပုဂ္ဂိုလ် လျှုတာလား၊သစ္စာမသိတဲ့ပုဂ္ဂိုလ် လျှုတာလား ... (သစ္စာမသိတဲ့ပုဂ္ဂိုလ် လျှုတာပါဘုရား)။

လူ့ပြည်နတ်ပြည် ဖြစ်တယ်ဆိုတော့ ဇာတိ ဇရာမရဏလာရမှာလား၊ မလာရမှာလား....(လာရမှာပါဘုရား) ဩော်....ဒို့ဇာတိ ဇရာမရဏကိုပန်းနဲ့ဝယ်ယူတယ်ဆိုတဲ့ အဓိပ္ပါယ်လဲမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ယခုလက်ရှိခန္ဓာကြီး ပန်းလျှုနေတဲ့ ခန္ဓာကြီးကလဲကိုစောမောင်က ဆုံးဖြတ်ချက်ချ၊ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား) အို့နာ့သေ ရှိတယ် (မှန်ပါ့) ၉၆-ပါးရောဂါတွေကော (ရှိပါတယ်ဘုရား)။

ဒီဒုက္ခသစ္စာ ရှိလျက်နဲ့ ဒီပန်းတပွင့်နဲ့ လူ့ပြည်၊ နတ်ပြည် ရချင်တယ်ဆိုတော့ ပန်းတပွင့်နဲ့ဘဲ ဒုက္ခသစ္စာ ဝယ်ယူတယ်.... ( မှန်ပါ့ ) လက်ဆောင် ထိုးပြီးသကာလ အသေခိုင်းတဲ့ ဖြစ်စဉ်သမားနဲ့ တူနေတယ်....(မှန်ပါ့) ဦးဘကလေး မတူဘူးလား (တူပါတယ်) အခု အသေရှိလျက်နဲ့ အသေရှာတဲ့အမိပ္ပါယ်၊ တကာကြီးလှိုင် ရောက်မရောက်....(ရောက်ပါတယ်ဘုရား)။

ဒါ....ဘာတုံးဆိုတော့ နောက်လာမည့် "ဇာတိပိ ဒုက္ခသစ္စံ ဇရာပိ ဒုက္ခသစ္စံ မရဏမ္ပိ ဒုက္ခသစ္စံ"ဆိုတဲ့ ဒုက္ခသစ္စာ မသိလိုက်တာ.... (မှန်ပါ့) မသိ လိုက်တဲ့အတွက် ကိုစောမောင်.... ဘာတွေရသတုံး....(ဒုက္ခတွေ ရပါတယ်ဘုရား)။

ဒါက မသိဘူးဆိုတော့တကာတကာမတွေက ဗြုန်းကနဲတော့ မရှင်းပေဘူးတဲ့၊ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာ မသိမှုက ရှေ့ကျနေတာနဲ့ နောက်ခန္ဓာယဲ မသိတော့ဘူး....(မသိပါဘုရား)။

တကာကြီးလှိုင် ပေါ်ပလား....(ပေါ်ပါပြီ) ကိုဝတို့ပေါ်ပြီ နော်.... (ပေါ်ပါပြီဘုရား)။

ကိုယ့်ခန္ဓာကို ဒုက္ခသစ္စာလို့မသိတော့ ဟို....လာလတ္တံ့ခန္ဓာကြီးကို သူက သိသေးရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့အတွက် ခုနင်က ကောင်းကင်မြောက်လိုက်တဲ့ဒုတ်လို ဒုက္ခသစ္စာထဲဘဲပြန်ကျတယ်....(မှန်ပါ့)။

အပါယ်ဒုက္ခသစ္စာထဲ ပြန်ကျလိုက်၊ သုဂတိ ဒုက္ခသစ္စာထဲ.... (ပြန်ကျလိုက်ပါဘုရား) ဘယ်သစ္စာက သုခ ပါသေးသတုံး.... (မပါ-ပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီအလုပ်တွေကို တွင်တွင်ကြီး လုပ်နေပါလိမ့်မတုံး၊ လုပ်နည်း ဒီ့ပြင် ပြောင်းပါဦးတော့လား၊ ဒီ ပန်းတပွင့်နဲ့ နိဗ္ဗာန်ရအောင် လုပ်ချင်လို့ရှိယင် အရသားနဲ့ ဘယ့်နှယ်ကြောင့် လူတွေ့နတ်တွေ့ ဗြဟ္မာတွေ ထည့်ချင်ပါလိမ့်မတုံးလို့ အမေးထုတ်လို့ရှိယင်ဖြင့် မောင်နိုင် ပေါ်ပါပြီ....(ပေါ်ပါပြီ) ဘာမသိလို့တုံး....(သစ္စာမသိလို့ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ သစ္စာကွယ်ယင် ခင်ဗျားတို့မှာ သံသရာ့ခရီးသည်ဘဝ မဆုံးတော့ဘူး... (မှန်ပါ့)။

သစ္စာကွယ်ယင်.... ( သံသရာ့ခရီးသည်ဘဝ မဆုံးတော့ပါဘုရား)။

ဒါဖြင့် ကိုဝက္ကို အကြီးအကျယ်လုပ်ဘို့ကောင်းတယ်.... (မှန်ပါ့ဘုရား)။

အကြီးအကျယ် လုပ်ဘို့ကောင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်မတန် ဟောရှာပါတယ်၊ သစ္စာများကွာ သိအောင်လုပ်စမ်းပါဟ....၊ တနေ့ လှံအချက်သုံးရာထိုး.... အသက်တရာနေတဲ့ ပုဂ္ဂိုလ်ဟာ ထိုးပစေကွ၊ တနေ့ သုံးရာ....သုံးရာ....၊ နောက်ဆုံးပိတ်မှ သစ္စာ ပြောမယ်ဆိုယင် ခံသာခံလိုက်လို့ တနေ့က ပြောလိုက်သေးတယ် (မှန်ပါ့ဘုရား)။

သစ္စာမသိလို့ရှိယင် လည်လှီးသေရမည့်ဘဝတွေ၊ သူများ ပါးစပ်ထဲမှာ သေရမည့်ဘဝတွေနဲ့ စာလိုက်လို့ရှိယင်ကွာ....တဲ့၊ လှံအချက် သုံးရာ့သုံးရာဆိုတာ မပြောလောက်ပါဘူး၊ ရေတွက်

လို့ ရပါသေးတယ်.... ( မှန်ပါ့ )နောက်အသေဆိုးတွေဟာ.... ရေတွက်လို့ မရဘူး....(မှန်ပါ့)။

ဦးဘကလေး ဘယ်လောက် ဆိုးဝါးသလဲ....(ဆိုးဝါးပါတယ် ဘုရား)။

ဒါ့ကြောင့် ဒီတကာတကာမတွေကို ဒီသစ္စာ အကြီးအကျယ် ပြောနေတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သစ္စာမသိတာလောက် လောကကြီးထဲ ဆိုးဝါးတာဖြင့် ဘာမှ မလုပ်တတ်တဲ့ ပုဂ္ဂိုလ် အခိပ္ပါယ်ရောက်တယ်....(မှန်ပါ့ဘုရား) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

လှူလဲ-မလှူတတ်ဘူး၊ ပေးလဲ မပေးတတ်ဘူး၊ ကမ်းလဲ မကမ်းတတ်ဘူး....၊ ကိုယ့်ဟာကိုယ်လဲ ဘာမှန်းမှမသိဘူးဆိုတော့ စုံလုံးကန်းကျနေတယ်.... (မှန်ပါ့) သဘောပါလား.... ( ပါပါတယ် ဘုရား)။

စုံလုံးကန်းကျတော့ကို ဘယ့်နှယ်ဖြစ်နေသတုံးလို့ မေးတဲ့အခါကျတော့ မျက်စိကန်းတွေကို စုပြီး ဆင်ကို ပြသလိုဖြစ်နေတယ်၊ ဒီအတိုင်း မကျပေဘူးလား....(ကျပါတယ်ဘုရား)။

ဗိုက်စမ်းမိတဲ့လူကလဲ မင့်ဆင့်ပြောစမ်းပါလို့ တယောက်က မေးလို့ရှိယင် ဆင်ဆိုတာ အိုးနဲ့တူတယ်ပြောမှာဘဲ- (မှန်ပါ့) ဆင်စစ် သိသေးရဲ့လား....(မသိပါဘုရား) လက်မောင်း စမ်းမိတဲ့လူက ဆင်ဆိုတာ နှယ်ကြိုးနဲ့ တူတယ်လို့ ပြောမှာဘဲ....(မှန်ပါ့) ခြေထောက်စမ်းမိတဲ့လူက ဆင်ဆိုတာ တိုင်ကြီးလိုဘဲကိုး၊ သူစမ်းမိရာသာ သူ ပမာနထားလိမ့်မယ်၊ သဏ္ဍာမသိလို့....(မှန်ပါ့)။

အဲဒီလောက်ကျအောင် ခင်ဗျားတို့ ဆိုးဝါးသွားလိမ့်မယ် ဆိုတဲ့ အခိပ္ပါယ် ရှင်းကြပါပြီ.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာသိအောင်လုပ်ဘို့ အရေးဟာဖြင့် အလွန်ကြီး တော့တယ်ဆိုတာဖြင့် ခင်ဗျားတို့ ဘာမှ ဆင်ခြေလဲမနေနဲ့ တော့ ဘုရားက အရေးအကြီးဆုံးတရားလို့ ဟောတယ်လို့ မှတ်လိုက်.... (မှန်ပါ့)။

တကာကြီးလှိုင် အရေးအကြီးဆုံး တရားဆိုတာ.... ရှင်းပြီ.... နော်....(ရှင်းပါပြီဘုရား)။

အဲဒီတော့.... သစ္စာမသိတော့ တကာတကာမတွေက ဒို့ ကံ တွေ လုပ်နေတာဘဲ၊ ကံတွေ အမျိုးမျိုးလုပ်နေတာဘဲ၊ ဒို့ ဒါန ကံတွေ, သီလကံတွေ အမျိုးမျိုးလုပ်ပြီး သကာလ နေတာဘဲ....၊ ဒါတွေ နိဗ္ဗာန် မရောက်ဘဲ ရှိပါ့မလား....လို့ တကာတကာမ တွေက ဆင်ခြေလဲချင်လဲမယ်၊ မလဲပေဘူးလား.... (လဲပါတယ် ဘုရား)။

လဲတဲ့အခါကျတော့ ဘုန်းကြီးကဘဲ အကိုးအကားကလေး ထုတ်ပြပြီး တကာတကာမတွေကို ရှင်းပြပါ့မယ်နော် (မှန်ပါ့)။

ရှင်းပြတော့ မိလိန္ဒမင်းကြီးက ရဟန္တာဖြစ်တဲ့ ရှင်နာဂသိန် ကိုမေးတယ်၊ လောကကြီးထဲမှာ ဘုရား.... ကံကြောင့်ဖြစ်တယ် ဆိုတာတွေလဲ ထင်ရှားပါတယ်တဲ့၊ လူ့ပြည်က နတ်ဖြစ်တဲ့ကံတွေ လုပ်လိုက်လို့ရှိယင် နတ်ကောင်ကြီး သွားဖြစ်တယ် ...ဆိုတာ မောင်နိုင်.... မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား)။

တနည်းအားဖြင့်လဲဟေတု=အကြောင်းတွေ ဆိုတာလဲအများ ကြီးရှိပါတယ်တဲ့။

ဥတုကြောင့်ဖြစ်တဲ့တောတွေ တောင်တွေကော မရှိဘူးလား (ရှိပါတယ်ဘုရား)။

လောကကြီးထဲမှာ ဒီအကြောင်းရှိတဲ့အကြောင်းသုံးကြောင်း တပည့်တော် နားလည်ပါတယ်တဲ့။

အကြောင်းမရှိဘဲနဲ့ ဖြစ်နေတဲ့တရားကို တပည့်တော် သိချင်တယ်တဲ့၊သတ္တဝါလို့လဲမဆိုနဲ့ ကိုစောမောင်....(မှန်ပါ့)အဓိပ္ပါယ် ပေါ်စေချင်လို့ မေးရှာတာ.... (မှန်ပါ့)။

လောကကြီးထဲမှာ ကံကြောင့် ဖြစ်တယ်ဆိုတာလဲ တပည့်တော် သိပါတယ်တဲ့၊ နတ်ပြည်တွေ ဘာတွေဆိုတာ ဘုံဘော်လဲ ကံကဆောက်တာဘဲ၊ အကောင် အထည် တွေလဲ ကံကဘဲ လုပ်ပေးတယ်ဆိုတာ တပည့်တော် သိပါတယ်....တဲ့၊ ဒီပြင် ရုပ်နာမ်တွေ ဖြစ်တယ်ဆိုတာလဲ သဟဇာတ = တကွဖြစ်တဲ့အကြောင်းတွေကြောင့် ဖြစ်ပေါ်နေတယ်ဆိုတာ တပည့်တော်သိပါတယ်၊ သစ်ပင်, ရေ,မြေ,တော,တောင်တွေဟာ ဥတုကြောင့် ဖြစ်နေတယ်ဆိုတာ တပည့်တော်သိပါတယ်။

အဲဒီ အကြောင်းသုံးခု လွတ်ပြီးရှိနေတဲ့တရား အကြောင်းသုံးခုလွတ်တဲ့တရား ပြောစမ်းပါ၊ကံလဲမပါဘူး၊ ဟေတုအစရှိသည်လဲမပါဘူး၊ ဥတုတည်းဟူသောအကြောင်းလဲ မပါဘဲနဲ့ဖြစ်တာ အရှင်ဘုရားပြောစမ်းပါ....ဆိုတော့ တကာကြီးလှိုင် မေးကွက်က အတော်စေ့တယ်....(စေ့ပါတယ်ဘုရား)။

အဲဒီမှာ ဟိုကဖြေလိုက်တယ် ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်က တကာကြီး....တဲ့ ဟာလာဟင်းလင်းဆိုတဲ့ကောင်းကင်ကြီးဟာ ဘယ်သူမှ လုပ်ထားတာမဟုတ်ဘူးတဲ့။

ကံ့က လုပ်ထားတာလဲမဟုတ်ဘူးတဲ့ ကိုစောမောင် ဟာလာ ဟင်းလင်း ကောင်းကင်ကြီးဟာလေ....(မှန်ပါ့) ခင်ဗျားအထက် က ကောင်းကင်မရှိဘူးလား.... (ရှိပါတယ် ဘုရား) အဲဒီ အမိုး ဒီဘက်ကြားထဲရှိတဲ့ ကောင်းကင်ပေါ့ဗျာ... (မှန်ပါ့)ဘယ်သူလုပ် ထားတာလို့ဆိုမတုံး.... (ဘယ်သူမှ လုပ်ထားတာ မဟုတ်ပါ ဘုရား)။

ဘယ်သူလုပ်ထားတာမှ မဟုတ်ဘူး၊ ဟောတ- လုပ်ထားတာ လား၊ နှစ်ဆယ့်လေးပစ္စည်း လုပ်ထားတာလားဆိုတော့လဲ မဟုတ် ဘူး၊ သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ဥတုကလုပ်ထား တာလားလို့ စောဒနာလဲ မဟုတ်ဘူး၊ သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ကောင်းကင်ဟာ အကြောင်းသုံးပါးမလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)။

ဒါတွင် မကသေးဘူး တကာကြီးတို့ နိဗ္ဗာန်ဟာ ကံကလုပ် ထားတာလဲမဟုတ်ဘူးတဲ့၊ ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဟာ ကံကလုပ်ထားတာမဟုတ်ဘူးဆိုတာ သေ ချာကြပလား....(သေချာပါပြီဘုရား)။

ကိုဝတို့က စဉ်းစားရမယ်....ကိုပေါ်တို့ကစဉ်းစားရမယ်။ ကံက လုပ်ထားယင် ကံပျက်ယင်ပျက်မယ်.. (မှန်ပါ့) ဘာပြုလို့တုံး ... ကံကုန်လို့ စုတေတယ် ပြောကြတယ်... (မှန်ပါ့)။

ကိုဝ သဘောပါပလား (ပါပါပြီ) ကံကလုပ်ယင် ကံကုန် ယင် ဘာဖြစ်မလဲ....(ပျက်ပါမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ကံကလုပ်ထားတာ ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား)။

ဘာ့ကြောင့်တုံး၊ ဓုဝနိဗ္ဗာန်, နိစ္စနိဗ္ဗာန် အမြဲတမ်း ခိုင်မြဲတဲ့ နိဗ္ဗာန်ဖြစ်နေတော့ ကံနဲ့ကော စပ်သေးရဲ့လား.... ( မစပ်ပါ ဘုရား)။

ကိုစောမောင် ဟေတု အစရှိသော အကြောင်းတွေနဲ့ကော (မစပ်ပါဘုရား) ဉတုနဲ့ကော....(မစပ်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့ ကံ,ဥတု, သဟဇာတ အစရှိသည်လွတ်ပြီးသကာလ ဖြစ်တဲ့တရား (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ကျုပ်ဖြင့်....ကျုပ်ကံနဲ့ ကျုပ်ဘဲ ရောက်ရမှာဘဲဆိုတဲ့ အသွားဟာ မောင်နိုင်သွားပြီ.... ( မှန်ပါ့ ) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

သူလုပ်ထားတာဖြင့်လဲ သူက အကြောင်းဆိုလို့ရှိယင် ဟိုက အကျိုးဖြစ်ရမယ်.... (မှန်ပါ့) သူ့ အကြောင်း ဖြစ်လို့ရှိယင်လဲ ကိုစောမောင်က စဉ်းစား ကံကုန်လို့ ကုန်ရဦးမှာဘဲ... (ကုန်ရပါ မယ်ဘုရား) ဒီလိုကုန်တဲ့တရားမျိုးကော ဟုတ်ကဲ့လား....(မဟုတ် ပါဘုရား) တကာကြီးလှိုင် သဘောကျပလား.... (ကျပါပြီ)။

နောက်က တကာတကာမတွေ (ပေါ်ပါပြီဘုရား) နိဗ္ဗာန် ဟာ ကံနဲ့စပ်ပါရဲ့လား....(မစပ်ပါဘုရား) ကံလုပ်ထားတာလို့ ဆိုနိုင်မလား....(မဆိုနိုင်ပါဘုရား)။

မဆိုနိုင်ဘူးဆိုတော့ သူတို့လုပ်ထားတာကော.... (မဟုတ်ပါ ဘုရား)။

သူတို့လုပ်ထားလို့ရှိယင်လဲ ကမ္ဘာမီးလောင်တော့ ဉတုကနေ ဖျက်ချတော့ ပါသွားမှာပေါ့.... (မှန်ပါ့) မပါပေဘူးလား.... (ပါပါတယ်ဘုရား)။

ဒီ့ပြင် သဟဇာတ, ဟေတု အစရှိသော အကြောင်းတွေက လုပ်ထားတာလို့ကော ကိုစောမောင်က ဆိုချင်သေးသလား.... (မဆိုချင်ပါဘုရား)။

ဒါဖြင့် ကံ,ဟေတု, ဥတု အစရှိသော အကြောင်းတွေက မလုပ်နိုင်ခြင်းကြောင့် နိဗ္ဗာန်ဟာ ကံပျက်လို့လဲ မပျက်ပါဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နတ်ပြည်ဘုံတွေပေါက်တယ်၊ ကံကုန်တော့ ဘုံပျောက်တယ် (မှန်ပါ့) ခန္ဓာပါပျောက်တယ်၊ မပျောက်ဘူးလား....(ပျောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီ့ပြင်ဟာတွေကတော့ဖြင့်....တဲ့ မမြဲဘူးဆိုတဲ့ဥစ္စာသိနေတော့ နိဗ္ဗာန်က ဘယ်အကြောင်းနှင့်မှ ဘယ်သူလုပ်ထားတာမှ မဟုတ်သောကြောင့် မြဲတယ်(မှန်ပါ့)။

အဲဒါကြောင့် အဲဒီ နိရောဓသစ္စာကို ခင်ဗျားတို့ အရကြိုးစားရမယ်.. (မှန်ပါ့)သူ့ကိုလုပ်ထားတဲ့အကြောင်းမရှိဘူး....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

လုပ်ထားတဲ့အကြောင်း....(မရှိပါဘုရား) လုပ်တဲ့အကြောင်း ရှိလို့ရှိယင် ဒီအကြောင်းကုန်ယင် အကျိုးကုန်ရမယ်... (မှန်ပါ့) ကုန်ပေဘူးလား....(ကုန်ပါတယ်ဘုရား) အဲဒါဖြင့် ဒီလိုကုန်တဲ့ တရားမျိုးကော ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒါကြောင့် ဒီနိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်ပါတယ် (မှန်ပါ့)။

နိဗ္ဗာန် ဘာသစ္စာ ခေါ်ကြမယ်.... (နိရောဓသစ္စာ ခေါ်ပါတယ်ဘုရား) နိရောဓသစ္စာလို့ ခေါ်တယ်ဆိုတာ ရှင်းလေလား.... (ရှင်းပါပြီ) ကိုစောမောင်....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် အဲဒီနိရောဓသစ္စာကြီးဟာ ကံကလဲလုပ်ထားတာ မဟုတ်ဘူး၊ ဥတုက လုပ်ထားတာလဲမဟုတ်ဘူး၊ ဟေတု အစရှိသည့်တို့ကလဲ လုပ်ထားတာမဟုတ်တော့ ရှိလဲရှိတယ်၊ အမြဲတမ်းလဲရှိတယ်.... ကိုစောမောင် (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် တပည့်တော်တို့ မရောက်, မတွေ့,မမြင်ကြပါလိမ့်မလဲလို့ ကိုပေါ်တို့ ကိုဝတို့က မေးမယ်ဆိုယင် မေးစရာကြီးဘဲ....(မှန်ပါ့) မေးစရာ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် အခုပြောလိုတဲ့ အဓိပ္ပါယ်ကော ကိုစောမောင်က ရိပ်မိပလား....(ရိပ်မိပါပြီ) ကံနဲ့ မစပ်ဘူးလား.... (မစပ်ပါဘုရား) မစပ်ဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

အဲဒါကြောင့် ဒီတကာတကာမတွေကလဲ ဩော်....နိဗ္ဗာန်ကံကလုပ်ထားတာဘဲ၊သို့သော်လဲကံတွေက ကုသိုလ်ကံ,အကုသိုလ်ကံတွေကလဲ နည်းတာတွေမဟုတ်ဘူး၊ ဒီအကြောင်းတွေလုပ်လို့ရှိယင် ဟိုအကျိုး နိဗ္ဗာန်ရလိမ့်မယ်လို့ သွားပြီးမယူလိုက်ပါနဲ့၊ ကံကလုပ်ထားတဲ့နိဗ္ဗာန် မဟုတ်လို့ ကံအကျိုးမဟုတ်ဘူး....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကံအကျိုး မဟုတ်ဘူးဆိုလို့ရှိယင်ဖြင့် တကာတကာမတွေက ပြောင်းပြီး သေသေချာချာမှတ်လိုက်တော့ ဉာဏ်အကျိုးဘဲဟေ့ (မှန်ပါ့) ပေါ်လာပြီ....(ပေါ်လာပါပြီ)။

ကံကျိုးမဟုတ်ဘူးဆိုယင် .. (ဉာဏ်ကျိုးပါဘုရား) ဉာဏ်၏အကျိုးတရား....(မှန်ပါ့) မဆိုနိုင်ဘူးလား.... ( ဆိုနိုင်ပါတယ်ဘုရား)။

ကံအကြောင်းတရားကြောင့်တော့ မဆိုင်ဘူး....(မှန်ပါ့)ဉာဏ် အကြောင်းတရားကြောင့်တော့....(ဆိုင်ပါတယ်ဘုရား)။

ကိုစောမောင် နိဗ္ဗာန်သွားချင်ယင်ခင်ဗျား ဉာဏ်စခန်းအလုပ် လုပ်ရလိမ့်မယ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ ... (ဉာဏ်စခန်း အလုပ်လုပ်ရ ပါမယ်) ဉာဏ်နဲ့ လုပ်ရလိမ့်မယ်နော်....(မှန်ပါ့)။

ကိုစောမောင် ဒါလဲ ဉာဏ်ကလုပ်ထားတဲ့ နိဗ္ဗာန်တော့မဟုတ် ဘူးနော်....(မဟုတ်ပါဘုရား) ဉာဏ်ကပို့မည့်နိဗ္ဗာန်သာဖြစ်တယ် သူ့မှာ ဘယ်သူမှ လုပ်ထားထာမဟုတ်ဘူး....(မှန်ပါ့)နို့မို့ ဉာဏ် ပျက်ယင် သူချက်ဦးမယ်၊ သဘောကျပလား....(ကျပါပြီ)။

အဲဒါကြောင့် နိဗ္ဗာန်ဆိုတာသည် ကံလမ်းလား.... ဉာဏ်လမ်း လားလို့မေးကြလို့ရှိယင် တကာ တကာမတွေ ကံပို့မှာလား.... ဉာဏ်ပို့မှာလား ဆိုတာသေသေချာချာ ဝေဖန်ပါ....(ဉာဏ်ပို့မှာ ပါဘုရား)။

ဩော်.... ဒါဖြင့် ဉာဏ်စခန်း သိပ်အရေးကြီးလာပြီ ဆိုတာ ကိုပေါ်တို ကိုဝတ်ိုပေါ်ပြီ....(ပေါ်ပါပြီဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

နိဗ္ဗာန် ကံလမ်းလား ဉာဏ်လမ်းလားမေးယင်.... (ဉာဏ်လမ်း ပါဘုရား) ဉာဏ်လမ်းနော်....(မှန်ပါ့ဘုရား)။

အဲဒါ ကိုပေါ်တို့လူစုက ရောင်ချာချာလုပ်ပြီး သကာလ သူများပြောတာနဲ့ မင့်မှာ ကံတွေနည်းတာတွေ မဟုတ်ဘူးကွာ၊ မင်းတော့သေချာပါပြီဆိုပြီး ပြောမနေနဲ့ဦး၊ ကံသုပ်ထားတာ မဟုတ်ဘူးဆိုတာ သေချာပြီ မဟုတ်လား.... ( သေချာပါပြီ ဘုရား)။

ကံသုပ်ယင်၊ ကံပျက်ယင်....(ပျက်ပါတယ်ဘုရား)ဒီလိုပျက်တဲ့ ပစ္စည်းမျိုးလား.... ( မဟုတ်ပါဘုရား ) ကောင်းကောင်းရှင်းပလား....(ရှင်းပါပြီဘုရား)။

အေး ဒါကြောင့် ကံက ဥပတ္ထမ္ဘကသာ ဖြစ်တယ်ကိုစောမောင်၊ အထောက်အပံ့ဘဲ.... (မှန်ပါ့) နိဗ္ဗာနပစ္စယော = နိဗ္ဗာန်၏အထောက်အပံ့ သည်၊ ဟောတု=ဖြစ်စေသတည်း၊ ကိုဝ ဒီလိုမလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် အထောက်အပံ့ဘဲ၊ သူကအရောက်လား- အထောက်အပံ့လား....(အထောက်အပံ့ပါဘုရား)။

အထောက်အပံ့ဘဲဆိုတာ မသေချာဘူးလား .. (သေချာပါတယ်ဘုရား)။

အေး .. ဒါတွေလဲ စဉ်းစားတော့မှ ဩော်....ကံထဲ ဉာဏ်စွက်ဦးမှ ရမှာပါကလား....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....( ကံထဲဉာဏ်စွက်ဦးမှ ရမှာပါဘုရား ) ကံထဲဉာဏ်စွက်မှရမယ်ဆိုတာကိုလဲ သေသေချာချာမှတ်ဘို့အရေးကြီးပါတယ် နော် (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒီနိဗ္ဗာန်ကြီးဟာ ကံလုပ်ထားတာလဲ မဟုတ် ဥတုလုပ်ထားတာလဲမဟုတ်၊ ဟောတုအစရှိသည် လုပ်ထားတာလဲ မဟုတ်သောကြောင့် သဘာဝဓမ္မရှိနေတဲ့ သဘော (မှန်ပါ့)။

ဒါဖြင့် တယောက်တလေ မျက်စိလည်ပြီး တိုးမိဘို့မကောင်းဘူးလားဆိုတဲ့ စကားမျိုးလဲ သောကသုံးမယ်ဆို သုံးနိုင်တယ်.... (မှန်ပါ့) မသုံးနိုင်ဘူးလား....(သုံးနိုင်ပါတယ်ဘုရား)။

နောက်က တကာ တကာမတွေ မသုံးနိုင်ဘူးလား.... (သုံးနိုင်ပါတယ်ဘုရား)။

သုံးနိုင်တော့ ဘုန်းကြီး ရှင်းပြပါ့မယ်....တဲ့၊ မိလိန္ဒမင်းကြီး ကလဲမေးတယ် ကိုစောမောင်....(မှန်ပါ့ဘုရား)။

အရှင်ဘုရား-ဉာဏ်၏လက္ခဏာ ပြောစမ်းပါတဲ့၊ ဉာဏ်မေးတာ ကိုး၊ ခုနင်က နိဗ္ဗာန်မေးပြီးပြီ....(မှန်ပါ့) ဉာဏ်မေးလာပြန်တယ် ကိုဝရေ....(မှန်ပါ့ဘုရား)။

ဉာဏ်မေးလာတော့ ဉာဏ်၏လက္ခဏာ ပြောစမ်းပါတဲ့....။

အို....တကာကြီး ဉာဏ်ဆိုတဲ့ဥစ္စာသည်ကားလို့ ဆိုလို့ရှိယင် ဖြင့်တဲ့၊ ထိုးထွင်းသိမြင်တဲ့ စွမ်းရည်သတ္တိရှိတယ်၊ ဥပမာကလေး ဆောင်စမ်းပါဦးဘုရာ့တဲ့....(မှန်ပါ့ဘုရား)။

တကာကြီး မှောင်ထဲမှာ မီးထွန်းလိုက်ပါ၊ မှောင်ထဲမှာ မီး ထွန်းလိုက်ပါတဲ့၊ တကာ တကာမတွေနော်.... (မှန်ပါ့)မှောင်ထဲ မီးထွန်းလိုက်တဲ့ အခါကျတော့ ဒီမီးလဲရောက်ရော အမှောင် ကော....(ပျောက်ပါတယ်ဘုရား)အလင်းရော.... (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် ဒီမီးသည်ကားလို့ဆိုယင် အလင်းပေးတာလဲသူဘဲ၊ အမှောင်ပျောက်တာလဲ သူဘဲ.... ( မှန်ပါ့ ) ရှိတဲ့ပစ္စည်း-အဲဒီ အမှောင်အောက်မှာ ရှိနေတဲ့ပစ္စည်းကို မြင်အောင် ပြတာလဲ.... ဘယ်သူပါလိမ့်....(မီးပါဘဲဘုရား)။

ဟာ... မီးဟာ ကိုဝ တော်တော်အရေးကြီးပါကလား-(ကြီး ပါတယ်ဘုရား) ကိုပေါ် ဘယ့်နှယ်တုံး....(ကြီးပါတယ်ဘုရား)။

အမှောင်ဖျောက်ပေးတာလဲ.... (မီးပါဘဲဘုရား) အလင်းပေး တာလဲ....(မီးပါဘဲဘုရား) အဲဒီအမှောင်အောက်မှာ နဂိုကရှိနေ တဲ့ မမြင်တဲ့ပစ္စည်းကို မြင်အောင် ယူပြတာလဲ.... (မီးပါဘဲ ဘုရား)။

ဉာဏ်၏လက္ခဏာ ဒီအတိုင်းဘဲ၊အဝိဇ္ဇာမှောင်ကိုလဲ ဖျောက်ပေးတယ်၊ ပညာတည်းဟူသော သူ့အရောင်အလင်းလဲ ထွက်ပါတယ်....(မှန်ပါ့) ရှိတဲ့နိဗ္ဗာန်လဲ ပြပါတယ်.... (မှန်ပါ့ဘုရား)။

ဒီအထဲက ဉာဏ်စခန်းဆိုတာ ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

တကာ တကာမတွေ ဘယ်လိုပေါ်လာပါလိမ့်....(ဉာဏ်စခန်းပေါ်လာပါတယ်ဘုရား)။

ဪ....ဒါဖြင့် ဒို့တင်းတိမ်နေတာ မတင်းတိမ်သင့်သေးဘူး....(မှန်ပါ့ဘုရား)။

ဒါန့သီလနဲ့လဲ တင်းတိမ်နေတာ....(မတင်းတိမ်သင့်သေးပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သူက အမှောင်ဖျောက်တယ်လို့လဲမလာဘူး....(မှန်ပါ့) အလင်းပေးတယ်လို့ကော.... (မလာပါဘုရား) ရှိဘာတွေပြတယ်လို့ကော....(မလာပါဘုရား)ဉာဏ်ကမှလာပါတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဪ....ဒါဖြင့် ဒီ တကာ တကာမတွေ မသိတာကို ကိုယ်ကအတော်ဖေါ်ပြောနေရတယ်....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့က ကံ့အမိ- ကံ့အဖနဲ့ဘဲကိုပေါ်တို့က ခပ်ပြုံးပြုံး သေချင်သေပစ်လိုက်မှာ.... (မှန်ပါ့) ရောက်ပါ့မလား....(မရောက်ပါဘုရား)။

မရောက်နိုင်ဘူးတဲ့၊ အမှောင်က ပျောက်ကဲ့လား....(မပျောက်ပါဘုရား) အလင်းကိုပေးရဲ့လား.... (မပေးပါဘုရား) ဒါဖြင့်

ရှိတဲ့ အထည်ဝတ္ထု ပြပါ့မလား....(မပြပါဘုရား)ဒါဖြင့် ဘယ်သူကမှပြမယ်ဆိုတာ ကိုစောမောင်က ဆုံးဖြတ်ချက်ချ....(ဉာဏ်ကမှ ပြပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ဒါကြောင့် ခင်ဗျားတို့ကို တရားအားထုတ်ကြစမ်းပါ၊ တရားအားထုတ်ကြစမ်းပါဆိုတာ မတိုက်တွန်း သင့်ဘူးလား....၊တိုက်တွန်းသင့်သလား -(တိုက်တွန်းသင့်ပါတယ်ဘုရား)။

အမြဲရှိနေတဲ့နိဗ္ဗာန်ကြီးကို ခင်ဗျားတို့က အမှောင်ကွယ်နေတော့ ဘယ်တော့မှမမြင်ဘူး.... ( မမြင်ပါဘုရား ) ခင်ဗျားတို့ ဉာဏ်ကမလင်းယင်ကော.... ( မမြင်ပါဘုရား ) ဒါဖြင့် ရှိနေတဲ့ ပစ္စည်းကော....(မမြင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို ဘယ့်နှယ်ကြောင့်မရောက်, မတွေ့, မမြင်ကြပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ အဝိဇ္ဇာမှောင်ထုကြီး ရှေ့ကခံနေတယ်...(မှန်ပါ့) ပညာ·အလင်းရောင်ကတော့ကျုပ်တို့မှာ မရှိဘူး...(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ပညာအလင်းရောင်က.... (မရှိပါဘုရား) ဒါဖြင့် အမြဲတမ်းရှိတဲ့ နိဗ္ဗာန်ဘယ်တော့မှမတွေ့ရဘူး.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒို့-ဘာအရေးထားပြီး ကြိုးစားဦးမှ သင့်မြတ်မယ်ဆိုတာဖြင့် ယနေ့ပေါ်သွားပြီ.... (ပေါ်သွားပါပြီ) ဘာအရေးထားရမလဲ.... (ဉာဏ်အရေးထားရပါမယ်ဘုရား) ဉာဏ်အရေးထားရဦးမယ်နော်... (မှန်ပါ့ဘုရား)။

အဲဒီ ကျတော့မှ ကိုပေါ်တို့ ကိုဝ တို့က ပေါ်လာတယ်၊ ဩော်....ဝဋ္ဋဘဝတိုတို့နဲ့ နိဗ္ဗာန်, မဂ်, ဖိုလ်ကြီး ရောက်ရပါလို၏ဆိုတော့ မနေ့ကပြောခဲ့တဲ့ အချောင်သမား သွားဖြစ်တယ်....

(မှန်ပါ့) အချောင်လိုချင်တဲ့သဘော မရောက်ဘူးလား-(ရောက်ပါတယ်ဘုရား) ရပါ့မလား....(မရနိုင်ပါဘုရား) ဉာဏ်အလင်းမှ မပါဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဉာဏ်ကမှ ခုနင်က အင်္ဂါသုံးပါးကို ရွက်ဆောင်နိုင်တာ.... (မှန်ပါ့) အမှောင်ဖျောက်တာက ဉာဏ်၊ အဝိဇ္ဇာအမှောင်ဖျောက်တယ်.... (မှန်ပါ့) ဝိဇ္ဇာအလင်းပေးတာလဲ.... (ဉာဏ်ပါဘုရား) ရှိတာကိုမြင်ရတာလဲ....(ဉာဏ်ပါဘုရား)။

ဒါဖြင့် ကိုစောမောင် ပေါ်ရောပေါ့ဗျာ.... ( ပေါ်ပါပြီ ) တကာကြီးလှိုင် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းအလုပ်လား ..၊ ဉာဏ် အလုပ်လားဆိုတာ သေချာကြပလား(သေချာပါပြီဘုရား)သေချာကြပြီနော်... ။

ဆုတောင်းအလုပ်လား....၊ ဉာဏ် အလုပ်လားဆိုတာ ကိုပေါ်တို့ ကိုဝတို့တော့ ယနေ့ပြောပါပြီဆုံးဖြတ်ချက်ချပါ(ဉာဏ်အလုပ်ပါဘုရား)။

ဉာဏ်စခန်းသက်သက်ဘဲဆိုတာဖြင့် စဉ်းစားလေလေ ပေါ်လေလေဆိုတဲ့ အဓိပ္ပါယ်ဖြင့် ဘာမှပြောဘို့မလိုပါဘူး.... (မလိုပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်ဘုန်းကြီး ဘာပြရမှာတုံး မေးတဲ့အခါကျလို့ရှိယင် နိဗ္ဗာန်ရောက်ချင်လို့ တရားနာကြတာတွေ ဖြစ်နေတော့ ကိုဝ.... ဉာဏ်ဘဲပြောနေရတာဘဲ....(မှန်ပါ့) ကိုပေါ် ဘာယောရမလဲ.... (ဉာဏ်ယောရပါမယ်ဘုရား)။

ဉာဏ်ကို အရေးတကြီး ပြောရမယ်....(မှန်ပါ့)။

တကာတကာမတို့ဘာပြောရမလဲ.... (ဥာဏ်ကို အရေးတကြီး ပြောရပါမယ်ဘုရား)။

ဉာဏ်ကို အရေးတကြီး ပြောရမယ်ဆိုတော့ ဉာဏ်ကမှလဲ အမှောင်ဖျောက်မယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘယ်ပါဠိတော်မှာဘဲ ကြည့်ကြည့် ဒုက္ခေဉာဏံ ဆိုတာ ခင်ဗျားတို့ ဒုက္ခသိတဲ့ ဉာဏ်ဘဲလို့ ဆိုလိုတယ်၊ ဒုက္ခသမုဒယေ ဉာဏံ.... သမုဒယ ဖြတ်တာလဲဉာဏ်ဘဲ(မှန်ပါ့) ဒုက္ခနိရောဓေ ဉာဏံ ဆိုတာကော(ဉာဏ်ပါဘဲဘုရား)ဉာဏ်ကမှ နိဗ္ဗာန်မြင်တာကိုး (မှန်ပါ့) "ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ"တဲ့(မှန်ပါ့)အင်း... ဉာဏ်ချည့်လာပါကလား....(မှန်ပါ့)။

ကဲ....ကိုဝ ပေါ်ပလား(ပေါ်ပါပြီ) နောက်က တကာတကာ မတွေ ပါဠိတော်ကြည့်၊ ဒုက္ခေဉာဏံ....တဲ့၊ ဒုက္ခသိတာကော.... (ဉာဏ်ပါ ဘုရား) ဒုက္ခသမုဒယေ ဉာဏံ....တဲ့၊သမုဒယသစ္စာ သိတာကော.... (ဉာဏ်ပါဘုရား) သူ့ဖြတ်ပေးတာလဲ ဉာဏ်ဘဲ (မှန်ပါ့)။

ဒုက္ခနိရောဓေဉာဏံ....တဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် မြင်တာကော (ဉာဏ်ပါဘဲဘုရား)။

ဒုက္ခနိရောဓ ဂါမိနိယာပဋိပဒါယ ဉာဏံ....တဲ့ မလာဘူးလား (လာပါတယ်ဘုရား)။

အင်း.... ဒါဟာ ဘုန်းကြီးက စကားတတ်လို့ ပြောနေတာ လား.... မောင်နိုင် သူ့ပါဠိတော်ကိုက ဒီလိုရှိတာလား.... (ပါဠိ တော်က ဒီလိုရှိတာပါဘုရား)။

အဲဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဟာ ကံလမ်းလား.... ဉာဏ်လမ်းလားလို့ မေးပြီ....(ဉာဏ်လမ်းပါဘုရား)။

ဒီအထဲ ရှင်းသွားပြီ....(မှန်ပါ့) ကိုဝ.... အကိုးအကား လုံလောက်ပလား....(လုံလောက်ပါပြီ)။

လုံလောက်ပြီဆိုတော့ ဩော် ဒို့သည်ကားလို့ ဆိုလို့ရှိယင် ဉာဏ်မျက်လုံးတပ်ပြီး ပေးမည့်သူ မရှိလို့ရှိယင် ကိုယ်ကျိုးနည်းပေါ့....(မှန်ပါ့)။

နောက်က တကာတကာမတွေ (ကိုယ်ကျိုးနည်းပါပြီဘုရား) ဘာတပ်ပေးမည့်လူမရှိယင်.... (ဉာဏ်မျက်လုံး တပ်ပေးမည့်သူမရှိယင်ပါဘုရား)။

ကံမျက်လုံး တပ်ပေးလို့တော့ ခင်ဗျားတို့သွားပြီ (မှန်ပါ့) ဉာဏ်မျက်လုံးတပ်ပေးမှသာလျှင် ကိုဝ.... မအို.... မဒေသ.... အမြဲနေတဲ့နိဗ္ဗာန်ရောက်မယ်....(မှန်ပါ့) ကံမျက်လုံး တပ်ပေးလို့ရှိယင် အထောက်အပံ့ဘဲဖြစ်နေဦးမှာဘဲ... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့်ကံမျက်လုံးထက် တကာကြီးလှိုင် ဉာဏ်မျက်လုံးအရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး.... (ကံမျက်လုံးထက် ဉာဏ်မျက်လုံး အရေးကြီးပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဩော်....ဒါဖြင့် ဉာဏ်မျက်လုံးတပ်မှဘဲ ကိုစောမောင်နေရာကျတော့မယ်.... (မှန်ပါ့) ကံမျက်လုံးနဲ့ဖြင့်.... (နေရာမကျပါဘုရား) နေရာမကျသေးဘူး၊ ဒါနဲ့ တင်းတိမ်နေလို့ မတော်သေးဘူးဆိုတာလဲ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကံက အထောက်အပံ့သာရမယ်၊ ဉာဏ်ကအရောက်ပို့မယ် (မှန်ပါ့) ရှင်းကြလေလား. (ရှင်းပါပြီ)။

ကံက.... (အထောက်အပံ့သာ ရပါမယ်ဘုရား) ဉာဏ်က.... (အရောက်ပို့ပါမယ်ဘုရား)။

ဒါဖြင့် အထောက်အပံ့ ခင်ဗျား....ဟောဟိုနားသွားဗျာ.... ကျုပ်ဒီလောက်တော့ လိုက်ပို့လိုက်မယ်ဆိုတာနဲ့ အရောက်လိုက်ပို့တဲ့လူနဲ့ ကိုစောမောင်တို့က ဘယ်ဟာ ကျေးဇူးတင်သလဲ.... (အရောက်ပို့တဲ့လူကျေးဇူးတင်ပါတယ်ဘုရား)။

သူကမှ လမ်းသိတာကိုး....(မှန်ပါ့)ကံကတော့ ဟောဟိုထက်ဝက်လောက် အဲ....အဲ....အဲဒီလောက်ဆိုယင် သွားတတ်ပါပြီဗျာ ဆိုပြီး သူပြန်လာခဲ့မှာဘဲ....(မှန်ပါ့)။

တော်တော်ကြာ ကိုယ်က မျက်စိလည်ဦးမှာဘဲ.... (မှန်ပါ့) မလည်ပေဘူးလား... (လည်ပါတယ်ဘုရား)။

ကံကမျက်စိလည်နေလို့ နတ်ပြည်, ဗြဟ္မာ့ပြည်ရလဲ ခုန်ခုန်ချနေကြတာဘဲ၊ မျက်စိလည်မှုတွေပေါ့၊ အပါယ်လေးပါးရောက်နေတာတွေလေ.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ကံက အထောက်အပံ့သာ ဖြစ်သောကြောင့် အဆုံးရောက်အောင် မပို့နိုင်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဉာဏ်ကဖြင့်.... (အဆုံးရောက်အောင် ပို့နိုင်ပါတယ်ဘုရား) ပို့နိုင်တယ်ဆိုတာ သချာပလား.... (သေချာပါပြီ)။

ကိုင်း... ဒါဖြင့် ခင်ဗျားတို့ရတဲ့ဟေတုပစ္စယောထဲက-နှစ်ဆယ့်လေးပစ္စည်းထဲက ကိုစောမောင်က မဂ္ဂပစ္စယောသာ ရွတ်ပေရော့ (မှန်ပါ့ဘုရား)။

ကဲ....တကာ တကာမတွေ ရှယ်စမ်း.... (မဂ္ဂပစ္စယော) ကိုဝ ပေါ်ပလား....(ပေါ်ပါပြီ)။

နှစ်ဆယ့်လေးပစ္စည်းထဲမှာ ကြည့်ပါတဲ့၊ သူဘဲ၊မဂ္ဂပစ္စယော= ဒုဂ္ဂတိ၊ သုဂ္ဂတိဘဝမှ ထွက်မြောက်ပြီးသကာလ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ တရားသည်လည်းကောင်း၊ ဆိုတော့ မဂ္ဂင်ရှစ်ပါး လာနေတယ်....(မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား)။

ဘာလာသတုံး....( မဂ္ဂင်ရှစ်ပါး လာပါတယ်ဘုရား) ကံ့ပါသေးသလား....( မပါပါဘုရား )။

ဟော....တကာကြီးလှိုင် သေချာပလား.... (သေချာပါပြီ) မဂ္ဂပစ္စယောဆိုတော့ ဒါကောက်ရပြီ၊ မဂ္ဂင်ရှစ်ပါးလေ- (မှန်ပါ့) မကောက်ရဘူးလား.... (ကောက်ရပါပြီ)။

မဂ္ဂင်ရှစ်ပါးဆိုတာလဲ ခေါင်းဆောင်က ဘယ်သူတုံး ဉာဏ်ဘဲ (မှန်ပါ့ ဉာဏ်ပါဘုရား) ဉာဏ်ဘဲဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒြော်... ဒါဖြင့် ဒီ တကာ တကာမတွေဟာ ဉာဏ်စခန်းမှ မလိုက်လို့ နေကြလို့ ရှိယင်ဖြင့် ထက်ဝက်ပို့တာနဲ့ လမ်းမှာမျက်စိလည်ချေရဲ့....(မှန်ပါ့) ကံ့စခန်းနဲ့ နေလိုက်ယင်လေ-(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် ကံပေါ် ဉာဏ်ဆင့်မှရမယ်....(မှန်ပါ့) ဘယ်လိုမှတ်ကြမယ်....(ကံပေါ် ဉာဏ်ဆင့်မှ ရပါမယ်ဘုရား)။

ကံပေါ် ဉာဏ်ဆင့်မှရမယ်ဆိုတာဖြင့် ခင်ဗျားတို့ဘာမှသံသယ မရှိဘဲနဲ ဉာဏ်ရဲ့ လက္ခဏာသာကြည့်လိုက်....( မှန်ပါ့ )အမှောင်ဖျောက်တာလဲ.... ( ဉာဏ်ပါဘဲဘုရား ) အလင်းပေးတာလဲ....

(ဉာဏ်ပါဘဲဘုရား) ရှိနေတဲ့နိဗ္ဗာန်ကြီးပြတာလဲ.... (ဉာဏ်ပါဘဲဘုရား)။

ဉာဏ်ဘဲလို့ မိလိန္ဒပညာကဟောထားတော့ ဉာဏ်စခန်းသိပ်အရေးကြီးပါကလားဆိုတဲ့ဥစ္စာ အထူးသဖြင့်ကို ဒီနေ့ ပေါ်သွားပြီ .. (မှန်ပါ) မပေါ်ကြသေးဘူးလား.... (ပေါ်ပါပြီ)။

အဲဒီ ခင်ဗျားတို့ချင်း နားခမ်းပဲချင်း မီးမှုတ်ပြီး သကာလခင်ဗျားတော့ သေပျော်ပြီလို့ လုပ်မနေနဲ့ ကိုစောမောင်ရ.... (မှန်ပါဘုရား) ခင်ဗျားဘာမှ မလိုတော့ဘူး စုံလို့တဲ့....။

မစုံတာမှ သူမသိဘဲ.... (မှန်ပါ) ဘာကလေးလိုနေသတုံး.... (ဉာဏ်လိုပါတယ်ဘုရား) ဉာဏ်လိုနေတယ်ဆိုတာ ပေါ်ပလား- (ပေါ်ပါပြီ)။

ကြည့်လေ ...၊ "ဒုက္ခနိရောဓေဉာဏံ" ကိုး၊ ဒုက္ခနိရောဓေ= ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်၌၊ ဉာဏံ= သိတဲ့ဉာဏ်သည် အရေးကြီးသက္ကာတဲ့....(မှန်ပါ) ဉာဏ်ကသိတယ်လို့ ပြောတာ.... (မှန်ပါ) ကံကသိတယ်လို့ ပြောသလား.... ( မပြောပါဘုရား ) ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် တကာ တကာမတို့ ဘယ်လမ်းကို ပြင်းပြင်းထန်ထန်လိုက်ရမလဲ....( ဉာဏ်လမ်းကို ပြင်းပြင်းထန်ထန် လိုက်ရပါမယ်ဘုရား)။

ဉာဏ်လမ်းလိုက်မှ" အာလောကော ဥဒပါဒိ "ဆိုပြီး ဉာဏ်အလင်းလာတာကိုး....(မှန်ပါ) " ဝိဇ္ဇာဥဒပါဒိ "ဆိုပြီးသကာလ ဝိဇ္ဇာမဂ္ဂင်မလာဘူးလား.... ( လာပါတယ်ဘုရား ) သဘောကျပလား- (ကျပါပြီ)။

"ဉာဏ ဥဒပါဒိ" ဆိုတာတွေ ဉာဏ်လမ်းချည့်ပြောတာ.... (မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)ရှင်းကြပလား (ရှင်းပါပြီ)။

ကဲ-ဒါဖြင့်ဉာဏ်လမ်းဘဲ တကာတကာမတွေကို အရေးတကြီး သင်ပါမယ်၊သေလွယ်ကာ ပျောက်လွယ်ကာမို့....(မှန်ပါ့)။

ကဲ....ဒါဖြင့် အထူးကလေး တခါမှတ်လိုက်ပေတော့နော်.... တကာတကာမတို့ ခင်ဗျားတို့ ကြားဘူးမယ်လဲ မဟုတ်ပါဘူးတဲ့ နိဗ္ဗာန်ဟာ အမြဲတမ်းရှိတဲ့တရား၊ ဘယ်သူလုပ်ထားတာမှမဟုတ် သောကြောင့် အမြဲတမ်းရှိနေတယ်....(မှန်ပါ့)။

မျက်စိလည်ပြီး တွေ့ပါတော့လားလို့ မေးတဲ့အခါကျတော့ ကိုတဲ့ ကိုစောမောင် ဒီလိုမှတ်လိုက်၊ အဝိဇ္ဇာက တချက်ဖုံးတယ် (မှန်ပါ့) အဝိဇ္ဇာကို ဖယ်လိုက်ပြန်တော့လဲ ခန္ဓာက တချက်ဖုံး တယ်....(မှန်ပါ့) ဘယ်နှစ်ချက်ရှိပလဲ.... (နှစ်ချက်ရှိသွားပါပြီ)။

အဲဒီ အဝိဇ္ဇာ အယင်လှန်ပြီးသကာလ ခန္ဓာကို ခင်ဗျားတို့ ဝိပဿနာနဲ့လုပ်....(မှန်ပါ့)။

အဲဒီ ခန္ဓာမလိုချင်မှ ခန္ဓာဖုံးထားတဲ့ဆီက ပေါ်တော့မှ ခန္ဓာ အဆုံး နိဗ္ဗာန်ပေါ်လာတယ်....(မှန်ပါ့)။

ဩော်.... တော်တော် အရေးကြီးပါကလား....(ကြီးပါတယ် ဘုရား )။

ဒီဥစ္စာ ခင်ဗျားတို့ ကြားဘူးမှာလဲမဟုတ်ပါဘူး၊အခုသေသေ ချာချာပြောတော့မှ ဟုတ်သားဘဲ၊ ကိုယ့်ခန္ဓာမှာ ခန္ဓာငါးပါး ဖြစ်ပျက်တရား မမြင်တာက အဝိဇ္ဇာ....(မှန်ပါ့)။

တခါ ခန္ဓာကို ဖြစ်ပျက်တွေ မြင်ပြန်တော့လဲ ဖြစ်ပျက်သာ မြင်ရတယ်၊ နိဗ္ဗာန်လဲမတွေ့ဘူး....(မှန်ပါ့) ခန္ဓာက တချက်ကွယ် သွားတယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အဝိဇ္ဇာတဏှာတို့က တချက်ကွယ်လိုက်၊ ခန္ဓာက.... (တချက်ကွယ်လိုက်ပါဘုရား)။

အဲဒီ့ ခန္ဓာမရှိမှ "ခန္ဓနိရောဓော နိဗ္ဗာနံ...."ဆိုတော့ ဘယ် နှစ်ချက်ကွယ်သလဲ....(နှစ်ချက်ကွယ်ပါတယ်ဘုရား)။

အဝိဇ္ဇာ တဏှာကတချက်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ပြီးတော့မှ ဖြစ်ပျက်တွေဆိုတဲ့ ခန္ဓာတွေကလဲ.... ဖြစ်ပျက်ခန္ဓာကြီးကလဲ ဦးဘာကလေး ကွယ်နေတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒါ သူဆုံးမှဘဲ ကိုစောမောင်ရေ ဘာတွေ့မလဲ....(နိဗ္ဗာန် တွေ့ပါမယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်ဟာ အကွယ် ဘယ်နှစ်ချက်ရှိ ပါသတုံး.... (နှစ်ချက်ရှိပါတယ်ဘုရား)။

နှစ်ချက်ရှိတယ်လို့ဆိုတော့၊ဩော်-ဒီနှစ်ချက်မှဆရာသမားက ဖွင့်ဟပြီး တွန်းလှန်မပေးလို့ရှိယင်ဖြင့် ခင်ဗျားတို့၏ စွမ်းရည် သတ္တိနဲ့တော့ဖြင့် လဲသေသေမရဘူး....(မရပါဘုရား)မရနိုင်ဘူး။

ဦးလှိုင် မရနိုင်ဘူး၊ ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူးဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ဩော်.... တော်လောက်ပြီဆိုတဲ့ စကားမျိုး သင့်လောက်ပြီဆိုတဲ့ စကားမျိုးကို မသုံးသေးဘဲနဲ့ ဉာဏ်စခန်း ပေါက်ရောက်မှ တော်လောက်ပြီဟေ့ဆိုတာသုံးပါ (မှန်ပါ့)။

ကိုပေါ် ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် နိဗ္ဗာန်ဟာ အဖုံး ဘယ်နှစ်ချက် ဖုံးလို့ အကွယ်ဘယ်နှစ်ချက်ကွယ်ပြီး အကာဘယ် နှစ်ချက် ကာနေပါလိမ့်မတုံးဆိုတာ မောင်နိုင် ပေါ်သွားပြီ.... (ပေါ်သွားပါပြီ)။

အဝိဇ္ဇာနဲ့ တဏှာက(အဖုံးကချက်ပါ)ခန္ဓာက (တချက်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒါကိုလဲ ဘုန်းကြီးက ကြုံဖန်ပြောတဲ့စကားလားလို့ မေးတော့ အဝိဇ္ဇာတဏှာချုပ်မှုလဲ....“တဏှာနိရောဓော နိဗ္ဗာနံ” ကဟောထားတယ်.... (မှန်ပါ့) “ခန္ဓနိရောဓော နိဗ္ဗာနံ”ကလဲ ဟောထားတယ်....(မှန်ပါ့) ဒါဖြင့် နှစ်ချက်ကွယ်ဆိုတာ သေချာ ပလား....(သေချာပါပြီ)ပေါ်ကြပလား.... (ပေါ်ပါပြီ)။

တဏှာနိရောဓော .... (နိဗ္ဗာနံပါ ဘုရား) ခန္ဓနိရောဓော.... (နိဗ္ဗာနံပါဘုရား)။

ကဲ....ကိုဝ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)ဒီထဲက နိဗ္ဗာန်ဘယ်နှစ်ချက် ကွယ်နေတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ချင့်ချိန် နိုင်ပါပြီ .. (မှန်ပါ့)။

မောင်နိုင်....ဘယ်နှစ်ချက်ပါလိမ့် (နှစ်ချက်ပါဘုရား)တကာ တကာမတွေ့ အင်မတန် ကံထူးအကြောင်းထူးလို့ ဒီအကြောင်း သိရပေတယ်ဆိုတာဖြင့် ဝမ်းအမြောက်ကြီး မြောက်ဘို့ပါဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒီအတိုင်းသာ သာမညဆရာသမားတွေနဲ့ တွေ့နေမယ် ဆိုလို့ ယင်ဖြင့် သာမည အသိလောက်နဲ့ ကိုယ်ကလဲလမ်းဆုံးနေမယ်ဆို လို့ရှိယင် ဒီအကွယ်နှစ်ခု ဘယ်လိုလုပ်ပြီး တွန်းလှန်ထုတ်မလဲ.... (မထုတ်နိုင်ပါဘုရား) မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

မမြင်နိုင်ဘူးတဲ့၊ ရှုဟဲ့....ရှုဟဲ့ဆိုလို့ သာ ရှုမှာကိုး....(မှန်ပါ့)။

ကိုစောမောင် ရှုဆိုပေမယ်လို့ ဖယ်ပြီးရှုရမှာကိုး....(မှန်ပါ့) ဖယ်နည်း နိဿယည်းကိုမရလို့ ရှိယင်လဲ ဦးဘကလေး သွားရော ပေါ့....(မှန်ပါ့) မသွားပေဘူးလား.... (သွားပါတယ်ဘုရား)။

နိဗ္ဗာန်မှာ အကာအကွယ် ဘယ်နှစ်ခုရှိနေလို့ ကျုပ်တို့ မကြုံရ မတွေ့ရ, မရောက်ရပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် တကာ တကာမတွေ့ ယနေ့ပေါ်သွားပြီ....(ပေါ်သွားပါပြီဘုရား)။

၁-က ဘယ်သူ ကွယ်သတုံး....(အဝိဇ္ဇာနဲ့ တဏှာကွယ်ပါတယ် ဘုရား) ၂-က ဘယ်သူ ကွယ်သတုံး.... ( ခန္ဓာက ကွယ်ပါတယ် ဘုရား )။

ဖြစ်ပျက်တွေ တွေ့နေတုန်း.... အနိစ္စတွေ တွေ့နေတုန်းလဲ ကိုပေါ် နိဗ္ဗာန်တွေ့တာမှ မဟုတ်သေးဘဲ.... (မတွေ့ပါဘုရား)။

အဲဒီတော့ ခန္ဓာဖြစ်ပျက်က ကွယ်နေတယ်....(မှန်ပါ့) မကွယ် ဘူးလား....(ကွယ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဩော်....တကာတကာမှတို့ ပဌမတချက်မလှန် ယင်လဲ ခန္ဓာမတွေ့ဘူး....(မှန်ပါ့) ခန္ဓာမတွေ့လို့ရှိယင်လဲ ဖြစ်ပျက် အနိစ္စတွေ.... (မတွေ့ပါဘုရား) ဒီ....အနိစ္စကို ဆုံးအောင်မလိုက် လို့ရှိယင်လဲ နိစ္စ နိဗ္ဗာန်ရောက်ပါ့မလား... (မရောက်ပါဘုရား)။

ကဲ....ဒါဖြင့် ဒီလမ်းဟာဖြင့် ပဌမရှေးဦးစွာ အဝိဇ္ဇာနဲ့တဏှာ တွန်းလှန်ရလိမ့်မယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒုတိယ ခန္ဓာကိုဆုံးအောင်လိုက်ရလိမ့်မယ်....(မှန်ပါ့)။

အဲဒီ ခန္ဓာဆုံးမှ သာလျှင် ခန္ဓာဆုံးနိဗ္ဗာန်-တဏှာဆုံး နိဗ္ဗာန် ကိုး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ခန္ဓာဆုံးယင် (နိဗ္ဗာန်ပါဘုရား) တဏှာဆုံးယင်....(နိဗ္ဗာန်ပါဘုရား)။

ဩော်....နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ခန္ဓာလဲဆုံး တဏှာလဲဆုံးမှပါလား ဆိုတဲ့ဥစ္စာ ကောင်းကောင်းကြီး ပေါ်လာပြီ....(ပေါ်လာပါပြီ) ရှင်းကြပလား....(ရှင်းပါပြီ)။

တော်တော် ခင်ဗျားတို့ နားကြီးလို့သာ ကိုဝ ဒီ အဓိပ္ပါယ် နားထောင်လို့ဖြစ်တာနော်.... (မှန်ပါ့) ဖေါ်ပြောမည့်သူကလဲ အရှားကြီးကိုး ကိုပေါ်ရ....(မှန်ပါ့)။

လွယ်ပါ့မလား တကာတကာမတို့....(မလွယ်ပါဘုရား)လွယ်ကို· မလွယ်ဘူးဆိုတာ ခင်ဗျားတို့ ဒီအတိုင်းသာ ဒီဆရာနဲ့လဲ မတွေ့တော့ဘူး၊ တရားလဲ မနာကြတော့ဘူး ဆိုလို့ရှိယင်ဖြင့် ကွာ....ဒို့မိဘများ လုပ်လာတဲ့အတိုင်းပေါ့ကွာ-ဒီ့ထက်ကောင်းတာ ဘယ်ရှိမလဲဆိုပြီးသကာလမနက်ဆွမ်းတော်ပွဲချိန် ဆွမ်းတော်တင် အမျှအတမ်းဝေ မေတ္တာပို့၊ တော်ရောပေါ့ကွ.... ဒီတော်ရောပေါ့နဲ့ဘဲ အချိန်ကုန်သွားမယ်(မှန်ပါ့) လမ်းလဲဆုံးပါ့မလား (မဆုံးပါဘုရား) မဆုံးသေးဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အေး.... ဒါကြောင့် သူများ ပြောသံကြား သူများပါးစပ် လမ်းဆုံးပြီးနေရတာ သစ္စာမသိမှုကြောင့်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

သစ္စာမသိတော့ ကောင်းကင်မြှောက်တဲ့ဒုတ်အောက်ပြန်ရောက်တယ်၊ကျချင်သလိုကျတယ် ကိုစောမောင်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကောင်းကင် မြောက်တဲ့ဒုတ်ဟာဘာတဲ့.... (ကျချင်သလိုကျပါတယ်ဘုရား)။

ကျချင်သလိုကျတယ်ဆိုတာ "အဝိနိပါတဓမ္မော" မဟုတ်ဘူး ဝိနိပါတ ဘေးသင့်တာလို့မှတ်လိုက်.... (မှန်ပါ့) ဖရိုဖရဲကျတဲ့ဘေး၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ၁-နံပါတ် ဆရာဘုန်းကြီးက ဘာကိုဖယ်ပေးရမှာပါလိမ့်....(အဝိဇ္ဇာနဲ့ တဏှာကို ဖယ်ပေးရပါမယ်ဘုရား)။

အဲ....အဝိဇ္ဇာနဲ့ တဏှာ ဖယ်ပေးလိုက်မယ် နော်.... (မှန်ပါ့) ပြီးတော့မှ ခန္ဓာ ဖေါ်ပေးလိုက်တော့မှ ခင်ဗျားတို့ ဉာဏ်က အမှောင်ဖျောက်ပေးတဲ့တရား ရောက်တော့ တော်တော် အလင်းရောင်ကလေးရတဲ့အခါ ကျတော့ ပင်ကိုယ်ခန္ဓာကြီး သွားတွေ့တယ်....(မှန်ပါ့)။

ပင်ကိုယ်ခန္ဓာဆိုတာက ယောကျ်ား၊မိန်းမတွေ့တာမဟုတ်ဘူး၊ ဖြစ်ပျက်သွားတွေ့တယ်....(မှန်ပါ့) နဂိုကရှိတာက "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ကိုး....(မှန်ပါ့)။

အဲဒီတော့ အဝိဇ္ဇာနဲ့၊တဏှာ ဖယ်ပေးလိုက်တော့ ခန္ဓာ အနိစ္စသွားတွေ့တယ်....(မှန်ပါ့) အဲဒီ အနိစ္စကလဲ မောင်နိုင်ရေ နိဗ္ဗာန်ဆိုးတယ်....(မှန်ပါ့)။

ဘာ့ကြောင့် နိဗ္ဗာန်ဆိုးထားသတုံးလို့မေးတဲ့အခါကျတော့မှ အနိစ္စက ဝိပဿနာဉာဏ်တဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အဲဒီတော့ ဝိပဿနာဉာဏ်နဲ့လဲနိဗ္ဗာန်မရောက်နိုင်သေးဘူး....(မှန်ပါ့) ရောက်ပါ့မလား....(မရောက်ပါဘုရား)။

သူ့နောက်က သူရင့်ကျက်ပြီးသကာလ ဝိပဿနာ ဉာဏ်က ဘယ်သူက ဘာပြောပြော မဂ္ဂင် ၅-ပါး ၆-ပါးထက် မပိုဘူး.... (မှန်ပါ့) ရှစ်ပါးကိုပြည့်ရဲ့လား....(မပြည့်ပါဘုရား) မပြည့်သေးလို့ရှိယင် နိဗ္ဗာန်မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

ကိုဝ....မြင်နိုင်ပါ့မလား.... (မမြင်နိုင်ပါ ဘုရား) အဲဒီတော့ ဝိပဿနာဉာဏ်ကလေးနဲ့ သေသွားပြန်လို့ရှိယင်လဲ ဩော်.... ဒို့....တော်လောက်ပြီဟ....လို့ ဒီလိုလဲ မအောက်မေ့နဲ့ဦး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာဉာဏ်နဲ့ သေသွားမယ်ဆိုလို့ရှိယင်လဲအလုပ်အရှားကိုဝ....မခံဘူး....(မှန်ပါ့) ခံပါ့မလား....(မခံပါဘုရား)။

သာသနာတွင်း ကုသိုလ်လောက်ဘဲ ဖြစ်ပြီးသကာလ နေတယ်၊ တကယ့်နိဗ္ဗာန်ကို မြင်ရပလား....(မမြင်ရသေးပါဘုရား) မမြင်ရသေးဘူး၊ ခန္ဓာက ဖြစ်ပျက်ဘဲ တွေ့သေးတာကိုး....(မှန်ပါ့)။

အဲဒီတော့ ခန္ဓာကွယ်နေတဲ့နိဗ္ဗာန်ကိုတွေ့ပလား....(မတွေ့သေးပါဘုရား)။

မတွေ့သေးတော့ ဒီခန္ဓာဖယ်နည်း နိဿယည်းကိုလဲ တခါ ဟောရမယ်....(မှန်ပါ့) မဟောရပေဘူးလား.... (ဟောရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီလောက်ဆိုလို့ရှိယင် တကာတကာမတွေ့ဩော်....ဒို့မှာ ဝိပဿနာလုပ် ဝိပဿနာလုပ် ဆိုငြားသော်လဲ ဝိပဿနာ ကွယ်နေတာက အဝိဇ္ဇာနဲ့တဏှာ.... (မှန်ပါ့) တခါ ဝိပဿနာတွေ့ပြန်တော့လဲ နိဗ္ဗာန်ကွယ်နေပြန်တယ်၊ နိရောဓသစ္စာ ကွယ်နေတယ်....(မှန်ပါ့)။

နိရောဓသစ္စာကို.... အနိစ္စက ဒုက္ခသစ္စာကိုး၊ ဒုက္ခသစ္စာလာ ကွယ်လိုက်တယ်....(မှန်ပါ့) မောင်နိုင် ရှင်းပလား....(ရှင်းပါပြီ)။

ခုနင်က ရှေ့ကကွယ်တာက သမုဒယသစ္စာ၊ မှတ်မိပလား.... (မှတ်မိပါပြီ) အဝိဇ္ဇာနဲ့တဏှာက (သမုဒယသစ္စာပါ ဘုရား) နောက်ကတခါ ကွယ်တာက.... (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း.... နှစ်ချက်လှန်ရမှာ.... ( မှန်ပါ့ ) ရှင်းကြပလား.... (ရှင်းပါပြီ)။

နှစ်ချက်မလှန်လို့ ရှိယင်ဖြင့် ခင်ဗျားတို့နိဗ္ဗာန်ရောက်လိမ့်မယ် ဆိုတဲ့တရားမျိုးနဲ့ဘဲ အချိန်ကုန်လိမ့်မယ်.... (မှန်ပါ့) နှစ်ချက် မလှန်ဘဲနဲ့တော့ဖြင့် နိဗ္ဗာန်ကို....(မမြင်ပါဘုရား)။

မမြင်နိုင်ဘူးဆိုတော့ ဩော်....နိဗ္ဗာန် ရောက်လိမ့်မယ်ဆိုတဲ့ တရားမျိုးနဲ့ဖြင့် ခက်ကရောပေါ့ .... ( မှန်ပါ့ ) မခက်သေးဘူး လား....(ခက်ပါတယ်ဘုရား)။

ရောက်လိမ့်မယ်ဆိုပြီး ကိုယ်ကဘယ်ဟာဖယ်လို့ ဘယ်လိုရှင်း ပြီး ဘယ်လိုသွားရမှာတုံးမှ၊ ကိုယ်က မသိလို့ရှိယင် သူ့ရောက် လိမ့်မယ်နဲ့ ကိုယ့်နားက လမ်းဆုံးနေမယ်.... (မှန်ပါ့)။

အဲဒီတော့ ဖယ်စရာ ရှားစရာတွေ သိသေးရဲ့လား....(မသိပါ ဘုရား) မသိဘဲနဲ့တိုးတော့ ကိုစောမောင်က ရောက်ပါ့မလား-- မရောက်ဘူးလား....( မရောက်ပါဘုရား ) မရောက်နိုင်ဘူးဆိုတာ မောင်နိုင် သေချာပလား....(သေချာပါပြီ)။

နောက်က တကာ တကာမတွေ.... (သေချာပါပြီဘုရား) ထူးထူးခြားခြား နာရပေပြီဆိုတာကော ပေါ်ကြပလား....(ပေါ် ပါပြီ)။

ကဲ....နောက်လာမှာသည် ခင်ဗျားတို့ အဖယ်တရား, အရှင်းတရားလို့ဘဲ မှတ်ကြပေတော့....(မှန်ပါ့)။

တကာကြီးလှိုင် ဒါကြောင့် မသေစေချင်သေးဘူး ဆိုတာကော သဘောကျပလား....(ကျပါပြီ)။

ဒါကလေးတွေ မတွေ့လိုက်ရလို့ရှိယင်ဖြင့် နောက်က တကာ တကာမတွေ အတော်ခက်သွားမယ်....(မှန်ပါ့) အတော်ခက်သွားမယ်တဲ့၊ အဖုံးမှမဖွင့်တတ်လို့ရှိယင် ရှိတဲ့ပစ္စည်းရနိုင်ဘို့ အတော်ခဲယဉ်းသွားမယ်....(မရနိုင်ပါဘုရား) မရနိုင်ဘူးနော်....(မှန်ပါ့)။

အဲဒါက ကံနဲ့ဖွင့်ရမှာလား....၊ ဉာဏ်နဲ့ ဖွင့်ရမှာလား....(ဉာဏ်နဲ့ဖွင့်ရမှာပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဉာဏ်စခန်းဆိုတာကော ထောက်ခံချက်ပေးပလား.... (ပေးပါပြီဘုရား) မပေးသေးဘူးလား....(ပေးပါပြီ)။

ကံနဲ့ဖွင့်ရမှာလား....၊ ဉာဏ်နဲ့ဖွင့်ရမှာလား....(ဉာဏ်နဲ့ဖွင့်ရမှာပါဘုရား) ဒီအဖုံးနှစ်ချက်ကို....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

ကဲ....တကာကြီးလှိုင် နိဗ္ဗာန်ဆိုတာ ဉာဏ်စခန်းဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် ပြောကြပါစို့တဲ့၊ နာရီကလဲ နည်းနည်းဘဲ ကျန်တော့တယ်၊ နိဗ္ဗာန်ကိုဖေါ်ကြပါစို့နော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဘုန်းကြီးကဘဲ ရှေးဦးစွာ အဝိဇ္ဇာနဲ့တဏှာကို ဖယ်ပေးရမယ်၊ ဒါက ကလျာဏမိတ္တဆိုတဲ့ ဆရာသမားမပါယင် ကိုဝ ဖယ်ပေးမည့်သူမရှိဘူး.... (မှန်ပါ့)။

ဒါက ခင်ဗျားတို့ဟာ ခင်ဗျားတို့ဖယ်လို့ တော့ဖြင့် ဖယ်နည်း မှမရတော့ ဘယ်သိမတုံး.... (မှန်ပါ့) မောင်နိုင် သိပါ့မလား.... (မသိပါဘုရား)။

မသိတော့မှ ကိုင်း....တကာ တကာမတို့ အဝိဇ္ဇာနဲ့ တဏှာ ဖယ်ကြပါစို့ဆိုတော့ ကိုယ့်ခန္ဓာဆိုတာ ကိုယ်အင်မတန်ခင်တယ်၊ မခင်ကြဘူးလား.... (ခင်ပါတယ်ဘုရား)။

ခလုတ်မထိ-ဆူးမငြိပါစေနဲ့၊အဟံ အဝေရော ဟောမိ= ငါ-အန္တရာယ်ကင်းပါရစေဆိုတာ သာမညခင်တာလား.... ကိုစော မောင်....(အလွန်ခင်ပါတယ်ဘုရား)"အဟံ အဝေရော ဟောမိ" က စ,တာဗျ....(မှန်ပါ့)။

အဟံ=ငါသည်၊ အဝေရော=ရန်မရှိသည်၊ ခလုတ်မထိ, ဆူး မငြိသည်၊ ဟောမိ=ဖြစ်ရပါလို၏....(မှန်ပါ့)။

အံမာလေး....မေတ္တာလိုလိုနဲ့ တဏှာက ခင်ထားလိုက်တာ နည်းတာမဟုတ်ဘူး....(မနည်းပါဘုရား)။

ကဲ....တဏှာဖုံးနေတယ်ဆိုတော့ တခါတည်း ခန္ဓာအတုံးကြီး ပေါ်လာတယ်....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါတယ် ဘုရား)။

ဟ....ဘယ်သူ့အန္တရာယ်ကင်းဘို့ နင်လုပ်နေတာတုံး....၊ ဆရာ ဘုန်းကြီးကလဲ အကွက်ကျကျ မေးတဲ့အခါ ဟောဒီ ခန္ဓာကြီး ဘုရာ့...ဆိုတော့ ဟောဒီကိုယ်ကြီးဘုရာ့....၊ ကိုပေါ် လာရ-မလာရ....(လာရပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာသတ္တိ သေချာတယ်.... ( သေချာပါတယ် ဘုရား)။

ဒါကြောင့် ခင်ဗျားတို့မေတ္တာက အဝိဇ္ဇာကို တွန်းလှန်နိုင်ဘို့ ဝေးပါသေးရဲ့ဆိုတာ ကိုစောမောင်....(ပေါ်ပါပြီဘုရား)။

မပေါ်သေးဘူးလား....( ပေါ်ပါပြီ ဘုရား ) ဒီကိုယ်ကြီး ပို့ရမှာကိုး....( မှန်ပါ့ ) မပို့ရပေဘူးလား.... ( ပို့ရပါတယ် ဘုရား)။

အဟံ=အကျွန်ုပ်သည် ဆိုကတည်းက တကိုယ်လုံးဆိုတာ.... (မှန်ပါ့) အဝေရော=ရန်မရှိသည်၊ဟောမိ=ဖြစ်ရပါလို၏ဆိုတော့ ခန္ဓာဘယ်လောက်ခင်လို့တုံး ကိုစောမောင်.... (အားကြီးခင်ပါ တယ်ဘုရား)။

ဒါဖြင့် ဒီတဏှာဖုံးနေပြီဆိုတာကော.... (ပေါ်ပါပြီ) အနိစ္စ တွေ ပေါ်သေးရဲ့လား....(မပေါ်ပါဘုရား)။

ကိုင်း.... ဒါဖြင့် ဒါ ဘယ့်နှယ်ကြောင့် ဒီခန္ဓာကြီးဟာ ပြီး တော့မှ "သဗ္ဗာဏုတ္တိယော သဗ္ဗေပုရိသာ" နဲ့များ လာလိုက်တာ၊ ယောကျ်ားလဲ ကင်းတာမဟုတ်ဘူး၊ မိန်းမတွေရော....(မကင်းပါ ဘုရား)။

ဘယ်မှာတုံး ကိုစောမောင်ရဲ့၊ တဏှာဖယ်နိုင်သေးရဲ့လား.... (မဖယ်နိုင်ပါဘုရား)ကိုဝ ဖယ်နိုင်သေးရဲ့လား.... (မဖယ်နိုင်ပါ ဘုရား)။

မဖယ်နိုင်ဘူးဆိုတာ ဒါ သမထ့စခန်းဆိုတာ ကိုပေါ်က ရှင်းရောပေါ့....(မှန်ပါ့)မရှင်းသေးဘူးလား....(ရှင်းပါပြီ)။

ဒါကြောင့် သမထ့ဟာ နိဗ္ဗာန်မရောက်ဘူးဆိုတာလဲ အထူး ဘဲ၊ ဒီတဏှာနဲ့ အဝိဇ္ဇာမှ မဖယ်နိုင်ဘဲ.... (မှန်ပါ့) ဖယ်နိုင်သေး ရဲ့လား....(မဖယ်နိုင်ပါဘုရား) မထင်ရှားသေးဘူးလား.... (ထင် ရှားပါပြီ)။

အေး....ဒါ့ကြောင့် တကာကြီးလှိုင်ရ အင်မတန်အရေးကြီးပါတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ) ပေါ်ပြီတဲ့....၊ ပေါ်ပြီ။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ အဝိဇ္ဇာနဲ့တဏှာ ဖယ်ကြပါစို့နော်....(မှန်ပါ့)။

မေတ္တာအသာချိပ်ထား မောင်နိုင်ရ.... (မှန်ပါ့) ဝိပဿနာဆိုတဲ့အခါကျလို့ရှိယင်ဖြင့်....တဲ့၊ ကဲ....ဝိပဿနာဉာဏ်နဲ့ ခန္ဓာကိုယ် ကျုပ်တို့ကြည့်တော့ ကြည့်ရမှာဘဲ မျက်လုံးမှိတ်ပါ(မှန်ပါ့) မမှိတ်ယင် မဖြစ်ဘူး....(မှန်ပါ့)။

မျက်လုံးမှိတ်လို့ရှိယင်ဖြင့်...တဲ့၊ တကာ တကာမတို့ မျက်လုံးက အဆင်းမြင်နေဦးမှာ.... (မှန်ပါ့) ချောတယ်, လှတယ်, အရုပ်ဆိုးတယ်ဆိုတာ မြင်နေဦးမှာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် မနော တပေါက်တည်းဖွင့်.... ( မှန်ပါ့ ) ကျန်တဲ့ ငါးပေါက် တကာကြီးလှိုင် ပိတ်လိုက်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကို၀-ဘယ်နှစ်ပေါက်ပိတ်မလဲ.... ( ငါးပေါက်ပိတ်ရပါမယ်ဘုရား) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဘာလုပ်ရမလဲ.... (ပိတ်ရပါမယ်ဘုရား) မနော တပေါက်တည်း ဖွင့်ပါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အံမာလေး.... အဝိဇ္ဇာနဲ့တဏှာ ဖယ်ဘို့ကို ကိုစောမောင်ဒွါရခြောက်ပေါက် အယင်ပိတ်ပင်ရသေးတယ်.... (မှန်ပါ့)။

ကဲ....ဒါဖြင့် မျက်လုံးမှိတ်ပြီးသကာလ ကျုပ်တို့ခန္ဓာကို စိုက်တာပေါ့....နော်....(မှန်ပါ့)။

မျက်လုံးမှိတ်ပြီးစိုက်တော့ ဘာမြင်မှာတုံးဘုရားလို့ မေးတဲ့အခါကျတော့မှ ဩော်....ခန္ဓာထဲမှာ တကာ တကာမတွေ့ မနေ့ကပြောခဲ့တဲ့ ခန္ဓာထဲမှာ ဖေါက်ပြန်တာကလေးတွေ၊ ယားတာကလေးတွေ၊ ယံတာကလေးတွေ၊ နာတာကလေးတွေ၊ အောင့်တာကလေးတွေဆိုတဲ့ ဝေဒနာက္ခန္ဓာကြီးဟာက မျက်လုံးမှိတ်လိုက်တော့မှ အို....ဝေဒနာတွေ ဟိုက ရွရွ၊ ဒီက ရွရွ၊ဟိုကအောင့်သလို၊ ဒီက နာသလို၊ ကိုက်သလို၊ ခဲသလို ကို၀-မလာဘူးလား....(လာပါတယ်ဘုရား)။

ငြိမ်ငြိမ်ကလေး ထားတော့မှ ဒါတွေ ထင်ရှားလာတယ်....(မှန်ပါ့)။

ဒီကျတော့မှ မောင်မင်းကြီး အဝိဇ္ဇာနဲ့ မောင်မင်းကြီးတဏှာ ဩော်....ကျုပ်တို့ ဝေဒနာက္ခန္ဓာဆိုတဲ့အတိုင်းအခုသေသေချာချာ ကိုက်ကြည့်လိုက်တဲ့အခါ မျက်လုံးမှိတ်ပြီး ဒွါရ(၅)ပေါက် ပိတ်ပြီးသကာလ မနောပေါက် တပေါက်တည်းက ဉာဏ်ပေါက်တပေါက်တည်းကနေပြီးဖွင့်ပြီးကြည့်လိုက်တဲ့ အခါကျတော့မှဝေဒနာသွားတွေ့တယ်....(မှန်ပါ့)ပုဂ္ဂိုလ် သတ္တဝါ ပျောက်နေတယ် (မှန်ပါ့)။

ဘာသွားတွေ့သလဲ....(ဝေဒနာသွားတွေ့ပါတယ်ဘုရား)။

အင်း....သုခဝေဒနာပေါ်လိုက်၊ ဒုက္ခဝေဒနာ ပေါ်လိုက် ဥပေက္ခာဝေဒနာပေါ်လိုက်၊ သုခစိတ်ပေါ်လိုက်၊ ဒုက္ခစိတ်ပေါ်လိုက်၊ ဥပေက္ခာစိတ် ပေါ်လိုက် ကိုစောမောင်(မှန်ပါ့) အတူတူပေါ့ ဒါတွေက စိတ္တနဲ့ ဝေဒနာ အတူတူပါဘဲ....(မှန်ပါ့)။

ကိုပေါ်-အတူတူဘဲမဟုတ်လား.... (မှန်ပါ့) သဟဇာတ တွေ့ဗျာ၊ တကွဖြစ်တာတွေ.... ( မှန်ပါ့ ) ဝေဒနာနဲ့ စိတ္တဟာလေ သဟဇာတသာ မှတ်ထားလိုက် မောင်နိုင်က....(မှန်ပါ့)။

မှတ်မိကြပလား.... (မှတ်မိပါပြီ) သဟဇာတဆိုတာ တကွ ဖြစ်တာ။

အဲဒီလိုမျက်လုံးမှိတ်ပြီး တပေါက်တည်းနဲ့ ဖွင့်ပြီးကြည့်လိုက်တဲ့ အခါကျတော့မှ ကိုဝရေ ဘာတွေတွေ့ပါသတုံး.... (ဝေဒနာတွေ တွေ့ပါတယ်) ဝေဒနာတွေ စိတ်တွေ တွေ့နေတာဘဲ.... (မှန်ပါ့)။

အင်း....ဒါက ကိုစောမောင်ရေ အဝိဇ္ဇာနဲ့တဏှာ ဖယ်လိုက်တာ....(မှန်ပါ့)။

အခု ဝေဒနာတွေ တွေ့တဲ့အခါကျတော့ တဏှာကလဲ အင်း-ဒီဥစ္စာ သူခင်စရာအကွက် မဟုတ်လို့ မခင်တော့ဘူး.... (မှန်ပါ့) အဝိဇ္ဇာကလဲ သူ မကာကွယ်နိုင်တော့ဘူး၊ သူ မနေ့ာပေါက် တပေါက်တည်း ဖွင့်ကြည့်နေပြီဟော့၊ ပင်ကိုယ်ရှိ သိသွားပြီဆိုပြီး သူ ကာကွယ်နိုင်သေးရဲ့လား.... (မကာကွယ်နိုင်ပါဘုရား)။

အဲဒီမှာ အဝိဇ္ဇာနဲ့တဏှာ တွန်းလှန်လိုက်တာ မနော့ာပေါက်က ညဏ်သွင်းပြီး ခန္ဓာစိုက်လိုက်တော့မှ ကိုဝရေ သူတို့နှစ်ခုလွင့်ပြေးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

လွင့်ပြေးတယ်နော်....(မှန်ပါ့) ဒါဖြင့်ပွင့်ပြီ တကာ တကာမတို့ အဖုံးတချက်ဖြင့် ဖွင့်နိုင်ပြီ....(မှန်ပါ့)။

ဘယ့်နှယ်တုံး....(အဖုံးတချက်ဖွင့်နိုင်ပါပြီဘုရား) တကာကြီးလှိုင်....(ဖွင့်ပြီးပါပြီ) အဖုံးတချက်ကျန်သေးတယ်.... (မှန်ပါ့)။

နောက်က တကာ တကာမတွေ့ ဘာကျန်သေးသတုံး.... (အဖုံးတချက်ကျန်ပါသေးတယ်ဘုရား)။

နိဗ္ဗာန်ကို ဖုံးနေတဲ့ ခန္ဓာအဖုံးကျန်သေးတယ်....(မှန်ပါ့)အခုမှ ခန္ဓာစပြီး တွေ့ကာရှိသေးတာကိုး.... (မှန်ပါ့)ကိုစောမောင် ရှင်းပလား....(ရှင်းပါပြီ)။

အဖုံးတချက်တော့ကျန်တယ်၊ တချက်ပွင့်သွားပြီ.... (မှန်ပါ့) နောက်တချက်ကျန်သေးတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ကဲ....ဒါဖြင့် နောက်တချက် ကြည့်ကြစို့ဆိုတော့ ကိုင်း.... ခုနင်ကလိုဘဲ ဝေဒနာတွေ တွေ့တော့တွေ့ကုန်ပြီ၊ပူတာ,အေးတာ တွေလဲ ရုပ်တွေလဲ တွေ့ကုန်ပြီ၊တောင့်တာ,တင်းတာတွေလဲ တွေ့ ကုန်ပြီ ဆိုပြီး သကာလ သတိပဋ္ဌာန်လေးပါးထဲက တပါးပါး ကို အတွေ့ရှာလိုက်တာပေါ့၊ အကုန်တော့ မကြည့်နဲ့ပေါ့နော်.... (မှန်ပါ့) တပါးပါးအတွေ့ရှာလိုက်ပါတဲ့....။

ကဲ....ဒါဖြင့် ကိုဝ-ထင်ရှားတဲ့ ဝေဒနာဘဲ တွေ့တယ်ဆိုကြ ပါစို့၊ မတွေ့ပေဘူးလားလား.... (တွေ့ပါတယ်ဘုရား) သုခယင် လဲ တွေ့ရမယ်၊ ဒုက္ခယင်ကော.... (တွေ့ရပါမယ်) ဥပေက္ခာယင် ကော....(တွေ့ရပါမယ်ဘုရား)။

အင်း .. ဒါ ဘယ်သူရှောင်ပေးလို့ ဒီအတွေ့ တွေ့ပါလိမ့်မတုံး ဆိုတာ ကိုစောမောင်က ဆုံးဖြတ်ချက်ချ....(အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာ ရှောင်ပေးတာ.... (မှန်ပါ့) သူတို့ကို ဒွါရ (၅)ပေါက်ပိတ်ပြီးသကာလ တပေါက်တည်းနဲ့ ကြည့်လိုက်တဲ့ အခါကျတော့မှ အဝိဇ္ဇာတဏှာ ကာကွယ်ထားတဲ့ ယောက်ျား,

မိန်းမပျောက်တယ်.... (မှန်ပါ့) ပုဂ္ဂိုလ်- သတ္တဝါတွေကော.... (ပျောက်သွားပါတယ်ဘုရား)ဝေဒနာက္ခန္ဓာကြီး ပေါ်လာတယ်- (ပေါ်ပါတယ်ဘုရား) မပေါ်သေးဘူးလား.... ( ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ ခန္ဓာပေါ်လာတော့ ခန္ဓာဘဲ တွေ့နေပြန်တော့ နိဗ္ဗာန်မတွေ့ပြန်ဘူး....(မှန်ပါ့)။

ခန္ဓာဘဲတွေ့နေတယ်၊ နိဗ္ဗာန်ကို....(မတွေ့ပါဘုရား) အင်း.... နိဗ္ဗာန်ကို ဘယ်သူဖုံးနေပြန်ပါလိမ့်....(ခန္ဓာဖုံးနေပါတယ်ဘုရား) ခန္ဓာဖုံးနေတယ်နေဆိုတာ ပေါ်ပလား.... ( ပေါ်ပါပြီ ) ရှင်းပလား....(ရှင်းပါပြီ)။

နိဗ္ဗာန်ဘယ်သူဖုံးနေသတုံး....(ခန္ဓာဖုံးနေပါတယ်ဘုရား)။

ကြည့်စမ်းပါဦး ကဲ....ကိုစောမောင်တို့ မောင်နိုင်တို့ ဆရာမကူယင် ဘယ်ကလာ ရမလဲ....(မရပါဘုရား) မရနိုင်ဘူးဆိုတာ သက်သေခံ လုံလောက်ပလား....(လုံလောက်ပါပြီ)။

လုံလောက်ပါပြီတဲ့၊ ဒါဖြင့် တကာ တကာမတို့ ကိုင်း....အဲဒီ မင်းတို့တွေ့တဲ့ ဒွါရခြောက်ပေါက်ရှိတဲ့အနက်က ငါးပေါက်ပိတ်ပြီး တပေါက်နဲ့ရှာလိုက်တဲ့အခါခန္ဓာတွေ့တယ်ဟေ့....၊ အဲဒီခန္ဓာသဘောကို မင်းစောင့်ကြည့်ပါဦး သူဘာပြောမလဲ ဆိုတာ၊ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီ ဝေဒနာက္ခန္ဓာတော့တွေ့ပြီ၊ ဝေဒနာက္ခန္ဓာကို အစ- အဆုံး မင်းပြန်ကြည့်ပါဦးလို့ ဆရာဘုန်းကြီးက နည်းပေးလိုက်တယ်....(မှန်ပါ့)။

နည်းပေးလိုက်ပြန်တဲ့အခါကျတော့မှ ကိုပေါတို့ ကိုဝတို့က ကြည့်လိုက်တော့ ဩော်....ပေါလဲ ပေါတယ်၊စောင့်ကြည့်တော့ ပျောက်လဲ ပျောက်တယ်ဆိုတာ ပေါလာတယ်....(ပေါပါတယ် ဘုရား)မပေါလာသေးဘူးလား....(ပေါလာပါတယ် ဘုရား)။

အင်း...ရှိလဲ ရှိရဲ့၊ ပျောက်လဲ ပျောက်တယ်ဆိုတာကော.... (ပေါပါတယ်ဘုရား)။

အင်း....ဒီကျတော့လဲ တကာတကာမတို့ အနိစ္စခန္ဓာ တွေ့ပြီ (တွေ့ပါပြီဘုရား)။

အဝိဇ္ဇာနဲ့ တဏှာ ဖယ်ပြီးကြည့်လိုက်တော့ဘာခန္ဓာတွေ့သတုံး ( အနိစ္စခန္ဓာတွေ့ပါတယ် ) အနိစ္စခန္ဓာကြီး သွားတွေ့တယ်.... (မှန်ပါ့)။

တကာ တကာမတွေ ဘာတွေ့သလဲ....(အနိစ္စခန္ဓာကြီး သွား တွေ့ပါတယ်ဘုရား)။

အနိစ္စခန္ဓာကြီး သွားတွေ့တော့ ကိုဝရေ နိဗ္ဗာန်ကို မတွေ့ ပြန်ဘူး....(မှန်ပါ့) အင်း....အနိစ္စခန္ဓာ ဖုံးနေတယ်....(မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုဆိုကြမလဲ....(အနိစ္စခန္ဓာ ဖုံးနေ ပါတယ်ဘုရား)။

အနိစ္စခန္ဓာကြီး ဖုံးပြီးသကာလ နေပြန်တော့လဲ အင်း....သေ ပျော်ပြီလို့ မအောက်မေ့လိုက်ပါနဲ့....(မှန်ပါ့) သောတာပတ္တိ မဂ်က မရသေးဘူး...(မှန်ပါ့) ဝိပဿနာမဂ်ဘဲ ရှိသေးတယ်.... (မှန်ပါ့)။

အနိစ္စခန္ဓာတွေ့တော့ ဘယ်မဂ် ရသတုံး... (ဝိပဿနာမဂ် ရပါ တယ်ဘုရား) ဝိပဿနာမဂ်သာ ရသေးတယ် တကာတကာမတို့

နော်... ( မှန်ပါ ) လောကုတ္တရာမဂ် ရပလား....( မရသေးပါ ဘုရား )။

ဟာ....ဒါဖြင့် ကျုပ်တို့ အဖုံးအကန့်ဖွင့်မှုတော်တော့မယ်ဆိုတဲ့ အခိပ္ပါယ်ဟာ လာရတော့မယ်....(မှန်ပါ) မလာရပေဘူးလား.... (လာရပါမယ် ဘုရား)။

ကိုင်း....ဒါဖြင့် အဖုံးဖွင့်ကြပါစို့ ဆိုတော့မှ ကိုစောမောင်ရေ ဒီ ဝေဒနာတွေကို ပေါ်ရာလိုက်ပြီးသကာလ အနိစ္စ မြင်အောင် ကြည့်ပါ....(မှန်ပါ)။

ပေါ်ရာ လိုက်ပြီးတော့....(အနိစ္စမြင်အောင် ကြည့်ရပါမယ် ဘုရား)။

အနိစ္စမြင်အောင် ကြည့်ပါ၊ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ စိတ်အဆုံး လိုက်ပြီးတော့ အနိစ္စမြင်အောင် ကြည့်ပါ....(မှန်ပါ)။

ဖြစ်လိုက်-ပျက်လိုက်, ဖြစ်လိုက်-ပျက်လိုက်ဟာ ဘာပါလိမ့်.... (အနိစ္စပါဘုရား)။

အနိစ္စဘဲ၊ ဖြစ်လိုက် ပျက်လိုက်ဟာ ဒုက္ခဘဲ၊ ဖြစ်လိုက်-ပျက် လိုက်ဟာ အနတ္တဘဲ၊ ဖြစ်လိုက်-ပျက်လိုက်ဟာ အသုဘဘဲ.... (မှန်ပါ)သေတာဟာ အသုဘပေါ့....(မှန်ပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဖြစ်လိုက်-ပျက်လိုက်ဟာ သေတာဘဲ မဟုတ်လား....(မှန်ပါ) ဒါကို ဘာခေါ်ကြမယ်....(အသုဘပါဘုရား)။

ဒါဖြင့် ဒီ လေးခုစလုံးဟာ တကာ တကာမတွေ့က ကြည့် လိုက်တာပေါ့၊ အင်း....ဒီ တခုတည်းကို လေးနာမည် တပ်ထား တာကိုး....( မှန်ပါ ) ဖြစ်ပျက်တခုတည်းကို လေးနာမည် တပ် ယားတယ်....(မှန်ပါ)။

ဖြစ်ပျက်တခုတည်းကို အနိစ္စဆိုတဲ့ နာမည် ရှေးဦးစွာ တပ်လိုက်တယ်....(မှန်ပါ့) ဒုက္ခဆိုတဲ့ နာမည်ကော....(တပ်လိုက်ပါတယ်ဘုရား)အနတ္တဆိုတဲ့ နာမည်....(တပ်ပါတယ်ဘုရား)အသုဘဆိုတဲ့ နာမည်....(တပ်ပါတယ်ဘုရား)။

ဒါဖြင့် နာမည်သာ တပ်တယ်၊ ကိုယ် ကြည့်ရမှာက တခုတည်း....(မှန်ပါ့)ကိုယ်ကြည့်ရမှာက ဖြစ်ပျက်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုယ်ကြည့်ရမှာက....(ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ဘဲဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ နိဗ္ဗာန်တွေ့ပလား... ဟော့၊ ဖြစ်ပျက်အနိစ္စကွယ်နေပြန်ပြီလားလို့....(ဖြစ်ပျက်အနိစ္စ ကွယ်နေပါတယ်ဘုရား) ကွယ်နေပြန်ပြီ ကိုစောမောင်ရ....(မှန်ပါ့)။

ကဲ... ဒါကို ဆရာဘုန်းကြီးက ဒါကိုလဲ ရှင်းရလိမ့်ဦးမယ်၊ ဒါကို မရှင်းယင် နိဗ္ဗာန်ကို....(မမြင်ပါဘုရား)မတွေ့နိုင်တော့ဘူး ဆိုတာလဲ သေချာသွားပြန်တယ်....(မှန်ပါ့)။

ကိုပေါ်....(သေချာပါတယ်ဘုရား)အဲဒီမှာ ခင်ဗျားတို့ ပြောနေကျ,ဆိုနေကျဆိုယင် လက္ခဏာရေးသုံးပါးထက် ကောင်းတာဘာရှိသေးသတုံး၊ ဒါ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူးလားလို့ ဒီ လက္ခဏာရေးသုံးပါးချည့် လုပ်နေမယ်ဆိုလို့ရှိယင်လဲ နိဗ္ဗာန် မတွေ့သေးဘူး ကိုစောမောင်....(မှန်ပါ့)တွေ့ပါ့မလား....(မတွေ့ပါဘုရား)။

တွေ့နိုင်ပါ့မလား....(မတွေ့နိုင်ပါ ဘုရား) လက္ခဏာရေးသုံးပါးကိုက နိဗ္ဗာန်ပါပါလား....(မပါပါဘုရား)။

မပါသေးဘူး၊ နိဗ္ဗာန်မပါတာ ဘုန်းကြီး ရှင်းပြပါမယ်....၊ နိဗ္ဗာန်ဟာ နိစ္စလား....အနိစ္စလား....(နိစ္စပါဘုရား)ဒါဖြင့် အနိစ္စက ကွယ်နေတယ်....(မှန်ပါ့)။

နိဗ္ဗာန်ဟာ သုခလား....ဒုက္ခလား....(သုခပါဘုရား) ဒါဖြင့် ဒုက္ခက ကွယ်နေပြန်ပြီ....(မှန်ပါ့)။

နိဗ္ဗာန်ဟာ အတ္တလား....အနတ္တလားလို့ မေးတော့....နိဗ္ဗာန်ဆိုတာကတော့ အနတ္တဘဲ၊ ဘယ်သူ လုပ်ထားတာမှ မဟုတ်သောကြောင့် အနတ္တ... (မှန်ပါ့) ဒီ ရှေ့အနတ္တက တခါ လာကွယ်၊ မကွယ်ဘူးလား... (ကွယ်ပါတယ်ဘုရား)။

အနတ္တ-အနတ္တချင်း လာကွယ်တယ်၊ မကွယ်ဘူးလား....(ကွယ်ပါတယ်ဘုရား)။

နိဗ္ဗာန်ဟာ သုဘလား....အသုဘလား....(သုဘပါဘုရား)သူဖြစ်ပျက်ဆိုတော့ သေတဲ့ အသုဘကြီး ဖြစ်နေတယ်... (မှန်ပါ့) အဲ... သူက လာကွယ်နေတော့ တကာတကာမတွေက ဒီအကွယ်ကို မကျော်သွားနိုင်လို့ မခုတ်ထွင်နိုင်ပြန်လဲ ကိုယ်က ရပါ့မလား (မရပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီ) ရှင်းပြီနော်........ (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာကြီးလိုင် အင်မတန် အဘိုးတန်တယ်ဆိုတာ ပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အင်း... ဟင်... ဒါဖြင့် အဖုံးလှန်ကြဦးစို့နော်(မှန်ပါ့) လှန်ကြဦးစို့ဆိုတော့ ဘယ်လိုလှန်ရမလဲဆိုတော့ အဲဒီ ဖြစ်ပျက်တွေဟာကွာ သေသေချာချာ ကြည့်ပါဆိုတော့မှ အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘတွေ သွားဖြစ်နေပြန်တယ်....(မှန်ပါ့) ဖြစ်တဲ့ အခါကျ

တော့ကို ဒီဟာကို ကြည့်သာကြည့်ပေါ့....မင့် ဉာဏ် မရင့်သေးဘူး....(မှန်ပါ့)ကြည့်နိုင်သလောက် ကြည့်ပါ။

ကြည့်နိုင်သလောက် ကြည့်တဲ့ အခါကျတော့ ကျောက်ကို ကြည့်ဖန်များလေလေ ကျုပ်တို့ ကျောက်ဉာဏ်မှာ သိလေလေ ပေါ့....(မှန်ပါ့)။

ဒီလို ထုံးစံပေါ့.... (မှန်ပါ့) အတွေ့အကြုံ များတဲ့လူလောက်ကိုဝရေ ကျောက်ကုန်သည်မှာ အတွေ့အကြုံ နည်းတဲ့ လူနဲ့တော့ အများကြီး ခြားနားမှာဘဲ....(မှန်ပါ့)ဒါ ဘာတုံး... ကျင့်သားဘဲ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ ကျင့်သားဖြစ်တဲ့ ဒီ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘကို ပင်လျှင် ကြပ်ကြပ်ပွါးပေးစမ်းပါ၊ ကျင့်သားရအောင်....( မှန်ပါ့ဘုရား )။

ပွားပေးလိုက်တဲ့ အခါကျတော့ကို....တဲ့ ဩော်....ဒီဥစ္စာသည် ငါ ပွားနေတာသည် ဘာပါလိမ့်မလဲလို့ ကြည့်တဲ့ ဒီ အနိစ္စ, ဒုက္ခ,အနတ္တ,အသုဘတွေဟာ မောင်နိုင် ပွားဖန်များလာတော့ ဉာဏ်က ရင့်မလာဘူးလား....(ရင့်လာပါတယ်ဘုရား)။

ရင့်လာတော့ ယထာဘူတ ဉာဏ်က ရပြီးသား ဖြစ်တော့ သမ္မသန,ဥဒယဗ္ဗယ,ဘယ,နိဗ္ဗိန္ဒတွေ ဆိုတာတွေဟာ ဒီထဲဝင်လာမှာပေါ့(မှန်ပါ့) ဉာဏ်ရင့်ရင့်သွားတာကို ဆိုတာပါ(မှန်ပါ့) ပဋိသမ္ဘိဒါမဂ်မှာလဲ ဒီအတိုင်းဘဲ ဆိုပါတယ်။

ကဲ....ဒါဖြင့် ဉာဏ်ရင့်အောင် ပွားပေးလိုက် ကိုပေါ်တို့ ကိုဝတို့....(မှန်ပါ့) ပွားလိုက်တဲ့အခါကျတော့ ဉာဏ်ရင့်လာတော့.... ဩော်....ဒါ အနိစ္စလဲ ဆိုနိုင်တာဘဲ၊ သို့သော်လဲ ဒါတွေက မိမိ

ခန္ဓာ ဒုက္ခရောက်နေတာတွေပါ၊ ဉာဏ်ရှင်းသွားတော့....(မှန်ပါ့ဘုရား)။

ဘာထင်ကြသတုံး....( မိမိခန္ဓာ ဒုက္ခ ရောက်နေတာတွေပါ ဘုရား )။

ဩော်....မိမိ ခန္ဓာဟာ ဒုက္ခသစ္စာဘဲ၊ ဒုက္ခ·က ဆင်းရဲတာ၊ သစ္စာက အမှန်ဆိုတော့ ဆင်းရဲတာအမှန်ပါကလားလို့....ဉာဏ်ကမြင်တယ်....(မှန်ပါ့)။

ခုနင်က အနိစ္စ,ဒုက္ခ,အနတ္တဟုတ်သေးရဲ့လား.... (မဟုတ်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့် ဉာဏ်ပြောင်းသွားပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ပွားများဖန်များလို့ရင့်တာ... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ဘယ်လိုပါလိမ့်.... (ပွားများဖန်များလို့ ရင့်တာပါဘုရား) ပွားများဖန်များလို့ရင့်တာဆိုတာ တကာတကာမတို့ သေချာ ကြပလား....(သေချာပါပြီ)။

ဒါဖြင့် မပွားယင်လဲ မရဘူး၊ ဘာဝေတဗ္ဗကိစ္စလို့ဟောလိုက် တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘာဝေတဗ္ဗကိစ္စဆိုတာက မဂ်စစ်ကိုဆိုတာမဟုတ်၊ ဝိပဿနာ မဂ်ကိုဆိုတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပွားများရမယ်ဆိုတာ ဘယ်မဂ်ကိုဆိုတာလဲ.... ( ဝိပဿနာ မဂ်ကို ဆိုတာပါဘုရား )။

လောကုတ္တရာမဂ်က တကြိမ်ဘဲကျတာဘဲ၊ သူ့ကို ပွားများ လို့ အာသေဝနမှုမဟုတ်တာ....(မှန်ပါ့)"အာသေဝန ပစ္စယော" ထဲကို သူမပါတဲ့ဥစ္စာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ ရှေ့ပိုင်း ပွားများနေတာဟာ ရင့်အောင်လုပ်နေတာဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကဲ...ရင့်ပြီ။ ယထာဘူတဉာဏ်လဲရတော့ ဒါတွေ ငြီးငွေ့-ငြီးငွေ့ရာကနေပြီး ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်အောင် ရင့်အောင်လုပ်လိုက် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုရင့်အောင်လုပ်ရမလဲ.... (ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်ရပါမယ်ဘုရား)။

အဲဒါ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိအောင် လုပ်နိုင်လို့ရှိယင် ဒုက္ခသစ္စာပိုင်းခြားပြီး....လို့ ရှေးကရေးတဲ့ဥစ္စာ ပိုင်ပိုင် နိုင်နိုင် သိတာကိုဆိုသည်.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ပိုင်ပိုင် နိုင်နိုင် သိတာကို ဒုက္ခသစ္စာ ပိုင်းခြားသိတယ်လို့ ပြောတာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် အခု တကာတကာမတွေ အကုန်ပွားရမယ်၊ဝေဒနာ ရှုတဲ့ပုဂ္ဂိုလ် ဝေဒနာပွား ... ဖြစ်ပျက်တွေကြပ်ကြပ်ပွား....(မှန်ပါ့) စိတ်ရှုတဲ့ ပုဂ္ဂိုလ်လဲစိတ်ဖြစ်ပျက်တွေကို....(ကြပ်ကြပ်ပွားရပါမယ်ဘုရား) ပွားရမှာဘဲတဲ့၊ ဘာကြောင့်တုံး.... ဘာဝေတဗ္ဗကိစ္စကိုး (မှန်ပါ့) ဒီ့ပြင်ကိစ္စ ရှိရဲ့လား.... (မရှိပါ ဘုရား) ကိစ္စဆိုတာ အလုပ်ပေါ့ဗျာ၊ ပွားရမည့်အလုပ်ပါ....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ပွားရမည့်အလုပ်ကိုဆုတောင်းယူလို့ရပါ့မလားကွဲ (မရပါဘုရား) ဟောဒါ သူကသက်သေခံတယ်.... (မှန်ပါ့) ပွားရမည့် အလုပ်ကို ဆုတောင်းယူလို့ မရဘူးလို့ သူက သက်သေခံပြန်တယ်....(မှန်ပါ့) ဘာဝေတဗ္ဗ ကိစ္စကဘဲ သက်သေခံတယ်။

မောင်နိုင် မခံဘူးလား.... (ခံပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီ)ဒါဖြင့် အချောင်သမားမရနိုင်ဘူး(မရနိုင်ပါဘုရား) ပွားတဲ့လူရမယ်....(ရပါမယ်ဘုရား) သဘောပါပလား (ပါပါပြီ ဘုရား) ကောင်းပြီ... ဒါဖြင့် ပွားလိုက်တဲ့အခါကျတော့ ဉာဏ်ရင့်တော့ကို ခုနင်ကဖြစ်ပျက်တွေဟာ ဘာသစ္စာရယ်လို့ ဉာဏ်ထဲထင်သလဲ....(ဒုက္ခသစ္စာရယ်လို့ ဉာဏ်ထဲထင်ပါတယ်ဘုရား)။

ဒုက္ခသစ္စာလို့ထင်တော့ ခုနင်က ခန္ဓာထဲ အနုသယသဘောနဲ့ ကိန်းနေတဲ့ ဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့က သံသယရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒိဋ္ဌိက ငါထင်သေးသလား.... ဒုက္ခသစ္စာလို့သိသွားတဲ့အချိန်ကျတော့....(မထင်ပါ ဘုရား) ဒိဋ္ဌိကလဲ မထင်....ဟုတ်လား.... ဝိစိကိစ္ဆာကလဲသံသယမရှိဘူး....(မရှိပါဘုရား)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီ ဒုက္ခသစ္စာလို့လဲ ပိုင်ပိုင်နိုင်နိုင် သိပါရော ဒိဋ္ဌိ ဝိစိကိစ္ဆာကလဲ ပြုတ်တယ်၊ ဒုက္ခသစ္စာကလဲ ချုပ်တယ်၊ နှစ်ချက်ချုပ်တယ် (မှန်ပါ့)ဒိဋ္ဌိ ဝိစိကိစ္ဆာကလဲ(ပြုတ်သွားပါတယ်ဘုရား)ဒုက္ခသစ္စာကလဲ....(ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကပြုတ်၊ ဒုက္ခသစ္စာကြီးက ပိုင်ပိုင်နိုင်နိုင်သိလို့ ချုပ်ဆိုတော့ ကျုပ်တို့ ဉာဏ်သည်....တဲ့ နှစ်ဖြတ်ဖြတ်ချလိုက်တယ်၊ ကိလေသာဖြတ်- ခန္ဓာဖြတ်တယ်.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီ) ကိလေသာဖြတ်.... (ခန္ဓာဖြတ်ပါတယ်ဘုရား)။

အဲ....ဒါကြောင့် ကိလေသာပယ်.... ခန္ဓာ ပယ်ပြီးသကာလ ခန္ဓာ့အဆုံးမှာရှိတဲ့ ဩော်....ဒုက္ခ၊ ကိုယ့်မှာမရှိတော့ပါကလား

ဆိုတာ သိတဲ့ဉာဏ် ပေါ်လာတယ်.... မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခမရှိတာက ဘာဆိုမယ်.... (နိဗ္ဗာန်ပါဘုရား)သိတဲ့ ဉာဏ်က.... (မဂ်ပါဘုရား)။

အဲဒီ မဂ်ဉာဏ်လာပြီးလို့ရှိယင် မဂ်တကြိမ် ကျပြီးလို့ရှိယင် နောက်ဖိုလ်နှစ်ကြိမ် သုံးကြိမ်၊နောက် ပစ္စဝေက္ခဏာဇောများစွာ ပေါ့ဗျာ....(မှန်ပါ့) အဲဒါ နိဗ္ဗာန်ချည့် မြင်တာဘဲဆိုတာ ဖေါ် တတ်ပလား- (ဖေါ်တတ်ပါပြီဘုရား)။

ဒါဖြင့်.... အဖုံးနှစ်ချက် လှန်တတ်ကြပလား(လှန်တတ်ပါပြီ ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာလှန်တော့ အနိစ္စတွေ့မယ်....(မှန်ပါ့)အနိစ္စ ကို ပွားများပြီး လှန်လိုက်တဲ့အခါကျတော့ နိရောဓတွေ့မယ်.... (မှန်ပါ့) သဘောပါကြလား....(ပါပါပြီဘုရား)။

ဒီအတိုင်းလုပ်ရလိမ့်မယ်ဆိုတာ သေချာကြပလား....(သေချာ ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

( တရားအတုက တရားစစ်ကို ဖျက်ဆီးပုံ )

# ညအလုပ်ပေးတရားတော်

( ၁၉ - ၆ - ၆၂ )

တကာတကာမတွေ သတိပေးတရား ဆိုသလိုဘဲ ပြောရမယ် နော်.... တကာကြီးလှိုင်.... သတိပေးတရား ပြောမယ်နော်....၊ (မှန်လှပါဘုရား)။

သတိပေးတရားဆိုတာက ကိုယ့်ကိုယ်ကို စစ်ဆေးဘို့ပါဘဲ ဆိုတာ မှတ်ထားရမယ်နော်....(မှန်ပါ)။

ကိုယ့်ကိုယ်ကိုစစ်ဆေးဘို့ဆိုတဲ့ဥစ္စာ ဘာပါလိမ့်မတုံးဆိုတော့ ရှင်မဟာ ကဿပကြီးက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို မေးတယ်လို့ ကိုညွန့်တို့ မောင်နိုင်တို့ မှတ်ရမယ်.. (မှန်ပါ)။ *

အရှင်ဘုရား....တဲ့ သိက္ခာပုဒ်တွေနည်းတုန်းက ရဟန္တာတွေ သိပ်ဖြစ်တာဘဲတဲ့....။

သိက္ခာပုဒ်နည်းတုန်းက နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်မပြည့်ခင် တုန်းကတော့ ရဟန္တာသိပ်ဖြစ်ကြတယ်။

---

* နိဒါနဝဂ္ဂ ကဿပသံယုတ်၊ သဒ္ဓမ္မပ္ပဋိရူပကသုတ်ကြည့်ပါ။

နောက် အရှင်ဘုရားက သိက္ခာပုဒ်တွေ ပေါ်တိုင်းပေါ်တိုင်း တိုးလိုက်တော့ နှစ်ရာ့နှစ်ဆယ်....ခုနစ်သွယ်တောင်ဖြစ်သွားတော့ ရဟန္တာအဖြစ်နည်းသွားတယ်ဘုရား၊ အဲဒါ ဘာကြောင့်ပါလိမ့် မတုံးလို့ ဘုရားကိုမေးတာမောင်နိုင်....(မှန်ပါ)။

သိက္ခာပုဒ်နည်းတုန်းကတော့ ဘာတဲ့.... (ရဟန္တာအဖြစ်များပါတယ်ဘုရား) သိက္ခာပုဒ်လဲ များလာပါရော... (ရဟန္တာအဖြစ် နည်းပါတယ် ဘုရား) ရဟန္တာ အဖြစ်နည်းသွားတယ်ဆိုတော့ ကိုညွန့်တို့အားလုံး မေးစရာအကြောင်းပေါ်လာတယ်.... (မှန်ပါ ဘုရား)။

သိက္ခာပုဒ် နည်းတုန်းကတော့ဖြင့်....တဲ့ ရဟန္တာတွေဖြစ်လိုက်ကြတာ နည်းတာတွေမဟုတ်ပါဘူး....တဲ့၊ အခု သိက္ခာပုဒ်တွေလဲ အရှင်ဘုရားက တိုးကာ တိုးကာ လုပ်လိုက်တဲ့အခါ သိက္ခာပုဒ်တွေက သိပ်များ၊ အဲဒီ များသွားတဲ့အခါကျမှ ရဟန္တာကအဖြစ်နည်းသွားတော့ ဒါ.... ဘယ်အကြောင်းကြောင့်ပါလိမ့်မလဲလို့ မောင်နိုင်တို့ ကိုညွန့်တို့ မေးပြီ...(မှန်ပါ)။

ဒီတရားဟောရတာက တကာ တကာမတွေမှာ အလုပ်တွေ ကလဲလုပ်ပြီးသကာလ နေသောကြောင့် ကိုယ့်အလုပ်ကိုကိုယ်စစ်ဆေးနိုင်အောင် ဆိုပြီးသကာလ ဒီ....ပါဠိတော် ထုတ်လာတာ တကာကြီးလှိုင်....(မှန်ပါဘုရား)။

ဒီတွင် ဘုရားကဖြေလိုက်တယ်ကွာ....တဲ့သဒ္ဓမ္မပဋိရူပကဆိုတာ ရှိတယ်ကွာ....တဲ့ တရားတုတွေ ပေါ်လာလို့ရှိယင်လဲ တရားတုတွေပေါ်လာတဲ့အတွက် ရဟန္တာ အဖြစ်နည်းတယ်....တဲ့။

တကာကြီးလှိုင် ... ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာတဲ့တုံး.... (တရားတုတွေ ပေါ်လို့ပါဘုရား)။

တရားအတုတွေ ပေါ်လာတဲ့အတွက် ရဟန္တာ အဖြစ်နည်းတယ်တဲ့ ရှင်းပလား....(ရှင်းပါပြီ)။

ဘာတဲ့တုံး.... (တရားအတုတွေ ပေါ်လာတဲ့အတွက်ရဟန္တာ အဖြစ်နည်းပါတယ်ဘုရား)။

နောက်က တကာတကာမတွေ တခါမှ မဟောဘူးသေးတော့ ဒီဥစ္စာကိုကိုယ်လုပ်ထားတဲ့ဥစ္စာနဲ့ ပြင်စရာရှိပြင်ဘို့တိုးစရာရှိတိုးဘို့ကို ဆရာဘုန်းကြီးက သတိပေးတာလို့ ဆိုတာ တကာကြီးလှိုင် မှတ်ရမယ်....(မှန်ပါ့)။

အလုပ် မလုပ်တဲ့ပုဂ္ဂိုလ်ကို ဒီတရားဟောဘို့မလိုပါဘူး၊ အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ပြောရလိမ့်မယ်တဲ့။

အဲဒီတော့ ဒီဖြစ်ပျက်ကိုမြင်လာတယ်၊ အလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်မှာ တရားတုက ဖြစ်ပျက်မြင်တုန်း ဝင်နှောင့်ရှက်တယ်၊ မောင်နိုင်မှတ်ထား....(မှန်ပါ့) တရားတုက.... (ဖြစ်ပျက်မြင်တုန်း ဝင်နှောင့်ရှက်ပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တုန်း ဝင်နှောက်ရှက်တယ်တဲ့၊ အတုဝင်လာတယ် (မှန်ပါ့) အလုပ်ထဲဝင်လာတာ။

နောက်က တကာတကာမတွေ ဥဒယဗ္ဗယဉာဏ်မှာ ဝင်လာတယ်၊ ရှင်းကြပလား.... (ရှင်းပါပြီ)။

ဖြစ်ပျက်မြင်တာက ဥဒယဗ္ဗယဉာဏ် မဟုတ်လား....(မှန်ပါ့) အဲဒီ မြင်နေတုန်းမှာတဲ့.... အဓိဂမပဋိရူပက ဆိုတာ ဝင်တတ်တယ်ကွာ....တဲ့၊ အတုဝင်တတ်တယ်၊ နိဗ္ဗာန်အတုဝင်တတ်တယ် ပြောတာ....(မှန်ပါ့)။

တကာကြီးလှိုင် မှတ်ထားစမ်းပါ၊ ဖြစ်ပျက်မြင်တုန်း နိဗ္ဗာန်အတုဝင်တတ်တယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီ ဖြစ်ပျက်မြင်နေတော့ နိဗ္ဗာန်အတုဝင်လာတော့ ဩဘ်-ဒါ... နိဗ္ဗာန်ဘဲဆိုပြီးသကာလ ကိုညွန့် တရားရပ်ပစ်လိုက်တယ်.... (မှန်ပါ့)။

ငါတော့ဖြင့် သောတာပတ္တိမဂ် ဆိုက်ပြီ နိဗ္ဗာန်မြင်ပြီဆိုပြီး တော့ရပ်လိုက်တော့ တရားကတော့ ဥဒယဗ္ဗယ ဖြစ်ပျက်ဆိုတော့ မောင်နိုင်ဘယ်....ဆုံးမှမဆုံးသေးဘဲ.... ( မဆုံးသေးပါဘုရား )။

မဆုံးသေးချိန်မှာ တကာ တကာမတွေ မှတ်ထားလိုက်စမ်း ပါတဲ့၊ နိဗ္ဗာန်အတု ဝင်လာတယ်(မှန်ပါ့)။

မဆုံးသေးခင် ဘာဝင်လာသတုံး.... (နိဗ္ဗာန်အတုဝင်လာပါ တယ်ဘုရား)။

နိဗ္ဗာန်အတု ဝင်လာတယ်ဆိုတဲ့ဥစ္စာဟေ့.... မောင်ခင်မောင် တို့.... ကိုရှင်းတို့ သေသေချာချာမှတ်ရမယ်.... (မှန်ပါ့) ဒါက သတိပေးတဲ့တရားနော်....(မှန်ပါ့)။

ရဟန္တာ ဘယ့်နှယ်ကြောင့် အဖြစ်နည်းသတုံးလို့ မေးတဲ့အခါ ကျတော့မှ နိဗ္ဗာန်က အတုတွေဝင်လာတယ်ကွ....။

ဘယ်အချိန်ဝင်တာပါလိမ့်မတုံး.... (ဖြစ်ပျက်မြင်တဲ့အခါမှာ ပါဘုရား)။

အဲ....ဖြစ်ပျက်ဆိုတော့ ဥဒယဗ္ဗယပေါ့လေ....(မှန်ပါ့) အဲဒီ ဥဒယဗ္ဗယဉာဏ်အချိန်မှာ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဝင်တတ်တယ်....(မှန်ပါ့) ဖြစ်ပျက်လဲမဆုံးဘူး၊ မုန်းလဲမမုန်းဘူး၊ ဆုံးလဲမဆုံးတဲ့အချိန်မှာ နိဗ္ဗာန်ဝင်လာတယ်၊ ကိုယ်ထင်တဲ့နိဗ္ဗာန် ပေါ့လေ....(မှန်ပါ့)။

ကိုပေါ်ကြီး သေသေချာချာမှတ်....(မှန်ပါ့)သေသေချာချာ မှတ်ပါ တကာတကာမတို့ နောက်က အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်

တော့မို့ ဒီဉစ္စာ အရေးတကြီး ပြောနေရပါတယ်ဆိုတာကိုလဲ မှတ်ရမယ်....(မှန်ပါ့)။

တကာကြီးလှိုင် မပြောရဘူးလား.... (ပြောရပါမယ်ဘုရား) ပြောရမယ်တဲ့၊ မေးတဲ့ပုဂ္ဂိုလ်ကလဲ မောင်နိုင် သေးတဲ့ပုဂ္ဂိုလ်မှ မဟုတ်ဘဲ....(မှန်ပါ့)ရှင်မဟာကဿပက မေးတာ၊ဘုရား မရှိယင် သူဟာ ဘုရားကိုယ်စားလှယ်ဘဲ၊ သံဃါယနာတင်တော့ ခေါင်း ဆောင်ကြီးပေါ့ မောင်နိုင်ရ ...(မှန်ပါ့)။

အဲဒီတော့ လိုရင်း ပြောကြပါစို့လို့ ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ ဖြစ်ပျက်မြင်တဲ့ အချိန်မှာ ဆယ်ချက် လာ တတ်တယ်ကွာ....တဲ့၊ ဆယ်ချက်ထဲက တချက်ချက် လာတတ် တယ်တဲ့....(မှန်ပါ့)။

ဦးဘကလေး ဆယ်ချက်ထဲက တချက်ချက် လာတတ်တယ်.... (မှန်ပါ့)။

ခန္ဓာကိုယ်က အရောင်အဆင်းယင်လဲ ထွက်တတ်တယ် ကွတဲ့၊ ဖြစ်ပျက် အားထုတ်ရင်းမတ္တာနဲ့ မောင်နိုင်တို့က ဉဒယဗ္ဗယ ဉာဏ် က ရင့်သန် လာတာကိုး၊ ရင့်သန်လာတော့ကို ခန္ဓာကိုယ်က အရောင်အဆင်းယင်လဲ ထွက်တတ်တယ်....(မှန်ပါ့)။

ကိုပေါ် အရောင်အဆင်း ထွက်လာတော့ ဩော်....ဒါ မဂ်က ထွက်လာတဲ့ အရောင်ဘဲ ဆိုပြီးသကာလ မောင်နိုင် ဒါမဂ်ဉာဏ် ရတဲ့ သဘောဘဲလို့ ကိုယ့်ဟာ ကိုယ်ထင်တတ်တယ်....(မှန်ပါ့) အရောင်အဆင်း အာရုံပြုပစ်လိုက်တယ်....(မှန်ပါ့)။

ဦးဘကလေး အရောင်အဆင်း အာရုံပြုပစ်လိုက်တော့ ဝိပဿ နာဉာဏ်က ဖြုစင်လို့ ခန္ဓာက အရောင်ထွက်လာတာ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာက အရောင်ထွက်လာတယ်၊ အဲဒါကို ငါ မဂ်ရပြီလို့ ထင်ပြီး တကာ တကာမတွေက ရပ်ပစ်လိုက်တတ်တယ်(မှန်ပါ့)။

အတုပေါ်တာ....(မှန်ပါ့)မပေါ်မရှိဘူးတဲ့ သူ တခါတလေ ပေါ်မယ်နော်....(မှန်ပါ့)။

ကောင်းပြီ... ဒါ ပေါ်တဲ့ ပုဂ္ဂိုလ်လဲ ပေါ်တယ်ထား-နော်.... ( မှန်ပါ့ ) ဒါ မပေါ်ယင် ဘာ ပေါ်တတ်သတုံး ဆိုတော့ ဒီ ဆယ်ချက်ကလဲ ဥဒယဗ္ဗယဉာဏ်မှာ ပေါ်ရမှာဘဲ၊တခုခုတော့ ပေါ်ရမယ်....(မှန်ပါ့)။

မောင်နိုင် မှတ်ထားပါနော်....(မှန်ပါ့)ကိုရှင်းတို့ မမှတ်ရပေဘူးလား....(မှတ်ရပါတယ်ဘုရား)။

မှတ်ရလိမ့်မယ်၊ ကိုယ်က လုပ်နေတာကိုးဗျ၊ ဒါမှ နိဗ္ဗာန်စစ်နဲ့ နိဗ္ဗာန်တုနဲ့ ကွဲသွားမယ်....နော်....(မှန်ပါ့)။

အခု ခန္ဓာကိုယ်က အရောင်အဆင်း ထွက်တာကိုပင်လျှင်.... ယောဂီပုဂ္ဂိုလ်က, အားထုတ်နေတဲ့ ပုဂ္ဂိုလ်က ငါတော့ဖြင့် မဂ်ရလို့ ခန္ဓာကိုယ်ကတောင် အရောင်တွေ ထွက်လာပြီဆိုပြီး ရပ်ပစ်လိုက်တယ်။

အရောင်ဘက် လှည့်သွားတယ်၊ အရောင်ဘက် သာယာပစ်လိုက်ပြီ မောင်နိုင်....(မှန်ပါ့)သာယာပစ်လိုက်တော့ ဉာဏ်ရှိသေးရဲ့လား....(မရှိပါဘုရား)အရောင်ကတော့ ထွက်လျက်ဘဲ....(မှန်ပါ့ ဘုရား)။

အဲဒီမှာလဲတဲ့ သူ့ဟာသူ မဂ်ရလို့ ခန္ဓာက အရောင်ထွက်လာတာဘဲ ဆိုပြီးသကာလ ရပ်ပစ်လိုက်တော့ကိုတဲ့ တရားတု ဝင်

လာတယ်၊ နိဗ္ဗာန်လဲ မဟုတ်ဘူး၊ မဂ်လဲ မဟုတ်ဘူး....( မှန်ပါ့ဘုရား )။

တကာကြီးလှိုင်....မဂ်လဲ မဟုတ်ဘူးတဲ့၊ဖြစ်ပျက်မြင်တဲ့ ဝိပဿနာမဂ် ရှိသေးတာဘဲ....(မှန်ပါ့)မဂ်စစ် မဟုတ်သေးဘူး။

အဲဒီ့ အချိန်မှာ ကိုယ်က အရောင်တွေ ဘာတွေ ထွက်တတ်ပါတယ်....( မှန်ပါ့ ) အဲဒီ အရောင် ထွက်လာလို့ ရှိယင်လဲ ဒီ အရောင်တွေကို တချို့မှာ ဘယ်လောက်ထွက်တတ်သတုံးလို့ မေးတဲ့အခါကျတော့ တင်ပလ္လင်ခွေ တခုလုံးမှာ တကိုယ်လုံးကနေပြီး အရောင်တွေ ဖြာထွက်တတ်တယ်....(မှန်ပါ့) တချို့ကျတော့လဲတဲ့ ဒီ တိုက်တခုလုံး မြင်လာအောင် ထွက်တတ်တယ်....၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

တချို့ကျတော့လဲ ကောင်းကင်ကျအောင် လင်းတယ်....၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဒီ ဖြစ်ပျက်မြင်တဲ့ ဉာဏ်တုန်းကတော့ အောက်အဝီစိကျအောင် လင်းတယ်....(မှန်ပါ့)အထက်ဗြဟ္မာပြည်ကျအောင် လင်းထွက်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကို မဂ်ရလို့ ထင်ပြီးသကာလ ယောဂီပုဂ္ဂိုလ်က အားထုတ်နေရာက ရပ်ပစ်လိုက်တတ်တယ်၊ ငါ မဂ်ရလို့ အရောင်ထွက်လာတာဘဲ ဆိုပြီးသကာလ အရောင်ဘက် လှည့်လိုက်တယ်၊ ဟို ဖြစ်ပျက် လှည့်သေးရဲ့လား....(မလှည့်ပါဘုရား)အားရတင်းတိမ်တဲ့ဘက် လှည့်မသွားဘူးလား....(လှည့်သွားပါတယ်ဘုရား)။

အားရတင်းတိမ်တဲ့ဘက် လှည့်သွားတော့ တကယ် မဂ်ကော ဟုတ်ပါရဲ့လားလို့ဆိုတော့ ဥဒယဗ္ဗယကြောင့် ဉာဏ်ကူလို့ထွက်တာ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ပါလိမ့်....(ဉာဏ်ကူလို့ ထွက်တာပါဘုရား)။

ဉာဏ်ရောင်ထွက်တာကို သူက မဂ်ထင်လိုက်တယ်....( မှန်ပါ့ဘုရား )။

အဲဒီ တရားတုတွေက တရားတုဆိုတာက ဒီလောက တရားတုကို ဘုန်းကြီးက ပြောတာ မဟုတ်ပါဘူး၊ ကိုယ်လုပ်နေတဲ့ အထဲက တရားတုက လာနှိပ်စက်တာ ပြောတာပါ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဩဘာသဆိုတဲ့ အရောင် ထွက်တတ်တယ်နော် ....(မှန်ပါ့)ထွက်လာလို့ ဒီအထဲက ယောဂီ တကာတကာမတွေက ထွက်လာလို့ရှိယင်ဖြင့် ဒါ မဂ်မဟုတ်သေးဘူး၊ဒီအရောင်လဲ ခန္ဓာကိုယ်က ဖြစ်တဲ့ အရောင်ဘဲ၊ သူလဲ အရောင်ရုပ်ဘဲ၊ အရောင်ရုပ်ဖြင့် ဖြစ်ပျက်ကယ်လို့ ရှုပေး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့ကိုဘာလုပ်ပေးရမလဲ....(ဖြစ်ပျက် ရှုပေးရပါမယ်ဘုရား) သူ့ဘဲ အနိစ္စ ပြန်ရှုလိုက်တာပေါ့....(မှန်ပါ့)။

ဖြစ်ပျက် ပြန်ရှုလိုက်ပြီးသကာလ အဲဒီက တက်သွားပြန်တော့လဲ မဂ်ဖြစ်သွားတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ မလာဘဲ မရှိဘူးတဲ့၊ဒါက ဆယ်ခုမှာ ဒီတခုယင်လဲ လာတတ်တယ်....(မှန်ပါ့) ဒီတခု မလာယင် ဒို့ပြင် ဘာလာမှာတုံးလို့ မေးတဲ့အခါကျတော့ ပီတိ....တဲ့၊ပီတိလဲ လာတတ်တယ်...,(မှန်ပါ့)။

အရောင်မလာတဲ့ ပုဂ္ဂိုလ်မှာ ပီတိလာလိမ့်မယ်....(မှန်ပါ့)။

ပီတိလာတယ်တဲ့၊ ပီတိဆိုတာက တခါတည်း ခန္ဓာကိုယ်ကြီးကို ကြွသွားပြီးသကာလ, ပေါ့ပါးပြီးသကာလ ကြက်သီးတွေထ,လို့ ကောင်းကင်ပျံတော့မလိုလို၊ ထိုင်ရမှန်း မသိ၊ ထရမှန်း မသိ၊ ဒီလိုလဲ ဖြစ်လာတတ်တယ်....(မှန်ပါ့)။

ဒါလဲ ဥဒယဗ္ဗယဆိုတဲ့ ဖြစ်ပျက်ကို မြင်တဲ့ ဉာဏ်ကြောင့် ဖြစ်ပေါ်လာတာ....(မှန်ပါ့)။

အဲဒီ ပီတိကိုလဲ တကာတကာမတွေက ဒါ မဂ်စစ်လို့ မယူလိုက်နဲ့၊ ဩော်... ဒါ ဉာဏ်ကြည်လို့ ဖြစ်လာတဲ့ ပီတိဘဲလို့....တကာကြီးလှိုင်က ယူလိုက်တာပေါ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဉာဏ်ကြည်လို့ ဖြစ်လာတယ်....(မှန်ပါ့) ဖြစ်ပျက်ကို မြင်တဲ့ ဉာဏ်က ထက်မြက်လို့ ပီတိငါးမျိုး လာပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ခုဒ္ဒကာပီတိတို့, ခဏိကာပီတိ,တို့ ဩက္ကန္တိကာပီတိတို့,ဖရဏာပီတိတို့ဆိုတာတွေ မောင်နိုင်.... မလာဘူးလား....( လာပါတယ်ဘုရား)။

အဲဒီ လာလို့ရှိယင်လဲ ဒီ ပီတိဘဲဆိုပြီးတော့ ဒါဖြင့် ဒို့ နားလည်ပြီ ဆရာသမားသင်ထားတယ်၊ ဒါတွေဟာ မဂ်မဟုတ်ဘူး၊ လောကုတ္တရာမဂ် မဟုတ်သေးဘူးလို့ မောင်နိုင်က အကဲခတ်....(မှန်ပါ့)အကဲခတ်ပြီးသကာလ ကိုယ့်ဖြစ်ပျက်နဲ့ ကိုယ်နေချင်နေနေ့ာ်... (မှန်ပါ့)သူ့ကို မသာယာလိုက်ပါနဲ့၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သူ့ကို မသာယာလိုက်ပါနဲ့လို့ သတိပေးလိုက်တယ်နော်.... (မှန်ပါ့)။

ကိုရှင်းတို့ သူ့ကို ဘာလုပ်ပစ်ရမတုံး....(မသာယာရပါဘုရား) သူ့ကိုလဲ ဖြစ်ပျက် ရှုနိုင်ရှု၊ မရှုနိုင်ယင် ကိုယ့်ဖြစ်ပျက်ကို လက်မလွှတ်လိုက်ပါနဲ့....( မှန်ပါ့ ) ပေါ်ကြပလား....( ပေါ်ပါပြီဘုရား )။

ဘယ်နှစ်မျိုးရှိသွားပလဲ....(နှစ်မျိုးရှိသွားပါပြီ ဘုရား)။

"သြဘာသေစေဝ ဉာဏေစ" တခါတလေကျတော့ ဉာဏ်က သိပ်တက်လာပြီးသကာလ ဖြစ်ပျက်ကလေးတွေ စိပ်စိပ်,စိပ်စိပ်ပြီး သကာလ လာတာကိုပင်လျှင် ငါ့ဉာဏ်က သာမည အယင်ဉာဏ်မဟုတ်တော့ဘူး၊ ဒါ မဂ်ဉာဏ်မို့ ဒီလောက် စူးစူးစိုက်စိုက် မြင်တာဘဲဆိုပြီး ဖြစ်ပျက်တွေ စိပ်စိပ်ကြီး မြင်လာလို့ရှိယင်လဲ ဒီဉာဏ်ဟာ မဂ်ဉာဏ်လို့ ကိုယ်က မယူလိုက်ပါနဲ့နော်....(မှန်ပါ့) ဝိပဿနာမဂ်ဘဲ ရှိပါသေးတယ်....(မှန်ပါ့)။

လောကုတ္တရာမဂ်....(မဟုတ်သေးပါဘုရား) မဟုတ်သေးဘူး၊ သို့သော်လဲ အယင်ဉာဏ်နဲ့တော့ မတူဘူး....(မှန်ပါ့)တခါတည်း ထိုးထွင်းပြီးသကာလ သိလာတဲ့ ဉာဏ်....(မှန်ပါ့)။

အဲဒီ ဉာဏ်ကိုလဲ အဓိဂမပစ္စုပ္ပန်ရှုပက ဆိုပါတယ်၊ အဓိဂမပစ္စုပ္ပန်ရှုပက ဆိုတာက မဂ်ရပြီလို့ ထင်တယ်၊အလားတူပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဲဒီ ဉာဏ်လာလို့ရှိယင်လဲ သြော်....ဒီဉာဏ်ဟာ ဝိပဿနာဉာဏ်ဘဲ ရှိသေးတယ်ဆိုပြီး ကြည့်မြဲဘဲ တကာတကာမတွေက ကြည့်နေပါ....(မှန်ပါ့)။

တကာကြီးလိုင် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်နှစ်ခု ရှိသွားပလဲ....(သုံးခု ရှိသွားပါပြီ) သြဘာသရယ်, ပီတိရယ်, ဉာဏ်ရယ် သုံးခုရှိသွားပြီနော်....(မှန်ပါ)။

"သြဘာသေစေဝ ဉာဏဉ္စ၊ ပီတိယာစ ဝိကမ္ပတိ" ဒါတွေ ကြောင့်လဲကွာ....တဲ့ တုန်လှုပ်တတ်ပါတယ်တဲ့ ယောဂီပုဂ္ဂိုလ်မှာ (မှန်ပါ)။

ပဿဒ္ဓိ = တခါတည်း ရှုရင်းမတ္တန့် ဖြစ်ပျက်တွေ မြင်ပြီး ကိုယ်ဟာ ကျောက်တိုင်ကြီးလိုဘဲ ဖြစ်နေတယ်၊ ကိုယ်လဲ ငြိမ်း သွားတယ်၊ စိတ်တွေလဲ ငြိမ်းပြီးသကာလ နေတယ်၊ ဖြစ်ပျက်တွေ မြင်လို့ ကိုယ်ငြိမ်း, စိတ်ငြိမ်းဖြစ်တာ....( မှန်ပါ ) သဘောကျ ပလား....(ကျပါပြီဘုရား)။

ကိုယ်ငြိမ်း, စိတ်ငြိမ်းဖြစ်သွားပြန်တော့လဲ သြော်.. ဒါ မဂ် အစစ်မို့ ဒါလောက်တောင်ဘဲ ကိုယ်၏ ငြိမ်းခြင်း၊ စိတ်၏ ငြိမ်း ခြင်းဖြစ်တာဘဲလို့ ဆိုပြီး အလုပ်ရပ်ပစ်လိုက်တတ်တယ်(မှန်ပါ) စင်စစ် ဉဒယဗ္ဗယဉာဏ်ကြောင့် လာတဲ့ ပဿဒ္ဓိတွေဘဲ(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီ ချမ်းသာသည် ကိုယ်ငြိမ်း,စိတ်ငြိမ်းနဲ့ တကယ်ငြိမ်းတာ တွေလဲ ပဿဒ္ဓိဘဲ၊ ဒီက သတိတွေကလဲ ဖြစ်ပျက်ဘဲ၊ ရှုသာပစ် လိုက်ဦး(မှန်ပါ)နို့မဟုတ်ယင်သူက နိဗ္ဗာန်လုပ်ပြီးတော့ ငင်လာ တယ်....(မှန်ပါ)။

ဦးဘကလေး ဒါ အင်မတန် အရေးကြီးတဲ့ တရားဆိုတာ.... သတိပေး တရားဆိုတာ အလုပ်သမားအတွက်မှာဖြင့် ကိုမြင့်.... မပေး မဖြစ်တဲ့ အလုပ်ဘဲ....( မှန်ပါ )ဒီ အန္တရာယ်က တကာ

တကာမတွေ မဂ်မဟုတ်ဘဲနဲ့ မဂ်ဝင်လုပ်မှာ၊ နိဗ္ဗာန်မဟုတ်ဘဲနဲ့ နိဗ္ဗာန်ဝင်လုပ်မှာ....(မှန်ပါ့) မလုပ်ပေဘူးလား....(လုပ်ပါတယ် ဘုရား)။

ကဲ....ဒါဖြင့် ကိုယ်ငြိမ်း၊ စိတ်ငြိမ်းနဲ့လဲ တင်းတိမ်ပြီးသကာလ မနေဘဲနဲ့ ငြိမ်းတတ်တဲ့ ပဿဒ္ဓိကိုဘဲ ဖြစ်ပျက် ရှုစ်လိုက်-(မှန်ပါ့ဘုရား)။

ဖြစ်ပျက်က မောင်နိုင်တို့ သင်ထားတာက ရှင်းနေတာဘဲ၊ ဖြစ်ပျက်မဆုံးသ၍ လိုက်နေရမယ် .. ( မှန်ပါ့ ) မလိုက်ရပေဘူး လား....(လိုက်ရပါတယ်ဘုရား)။

အခုတော့ ဖြစ်ပျက်မြင်တော့ ကိုယ်ငြိမ်း၊ စိတ်ငြိမ်း ဖြစ်တာ နဲ့ဘဲ ဟာ....ဖြစ်ပျက်တွေကို မောင်နိုင်တို့က မရှုဘဲထား၊ ဒီကိုယ် ငြိမ်း၊ စိတ်ငြိမ်းကလေး ကျေနပ်နေလို့ ရှိယင်လဲ အဓိဂမပ္ပဋိ ရူပကဉ္စာ--သူက နိဗ္ဗာန်လုပ်ပြီးသကာလ ဝင်လာတယ်....(မှန်ပါ့ ဘုရား)။

ဒီ ပီတိနှိပ်စက်လို့ သိက္ခာပုဒ်တွေ များတော့မှ မောင်နိုင်.... ရဟန္တာအဖြစ်နည်းသွားတယ်၊ဒီ ပီတိတွေ ဝင်လာတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)အတုတွေနော်....(မှန်ပါ့)။

ဒါ ဘယ်သူ့ အတွက် ဟောနေသလဲလို့ ဆိုတာ တကာ တကာမတွေက အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်ဒီစကားသုံးစရာကိုမလိုပါ ဘူး....(မှန်ပါ့)။

တကာကြီးလှိုင် သုံးနိုင်ပါ့မလား....(မသုံးနိုင်ပါဘုရား)။

ဒီမှာတော့ အားလုံးက အလုပ်- လုပ်နေတော့ အတုအစစ် ရွေးတတ်ဘို့ ဒါ....အတုတွေလို့မှတ်ပါ....(မှန်ပါ့ဘုရား)။

ကိုပေါ် မှတ်မိပလား.... (မှတ်မိပါပြီဘုရား) ဒါတွေ အတွေနော်....(မှန်ပါ့)။

ဒါတွေ အတုတွေပါတဲ့ တကယ်လို့ တကာ တကာမတွေ ကိုယ်က ယောဂီပုဂ္ဂိုလ်တွေဖြစ်နေတော့ နိဗ္ဗာန်အစစ်နဲ့ နိဗ္ဗာန်အတု ရွေးချင်လို့ရှိယင် ဒီရိကော်ဒါ ကူးယူကြတာပေါ့(မှန်ပါ့) ကူးယူလိုက်တကာကြီးလိုင် ဒါအရေး ကြီးတယ်....(မှန်ပါ့)မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် စစ်ဆေးရအောင် မောင်နိုင် မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)ဒီမှာ သုံးခုတောင်သွင်းနေတာဘဲတဲ့.... ဒီထဲက ကူးယူလိုက် ရတာဘဲ။

ကဲ....ဒါဖြင့် လေးချက်ရှိသွားပြီနော်(မှန်ပါ့) ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိတွေဝင်ပြီး သကာလ လာပြန်လို့ရှိယင်လဲ ဖြစ်ပျက်လွတ်ပြီး သြော်....ငါ့ဖြင့် မဂ်ရ,ဖိုလ်ရလို့ ကိုယ်ငြိမ်း စိတ်ငြိမ်းဖြစ်တာဘဲလို့ဆိုပြီး ရပ်ပစ်လိုက်ပြီးတော့ မာနကြီးပြီး ငါ....မဂ်ရပုဂ္ဂိုလ်ဘဲလို့ ထင်ပစ်လိုက်တတ်တယ်... (မှန်ပါ့) ပြီးတော့ မဂ်စစ်ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် အတုကဝင်ပြီးနှောက်ရှက်လို့ ကဿပ ...ဒီအတုတွေကြောင့် ရဟန္တာအဖြစ်နည်းတယ်၊ပေါ်ပလား.... (ပေါ်ပါပြီ)။

သိက္ခာပုဒ်များမှ ရဟန္တာ အဖြစ်နည်းတယ်ဆိုတာ ဒီအတုတွေက ဖျက်တာဟော့....(မှန်ပါ့)။

တကာကြီးလှိုင်ဒီလောက်အရေးကြီးလို့ဟောနေတယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီ)။

ဦးဘကလေး ဒီအရေးဟာဖြင့်အင်မတန်ကြီးပါတယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ အားလုံး အလုပ်သမားတွေ ဆရာဘကာရင်းတွေ ဖြစ်နေတော့ အလုပ်သမားတွေချည်းဆိုတော့ ဒါက ဒီဆယ်ချက် တချက်ချက်ကတော့ လာမှာဘဲ....(မှန်ပါ့) မလာလဲ မမှန်သေး ဘူး....(မှန်ပါ့) လာပြန်လဲ မဖယ်တတ်ယင် မမှန်သေးဘူး.... (မှန်ပါ့)။

မလာလဲတရားမမှန်သေးဘူး.... လာပြန်လဲ မဖယ်တတ်ယင် (မမှန်သေးပါဘုရား)။

အဲဒါကလေးတွေဟာ နောက်ကဘကာတကာမတွေ့ဖြော်-ချက်ကောင်းပါကလား၊ ဒီဥစ္စာလာလဲ လာမှာဘဲ၊ လာလို့မဖယ် တတ်ပြန်လဲ ဒါနဲ့တင်းတိမ်နေလို့ရှိယင်လဲအဓိမာနပုဂ္ဂိုလ်၊အဓိက လွန်တာ၊ မာနကကြီးတာ....(မှန်ပါ့) ငါ.. မဂ်ပုဂ္ဂိုလ်ဖြစ်ပြီဆိုပြီး ကိုယ့်ဟာကိုယ် မာနကြီးပစ်လိုက်တယ်....(မှန်ပါ့)။

မောင်နိုင် ဘယ်နှစ်ချက်ရှိသွားပလဲ(လေးချက် ရှိသွားပါပြီ) အရောင်တချက်၊ ပီတိတချက်၊ ဉာဏ်ကြည်တာတချက် (မှန်ပါ့) ဉာဏ်က ခါတိုင်းနဲ့မတူဘူး၊ ထိုးထိုးထွင်းထွင်းနဲ့ကိုသိ ပစ်လိုက် တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ကိုယ်ငြိမ်း စိတ်ငြိမ်းဆိုတဲ့ ပဿဒ္ဓိက တချက်....(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဘယ်နှစ်ချက် ရသွားပလဲ.... (လေးချက် ရသွားပါပြီ)လေး ချက် ရသွားပြီလို့မှတ်ထားတာပေါ့နော်.... (မှန်ပါ့)။

"ပဿဒ္ဓိယာ သုခေနစ"တခါတလေကျတော့ စိတ်ထဲရော ကိုယ်ထဲရော မင်းချမ်းသာပြီး နေလိုက်တာ သုခ ကလေးက တကိုယ်လုံးကို ဆင်းရဲရှာမတွေ့ဘူး၊ ဉဒယဗ္ဗယ ဉာဏ်ရင့်ကျက်နေ တာ ဖြစ်ပျက်တွေ မြင်ရင်းမတ္တနဲ့ တကိုယ်လုံးချမ်းသာသွားတဲ့

အခါလာတတ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

တကိုယ်လုံး ချမ်းသာသွားတဲ့အခါ လာဘတ်ပြန်တော့လဲ အင်း....ဒါနိဗ္ဗာန်ဘဲဆိုပြီး ယောဂီက ရပ်ပစ်တတ်တယ်(မှန်ပါ့) မရပ်ပါနဲ့ ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာလုပ်ပစ်ရမလဲ သူ့ကို.... ( ဖြစ်ပျက်ရှုရပါမယ်ဘုရား ) ဖြစ်ပျက်ရှု၊ ကိုယ့်ဖြစ်ပျက်ယင်လဲပြန်ကောက်၊ သူ့ယင်လဲရှုပစ် (မှန်ပါ့)။

တကာကြီးလှိုင် ဒါ.... အဓိဂမပဋ္ဌိရှုပကလို့ ခေါ်တယ်.... (မှန်ပါ့) အဓိဂမဆိုတဲ့ဥစ္စာ 'မဂ်ကိုခေါ်တယ်....ပဋ္ဌိရှုပကဆိုတာကတော့ အလားတူ၊ မဂ်နဲ့ အလားတူ ဝင်လာတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

နိဗ္ဗာန်မဂ်တွေကိုတဲ့ နိဗ္ဗာန်မဟုတ်ဘဲနဲ့ နိဗ္ဗာန်ထင်ရတယ်၊ မဂ်စစ်မဟုတ်ဘဲနဲ့ မဂ်စစ်ဖြစ်လောက်အောင် မောင်အောင်သိန်း ဝင်လာတာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ....မလာလို့ မဖြစ်ဘူးတဲ့ တခုခုလာရမှာဘဲ.... (မှန်ပါ့) လာပြန်လဲ ဖယ်နည်း ရှားနည်းကို ဆရာက သင်ပေးရမယ်.... (မှန်ပါ့)။

ဒါကြောင့် တကာတကာမတို့ ဆရာကင်းလို့မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုတာ တကာကြီးလှိုင် ပေါ်ပလား.... (ပေါ်ပါပြီ)။

ငါ့ဟာ....ငါအိမ်မှာလုပ်နေ ဘာကိစ္စရှိသတုံးကွ၊ ဘုန်းကြီးဆီက နည်းယူခဲ့တာဘဲဆိုတော့ ဒီလို ခလုတ်တွေတွေလာတဲ့အခါ

မဖယ်ရှားတတ်တော့ တကာကြီးလှိုင် ဘယ့်နှယ်တုံး.... ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

အဲဒီတော့ ဘုရားကိုက ဟောခဲ့တာ ဆုံတာကော မောင်နိုင်ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ရှင်မဟာကဿပ....က မေးလို့ ဘုရားက ဒီအတုတွေကြောင့်သိက္ခာပုဒ်များမှ ရဟန္တာအဖြစ် နည်းသွားသကွာ.... ဆိုတော့မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီ)။

ကဲ....ဘယ်နှစ်မျိုး ရှိသွားကြပလဲ.... (ငါးမျိုးပါ) ဆယ်မျိုးရှိအောင် ပြောပါ့မယ်နော်.... တကာတကာမတို့....။

ကဲ....ဒါဖြင့် ဒီငါးခုဘဲထားပါဦးတော့ လာယင် ရုပ်စပေါ့ဗျာ... (မှန်ပါ့)ကိုယ့်ဖြစ်ပျက် မပျောက်စေနဲ့၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်ဖြစ်ပျက် မပျောက်စေနဲ့နော်.... (မှန်ပါ့) စိတ်ထဲမှာချမ်းသာလိုက်တာ ဘာချမ်းသာနဲ့မှ မတူဘူးဘုရာ့....ဆိုပေမဲ့ဖြစ်ပျက်မြင်လို့ ချမ်းသာတာ ရှိသေးတယ်၊ ကိုယ်က ဖြစ်ပျက်လွှတ်ပစ်လိုက်လို့ ဖြစ်ပျက်မရှိဘူးထင်နေတာ....(မှန်ပါ့) ချမ်းသာတာဘက် လှည့်သွားလိုက်တယ်.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီချမ်းသာတာကလေးဘုန်းကြီးတို့တကာတကာမတွေက ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား) သုခကိုဖြစ်ပျက် ရှုပေး၊ ချမ်းသာတာ သုခခေါ်တယ်နော်.... (မှန်ပါ့) အဲဒီ သုခဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါ မယ်ဘုရား)။

ဖြစ်ပျက် ရှုပစ်လိုက်တာပေါ့ မောင်နိုင် နော်....၊ ဖြစ်ပျက် ရှုပြီးမှ သူ့ဟာသူ သူ့မဂ်ကလေးနဲ့သူ သွားတာပေါ့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

ဒါ...ဘာတုံးဆိုတော့ တရားတုခေါ်တယ်.... (မှန်ပါ့)။

တကာကြီးလှိုင် ဘာခေါ်မလဲ....( တရားတု ခေါ်ပါမယ်) မဂ်တု နိဗ္ဗာန်တုတွေ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဘာလာတာပါလိမ့် ..(နိဗ္ဗာန်တုပါဘုရား)အဲ....နိဗ္ဗာန်လို့လဲ သူက လိမ်ချင် လိမ်တယ် ကိုမြင့်ရဲ့.... (မှန်ပါ့) မဂ်စစ်လို့လဲ (လိမ်ပါတယ်ဘုရား) အဲဒါ အတုမဟုတ်ဘူးလား.... (ဟုတ်ပါ တယ်ဘုရား)။

တကာကြီးလှိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဪ....ဒီဥစ္စာ ဒီဆရာဘုန်းကြီးကမှ ခင်ဗျားတို့ကို လည်လည် ပယ်ပယ်နဲ့ ဒီအန္တရာယ်တွေ တွေ့ပါလိမ့်မယ်၊ တွေ့တဲ့အခါ ဖယ်ရှားပါဆိုတာ မသင်လိုက်ယင် ဘယ်သူက လာသင်မှာတုံး.... (မှန်ပါ့)။

ဒါနဲ့ဘဲ တင်းတိမ်ပြီးသကာလ ဦးဘကလေး.... ငါတော့ သေချာပြီ ဆိုချင်ဆိုပစ်လိုက်မယ်.... (မှန်ပါ့) ထင်ချင်ကော.... (ထင်ပစ်လိုက်ပါမယ်ဘုရား) ထင်ပေမယ်လို့.... ဉာဏ်ကတော့ ဥဒယဗ္ဗယဉာဏ်ဘဲ ရှိသေးတယ်....(မှန်ပါ့) ယထာဘူတဉာဏ်ဘဲ ရှိသေးတယ်....(မှန်ပါ့) နိဗ္ဗိန္ဒာဉာဏ်တောင် မပါသေးဘူး.... (မှန်ပါ့)။

ခုနင်က ဖြစ်ပျက်အဆုံးမြင်တဲ့ မဂ်ဉာဏ်ကော ပါပလား.... (မပါသေးပါဘုရား) ကဲ....တကာကြီးလှိုင် ဒီနားတွင် ကန့်လန့် ဖြစ်နေတယ်....(မှန်ပါ့)။

ဘာဖြစ်လို့ တုံးလို့ မေးတဲ့အခါကျတော့ တရားတု ဝင်နှိပ်စက်ပြီ....(မှန်ပါ့) မင်္ဂတု လာပြီးတော့....(နှိပ်စက်ပါပြီ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာ မောင်နိုင် မဟောယင် တောပါ့မလား.... (မတော်ပါဘုရား)။

နောက်က တကာတကာမတွေ အလုပ်သမားတွေ ဖြစ်နေတော့ ဆရာသမား မပြောလို့ရှိယင် ဒီဥစ္စာက တော်တော့ကို ခဲယဉ်းတယ်....(မှန်ပါ့ဘုရား)။

အခုတော့ ဝတ္ထု သက်သေသာဓကနဲ့ လုံလောက်ပလား.... မောင်နိုင် .. (လုံလောက်ပါပြီ ဘုရား)။

သိက္ခာပုဒ်တွေ နည်းတုန်းကဘော့ ဘုရား၊ ရဟန္တာ ဖြစ်လိုက်တာ များလိုက်တာ....(မှန်ပါ့)သိက္ခာပုဒ်တွေ များလာမှ ရဟန္တာ အဖြစ်နည်းတာ အရှင်ဘုရား....၊ ဒါ အမိန့်ရှိမှ ကောင်းမယ်လို့ - ရှင်မဟာကဿပက မေးရှာတယ်....(မှန်ပါ့)။

အဲဒီ အခု ပြောခဲ့တဲ့ ဥဒယဗ္ဗယ နေရာမှာ တရားတု ဝင်နှိပ်စက်နေတယ်ကွာ .. (မှန်ပါ့)။

တကာကြီးလှိုင် ဘယ်နေရာ နှိပ်စက်တာတုံး ... (ဥဒယဗ္ဗယ နေရာမှာပါဘုရား)။

အဲ....ပလိဗောခဆိုတဲ့ဥစ္စာ ဦးဘကလေးကမှတ်ထား ဖြစ်ပျက်မြင်နေတုန်း လာတယ်(မှန်ပါ့)ဖြစ်ပျက် မြင်နေတုန်း ဉာဏ်ခေတ်အကြည်ကလေး လာတယ်....(မှန်ပါ့)ဉာဏ်က မဂ်ဉာဏ်လဲ မဟုတ်သေးဘူး၊ ဝိပဿနာ ဉာဏ်ကနေ လုပ်တယ်....(မှန်ပါ့)။

ဒါနဲ့ တခါတလေများ ဒီ သုခ ချမ်းသာနေလိုက်တာများ အားလုံး တကာတကာမတွေ့ မှတ်ထား....အို....နတ်စည်းစိမ်နဲ့ မလဲနိုင်ဘူး ဆိုတာတောင် လာတယ်....(မှန်ပါ့)။

ဦးဘကလေး ဒီလောက်ထိအောင် လာတယ်....( မှန်ပါ့ ) သဘောကျလား....(ကျပါပြီဘုရား)။

နတ်စည်းစိမ်ထက် ချမ်းသာသေးတယ်....ဒီ အခု စိတ်ထဲ ချမ်းသာနေလိုက်တာ ဖြစ်ပျက်ကလေးတွေ ရှုပြီး ချမ်းသာလုံးကလေး နဲ့ ကိုယ့်မှာ နေလိုက်ရတာတဲ့၊ သူ့မှာ ဖြစ်ပျက်ကတော့ မရှိတော့ဘူး၊ ချမ်းသာတဲ့ဘက် သူ့ဉာဏ်က လှည့်သွားပြီ....(မှန်ပါ့ ဘုရား)။

ချမ်းသာတဲ့ဘက် နှစ်သက်တဲ့ဆီ ရောက်သွားပြီ၊ ပေါ်ကြ ပလား·(ပေါ်ပါပြီ ဘုရား)။

ချမ်းသာပြီးတော့ နှစ်သက်တတ်တဲ့ဘက် ဆိုက်သွားတော့ကို မဂ်စစ်ကော ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) နိဗ္ဗာန်စစ်ကော မြင်ရပလား....(မမြင်ရသေးပါဘုရား)။

မမြင်ရသေးဘဲနဲ့ သူ့စိတ်ထဲမှာ တခါတည်း ဒါ ငါတော့ဖြင့် သောတာပန် ဖြစ်ပြီဟေ့....ဆိုပြီး အဓိမာနနဲ့ ရပ်နေလိုက်တာ-(မှန်ပါ့)။

မဂ်ဟာ တကြိမ်ပေါ်တာဘဲ၊ တော်ရောပေါ့၊သေပျော်ပြီ....၊ တကာကြီးလို ဒီလို အဓိမာန အဓိကလွန်တာ....မာနက ကြီး တာပေါ့ဗျာ....(မှန်ပါ့)အဲဒီ မာနတွေနဲ့ အချိန်ကုန်ပြီးသကာလ နှစ်နာတတ်တယ်....(မှန်ပါ့) ရဟန္တာ ဖြစ်သေးရဲ့လား....(မဖြစ် ပါဘုရား)သောတာပန်,သကဒါဂါမ်ကော....(မဖြစ်ပါဘုရား)။

ဒါ ဘာနိုပ်စက်တာတုံး....မောင်နိုင်....(တရားတု နှိပ်စက်တာပါဘုရား)။

အဲ....တရားတု နှိပ်စက်တာဆိုတော့ အဓိဂမပစ္စုပ္ပန်ရှုပကာဘဲ၊ အဓိဂမ ဆိုတာက နိဗ္ဗာန်၊သဘောကျပလား....(ကျပါပြီ) အဓိဂမ ဆိုတာက မရဘူးသေးတာကို ရတာနဲ့ ဒါ နိဗ္ဗာန်ဘဲလို့ ယူပစ်လိုက်တယ်....(မှန်ပါ)။

မရဘူးသေးတာ ရတာနဲ့....(နိဗ္ဗာန်လို့ ယူပစ်လိုက်ပါတယ်ဘုရား) နိဗ္ဗာန်လို့ ယူပစ်လိုက်တော့ နိဗ္ဗာန်တု သွားဖြစ်တယ်....( မှန်ပါ ) အဲ....သူမှာလဲ မဂ်ဉာဏ်ဟာ အတုသွားဖြစ်တယ်....(မှန်ပါ)မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲ....မောင်နိုင်....ဒီဥစ္စာ ပြောရလိမ့်မယ်....(မှန်ပါ) တကာ တကာမတွေ မဟောရပေဘူးလား....(ဟောရပါတယ် ဘုရား)။

ဟောရမယ်....တဲ့ ဒါကို၊ နုလပ်တွင် ပြန်ပြီးသကာလ လာတော့ ဒီဥစ္စာက မြဲသေးတဲ့ ဝိပဿနာမှ မဟုတ်ဘဲ....( မှန်ပါ ) ကိုမြင့် လျှောကျတယ်....(မှန်ပါ)။

ဦးပုကြီးတို့ သေသေချာချာ မှတ်ပါနော်(မှန်ပါ)နောက်က တကာ တကာမတွေကော....(မှတ်ပါတယ် ဘုရား)။

မှတ်ရမယ်နော်....(မှန်ပါ)အေး... သေသေချာချာ မှတ်ရမယ် ဒီဥစ္စာ၊ တကာကြီးလှိုင်.... အလုပ်သမားမှာဖြင့် အဓိဂမပစ္စုပ္ပန်ရှုပက ဆိုတဲ့ ဥစ္စာတဲ့ အင်မတန် အရေးကြီးပါတယ်တဲ့....နော်....(မှန်ပါဘုရား)။

မောင်နိုင် ဘယ်နှစ်ခု ရှိသွားပလဲ....( ငါးခု ရှိသွားပါပြီဘုရား)။

"အဓိမောက္ခေစ ပဂ္ဂဟော...."အဓိမောက္ခဆိုတာလဲလာတတ်သေးတယ်တဲ့....(မှန်ပါ)။

အို....ဘုရားအပေါ် ယုံကြည်လိုက်တာ ကျုပ်ဖြင့် ဘယ်လိုကြည်ညိုနည်းနဲ့ ကြည်ညိုမှန်း မသိဘူး၊သိပ်ယုံကြည်တာဘဲဆိုပြီးဖြစ်ပျက်မြင်တုန်း ယုံကြည်တဲ့ သဒ္ဓါဆုံးဖြတ်ချက်ချတာ အကြီးအကျယ်လာတတ်သေးတယ်....(မှန်ပါ)။

အဲဒါလဲ မောင်နိုင်က မှတ်လိုက် အဓိမောက္ခလို့....(မှန်ပါဘုရား)။

သူ့လဲ မတင်းတိမ်လိုက်ပါနဲ့....(မှန်ပါ)မတင်းတိမ်လိုက်ပါနဲ့ သူလဲ သဒ္ဓမ္မပဋိရူပက ပါဘဲတဲ့၊ မဂ်တုလာတယ်၊ရှင်းပလား(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး....(မဂ်တုပါဘဲဘုရား) မဂ်တုပါဘဲတဲ့၊ ဆုံးဖြတ်ချက် ချလိုက်ပါ....(မှန်ပါ) ကေန်ဘဲ ဒီ ဘုရား....ကြည်ညိုတာကျုပ်တို့အယင် ကြည်ညိုပုံနဲ့ မတူဘူးဆိုပြီး ဥဒယဗ္ဗယဉာဏ်ပေါ်လာတဲ့ ကြည်ညိုလုံးကလေးဟာပေါ့လေ(မှန်ပါ)အဲဒီ အဓိမောက္ခကလေးဟာလဲ အဓိဂမပ္ပဋိရူပက ဆိုတာလဲတဲ့ မဂ်တုကလေးအဖြစ်နဲ့ ဝင်လာလို့ တကာတကာမတွေ့ကဒီဥစ္စာကို ငါမဂ်စစ်ရပြီလို့မာန မကြီးလိုက်ပါနဲ့....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

"ဥပဋ္ဌာနေစ ကမ္ပတိ"သတိကလဲ မောင်နိုင် ဒီ ဖြစ်ပျက်တွေရှုနေတဲ့ သတိက အယင်သတိမျိုး မဟုတ်ဘူး၊ နည်းနည်းမှမလွတ်တဲ့ သတိတွေ တခါတည်း လာလိုက်တဲ့ အခါကျတော့အို....ဒါဟာ မဂ်ဉာဏ်မို့ ဒီလောက်ထက်တာဘဲလို့လဲ ကိုယ့်စိတ်

ထဲမှာ ထင်သွားတတ်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

မဂ်ဉာဏ်မို့ ဒါလောက်ထက်တာဘဲ....လို့ ကိုယ့်စိတ်ဘဲမှာ ထင်သွားပြန်လို့ရှိယင်လဲ ခုနင်က အဓိဇ္ဈပဋိရူပက၊ အဓိဂမ ဆိုတာ မရဘဲနဲ့ရတယ်၊ပဋိရူပကဆိုတာက အလားတူ (မှန်ပါ) အလားတူကို အစစ်ထင်တတ်တယ်....(မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘာထင်တာပါလိမ့်.... (အလားတူ ထင်တာပါဘုရား)။

ဒါဖြင့် မြန်မာလို ပြောကြစို့ တကာတကာမတို့ အတုကို အစစ်ထင်တယ်....(မှန်ပါဘုရား)။

တကာကြီးလှိုင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား)အတုကို အစစ်ထင်တာဆိုတာ ရှင်းကြပလား....(ရှင်းပါပြီ)။

အေး....ဒါကြောင့် ဒါက မောင်နိုင်တရားထပ်ပြောတယ်လို့ မောင်နိုင် အယူမရှိပါနဲ့နော်....(မှန်ပါ) အလုပ်သမားမှာမှပေါ်တာ....(မှန်ပါ) အလုပ်မလုပ်တဲ့လူမှာ ဒါကလဲ ပေါ်ရိုးထုံးစံ မရှိဘူး....(မှန်ပါ)။

ကိုပေါ်....(မှန်ပါအလုပ်မလုပ်တဲ့လူမပေါ်ပါဘုရား)မပေါ်ယင်လဲ မဖြစ်ဘူးတဲ့....(မှန်ပါ)။

မပေါ်ယင်....( မဖြစ်ပါဘုရား )။

မပေါ်ယင်တော့ ကိုယ်လုပ်တာ မမှန်သေးလို့.... (မှန်ပါ) မှန်လို့ပေါ်လာတာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ကိုယ်လုပ်တာ မမှန်သေးယင် ဒီဆယ်ခု တခုခုကိုမပေါ်ဘူး (မှန်ပါ) ပေါ်လဲပေါ်ရမယ်၊ ဖယ်လဲ ဖယ်တတ်ရမယ် (မှန်ပါ) တကာတကာမတို့ ဘယ်လိုတဲ့.... (ပေါ်လဲ ပေါ်ရမယ်၊ ဖယ်လဲ

ဖယ်တတ်ရပါမယ်ဘုရား) ဖယ်လဲဖယ်ရမယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အေး....ဒါကြောင့် ဒီနေ့ တရားမှာဖြင့် ဩော်....တော်တော် ကူညီတဲ့တရားပါကလား၊ ဒို့မှာ မဟုတ်ဘဲနဲ့ အထင်ကြီးနေပြန် လို့ ရှိယင်လဲ ဒို့....တဘဝနစ်နာသွားမယ်.... (မှန်ပါ့) မဆိုထိုက် ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား)။

တကယ်....သူပေါ်လို့ ရှိယင် ရှေ့မဂ်စစ် ရတော့မှာကိုး.... (မှန်ပါ့) မဂ်တုက ဝင်ပြီးသကာလ တကာ တကာမတွေ စိတ် ဖြေဖျောက်ပစ်လိုက်တော့ နစ်နာမသွားဘူးလား.... (နစ်နာပါ တယ်ဘုရား)။

ကဲ....ရမည့်ဘဝကြီးမှာ အတုက ဝင်နှိပ်စက်လို့ အတုတွင်ရပ် လိုက်တော့ အစစ်ရောက်သေးရဲ့လား....(မရောက်ပါဘုရား)အဲဒီ မှာ မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)။

ဟော့....မောင်ခင်မောင်တို့ သေသေ ချာချာ မှတ်ရမယ်.... (မှန်ပါ့) မမှတ်ထိုက်ဘူးလား.... (မှတ်ထိုက်ပါတယ် ဘုရား)။

လုပ်ရမှာကွဒါတွေ... (မှန်ပါ)အခုဆရာဘုန်းကြီးက ဒါတွေ ဖြစ်ပျက် ရှုပစ်လိုက်ကွ....(မှန်ပါ)။

ဘာတဲ့တုံး....မောင်နိုင် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုပစ်ပါတဲ့၊ ဖြစ်ပျက်ရှုပြီးသကာလ တကာတကာမ တွေ တက်မြဲတိုင်း တက်သွား၊ ဘုန်းကြီးသင်ထားတဲ့အတိုင်းနော် (မှန်ပါ့) မုန်းဉာဏ်တွေဘာတွေ လာလိမ့်မယ်၊ ဥပေက္ခာဉာဏ် တွေကော.... (လာပါတယ်ဘုရား) ဆုတ်နစ်တဲ့ ဉာဏ်တွေကော (လာပါတယ်ဘုရား)။

အဲ....ကိုယ့်ဟာကိုယ် တခါတည်း ဒါ....ဆရာသမားပြောတဲ့ အတိုင်း ဒီနားကို ဒါအတုတွေဘဲဆိုတာကိုယ်တိုင်သိပြီးသကာလ တကာတကာမတွေ့က ဒါတွေ ဖြစ်ပျက်ရှုပေး....(မှန်ပါ့)မရှုချင် လို့ရှိယင်လဲ သူ့ကိုဂရုမစိုက်နဲ့၊ ကိုယ့်ဖြစ်ပျက်နဲ့ကိုယ်နေလိုက်၊ သူ့ဟာသူ ပျောက်သွားလိမ့်မယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုယ့်ဖြစ်ပျက်နဲ့ကိုယ်နေယင်....(သူ့ဟာသူပျောက်သွားလိမ့် မယ်) သူ့ဟာသူ ပျောက်သွားမယ်.... ဆိုတော့ မောင်နိုင်.... သြဘာသေစေဝ ဉာဏေစ၊ ပီတိယာစ ဝိကမ္ပတိ၊ ပဿဒ္ဓိယာ သုခေစေဝ၊ အဓိမောက္ခေစ ပဂ္ဂဟော....ဒီ အဓိမောက္ခပါသွားပြီ။ (မှန်ပါ့)ဆုံးဖြတ်ချက်ချတာ မဂ်အစစ်၊ တရားအစစ်လို့ ဆုံးဖြတ် ချက်ချတာတွေ ပါသွားပြီ....(မှန်ပါ့)။

ပဂ္ဂဟဆိုတာ ဝီရိယကလဲ အံမာလေး ဒီဖြစ်ပျက်မြင်တဲ့ ဉာဏ် နေရာမှာ အားထုတ်နေတဲ့ ဝီရိယကလဲ ရှေးက ဝီရိယမျိုးက မဟုတ်တော့ ရှုလိုက်တယ်ဆို ဉာဏ်နဲ့တွဲတွဲပြီး ထွက်တဲ့ဝီရိယကလဲ တကယ့်ကို မလှုပ်ရှားနိုင်တဲ့ ဝီရိယပေါ့လေ....( မှန်ပါ့ )ဝင်ပြီး သကာလ လာတော့ သြော်....ဒီ ဝီရိယမျိုး ငါ ပုထုဇန်တုန်းက ဘယ်တော့မှ မဖြစ်ဘူးဘူး၊အခုအချိန်မှ တွေ့လာတဲ့ ဝီရိယ၊ဘုရား ရဟန္တာများ ဖြစ်တဲ့ ဝီရိယဘဲဆိုပြီး ဒီ ဝီရိယကလဲ အကြီးစား ဝီရိယ ဖြစ်နေတော့ ဒါဟာ သမ္မာဝါယာမ မဂ္ဂင် အစစ်ဘဲ၊ ထင် ချင် ထင်ပစ်တယ်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ ဘုရား)။

စင်စစ်တော့ ဖြစ်ပျက်မြင်လို့ ပေါ်တာ....(မှန်ပါ့) ရှင်းကြ ပလား.... ( ရှင်းပါပြီဘုရား )။

ဒါဖြင့် ဒီ ဝီရိယကိုလဲ ဘုန်းကြီးတို့ တကာ တကာမတွေက ဘာလုပ်ရဦးမလဲ....(ဖြစ်ပျက် ရှုပစ်ရပါမယ်ဘုရား)။

ဖြစ်ပျက်ရှု၊ သူ့ကို မရှုချင်ယင် ကိုယ့် နဂိုရ် ဖြစ်ပျက်ပြန်ရှု.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

မောင်နိုင် ဘယ်နှစ်ချက် ရှိသွားပလဲ....(ရှစ်ချက်ရှိသွားပါပြီ ဘုရား)ရှစ်ချက်ရှိသွားပြီနော်....(မှန်ပါ့)။

ကိုင်း....နောက်တခါ ပေါ်လာမှာကတော့ ဒါရှစ်ချက်ဟာ ရှစ်ချက်စလုံး ပေါ်လိမ့်မယ်လို့ ဆရာဘုန်းကြီးက ဟောတာ မဟုတ်ဘူး၊ တခုခု ပေါ်လိမ့်မယ်ပြောတာ... (မှန်ပါ့)သဘောကျ ကြပလား....(ကျပါပြီဘုရား)။

ရှစ်ချက်စလုံး ပေါ်မှာလား....တခုခု ပေါ်မှာလား....(တခုခု ပေါ်မှာပါဘုရား)။

ဖြစ်ပျက်မြင်နေတုန်း ဒီဆယ်ခုထဲက တခုခု ပေါ်လိမ့်မယ်ဆို တာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ကိုင်း....ဒါနဲ့ဘဲ တကာတကာမတို့ ရှစ်ခုဆိုတော့ နှစ်ခု လို သေးတယ်....(မှန်ပါ့)။

တတြမေဇ္ဈတ္တတာ - ဆိုတဲ့ ဥစ္စာ ပေါ်သေးတယ်....(မှန်ပါ့) ဥပေက္ခာသဘော လာပေါ်တယ်။

အို.... ဖြစ်ပျက်ကလေးတွေ ကိုယ့်စိတ်မှာ တန်းတန်း, တန်း တန်း,တန်းတန်းပြီးသကာလ သူ့ကို သာလဲ မသာယာဘူး၊ပြစ် မှားတဲ့ ဒေါသလဲ မလာဘူး၊ ဒီ ဖြစ်ပျက်ကလေးတွေကိုပေါ့လေ (မှန်ပါ့)။

တကာကြီးလှိုင် ဖြစ်ပျက်ကလေးတွေကို သာယာ ပြစ်မှားမှု ကင်းပြီး မြင်နေတဲ့ အခါကော မရှိဘူးလား....( ရှိပါတယ် ဘုရား)။

အဲဒီလို ရှိပြန်တော့လဲ ဒါ တတြမေဗျတ္တတာဆိုတဲ့ စေတသိက် က ဝင်ပြီးသကာလ သူက မဂ်ဝင်လုပ်နေတယ်-(မှန်ပါ့) မဂ်ဉာဏ် ဝင်လုပ်နေတယ်၊ သဘောပါလား....(ပါပါတယ်ဘုရား) စင်စစ် တော့ဖြင့် လျစ်လျူရှုတဲ့ သဘောပါဘဲ....(မှန်ပါ့)။

အဲဒီတော့ မောင်နိုင်တို့က ဒါ မဂ်မဟုတ်သေးဘူးတဲ့၊ အမြင် ကတော့ဖြင့် သိပ်ရှင်းတာဘဲ....(မှန်ပါ့) သာယာမှု ပြစ်မှားမှု ကင်းပြီးတော့ မြင်တာဘဲ....(မှန်ပါ့)သဘောပါပလား....(ပါပါ ပြီ ဘုရား) သာယာမှု ပြစ်မှားမှု ရှိသေးရဲ့လား....( မရှိပါ ဘုရား)။

အဲ....သာယာမှု ပြစ်မှားမှု ကင်းပြီးသကာလ မြင်နေတဲ့အမြင် ဘဲဆိုတာတော့ ဟုတ်တယ်၊ ဟုတ်ပင် ဟုတ်ငြားသော်လဲ သင်္ခါရ ဘက် သူ လှည့်နေတယ်....(မှန်ပါ့ဘုရား)မလှည့်ဘူးလား....(လှည့် ပါတယ်ဘုရား) နိဗ္ဗာန်ဟုတ်သလား....(မဟုတ်သေးပါဘုရား)။

အဲဒါကလေးလာတာကိုဘဲ တကာ တကာမတွေက ဆရာ သမားက ဒီ တရားတုကို ဖယ်တဲ့နည်း သတိမပေးလို့ ရှိယင် အို.... စိတ်စဉ်တွေ တန်းပြီးသကာလ မြင်နေတာ မဂ်ဘဲလို့ ဆိုပြီး ရပ် ပစ်လိုက်တတ်တယ်....(မှန်ပါ့) တကယ် မဂ်စစ် ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

မဟုတ်သေးခင်မှာတဲ့ တကာတကာမတွေ ရပ်စဲပစ်လိုက်လို့ ရှိယင် ဒီမှာ အဓိမာန လွန်တဲ့ မာနနဲ့ဘဲ ကျန်နေရစ်ပြီးသကာလ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မဖြစ်နိုင်သေးဘူး(မှန်ပါ့)

မကန့်ကွက်လဲ မဖြစ်ဘူး... (မှန်ပါ့)ကန့်ကွက်လဲ ဖယ်ရှားရမယ်.... (မှန်ပါ့)။

မကန့်ကွက်လို့ရှိယင်လဲ ဥဒယဗ္ဗယ ဉာဏ်ဟာတဲ့ မလာသေးတာ သေချာတယ်.......(မှန်ပါ့)ဒီဆယ်ခု တခုခုလာမှ ဥဒယဗ္ဗယ ဉာဏ်ကလဲ မှန်တယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

မဖယ်လိုက်လို့ရှိယင်လဲ ဒီတွင် တင်းတိမ်နေလို့ရှိယင်လဲ မဂ်တုက မဂ်စစ်လုပ်ပြီးသကာလ လှည့်စားလိုက်တာဘဲ....(မှန်ပါ့)။

တကာကြီးလှိုင် ပေါ်ပလား....(ပေါ်ပါပြီဘုရား)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

အဲဒီမှာ ဒါက ဥပေက္ခာ ထားတာနော်(မှန်ပါ့)စိတ်ကလေးတွေ သူ့ဟာသူဖြစ် သူ့ဟာသူ ပျက်နေတာကလေးတွေ ကိုယ်က ထိုင်ပြီးသကာလ ကြည့်နေတော့ အို....ဒီဉာဏ်မျိုး ဘယ်တော့မှ မရဘူးဘူး၊ ဒါမဂ်ဉာဏ်ဘဲလို့ ဆိုပြီးသကာလ မောင်နိုင် ရပ်စဲပစ်လိုက်တတ်တယ်....(မှန်ပါ့)။

ဒါ ရပ်စဲရမှာလား....၊မရပ်စဲရဘူးလား....(မရပ်စဲရပါဘုရား) မရပ်စဲရဘူးဆိုတာ ကိုညွန့်တို့ ပေါ်ပြီ....(ပေါ်ပါပြီ ဘုရား)။

ဘယ်မှာ သူ နိဗ္ဗာန်ကို တွေ့တာမှ မဟုတ်ဘဲ၊ ဖြစ်ပျက်တွေ တန်းနေတာကို သူ သာယာမှု ပြစ်မှားမှုကင်းပြီး ကြည့်နေတာ ရှိသေးတာဘဲ....(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါပြီ ဘုရား)။

ကိုင်း....ဒီဖြင့် ကိုးချက် ရသွားပြီ....(မှန်ပါ့)။

နောက်ကျတော့ နိကန္တိဆိုတာ လာတတ်သေးတယ်၊ နိကန္တိဆိုတာ တဏှာဘဲ... (မှန်ပါ့)။

တဏှာက ဘယ်လိုဖြစ်လာသတုံး ဆိုတော့ အို....ဒါ ငါ့ အရောင်ဘဲ၊ နှစ်သက်ပစ်လိုက်တယ်၊ ခန္ဓာကိုယ်က အရောင်ထွက် လာယင်လေ....(မှန်ပါ့)ဟာ....ဒါ ငါ့မင်္ဂဘဲ၊ ခုနင်က ဟာတွေကို ပေါ့လေ....(မှန်ပါ့) ဒါ ငါ့မင်္ဂတွေဆိုတဲ့ နိကန္တိ နှစ်သက်မှု၊ ခုနင်က ကိုးခုတွေကို သူက မနှစ်သက်လိုက်ပေဘူးလား....(နှစ် သက်လိုက်ပါတယ် ဘုရား) အဲဒီ နှစ်သက်တော့ နှစ်သက်တာက တဏှာတဲ့၊ သူလဲ လာတတ်တယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဆယ်ခု မပြည့်သေးဘူးလား....(ပြည့်ပါပြီဘုရား)။

ဆယ်ခုပြည့်သွားတော့ အဲဒီ့ ဆယ်ခုထဲမှာဘဲ ကိုးခုကတော့ ကိုတဲ့ ဖယ်လိုက် ပြီးတာပါဘဲ....(မှန်ပါ့)နောက်ဆုံးပိတ် နှစ်သက် တဲ့ တလုံးဟာ အဆိုးဆုံးဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နှစ်သက်တဲ့ တလုံးကိုလဲ ဦးဘကလေးတို့က ဖြစ်ပျက် ရှုပေး....(မှန်ပါ့)ကိုယ့်စိတ်ထဲ မရပ်နဲ့....(မှန်ပါ့)ဒီတွင် တင်းတိမ် မနေနဲ့ ပြောတာ....(မှန်ပါ့)။

ဒါဖြင့် အမဂ္ဂမပဋိရူပက၊ အမဂ္ဂမဆိုတာက မရဘဲနဲ့ ရတယ် ထင်တာ၊ ပဋိရူပက,က အလားတူ....(မှန်ပါ့) အလားတူ ဖြစ် နေတဲ့ဥစ္စာ မင်္ဂနဲ့ အလားတူ ဖြစ်နေတာကို မရဘဲနဲ့ ရတယ်ထင် သည်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

မရဘဲနဲ့ ရတယ်ထင်တာကို အမဂ္ဂမပဋိရူပကလို့ ခေါ်ပါ တယ်....(မှန်ပါ့)။

မြန်မာလို ပြန်လိုက်တော့ မင်္ဂစစ်မဟုတ်ဘဲနဲ့ မင်္ဂစစ်ထင်တာ (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မြန်မာလိုပြန်လိုက်တော့....(မဂ်စစ်မဟုတ်တဲ့နဲ့ မဂ်စစ်ထင်တာ ပါဘုရား)။

မဂ်စစ်မဟုတ်ဘဲနဲ့ မဂ်စစ်ထင်တဲ့ သဘော ဝင်ပါတယ်ကွာ.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒါ ဘာတုံးလို့ မေးလို့ရှိယင်ဖြင့် အတုဘဲ.... (မှန်ပါ့)တကာကြီးလှိုင်....(အတုပါဘုရား)။

အဲဒီ အတုတွေကြောင့် သိက္ခာပုဒ်နည်းတုန်းကတော့ ရဟန္တာ အဖြစ်များတယ်....(မှန်ပါ့)သိက္ခာပုဒ် များလာတဲ့အခါကျတော့ ဒီ အတုတွေ နှိပ်စက်တာနဲ့ဘဲ ဒီ အတုတွေ မခွဲခြားတတ်တာနဲ့ ရဟန္တာ အဖြစ်နည်းသွားတယ်၊ သောတာပန်တောင် မတည် တော့ဘူး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

သောတာပန်တောင်.... (မတည်ပါ ဘုရား)။

ဘာဖြစ်လို့တုံး....ဒီ ဥဒယဗ္ဗယတွင်ဘဲ လမ်းဆုံးတယ်(မှန်ပါ့) ဥဒယဗ္ဗယနဲ့ဘဲ သူ မဂ်ရပြီ၊ ဖိုလ်ရပြီလို့ ထင်ကြလို့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ အတုတွေ ဘာလုပ်ကြရမလဲ....(ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဒီ ဆယ်ခုထဲက တခုခု လာမှာလား....မလာဘူးလား....(လာ ပါတယ်ဘုရား)မလာသေးလဲ မမှန်သေးဘူးတဲ့....(မှန်ပါ့) လာ ပြန်လဲ ဖယ်ရှားတတ်မှ အထက်မဂ် ရမယ်....(မှန်ပါ့)။

မလာယင်လဲ....(မမှန်သေးပါဘုရား) ဥဒယဗ္ဗယ ဖြစ်ပျက်ကို မြင်တယ်ဆို ဒီ ဆယ်ခုထဲက တခုခုတော့ လာရမယ်....(မှန်ပါ့) အကုန်လာတယ်လို့ မဟောဘူးနော်....(မှန်ပါ့)။

တကာကြီးလိုင် အကုန်လာရဲ့လား....( မလာပါဘုရား ) ဘယ်လောက်လာရမလဲ....(တခု လာရပါမယ်ဘုရား)။

တခုလာရမယ်၊ အဲဒီ တခုကိုလဲ ခင်ဗျားတို့က ဖယ်ရှားရမယ် (မှန်ပါ့) ဖယ်ရှားပြီး ဖြစ်ပျက်ဘဲ ပြန်ကောက်....(မှန်ပါ့)။

တကာတကာမတွေ ဘာ ပြန်ကောက်ရမယ်.... (ဖြစ်ပျက်ပြန်ကောက်ရပါမယ်ဘုရား)။

အဲဒီက ပြန်ကောက်လို့ ဖြစ်ပျက်တွေ မြင်လို့ ဟာ....ဒီ ဖြစ်ပျက်တွေ ကိုယ့်အသေ ကိုယ်မြင်လို့ ကိုယ်မုန်းလို့ ဒါ ဒုက္ခသစ္စာဘဲလို့ ဘုန်းကြီးပြောသလို ဆုံးအောင်လိုက်၊ဒါ တရားမှန် (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ကိုတဲ့ အဋ္ဌကထာဆရာက ဥပမာ....ပြတယ်၊ဒီတရားစု ပေါ်လာတဲ့ ဥပမာ....ပြတယ်၊ ဘယ်လို ပြသတုံးဆိုတော့.... တကာတကာမတို့ တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင် ရှိသကွာ-တဲ့....(မှန်ပါ့) တန်ဆောင်မုန်းလမှာ နက္ခတ်ပွဲသဘင် ရှိပါတယ်တဲ့၊ ဒီ ပွဲသဘင်ဆိုတာက ရှေးကတော့ အလှူနှင့်ပျော်ပွဲကြီးပေါ့ မောင်နိုင်....(မှန်ပါ့)။

တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင် ဆိုတာ တကာကြီးလှိုင်-- စာတိုင်းလိုလို ပါတယ်နော်....(မှန်ပါ့)အင်မတန်ကြီးတဲ့ ပျော်ပွဲကြီးမှာဆိုတော့ သား,လင်,ခင်ပွန်းတွေ တွဲပြုပြီးသကာလ သွားကြတယ် ဒီ ပွဲသဘင်ကြီး ရှိသ၍ အဝတ်တွေ အကုန် ဝတ်ဆင်ပြီးသကာလ အပျော်ဆုံးပွဲ ဆိုကြပါစို့....(မှန်ပါ့) ပစ္စည်းပြိုင်ပွဲ ဆိုကြပါစို့....(မှန်ပါ့)။

အဲဒီလိုသွားတဲ့အခါမှာတဲ့ ရက်မတိုင်မီကရွှေတုတ္ထေ့ရောင်းတဲ့ ပုဂ္ဂိုလ်ဟာ ရွှေရေစိမ် ခေါ်တယ်။

ဈေးထဲ သွားတဲ့အခါ ခုနင်က နက္ခတ်ပွဲသဘင် သွားမည့် ပုဂ္ဂိုလ်တွေက ခုနစ်ရက်အတွင်းက သွားပြီးသကာလ ဈေးထဲ တွေ့လို့ ပျော်ရ, ပါးရအောင် ဆိုပြီးသကာလ ဝတ်ရ, စားရ အောင် လက်ဝတ် လက်စား သွားရှာပါတယ်တဲ့....(မှန်ပါ့)။

တကာကြီးလှိုင် ရှာတဲ့အခါကျတော့ ဟိုက ဈေးသည်က ပြောလိုက်တယ်၊ခင်ဗျားတို့ ဒီပွဲကို သွားမယ်ဆိုလို့ရှိယင် ဟောဒီ ရွှေဟာ အတိုးလဲ နည်းပါတယ်၊ ကောင်းသဲ ကောင်းပါတယ်၊ ပွဲသဘင်လဲ တိုးပါတယ်....ဆိုတော့ အမြင်အားဖြင့် ကြိုက်မသွား ဘူးလား....(ကြိုက်ပါတယ်ဘုရား)။

ကိုယ်ကလဲ ပစ္စည်းက နည်းနည်းပါး ရှားမယ် .... ဆိုတော့ အတုမကြိုက်ပေဘူးလား....(ကြိုက်ပါတယ်ဘုရား)။

လောကီ ဥပမာ....ပြောကြပါစို့ ဆိုတော့ ဒီ ဓာတုဗေဒစိန် တွေကို တလက်လက်, တဖျတ်ဖျတ်နဲ့ အောက်အရပ်ဆီမှာ ဝတ် နေကြတဲ့ လူတွေ တပုံကြီး ရှိပါတယ်....(မှန်ပါ့ဘုရား) သူတို့လဲ မီးနဲ့ကျတော့ ဖျတ်ဖျတ်တော့ လာတာဘဲ....(မှန်ပါ့) စိန်စစ် ကလဲ လာတာဘဲ၊ ဓာတုဗေဒကလဲ လာတာဘဲ....(မှန်ပါ့)။

အဲဒီလို အတုတွေက စိန်တုပေါ်လာသလို ဒီမှာလဲတဲ့ တကာ တကာမတို့ ရွှေတုကနေပြီး ခုနင်ကဈေးသည်ကပြောလိုက်တော့ အကုန်ရွှေတုဝယ်ကြတော့မယ်....(မှန်ပါ့) အတိုးကလဲ သက်သာ သေး၊ ပွဲလမ်းသဘင်မှာ ဝင်တဲ့အခါလဲ တိုးသေးတယ်၊ သဘော ပါပလား.... (ပါပါပြီ)။

သူများလိုဘဲ တိုးတာဘဲ၊ အဲဒီ တိုးတဲ့အခါကျတော့ နောက် ဘယ့်နှယ်ဖြစ်ကုန်သတုံးဆိုတော့ ဒီပုဂ္ဂိုလ်တွေကပေ ဒို့ရွှေစစ် တွေဟာ ဘယ်မှာတုံး....တဲ့၊ အရောင် ချင်းလဲ တူသေးတယ်၊

ဈေးလဲ သက်သာချင်းလဲ ကွာသေးတယ်ဆိုပြီးတော့ သူ့ကို မြေ မြှုပ်ကြတယ်၊ ရွှေစစ်ရှိတဲ့လူတွေက (မှန်ပါ့) မမြှုပ်ပေဘူး လား....(မြှုပ်ပါတယ်ဘုရား)။

အရေးထဲ ဓါးပြလာလဲ သူ့ပေးလိုက်၊ ကျေနပ်သွားတာဘဲ၊ အန္တရာယ် ကာကွယ်ပြီးသားလဲ မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

အဲဒီဟာ လွှမ်းမိုးသွားတော့ ရွှေစစ်တွေ မြေထဲရောက်တယ် (မှန်ပါ့)။

ဦးဘကလေး ဘယ်ရောက်သလဲ....(မြေထဲရောက်သွားပါတယ် ဘုရား) မြှုပ်ကြတာပေါ့ဗျာ....(မှန်ပါ့) သဘောကတော့ ဝတ် ချိန်မှ မရှိတော့ဘဲကိုး....(မှန်ပါ့)။

ဒါတွေက လွှမ်းမိုးလာပြီကော၊ အများဝတ်ကုန်ကြပြီကော- (မှန်ပါ့)ရွှေတုဝတ်လို့လဲ အရောင်ကမထူး....(မှန်ပါ့)။

အဲဒီလိုဖြစ်လို့ မြှုပ်သလိုဘဲကွာ....တဲ့၊ ဒီမှာလဲ အထက်မဂ် ဉာဏ်တွေ မြှုပ်သွားတယ်၊ ဒီဆယ်ချက်ကိုမဂ်ထင်လိုက်တဲ့အတွက် ဟိုဟာတွေ မြှုပ်ထွက်သွားတယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဩော်....ဒါဖြင့် ဒီ တကာတကာမတွေကို အရင်းထားပြီး သကာလ ဒီဆရာဘုန်းကြီးက သယ်ယူ ပို့ဆောင်ပြီးသကာလ ဒီနေရာမှာ ခလုတ်ကန်သင်းရှိပါတယ်ဆိုတာ မပြောလို့ရှိယင် ခင်ဗျားတို့ ကျော်တတ်မှာမဟုတ်ဘူး....(မှန်ပါ့) မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

အဲဒီတော့ ခလုတ်ကန်သင်းတွေ အခု ဆယ်ခု ရှိပါတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အရောင်အဆင်းထွက်လာလဲ သူ့ကို မဂ်လို့မထင်လိုက်ပါနဲ့၊ ရှင်းပလား....(ရှင်းပါပြီ) ဉာဏ်ကြည်လာလို့လဲ.... (မဂ်မထင်လိုက်ပါနဲ့)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်ဟာ ဘယ်လိုဘဲ ကြည်ကြည် လင်လင် မြင်မြင် မဂ်တော့မဟုတ်သေးဘူး....(မှန်ပါ့) မဂ်စစ် မဟုတ်သေးဘူးပေါ့လေ.... ဝိပဿနာမဂ်တော့ ဒါဟုတ်ပါတယ်....(မှန်ပါ့)။

နှစ်သက်လာတဲ့ ပီတိကလေး ခန္ဓာကိုယ်ကြီးများ ကြွသွားမတတ် ပေါ့ပါးလိုက်တာ ဆိုရှိနဲ့လဲ ဖြစ်ပျက်မြင်တုန်း ပေါ်တာဘဲ၊ အထင်မကြီးလိုက်ပါနဲ့.... (မှန်ပါ့) တရားတုဘဲ။

ဦးဘကလေး သဘောပါကြလား.... (ပါပါတယ် ဘုရား)။

ပဿဒ္ဓိတဲ့၊ ကိုယ်ငြိမ်းစိတ်ငြိမ်းကလေး သွားရှိနဲ့လဲ.... (မဂ်မထင်ပါနဲ့)ဖြစ်ပျက်မြင်တုန်း ပေါ်လာတာလေ....(မှန်ပါ့ဘုရား) မဂ်တုဘဲဆိုတာ သဘောကျပလား....(ကျပါပြီ) တရားတုပေါ်တာဘဲ....နော်....(မှန်ပါ့)။

သုခတဲ့ ချမ်းသာလိုက်တာ ဘာနဲ့မှမတူဘူး၊ ဖြစ်ပျက်မြင်ပြီးသကာလ ချမ်းသာလုံးကြီး ဝင်လာလိုက်တာဘဲ၊ နည်းနည်းနောနော ချမ်းသာတာမဟုတ်ပါဘူး၊ အင်မတန် ချမ်းသာတာ ဝင်လာတဲ့အခါကျလို့ရှိယင် ဒါမဂ်ရလို့ ချမ်းသာတာဘဲလို့လဲ ထင်ချင်ထင်တတ်တယ်....(မှန်ပါ့)။

ဒါလဲ မောင်နိုင်တို့က ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား) ဖယ်ပစ်၊ ဖြစ်ပျက်ရှုပြီး ဖယ်ပစ်ကြပါ.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အဓိမောက္ခဆိုတာ ဆုံးဖြတ်ချက်ချတာ၊ဩော်....ဒါမှ တရားစစ် တရားမှန်ဘဲဆိုပြီးတော့ ဆုံးဖြတ်ချက် ချတတ်တယ်နော်.... (မှန်ပါ့)။

ဖြစ်ပျက်မြင်ရင်းမတ္တနဲ့ အဓိမောက္ခဆိုတဲ့ သဘောကလေးက ခန္ဓာထဲ ပေါ်လာတယ်....(မှန်ပါ့)။

သူက ဆုံးဖြတ်ချက်ချတယ်၊ အင်း....ဒါဟာ တရားစစ်တရား မှန်ဘဲလို့ ဆုံးဖြတ်ချက်ချတော့ ဘယ်....မောင်နိုင်တို့နိဗ္ဗာန်မှမမြင် သေးဘဲ၊ ဖြစ်ပျက်တွေမြင်တုန်း ပေါ်လာတာကိုး.... (မှန်ပါ့)။

အဲဒီ့ဥစ္စာကိုလဲ ကိုယ်က မဂ်စစ် ထင်ပြီးသကာလ တကာ တကာမတွေက အသုံးချလိုက်မယ် ဆိုလို့ရှိယင် တရားတုက တရားစစ်ဖျက်တော့မှာဘဲ....(မှန်ပါ့) မဖျက်ပေဘူးလား (ဖျက် ပါတယ်ဘုရား)။

ဒါ နောက်တခေါက်ပြန်ပြောတာနော်.... တကာ တကာမ တို့.... (မှန်ပါ့) နောက်တခေါက် ပြန်ပြောတာ။

"ဥပဋ္ဌာနေစ ကမ္မတိ"သတိ တရားကလဲ အယင် သတိမျိုး-မဟုတ်ဘူးတဲ့ မောင်နိုင်.... (မှန်ပါ့) ဖြစ်ပျက် ကလေးတွေနဲ့ ဖျတ်ကနဲ ဖျတ်ကနဲသွားတဲ့ သတိကလေးက လာနေတာဘဲတဲ့.... နော်....(မှန်ပါ့)။

ဩော်....ဒီသတိဟာမဂ်ရလို့ဖြစ်တဲ့သတိမျိုးလို့လဲ မယူလိုက် ပါနဲ့တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဝီရိယကလဲ ရှေးဝီရိယနဲ့မတူဘဲနဲ့ တခါတည်း မြန်မြန်ဆန် ဆန်ရှင်းပြီးသကာလ ဝီရိယတွေက ပိုပြီးသကာလ လာလိုက် တော့ ဩော်....ဒါ....မဂ်နဲ့ယှဉ်တဲ့ ဝီရိယဘဲ၊ ဖြစ်ပျက်တွေ အားထုတ်နေလိုက်ရတာ ရှေးဝီရိယမျိုး မဟုတ်ဘူးနော်....အခုဝီရိယက

အလွန့်ကိုဘဲ မဂ်နဲ့ယှဉ်တဲ့ ဝီရိယထင်ပါရဲ့ ဆိုပြီးသကာလ ဝီရိယ ထောက်ပံ့တာနဲ့လဲ သူ့ကို မဂ်စစ်ထင်ပစ်တတ်တယ်....(မှန်ပါ့)။

ဒါဖြင့် မောင်နိုင်တို့ ဒါလဲ အတုဘဲ... (မှန်ပါ့)။

"တတြမေဇ္ဈတ္တတာ"တဲ့ အို....ဖြစ်ပျက်ကလေးတွေကြည့်ပြီး တခါတည်း ပြစ်မှားခြင်းလဲမရှိ၊ သာယာခြင်းလဲ မရှိဘဲနဲ့သူ့ဟာ သူ ဖြစ်နေတော့ အင်း....ဒါ တတြမေဇ္ဈတ္တတာ....စေတသိက်လို့ ခေါ်တာပေါ့နော်....(မှန်ပါ့)။

အဲဒါကလေးကို တကာတကာမတွေ့က မဂ်စစ်ထင်လိုက်ပြန် လို့ရှိယင်လဲ တရားတုကလာပြီး လွှမ်းမိုးတာဘဲလို့ မှတ်လိုက် ပါ....(မှန်ပါ့) တရားစစ်ပျောက်တယ်၊ သဘောကျပလား(ကျပါ တယ်ဘုရား)။

ပြီးတော့ကော....နှစ်သက်တဲ့တဏှာ၊ ဒါလဲ လာတတ်ပါတယ် တဲ့နော်.... (မှန်ပါ့)။

ဒီဥစ္စာတွေကို တခုခုပေါ်တာကို ကိုယ်က နှစ်သက်လိုက်လို့ ရှိယင်လဲ မောင်နိုင် ဖြစ်ပျက် ဉာဏ်ထဲမှာ တဏှာကဝင်ထိုးပစ် လိုက်တယ်....(မှန်ပါ့)။

တဏှာက ဝင်ထိုးပစ်လိုက်တော့ ဒီတဏှာသဲ တကာတကာ မတွေ့ မဂ်၏ အန္တရာယ်ဘဲ ဆိုတာကော သဘောကျပလား.... (ကျပါပြီ) သူက မဂ်တုလိုလို ဝင်လာတာဘဲနော်....(မှန်ပါ့)။

တရားအားထုတ်ရတာဖြင့် နှစ်သက်လိုက်တာဆိုတဲ့ သဘော ကလေးဟာလဲ တဏှာကဝင်ဖျက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဒီဆယ်ခု လာတိုင်း လာတိုင်း ဂရုမစိုက်ဘဲနဲ့ ကိုယ့်ဖြစ်ပျက် မပျောက်အောင်သတိထား(မှန်ပါ့)သဘောကျပ လား....(ကျပါပြီ)။

ဆယ်ခုလာတိုင်း လာတိုင်း .... ( ဖြစ်ပျက်မပျောက်အောင် နေရပါမယ်ဘုရား)။

အဲဒီ ဖြစ်ပျက်ကနေပြီးမှ သူကဘာလာနေနေ အရောင်ကလာလာ- ပီတိကလာလာ မောင်နိုင်တို့က ဂရုမစိုက်နဲ့ (မှန်ပါ့)ကိုမြင့်တို့က ဂရုမစိုက်နဲ့၊ နောက်က တကာတကာမတွေက ဂရုမစိုက်ပါနဲ့.... ကိုယ့်ဖြစ်ပျက်နဲ့သာ ကိုယ်နေပါ....(မှန်ပါ့)။

အဲဒီ ဖြစ်ပျက်ကနေပြီးမှ တက်ပြီးသကာလ ဉဒယဗ္ဗယအပျက် ချည့်မြင်လဲ ကောင်းသွားလိုက်တာဘဲ၊ ဘယ....ဒါတွေဟာ ဘေး တွေဘဲထင်လဲ ကောင်းတာဘဲ... (မှန်ပါ့) အာဒီနဝ- အပြစ်တွေ ထင်လာယင်ကော(ကောင်းသွားပါတယ်ဘုရား) နိဗ္ဗိန္ဒ ငြီးငွေ့လာယင်ကော.... (ကောင်းပါတယ်ဘုရား)။

ကောင်းတာပါဘဲ....တဲ့၊ နောက်ကျတဲ့ အခါ ကျလို့ရှိယင် သင်္ခါရုပေက္ခာဆိုတော့ ဒါတွေ ဉပေက္ခာထားနိုင်တယ်·(မှန်ပါ့) နောက်ကျတော့ မဂ်နဲ့လျော်တဲ့ အနုလောမ ဉာဏ်တွေပေါ် လာယင်ကော.... (ကောင်းပါတယ်ဘုရား) ကောင်းပါတယ်။

နောက်ကျတော့ဖြစ်ပျက်ဆုံးတဲ့သစ္စာမြင်ပြီးသကာလ ဒါတွေဟာ သစ္စာတွေဘဲဆိုပြီးဆုံးသွားတဲ့အဆုံးမှသာလျှင် တကာကြီးလှိုင် အစစ်တဲ့....(မှန်ပါ့)ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလ ဖျတ်ဆိုချုပ်သွားတဲ့အဆုံးမှသာလျှင် ကိုမြင့် မဂ်စစ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် မဂ်တုက ဘယ်နှစ်ခုပါလိမ့်.... (ဆယ်ခုပါဘုရား)။

အဲဒီ ဆယ်ခုကျော်သွားပြီးမှလဲ မဂ်စစ်တွေ့တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီဥစ္စာ ရှင်မဟာ ကဿပကြီးက မေးတာ၊ မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

တရားတု နှိပ်စက်နေတယ်ဟော့၊ ဒါကြောင့် သိက္ခာပုဒ်နည်းတုန်းကတော့ ရဟန္တာဖြစ်ကြတယ်....(မှန်ပါ့)။

နောက်ကျတော့ တရားတု တွေက နှိပ်စက်ပြီး သကာလလာတော့ အခုပြောတဲ့ဆယ်ချက်က တရားတုတွေ....(မှန်ပါ့)။

ရွှေတုကနေပြီးသကာလ ရွှေစစ်ကွယ်အောင် မလုပ်နိုင်ဘူးလား....မောင်နိုင်....(လုပ်နိုင်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ)။

လုပ်နိုင်တာပေါ့ သူက ဈေးလဲ ပေါသေးတယ်၊ ဝတ်လို့လဲပြောင်ပြောင်လက်လက် ရှိသေးတယ်၊ ပွဲလဲတိုးသေးတယ်၊ သူခိုးခိုးသွားလဲ နှမြောစရာမရှိဘူးဆိုတော့ သူကမလွှမ်းမိုးပေဘူးလား (လွှမ်းမိုးပါတယ်ဘုရား)။

လွှမ်းမိုးတယ်ဆိုတာကော တကာတကာမတွေ ရိပ်မိပလား (ရိပ်မိပါပြီ)

မလွှမ်းမိုးတယ် လွှမ်းမိုးတယ်ဆိုတာ မိုးကုတ်မှာ ပြင်သစ်ကျောက်မှားတာတွေ အများကြီး တွေ့ရတယ်....(မှန်ပါ့)။

ဈေးကလဲချောင် အရောင်ကလဲ ကောင်း အချိန်ကလဲကြီးဆိုတော့ ကိုပေါ....ကျောက်အဟုတ် နားမလည်တဲ့လူနဲ့ကျတော့ချောင်တယ်ထင်ပြီး ယူလိုက်မှာဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား (မှန်ပါ့)။

အဲဒါတွေကို အနောက်နိုင်ငံတွေကပါ သေသေ ချာချာဝတ်ပြီတဲ့ဆိုလို့ရှိယင် ကျုပ်တို့ မိုးကုတ်အစစ်ဟာ ပျောက်ရမယ်-(မှန်ပါ့) မပျောက်ပေဘူးလား....(ပျောက်ပါတယ်ဘုရား)။

မိုးကုတ်က ကျွတ်ကျွတ်စင်စင်မှ မရှိဘဲ.... (မှန်ပါ) စင်စင် ရဘို့ရာ လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

တကာကြီးလှိုင်.... (မလွယ်ပါဘုရား) မလွယ်ပါဘူး၊အလုံး တသောင်း၊ တခုရဘို့ ဘယ့်နှယ်နေကြမလဲ .... ( ခဲယဉ်းပါတယ် ဘုရား )။

ငယ်ယင်ဖြင့် စင်ချင်စင်မယ်၊ နည်းနည်းကြီးလာယင် ဘယ့် နှယ်နေကြသလဲ.... (ခဲယဉ်းပါတယ်ဘုရား)ခဲယဉ်းပါတယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် အခု အတု မနှိပ်စက်သေးခင်တော့ ကျုပ်တို့ ရောင်းနေရလိမ့်ဦးမယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)အတု တကယ်များလွှမ်းမိုးသွားယင် မောင်နိုင်....ဒီကဟာတွေ အကုန် လဲသေဘို့ဘဲ....(မှန်ပါ) ရောင်းစရာအကွက် ရှာနိုင်သေးရဲ့လား (မရှာနိုင်ပါဘုရား)။

မရှာနိုင်သလိုဘဲတဲ့ ဒီမှာ ဗိုင်းဗိုင်းလဲရသလို ဟိုမှာလဲမဂ်ဉာဏ် ဖိုလ်ဉာဏ်မှာ တကာကြီးလှိုင် အတုနှိပ်စက်တာနဲ့ ဗိုင်းဗိုင်းလဲ ရလိမ့်မယ်....(မှန်လှပါ)။

တဘဝထဲ လဲတာလား....ဘဝများစွာလဲသလား(ဘဝများစွာ လဲသွားတာပါဘုရား) မနာဘူးလား.... (နာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ယနေ့ဆုံးမတာ ဘာပါလိမ့်မတုံး လို့မေးတော့ အို....ဒို့ အလုပ်ခွင်မှာ အနှောင့်အရှက်မလာလဲ မဖြစ်ဘူးတဲ့၊ လာပြန်လဲ ဖယ်ရှားသွားတတ်မှဖြစ်တယ်(မှန်ပါ)။

မလာလဲ (မဖြစ်ပါဘုရား)မလာယင်ဥဒယဗ္ဗယဉာဏ်မရောက် သေးဘူး....(မှန်ပါ)။

လာပြန်ယင်ကော.... (ဖယ်ရှားတတ်မှပါ ဘုရား) ဖယ်ရှား တတ်မှ မဖယ်ရှားတတ်လို့ ရှိယင်လဲ ကန့်လန့် တင်နေမယ်.... (မှန်ပါ့) သဘောပါကြလား....(ပါပါပြီ)။

တကာကြီးလှိုင်နေရာကျပလား(ကျပါပြီ)ဒါဖြင့်အဓိဂမပဋိရူပ ကကို ယနေ့ဟောတယ်၊ အဓိဂမ ဆိုတာ မရဘဲနဲ့ ရတယ် ထင်တယ်၊ ပဋိရူပက-က အလားတူက နှိပ်စက်တာ.... (မှန်ပါ့) မရဘဲနဲ့ ရတယ်လို့ အလားတူက နှိပ်စက်တာ....(မှန်ပါ့)။

တကာတကာမတို့ သဘောပါပလား....(ပါပါပြီ ဘုရား)

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရဘဲနဲ့ ရတယ်လို့ အလားတူက ဘာဖြစ်တာတုံး....(နှိပ်စက်ပါတယ်ဘုရား)။

ကဲ....ဒါတွေကျတော့ ဆရာကောင်း, သမားကောင်းနဲ့သာ တကာကြီးလှိုင် ဒီနည်း မကြည့်တတ်လို့ရှိယင် မောင်နိုင် သွားပြီ (မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ ( ဆရာကောင်း, သမားကောင်းနဲ့သာ မတွေ့ယင်သွားပါပြီ ) မသွားသေးဘူးလား.... ( သွားပါပြီဘုရား )။

အဲဒီတော့ ဒါတွေကိုလဲ သိပြီးသကာလ ဘုန်းကြီးတို့ တကာ တကာမတွေက ဩော်....ဒါ မလုပ်ယင် မဖြစ်တဲ့ အလုပ်ဘဲ....၊ မဖယ်ယင် မဖြစ်တဲ့ အလုပ်ဘဲ၊ လာလဲ လာလိမ့်မယ်၊ဖယ်လဲ ဖယ် ရမယ်ဆိုတာ သဘောပါကြလား.... (ပါပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု....

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

( သာသနာတွင်းနှင့် သာသနာပ တရားကွာခြားပုံ )

# ညအလုပ်ပေးတရားတော်

( ၂၀ - ၆ - ၆၁ )

တကာ တကာမတွေ ကိုယ့်ကိုယ် - ကိုယ်အတိုးတန်အောင် **ဝေဘန်တတ်တဲ့** ဉာဏ်ကလေးဟာလဲ အရေးကြီး**တယ်ဆိုတဲ့** ဥစ္စာ မောင်နိုင်တို့ မှတ်ရမယ်နော်....(မှန်ပါ)။

ကိုယ့်ကိုယ် - ကိုယ်အတိုးတန်တာကို သိထားမလဲ ကိုစော မောင် ဝေဘန်တတ်တယ်၊ နို့မဟုတ်လို့ရှိယင်ဖြင့် ကိုယ့်ကိုယ်, ကိုယ်အတိုးတန်တယ်, မတန်တယ် မသိလို့ရှိယင်လဲ ဘုန်းကြီးတို့ **တကာတကာမတွေမှာတဲ့**၊ လုပ်မိလုပ်ရာ, ပြုမိပြုရာ, သွားမိသွား ရာဆိုသလို ဖြစ်ပြီးသကာလ နေတတ်ကြပါ**တယ်**....( မှန်ပါ ) ဒါ့ကြောင့် သာသနာတွင်း, သာသနာပ သိဘို့ အရေးကြီးတယ် ကွာ....တဲ့....(မှန်ပါ)။

မောင်နိုင် ဘာအရေးကြီးသလဲ(သာသနာတွင်း,သာသနာပ သိဘို့ အရေးကြီးပါတယ်ဘုရား)သာသနာတွင်း,သာသနာပသိဘို့ အရေးကြီးသကွ....။

တကာတကာမတို့ သာသနာတွင်းနဲ့ သာသနာပ သိဘို့ အရေးကြီးတယ်....(မှန်ပါ့)။

သာသနာတွင်းနဲ့ သာသနာပဆိုတာ ဘာတုံးလို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့်-တဲ့ သာသနာပမှာ ကမ္မဿကတာ ဉာဏ်နဲ့ လမ်းဆုံးသဟေ့....။

ကိုစောမောင် မှတ်မိပလား....(မှတ်မိပါပြီ) သာသနာပမှာ (ကမ္မဿကတာဉာဏ်နဲ့ လမ်းဆုံးပါတယ်ဘုရား)။

ကမ္မဿကတာဉာဏ်ဆိုတာက ဦးဘရှင်းတို့ မှတ်စရာက ကိုပေါ် တို့ မှတ်စရာက ကောင်းတာ လုပ်တာဘဲကွာ....၊ ကောင်းကျိုး တော့ ပေးရမှာပေါ့၊ ကိုယ်လုပ်လို့ ကိုယ်ရတာပေါ့၊ ဒီလို လှူမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှုတွေပေါ့ဗျာ၊ ကိုယ်လုပ်ယင် ကိုယ်ရတယ် လို့ ကိုဝတို့ ထင်တာတွေ....(မှန်ပါ့)။

ဒါနလုပ်လဲ ကိုယ်လုပ် ကိုယ်ရတာပေါ့ကွ၊သီလ ဆောက်တည် လဲ ကိုယ်လုပ် ကိုယ်ရတာပေါ့ကွ၊ ဒါတွေကတော့ကိုတဲ့ ကမ္မဿ ကတာဉာဏ်လို့ တကာကြီးလှိုင် မှတ်စမ်း... (မှန်ပါ့ဘုရား)။

အဲဒါက သာသနာပ တရားတွေကွ....(မှန်ပါ့)။

ကိုဝ ဘာတရားတဲ့တုံး....(သာသနာပ တရားပါဘုရား)။

သာသနာပ တရားတွေလို့ တကာတကာမတွေက မှတ်ထား လိုက်စမ်းပါ၊ ကိုယ်လုပ် ကိုယ်ရတယ်လို့ ဆိုပြီးသကာလ လှူကြ၊ ပေးကြ၊ကမ်းကြတာကနော်....(မှန်ပါ့)။

နို့....သူလုပ် သူ မရဘူးလားလို့ မေးတော့လဲ.... ရတယ်၊ သို့သော်လဲ....တဲ့ ငါဘုရား သေသေချာချာ ဟောမယ်....၊ဒါ သာသနာပ တရားတွေကွတဲ့... ။

ဦးဘရှင်း ဘာတဲ့တုံး....(သာသနာပ တရားပါဘုရား)။

ငါကိုယ်တိုင် ဝေလာမ ပုဏ္ဏားကြီး ဖြစ်ပြီးသကာလ ရွှေခွက် ပေါင်း ရှစ်သောင်း လေးထောင်ထဲ ငွေအပြည့်တည့်ပြီးသကာလ မလှူဘူးတဲ့ အလှူမရှိအောင် ရှစ်သောင်း လေးထောင်အလှူ လှူဘူး ပါတယ်....ကွာတဲ့....( မှန်ပါ့ဘုရား )သာသနာပမှာ လှူဘူးပါ တယ်....တဲ့။

အဲဒါဟာ ကမ္မဿကတာဉာဏ်နဲ့ ဘဲ လမ်းဆုံးနေပါတယ်တဲ့။

ဘယ့်နှယ်ကြောင့် ကမ္မဿကတာဉာဏ်နဲ့ လမ်းဆုံးနေပါလိမ့် မတုံးဆိုတော့ ကိုဝတို့ ကိုပေါ်တို့က မှတ်၊ လက္ခဏာရေးသုံးပါး မပါဘူးတဲ့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်-ဒါဖြင့် ကိုစောမောင် ကမ္မဿကတာဉာဏ်က ခင်ဗျား တို့ဘဲ လှူတန်း ပေးကမ်းလာတာဘဲ၊ လက္ခဏာရေးသုံးပါး ပါ သေးသလား....(မပါပါဘုရား)။

လက္ခဏာရေး သုံးပါးကကွာ...တဲ့....သာသနာတွင်းမှ ပေါ် သကွ....တဲ့၊ စာလိုသုံးတော့ သစ္စာနုလောမိက ဉာဏ်ဘဲ(မှန်ပါ့ ဘုရား)။

စာလိုသုံးတော့... (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

သစ္စက-သစ္စာ၊ အနုလောမိက က - လျှော်တာ၊ သစ္စာကို ကျေးဇူးပြုမည့်ဉာဏ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သာသနာပမှာ ကိုစောမောင် ကမ္မဿကတာဉာဏ်မှာ လမ်း ဆုံးတယ်(မှန်ပါ့) သာသနာတွင်း တရားကတော့ သစ္စာနုလော မိက ဉာဏ်မှ သာသနာတွင်းတရားလို့ မှတ်လိုက်ပါ....(မှန်ပါ့ ဘုရား)။

ဒါ သေသေချာချာ မှတ်မှနော်....(မှန်ပါ့) သေသေချာချာ မှတ်ပါ ခင်ဗျားတို့။

ကမ္မဿကတာဉာဏ်ကတော့ ကိုစောမောင် ဘာတဲ့....(သာသနာပတရားပါ ဘုရား ) သစ္စာနုလောမိက ဉာဏ်ကတော့ .... (သာသနာတွင်းတရားပါ ဘုရား)။

ကဲ....ဒါဖြင့်ဘုန်းကြီး နေ့တိုင်း ဆုံးမပြီးသကာလ ကိုဝတို့.... ကိုပေါ်တို့ကို ဆုံးမပြီးတော့ နေတာ ခန္ဓာကိုယ်ထဲမှာဟော့.... ဖြစ်မှု ပျက်မှုဆိုတဲ့ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ ရှိတယ်ကွာ....၊ ဒါကလေးဖြင့် သမာဓိ တည်းဟူသော ခြံကို အောင်းပြီးသကာလ ဉာဏ်တည်းဟူသော ကျားနဲ့ ချောင်းဖမ်းစမ်းပါဆိုတာ မနေ့ကဘဲ ပြောခဲ့ပါတယ်....(မှန်ပါ့ ဘုရား)။

ဒါက ဘာဉာဏ်ပါလိမ့်မတုံး.... ( သစ္စာနုလောမိက ဉာဏ်ပါ ဘုရား) ဒါ သာသနာတွင်း တရား....(မှန်ပါ့)။

မောင်နိုင် ရှင်းသွားပလား....(ရှင်းသွားပါပြီ ဘုရား)။

ခုနင်က ဝိပဿနာအလုပ်က တိုတိုပြောကြပါစို့ ဝိပဿနာ အလုပ်က ဘာတရားပါလိမ့်.... ( သစ္စာနုလောမိက တရားပါ ဘုရား ) သာသနာတွင်းတရား။

တကာ တကာမတို့ ဝိပဿနာအလုပ်က....( သာသနာတွင်း တရားပါဘုရား) ကမ္မဿကတာ ဉာဏ်အလုပ်က....(သာသနာပ တရားပါဘုရား)သာသနာပ တရားဆိုတာကော သေချာပလား (သေချာပါပြီဘုရား)။

ကောင်းပြီတဲ့ သာသနာတွင်းနဲ့ သာသနာပ ဘာထူးခြား သတုံးဆိုတော့ လက္ခဏာရေးသုံးပါး မပါတာနဲ့ ပါတာ ထူး တယ်....(မှန်ပါ့)။

ထူးကြပလား တကာတကာမတို့....(ထူးပါတယ်ဘုရား)လက္ခဏာရေးသုံးပါး ပါတာနဲ့....(မပါတာ ထူးပါတယ်ဘုရား)မပါ

တာ ထူးတယ်ဆိုတော့ ဩော်....သာသနာပမှာ လက္ခဏာရေး သုံးပါးဆိုတာ သစ္စာနုလောမိကဉာဏ် ကိုဝ ကွယ်ပြီး....( မှန်ပါ့ ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သာသနာတွင်းကျတော့ သစ္စာနုလောမိကဉာဏ် ပေါ်လာ တယ်....(မှန်ပါ့)။

သစ္စာမသိဘဲနဲ့ဘယ်သူမှ သောတာပန်သကဒါဂါမ်အနာဂါမ် တည်ပြီး နိဗ္ဗာန်မြင်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါ့မလား....( မရှိပါ ဘုရား)။

မရှိနိုင်တော့ကို တကာ တကာမတွေက လေးလေး စားစား မှတ်ရမှာက ဒို့ဟာ ကိုယ့်အနေအထိုင် ကိုယ်ကြည့်လိုက်ပါ၊ သာ သနာတော့ဖြင့် ရှိနေတာ သူ့ဟာသူ ရှိနေတာဘဲ၊ ငါ့စိတ်ထား, ငါနေပုံ, ငါ့ အလုပ်တွေက သာသနာတွင်း အလုပ်ဘဲလား.... သာသနာပ အလုပ်ဘဲလားဆိုတာ ကိုယ့်ဟာ ကိုယ်ဝေဘန်နိုင် ဘို့ကို စ,ပြီး ပြောပါတယ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ကိုဝ နေရာကျပြီနော်....(ကျပါပြီ)ဒါ မဝေဘန်သင့်ဘူးလား (ဝေဘန်သင့်ပါတယ်ဘုရား) ဝေဘန်ရမယ်တဲ့....ဘုရားက....။

ဝေဘန်လိုက်တဲ့အခါကျတော့ သာသနာပ တရားကက္ခာ တဲ့ အတ္တဒိဋ္ဌိ ပရာမာသကတ္တာ....တဲ့၊ ဒိဋ္ဌိ မပြုတ်ဘူးဟေ့....တဲ့(မှန်ပါ့ ဘုရား)။

မောင်နိုင် ကမ္မဿကတာဉာဏ်က....(ဒိဋ္ဌိမပြုတ်ပါဘုရား)ဒိဋ္ဌိ မပြုတ်ဘူး။

ဒါဖြင့် တကာတကာမတို့ ကမ္မဿကတာဉာဏ်ဆိုတဲ့လှူမှု, တန်းမှု, ပေးမှု,ကမ်းမှု ငါလုပ်ယင် ငါ ရတယ်ဆိုပြီးယုံကြည်ပြီး

သကာလခင်ဗျားတို့က ကံ၏ အကျိုးကိုယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုတဲ့စကားဟာက ကိုစောမောင် ဘာကို ဆိုတာထင်သတုံး(သာသနာပတရားပါဘုရား) ကမ္မဿကတာဉာဏ်ကို ဆိုတယ်....(မှန်ပါ့ဘုရား)။

ကံ ကံ၏ အကျိုးကို ယုံကြည်ပါကုန်သည် ဖြစ်၍....ဆိုပြီး သကာလ ခင်ဗျားတို့... ကြားနေတဲ့ တရားသံတွေက ဘာတရားတုံး....ဆိုလို့ ရှိယင် ကိုစောမောင် ရိပ်မိပလား....( ရိပ်မိပါပြီ ) ဘာပါလိမ့်....(ကမ္မဿကတာ ဉာဏ်ပါဘုရား)။

ဒါဖြင့် သူဟာ သာသနာတွင်းလား သာသနာ့ပလား(သာသနာပပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဘာ့ကြောင့် သူ့ကိုသာသနာပလို့ သုံးရပါလိမ့်မတုံးဆိုတော့ အတ္တဒိဋ္ဌိပရာမာသကတ္တာ....တဲ့ ငါလုပ် ငါရတယ်လို့ သူ့အထဲမှာ ငါမစွန့်ဘူးကွ....တဲ့... (မှန်ပါ့)စွန့်သေးရဲ့လား.... (မစွန့်ပါဘုရား)။

မစွန့်တော့ ဒိဋ္ဌိခံနေတယ်ကွာ... တဲ့.... ဒါကြောင့် နိဗ္ဗာန်မရဘူး....(မှန်ပါ့) သာသနာပတရားဖြစ်သွားပြီ (မှန်ပါ့) ငါလုပ်ယင် ငါရတယ်လို့ သူယူထားတာကိုး....(မှန်ပါ့)။

နို့....ယုံကြည်ပါကုန်သည်ဖြစ်၍ဆိုယင် ကိုယ်လုပ်ယင် ကိုယ်ရတယ်လို့ ယုံကြည်ပါကုန်သည် ဖြစ်၍ဘဲ၊ ကိုစောမောင်ရဲ့....(မှန်ပါ့) မယုံကြည်ဘူးလား.... (ယုံကြည်ပါတယ်ဘုရား)။

ယုံကြည်တော့ ကိုယ်လုပ်ယင် ဘာတဲ့တုံး.... (ကိုယ်ရပါတယ်ဘုရား)။

ဒါဖြင့် ကဲ....ဦးဘရှင်းတို့ကလဲ ဩော်.... ဒီဥစ္စာ ငါပြုတ် မပြုတ်.... (မပြုတ်ပါဘုရား) မပြုတ်ယင် အတ္တဒိဋ္ဌိပါ....မပါ.... (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာသည် သာသနာပတရား ဖြစ်နေသောကြောင့် အတ္တဒိဋ္ဌိ မပြုတ်တဲ့အတွက် ကိုဝ နိဗ္ဗာန်မရနိုင်ဘူး(မှန်ပါ)သုဂတိ တော့ဖြင့်....(ရပါတယ်ဘုရား) မှတ်မိကြပလား....(မှတ်မိပါပြီ)။

ဩော် .. ဒီဥစ္စာလဲ ဝေဘန် ဟောမည့်လူ မရှိလို့ ရှိယင်ဖြင့် ကိုစောမောင် သွားပြီ... (သွားပါပြီ)။

သာသနာတွင်းတရားဆိုတာကတော့ကိုတဲ့ သစ္စာနုလောမိက ဉာဏ်ရမှ၊ သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာတုံးလို့ မေးတဲ့ အခါကျတော့မှ တကာ့တကာမတို့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဥစ္စာ မှတ်လိုက်စမ်းပါ၊ဒီဥစ္စာသည် အနိစ္စလဲ ဒုက္ခသစ္စာ၊အနတ္တလဲ ဒုက္ခသစ္စာ၊ ဒုက္ခလဲ ဒုက္ခသစ္စာဘဲ၊သူတို့က ပွားများလိုက်တဲ့အခါ ကျတော့ ကိုစောမောင် အထက်တက်ပြီး တကယ့်သစ္စာအစစ်ကို မသိဘူးလား.... (သိပါတယ်ဘုရား)။

သူကတော့ တကယ်အသိနဲ့မဂ်ဉာဏ်အသိနဲ့ သွားပြီး မဂ်ဉာဏ် သိကို ကျုပ်တို့ လက္ခဏာရေးသုံးပါး သိတဲ့ဉာဏ်က သွားပြီး ကျေးဇူးမပြုလိုက်ဘူးလား....(ပြုလိုက်ပါတယ်ဘုရား)။

ပြုလိုက်တော့ သူကတော့ သစ္စာသိတဲ့ ဉာဏ်ကို သွားပြီး ကျေးဇူး ပြုသောကြောင့် သစ္စာနဲ့ လျော်သောကြောင့်သစ္စာ နုလောမိကဉာဏ်....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

သစ္စာနုလောမိကဉာဏ် ဆိုတာသည် ခင်ဗျားတို့ အခုလုပ် ခိုင်းနေတဲ့ ဖြစ်ပျက်အလုပ်ဟာ ကိုစောမောင် ဘာထင်သတုံး.... (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

တခါ လုပ်ထားတဲ့အခါကျတော့ ဉာဏ်အတိုင်းတက်သွားမယ်ဆိုလို့ရှိယင် ဖြစ်ပျက်တွေ မြင်လို့ ဖြစ်ပျက်တွေ မုန်းလို့ ဖြစ်ပျက်တွေသည်ကားလို့ဆိုယင် ဒုက္ခသစ္စာအစစ်ဘဲ ဆိုတဲ့ဆီကျအောင် ဉာဏ်ကမတက်ပေဘူးလား.... (တက်ပါတယ်ဘုရား) ဒါဖြင့် လက္ခဏာရေးသုံးပါးက သစ္စာကျေးဇူးပြုတယ်(မှန်ပါ)။

ဦးဘကလေးဘာတဲ့တုံး....(သစ္စာကျေးဇူးပြုပါတယ်ဘုရား)။

သစ္စာကို ကျေးဇူးပြုသောကြောင့် လက္ခဏာရေး သုံးပါးက တော့ကိုတဲ့ သစ္စာကျေးဇူးပြုသောကြောင့်....(မှန်ပါ)သစ္စာကျေးဇူးပြုလိုက်ယင်လဲ ဒီ သစ္စာကို မှန်မှန် ကန်ကန် သိသွားတော့ ဦးဘရှင်းတို့က ငါ့ဟာလို့ လုပ်ချင်သေးရဲ့လား....(မလုပ်ချင်ပါဘုရား)။

မလုပ်ချင်တော့ သူက ငါပြုတ်တယ်ဟေ့....(မှန်ပါ)။

ကိုဝ....ဘာတဲ့....(ငါပြုတ်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကြီးကို ဒုက္ခသစ္စာလို့ ဖြစ်တာ ပျက်တာကလေးတွေ ဒုက္ခသစ္စာ၊ ဖြစ်ပျက်ကလေးတွေသည်ကားလို့ဆိုယင်အနိစ္စ ဒုက္ခ အနတ္တဆိုတာလဲ စင်စစ်တော့ဖြင့် ဒုက္ခသစ္စာဘဲဆိုတဲ့ဆီ ဉာဏ်က မရောက်ပေဘူးလား.... (ရောက်ပါတယ် ဘုရား)။

ရောက်တော့ ငါရချင်တယ်ဆိုတဲ့ ဒိဋ္ဌိဝင်ပေါက်ပေးသေးရဲ့လား....(မပေးပါဘုရား)။

မပေးတော့ လက္ခဏာရေးသုံးပါးသည် တကာ တကာမတို့ မှတ်လိုက်စမ်းပါတဲ့ တကယ့် ဒုက္ခသစ္စာအစစ်ကို ကျေးဇူးပြုတဲ့ တရား....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

လက္ခဏာရေးသုံးပါးသည်.... (တကယ့်ဒုက္ခအစစ်ကိုကျေးဇူးပြုတဲ့တရားပါဘုရား)။

ဒါဖြင့် တကယ့် ဒုက္ခသစ္စာအစစ်ကို ကျေးဇူးပြုလိုက်တော့ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိယင်မဂ်ရတာဘဲ.... (မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် လက္ခဏာရေးသုံးပါးသည် သစ္စာနုလောမိကဉာဏ် လို့ ဦးဘရှင်းကမှတ်လိုက်ပါ....(မှန်ပါ့)။

ခင်ဗျားတို့လုပ်နေတာ နေ့တိုင်း တနေ့ တနာရီထိုင်ထိုင် နှစ်နာရီထိုင်ထိုင် ကိုယ့်အခန်းထဲ ကိုယ်လုပ်နေတာ ဘယ်ဉာဏ်ရ အောင် လုပ်နေကြတာပါလိမ့်မတုံး.... (သစ္စာနုလောမိကဉာဏ် ရအောင် လုပ်နေကြတာပါဘုရား)။

ဒီ.... သစ္စာနုလောမိကဉာဏ်ကို ရအောင် လုပ်နေတော့ ဒီအ တိုင်း ပွားများသွားလို့ရှိယင်ဖြင့် သစ္စဉာဏ်ကော မရောက်ပေ ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဩော်....ဒါကဖြင့် ငါတပ်လို့လဲမရ၊ ကိုစောမောင်(မှန်ပါ့) ဒီသစ္စာသိသွားတော့ အနိစ္စကို ဘယ်သူလိုချင်သေးသတုံး (ဘယ် သူမှ မလိုချင်ပါဘုရား) အနိစ္စကို ငါ့ဟာ ဘယ်သူ လုပ်ချင်သေး သတုံး.... (မလုပ်ချင်ပါဘုရား)မလုပ်ချင်တာတွေ ထောက်ကြည့် လိုက်တော့မှ သူက အတ္တဒိဋ္ဌိပြုတ်သည်....(မှန်ပါ့)။

ကမ္မဿကတာ ဉာဏ်ကတော့ ငါလုပ်ယင် ငါရမှာဘဲဆိုပြီး သကာလ ငါစွဲက ကိုစောမောင် ပျောက်ကဲ့လား....(မပျောက် ပါဘုရား) ဒါဖြင့် သူက အတ္တဒိဋ္ဌိ မကွာနိုင်ဘူး.... (မှန်ပါ့) ကမ္မဿကတာ ဉာဏ်က....(အတ္တဒိဋ္ဌိမကွာနိုင်ပါဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန် မရောက်ဘူး၊ အတ္တဒိဋ္ဌိ မကွာနိုင်လို့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကမ္မဿကတာ ဉာဏ်က.... (အတ္တဒိဋ္ဌိမပြုတ်ပါဘုရား)အတ္တဒိဋ္ဌိ မပြုတ်တဲ့အတွက်.... (နိဗ္ဗာန်မရောက်နိုင်ပါဘုရား)။

နိဗ္ဗာန် ကန့်ကွက်တယ်လို့ မောင်နိုင်တို့ကို နေ့တိုင်းဟောနေတာအဲ၊ ပဋ္ဌမမဂ် ကန့်ကွက်တာ ဒိဋ္ဌိ....(မှန်ပါ့ဘုရား)။

ပဋ္ဌမမဂ် ကန့်ကွက်တာ.... (ဒိဋ္ဌိပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ပဋ္ဌမမဂ် ကန့်ကွက်တာ (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိနော်၊ ငါလုပ်ယင် ငါရတယ်ဆိုတဲ့ဒိဋ္ဌိ ရုပ်နာမ်ကို ငါထင်တဲ့ဒိဋ္ဌိ၊ ဒါတွေသည်ကားလို့ဆိုယင် တကာတကာမတို့ ကမ္မဿကတာဉာဏ်က ဘယ်နည်းနဲ့မှ မပယ်နိုင်ဘူး....(မှန်ပါ့)။

ကိုစောမောင် ပယ်နိုင်ရဲ့လား.... (မပယ်နိုင်ပါဘုရား)မပယ်နိုင်တော့ သူဟာဒိဋ္ဌိနဲ့တွဲမနေဘူးလား.... (တွဲနေပါတယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိနဲ့တွဲတဲ့ဒါန ဒိဋ္ဌိနဲ့တွဲတဲ့သီလ ဟူသရွေ့သည် နိဗ္ဗာန်ရောက်ပါ့မလေးဆိုတော့ သူတွဲထားတာက မရောက်တဲ့တရားနဲ့တွဲထားတယ်....(မှန်ပါ့)။

ဒါ့ကြောင့် နိဗ္ဗာန်ရောက်အောင်မပို့ဘဲနဲ့ သုဂတိနဲ့ဘဲ ပြန်နစ်ကြရတယ် .. (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

နိဗ္ဗာန်ရောက်အောင် မပို့ဘဲနဲ့.... (သုဂတိနဲ့ဘဲပြန်နစ်ကြရပါတယ်ဘုရား)။

သုဂတိနဲ့ဘဲ ပြန်နစ်ကြရတယ် ဆိုတာကတော့ ဒါ့ကြောင့်ဘုရားက သာသနာပဆိုတာ.... (မှန်ပါ့) မပြောသင့်ဘူးလား.... (ပြောသင့်ပါတယ်ဘုရား)။

ကဲ....ဘုရားဟောတော်မူတာ တကာ တကာမတို့ ကောင်းကောင်းယုံပလား....(ယုံပါပြီ)။

အဲဒီတော့ဘုန်းကြီးခဏခဏပြောနေတယ်လို့လဲကိုစောမောင်က မကဲ့ရဲ့ပါနဲ့နော်....(မှန်ပါ) ကျုပ် ဘာလိုသေးသတုံး....ဆိုတဲ့ လူနဲ့နော် အကွာကြီး....(ကွာပါတယ်ဘုရား)။

ဦးဘရှင်း ဘယ့်နှယ်နေသတုံး.... (ကွာပါတယ်ဘုရား)။

ကျုပ်က ဘာလိုသေးသတုံးဆိုတဲ့လူက သူလက်ညှိုးထိုးတာ ကြည့်လိုက်ယင် ကမ္မဿကတာဉာဏ်ချည့် ထိုးတာဘဲ... (မှန်ပါ)။

သူ လုပ်ထားတာတွေက ကျောင်းကန်ဘုရား၊ ဘာတွေလက်ညှိုးထိုးပြောနေသတုံး....ဆိုယင် ကိုဝ ရိပ်မိပါပြီ... (ရိပ်မိပါပြီဘုရား)။

သူဘာလိုသေးသတုံး မေးတဲ့ဥစ္စာသည် ရေတွင်းပါပြီ၊ရေကန်ပါပြီ၊ ရဟန်းခံပြီးပြီ၊ ရှင်ပြုပြီးပြီ၊ ဘာလိုသေးသတုံး ဆိုတဲ့ဥစ္စာ ပြောတာသည် ဒါတွေကို သူလက်ညှိုးညွှန်ပြတာဘဲ....(မှန်ပါ) ဘာဉာဏ်တွေပါလိမ့် (ကမ္မဿကတာဉာဏ်တွေပါ ဘုရား)ဒီဥစ္စာ ပြုတ်ပါရဲ့လား....(မပြုတ်ပါဘုရား)။

မပြုတ်လို့ရှိယင်ဖြင့် သူလိုနေတာ ကိုစောမောင် မသိဘူး၊ သူလိုနေတာ သူမသိလို့ပြောတာ.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

သူလိုနေတာ...(သူမသိလို့ ပြောဘာပါဘုရား) သူမသိလို့ ပြောတာဆိုတော့ ဘုရားက ခွဲချလိုက်တော့ သာသနာတွင်းလား သာသနာပလားဟော့.... (သာသနာပပါ ဘုရား) ပေါ်ကြပြီ.... (ပေါ်ပါပြီ) သာသနာ့တရားဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် သာသနာတွင်းဖြစ်အောင် ကျုပ်တို့ ဘယ်လို လုပ်မတုံးဆိုတော့ ခန္ဓာဉာဏ် ရောက်ရမယ်... (မှန်ပါ)။

သာသနာတွင်းဖြစ်အောင်ခန္ဓာဉာဏ်(ရောက်ရပါမယ်ဘုရား) ခန္ဓာဉာဏ်ရောက်ရမယ်နော်၊ ခန္ဓာဉာဏ် ရောက်တဲ့အခါကျလို့ ရှုယင်ဖြင့်....တဲ့ ခန္ဓာက ပြောတယ်၊ခန္ဓာက....ကျုပ်သည် ဖြစ်ပြီး ပျက်တဲ့အနိစ္စပါဘဲ၊ ကိုပေါ် မပြောဘူးလား.... (ပြောပါတယ် ဘုရား)။

အဲဒါကလေး ကိုဝတို့က ဉာဏ်ကလေးနဲ့စောင့်ကြည့်လိုက်တဲ့ အခါကျတော့ ဩော်... ငါ့ဟာ မဟုတ်ကြောင်း ထင်ရှားလိုက်တာ....(မှန်ပါ့) ကိုဝ ငါပြုတ်ပြီ....(မှန်ပါ့)။

ကိုစောမောင်....(ငါပြုတ်ပါတယ် ဘုရား) ငါ့ဟာ မဟုတ်ကြောင်း....(ထင်ရှားပါတယ်ဘုရား)။

ကဲ....သာသနာတွင်းကျတော့ ငါပြုတ်တယ်....(မှန်ပါ့)သာသနာတွင်းကျတော့ တကာတကာမတို့....(ငါပြုတ်ပါတယ်ဘုရား)။

ငါပြုတ်သွားတော့ ငါဆိုတာ သက္ကာယဒိဋ္ဌိ....(မှန်ပါ့) အဲဒီ သက္ကာယဒိဋ္ဌိ ပြုတ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီဖြစ်ပျက်ဆိုတဲ့ လက္ခဏာရေးသုံးပါးသည် တကာတကာမတို့ သစ္စာသိအောင် ချော်အောင် ကျေးဇူး ပြုပါရဲ့လားလို့မေးယင် ဘယ်နှယ်ဖြေကြမလဲ....(ကျေးဇူး ပြုပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမယ်....(မှန်ပါ့) သစ္စာမြင်ယင် နိဗ္ဗာန်ရတာကိုး....(မှန်ပါ့) ကိုပေါ်....ရှင်းပလား....(ရှင်းပါပြီ)။

နောက်က တကာတကာမတွေ ရင်းနှီးသူတွေမို့ ပြောနေတယ်၊ အေးဇက်စက်နဲ့ တရားကိုမနာပါနဲ့.... (မှန်ပါ့) မှတ်မှတ်သားသားကလေးနဲ့ လုပ်ကြပါဆိုတာကိုလဲ သတိပေးရတယ်....(မှန်ပါ့)။

နို့ မ ဟုတ် ယင် ကျုပ်တို့တော့ သာ သ နာ တွင်းကြုံလို့ ကံကောင်းလိုက်တာတဲ့....(မှန်ပါ့) သာသနာတွင်းလာပြီးလူဖြစ် ရတော့ ကိုဝ အခြောက်ကြွား, ကြွားနေတာ ရှိသေးတယ်.... (မှန်ပါ့)။

သူ လုပ်နေတဲ့ အလုပ်က ဘာအလုပ်တုံး(သာသနာပ အလုပ် ပါဘုရား)အင်း....သူက အခြောက်ကြွားပေါ့ ဒါဖြင့်....(မှန်ပါ့)။

ဦးဘရှင်း ဒီလို ပုဂ္ဂိုလ်တွေကော ခင်ဗျားတို့ လူထဲရှောက်ရှာ တော့ မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

သူက ကျုပ်တို့ သာသနာတွင်းကြုံလို့ ဝမ်းသာတယ်၊ သာ သနာ နှစ်ထောင့်ငါးရာကျော်မှ မွေးငြားသော်လဲ သာသနာ တွင်း လူဖြစ်ရတယ်ဆိုတော့ တော်-တော်သေးရဲ့ဗျာတဲ့၊ ကိုစော မောင် လာချင် လာပစ်လိုက်မယ်....(မှန်ပါ့)။

သို့သော် သူ လုပ်နေတဲ့ အလုပ်တွေ ဦးဘရှင်းက ဖြစ်စေ-ကိုဝ တို့က ဖြစ်စေ ဉာဏ်နဲ့ ဇဝေဘာန်လိုက်တော့ ကမ္မဿကတာဉာဏ် လောက် သူ လုပ်နေတာ....(မှန်ပါ့) သစ္စာနုလောမိက ဉာဏ်ကို (မလုပ်ပါဘုရား)။

မလုပ်တော့ သူဟာတဲ့....တကာ တကာမတွေ့ သာသနာတွင်း သားဘဲလား .... သာသနာပသားဘဲလား....(သာသနာပသားပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သာသနာဆိုတဲ့ ဥစ္စာသည် အလုပ်ပေါ်မှာ မှီပါ တယ်....(မှန်ပါ့)။

သာသနာဆိုတာသည်(အလုပ်ပေါ်မှာမှီပါတယ်ဘုရား)အလုပ် ပေါ်မှာ မှီတယ်ဆိုတာတော့ ယနေ့ ရှင်းကြပါပြီ....(မှန်ပါ့)။

ဒါကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာက "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ" ဆိုတဲ့ ဥစ္စာဟာကွာတဲ့သာသနာတွင်းမှ ပေါ်လာတဲ့ တရားပါ....(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ရုပ်ဟာ နိစ္စလား....အနိစ္စလားလို့ .... ဘုရားသခင်ကိုယ်တော်မြတ်ကြီး မေး-မေးနေတာဟာ ကိုစောမောင်တို့က ဘယ်လို ဆိုလေ့ ရှိသတုံး....(အနိစ္စပါဘုရား)။

အင်း .. အနိစ္စဖြစ်တဲ့ တရားဟာ ဒုက္ခလား....သုခလား ဆိုတာကော....(ဒုက္ခပါဘုရား)။

အဲဒီ အနိစ္စ ဒုက္ခဖြစ်တဲ့ တရားဟာ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား....(မဆိုနိုင်ပါဘုရား)အနတ္တပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒါက ကိုဝတို့လဲ ကြားဘူးပြီ၊ ဘုရားက မေးတော့မှ သိပြီးသား ရဟန်းတွေက ဖြေကြတာ....(မှန်ပါ့)ဒီ့ပြင် အခါမှာ ဒီလိုမေးလို့ ဒီလိုဖြေမည့်သူ မောင်နိုင်က အကဲခတ်စမ်း....( မရှိပါဘုရား )ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သာသနာတွင်းတရားက ဒါပါကလား....(မှန်ပါ့)။

နောက်က တကာတကာမတွေ....(သာသနာတွင်း တရားက ဒါပါဘုရား)။

သာသနာတွင်းတရားက "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ" "ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါတံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ"....ရဟန်းတွေက ဖြေကြတယ်....(မှန်ပါ့) "ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နုတံ သမနု ပဿိတုံ၊ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာတိ၊ နော ဟေတံဘန္တေ"၊ ဒါဟာလဲ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ပါဘူး ဘုရာ့....၊

အနတ္တ ဒုက္ခတရားတွေဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ စွဲစရာ မရှိပါဘူးလို့ဆိုပြီး ရုပ်နာမ်မြင်တဲ့ သဘောတွေ မပြောဘူးလား ....(ပြောပါတယ်ဘုရား)။

အဲဒါပြောတော့ကို ဒီအမေးနဲ့ ဒီအဖြေသည် ကိုစောမောင် ဘုရားမပွင့်ခင် ကတည်းက ရှိခဲ့တာလား....ဘုရားပွင့်မှ ရှိလာတာ လား (ဘုရားပွင့်မှ ရှိတာပါဘုရား)။

ဒါဖြင့် ကျုပ်တို့က ဒီအလုပ်ကို အနိစ္စ ဘာ့ွေလို့ ကိုယ့်အနိစ္စ ကို ဟုတ်ပါပေတယ်လို့မှ မလိုက်နိုင်သေးလို့ရှိယင် ကျုပ်တို့ သည် သာသနာပသား ...(မှန်ပါ့ဘုရား)။

ကိုယ့်အနိစ္စကို ကိုယ့်ဉာဏ်နဲ့ ဟုတ်ပါပေသားလို့ မလိုက်နိုင် သေးယင်....(သာသနာပသားပါဘုရား) ပေါ်ပလား.... (ပေါ် ပါပြီ ဘုရား)။

ဟုတ်ပါပေတယ်လို့ လိုက်နိုင်ယင်....(သာသနာတွင်းသားပါ ဘုရား )။

အင်မတန် ကြားရခဲတဲ့ သဘောပါကလား....ဦးလှိုင်တို့-ဟင် (မှန်ပါ့) အင်မတန် ကြားရခဲတယ်ဆိုတာ ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ကိုယ့်ကိုယ်ကို တကာ တကာမတွေက အင်း....ဟင်....သာ သနာတွင်းမို့ လူ့ရ၊ တန်းရပေမဲ့လဲ သာသနာတွင်း လူ့ရ၊ တန်းရတော့ တယ်ပြီး အကျိုးများတယ်။

ဟုတ်တယ်ဘဲ အကျိုးတော့ များတယ်၊ နိဗ္ဗာန် မရဘူး.... (မှန်ပါ့)သူ တည့်ဦးမှ၊ ရှင်းပလား....တကာ တကာမတို့ (မှန်ပါ့) သူ တည့်ဦးမှနော်... (မှန်ပါ့)။

သစ္စာနုလောမိကဉာဏ် မဘည့်ယင် ကိုစောမောင် သစ္စာ ရပ့ါမလား....(မရပါဘုရား)သစ္စာ မရယင် မဂ် ပေါ်ပါ့မလား.... (မပေါ်ပါဘုရား)မပေါ်လို့ ရှိယင် မဂ်မှ နိဗ္ဗာန်မြင်နိုင်တဲ့ တရား ဖြစ်သောကြောင့် နိဗ္ဗာန်ရပါ့မလား....( မရပါဘုရား ) ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ သုံးခေါက်စေ့အောင်ဘဲ ပြောပါ့မယ်၊ ကမ္မဿကတာ့ဉာဏ်ကလေးလောက်နဲ့ တင်းတိမ်နေတဲ့ ပုဂ္ဂိုလ်များသည် သာသနာတွင်းမှာ နေပြေားဘော်လဲ သာသနာပ အလုပ်ကို သူ အားတက်သရော လုပ်နေတယ်လို့ ကိုဝ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)ကိုပေါ် သဘောကျပလား....(ကျပါပြီ)သာသနာတွင်းအလုပ် သူ့ဉာဏ်ထဲ မရောက်သေးပါဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

သာသနာတွင်းအလုပ်ကဘာတုံးဆိုလို့ရှိယင်ဖြင့်....တဲ့ ကိုယ့်ခန္ဓာထဲ ကိုယ့်ဉာဏ်ရောက်ပြီးသကာလ ခန္ဓာအရှိနဲ့ဉာဏ်အသိတို့ ကိုက်မှသာလျှင် ကိုစောမောင်ဘာတုံး....(သာသနာတွင်းအလုပ်ပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတော့ တခါတည်း အနတ္တလက္ခဏ သုတ် ဟောလိုက်တဲ့အခါကျတော့ "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ" ပြန်ပြန်မဖြေကြဘူးလား....(ဖြေပါတယ်ဘုရား)။

"ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ" ဆိုတော့ ဒုက္ခံ ဘန္တေ ကိုဝ ဒီလိုဖြေကြတယ်မဟုတ်ဘူးလား....(မှန်ပါ့)။

"ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ၊ ဧတံမမ၊ ဧသောဟ မသ္မိ၊ ဧသောမေအတ္တာတိ၊ နောဟေတံ ဘန္တေ...."လို့ ဖြေကြတယ်....(မှန်ပါ)။

ကိုစောမောင်....အဲဒါ သောတာပန်တည်ပြီတဲ့ ပဉ္စဝဂ္ဂီငါးဦးက ဖြေတာ....(မှန်ပါ) မဖြေဘူးလား....(ဖြေပါတယ် ဘုရား)။

ဒီ့ပြင် အခါမှာ ဒီလို မေးမည့်သူနဲ့ ဒီလို ဖြေတတ်တဲ့ ပုဂ္ဂိုလ် ရှိသလား....(မရှိပါဘုရား)။

သာသနာပမှာလေ....(မရှိပါဘုရား) ဒါ့ပြင့် သာသနာပမှာ လက္ခဏာရေးသုံးပါး ကွယ်တယ်....(ကွယ်ပါတယ်ဘုရား)ကမ္မဿကတာဉာဏ် ကြီးစိုးနေတယ်....(မှန်ပါ) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

သာသနာပ **ဘယ်**သူကြီးစိုးသ**လဲ**....(ကမ္မဿကတာဉာဏ်ကြီးစိုးပါတယ်ဘုရား) သစ္စာနုလောမိကဉာဏ်က.... (ကွယ်ပါတယ်ဘုရား)။

ကိုင်း....အခု သေသေချာချာ ရေရေလည်လည်ပြောတော့မှ မောင်နိုင် ရှင်းသွားတယ်....(ရှင်းပါတယ်ဘုရား) ကိုဝတို့ ဘယ့်နှယ်နေသလဲ....(ရှင်းပါတယ်ဘုရား) ကျေကျေနပ်နပ်ရှင်းသလား (ရှင်းပါတယ်ဘုရား)။

အေး....ဒါကြောင့် ကမ္မဿကတာဉာဏ်ကိုလဲလုပ်ပါ၊ သစ္စာနုလောမိကဉာဏ်ကိုလဲ လက်မလွှတ်ပါနဲ့.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ကမ္မဿကတာဉာဏ်ကိုလဲ....(လုပ်ရပါမယ်ဘုရား) လုပ်ရမှာဘဲ၊ ဘုန်းကြီးတို့ ကန့်ကွက်တာမဟုတ်ဘူး၊ လုပ်ကြ၊ လှူကြ.... ပေးကြ.... ကမ်းကြ.... တန်းကြ.... သို့သော်.... သစ္စာနုလောမိကဉာဏ် လက်မလွှတ်နဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက တခုလဲလုပ်၊ တခုလဲ လက်မလွှတ်နဲ့လို့ ပြောရပါလိမ့်မတုံးဆိုတော့ နိဗ္ဗာန် မရောက်မှာစိုးလို့....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ကမ္မဿကတာဉာဏ်နဲ့ တင်းတိမ်နေလို့ရှိယင်ဖြင့် တရားတပွဲလုံးက ဆုံးဖြတ်ချက်ချ၊ အတ္တဒိဋ္ဌိ ပါ- မပါ.... (ပါပါတယ်ဘုရား) ပါယင် ကိုစောမောင်က ဆုံးဖြတ်ချက်ချ.... (နိဗ္ဗာန်မရနိုင်ပါဘုရား)။

ဘယ်သူက ကန့်ကွက်သတုံး.... (ဒိဋ္ဌိက ကန့်ကွက်ပါတယ်ဘုရား) ဒိဋ္ဌိက ဘယ်မဂ်ကန့်ကွက်တာတုံး.... (သောတာပတ္တိမဂ်ကန့်ကွက်ပါတယ်ဘုရား)။

ကိုင်း....အယင်ဆုံးရမည့်မဂ်ကို ကန့်ကွက်ချလိုက်တယ်ဆိုတော့ နောက်မဂ်ကျော်ပြီး ရတာမျိုးဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) ကိုင်း... တကာတကာမတွေ ရှင်းကြပလား....(ရှင်းပါပြီ)။

ဩော်....ဒါဖြင့် ဒို့သည်ကားလို့ ဆိုလို့ရှိယင် သာသနာတွင်သွား ဖြစ်အောင် ကမ္မဿကတာ ဉာဏ် လုပ်ဘဲ့အခါလဲ ဝိပဿနာဉာဏ်ပါရလိမ့်မယ်... (မှန်ပါ့)။

အဲဒါ ဘုရားက ဘယ်မှာ ပြောခဲ့သတုံးဆိုတော့ အခုပြောခဲ့တာက ပဏ္ဍာသ ပါဠိတော်မှာ ပြောတယ်နော်(မှန်ပါ့)အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင် ပြောခဲ့တာရှိသေးတယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကို၀ ကိုယ်တော်တိုင် ဟောခဲ့တာ ရှိသေးတယ်၊ မင်းတို့ကွာ....တဲ့ ဒါန သီလတွေ လုပ်ကြတဲ့အခါ မှာ ဝိပဿနာမခြံရံလို့ ရှိယင် အလကား ဒါနနဲ့ အလကား သီလပါဘဲတဲ့....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

အလကား ဒါနနဲ့....(အလကားသီလပါ) အဲ....သူထိုက်တန် သလောက်တော့ အကျိုးပေးမယ်ပေါ့လေ.... (မှန်ပါ့) သို့သော် လမ်းဆုံးကို....(မပေးနိုင်ပါဘုရား)။

လမ်းဆုံးမပေးနိုင်တော့ဘူးကွ....ဆိုတော့ ကိုစောမောင် ပေါ် ပြန်ပြီ....(ပေါ်ပါပြီဘုရား)။

"စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ ဒါနမေ၀သေဿံ"စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ· အဲဒီ့ လှူတဲ့တန်းတဲ့အခါမှာ သမထ ဝိပဿနာ ကလေးမှ မပါလို့ရှိယင် မြတ်ကို မမြတ်ဘူးကွတဲ့.... ဒါ....ပါဠိ တော်မှာ ကိုယ်တော်တိုင် ဟောပြီ တကာကြီးလှိုင်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာတကာမတို့ လှူကြ, ပေးကြ, ကမ်းကြတာလဲ လုပ်ကြပါ၊ ဝိပဿနာ လက်မလွှတ်လိုက်ပါနဲ့....(မှန်ပါ့)။

ဘာတဲ့တုံး....(ဝိပဿနာ လက်မလွှတ်ပါနဲ့ပါဘုရား)။

ဝိပဿနာ လက်မလွှတ်ပါနဲ့ ဆိုတဲ့ဥစ္စာ တကာတကာမတွေ လှူရကျိုးမနပ်ဘဲနေမှာစိုးလို့ သစ္စာမမြင်ယင် နိဗ္ဗာန်မဝင်ဘူး.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ငါဘုရားကွာ....တဲ့၊ တခါ သစ္စသံယုတ်မှာ လာပြန်တယ်၊ ဘုန်းကြီးက ဒီကျမ်းတွေလဲ အမျိုးမျိုးကို မွှေနှောက်ပြီးထား တော့ကို ညှိရတာကိုးဗျ....(မှန်ပါ့)။

သစ္စာသံယုတ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတာက ငါ... ဒုက္ခသစ္စာကို ကောင်းကောင်း ပိုင်ပိုင်နိုင်နိုင်မသိဘဲနဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ရောက်ခဲ့တယ်လို့ ဆိုလို့ရှိယင်ကွာ... တဲ့ မယုံပါနဲ့။

ငါသေသေချာချာ ပြောပြမယ်တဲ့၊ မယုံစရာ အကြောင်းကို ငါသေသေချာချာ ပြောပြပါမယ်တဲ့၊ မောင်နိုင်....နော်(မှန်ပါ့) သူကိုင်ထားတဲ့ မီးဒုတ်ကလေးဟာ မီးရှို့ပြီးကိုင်ထားတဲ့မြက်ရှူး မီးပေါ့....ဦးဘရှင်းရ....(မှန်ပါ့) မြက်ရှူး မီးကလေးက ဟောဒီ ဂင်္ဂါမြစ်ကြီး ကျုပ်ရေခန်းအောင် ရှို့မယ်ဆိုတော့ သူ့မြက်ရှူး ကလေးမီးရှို့ထားတာနဲ့ ဟောဒီဂင်္ဂါမြစ်ကြီး ရေတွေခန်းအောင် ဟောဒီမီးနဲ့ ရှို့လိုက်မယ်ဆိုတော့ ကိုဝရေ.... ယုံပါ့မလား.... (မယုံနိုင်ပါဘုရား)။

မီးသာငြိမ်းမှာပေါ့... (မှန်ပါ့) ဟိုရေတွေ ကုန်ပါ့မလား.... (မကုန်ပါဘုရား)။

အဲဒီလိုဘဲဟေ့...တဲ့ တကာတကာမတို့ ဒီအတိုင်းပါဘဲတဲ့ ဒုက္ခသစ္စာကို မသိဘဲနဲ့ ငါ....ဒုက္ခအဆုံးဖြစ်တဲ့နိဗ္ဗာန်ရောက်ခဲ့တယ် ဆိုတာများ အနေ့ာက်စီးနေတဲ့ ဂင်္ဂါမြစ်ကြီးကို ပေါက်တူးနဲ့ တောင်းကလေး ယူလာပြီး ဟောဒီ မြစ်ကြီးကို ကျုပ်သည် အနေ့ာက်စီးနေတဲ့မြစ် အရှေ့စီးသွားအောင်တူးမလို့ လာခဲ့တယ် ဆိုယင်လဲ ကိုစောမောင်က ယုံမှာလား.... (မယုံပါ ဘုရား) သူ့တောင်းကလေးကလဲ သေးသေးနဲ့.... (မှန်ပါ့) ပေါက်ပြား ကလေးကလဲ တလက်ထဲနဲ့ ဦးဘကလေး ဘယ့်နှယ်လုပ်ပြီးယုံမလဲ....(မယုံပါဘုရား)။

အဲဒီလို ဒုက္ခကိုမသိဘဲနဲ့ နိဗ္ဗာန်ရခဲ့တယ်... ဆိုတဲ့ဥစ္စာ ဘယ်တော့မှမယုံရစ်ကြနဲ့ ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်....(မှန်ပါ့)

ဒါဖြင့် သစ္စာနှင့်လောမိကဉာဏ် မပါယင် နိဗ္ဗာန်မရဘူး....(မရပါဘုရား)။

ရှင်းကြပလား.... (ရှင်းပါပြီ) ဘာတဲ့တုံး (သစ္စာနှလောမိကဉာဏ်မပါယင် နိဗ္ဗာန်မရပါဘုရား)။

နိဗ္ဗာန်မရဘူး ဆိုတဲ့ဥစ္စာ ခုနင်က ဂင်္ဂါမြစ်ကြီးကိုအနောက်စီးနေတဲ့ဥစ္စာ အရှေ့စီးအောင် တောင်းကလေးတလုံးနဲ့ပေါက်ပြားတလက်ယူပြီး လူပုံအလည်မှာကြွားနေငြားသော်လဲဦးဘရှင်းက ယုံမလား....(မယုံပါဘုရား) ဘာဖြစ်လို့တုံး.... မဖြစ်နိုင်လို့၊ သဘောကျပလား..: (ကျပါပြီ)။

ထို့အဘူဘဲ ဒုက္ခသစ္စာကို သိတဲ့ဉာဏ်မရဘဲနဲ့ ငါဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ခဲ့တယ်ဆိုယင် ဂင်္ဂါမြစ် မီးရှို့မည့်ပုဂ္ဂိုလ်နဲ့ အတူတူဘဲဟေ့....(မှန်ပါ)။

ဂင်္ဂါမြစ်ကို တူးပြီး နေရာပြောင်းပေးမည့်ပုဂ္ဂိုလ်နဲ့ အတူတူဘဲဟေ့.... ကိုဝ မယုံနဲ့....(မှန်ပါ)။

ဒီလောက်ထိအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကန့်ကွက်ခဲ့တယ်ဆိုတာကော ကိုစောမောင် ကျကျနနသဘောကျပလား....(ကျပါပြီ) ဘယ်လောက် အရေးကြီးသလဲ.... (ကြီးပါတယ်ဘုရား)။

နိဗ္ဗာန်ကို ရှင်းရှင်းကလေး ပြောပါ့မယ် တကာတကာမတို့ ဗဟုသုတလဲ ပါသွားအောင်နော်....(မှန်ပါ) နိဗ္ဗာန်သည်ကား.... ဆိုလို့ရှိယင် ဒုက္ခဿ အန္တံ ကရိဿတိ၊ ဒုက္ခဿ....ဒုက္ခ၏၊အန္တံ အဆုံးကို၊ ကရိဿတိ- မျက်မှောက်ပြုနိုင်လတ္တံ့၊ မဂ်ဉာဏ်ကဒုက္ခအဆုံးကို ပြုနိုင်တယ်တဲ့၊ ဒုက္ခအဆုံးဟာ ကိုစောမောင်က ဘာခေါ်မလဲ....(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ဒုက္ခမတွေ့ဘဲနဲ့ ဒုက္ခအဆုံးကို ဘယ့်နှယ်လုပ်တွေ့မလဲ (မတွေ့နိုင်ပါဘုရား)။

ဝါးမှ မတွေ့ဘဲနဲ့ အရင်း, အဖျားရွေးလို့....(မရနိုင်ပါဘုရား)။

အဲ....နိဗ္ဗာန် ရချင်လို့ရှိယင် ဒုက္ခသိပြီးမှသာလျှင် ဒုက္ခအဆုံး နိဗ္ဗာန်ရမယ်....(မှန်ပါ့) ဒုက္ခမသိဘဲနဲ့....(နိဗ္ဗာန်မရပါ ဘုရား) ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို....(မရပါဘုရား)။

ကဲဒါဖြင့် ဒုက္ခက ဒုက္ခသစ္စာ၊ အဆုံးက နိရောဓသစ္စာ၊ မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ဒုက္ခက....(ဒုက္ခသစ္စာပါဘုရား) အဆုံးက .. (နိရောဓသစ္စာပါ ဘုရား)။

ဒုက္ခအဆုံးက နိရောဓသစ္စာဆိုတာ ဒုက္ခမသိဘဲနဲ့ ဒီပုဂ္ဂိုလ်ဟာ.... ဒုက္ခအဆုံး လိုက်တတ်ပါ့မလား.... ( မလိုက်တတ်ပါ ဘုရား)။

ဒါဖြင့် ဒုက္ခမသိတာက သူ့မှာ နိဗ္ဗာန် မရဘို့ ကန့်ကွက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဒုက္ခအဆုံးလဲ သူ လိုက်တတ်ဘို့ အခြေအနေ မြင်သေးရဲ့လား....(မမြင်ပါဘုရား) တကာကြီးလှိုင် ဒုက္ခမှ မတွေ့ဘဲနဲ့လေ....(မမြင်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ယနေ့ တရားပွဲမှာ ရှေ့ပိုင်း နာရီဝက်ပြောတာကဖြင့် တကယ် ကိုယ့်ကိုယ်, ကိုယ်ဝေဘန်ပြီးသကာလ ငါ သာသနာတွင်းသားဖြစ်အောင် မလုပ်လို့ရှိယင်ဖြင့် ငါ ကိုယ်ကျိုးနည်းချေရဲ့ ဆိုတာကို ကိုယ့်ကိုယ်, ကိုယ်ဆုံးဖြတ်ချက် ချနိုင်ဘို့ ရှေ့ပိုင်း နာရီဝက်မှာ ကိုစောမောင် လိုရင်း

ကလေး ပြောနေတယ်....(မှန်ပါ) မပြောထိုက်ဘူးလား....(ပြော ထိုက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ ဘာလုပ်ကြ မတုံးလို့ မေးလို့ရှိယင် သာသနာတွင်းဘဲလား....သာသနာပဘဲ လား....ကိုယ့်ဟာကိုယ် ခင်ဗျားတို့ ဘယ်လို လုပ်ကြမလဲ....(သာ သနာတွင်းတရားကို လုပ်ရပါမယ်ဘုရား)။

အဲ....ဒါနလုပ်လဲ သူခြံရံရမယ်....(မှန်ပါ့)သီလဆောက်တည် လဲ....(ခြံရံရပါမယ်ဘုရား) သူ ပါရမယ်....၊ဟုတ်လား....၊ ရှင်း ပလား....(ရှင်းပါပြီဘုရား)။

သူ့ချည့်သက်သက်လုပ်လဲမမှားပါဘူး....(မှန်ပါ့)သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူ့ကို လက်လွှတ်လို့ဖြင့်....(မရပါဘုရား) သစ္စာနဲ့ လောမိကဉာဏ် လက်လွှတ်လို့ ရပါ့မလား....(မရပါဘုရား) မရ ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါကြောင့် ဝေလာမ ပုဏ္ဏားကြီးကိစ္စမှာ တခါတည်း ဝေ လာမ ပုဏ္ဏားကြီးဟာ တိုင်းပြည်ပေါင်း ရှစ်သောင်းလေးထောင် လောက်မှာ သူက တက္ကသိုလ်ဆရာကြီး ဖြစ်နေတော့ သူ့တပည့် ချည့် ဖြစ်နေတော့ ဆရာအလိုရှိတာ မှာပါဆိုတော့ ရွှေခွက်ဖြင့် ရှစ်သောင်းလေးထောင်,ငွေတွေက ရှစ်သောင်းလေးထောင်၊ ဒီ့ ပြင် သမီးပျို,သားပျိုတွေ ရှစ်သောင်းလေးထောင်၊ သူက ရှစ် သောင်းလေးထောင်ချည့် လှူမှာကိုး....( မှန်ပါ့ )သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒီလောက် သာသနာပမှာ သူသည် သူ့ ရေကရားကလေး နဲ့ ငါ လှူတော့ လှူမယ်၊ ငါ လှူတဲ့ အလှူသည်ကားလို့

ဆိုလို့ရှိယင်ဖြင့် အလှူခံပုဂ္ဂိုလ်ကောင်း ရှိ-မရှိ၊ အကယ်၍ ငါ လှူတဲ့ အလှူကို အလှူခံပုဂ္ဂိုလ်ကောင်း ရှိ-မရှိဆိုပြီး သူ့ ရေကရား ကလေး ရေထည့်ပြီး သွန်လိုက်တယ်....(မှန်ပါ့)။

အကယ်၍ အလှူခံပုဂ္ဂိုလ်ကောင်း ရှိခဲ့လို့ရှိယင် ရေကျပါ စေ၊ အလှူခံပုဂ္ဂိုလ်ကောင်း မရှိခဲ့လို့ရှိယင် မကျစေသတည်းပေါ့ ကိုဝရဲ့....(မှန်ပါ့) ကရားထဲ ရေထည့်ပြီး စောင်းကြည့်တယ်၊ အလှူခံပုဂ္ဂိုလ်ကောင်း တယောက်မှ မရှိဘူး...(မှန်ပါ့) ရေကို မကျဘူး....(မှန်ပါ့)။

ဘယ်လောက် ကြောက်စရာ ကောင်းသလဲ.... (ကောင်းပါ တယ်ဘုရား)သာသနာပ....သာသနာပ၊ကမ္ဘာကတာဉာဏ်တော့ သူ လုပ်တော့မယ်....(မှန်ပါ့) မလုပ်ပေဘူးလား....(လုပ်ပါတယ် ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)

နောက်ကျတော့ သူ ပြန်အမိဋ္ဌာန်ရတယ်၊ ဒါ သေသေချာ ချာ မှတ်ကြပါ....(မှန်ပါ့)။

ကဲ....အလှူခံပုဂ္ဂိုလ်ကောင်းကတော့ မရှိလို့ ရေမထွက်တာ ကျေနပ်ပါပြီ၊ တကယ့် သီလ သမာဓိ ပညာနဲ့ သစ္စာနုလောမိက ဉာဏ်တွေ အကုန်ကွယ်နေတယ်ဆိုတာ ပေါ်သွားတယ်....(ပေါ် ပါတယ်ဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သို့သော်လဲတဲ့ အလှူပေးပုဂ္ဂိုလ်မှာ စင်ကြယ်....မစင်ကြယ်၊ အလှူပေးပုဂ္ဂိုလ်က ကောင်း....မကောင်းကို သိချင်ပါသေးတယ် ဆိုပြီး အလှူပေး ပုဂ္ဂိုလ်အတွက်ဖြင့် စင်ကြယ်....မစင်ကြယ် သိရ အောင်ဆိုပြီး ရေကရား သွန်ကြည့်တယ်....(မှန်ပါ့)။

စင်ကြယ်လား... မစင်ကြယ်လား အလူပေး ပုဂ္ဂိုလ်အတွက် ဖြင့် ဘယ့်နှယ်နေပါသတုံးဆိုပြီး ရေကရားသွန်ကြည့်တော့ ရေ ထွက်တယ်... (မှန်ပါ့)။

သူ့အတွက်က ကောင်းတယ်....(မှန်ပါ့)အလှူခံပုဂ္ဂိုလ်အတွက် က မကောင်းဘူး....(မှန်ပါ့)။

အဲဒီတော့ သာသနာပဆိုတဲ့ဥစ္စာ ကမ္မဿကတာဉာဏ်ကလေး လောက်သာ သူ့မှာ အဲဒီ အချိန်မှာ ရတယ်.. (မှန်ပါ့) သစ္စာ နုလောမိကဉာဏ် လုပ်နေတာ တယောက်မှ မရှိဘူးဆိုတာ ပေါ် သွားတယ်....(ပေါ်သွားပါတယ်ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)ရေသွန်ကြည့်တော့ ရေကိုမှ မထွက်ဘဲ၊ ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ကဲ....ကိုစောမောင် အတော် မလုံလောက်သေးဘူးလား.... (လုံလောက်ပါတယ်ဘုရား)။

ဒါက ဝေလာမ ပုဏ္ဏားဆိုတာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရား က အနာထပိဏ်သူဌေးကြီး ဟောတာ....(မှန်ပါ့)အဲဒီ အခါတုန်း က ဝေလာမ ပုဏ္ဏားဆိုတာ ငါဘဲကွ....၊ ရိပ်မိပလား....(ရိပ်မိပါ ပြီ)သစ္စာနုလောမိကဉာဏ် ကွယ်ကြောင်းကို ရေသွန်ကြည့်တယ်၊ ရှိကို မရှိဘူး၊ ရေကို မထွက်ဘူး....(မှန်ပါ့)။

ကဲ....အလှူခံ ပုဂ္ဂိုလ်ထဲမှာ သစ္စာနုလောမိကဉာဏ်ရှိတဲ့ ပုဂ္ဂိုလ် မပါဘူး....(မှန်ပါ့)သဘောပါကြလား....(ပါပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ အလှူပေး ပုဂ္ဂိုလ်ကဖြင့် စင် ကြယ်....မစင်ကြယ် သိရအောင် ရေသွန်ကြည့်တော့ အလှူပေး ပုဂ္ဂိုလ်အတွက်တော့ ရေအောက်ကျတယ်....( မှန်ပါ့ ) အလှူခံ ပုဂ္ဂိုလ်အတွက်က....(မကျပါဘုရား)။

သို့သော်....ကမ္မဿကတာဉာဏ်တော့ မမြောက်ဘူးလား ဆို တော့ မြောက်တာဘဲ၊ သူ အကုန်ပေးတာဘဲ....(မှန်ပါ့)။

အလှူခံပုဂ္ဂိုလ်ထဲတော့ မစင်ကြယ်ဘူး၊ သစ္စာနုလောမိကဉာဏ် တယောက်မှ မပါဘူး၊ သို့သော်လဲ ငါ့အတွက်က ကောင်းတယ် ဆိုပြီး လှူတာဘဲ၊ ရှစ်သောင်းလေးထောင်စီချည့် လှူတာဘဲ.... (မှန်ပါ့) ကဲ....သဘောပါကြလား....(ပါပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတွေကို ခင်ဗျားတို့ သာမည နား ကလေးနဲ့ ဒီ ဘုန်းကြီး ဟောနေတဲ့ တရားကို ထောင်လို့ မဖြစ် ဘူး....(မှန်ပါ့ဘုရား) သြော်....သေသေချာချာ ဝေဘန် ဟော တာပါကလားဆိုတာ မောင်နိုင် ပေါ်ပလား....( ပေါ်ပါပြီ ) ရှင်းကြပလား....(မှန်ပါ့)။

ဒါဖြင့် ဘာလုပ်လုပ် ခင်ဗျားတို့ ဒါနလုပ်လဲ ဝိပဿနာ ခြံရံပါ....( မှန်ပါ့ ) သီလလုပ်လဲ....(ဝိပဿနာ ခြံရံပါ) ဒါမှ သစ္စာနုလောမိကဉာဏ် ပါတယ်....(မှန်ပါ့)။

သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာတုံး မေးတဲ့အခါကျတော့ အနိစ္စ, ဒုက္ခ, အနတ္တကို ဆိုပါတယ်....(မှန်ပါ့)။

အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တ လုပ်ပါမှ သစ္စာကို ဒုတိယအဆင့် သိမယ်....(မှန်ပါ့)အနိစ္စ,ဒုက္ခ,အနတ္တ ဖြစ်ပျက်ကို လုပ်တာ ပဌမ အဆင့်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီကနေ ဖြစ်ပျက် ရင့်ကျက်သွားတဲ့အခါကျတော့ ဉာဏ်ထဲ မှာဘဲ ဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာဘဲလို့ ဆိုတဲ့အခါကျတော့ သစ္စာသိသောကြောင့် ဒုက္ခသစ္စာ ချုပ်တယ်... ( မှန်ပါ့ ) အဲဒီ ချုပ်တဲ့အခါကျတော့ ဒုက္ခအဆုံးလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင် ပါတယ်ဘုရား)။

အဆုံးကျတော့ မောင်နိုင်ရ ဒုက္ခဆုံးတာ ဘာပါလိမ့်မတုံး လို့ သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား) ဘယ်သူပါ လိမ့်မတုံး....(နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုတာ, နိရောဓဆိုတာ ဘယ်နိရောဓတုံး....၊ဒုက္ခ နိရောဓ....(မှန်ပါ့)။

ကိုစောမောင်....(ဒုက္ခနိရောဓပါဘုရား) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

တကာတကာမတွေ ဘာတဲ့...(ဒုက္ခနိရောဓပါဘုရား)။

ဒုက္ခနိရောဓဆိုတာ ဒုက္ခရှိမှ ဒုက္ခနိရောဓလာမှာ....(မှန်ပါ့) ဒုက္ခမှ မသိတဲ့ ပုဂ္ဂိုလ်က....(ဒုက္ခနိရောဓ မလာပါဘုရား)။

အဲဒီတော့ ဒုက္ခသိချင်ယင် လက္ခဏာရေးသုံးပါးကစ(မှန်ပါ့) ဖြစ်ပျက်ကစ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီ ဖြစ်ပျက်ကမှ မစ,လို့ရှိယင် ဒုက္ခနိရောဓ....(မလာနိုင် ပါဘုရား) မလာနိုင်ဘူး....၊ ဒုက္ခနိရောဓ မလာနိုင်လို့ရှိယင်.... နိဗ္ဗာန် မတွေ့တော့ဘူး....(မှန်ပါ့) ဒါဖြင့် ဒီဥစ္စာ နိဗ္ဗာန်ရောက် ပါဦးမလား....(မရောက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သာသနာတွင်း အလုပ်ကို ကိုဝတို့.... ကိုပေါ်တို့....အရွယ်တွေလဲ ကြီးကုန်တော့မယ်၊တွင်တွင်လုပ်လိုက် (မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုမှာပါလိမ့်....( သာသနာတွင်း အလုပ်ကို လုပ်ရပါမယ်ဘုရား)။

နဂိုရ်က ကြီးလာတာက သာမညနဲ့ ကြီးလာတာ....(မှန်ပါ့ ဘုရား)။

ကဲ....ကိုယ့်ကိုယ် ကိုယ်ဘဲ ငါသည် အသက်က လေးဆယ် လောက်က ငါ သာသနာတွင်းသားလား-သာသနာပသားလား၊ ခြောက်ဆယ်ကျော်တဲ့အခါ ငါ သာသနာတွင်းသားလား....သာ သနာပသားလားဆိုတာ ယနေ့ တရားနဲ့တော့ ဝေဘန်နိုင်ပါ တယ်....(မှန်ပါ့)မဝေဘန်နိုင်သေးဘူးလား....(ဝေဘန်နိုင်ပါတယ် ဘုရား)။

ကဲ-ဦးဘရှင်း....ခင်ဗျားဟာ ခင်ဗျားဝေဘန်တော့လဲ မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့၊ ဒီ ဆရာသမားတွေနဲ့ မတွေ့ခင်တုန်းက အင်း.... ငါ ဘာပါလိမ့်မတုံးဆိုတော့ ဘယ့်နှယ် ဖြေကြမလဲ(သာသနာပ သားပါဘုရား)။

သာသနာပသားဘဲ၊ ဒီ့ပြင် ဖြေစရာကို မရှိဘူး၊ လိမ်စရာလဲ မလိုတော့ဘူး....(မှန်ပါ့)။

အခု ဒီတခါ သက်နီး ကပ်ကပ်၊ ထီးကလေး လူလူ၊ ပန်း ကလေး လူလူ၊ လူတဲ့အခါကျတော့ ဒုက္ခကြည့်ပြီး လုပ်ရတဲ့အခါ ကျတော့ ဘာဖြစ်သွားသတုံးဆိုတော့ ဘယ့်နှယ် ဖြေကြမလဲ.... (သာသနာတွင်းသားပါဘုရား) သာသနာတွင်းသား ဖြစ်တယ်၊ ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် သာသနာဆိုတာ အဆုံး,အမ....(မှန်ပါ့) သာသနာ ဆိုတာ....(အဆုံး,အမ ပါဘုရား)။

သာသတီတိ သာသနာကိုး၊ သာသတိ=ဆုံးမတတ်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ သာသနာ=သာသနာမည်၏....ဆိုတော့ အဆုံး,အမ နယ်ထဲ ရောက်-မရောက်....(ရောက်ပါတယ်ဘုရား)။

ကဲ....ကိုယ့်အသက်ပိုင်းနဲ့သာ ကိုယ် ဝေဘန်တော့၊ ရိုးရာလုပ်တဲ့ အလုပ်က အဆုံး့အမထဲ ပါတာ မဟုတ်ဘူး... ကိုစောမောင် (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒီ ထူးထူးခြားခြား သာသနာတွင်းဆိုတဲ့ ဥစ္စာ၊ သာသနာဆိုတာ အဆုံး့အမ၊ ဘုရား....အဆုံး့အမ၊ အဲဒီ အဆုံးအမ အတွင်းကို ရောက်ပါမှ၊ သဘောကျပလား....( ကျပါပြီဘုရား)။

အဆုံးအမအတွင်း မရောက်ခင်ကတော့ကမ္မဿကတာဉာဏ်နဲ့ နေတာဘဲ....(မှန်ပါ့) ငါ့သားကလေးတွေလဲ ငါကျွေးမယ်၊ ငါ့သမီးကလေးလဲ ငါကျွေးမယ်ဆိုတဲ့ ဥစ္စာတော့ ငါ မွေးထားတာ ငါ မကျွေး ဘယ့်နှယ် လုပ်မတုံး....(မှန်ပါ့) ကံကတော့ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)ကံကတော့ ဖြစ်တယ် ကိုစောမောင်....ဒီဋ္ဌိက ကွာရဲ့လား....(မကွာပါဘုရား)။

အဲဒီတုန်းက .... သာသနာတွင်းလား .... သာသနာပလား .... (သာသနာပပါဘုရား) ငါ နောင်ဘဝ ကောင်းအောင် ငါ.... လုပ်ဦးမယ် ဆိုပြန်တော့ကော....( သာသနာပပါ ဘုရား )ကဲ.... သစ္စာနုလောမိကဉာဏ်နဲ့ ဝေးလိုက်တာ.... (ဝေးပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တယ်အရေးကြီးပါကလားဆိုတာ ယနေ့ ရှေ့ပိုင်းမှာပြောတာဖြင့် အထူးပြောစရာ မလိုတော့ပါဘူး....(မှန်လှပါ)ကိုပေါ် နေရာကျပလား....(ကျပါပြီ)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ နာရီကလဲ နည်းသွားတဲ့အတွက် မနေ့က တရားပြန်ဆက်ကြစို့.... နော်.... (မှန်ပါ့) သာသနာတွင်းအလုပ်ကို ခေါင်းစဉ်နဲ့တကွ ပြပါတော့မယ်။

တကာတကာမတို့ သာသနာတွင်းအလုပ်ကို ဘယ်လိုရှုရမယ်၊ ဘယ်လိုမှတ်ရမယ်ဆိုတဲ့ဥစ္စာ ကိုစောမောင် ခေါင်းစဉ်နဲ့ပြမယ် (မှန်ပါ့)။

ခေါင်းစဉ်နဲ့ပြတဲ့ အခါကျတော့ကိုတဲ့ စိတ္တာနုပဿနာဆိုပြီး တနေ့က စခဲ့တယ်နော်....(မှန်ပါ့)။

အဲဒီတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာကောဋ္ဌိက-ကလဲ.... ကွာ....တဲ့ စိတ်တလုံးရှုယင် အကုန်းပြီးတာပါဘဲတဲ့.... (မှန်ပါ့) ကိုစောမောင် ဘာတဲ့.... (စိတ်တလုံးရှုယင် အကုန်ပြီးတာပါဘဲ ဘုရား)။

နောက်က တကာတကာမတွေ.... (စိတ်တလုံးရှုယင် အကုန် ပြီးပါတယ်ဘုရား) စိတ်တလုံးရှုယင် အကုန်ပြီးတာဘဲ ကိုစော မောင်....(မှန်ပါ့) စိတ်တလုံး ရှုယင် အကုန်ပြီးတာဘဲကွ....ဆိုတဲ့ ဥစ္စာ ရှင်သာရိပုတ္တရာက အမေးခံသမား၊ ရှင်ကောဋ္ဌိက-က အမေးသမားနော်....(မှန်ပါ့)။

ကဲ....သူမေးတာကလေး ကျုပ်တို့ တိုတိုပဋိစ္စသမုပ္ပါဒ်လဲ နား လည်ပြီးသားဖြစ်နေလို့ ဘုန်းကြီး မရှည်တော့ပါဘူး၊ရှည်တယ် ဆိုတာ ခင်ဗျားတို့ နားမလည်လို့ဖြစ်ရတာ....(မှန်ပါ့)။

ရှင်ကောဋ္ဌိက-ကမေးလိုက်တယ်၊ ရှင်သာရိပုတ္တရာကို ရဟန္တာ ကြီးနှစ်ပါးနော်....(မှန်ပါ့)။

အရှင်ဘုရား.... ဇရာမရဏဟာ မိမိပြုလုပ်တာလား ၁-နံပါတ် မေးလိုက်တယ်....(မှန်ပါ့) မဟုတ်ပါဘူး ကွာ....ဘဲဖြေတယ်။

ဒါဖြင့် သူတပါး ပြုလုပ်တာလား.... မဟုတ်ပါဘူးဘဲ ဖြေ တယ်။

ဒါဖြင့် မိမိသူတပါး နှစ်ဦးသား ပေါင်းလုပ်တာလား.... မဟုတ်ဘူးတဲ့၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

အလိုလို ဖြစ်တာလား....တဲ့၊ မဟုတ်ဘူးဖြေတယ်....(မှန်ပါ့)။

ဇရာမရဏဟာ တကာတကာမတို့ ခင်ဗျားတို့က အဖြေလုပ်ပါ၊ ဘုန်းကြီးကဘဲ ရှင်မဟာကောဋ္ဌိက လုပ်ပါမယ်၊ ခင်ဗျားတို့ ရှင်သာရိပုတ္တရာ ကိုယ်စားလှယ်လုပ်စမ်းပါ....(မှန်ပါ့)။

ခင်ဗျားတို့မှာ အခု ဇရာမရဏဟာ ရောက်နေပြီ....(မှန်ပါ့) အဲဒီဇရာမရဏ ခင်ဗျားတို့ လုပ်ထားတာလား(မဟုတ်ပါဘုရား) သူတပါးကလာပြီး လုပ်ထားတာလား.... (မဟုတ်ပါ ဘုရား) မိမိသူတပါး နှစ်ဦးသားပေါင်းပြီး သဘောတူလုပ်ထားတာလား (မဟုတ်ပါဘုရား) အလိုလို ပေါ်လာတာလား.... (မဟုတ်ပါ ဘုရား)။

ဒါ....သစ္စာလေးချက်သွားပြီ၊ သဘောကျပလား·(ကျပါပြီ) ဒါနဲ့ ရှင်ကောဋ္ဌိက·က မေးလိုက်တော့ ရှင်သာရိပုတ္တရာက မဟုတ်ဘူး....တဲ့။

ဒါဖြင့် အရှင်ဘုရား.... မဟုတ်ယင် ပြောစမ်းပါဦး....တဲ့ အို... ဇရာမရဏဟာ.... ဇာတိဆုတောင်းမိတဲ့ပုဂ္ဂိုလ် အလုပ်ကွ။

ကဲ....ကိုစောမောင်.... ဇရာမရဏဟာ (ဇာတိဆုတောင်းမိတဲ့ ပုဂ္ဂိုလ်၏အလုပ်ပါဘုရား)ဒါဖြင့် ဇာတိကြောင့်ဖြစ်တယ်(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ အိုသေဟာ ဘယ်ကလာသတုံး.... (ဇာတိကလာပါတယ်ဘုရား) ပေါ်သွားပါပြီဗျာနော်...(မှန်ပါ့)။

အိုသေဟာ ဇာတိကလာတယ်ဆိုတာ ကိုစောမောင် မရှင်းသေးဘူးလား.... (ရှင်းပါပြီ) ဇာတိမရှိယင် ဇရာမရဏ (မလာပါဘုရား)။

အဲ....ဒါကြောင့် ကို၀ ဇာတိပစ္စယာ ဘာတဲ့.... (ဇရာမရဏပါဘုရား) ကဲ .. သူလက်သည်ဘဲ....(မှန်ပါ့)။

တကာတကာမတို့ ဒါဖြင့် ဘယ်ဇာတိ ကြိုက်ကြသတုံး....(ဘယ်ဇာတိမှ မကြိုက်ပါဘုရား)။

ကဲ....ဘယ်ဇာတိမှ မကြိုက်ဘူးဆိုတော့ ကိုစောမောင်ကစပြီးနောက်က တကာ တကာမတွေက မကြိုက်ဘူးတဲ့.... (မှန်ပါ့) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ကဲ....ဒါဟာ သာသနာတွင်းသံဗျ....(မှန်ပါ့) ဒါဘာသံပါလိမ့်....(သာသနာတွင်းသံပါဘုရား)။

ကိုစောမောင် ဒါမှ သာသနာတွင်းသံကိုးဗျ....( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

တရားနာရင်း ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဉာဏ်အထူးပေါက်လာတာက ဇာတိဒုက္ခသစ္စာဘဲ၊ ဒါ့ကြောင့် တပည့်တော်တို့ မကြိုက်ပါဘူး....(မှန်ပါ့)မောင်နိုင် ဒါဟာသစ္စာနုလောမိကဉာဏ် ဟုတ်-မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

ဇာတိဟာ ဒုက္ခသစ္စာလို့ သိသွားပြီ၊ အပြောနဲ့ သိတာရှိသေးတာကိုး....(မှန်ပါ့) နောက် အလုပ်နဲ့ သိဦးမှာ....(မှန်ပါ့) မသိပေဘူးလား....(သိပါတယ်ဘုရား) အပြော သိပြီးလို့ရှိယင် အလုပ်နဲ့ သိဦးမယ်ဆိုတော့ သစ္စဉာဏ် ကောင်းကောင်း မဆိုက်ပေဘူးလား....(ဆိုက်ပါတယ် ဘုရား)။

အဲဒါကြောင့် ကိုစောမောင် သာသနာပကျတော့ ဒီအသံ ရှိပါဦးမလား....(မရှိပါ ဘုရား)။

မရှိဘူး၊ မရှိကြောင်း ဘုန်းကြီးထင်ရှားအောင် ပြောပြမယ် နော်....(မှန်ပါ) မရှိကြောင်း ဘုန်းကြီးထင်ရှားအောင် ပြောပြ မယ်ဆိုတော့ ကိုဝတို့ ကျေနပ်ဘို့ကောင်းပါတယ်....( ကျေနပ်ပါ တယ်ဘုရား)။

ဩော်....စုတိမနေ သောလွန်ရလို့ရှိယင်ဖြင့် လူကောင်း နတ် ကောင်းကလေး ဖြစ်ရလို့ရှိယင် တော်ပါသေးရဲ့....(မှန်ပါ) သူ ဘာကို တောင်းယူလိုက်တာတုံး....(ဇာတိ တောင်းယူတာပါ ဘုရား)။

ကဲ....ကိုစောမောင် သာသနာပဘဲ....(မှန်ပါ)ဇာတိက ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ တကာ တကာမတွေ ဘုန်းကြီးနဲ့ မတွေ့ခင်တုန်းက ဒီအသံ ထွက်-မထွက် အကဲခတ်.... (မထွက်ပါ ဘုရား) ဒါဖြင့် ခင်ဗျားတို့ သာသနာပရှိသေးတယ်....(မှန်ပါ)။

သေချင်သေပါစေတော့ နောက်ဘဝ ဒီ့ထက် ချမ်းသာလို့ ဒီ့ထက်ကောင်းတဲ့ လူ့ပြည် နတ်ပြည်ကလေးမှာဘဲ နေရလို့ ရှိယင်လဲ တော်လောက်ပါပြီ.... ဦးဘရှင်း ဒီလိုပုဂ္ဂိုလ်တွေရှိတယ် (ရှိပါတယ်ဘုရား) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ရှိတော့ သူ ဇာတိကို ဒုက္ခသစ္စာလို့ သိသေးရဲ့လား (မသိ ပါဘုရား)မသိတော့ သူ သစ္စာနဲ့လောမိကဉာဏ် ရသေးရဲ့လား (မရပါဘုရား)မရတော့ သူ့ကို ဘာသားလို့ဆိုမလဲ....(သာသပ သားပါဘုရား)။

ကိုစောမောင် ဘုန်းကြီးက ကြံ့ဖန် ပြောနေတာလား....တဲ့ သူ့ပါးစပ်က ထွက်တာလား(သူ့ပါးစပ်က ထွက်တာပါဘုရား) သေချာကြပလား....(သေချာပါပြီ)။

တယ်လဲ တကာတကာမတို့ ဆရာကောင်း သမားကောင်း သိပ်လိုတယ်ဆိုတာ ကိုဝ ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

မပေါ်သေးဘူးလား....(ပေါ်ပါပြီ) အင်မတန် ပေါ်သွားပါပြီဆိုတာ ထင်ရှားပါတယ်နော်....(မှန်ပါ)။

ကဲ....ဒါနဲ့ဘဲ တိုတိုဘဲမေးကြပါစို့၊ ဒီဥစ္စာ အလုပ်သွင်းချင်လို့ ကိုစောမောင်ရေ့(မှန်ပါ) မေးပြန်တယ်၊ ရှင်ကောဠိက-က ဇာတိဟာအလိုလိုဖြစ်တာလားဘုရား....ဆိုတော့.... မဟုတ်ပါဘူးတဲ့၊ မိမိပြုတာလားဆိုတော့.... (မဟုတ်ပါဘုရား) သူတပါး ပြုတာလားဆိုတော့.... (မဟုတ်ပါဘုရား)မိမိ သူတပါး နှစ်ဦးသား ပြုတာလား....(မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ ဇာတိဆိုတဲ့ဥစ္စာသည် ကမ္မဘဝက လာတာပါ... (မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

သူက ကံလုပ်တာ၊ ကံလုပ်ပြီး ဇာတိရချင်လို့ ကိုစောမောင် (မှန်ပါ)ကံကြောင့် ဖြစ်တယ်ဆိုတာ မသေချာဘူးလား(သေချာပါတယ်ဘုရား)။

မယုံယင် ပါဠိတော်ရွတ်ကြည့်တော့ ကမ္မဘဝပစ္စယာ(ဇာတိပါဘုရား) ကဲ....ကိုဝ ကျေနပ်တော့....(မှန်ပါဘုရား)ရှင်းပလား (ရှင်းပါပြီ)။

ကမ္မဘဝကြောင့် လာတယ်ဆိုတာ သေချာရောမဟုတ်လား (သေချာပါတယ်ဘုရား)။

နောက်ဆုတ်သွားတာတဲ့၊ ပဋိစ္စသမုပ္ပါဒ် နောက်ဆုတ် ဟော ရတဲ့အတွက် သစ္စာလေးချက်သိတယ်....(မှန်ပါ့)။

နောက်ဆုတ် ဟောရတဲ့အတွက် ကိုစောမောင် ဘာတဲ့တုံး.... (သစ္စာလေးချက် သိပါတယ်ဘုရား)သဘောကျပလား....(ကျပါ ပြီဘုရား)။

ကဲ....ဒါဖြင့် ကမ္မဘဝဟာ အလိုလိုဖြစ်တာလားလို့ ရှင်မဟာ ကောဋ္ဌိက-က ကမ္မဘဝ မိမိပြုတာလားလို့ မေးပြန်တော့ဘယ့် နှယ်တုံး....(မဟုတ်ပါဘုရား)။

မဟုတ်ဘူး၊ သို့သော် တကာတကာမတွေက သိထားတာက ကိုယ့်ကံ ကိုယ်လုပ်မှပေါ့၊ ဟော....ခင်ဗျားတို့က ခင်ဗျားတို့လုပ် ထားတာတဲ့....(မှန်ပါ့) ကိုယ်ကံကောင်းချင် ကိုယ်ကံကောင်းလို့ လေ၊ အံမာလေး လူကြီးတွေက ဆုံးမနေတယ်.... (မှန်ပါ့)ကံမ ကောင်းချင်လို့ရှိယင်လဲ မင်း.... အကုသိုလ် လုပ်နေတာပေါ့၊ ကံကောင်းချင်ယင် ကံကောင်းလဲမင်းဟာမင်းလုပ်မှပေါ့ဆိုတော့ မင်းကတခြား, ကံကတခြား ဖြစ်နေတယ်.... (မှန်ပါ့) မဖြစ်ဘူး လား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါ ဒိဋ္ဌိသံမှ ဟုတ်ရဲ့လား.... ကိုစောမောင်....(ဟုတ်ပါ တယ်ဘုရား) သေချာကြပလား....(သေချာပါပြီ)။

ကဲ....ဒါဖြင့် ရှင်ကောဋ္ဌိက- ကမေးတယ်၊ ဒီ....ကမ္မဘဝဟာ ဘုရား.. တဲ့ မိမိပြုတာလားဆိုတော့ ဘယ့်နှယ်တုံး.... (မဟုတ် ပါဘုရား) သူတပါး ပြုတာလား.... (မဟုတ်ပါဘုရား) မိမိသူ တပါး နှစ်ဦးသားပြုတာလား....(မဟုတ်ပါဘုရား)အလိုလိုပေါ် တာလား....(မဟုတ်ပါဘုရား)။

မဟုတ်ဘူးကွ...တဲ့ ရှင်သာရိပုတ္တရာက ဥပါဒါန်ကြောင့်ဖြစ်တာဆိုတော့ သူ ဘုံဘဝစွဲတဲ့ ဥပါဒါန်ကြောင့် ဒီကံလုပ်တာ.... (မှန်ပါ့)။

ကဲ....သေချာပလား.... (သေချာပါပြီ) ကိုယ်လုပ်တာဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)ဘယ်သူကလုပ်သလဲ....(ဥပါဒါန်ကလုပ်ပါတယ်ဘုရား) ဥပါဒါန်က လုပ်နေတာ၊ မရှင်းသေးဘူးလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တကာ တကာမတွေက ကိုယ့်ကံ ကိုယ်လုပ်ရတယ်ဆိုတာများ သွားရောပေါ့ဗျာ....(သွားပါတယ်ဘုရား) ဒိဋ္ဌိသံကြီးကို ကိုဝ-တခါတည်းရှင်းနေတာဘဲ.... (မှန်ပါ့) ရှင်းနေတော့ ဒီပုဂ္ဂိုလ်ဟာ ဒိဋ္ဌိပြုတ်သေးရဲ့လား.... (မပြုတ်ပါဘုရား) ဒါဖြင့် သူလုပ်သ၍ အမှားချည့်ပေါ့.... (အမှားချည့်ပါဘုရား) ကိုစောမောင် ဒိဋ္ဌိက ဘယ့်နှယ် နေသလဲ.... ပါပါနေတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ... ဒါဖြင့် တိုတိုပြောကြပါစို့တကာတကာမတို့ဒီဥပါဒါန်ကကောဗျ.... မိမိပြုတာလား.... မေးပြန်တယ်၊ ရှင်ကောဒ္ဓိက-က (မဟုတ်ပါဘုရား)။

သူတပါးပြုတာလား.... (မဟုတ်ပါဘုရား) မိမိ သူတပါးနှစ်ဦးသား ပြုတာလား....(မဟုတ်ပါဘုရား) အလိုလို ဖြစ်တာလား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးကွာ....တဲ့ ရှင်သာရိပုတ္တရာက အဖြေထွက်ပြန်ပြီ တကာတကာမတို့ တဏှာကြောင့်....ကွတဲ့....(မှန်ပါ့)။

ကဲ....ကိုစောမောင် လက်သည်က ဘာတုံး.... ( တဏှာပါဘုရား) ကဲ....ဒီတဏှာသည်ကားလို့ဆိုယင် မိမိပြုတာလားလို့

ဆိုတော့ ဘယ်နှယ်တုံး....(မဟုတ်ပါဘုရား) သူတပါး ပြုတာလား....(မဟုတ်ပါဘုရား)မိမိ သူတပါး နှစ်ဦးသား ပြုတာလား (မဟုတ်ပါဘုရား) အေး.... တကာတကာမတို့ အလိုလို ပေါ်တာလား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ ဝေဒနာကြောင့် တဏှာဖြစ်တာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)ဘယ်သူ့ကြောင့်ဖြစ်သတုံး.... (ဝေဒနာကြောင့်ပါဘုရား)။

ကဲ....ဒါဖြင့် နောက်ဆုတ်သွားကြစို့၊ဒီဝေဒနာက မိမိပြုတာလား....(မဟုတ်ပါ ဘုရား) သူတပါး ပြုတာလား.... (မဟုတ်ပါဘုရား) မိမိ သူတပါး နှစ်ဦးသား ပြုတာလား..(မဟုတ်ပါဘုရား)အလိုလို ပေါ်တာလား....(မဟုတ်ပါဘုရား)ဖဿပစ္စယာ၊ ဖဿကြောင့် ဝေဒနာပေါ်တာ....(မှန်ပါ့)။

မတွေ့ထိဘဲနဲ့ ကောင်းတယ်....ဆိုးတယ်လို့ ဘယ်သူဝေဘန်လို့မှ မဖြစ်ဘူး....(မှန်ပါ့) မမြင်ဘဲနဲ့ ကောင်းတယ် ဆိုးတယ် ဘယ်သူ ဝေဘန်နိုင်ပါ့မလဲ.... (မဝေဘန်နိုင်ပါဘုရား)။

ဒါဖြင့် တွေ့ထိပြီးမှ ဝေဘန်နိုင်တာ အကောင်းအဆိုး ဝေဘန်နိုင်တယ်ဆိုတာက....(မှန်ပါ့) တွေ့ထိတာကဖဿ၊ ဝေဘန်တာက.... (ဝေဒနာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

သူတပါးပြုတာလား.... ပဋိစ္စသမုပ္ပါဒ် ပြုတာချည့်မှတ်လိုက် (မှန်ပါ့) ရှေ့အကြောင်းက ပြုတာချည့်မှတ်....(မှန်ပါ့)။

ဒါဖြင့် ဒီလိုသွားလိုက်တော့ ဖဿ မိမိပြုတာလား....(မဟုတ်ပါဘုရား) သူတပါးပြုတာလား....(မဟုတ်ပါဘုရား) မိမိ သူတပါး နှစ်ဦးသား ပြုတာလား....(မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား.... (မဟုတ်ပါဘုရား)။

လေးချက် လေးချက်မေးတယ်.... အရှင်ကောဏ္ဍိက-ကနော်.... (မှန်ပါ့) ကဲ....ဘုန်းကြီးက ရှင်သာရိပုတ္တရာလုပ်ပြီး အဖြေပေး ပြန်တော့ သဠာယတနရှိလို့ ဟေ့.... မျက်စိတို့ နားတို့နှာခေါင်း တို့ လျှာတို့ ကိုယ်တို့ စိတ်တို့ရှိလို့ဖြစ်တာ....(မှန်ပါ့)။

မရှိယင်....(မဖြစ်ပါဘုရား) ဒီဖဿ ဒီနေရာမှာ ပေါ်စရာ ရှိ ပါ့မလား....( မရှိပါဘုရား ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ဒီသဠာယတနကော မိမိ ပြုတာလား(မဟုတ် ပါဘုရား)သူတပါး ပြုတာလား(မဟုတ်ပါဘုရား)မိမိ သူတပါး နှစ်ဦးသား ပြုတာကော(မဟုတ်ပါဘုရား)အလိုလိုပေါ်တာလား (မဟုတ်ပါဘုရား)။

သဠာယတန ဘယ်က လာပါလိမ့်မတုံး....ဆိုတော့ ဘယ့်နှယ် ဖြေကြမလဲ(နာမ်ရုပ်ကြောင့် ဖြစ်တာပါဘုရား) နာမ်ရုပ်ကြောင့် လာတာ၊ နာမ်ရုပ်ရှိတဲ့ ပုဂ္ဂိုလ်မှာ သဠာယတန ရှိတယ်၊ မျက်စိ, နား, နှာခေါင်း, လျှာက....(မှန်ပါ့) နာမ်ရုပ်မရှိတဲ့ ပုဂ္ဂိုလ်မှာ.... (မရှိပါဘုရား)။

ကဲ....ဒါဖြင့် ဒီ နာမ်ရုပ်ကကော မိမိ ပြုတာလား....(မဟုတ် ပါဘုရား) သူတပါး ပြုတာလား .. (မဟုတ်ပါဘုရား) မိမိ သူ တပါး နှစ်ဦးသား ပြုတာလား(မဟုတ်ပါဘုရား)အလိုလို ပေါ် တာလား....(မဟုတ်ပါဘုရား)။

ဘယ်သူ့ကြောင့်တုံး....(ဝိညာဏ်ကြောင့်ပါဘုရား) ဝိညာဏ ပစ္စယာ နာမရူပံ၊ ဝိညာဏ်ကြောင့် ဖြစ်တာ....(မှန်ပါ့)။

ဝိညာဏ်က စိတ်၊သဘောကျပလား(ကျပါပြီ)သူနဲ့ ယှဉ်ဖေါ် ယှဉ်ဘက် စေတသိက်နဲ့ ရုပ်က နာမ်ရုပ်(မှန်ပါ့)ဒါဖြင့် ဝိညာဏ်

ကြောင့် နာမ်ရုပ် ဖြစ်တယ် .. (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)မှတ်ထားနော်... (မှန်ပါ့)။

ဝိညာဏ်ကြောင့်....(နာမ်ရုပ်ဖြစ်ပါတယ် ဘုရား) ဝိညာဏ်ဆိုတာ အခု ခင်ဗျားတို့ သင်ထားတဲ့ စိတ်တွေဟာ ဝိညာဏ်ပေါ့...,(မှန်ပါ့)ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ် နှစ်ခုစလုံးယူ....(မှန်ပါ့ဘုရား)။

ပဋိသန္ဓေနေတုန်းက- ပဋိသန္ဓေနေတဲ့ စိတ်ဝိညာဏ်ဘဲ(မှန်ပါ့) ယခုမှ မြင်စိတ်, ကြားစိတ်တွေ ခုနင်က လောဘစိတ်, ဒေါသစိတ် အတွင်းဩဇာသည်, အပြင်ဩဇာသည်,အိမ်သည်တွေ ကိုစောမောင် ဒါတွေ ဘာတွေလဲ... (ဝိညာဏ်ပါဘုရား) မနေ့က ပြောထားခဲ့တဲ့ ဆယ့်လေးခုဟာလေ....(မှန်ပါ့)ဝိညာဏ်ချည့်မှတ်ထားပါ....(မှန်ပါ့)။

အဲဒါ ဝိပဿနာ ရှုတတ်အောင်လို့ ယနေ့ ရှင်သာရိပုတ္တာရာနဲ့ ရှင်ကောဋ္ဌိကကို အထူးထုတ်လာတာ....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိညာဏ်ဟာ မောင်နိုင်....ပြောကြတော့ မိမိ ပြုတာလားလို့ ရှင်ကောဋ္ဌိကက မေးတယ်....(မဟုတ်ပါ ဘုရား) သူတပါး ပြုတာလား(မဟုတ်ပါဘုရား)မိမိ သူတပါး နှစ်ဦးသား ပြုတာလား....(မဟုတ်ပါဘုရား)အလိုလို ပေါ်တာလား(မဟုတ်ပါ ဘုရား)။

မဟုတ်ဘူးတဲ့၊ ဘယ်သူ့ကြောင့် ပေါ်သတုံးလို့ မေးတဲ့အခါကျတော့ကိုတဲ့ မောင်နိုင်တို့ ရထားတာက ဘယ်လို ရထားသတုံးဆိုတော့ သင်္ခါရပစ္စယာ ဝိညာဏံ ရထားတယ်၊ဟုတ်လား....(မှန်ပါ့)။

ဟုတ်ပါတယ်....တဲ့၊ ဒီလို မယူပါနဲ့ကွာ....တဲ့၊ဝိညာဏပစ္စယာ နာမရူပံကို တခါ နာမ်ရုပ်ကြောင့် ဝိညာဏ် ဖြစ်တယ်လို့လဲ ယူလိုက်ပါ....(မှန်ပါ့)။

နာမ်ရုပ်ကြောင့်....(ဝိညာဏ် ဖြစ်ပါတယ် ဘုရား) ဝိညာဏ်ကြောင့်....(နာမ်ရုပ်ဖြစ်ပါတယ် ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒီ နာမ်ရုပ်မရှိယင်လဲ ဝိညာဏ် မပေါ်ဘူးတဲ့....( မှန်ပါ့ ) ဝိညာဏ် မရှိယင်လဲ....( နာမ်ရုပ်မပေါ်ပါဘုရား )သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ရှင်မဟာကောဋ္ဌိက,က အံ့မာလေး....ဘုရားတဲ့ ဘယ်တော့ကမှ မကြားဘူးဘူးတဲ့၊ တပည့်တော်တို့က သင်္ခါရပစ္စယာ ဝိညာဏံသာ ကြားဘူးတယ်....(မှန်ပါ့)အရှင်ဘုရားက အခုတော့ ဝိညာဏပစ္စယာ နာမရူပံ၊နာမရူပပစ္စယာ ဝိညာဏံတောင် ဟောလိုက်တယ်တဲ့....၊ ကိုစောမောင် ရဟန္တာကြီးက အံ့လာတယ်....(မှန်ပါ့)ခင်ဗျားတို့ကော မအံ့ဘူးလား....(အံ့ပါတယ် ဘုရား)။

ခင်ဗျားတို့က သင်္ခါရပစ္စယာ ဝိညာဏံသာ ကြားဘူးတယ်-(မှန်ပါ့)။

အခုတော့ ဝိညာဏပစ္စယာ....(နာမရူပံပါ) နာမရူပပစ္စယာ (ဝိညာဏံ)ဟော....သူတို့က အပြန်,အလှန်တဲ့ အကြောင်းအကျိုး (မှန်ပါ့)။

အရှင်ဘုရား ပြောမှဘဲ ဘုရား....တဲ့၊ တပည့်တော် ရှင်ကောဋ္ဌိကမှာ သိရပါပေတယ်....တဲ့၊ တပည့်တော်တို့ သိထားတာက သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ ဒီလိုသာ အစဉ်အတိုင်း သိပါတယ်....တဲ့၊ အရှင်ဘုရား

တာ အခု ဒီလို မဟုတ်သေးဘူး၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ် ရုပ်ကြောင့် ဝိညာဏ် ဖြစ်တယ်၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါက ထူးထူးခြားခြား မှတ်ပါ၊ ဒါကလေးတလုံး ဒီထဲမှာ လိုရင်း ...(မှန်ပါ့)။

ကိုစောမောင် ဝိညာဏ်ကြောင့်....( နာမ်ရုပ် ဖြစ်ပါတယ် ) နာမ်ရုပ်ကြောင့်....(ဝိညာဏ်ဖြစ်ပါတယ် ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဝိညာဏ်ဆိုတာလဲ ဒီ ဘဝမှာ မောင်နိုင်က မျက်လုံးကလေး ဖွင့်လိုက်တော့ မြင်စိတ်ဆိုတဲ့ ဝိညာဏ်ကလေး မလာဘူးလား ...( လာပါတယ် ဘုရား ) စက္ခုဝိညာဏ်ကိုးကွ.... (မှန်ပါ့) သောတဝိညာဏ်ကော မလာဘူးလား.... (လာပါတယ် ဘုရား)။

အဲဒီ ဝိညာဏ်ဖြစ်တော့ သူ့ချည့် ဖြစ်သလားဆိုတော့ ခံစား တဲ့ ဝေဒနာ မှတ်ကြတဲ့ သညာတွေနဲ့ တွဲလာတယ်(လာပါတယ် ဘုရား) ပြီးတော့ မြင်ရုပ်ကလေးကော မပေါ်ဘူးလား....(ပေါ် ပါတယ်ဘုရား)။

ဟော....ဒါကြောင့် သူ ဟောပေတာကိုး....(မှန်ပါ့)ဝိညာဏ ပစ္စယာ....(နာမရူပံ) နာမရူပပစ္စယာ....( ဝိညာဏံပါဘုရား ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ နို့....သင်္ခါရပစ္စယာ ဝိညာဏံ မဟုတ်လား....ဆို တော့....အို....မင်း အသာထားစမ်းပါဦး ကောင်ဒီကရာ--(မှန်ပါ့) အဲဒါက ဟိုဘက်ဘဝက ဟာကွတဲ့....(မှန်ပါ့)ဒီဘဝ ဖြစ်နေတာ

ကတော့ အပြန်အလှန်တဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဟိုဘဝက အကြောင်းပြုတာကတော့ ဟုတ်ပါတယ်....တဲ့၊ မင်းတို့ ဝိပဿနာရှုတော့ ဟိုဘဝကဟာ ရှုလို့ရမှာလား....တဲ့.... (မရပါဘုရား)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကလေးဟာ အင်မတန် ဒီထဲမှာ အရေးကြီးတယ်နော်.... (မှန်ပါ့)။

ဒါကလေးဟာ သိပ်အရေးကြီးနေပါတယ်....(မှန်ပါ့)ကိုဝ.... မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

နောက်ဘဝက အဝိဇ္ဇာ သင်္ခါရဆိုတာက အတိတ်အကြောင်း မဟုတ်လား....(မှန်ပါ့) သူ့ကို လှမ်းရှုနေလို့ ခင်ဗျားတို့ ရမှာ လား....(မရပါဘုရား)။

ဘာဖြစ်လို့တုံး ကိုစောမောင်....ဖြစ်စရာကော ရှိသေးလို့ လား....(မရှိတော့ပါဘုရား)ချုပ်ပြီးသွားကြီးဘဲ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ရှင်သာရိပုတ္တရာက ဝိညာဏပစ္စယာ(နာမရူပံ) နာမရူပပစ္စယာ....(ဝိညာဏံပါဘုရား) အဲဒါ ဒီဘဝမှာ တွဲတွဲပြီး ဖြစ်တယ်ကွ....တဲ့....(မှန်ပါ့)။

ဝိညာဏ်ကြောင့်လဲ နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့်လဲ.... (ဝိညာဏ်ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ မင်းက ရဟန္တာဘဲတဲ့၊ ရဟန္တာ ဆိုပေမဲ့လဲ သိ ပြီးသား သိပြီးသား၊သို့သော်လဲ သက်သက် နောင်လူတွေ ဝိပဿ နာ မရှုတတ်မှာစိုးလို့ သင်တာကိုး....(မှန်ပါ့)။

ကိုဝရေ....တော်တော်အရေးကြီးတဲ့ စကားနော်....( မှန်ပါ့ ) တော်တော်အရေးကြီးတဲ့ စကား။

ကဲ....တကာတကာမတွေ ရ,ထားတာက အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား)သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား) ဟော- သင်္ခါရကြောင့် ဖြစ်တယ်လို့ ယူထားတယ်... (မှန်ပါ)။

ဟုတ်ပါတယ်တဲ့၊ အဲဒါ မဟုတ်ဘူး... မဟုတ်ပါဘူး....! ဒါက အတိတ်အကြောင်း၊ ဝိပဿနာရှုလို့ မဖြစ်တော့ဘူး....( မှန်ပါ့ ဘုရား )။

ဝိပဿနာရှုလို့ ဖြစ်ရမှာက ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ် ရုပ်ကြောင့် ဝိညာဏ်ဘဲ ရှုလို့ ဖြစ်မှာ....(မှန်ပါ) သဘောပါ ပလား....(ပါပါပြီဘုရား)။

.ကဲကွာ....တဲ့ ကောင်ဒ္ဒီက၊ ငါ သေသေချာချာ ဥပမာ .. ပြော မဟော့....၊ မင်း သေသေချာချာ နားထောင်စမ်းတဲ့ တကာ တကာမတို့နော်....(မှန်ပါ့)။

ဝါးစည်းကလေး နှစ်စည်း ကိုစောမောင် ထိပ်ချင်းတိုက် ထား၊ ခြေထောက်ကားထား....(မှန်ပါ့) မောင်နိုင် ကားထား လိုက်....(မှန်ပါ့)။

တစည်းဆွဲလိုက်ယင် ဘယ့်နှယ်နေသလဲ....(ကျန်တစည်း လဲ ပါတယ်ဘုရား)ဒီဘက်အစည်း ဆွဲလိုက်ယင်ကော...(နှစ်စည်းလုံး လဲပါတယ်ဘုရား) ဩော်....သူတို့ မှီနေတာကိုး ...( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီမှာလဲကွ၊ ဒီဘက်မှာ ဝိညာဏ်နဲ့ နာမ်ရုပ်က မှီနေကြတာ ဘဲ၊ ဝိညာဏ်ကို ဖြစ်ပျက် ရှုလိုက်ယင် နာမ်ရုပ် ပါသွားတယ်.... (မှန်ပါ)။

ကဲ....ခင်ဗျားတို့ အားရှိစရာ....(မှန်ပါ့)ဝိညာဏ် ဖြစ်ပျက် ရှု လိုက်ယင်....(နာမ်ရုပ်ပါသွားပါတယ်ဘုရား)နာမ်ထဲက တခုခု ရှု

လိုက်ယင်လဲ....(ရုပ်ပါသွားပါတယ် ဘုရား) ရုပ်ကော ဝိညာဏ် ရော....(ပါပါတယ်ဘုရား)အကုန်ပါတယ်၊ ရှုနည်းသာ မှတ်ထား ဝါးနှစ်စည်းထောင်တာသာ မှတ်ထားကွ၊ တခုရှုယင် အကုန် ပါ တာဘဲတဲ့....(မှန်ပါ) ဝိပဿနာစခန်း ဟောတာကိုး....(မှန်ပါ့)။

တကာ တကာမတို့ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

ဘာစခန်း ဟောပါလိမ့်....(ဝိပဿနာစခန်း ဟောပါတယ် ဘုရား)။

ဒီတလုံးဟာ ကိုဝ သေပျော်တဲ့ တရား .. (မှန်ပါ့)။

တချို့က မသိတော့ ဒီလို ပါဠိတော်ကြီးတွေ ရှင်သာရိ ပုတ္တရာနဲ့ ရှင်ကောဋ္ဌိကနဲ့ မေးလုံး-ဖြေလုံး ပါဠိတော်ကြီးတွေ မတွေ့တော့ ဝေဒနာရှု ဝေဒနာကလေး မှတ်နေတယ်၊ ဝေဒနာ ကလေး ချုပ်သွားယင် နိဗ္ဗာန်ရတယ်လို့ မှတ်နေတယ်၊ ဘယ် ဟုတ်ရမလဲ၊အကုန် ရှုရတယ်.... (မှန်ပါ့ ) နာမ် ချုပ်လို့ အကုန် ချုပ်တယ်....(မှန်ပါ့)သဘောကျပလား .. (ကျပါပြီ ဘုရား)။

ဒါ့ကြောင့် ရှုချင်တာရှု၊ တခု ရှုလို့ရှိယင် ခင်ဗျားတို့ ဒုက္ခ အကုန်သိမ်းတာဘဲ....( မှန်ပါ့ )သဘောပါသလား....( ပါ့ပါပြီ ဘုရား)။

အဲဒီတော့ ကျူစည်းဥပမာနဲ့ ရှင်သာရိပုတ္တရာကလဲ ပြတယ်၊ ဘုန်းကြီးကတော့ ခင်ဗျားတို့ ကျူဆိုတော့ အောက်အရပ်မှာမှ ရှိတယ်၊ ဝါးစည်းနဲ့ ပြလိုက်တယ်....(မှန်ပါ့)။

ကျူစည်းနှစ်ခုလဲ ယှဉ်ထောင်ထား၊ကိုစောမောင် ထိပ်တိုက် ထောင်ထားလိုက်တာပေါ့....(မှန်ပါ့)အောက်က ကားမှလဲ မြဲမှာ (မှန်ပါ့)သို့သော်....တခုဆွဲကြည့်....(တခု လဲသွားပါတယ်ဘုရား)

တခု လဲမှာဘဲ၊ ဘယ်ဆဲ့ယင် ညာက လဲမှာဘဲ၊ ညာဆဲ့ယင်.... (ဘယ်က လဲပါတယ်ဘုရား) ဒါဖြင့် တခုပြုတ်ယင်....(နှစ်ခုစလုံး ပြုတ်ပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့ စိတ်တခုတည်း ဝိညာဏ်တခုတည်း ဖြစ်ပျက် ရှုလိုက်၊ နာမ်ရုပ်ပါလိမ့်မယ်တဲ့၊ မင်းတို့ ဘာမှ မပူနဲ့ တဲ့(မှန်ပါ့) ကျူုစည်းအတိုင်းသာ သေသေချာချာ မှတ်....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

ငါ သေသေချာချာ ရှင်းပြမယ်ဆိုတော့ မောင်နိုင်က မှတ် လိုက်တော့ ဝိညာဏ နိရောဓ....(နာမရူပ နိရောဓော) နာမရူပ နိရောဓ....(ဝိညာဏနိရောဓော ပါဘုရား)။

ဒီအတိုင်းပါကွာ....တဲ့၊ တခုချုပ်ယင် အကုန် ချုပ်ပါတယ်၊ ဒီအတိုင်းသာ မှတ်ပါ....(မှန်ပါ့)။

ဝိညာဏ်ချုပ်ယင်....(နာမ်ရုပ် ချုပ်ပါတယ်ဘုရား) နာမ်ရုပ် ချုပ်ယင်....(ဝိညာဏ်ချုပ်ပါတယ်ဘုရား)။

ဝိညာဏ်ချုပ်တာဘဲဆိုတော့ ဘတိပဋ္ဌာန် လေးပါးပြားနေ ပေမဲ့ တပါးရှုလိုက် အကုန်ပါတာကွ... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

သတိပဋ္ဌာန် လေးပါး ပြားနေပေမဲ့....(တပါးရှုလိုက်အကုန် ပါပါတယ်ဘုရား)။

ဘာဖြစ်လို့ လေးပါးကို ဘုရားကလဲ လျှာရှည်ပြီး ဟောပါ လိမ့်မတုံးလို့ ကိုစောမောင်က ဆင်ခြေလဲခြင်လဲမယ်(မှန်ပါ့)။

ဒါက သူ့စရိုက် သူ့စရိုက် ကြိုက်ရာကြောင့် ရွေးထားတာ (မှန်ပါ့) တချို့က ဝေဒနာကြိုက်တယ်၊ တချို့က စိတ်ကြိုက် တယ်၊ သဘောကျပလား....(ကျပါပြီ)။

ဟိုဟာက စရိုက်ကြောင့်ထားတာတဲ့၊ ဖြစ်စဉ်ရှုစဉ်တော့တခုရှု အကုန်ပါတာဘဲ....(မှန်ပါ့) သဘောပါကြလား.... (ပါပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဩဘ်....သေပျော်တဲ့တရားဆိုတာ တွေ့ပလား....(တွေ့ပါပြီဘုရား)။

ဘယ်သူနဲ့ ဘယ်သူမေးတာပါလိမ့်.... (ရှင်သာရိပုတ္တရာနဲ့ ရှင်ကောဋ္ဌိက-ပါဘုရား)။

ရှင်သာရိပုတ္တရာကအဖြေဘက်က....(မှန်ပါ့)ရှင်ကောဋ္ဌိက-က (အမေးဘက်ကပါဘုရား)။

သူတို့ နှစ်ပါးစလုံးဟာ တကယ့် တေဒဂ်ရ ရဟန္တာကြီးတွေ (မှန်ပါ့)။

နောင်လာ နောက်သားတွေ မရှုတတ်မှာစိုးလို့ သူတို့နှစ်ပါး ခုံတင်ပြီးသကာလ ဘုရားလက်မှတ်ထိုးလိုက်လို့ရှိယင် ဒီဟာဖြင့် လုပ်ရစ်ကြပါစေတော့ ဒို့တခုတည်းလုပ်နေရလို့ နိဗ္ဗာန်မှရပါ့ မလားဆိုတာ သူတို့ သံသယရှိချင် ရှိမကွာ....တဲ့....(မှန်ပါ့)။

ဝေဒနာသုံးမျိုးရှုလို့နိဗ္ဗာန်ရပါ့မလား၊စိတ်တလုံးတည်းရှုလို့ နိဗ္ဗာန်ရပါ့မလားဆိုတာ လာလိမ့်မယ်တဲ့၊ ငါတို့ မရှိတဲ့အခါ.... (မှန်ပါ့)။

ငါတို့နှစ်ပါး အမေးအဖြေလုပ်ပြီး တခုပျက်ယင် အကုန် ပျက်တယ်၊ သဘောကျပလား....(ကျပါပြီ)တခုဖြစ်ယင် (အကုန် ဖြစ်ပါတယ်ဘုရား)တခုချုပ်ယင်....(အကုန်ချုပ်ပါတယ်ဘုရား)။

အဲဒါ သိပါစေတော့လို့ ငါတို့နှစ်ပါးက အမေးအဖြေလုပ် ပြီးသကာလ ရှင်းလင်းပေးတာ ကျုပ်တို့အတွက်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် တကာတကာမတို့ မနေ့က စိတ်ဘယ်နှစ်မျိုး ပြောခဲ့သတုံး.... (ဆယ့်လေးမျိုးပါဘုရား)။

ဆယ့်လေးမျိုးကို အဲဒါ ဉာဏ်နဲ့သာ ခင်ဗျားတို့ရှု (မှန်ပါ့) ရှုလိုက်လို့ရှိယင်ဖြင့် ရှုစရာမရှိဘူးဆိုလို့ရှိယင် ထွက်စိတ်ဝင်စိတ် ရှုပေး....(မှန်ပါ့)။

ပေါ်လာလို့ရှိယင် အာဂန္တုပေါ်လာလို့....(အာဂန္တုဘဲရှုရ ပါမယ်ဘုရား) အာဂန္တုညွှတ်သည်ဘဲ ရှုပေး....(မှန်ပါ့) အာဂန္တု ညွှတ်သည်မရှိယင်....(အိမ်သည်ကိုရှု) အိမ်သည်ကိုရှုပေး၊သဘော ကျပလား....(မှန်ပါ့)။

အဲဒီလို ရှုလိုက်တော့ တခုရှုယင် ဘယ့်နှယ်တုံး.... (အကုန် ပါသွားပါတယ်ဘုရား)။

ဒါဖြင့် ဒီဟာတွေကို တကာ တကာမတွေက ရှုံအောင်, မှန်းအောင်လိုက်၊ ဆုံးအောင် လိုက်လို့ရှိယင်ဖြင့် ဒါတွေဟာ ဘာသစ္စာတွေတုံး....(ဒုက္ခသစ္စာတွေပါဘုရား)သဘောပါပလား (ပါပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု... သာဓု။

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ်မြို့ မင်္ဂလာတိုက်

ဆရာတော် ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

( အနုဗောဓဉာဏ် နှင့် ပဋိဝေဓဉာဏ် )

# ညအလုပ်ပေးတရားတော်

( ၂၁ - ၆ - ၆၁ )

မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သစ္စာကိုသိစေချင်တဲ့စိတ်ဟာ အင်မတန် အများဆုံး ပြင်းထန်တဲ့စိတ်လို့ဆိုတာ တကာတကာမတွေ့ မှတ်ထားပါ....(မှန်ပါ့)။

သစ္စာကို အများဆုံး သိစေချင်တယ်၊ ဘာ့ကြောင့်တုံးဆိုလို့ရှိယင်ဖြင့် ဒါနလုပ်တာလဲ နောက်ဆုံးပိတ်ကြတော့ သစ္စာသိမှနိဗ္ဗာန်ဝင်ရမှာ....(မှန်ပါ့) သီလဆောက်တည်နေကြတာကော....(သစ္စာသိမှနိဗ္ဗာန်ဝင်ရမှာပါဘုရား) သစ္စာသိနိဗ္ဗာန်ဝင်ရမှာဘဲ။

သမထတွေ အားထုတ်နေကြတာကော.... (သစ္စာသိမှ ဝင်ရမှာပါဘုရား)။

အဲဒီတော့ သစ္စာကလဲတဲ့၊ကိုပေါ်တို့.... ကို၀ - တို့ကမှတ်ပါ ဘုရားပွင့်မှ ပေါ်တယ်....(မှန်ပါ့) ဒီ့ပြင်တရားနဲ့ မတူဘူးနော်(မှန်ပါ့)။

သစ္စာတရားသည်.... (ဘုရားပွင့်မှ ပေါ်ပါတယ် ဘုရား) ဘုရားပွင့်မှ ပေါ်တယ်ဆိုတော့ ဒီအချိန်ကလေးကို မောင်နိုင်တို့ လူစု ကိုစောမောင်တို့ လူစုကမလွဲပါစေနဲ့.... (မှန်ပါ) လွဲလို့ ရှိယင်ကွာ....တဲ့၊ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး မင်းတို့ကို ငါ....အမြင်ကျယ်ကျယ်နဲ့ ပြောပါ့မယ်တဲ့....မင်းတို့ ဝါဠွမ်း ဖြစ်သွားမယ်တဲ့....(မှန်ပါ)။

ဥပမာ....ခရစ္စယန်က ဟောလိုက်ပြန်လို့ရှိယင် ယာဝေဘုရားက ဖန်ဆင်းတယ်လို့ ဟောလိုက်လို့ရှိယင်လဲ ဩော်....သူက ကိုယ့်ထက် ပစ္စည်းလဲ ရှိတယ်၊ ဂုဏ်လဲ ရှိတယ်၊ အသက်လဲ ကြီးတယ် ဆိုယင်ဖြင့် ဦးဘရှင်း ယုံမှာဘဲ....(မှန်ပါ) ကိုယ်က ခလေးဖြစ်ပြန်တာကိုး....(မှန်ပါ) အဲဒီလို ဖြစ်သွားတယ်....နော်....( မှန်ပါ ဘုရား)။

ဟာ....မဟာမေဒင်ကဘဲ သူတို့ အာလ္လာကဘဲ ဖန်ဆင်းတယ်, ပြုတယ်ဆိုလို့ရှိယင်လဲ သူလဲ ဂုဏ်ရှိ,သိရှိ,အာဏာရှိဆို ကိုစောမောင် ကိုယ်ကလဲ ဘာမှ မသိတော့ ဩော်....ဟုတ်တယ် ထင်ပါရဲ့ သွားဦးမှာဘဲ....(မှန်ပါ)။

အဲဒီတော့ တကာတကာမတွေ မှတ်စမ်းပါ၊ သစ္စာမသိယင် ဝါဠွမ်းဖြစ်မယ်....(မှန်ပါ)။

သစ္စာမသိယင်....(ဝါဠွမ်းဖြစ်ပါမယ်ဘုရား) ဝါဠွမ်း ဖြစ်မယ် ဆိုတာက တောင်လေလာမြောက်၊မြောက်လေလာ တောင် ကိုဝ (မှန်ပါ)။

ဒါ ဘယ့်နှယ်ကြောင့် ဖြစ်ရပါလိမ့်....( သစ္စာ မသိလို့ပါ ဘုရား)။

သစ္စာမသိတဲ့ အဖြစ်ဟာ အဆိုးဆုံးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) သူမျှားပါးစပ် လမ်းဆုံးလိမ့်မယ်ဆိုတာ ဒီက လာတာ (မှန်ပါ့)။

သူမျှားပါးစပ် လမ်းဆုံးလိမ့်မယ်ဆိုတာ....(ဒီက လာတာပါ ဘုရား)။

ကဲ....ဒါဖြင့် ကိုစောမောင်တို့ ကိုယ်တိုင်, ဦးဘရှင်းတို့ ကိုယ်တိုင်, ကိုဝတို့ ကိုယ်တိုင်ဘဲ, ကိုပေါ်တို့ ကိုယ်တိုင် စဉ်းစားကြည့်တာပေါ့၊ ဟို နောက်တုန်းက သိထားတဲ့ အသိကလေးဟာကကွာ နောက်ဘဝ ဒီ့ထက် ပိုပြီးသကာလ မဆင်းရဲလို့ အပါယ်ငရဲ လွတ်ပြီးသကာလ သုဂတိမှာ ကျင်လည်ရယင်ဖြင့် တော်ရောပေါ့ ကွာ....၊ ဒါလောက်ဆိုယင်ဘဲ တယ်ပြီးတော့ မသေးလှပါဘူး.... လို့ ကိုယ်အသိကလေးက ဒါလောက်တွင် ရှိနေတော့ ဒါလောက်တွင်လား အောက်မေ့ချင် အောက်မေ့နေမှာ....(မှန်ပါ့)။

ပြီးတော့ တခါ နိဗ္ဗာန်ဆိုတာကလဲ ပါရမီဆယ်ပါး အပြား သုံးဆယ်ကြိုးစားမှ ရနိုင်တယ်ဆိုတော့ ဒါလဲ တော်တော်ဝေး သေးတာဘဲကွာ....၊ အဲဒီတော့ နိဗ္ဗာန်မရမီ စပ်ကြားကလေး အပါယ်ငရဲလွတ် တော်ရောပေါ့....။

ဒါလောက်ဘဲ ကြားဘူးနေကြလို့ရှိယင်ဖြင့် တကာတကာမတို့ ဒါလောက်နဲ့ဘဲ ယုံတော့မှာဘဲ....(မှန်ပါ့)မယုံပေဘူးလား- (ယုံပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီအယုံ ယုံသွားပါလိမ့်မတုံးလို့မေး လို့ရှိယင် ကိုယ်က ဘာမှ အသိဉာဏ်မပါဘူး.... (မှန်ပါ့ဘုရား)။

ကိုယ်က ဘာမှ အသိဉာဏ်မပါတော့ ကိုစောမောင် အဲဒီ လူပါးစပ်,အဲဒီ ဆရာတော် ပါးစပ်, အဲဒီ ဘုန်းကြီးပါးစပ်မှာ သွားမယ်....(မှန်ပါ့)။

လမ်းဆုံးသွားတော့ နိဗ္ဗာန်က အဝေးကြီး၊ နိဗ္ဗာန်မရမီ စပ်ကြား ဆင်းရဲမှာ စိုးရိမ်ရတယ်(မှန်ပါ့)အဲဒီတော့ လူ့ပြည်, နတ်ပြည်ဘဲ အကြိမ်ကြိမ် ခံစားရယင် တော်ရောပေါ့ကွာ....လို့.... ဟောတဲ့ ဆရာများ တွေ့လို့ရှိယင်လဲ ခင်ဗျားတို့ တော်ရောပေါ့ ဘဲ....(မှန်ပါ့) မောင်နိုင်တို့ ဒီတွင် ဇာတ်သိမ်းမှာဘဲ....(မှန်ပါ့) မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

ဒါဖြင့် ကိုစောမောင်က ဆုံးဖြတ်ချက်ချ၊ ဦးဘရှင်းက ဆုံးဖြတ်ချက်ချ ဘာမသိလို့ ဒီလောက်တောင်ဒီ.... နိဗ္ဗာန်မရမီစပ်ကြားကြီး ကြိုက်နေပါလိမ့်မတုံး.... (သစ္စာမသိလို့ပါဘုရား)။

တခါ ဒီလိုမှ သစ္စာဟောမည့်လူ ပြောမည့်လူကလဲ မရှိ၊ သာသနာတွင်း တရားကလဲ မရှိဘူးဆိုလို့ရှိယင် ကိုဝ....တောတွေ, တောင်တွေမှာ ခင်ဗျားတို့ ရှောက်ကြည့်ပေတော့....( မှန်ပါ့ ) ရှောက်ကြည့်ပေတော့ ဒီအတိုင်း သွားနေလိမ့်မယ်ဆိုတာ ဘယ့်နှယ်ထင်ကြသလဲ....(သေချာပါတယ်ဘုရား)။

တနေ့က မိုးမိတ်က ကိုယ်တော်တပါး ကြွလာတယ်၊ မောင်ကိုတို့ဆီမှာ သူ လိုက်သွားတယ်တဲ့....အလှူ တခု၊ ဘုန်းကြီးက မင်းဟာ သားက ဘယ်နှစ်ယောက် ရှင်ပြုတယ်၊သမီးကဘယ်လောက်နားထွင်းတယ်၊ မင်း လှူထည်က ဘယ်လောက်အဘိုးတန်တယ်.... ရော့....ဒါ နိဗ္ဗာန်လက်မှတ်ဆိုပြီး ဘုန်းကြီးက ရေးပေးလိုက်တယ်၊ ဒီ ကုသိုလ်တွေ ဒါ မင့် နိဗ္ဗာန်လက်မှတ်ဘဲ ဆိုပြီးသကာလ

(မှန်ပါ့) အို....ဟိုက ရတဲ့ ပုဂ္ဂိုလ်တွေကလဲ ကိုဝ....ဝမ်းသာလိုက်တာတဲ့....(မှန်ပါ့)။

ပေးတဲ့ ပုဂ္ဂိုလ်ကလဲ သစ္စာသိပါရဲ့လား မေးတော့....(မသိပါဘုရား)။

ဒီဟာနဲ့ သေသေချာချာ ရောက်တော့မယ်လို့တော့ ဟိုက ယူတော့ ယူထားမှာဘဲ....(မှန်ပါ့) ယူပေမဲ့လဲ သစ္စာမသိဘဲနဲ့ ရောက်ပါ့မလား....(မရောက်ပါဘုရား)။

ကဲ-ဒီ နိဗ္ဗာန်လက်မှတ်နဲ့ ဝမ်းသာနေမယ်ဆိုလို့ရှိယင်....တကာကြီးလှိုင် သွားပြီ....(သွားပါပြီဘုရား)။

သို့သော်....သူတို့ရိုးရာသူတို့ ထုံးစံတော့ ဒါမှ မရလို့ရှိယင် အလှူပွဲမှာ အမေမိဘ အလှူရှင်တွေမှာ မကျေနပ်ဘူးတဲ့(မှန်ပါ့)။

သူ့ဟာ နိဗ္ဗာန်လက်မှတ်အစစ်ကော ဟုတ်ပါရဲ့လား....မေးတော့... (မဟုတ်ပါဘုရား) သုဂတိ လက်မှတ်လောက် ရှိတယ်....(မှန်ပါ့)

ဒါတောင်မှ သူက ပေးနိုင်ရဲ့လား၊ သေကာနီး အခါကာလမှာ ဒါတွေက မမြဲတဲ့ ကုသိုလ်တွေ ဖြစ်နေတော့ မောင်နိုင်ရေ· အာသန္နကံတွေ လာလိုက်ယင် ဘယ့်နှယ်လုပ်မလဲ.... (မရနိုင်ပါဘုရား) ဒီလက်မှတ်နဲ့ ပြီးပါ့မလား....(မပြီးပါဘုရား)။

သို့သော်လဲ သစ္စာမသိတဲ့ နယ်ကျတော့ ကိုဝ....ဒါနဲ့ ဆုံးရမှာဘဲ....(မှန်ပါ့)မဆုံးရဘူးလား....(ဆုံးရပါတယ်ဘုရား)။

အဲဒါကြောင့် အခု တရားနာလာကြတဲ့ တကာတကာမတွေ တကာရင်း ဆရာရင်းတွေ ဖြစ်နေတော့ သစ္စာမသိယင် နိဗ္ဗာန် ဘယ်တော့မှ မရလို့မှတ်....(မှန်ပါ့)။

သစ္စာမသိယင်....( နိဗ္ဗာန်ဘယ်တော့မှ မရပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သစ္စာမသိယင်....(နိဗ္ဗာန်ဘယ်တော့မှ မရပါဘုရား) မသိယင် ဝါဂွမ်းဖြစ်မယ်....(မှန်ပါ)။

ခုနင်က နိဗ္ဗာန်လက်မှတ် ပေးတဲ့ လူတွေနဲ့ တွေ့ယင်လဲ.... ဟုတ်ထင်ပါရဲ့....(မှန်ပါ)တပါးသော ဘာသာနဲ့ တွေ့ယင်ကော (ဟုတ်ထင်ပါရဲ့) ဟုတ်ထင်တော့ သူ့ဟာ ဝါဂွမ်းလိုဘဲ ဟို.... ပါးစပ်က ပြောလိုက်လဲ လွင့်သွားတာဘဲ၊ဒီ ပါးစပ်က ပြောလိုက်လဲ....(လွင့်သွားပါတယ်ဘုရား)။

အဲဒီတော့ သစ္စာသိမှ ကျောက်တိုင်ဖြစ်မယ်ဟော့....(မှန်ပါဘုရား)။

ဘုရားက သစ္စာသိမှ....(ကျောက်တိုင်ဖြစ်မှာပါ ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သစ္စာသိတော့ ကျောက်တိုင်ဖြစ်လာတယ်တဲ့၊ အခု ဒီတကာ တကာမတွေကျတော့ ဥပမာ တရားနာကြည့်လိုက်တယ်၊ဘယ်က ကိုယ်တော် ကြွလာတာ ဘယ်ကလို့ ဆိုပြီးသကာလ တရားဟော တာ နာတာပေါ့ဆိုပြီး နာကြတဲ့အခါကျတော့ ကိုယ်က သစ္စာ ကလေးသိထားတော့ သစ္စာသိမှ နိဗ္ဗာန်ဝင်မယ်၊ ဒုက္ခမမုန်းဘဲနဲ့ နိရောဓ မရောက်နိုင်ဘူး....(မှန်ပါ)။

ဒုက္ခလိုချင်နေယင်... (နိရောဓ မရနိုင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဒုက္ခလိုချင်နေတဲ့ ပုဂ္ဂိုလ်ဟာ.... (နိရောဓ မရနိုင်ပါဘုရား) မရောက်နိုင်ဘူးတဲ့၊ ဒုက္ခသစ္စာမှ သူမသိလို့ လိုချင်နေတဲ့ ပုဂ္ဂိုလ်ဟာ နိရောဓ ဘယ့်နှယ်လုပ်ရောက်မလဲ (မရောက်နိုင်ပါဘုရား)

သို့သော်လဲတဲ့ ကိုယ်က သစ္စာ သိထားတဲ့ ဉာဏ်ချိန်ခွင်ကလေး မပါလို့ ရှိယင်ဖြင့်တဲ့၊ ဟုတ်ထင်ပါရဲ့ လာမယ်.... (မှန်ပါ့ဘုရား) သစ္စာသိပြီးသား လူကတော့ လိုသေးတယ်လို့....(မှန်ပါ့)။

ဒီတရားဟာ ဘာတုံး....(လိုသေးတယ်) လိုသေးတယ်....လို့ မချိန်နိုင်ဘူးလား.... (ချိန်နိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သစ္စာဟာ အဓိက အကြီးဆုံး အချက်ဘဲ....(မှန်ပါ့)။

ကိုစောမောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဟို.... ဒါနတွေ ပြုတုန်းကဘဲ၊ သဗ္ဗညုတဉာဏ် နိဗ္ဗာန်ကို မြင်ရပါ သလား၊ သီလတွေကို လုပ်နေတုန်းကနိဗ္ဗာန်ကို မြင်ရပါသလား ဟုတ်လား၊ သမထတွေ အကြီးအကျယ် လုပ်နေတုန်းကနိဗ္ဗာန်ကို မြင်ရပါသလား၊ ဒုက္ကရစရိယာကျင့်နေတုန်းက မြင်ရပါသလား- ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သစ္စာကိုသိမှဘဲ မြင်ရသလားဆိုတာ အဲဒီကနေ ချိန်ကြည့်....(မှန်ပါ့)။

ကိုဝ....ဘယ့်နှယ်ရသလဲ....(ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သစ္စာ မြင်ရပါတယ်) သစ္စာဟာ အဲဒီကျမှ မြင်တယ်....(မှန်ပါ့)။

အဲဒီကျမှ ငါသည် အကြင်အခါ၌ ဒုက္ခသစ္စာ မသိသေး၊ ထိုအခါဘုရားဟူ၍ ငါဝန်မခံသေး....(မှန်ပါ့)ကဲ....ကိုစောမောင် လုံလောက်ပလား....(လုံလောက်ပါပြီ)။

ဒါ....ဓမ္မစကြာမှာ လာတယ်နော်....(မှန်ပါ့) တကာကြီးလှိုင် လုံလောက်ပလား....(လုံလောက်ပါပြီ)။

ငါသည် ဒုက္ခသစ္စာ မသိသေး၊ သမုဒယသစ္စာကို မပယ်နိုင် သေး၊ နိဗ္ဗာန်ကိုနိရောဓသစ္စာ မျက်မှောက်မပြုနိုင်သေး၊မဂ္ဂသစ္စာ

မပွားရသေး၊ ထိုအခါ၌ ငါသည်ဘုရားယူ၍ ငါ့ကိုယ်ငါမကြောင်ကြောသေးဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ငါသည် ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိ၊ ထိုအခါ၌ ငါ....သုံးဆယ့်တဘုံကို ဘုရားဖြစ်ပြီလို့ ငါကြောင်ကြောလိုက်တယ်ဆိုတော့ ဒီတလုံးနဲ့ဘဲ ခင်ဗျားတို့သေချာပြီ....(သေချာပါပြီ)။

တကာကြီးလှိုင် သေချာပလား.... (သေချာပါပြီ ဘုရား) ပေါ်ကြပြီနော်.... နောက်က တကာတကာမတွေ....(ပေါ်ပါပြီ ဘုရား)ဒါဖြင့် ဘာသိမှ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရောက်မလဲ....(သစ္စာသိမှ နိဗ္ဗာန်ရောက်ပါမယ်ဘုရား)။

အဲ... ဒုက္ခ မချုပ်သေးတဲ့ပုဂ္ဂိုလ် မှန်ခဲ့လို့ရှိယင်ဖြင့် ကိုစောမောင် သစ္စာကို ပိုင်ပိုင်နိုင်နိုင်မသိသေးလို့....(မှန်ပါ့)အဲဒီတော့ ဘုန်းကြီးက ရှင်းပေးလိုက်မယ်၊ ဒီအလုပ် လုပ်ပြီးတော့ ဘုရားတပည့်တော်တို့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးဘူးဘုရာ့၊ ဘာဖြစ်နေတယ် မပြောတတ်ဘူး၊ ဒီ....ဖြစ်ပျက်ဟာလဲ ဒုက္ခသစ္စာလို့ ဆရာသမားပြောထားလို့ ဒုက္ခသစ္စာလို့လဲရှုသွားဘဲ၊ ဉာဏ်ထဲကလဲ ဒုက္ခသစ္စာလို့ တပည့်တော်တို့ ထင်ပါတယ်ဘုရားလို့ ဆိုကြွားသော်လဲတဲ့ အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်ဆိုတာ နှစ်ဉာဏ်ရှိတယ်ကွာ....တဲ့ သစ္စာသိတဲ့ဉာဏ်က.... (မှန်ပါ့) သေသေချာချာမှတ်ပါ၊ ဒါအရေးကြီးလာပြီ....(မှန်ပါ့ဘုရား)။

အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်လို့ သစ္စာသိနည်းကလဲနှစ်မျိုးရှိသေးတယ်ကွာ ...တဲ့....(မှန်ပါ့)သဘောပါပလား....(ပါပါပြီ) မင်းတို့ ဒီ....ဖြစ်ပျက် လက္ခဏာရေး သုံးပါးကို ဒါကလေးဟာ ဒုက္ခသစ္စာဘဲဆိုတာက ဆရာသမားကလဲ ဟောထားတယ်၊ကိုယ့်ဉာဏ်ကလေးနဲ့ ရှုလိုက်တဲ့အခါကျတော့ ဩော်....ဒါကလေး

တွေ့ ဆရာသမားက ဘာများ ရှုခိုင်းနေတယ် အောက်မေ့နေ ပါလိမ့်၊ ဒုက္ခသစ္စာ အရှုခိုင်းနေတာကိုး ဆိုတော့ ဆရာသမား ဆီက ဉာဏ်ယူပြီး သူရှုတယ်....(မှန်ပါ့ဘုရား)။

အဲဒါသည် အနုဗောဓဉာဏ်၊ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဆရာသမားနည်းပေးတဲ့အတိုင်းဒါကလေးတွေဟာ ဒုက္ခသစ္စာ ကလေးတွေဘဲ၊ ဖြစ်ပျက်ကလေးတွေဟာ ဒုက္ခသစ္စာကလေးတွေ ဘဲလို့ ရှုနေတဲ့ဉာဏ်ကို ကိုစောမောင်က ဘာဉာဏ်ခေါ်မလဲ.... (အနုဗောဓဉာဏ်ပါဘုရား)။

အနုက အစဉ်နော်....(မှန်ပါ့)ဗောဓက သိတာ၊ ဗုဓ-ဉာဏေ ဆိုတဲ့အတိုင်း ဆရာ့ဆီက အစဉ်လျှောက်ပြီး သိနေသေးတာကွဲ၊ ကိုယ်ပိုင်ဉာဏ်စစ် မဟုတ်သေးဘူးတဲ့....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) သေသေချာချာ ဝေဘန်ပေးနေတယ်နော် (မှန်ပါ့)။

တကာတကာမတို့ ဒီအချက်ဟာ သေးတယ်လို့များ ကိုစော မောင် နည်းနည်းမှ မအောက်မေ့လိုက်ပါနဲ့....(မအောက်မေ့ ပါဘုရား) တကာကြီးလှိုင် မအောက်မေ့နဲ့နော်.... (မအောက် မေ့ပါဘုရား)။

သစ္စာသိနည်း နှစ်မျိုးရှိတယ်ဆိုတာ မောင်နိုင် သဘောကျ ပလား....(ကျပါပြီ) ဆရာ့ဆီက အစဉ်လျှောက်ပြီးသိတဲ့ဉာဏ်က ဘာဉာဏ်တဲ့တုံး....(အနုဗောဓဉာဏ်ပါဘုရား)။

အဲဒီ အနုဗောဓဉာဏ်ကို ရှေးဦးစွာ တကာတကာမတွေက ရနေတော့ ငါသစ္စာလဲသိနေပြီ၊ကိုယ့်ခန္ဓာကြီးဟာ ဟိုနေရာမှာလဲ ဖြစ်ပျက် ဒီနေရာမှာလဲ ဖြစ်ပျက်နဲ့ အင်း....ဒါတွေ သည်ကား လို့ဆိုယင် ဒုက္ခသစ္စာ၊ ဒီ....ဒုက္ခသစ္စာ သိပါလျက်သားနဲ့လဲ

ဒုက္ခလဲ မချုပ်ဘူး၊ နိဗ္ဗာန်ကလဲ မပေါ်လာ၊ ဒါ....ဘာဖြစ်ပါလိမ့် မတုံးလို့ စိတ်မပျက်လိုက်ပါနဲ့....(မှန်ပါ့)ဆရာ့ဆီက နည်းရပြီး သူ့ဉာဏ်က ဆရာ့ဉာဏ်မှီးပြီးတော့ကို သိတဲ့ဉာဏ်ဘဲ ရှိပါသေး တယ်....(မှန်ပါ့) ကိုယ်ပိုင် တခါတည်း သူ့ဉာဏ်အသစ်ထွက်လာ တာ မဟုတ်သေးဘူး.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒီ....အချက်ကလေးဟာ တကာတကာမတို့ အထူးဂရုစိုက်ပြီး ပြောနေတယ်လို့ ဆိုလို့ရှိယင်လဲ ကိုစောမောင်က လေးစားစွာ နဲ့ မှတ်ရမယ်....(မှန်ပါ့) လေးစားစွာနဲ့ နောက်က တကာ တကာမတွေ မှတ်ရမယ်နော်....(မှန်ပါ့)။

ကဲ....ဆရာက ဟောဒါ ဖြစ်ပျက်ဟာ ဘာသစ္စာတဲ့တုံး(ဒုက္ခ သစ္စာပါဘုရား)။

အင်း....ဟိုရှေ့လိုက်တော့လဲ ဒါ ဒုက္ခသစ္စာကလေးတွေ ဒုက္ခ သစ္စာကလေးတွေ....၊ ဖျတ်ဖျတ်....ဖျတ်ဖျတ်နဲ့ ဖြစ်လိုက် ပျက် လိုက်....ဖြစ်လိုက် ပျက်လိုက်၊အင်း....ဒါ ဒုက္ခသစ္စာကလေးတွေဘဲ လို့ဆိုတဲ့ ဥစ္စာသည်ကားလို့ ဆိုယင်ဖြင့်....တဲ့၊ သူ့ ဉာဏ်က ဆရာ့ဆီက နည်း မှီးရတဲ့ ဉာဏ်ဘဲ ရှိသေးတယ်၊ ဆရာ့ဆီက ကူး စပ်သွားတဲ့ ဉာဏ်....(မှန်ပါ့)။

အဲဒီတော့ ဘာလာဖြစ်နေသတုံးဆိုတော့ ကိုစောမောင်က စဉ်းစားလိုက်တဲ့အခါ ကိုဝတို့က စဉ်းစားလိုက်တော့မှ ဩော်.... ဝိပဿနာဉာဏ် ဖြစ်နေတယ်....(မှန်ပါ့) ပဋိဝေဓ - သူ့ဟာသူ ထိုးထွင်းသိလာတဲ့ ဉာဏ်မှာ မဝင်သေးလို့ ဒုက္ခမချုပ်သေးတာ.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကလေး ပြောပြီး ဒီ နှစ်လုံးတည်း ပြောရမှာကို ဘုန်းကြီး ဖြင့် တကာတကာမတွေ အတွက် အတော်ကလေး အားစိုက် ပြောတယ်....(မှန်ပါ့)။

ဘာ့ကြောင့် အတော်ကလေး အားစိုက် ပြောပါလိမ့်မတုံးဆို တော့သူတပါးဆီက ရတဲ့ ဉာဏ်အစဉ် လျှောက်တာက အနုဗောဓ ဉာဏ်....(အနုဗောဓဉာဏ်ပါဘုရား)။

ဒါတွေ ပွားများပါများလာလို့....တော်တော်ကလေး ပွား များပါများလာပြီးတော့မှ ကိုယ်ပိုင်ဉာဏ်ကလေးက ထွက်လာ တယ်....(မှန်ပါ့)။

ကိုယ်ပိုင်ဉာဏ်ကလေး ထွက်လာတော့မှ ဟာ....ဒီဥစ္စာ သည် ကားလို့ ဆိုယင်ဖြင့် ဆရာပြောတာနဲ့ ကိုယ့်ဉာဏ်ထဲမှာ တကယ် ထင်တာနဲ့ ကိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ပဋိဝေဓဉာဏ် ဖြစ် တယ်....(မှန်ပါ့) ဒါက ထိုးထွင်းသိဉာဏ်....ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဒါဖြင့် အနုဗောဓဉာဏ်က ဆရာ့ဉာဏ် အစဉ်လျှောက်ပြီး သိတဲ့ ဉာဏ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ပဋိဝေဓဉာဏ်က အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ အခုမှ အသစ်ပေါ် လာတယ်....(မှန်ပါ့) ဟိုဉာဏ်က ကျေးဇူးပြုတယ်။

အနုဗောဓဉာဏ်က ပဋိဝေဓဆိုတဲ့ ထိုးထွင်းသိဉာဏ်ကို သွား ပြီး ကျေးဇူးပြုတယ်....(မှန်ပါ့)။

အဲဒီ ကျေးဇူးပြုတဲ့ အချိန်ကျတော့ ကိုပေါ်တို့....ကိုဝတို့.... တထစ်ချ မှတ်တော့ ငါ သောတာပန် တည်ပြီလို့....(မှန်ပါ့)။

ဒါဖြင့် ကိုစောမောင် အနုဗောဓဉာဏ်နဲ့ ပဋိဝေဓဉာဏ် ထူး သလား....(ထူးပါတယ်ဘုရား)။

အနုဗောဓဉာဏ်ဆိုတာ ဆရာ့ဆီကနည်းရပြီးသကာလဖြစ်ပျက် ကလေးတွေ့ ဒုက္ခသစ္စာကလေးတွေလို့ ဝိပဿနာ ရှုတိုင်း ရှုတိုင်း မြင်နေတာက ဆရာ့ဆီက နည်းရပြီးသကာလ သူ့ ဉာဏ်ကလေး နဲ့ တွဲသွားတာ ရှိသေးတယ်....( မှန်ပါ ) အထူးပေါ်တဲ့ဉာဏ် ဟုတ်ပလား....(မဟုတ်ပါဘုရား) ဆရာ အကူအညီကင်းပလား.... (မကင်းသေးပါဘုရား)။

အဲဒီ မကင်းသေးခင်တော့ ဝိပဿနာဉာဏ်....( မှန်ပါ ) ဝိပဿနာဆိုတဲ့ အနုဗောဓဉာဏ်....(မှန်ပါ) ကိုဝ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ တကာတကာမတို့ အလွန် အရေးကြီးနေလို့ ဒီနှစ်လုံးကို ကျကျနန ပြောနေပါတယ်....(မှန် ပါဘုရား)။

နောက်ကျတော့ ရှုပါများပြီး လာတော့ ကိုယ့်ကိုယ်တိုင် ဉာဏ်သစ်လောင်းပြီးသကာလ ကိုဝရေ ဩော်....အဟုတ်ကို ဒုက္ခ သစ္စာပါကလားလို့ ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့ ကိုယ်ဆုံးဖြတ်ချက် ချလိုက်တဲ့အခါကျတော့မှ ပဋိဝေဓဉာဏ် သွားဖြစ်တယ်(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိဝေဓဉာဏ်ဆိုတာ ဆရာ့ဆီကဟာ နည်းမယူတော့ဘူးတဲ့၊ သူ့ဟာသူ တဖန် ထိုးထွင်းသိတာကို ခေါ်တယ်...(မှန်ပါ) သူ့ ဟာသူ တဖန် ထိုးထွင်းသိတယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီဉာဏ်က ဘာတဲ့....(ပဋ္ဌိဝေဓဉာဏ်ပါဘုရား) ဆရာ့ဆီက နည်းမှီးပြီး မြင်နေတဲ့ ဉာဏ်က ဘာတဲ့....( အနုဗောဓဉာဏ်ပါ ဘုရား)သဘောပါပလား....(ပါပါပြီဘုရား)။

ဩော်....ဒါဖြင့် တပည့်တော်တို့ ဘယ်ဉာဏ်ရောက်မှ တပည့်တော်ကိုသည်ကားလို့ ဆိုယင် သောတာပန် တည်မှာပါလိမ့်မလဲ လို့ ကိုဝ မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ....(ပဋ္ဌိဝေဓဉာဏ်ရောက်မှ သောတာပန်တည်မှာပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အားလုံး ရှုတ်နေတဲ့ ဤကား....ဒုက္ခသစ္စာ၊ ဤကား....သမုဒယသစ္စာ၊ ဤကား....နိရောဓသစ္စာ၊ ဤကား....မဂ္ဂသစ္စာဆိုပြီး အဘိဓမ္မာ တတ်ရုံနဲ့တော့ ကိုစောမောင် ဝေးပါသေးတယ်....(မှန်ပါ့)။

ဘယ့်နှယ်နေသတုံး(ဝေးပါသေးတယ်ဘုရား)အနုဗောဓဉာဏ်လဲ မပါဘူး....(မှန်ပါ့) ပဋ္ဌိဝေဓဉာဏ်ဆိုတာကော.... (မပါပါ ဘုရား)။

မပါတော့ တကာကြီးလှိုင် ဒါ ဓမ္မသဝန ကုသိုလ်ဘဲ ဖြစ်တယ်တဲ့၊ နိဗ္ဗာန် မရဘူး....(မှန်ပါ့)။

ပေါ်ပလား....(ပေါ်ပါပြီ) ဘာတဲ့တုံး....(ဓမ္မသဝန ကုသိုလ်ဘဲ ဖြစ်ပါတယ်ဘုရား) နိဗ္ဗာန်တော့....(မရပါဘုရား)။

ဘာ့ကြောင့်တုံး မေးတော့ ပုညကိရိယာ ဆယ်ပါးထဲ အတွင်းဝင်တယ်....(မှန်ပါ့) ပေါ်ပလား....တကာကြီးလှိုင်....ပေါ်ပါပြီ ဘုရား)။

ပုညကိရိယာ ဆယ်ပါးထဲမှာ....(အတွင်းဝင်ပါတယ်ဘုရား)။

ဒါ လူတို့၏ ကုသလကမ္မပထ တရားဆယ်ပါး ရှိသေးတယ် ကွ....တဲ့၊ ဥတ္တရိမနုဿဓမ္မ မဖြစ်ဘူးတဲ့....(မှန်ပါ)လူတို့၏ ထက်မြက်တဲ့ တရားကို သူ မတတ်နိုင်သေးဘူးတဲ့....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)လူ သီလလောက် ရှိသေးတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ကိုစောမောင် ရှင်းပြတော့ တော်တော့ကိုဘဲ တကာ တကာမတွေ လေးလေးစားစား မှတ်နိုင်ကြပြီ....( မှတ်နိုင်ပါပြီ ဘုရား)။

နောက်က တကာတကာမတွေ ဉာဏ် ဘယ်နှစ်မျိုးပါလိမ့်.... (နှစ်မျိုးပါဘုရား)ပြောပြစမ်းပါဦး....(အနုဗောဓဉာဏ်,ပဋိဝေဓ ဉာဏ်ပါဘုရား)။

အနုဗောဓဉာဏ်ဆိုတာကဘာတဲ့(ဝိပဿနာဉာဏ်ကို ခေါ်ပါ တယ်) ဆရာ့ဆီက နည်းရပြီး ရှုတဲ့ဉာဏ်....(မှန်ပါ)။

အဲဒါ ဘာဉာဏ်ခေါ်ကြမယ်....(အနုဗောဓဉာဏ်ပါဘုရား)။

ရှုရင်းမတ္တနဲ့ ဩော်....ဆရာပြောတာနဲ့ ကိုယ်က အခု သေ သေချာချာ ရှုလိုက်လို့ ထိုးထွင်းပြီးသကာလ အသစ်ဖြစ်လာတဲ့ ထိုးထွင်းဉာဏ်ကတော့ ဘာဉာဏ်တဲ့ (ပဋိဝေဓဉာဏ်ပါဘုရား)။

ပဋိဝေဓဉာဏ်၊ အဲဒီဉာဏ်ရောက်ယင် မရမရှိဘူး၊အဲဒီ့ဉာဏ် ရောက်ယင် ကိစ္စပြီးတာဘဲ.... (မှန်ပါ) သဘောပါကြလား.... (ပါပါပြီ)။

ဒီဥစ္စာကို လေးလေးစားစား ပြောနေခြင်းသည် ကိုဝ အရေး ကြီးလို့လား မကြီးလို့လား....(ကြီးလို့ပါဘုရား) သဘောပါ ကြလား....(ပါပါပြီ)။

ဒါဖြင့် ဆရာက ဒါ....ဖြစ်ပျက်ကလေးတွေ ဘာသစ္စာတုံး.... ကိုစောမောင်....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ခင်ဗျားကလဲ ရှုလိုက်တော့ ဩော်.... ဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာဘဲလို့ ခင်ဗျားမှာ ရှုဆဲဘဲလုပ်နေတယ် ဆိုပါတော့၊ ဆိုပေမဲ့လဲကိုယ်ကိုယ်တိုင်အခု အသစ်ပေါ်လာတာလားတဲ့.... ဆရာ့ဆီက နည်းယူပြီး လာတာလား.... ( ဆရာ့ဆီက နည်းယူပြီး လာတာပါဘုရား)။

နည်းယူပြီးလာတော့ ဒီဉာဏ်ကို ဘာဉာဏ် ခေါ်ကြမယ်.... (အနုဗောဓဉာဏ်ပါ ဘုရား) အဲ.... အနုဗောဓဉာဏ်နဲ့ သိတဲ့ ဒုက္ခသစ္စာ....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (အနုဗောဓဉာဏ်နဲ့သိတဲ့ ဒုက္ခသစ္စာပါဘုရား) သေသေချာချာမှတ်ပါ တကာ တကာမတို့ သုံးလေးခေါက် ပြောနေပါတယ်....(မှန်ပါ့) အနုဗောဓဉာဏ်နဲ့ သိတဲ့ ဒုက္ခသစ္စာ....(မှန်ပါ့)။

နောက် ဒီ...ဒုက္ခသစ္စာကို ကိုပေါ်တို့ ကိုဝတို့က ကိုင်း.... ဆရာ့ဆီကတော့ နည်းရပြီ၊ နည်းရတဲ့အတိုင်းလဲ ကိုယ်မြင်နေပြီ၊ ဝိပဿနာသဘောနဲ့ ဆိုကြပါစို့....(မှန်ပါ့)။

ဝိပဿနာသဘောနဲ့ ဝိပဿနာဉာဏ်နဲ့တော့ ကိုစောမောင် မြင်ပြီဆိုကြပါစို့....(မှန်ပါ့)သို့သော် ကိုယ့်ဟာကိုယ် ထိုးထွင်းပလား....(မထိုးထွင်းသေးပါဘုရား)။

ဒါဖြင့် ပွားယူ.... (မှန်ပါ့) ပွားယင်းမတ္တနဲ့ ဟိုက ခန္ဓာက သက်သေခံတာနဲ့ ကိုယ့်ဉာဏ်ကလဲ အသစ်လောင်းပြီး ဆုံးဖြတ်ချက်ချတာနဲ့ ကိုက်သွားတဲ့အခါကျတော့ ဘယ်နှယ်ဆိုကြမလဲ (ပဋိဝေဓဉာဏ်ပါဘုရား)။

အဲဒီ ဉာဏ် ရောက်ယင် ဦးဘရှင်း မရ-မရှိဘူး.... (မှန်ပါ့)။

ဒါ့ကြောင့် အနုဗောဓဉာဏ်မပါဘဲနဲ့လဲ ပဋိဝေဓဉာဏ်မဖြစ်ဘူး ....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

အနုဗောဓဉာဏ် မပါဘဲနဲ့လဲ.... (ပဋိဝေဓဉာဏ် မဖြစ်ပါဘုရား) အဲ....ပဋိဝေဓဉာဏ် မရောက်ဘဲနဲ့လဲ နိဗ္ဗာန် မမြင်ဘူး.... (မှန်ပါ့) ဒုက္ခကို သေသေချာချာ အကုန်သိပြီလို့ဆိုလို့မရဘူး (မှန်ပါ့)။

နောက်က တကာတကာမတွေ စကားနှစ်လုံးတည်းပါ၊မများပါဘူး....(မှန်ပါ့) များကြသလား....(မများပါဘုရား)။

ဘာဉာဏ်....ဘာဉာဏ်တဲ့တုံး.... (အနုဗောဓဉာဏ်နဲ့ ပဋိဝေဓဉာဏ်ပါဘုရား)။

အနုဗောဓဉာဏ်ဆိုတာ ဆရာနည်းပေးတဲ့အတိုင်း ကိုယ်ရှုနေတဲ့ဉာဏ်ကို သစ္စာတော့ သိတော့ သိပါတယ်၊ ဒါ....ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲလို့တော့ သိပါတယ်.... (မှန်ပါ့)။

ဒါကို ဦးဘရှင်းက ဘယ့်နှယ်ဆိုပါ့မယ်....(အနုဗောဓဉာဏ်ပါဘုရား)။

ကဲ....ဒါဖြင့် အနုဗောဓဉာဏ်နဲ့ တကာတကာမတွေက ပွားပြီးနေတော့ စာကြည့်သလိုပေါ့ ကိုစောမောင်ရာ.... (မှန်ပါ့) စာကြည့် စာဖတ်သွားတော့ အရှင်းသားဘဲဆိုပြီး ရှင်းတာဘဲရှိတယ်....(မှန်ပါ့)။

နောက်တခါ နဖူးပေါ်လက်တင် စဉ်းစားလိုက်တော့မှ အို-စာကဟာတွေဟာ ကိုယ့်ခန္ဓာနဲ့ အကိုက်သားဘဲ....(မှန်ပါ့)အဲဒီအကိုက်သားရောက်မှ....(မှန်ပါ့) စာကြည့်ရုံနဲ့ မပြီးသေးဘူး....

(မှန်ပါ့) ကိုယ့်ခန္ဓာနဲ့ပြန်ပြီး နဖူးပေါ်လက်တင် စဉ်းစားလိုက်တဲ့အခါကျတော့ ခန္ဓာနဲ့ စာနဲ့ဟာ ကိုက်လိုက်တာဆိုတဲ့အခါကျတော့ကိုယ့်ဉာဏ်က အဲဒီမှာဘွားလုံးနဲ့ထိုးထွင်းလာတယ်(မှန်ပါ့)

အဲဒါကျတော့ ပဋိဝေဓဉာဏ်....(မှန်ပါ့) စာကြည့်နေတုန်းကတော့........(အနုဗောဓဉာဏ်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ စိတ်မပျက်နဲ့၊ ရှင်းကြပလား (ရှင်းပါပြီ)။

ဩော်... ဒို့ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ ဆရာသမားကလဲ ဟောထားတယ်၊ ဒို့....ရှုတော့လဲ ဖြစ်ပျက်ကိုဘဲ အတွေ့သား၊ ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာကြီးဟာ မချုပ်သေးပါလိမ့်မတုံး ချုပ်လို့ရှိယင်လဲ နိရောဓသစ္စာဟာ ဒုက္ခအဆုံးမှာပေါ်ရမယ်လို့ ဘုရားဟောထားတယ်၊ ဆရာသမားကလဲ တတွတ်တွတ်ပြော၊ ဘယ့်နှယ်ကြောင့် ဒီဥစ္စာ မဆုံးသေးပါလိမ့်မလဲလို့ ဆိုတော့ ကိုယ်ပိုင် ထိုးထွင်းဉာဏ် မဝင်သေးလို့သာ မှတ်လိုက်(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဘယ်လို မှတ်ကြမယ်.... (ကိုယ်ပိုင်ထိုးထွင်းဉာဏ် မဝင်သေးလို့ပါဘုရား)။

ဒါဖြင့် ဝင်လို့ရှိယင်တော့ကိုယ်ပိုင်ထိုးထွင်းဉာဏ်လဲ ဖျတ်ခနဲ ဝင်လိုက်ပါရော၊ ဒုက္ခသစ္စာလို့ အမှန်လဲ သိလိုက်ပါရော.... မောင်နိုင်....ချုပ်သွားတာဘဲ....(မှန်ပါ့) ချုပ်သွားပြီး ဘာပေါ် လာသလဲ.... (နိရောဓပေါ်လာပါတယ်ဘုရား)။

အဲဒါကတော့ ပဋိဝေဓဉာဏ်ကိုး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာသိတဲ့ဉာဏ် ဘယ်နှစ်ဉာဏ်ရှိပါလိမ့်....(နှစ်ဉာဏ် ရှိပါတယ်ဘုရား) တဉာဏ်ကဘာပါလိမ့်....(အနုဗောဓဉာဏ်ပါ ဘုရား) တဉာဏ်က.... (ပဋိဝေဓဉာဏ်ပါဘုရား)။

အဲဒါကို တကာတကာမတွေ ဒီနေ့ လေးလေး စားစားနဲ့ ဆရာဘုန်းကြီးက ပြောနေပါတယ်၊ ကိုပေါ်တို့.... ကိုဝတို့နော်.... (မှန်ပါ့)။

စိတ်ပျက်သွားမှာကို အင်မတန် စိုးပါတယ်၊အနုဗောဓဉာဏ် မပါဘဲနဲ့လဲ ပဋိဝေဓဉာဏ်က မဖြစ်နိုင်ဘူး....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အနုဗောဓဉာဏ် မပါဘဲနဲ့လဲ....(ပဋိဝေဓဉာဏ် မဖြစ်နိုင်ပါ ဘုရား)။

ဒါဟာ တကာတကာမတွေ ပြောပါတယ်၊ ထပ်ပြောတယ် လို့လဲ မယူပါနဲ့၊ နွားကြီးမှ ဒီဉစ္စာ နှစ်ဉာဏ်ခွဲနိုင်တယ် (မှန်ပါ့) နွားမကြီးလို့ရှိယင်.... (မခွဲနိုင်ပါဘုရား)။

ကဲ....ကိုဝ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

အနုဗောဓဉာဏ်က ဆရာ့ဆီက နည်းရပြီး ပဋိဝေဓဉာဏ် ရောက်လို့ရှိယင် ဒီဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်ကတော့.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ကျုပ်တို့ ဖြစ်ပျက်ကြားဘူးတာကြာ ပါပြီဗျာ၊ ဒါ....အနုဗောဓဉာဏ်.... (မှန်ပါ့) နောက်တော့ကိုယ် တိုင်ကြည့်လိုက်တဲ့အခါကျတော့သြော်....တဆက်တည်း ဖြစ်သွား တယ်ဆိုတာနဲ့ ကိုစောမောင် တခြားစီ.... (မှန်ပါ့) မခြားဘူး လား....(ခြားပါတယ်ဘုရား) တကာတကာမတို့ မခြားဘူးလား (ခြားပါတယ်ဘုရား)။

အဲဒီတော့ အယင်ဟာက ဘာဥာဏ်တုံး....(အနုမောဥာဏ် ပါဘုရား) နောက်ခန္ဓာနဲ့ ကိုက်ကြည့်လိုက်တဲ့အခါ ဟုတ်သလား ဘဲဆိုတာက.... (ပဋိဝေဓဥာဏ်ပါ ဘုရား) ပဋိဝေဓဥာဏ်နော်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....ကျောက်တလုံး ကြည့်တယ်ဆိုကြပါစို့ဗျာ၊ အများဘဲ ကြည့်ပြီးသကာလ နေကြတယ်၊ဘယ်သူမှဒီအပြစ်ကလေးကိုမမြင် ဘူးဆိုကြပါစို့....(မှန်ပါ့) စျေးကျတော့လဲ တူနေကြတာဘဲ။

နောက်....ကိုယ့်ထက် မျက်လုံးကျယ်တဲ့လူက ကိုဝ-လာကြည့် တယ်ဆိုကြပါစို့.... (မှန်ပါ့ဘုရား) ဟာ.... ခင်ဗျားတို့ဟာက ခင်ဗျားတို့စျေးနဲ့ ခင်ဗျားတို့ဟာက အကိုက်သားဘဲ၊ သို့သော် ဒီအပြစ်ကလေးပါတယ်....ဆိုတော့ သူက မျက်လုံးစူးမသွားဘူး လား....(မှန်ပါ့)။

စူးသွားတဲ့အခါကျတော့ ဩော်....ဒါသည် ဒို့မျက်လုံးထက် သူ့မျက်လုံးက သာတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား) နဂိုက သူလဲကြည့်တာဘဲ၊ ကိုယ်လဲကြည့်တာဘဲ(မှန်ပါ့) ကြည့်တာချင်း.... တူကြရဲ့လား.... (တူပါတယ်ဘုရား) ကိုစော မောင် တူရဲ့လား....(အတူတူပါဘုရား)။

နဂို ကြည့်တာချင်းတူတယ်၊ သို့သော် အပြစ်သိတာချင်း ကြတော့.... (မတူပါဘုရား) ဒါဖြင့် သူကထိုးထွင်းတယ်.... (ထိုးထွင်းပါတယ်ဘုရား) အယင်လူတွေက.... ( မထိုးထွင်းပါ ဘုရား)။

အင်း....အယင်လူက မိဘရိုးရာအတိုင်းကြည့်တယ်....(မှန်ပါ့) နောက်လူက....(ထိုးထွင်းသိပါတယ်ဘုရား)။

အဲ... ထိုးထွင်းသိရောက်လို့ရှိယင် ပဋိဝေဓဉာဏ်မှတ်(မှန်ပါ့) ဒီကျောက်ဘဲ....(မှန်ပါ့) ကျောက်ကတော့.... (ဒီကျောက်ပါဘဲ ဘုရား)။

ဒီမှာလဲ ဖြစ်ပျက်ကတော့ အယင်တုန်းက ဝိပဿနာဉာဏ် တုန်းကလဲ ဒီဖြစ်ပျက်ဘဲ....(မှန်ပါ့) အနုဗောဓဉာဏ်တုန်းကလဲ ဒီဖြစ်ပျက်ဘဲ....(မှန်ပါ့) သဘောပါပလား.... (ပါပါပြီ)နောက် ပဋိဝေဓဉာဏ်ကျတော့ကော....(ဖြစ်ပျက်ပါဘုရား)။

သို့သော်လဲတဲ့ ပိုင်ပိုင်နိုင်နိုင် အသိနဲ့ အစဉ်လျှောက်သိနဲ့ကွာ တယ်....(ကွာပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဘယ်လိုမှတ်ကြမယ်....(ပိုင်ပိုင်နိုင်နိုင်အသိနဲ့ အစဉ်လျှောက်သိ ကွာပါတယ်ဘုရား) အို....ဒီတလုံးဟာ ခင်ဗျားတို့ သေပျော် တယ်မှတ်စမ်းပါ....(မှန်ပါ့)။

ဒီတလုံးဟာ သေပျော်တယ်မှတ်စမ်းပါမောင်နိုင်....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဒီတလုံး ဘယ့်နှယ် မှတ်ကြ မယ် ... (သေပျော်ပါတယ်ဘုရား)။

သေပျော်တယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ တရားကို အဘိုးတန် သထက်တန်အောင် ပြောနေတာလား.... ဟုတ်လား၊တကယ်ကို ဒီဥစ္စာတန်လို့ တန်တယ်ပြောနေရတာလားဆိုတာ.... (တကယ် အဘိုးတန်လို့ တန်တယ် ပြောနေရတာပါဘုရား) တကာကြီး လှိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

အဲဒီလိုမှ ခွဲပေးမည့်ဆရာ မရှိလို့ရှိယင် ကျုပ် ဝိပဿနာလုပ် နေတာ ကြာပါပြီ၊ ပါရမီက မရှိလို့လား.... အဖျက်တွေက များလွန်းလို့လား.... ကိစ္စတွေကဘဲ ပလိဗောဓတွေက များလွန်း လို့လား....ဆိုပြီး ဟိုဘက်တိမ်း ဒီဘက်တိမ်း သွားနေတယ်....

(မှန်ပါ့) ဟိုဘက်တိမ်း.... ဒီဘက်တိမ်း.... သွားနေတဲ့ အသွားဟာ ကိုဝ....မှန်ပါရဲ့လား(မမှန်ပါဘုရား) ဘယ်ဉာဏ်က ဘယ်ဉာဏ်မရောက်သေးလို့ပါလိမ့်.... (အနုဗောဓဉာဏ်က ပဋိဝေဓဉာဏ် မရောက်သေးလို့ပါဘုရား)။

အဲဒါသာ ဒီဘက်က အားထုတ်တဲ့ တကာတကာမတွေအလုံးစုံအကုန်စဉ်းစားပါ... (မှန်ပါ့) ကျောက်တလုံးဘဲ၊ ဒီကျောက်တလုံးဘဲ အကုန်ကြည့်တယ်လို့ အောက်မေ့....(မှန်ပါ့)။

ကြည့်စရာကတော့ ဖြစ်ပျက်ဘဲ(မှန်ပါ့) သို့သော် ဖြစ်ပျက်ကိုသူက ဒုက္ခပိုင်ပိုင်နိုင်နိုင်သိတာနဲ့ ဒုက္ခသာမညသိတာနဲ့ ကွာသွားတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ပိုင်ပိုင်နိုင်နိုင်သိတာနဲ့သာမညသိတာနဲ့....(ကွာသွားပါတယ်ဘုရား)။

အဲ... သာမညသိတာက ဝိပဿနာဉာဏ်၊ ရှင်းပလား... (ရှင်းပါပြီဘုရား) ပိုင်ပိုင်နိုင်နိုင်သိတာက.... (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်၊ မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တကာတကာမတွေအလုပ်ဟာလက်လျှော့ရမည့်အလုပ်လား၊ သိစရာကျန်သေးလို့ မရနိုင်တာလား.... (သိစရာကျန်သေးလို့ မရနိုင်တာပါဘုရား)။

အဲဒီတော့ သိစရာကျန်သေးလို့မရသေးတော့ကိုကိုဝ-ဒီအလုပ်လက်လွှတ်ပစ်လို့တော်ပါ့မလား.... (မတော်ပါဘုရား)။

သိစရာ ကျန်သေးလို့ ကိုယ်ဘိုင် အခုဆရာဘုန်းကြီးက ဆုံးဖြတ်ချက်ချပေးလိုက်ဘဲအခါကျတော့ ခင်ဗျားတို့က အင်း.... သိစရာ ကျန်သေးလို့ ရှေ့ဆက် သွားဦးမှဘဲ....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ(သိစရာကျန်သေးလို့ရှေ့ဆက်သွားဦးမှ ပါဘုရား)သွားဦးမှဘဲဆိုတာ တကာ တကာမတွေ ပျင်းနေလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

နို့မဟုတ်လို့ရှိယင် ဒီနေရာမှာ ပျင်းလိုက်မယ် ဆိုလို့ရှိယင် ဘဝ ပဋိသန္ဓေနေရမယ်....( မှန်ပါ ) ရှင်းကြပလား .... (ရှင်းပါပြီ)။

ဒီနေရာမှာ ဆရာပေးတဲ့ အနုဗောဓဉာဏ်နဲ့ဘဲ .. ကဲ ကိုယ့် ပါရမီက ဒါလောက် ထင်ပါရဲ့.... ကိုဝ ဒီလိုလူလဲရှိသေးတယ် နော် .. (မှန်ပါ)။

ဆရာပေးတာလဲ ဆရာလဲ ညံ့တဲ့ဆရာလဲမဟုတ်ပါဘူး၊ကိုယ် လဲရှုတာ လုံ့လဝီရိယ တယ်မညံ့ပါဘူး၊အစရှိသည်နဲ့ ကိုစောမောင် လာကုန်ပြီ....(မှန်ပါ) မလာဘူးလား.... ( လာပါတယ် ဘုရား )။

သို့သော်လဲ ကိုယ့်မှာ ဒီဖြစ်ပျက်နဲ့ဘဲ သေရပုံရ-ထင်ပါရဲ့၊ အင်း....ဒီလိုယင်လဲ မောင်နိုင် ဆုတ်နစ်တဲ့ သဘော ဆုတ်နစ်တဲ့ ဝီရိယ လာတတ်တယ်....(မှန်ပါဘုရား)။

အဲ....ဦးဘရှင်းတို့၊ ကိုဝတို့၊ ကိုပေါ်တို့၊ ကိုစောမောင်တို့လာ စရာမလိုဘူးနော်....(မှန်ပါ)။

ဒီ .. ကျောက်တလုံး ကြည့်ပြွားသော်လဲ အပြစ်သိတဲ့ပုဂ္ဂိုလ်နဲ့ မသိတဲ့ပုဂ္ဂိုလ်ဟာ ကွာပြီးတော့သိ....မသိ (ကွာပါတယ်ဘုရား)။

အပြစ်သိတဲ့ ပုဂ္ဂိုလ်သည် သူသိလိုက်သည်နဲ့ တပြိုင်နက်တည်း သူအရှုံးမရှိဘူး....(မှန်ပါ) အပြစ်မသိတဲ့ပုဂ္ဂိုလ်သည် ခပ်ဝါးဝါး နဲ့ကြည့်လိုက်တယ်ဆိုလို့ရှိယင်ဖြင့် အင်း....ကိုယ့်အထင်က ဘယ် လောက်တင်လိမ့်မယ်ဆိုပြီး ကိုက်ထားတယ်၊ ဘယ်လောက်ဈေး

ရယ်လို့ ကိုယ် ဆုံးဖြတ်ချက်ချပြီး သကာလ ဝယ်ငြားသော်လဲ ကိုစောမောင် နာလိမ့်မယ်....(မှန်ပါ့) မနာပေဘူးလား....(နာပါ တယ်ဘုရား)။

ဘာဖြစ်လို့တုံး.... ပိုင်ပိုင်နိုင်နိုင်သိတာနဲ့ ပိုင်ပိုင်နိုင်နိုင် မသိ တာကွာတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ်လိုကွာကြသလဲ....(ပိုင်ပိုင်နိုင်နိုင် သိတာနဲ့မသိတာကွာ ပါတယ်ဘုရား) အင်း....ဒါကွာသွားတယ်ဆိုတာပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အနုဗောဓဉာဏ်က ပိုင်ပိုင်နိုင်နိုင်မသိသေး....(မှန်ပါ့) ပဋိဝေဓဉာဏ်ကမှ.... (ပိုင်ပိုင်နိုင်နိုင် သိပါတယ်ဘုရား)။

အဲ....ပိုင်ပိုင်နိုင်နိုင်သိတာကို သစ္စာကို ပိုင်းပိုင်းခြားခြား သိ တယ်လို့ စာက ရေးတယ်....(မှန်ပါ့)။

ခင်ဗျားတို့ သဘောနဲ့တော့ ဘယ်လို မှတ်ကြမယ်....(ပိုင် ပိုင်နိုင်နိုင် သိတာပါဘုရား)။

ပိုင်ပိုင်နိုင်နိုင် သိတာ၊ စာသံ ပါမနေနဲ့၊ စာသံပါနေလို့ ရှိ ယင် နှစ်ပိုင်းပိုင်းရမလို ကိုစောမောင် ဖြစ်တတ်တယ်....(မှန်ပါ့ ဘုရား)။

တကာကြီးလှိုင် မဖြစ်တတ်ဘူးလား.... ( ဖြစ်တတ်ပါတယ် ဘုရား)။

ဖြစ်တတ်တယ်တဲ့၊ သစ္စာကို ပိုင်းခြားသိရမယ်ဆိုတဲ့ ဥစ္စာ သူက ရှေးစကားနဲ့ ရှေးလူနဲ့တော့ လိုက်တယ်ပေါ့ဗျာ....(မှန်ပါ့ ဘုရား)။

ကျုပ်တို့ တကာတွေနဲ့ ကျုပ်တို့ ဆရာတွေနဲ့ကျတော့ အို... ပိုင်ပိုင်နိုင်နိုင်သိတာကို ဆိုတာ....(မှန်ပါ့) မပေါ်သေးဘူးလား· (ပေါ်ပါပြီဘုရား)။

ဖြစ်တာလဲ ဒုက္ခဘဲ, ပျက်တာလဲ ဒုက္ခဘဲလို့ သူများပြော မကူဘဲနဲ့ ကိုယ့်ထိုးထွင်းဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် သိလိုက်လို့ရှိယင် ပြီးတာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အလုပ်လက်လျှော့စရာလား....၊ သိစရာ ကျန်သေးလို့ ကိစ္စမပြီးသေးတာလား....(သိစရာ ကျန် သေးလို့ ကိစ္စမပြီးသေးတာပါဘုရား)။

ဒါဖြင့် ကိုစောမောင် ဒီစကားကလေးနှစ်လုံးနဲ့ ဘုန်းကြီးက နာရီဝက်သာသာ ပြောနေတာဘဲလို့ ကိုစောမောင်က အပြစ် တင်ချင်သလား... တဲ့၊ ဒီလို မဝေဘန်တတ်လို့ နောက်ဆုတ်တဲ့လူ ဘယ်လောက်များမယ် ထင်သတုံး....(များပါတယ်ဘုရား)မများ ပေ[illegible]ူးလား .. (များပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အားလုံးကို ပြောပါသည်၊ ဘာမှ အားမငယ်နဲ့၊ ကိုယ့်ဉာဏ် ထိုးထွင်းသိကို ဒီကနေ ပွားသာပွား မောင်နိုင်....(မှန်ပါ့)။

ပွားလို့ ကိုယ့်ဉာဏ်သည် တခါတည်း ရှင်းလင်းသွားတဲ့အခါ ကျလို့ရှိယင်ဖြင့် ကိုယ်ပိုင်ဉာဏ် ထိုးထွင်းတာ ဝင်မလာဘူးလား (ဝင်လာပါတယ်ဘုရား)။

ကိုယ်ပိုင် ထိုးထွင်းတဲ့ဉာဏ် ဝင်လာလို့ရှိယင် ဒါ ပိုင်ပိုင်နိုင် နိုင်သိတဲ့ဉာဏ် ကိုဝ လာရမှာလား၊မလာရဘူးလား.... (လာရမှာ ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီလိုလဲ မှတ်ပါတဲ့ ကိုစောမောင် ဒါက တနည်း ပြောတာ....(မှန်ပါ) နောက်တနည်း ပြောပါဦးမယ် တကာ တကာမတို့နော်....(မှန်ပါ)။

နောက်တနည်း ပြောပါဦးမယ်တဲ့၊ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင် မသိဘဲနဲ့တော့ နိဗ္ဗာန်တော့ မရနိုင်တဲ့ဥစ္စာ ဘာကြောင့်တုံးဆို တော့ ဒီလိုလုပ်ပါတဲ့ ကိုဝရဲ့၊ကိလေသာဝေးမှုမဝေးမှုကလာသေး သကွာ....တဲ့....(မှန်ပါ)ဘုရားက ဟောပြန်တယ်၊ ဝိပဿနာဉာဏ် က ကိလေသာနဲ့ ဉာဏ်နဲ့ဟာ ကိလေသာ ဝိုင်းနေတယ်ကွတဲ့.... (မှန်ပါ)။

ဝိပဿနာဉာဏ်က ကိလေသာကို သိပ်အဝေးကြီး မနှင်နိုင် ဘူးတဲ့....( မှန်ပါ )ပိုင်ပိုင်နိုင်နိုင် သိတဲ့ ဉာဏ်ကမှ သူနဲ့ ဆိုင်တဲ့ ကိလေသာကို ဘယ်တော့မှ မလာအောင် နှင်နိုင်တယ်....(မှန်ပါ) ဒါလဲကွာ ဒေးတယ်ကွ.. တဲ့....(မှန်ပါ) ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်က ကိလေသာ မဝေး....( မဝေးပါ ဘုရား) ခုနင်က ပိုင်ပိုင်နိုင်နိုင် သိတဲ့ဉာဏ်က....(ကိလေသာ ဝေး ပါတယ်ဘုရား)။

ဝေးရုံတွင် မကဘူး ကိုစောမောင် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသဆိုတာ လုံးလုံးပြုတ်တယ်....( မှန်ပါ ) သူက လုံးဝကို မလာအောင် သူက လုပ်နိုင်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဝိပဿနာဉာဏ်က ဘာတတ်နိုင်သတုံး၊ ကိ လေသာကို....( ဝေးအောင် တတ်နိုင်ပါတယ်ဘုရား ) ပျောက် အောင်တော့....(မတတ်နိုင်ပါဘုရား) ပိုင်ပိုင်နိုင်နိုင် သိတဲ့ဉာဏ်

ကတော့....(ပျောက်အောင် တတ်နိုင်ပါတယ်ဘုရား)သူနဲ့ ဆိုင်တဲ့ ကိလေသာ ပျောက်အောင် တတ်နိုင်တယ်....(မှန်ပါ့)။

ကဲ....မောင်နိုင် မကွာလား....(ကွာပါတယ်ဘုရား)။

ဒီနည်းကို တကာတကာမတွေ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ ခုနင်ကဟာ ထောက်ခံချက်ပေးလိုက်တာပါဘဲ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ နားလည်မှုကို ဒါဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိလေသာ ဝေး·မဝေး၊ဝေးတာနဲ့ ပျောက်တာ ကွာသေးတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အားငယ်စရာအကွက် ပါရဲ့လား....(မပါပါဘုရား) ဝိပဿနာဉာဏ်က ကိလေသာ ဝေးအောင် လုပ်တယ်၊သဘောကျပလား....(ကျပါပြီဘုရား)။

အနုဗောဓဉာဏ်က ကိလေသာကို....(ဝေးအောင်လုပ်ပါတယ်ဘုရား)။

ပဋိဝေဓဉာဏ်က....(ကိလေသာ ပျောက်အောင် လုပ်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ပျောက်အောင်လုပ်တာနဲ့ ဝေးအောင်လုပ်တာနဲ့ ဒီဆရာကို တကာတကာမတွေက စဉ်းစားကြည့်တာပေါ့....၊ အနာကို သက်သာအောင် လုပ်တတ်တဲ့ ဆရာလဲ ရှိတယ်(မှန်ပါ့) ပျောက်အောင် လုပ်တတ်တဲ့ ဆရာကော....(ရှိပါတယ် ဘုရား)။

ဘယ်ဆရာ ခင်ဗျားတို့ ကြိုက်သလဲ....(ပျောက်အောင်လုပ်တဲ့ ဆရာ ကြိုက်ပါတယ်ဘုရား)။

အဲ....ဝေးအောင်လုပ်တဲ့ ဆရာ၊သက်သာအောင် လုပ်တဲ့ဆရာက တနေ့နေ့ အညှော်ခံလိုက်ယင် ပြန်ထလာမယ်ဆိုတာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် အညှော်လွတ်ဆိုလို့ ရှိယင်ဖြင့် ကိုစောမောင် ပဋိဝေဓဉာဏ် ရအောင်လုပ်....(မှန်ပါ့) ဘယ်အညှော်တိုက်တိုက် ဒိဋ္ဌိဝိစိကိစ္ဆာ ပြန်မလာဘူး....(မလာပါဘုရား) လာသေးရဲ့လား-(မလာပါဘုရား)။

နောက်က တကာတကာမတွေ ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

အင်မတန် အဘိုးတန်တဲ့ စကားနှစ်ခုဆိုတဲ့ ဥစ္စာ ခုနင်က အနုဗောဓဉာဏ်နဲ့ ပဋိဝေဓဉာဏ်ကို နောက်ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ထူးခြားပုံကို ကိုဝ ရှင်းပြတယ်....(မှန်ပါ့)ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကိလေသာကို ဝိပဿနာဉာဏ်က ဝေးအောင်သာ တတ်နိုင်သည်....(မှန်ပါ့) ဦးဘရှင်း ကျေနပ်ကဲ့လား....(ကျေနပ်ပါတယ်ဘုရား)နောက်က တကာတကာမတွေကော....(ကျေနပ်ပါတယ်ဘုရား)။

အများပြောလို့ ကျေနပ်လိုက်ရတာလား....ကိုယ့်သဘောထဲမှာကျလို့ ကျေနပ်ရတာလား ....(ကိုယ့်သဘောထဲမှာ ကျလို့ ကျေနပ်တာပါဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ ဒီဥစ္စာ သာမညဆိုလို့ရှိယင် ဘုန်းကြီးသည်တဲ့ ဒီလောက်နာရီတွေ အချိန်တွေ ဆွဲပြီးသကာလ ကိုဝ မပြောပါဘူး....(မှန်ပါ့) အခုတော့ ဒီဥစ္စာ ပြောသင့်-မပြောသင့်....(ပြောသင့်ပါတယ်ဘုရား)။

နို့မဟုတ်လို့ ကိလေသာ ဝေးနေသေးလို့ရှိယင်ဖြင့်တဲ့.... ဝိပဿနာဉာဏ်ဘဲ ရှိသေးလို့ နိဗ္ဗာန် မမြင်သေးဘူး....(မှန်ပါ့) သူနဲ့ ဆိုင်တဲ့ ကိလေသာ ကုန်သွားတော့ ဒိဋ္ဌိချုပ်တဲ့ နိဗ္ဗာန်.... (မြင်ပါတယ် ဘုရား) ဝိစိကိစ္ဆာချုပ်တဲ့ နိဗ္ဗာန်....(မြင်ပါတယ် ဘုရား) သီလဗ္ဗတ ပရာမာသ ချုပ်တဲ့နိဗ္ဗာန်(မြင်ပါတယ်ဘုရား) အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန်.... (မြင်ပါတယ် ဘုရား) ဒါ ပိုင်ပိုင် နိုင်နိုင် သိလို့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဒီနေ့ တရားမှာ နာရီဝက် ကျော်သွားပါပြီတဲ့....ဘယ်နှစ်လုံး သိရသတုံးမေးယင် ဘယ့် နှယ် ပြောကြမလဲ....(နှစ်လုံး သိရပါတယ် ဘုရား)။

နှစ်လုံးဘဲ သိရသေးတယ်၊အနုဗောဓဉာဏ်တလုံး၊ ပြီးတော့ ကော... (ပဋိဝေဓဉာဏ်တလုံးပါဘုရား)။

နောက် ဥပမာက ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်...( မှန်ပါ့ ) အနုဗောဓဉာဏ်က ဝိပဿနာဉာဏ်....(မှန်ပါ့) ပဋိဝေဓဉာဏ်က (မဂ်ဉာဏ်ပါဘုရား)။

မဂ်ဉာဏ်ဆိုတော့ ကိုဝ ဒါ ရှင်းသွားပြီ၊ မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလို လုပ်ကြပါစို့....ခင်ဗျားတို့ တောမှာ တချို့ မိုးခေါင်ရေရှား ဆိုတာလဲ ကြားဘူးကြပါလိမ့်မယ်.... (ကြားဘူးပါတယ်ဘုရား) ကန်ရေသောက်နော်....(မှန်ပါ့)။

ကန်ရေကို သွားကြည့်မယ် ဆိုလို့ရှိယင် ကိုဝတို့ ကျုပ် တို့ မိုးကုတ်သားတွေ မြစ်နားနေဘဲ့ လူတွေက မသောက်နိုင်ဘူး- ရေမှော် ရှုပ်နေလို့...(မှန်ပါ့)နွားလဲ ဒီထဲသောက်၊လူကလဲ ဒီထဲ

ခပ်ကိုးဗျ၊ ပြီးတော့လဲ တနှစ်လုံး လှောင်ထားရတယ်ဆိုတော့.... ထွက်ပေါက်ကလဲ မရှိ၊ နေက ပူလိုက်တာလဲ လွန်လို့ဆိုတော့.... ရေမှော်တွေဟာ မောင်နိုင်နှယ် တခါတည်း အကုန်ပိတ်နေတယ် (မှန်ပါ့)။

ဒါထက် ဟင်းရန့်တွေ အမျိုးမျိုး,အဖုံဖုံ ကြာတွေ ကိုစော မောင် ရှုပ်နေတာဘဲ....(မှန်ပါ့ ရှုပ်ပါတယ်ဘုရား) အဲဒီတော့ မှိုနတိုတွေ ပေါက်နေလိုက်တာ၊ရေပေါ်မှာ ပေါက်တဲ့ ပဒေသာ ပင်တွေ ပေါက်နေလိုက်တာ၊ မရှိပေဘူးလား....( ရှိပါတယ် ဘုရား)။

အဲဒီတော့ ရေကြည်လိုချင်တဲ့ ပုဂ္ဂိုလ်က သူဘယ်လို လုပ်ရ မတုံးဆိုတော့ ရေအိုးနဲ့ ခပ်ဘဲ ပုဂ္ဂိုလ်ဖြင့် အိုးဖင်နဲ့ လှည့်ရတယ် (မှန်ပါ့)မလှည့်ရဘူးလား....(လှည့်ရပါတယ်ဘုရား)။

ဘာဖြစ်လို့ လှည့်သတုံးလို့ မေးလို့ရှိယင်ဖြင့် ရေလိုချင်လို့ လှည့်တယ်ဆိုတဲ့ အဓိပ္ပါယ်က သက်ရောက်တယ်....(မှန်ပါ့)ဒါဘဲ ဒီ့ပြင် သူ့ဆန္ဒ ဘာမှ မရှိဘူး....(မှန်ပါ့)။

ရေကြည်လိုချင်တာဘဲ၊ သို့သော်....များများလှည့်ယင် ဝေး တယ်... (မှန်ပါ့) နည်းနည်းလှည့်ယင်....(နီးပါတယ်ဘုရား)။

နည်းနည်း လှည့်လို့ရှိယင် ခပ်ပြီးသည်နဲ့ တပြိုင်နက်တည်း သူတို့က ပြန်လာတာဘဲ....( မှန်ပါ့ )ရေက နိမ့်သွားပြီကော၊ ရေက နိမ့်သွားလို့ရှိယင် ပြန်မလာဘူးလား....(ပြန်လာပါတယ် ဘုရား)။

အဲ....ခုနင်က ရေမှော်နဲ့ ကိလေသာနဲ့ တူတယ်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)နည်းနည်း ဝိပဿနာဉာဏ်

လောက်တော့ သူက ပြန်ဝင်တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ... တာရှည်လှည့်စမ်း ကိုစောမောင် အိုးဖင်နဲ့....(ဝေးပါတယ်ဘုရား)ဝေးသွားမှ ခပ်လိုက်တော့ ရေကြည်ရတယ်... (ရပါတယ်ဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

အေး....ဒါကြောင့် နိဗ္ဗာန်ဆိုတာက ဘယ်သူနဲ့မှ မရောချင်ဘူး....(မှန်ပါ) နိဗ္ဗာန်ဆိုတာက ဒုက္ခသစ္စာနဲ့လဲ မရောချင်ဘူး၊ ကိလေသာနဲ့ကော....( မရောပါဘုရား )။

မရောချင်တော့ သူက ကြည်ကြည်လင်လင်မှ ဖြစ်နိုင်တယ် ဖြစ်လို့ ခင်ဗျားတို့ ကိလေသာ ဝေးမှ ရမယ်....(မှန်ပါဘုရား)။

ဝေးအောင် လုပ်နိုင်မှ....(ရပါမယ် ဘုရား)ကိလေသာ မဝေးသေးယင်... (မရပါဘုရား )။

ကိလေသာ မဝေးသေးယင် ဝိပဿနာဉာဏ်နဲ့လို့ မှတ်(မှန်ပါ) ကိလေသာ ဝေးသွားတော့မှ ပိုင်ပိုင်နိုင်နိုင် သိလို့ရှိယင် မဂ်ဉာဏ်လို့ မှတ်....(မှန်ပါ) ဩော်....မဂ်ဉာဏ် ပေါ်တာ ကိလေသာ ဝေးမှ ပေါ်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ရေခပ်တဲ့ ဥပမာနဲ့လဲ ရှင်းမယ်ဆိုလို့ရှိယင် ခင်ဗျားတို့ ရှင်းလောက်ပါပြီ....(ရှင်းပါပြီဘုရား)။

ဘယ်နှစ်မျိုး ရှိသွားပြီလဲ ကိုစောမောင်....(သုံးမျိုး ရှိသွားပြီနော်....(မှန်ပါ)။

အနုလောမဉာဏ်, ပဋိလောမဉာဏ် ထူးပုံ....(မှန်ပါ) ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ထူးပုံ၊ ရေခပ်တဲ့အခါရေကြည် ရပုံနှင့်အရောရပုံ၊ထူးပုံ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ)ဘယ်နှစ်မျိုး ပါသွားပလဲ....(သုံးမျိုးပါဘုရား)။

သုံးမျိုးပါသွားပြီဆိုတော့ တကာတကာမတွေက ဩော်.... ဒီဆရာသည်ကားလို့-ဆိုလို့ရှိယင်ဖြင့် သံသယမရှိလောက်အောင် ပြောတာဘဲ....(မှန်ပါ့)ဒို့ လိုတာကိုလဲ လိုတာလို့ သိအောင်.... ဟောနေတာဘဲ....(မှန်ပါ့) မောင်နိုင် မပေါ်သေးဘူးလား.... ( ပေါ်ပါပြီ ဘုရား ) လိုတာကို....(သိအောင် ဟောပါတယ် ဘုရား)။

အလကားနေရင်း နို့မဟုတ်ယင် တကာတကာမတွေက ပါရမီက ဒီလောက် ထင်ပါရဲ့၊ ဟော....ကိုဝ လာချင်လာမယ်.... ( မှန်ပါ့ ) ကိုပေါ် မလာတတ်ဘူးလား....( လာတတ်ပါတယ် ဘုရား )။

ကိုယ်ကိုယ်တိုင် စဉ်းစားကြည့်ပါ၊ ပျင်းတာကလဲ ရောလာတော့ ပါရမီဘက်လဲလှည့်ချင်လှည့်ချတတ်တာ....(မှန်ပါ့)တိုဖြင့် အနုဗောဓဉာဏ် ရှိသေးတဲ့ ဥစ္စာ သူ့မှာ ပါရမီ ချတုန်းရှိသေး တယ်....(မှန်ပါ့)အနုဗောဓဉာဏ် ရင့်တော့ ဘာဉာဏ် ဖြစ်ရမှာ တုံး....(ပဋိဝေဓဉာဏ် ဖြစ်ရမှာပါဘုရား)။ ပဋိဝေဓဉာဏ် ဖြစ်ရ မယ်ဆိုတာက တကာတကာမတွေ မသေချာဘူးလား....(သေ ချာပါတယ်ဘုရား)။

အဲဒီတော့ အဲဒီ သေချာတဲ့ နည်းကို တကာတကာမတွေက ဩော်.... ဉာဏ်လိုသေးလို့....ဉာဏ်လိုသေးတယ်လို့ သဘောကျ ပလား(ကျပါပြီဘုရား)။

ဉာဏ်လိုသေးလို့ ဉာဏ် လိုသေးလို့ဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် အခုတော့ ဝေဘန်တတ်ပါပြီ (မှန်ပါ့ ဝေဘန်တတ်ပါပြီ ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူ့အားထုတ်တယ်၊ မဂ် ဉာဏ် ဖိုလ်ဉာဏ် အားထုတ်တယ်၊ အားထုတ်တော့ သူမရဘူး၊ မရတော့ သူ့ဉာဏ်ထဲမှာ ထိုးထွင်းတာတခု ပေါ်လာတယ် မောင်နိုင် အားထုတ်ယင်း မတ္တာနဲ့....(မှန်ပါ)။

အားထုတ်ယင်းမတ္တာနဲ့ ဘယ်လို ပေါ်လာသတုံး....ဆိုတော့ ကိုပေါ်တို့ ကိုဝတို့ မှတ်စမ်း၊ သဖန်းသားကြီးတုံး ရေထဲက ဆယ်ပြီး မီးရှို့နေတာကိုး....(မှန်ပါ) အစိုလဲဖြစ်ပြန်မီးလဲရှို့ပြန် ဆိုတော့ ဘယ့်နှယ်တုံး....တောက်ပါ့မလား.... ( မတောက်ပါ ဘုရား)။

အင်း.... ငါလုပ်နေတဲ့အလုပ်ဟာ ပဌမ ဒီလိုလုပ်နေတာပါ လားလို့ သူ့ဟာသူ မြင်တယ်....(မှန်ပါ) သဖန်းသား အစေး တွေနဲ့ဟာကြီးကို ရေထဲကဆယ်ပြီး မီးရှို့တော့ဖြင့် ဘယ်နည်း နှင့်မှ တောက်မှာ မဟုတ်ပါဘူး....လို့ သူ မြင်တော်မူတယ်.... (မှန်ပါ)။

ဒါနဲ့ နောက်တခါ ဥပမာ သူ့စိတ်ထဲ မတွေးဘဲနဲ့ပေါ်လာ တယ်.... ဒီ ဥပမာနှစ်ခုဟာ.... (မှန်ပါ)။

အင်း သဖန်းသားအခြောက်ကြီးကို ရေထဲမှာလဲခြောက်နေ တယ်၊ အဲဒါကို မီးပွတ်ကျည် ကောင်းကောင်းနဲ့ ရှို့လိုက်လို့ ရှိယင်လဲ ကိုစောမောင် မတောက်ပေဘူးလား.... ( တောက်ပါ တယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဟိုအစိုတုန်းကတော့ ဘယ်လိုမီးရှို့ရှို့.... (မရပါ ဘုရား)ခြောက်တဲ့ဥစ္စာကျတော့.... ( တောက်ပါတယ်ဘုရား ) သဘောကျပလား....(ကျပါပြီ)။

ဒီမှာလဲတဲ့ တကာတကာမတို့ဝိပဿနာနဲ့ ကိလေသာခြောက်ပြီးတော့မှ မဂ်မီးနဲ့ရှို့ယူရတယ်....(မှန်ပါ) သဘောပါပလား....(ပါပါပြီ)။

ဝိပဿနာမီးနဲ့(ခြောက်အောင်ရှို့ရပါမယ်) ခြောက်အောင်ရှို့ရမယ်၊ ခြောက်အောင် မဂ်မီးနဲ့ ရှို့တော့မှ ဒိဋ္ဌိဝိစိကိစ္ဆာအတုံးတွေ အကုန်ပြောင်ထွက်သွားတယ်....(မှန်ပါ)။

အဲဒါ ဘယ်သူမှမပြောဘဲနဲ့ ဘယ်သူမှ မပြောဘဲနဲ့ ငါအားထုတ်ရင်းပေါ်လာတဲ့ဥပမာဟေ့.... ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်သူကဟောလို့တုံး....(ဘုရားက ဟောပါတယ် ဘုရား) ဘုရားက သူ့ဟာသူ ပေါ်တာတဲ့လား.... (မှန်ပါ) အဲဒီတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရသေးဘူး....(မှန်ပါ) မရသေးခင် ဒီဥပမာနှစ်ခု ငါ့မှာပေါ်လာတယ်ကွ....တဲ့....(မှန်ပါ)ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒီမှာလဲ တကာတကာမတွေက ဝိပဿနာဉာဏ် ကလေးအားထုတ်ပြီးသကာလနေတော့ဘယ့်နှယ်ကြောင့် မရသေးပါလိမ့်မတုံးအို....စိုနေတာကြီး မီးရှို့နေသေးလို့၊သဘောကျပလား(မှန်ပါ) အင်း.... ဝိပဿနာဉာဏ်နဲ့ ရှုဖန်များလာတော့ ကိလေသာကအစေးခြောက်မယ်....(ခြောက်ပါတယ်ဘုရား)။

ခြောက်တဲ့အခါကျတော့ မဂ်မီးနဲ့ရှို့လိုက်တော့....(ပြောင်ပါတယ်ဘုရား) အဲ....ဒိဋ္ဌိဝိစိကိစ္ဆာဆိုတဲ့ ကိလေသာတွေ ကျန်သေးရဲ့လား....(မကျန်ပါဘုရား)။

အဲ....ခြောက်မှ မီးရှို့ ရမယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) အစိုမီးရှို့ယင်.... (မရပါဘုရား)။

ဒီ ဥပမာနှစ်ခုကွာ....တဲ့ ငါ....သဗ္ဗညုတဉာဏ်လဲ မရသေးပါဘူး....တဲ့၊ ဒီအချိန်မှာ ဒီဥပမာနှစ်ခု ပေါ်လာတယ်တဲ့(မှန်ပါ့)။

ဟာ....ဒါဖြင့် ဟုတ်ပြီ ဆိုပြီးသကာလ ခြောက်အောင်လုပ်ပြီး မီးရှို့မှဘဲလို့ သူ့စိတ်ထဲပေါ်တော့မှ ဘုရားဖြစ်လာတာကွတဲ့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ်နှစ်မျိုးရှိသွားပလဲ....(လေးမျိုးရှိပါပြီ) ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်သာ ပြောနေတာ....(မှန်ပါ့)။

ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်တွင် ကိုစောမောင် လေးမျိုးရှိသွားပြီ(မှန်ပါ့)တကာတကာမတွေ့ ကျေကျေနပ်နပ်သဘောကျပလား(ကျပါပြီဘုရား)။

သြော်....ဒါဖြင့် ဒို့ မရသေးတာ ဘာပါလိမ့်မတုံးဆိုတော့ အစို မီးရှို့နေသေးလို့ဟေ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....နောက်ကျလာတော့ ရသွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ့်နှယ်ပြောမလဲ....(ခြောက်သွားပါတယ် ဘုရား) အခြောက် မီးရှို့နေလို့ ပြောင်သွားတာဘဲလို့ မှတ်လိုက်လဲ ပြီးသွားတာပါဘဲတဲ့....(မှန်ပါ့) ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူ့ ကျင့်စဉ်မှာဖြင့် ဒီ ဥပမာ နှစ်ခုဟာ ကိုဝ....ပါတာချည့်ဘဲ ဘယ်စာမဆို....၊ သူ့ ကျင့်စဉ်ကို ဟောတော့မယ်ဆို ဒီ ဥပမာနှစ်ခုကွာ....ငါ့မှာ ဘုရားမဖြစ်ခင်က ပေါ်လာတာချည့် ပြောတာဘဲ....(မှန်ပါ့) သဘောပါကြလား....(ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အားလျော့စရာလား .... မခြောက်သေးလို့လား....(မခြောက်သေးလို့ပါဘုရား) အဲဒါ ပါရမီ လိုလို့လား (မဟုတ်ပါဘုရား)။

ပါရမီနဲ့ ဘာမှ မဆိုင်ဘူး၊ သဘောကျပလား....(ကျပါပြီ) ပါရမီကို ကိုဝ ဆင်ခြေ လဲချင်သေးသလား(မလဲချင်ပါဘုရား) မလဲကြနဲ့တော့။

တချို့တော့ ပါရမီတွင် မဟုတ်ပါဘူး၊ တကာကြီးလှိုင်တို့ တခါတခါများ တပည့်တော်က ပဒပရမ ပုဂ္ဂိုလ်ထင်ပါရဲ့၊ ဒီလို တောင် နောက်ဆုတ်သွားတယ်....(မှန်ပါ့ ဘုရား)။

ပဒပရမ ပုဂ္ဂိုလ်ဆိုတာ ဒီဘဝ ဝါသနာပါရုံကိုးဗျ....အား ထုတ်ပေမဲ့....(မှန်ပါ့) အဲဒီ အထဲများ ရောက်နေထင်ပါရဲ့....၊ ဒီလို တွက်ကြတယ်....(မှန်ပါ့)။

မဟုတ်ပါဘူးတဲ့ သစ္စာနားထောင်နိုင်တဲ့ နားရှိလို့ရှိယင်.... တိဟိတ်ပါတဲ့....(မှန်ပါ့)။

သစ္စာကို သေသေချာချာ ဟောတဲ့အတိုင်း သဘောကျပြီး.... ခြော်....သူ မသိသေးလို့ နိဗ္ဗာန် မရသေးတာပါကလားလို့.... ကိုယ့်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချလို့ရှိယင် ဒါတိဟိတ်တွေပါဘဲတဲ့ (မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

အဲဒီတော့ တိဟိတ်ဆိုယင် ဒီဘဝ ရ,ရမှာကိုးဗျ....ကိုစော မောင်....(မှန်ပါ့ ရ,ရမှာပါဘုရား)။

အဲ... ခုနင်က တိဟိတ်ပေမဲ့လဲ ကိလေသာ ထူပြောတော့ အစို မိးရှို့နေသေးယင် မရသေးဘူး....(မှန်ပါ့)နောက် ခြောက် သွားတော့....(ရပါတယ်ဘုရား)။

အဲဒီတော့ ရှေးဦးစွာ ခုနင်က ဝိပဿနာ လုပ်စ တော့ အစို မီးရှို့တာဘဲ ရှိသေးတယ်(မှန်ပါ့)သဘောကျပလား (ကျပါပြီ) နောက်ကျတော့ အခြောက်မီးရှို့ မဖြစ်ပေဘူးလား....(ဖြစ်ပါ တယ်ဘုရား)။

အဲဒီတော့ တကာကြီးလျှိုင်ရေ အသက်ကြီးပေမဲ့ မလျော့နဲ့ (မှန်ပါ့) လျော့လို့ တော်ပါ့မလား....(မတော်ပါဘုရား)။

မတော်ပါဘူးတဲ့၊ မာလုကျ ပုတ္တာလိုပေါ့၊ မင်း အသက်ကြီးမှ ငါ့ဆီ လာပြီး တရားလဲ တိုတိုတောင်းသေးတယ်၊ အသက်ကလဲ ကြီးပြီ၊ ငယ်ငယ်တုန်းက မင်း ဘာလုပ်နေသတုံး....(မှန်ပါ့)။

ဘုရားက မေးတာကိုး၊ ငယ်ငယ်တုန်းက အရှင်ဘုရား သိတဲ့ အတိုင်း သားရေး, သမီးရေး, စီးပွားရေး လုပ်နေရတာပေါ့၊ သို့သော်လဲ တပည့်တော် အသက်ကြီးပေမဲ့ လုပ်နိုင်ပါသေး တယ်၊ ပေးသာပေးပါ အရှင်ဘုရားက....တဲ့။

ဒီလို လုပ်ရမှာ တကာကြီးလျှိုင်ရ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ပေးလိုက်တာပေါ့ ဘုရားက၊ပေးလိုက်လဲ ရတာ ဘဲ အသက်ကြီးလှပြီ....( မှန်ပါ့ ) မရဘူးလား....( ရပါတယ် ဘုရား)။

မင့်ကွာ.... တရားပေးရတာ နောက်လူတွေ အတွက်တောင် ခက်တယ်လို့ ဘုရားက ညည်းလိုက်သေးတယ်....(မှန်ပါ့)။

အသက်လဲ ကြီးသေးတယ်၊ တရားတိုတိုပေးပါဆိုတော့ မင့် ဥစ္စာ နောက်လူတွေအတွက် ဘယ်လိုများ ငါက သုံးရမှာတုံး တောင် ဘုရားက မေးသေးတယ်....(မှန်ပါ့)။

ဟာ… တပည့်တော် အသက်ကြီးပေမဲ့လဲ တိုတိုကို အရှင်ဘုရားက မိအောင် ပေးလို့ရှိယင် လုပ်နိုင်တဲ့ အားရှိပါသေးတယ်ဆိုပြီး သူ တာဝန်ခံပြီး ယူတော့ တကာကြီးလှိုင် သူ ရဟန္တာ မဖြစ်ဘူးလား….(ဖြစ်ပါတယ်ဘုရား)။

အဲဒီလို မာလုကျပုတ္တ မှတ်ပြီး တကာကြီးလှိုင် လုပ်သာလုပ်၊ ရှုပ်မနေနဲ့….(မှန်ပါ့)ရိပ်မိပလား….(ရိပ်မိပါပြီဘုရား)။

လုပ်မိအောင်လုပ်၊ လုပ်တာ ကိုယ့်တာဝန်….(မှန်ပါ့)။

ကိုင်း….ဒါဖြင့် တကာ တကာမတွေ ခန္ဓာကိုယ်ပေါ်မှာ လျှောက်ရှာကြစို့ ဆိုတော့၊ သစ္စာ ရှာကြစို့နော်….(မှန်ပါ့)။

သစ္စာ တခြားကို မရှာပါနဲ့တဲ့ မင်းတို့ တလံမျှလောက်သော ခန္ဓာကိုယ် အမြဲပြန် ခေါင်းပြန် ရှာပါတဲ့….(မှန်ပါ့) ခြေဆုံး ခေါင်းဆုံးပေါ့လေ….(မှန်ပါ့) တိရစ္ဆာန်ကျတော့ အမြီးပြန်…. ခေါင်းပြန် ဆိုရမယ်၊ လူကျတော့ ခြေဆုံးခေါင်းဆုံး ရှာ….(မှန်ပါ့ဘုရား)။

တကာတကာမတို့ သစ္စာ ဘယ်နေရာ ရှာကြမယ်….(ခြေဆုံး ခေါင်းဆုံး ရှာရပါမယ်ဘုရား) အဲ…. ခြေက နေပြီး ဉာဏ်နဲ့ ရှောက်၊ ခေါင်းက နေပြီး ဉာဏ်နဲ့ ရှောက်….မနေ့ာနဲ့ပေါ့လေ…. (မှန်ပါ့)ရှောက်လိုက်တော့ မောင်နိုင်ရေ….မှုပြောင်းတွေ မတွေ့ရပေဘူးလား….(တွေ့ရပါတယ်ဘုရား)။

ဦးဘရှင်း ဘာတွေ တွေ့သလဲ….(မှုပြောင်းတွေတွေ့ရပါတယ်ဘုရား)။

ပင်ကိုယ်မူမှ သီးခြားတွေ မတွေ့ရဘူးလား….(တွေ့ရပါတယ်ဘုရား) အင်း….ဟိုက ယား၊ ဒီက နာ၊ ဒီက အောင့် ဟုတ်လား (မှန်ပါ့) ဒီက ဖျတ်ဖျတ်-ဆပ်ဆပ်၊ ဟိုက ဆပ်ဆပ်နဲ့ မဟုတ်ဘူး

လား....( မှန်ပါ ) ဟိုကနေ အသစ်တွေ တမျိုး ပေါ်လာလိုက်၊ ထိုင်စ,က မရှိတာတွေ ပေါ်ပေါ်လာတယ် ကိုဝရေ....(မှန်ပါ ဘုရား)။

ဒါတွေ ဘာတွေတုံးလို့ ဆိုတော့မှ ဩော်....ဆရာသမား ကလဲ အနုဗောဓဉာဏ်နဲ့ နည်းပေးထားတော့ ဒါတွေဟာ ဖေါက်ပြန် ပျက်စီးတာတွေကွ၊ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒါတွေဟာ....(ဖေါက်ပြန် ပျက်စီးတာတွေပါဘုရား)။

ဖေါက်ပြန်ပျက်စီးတာတွေ ဆိုတော့ ဝိပရိဏာမလက္ခဏာံ ဒုက္ခသစ္စံ....ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဝိပရိဏာမလက္ခဏာံ=ဖေါက်ပြန်ပျက်စီးတာသည်၊ဒုက္ခသစ္စံ= ဒုက္ခသစ္စာမည်သည်၊ ဟောတိ·ဖြစ်၏။

အဲဒီလို တကာတကာမတွေက ခြေဆုံး ခေါင်းဆုံး ဉာဏ် ကလေးနဲ့ ပြေးကြည့်လိုက်ပါ....(မှန်ပါ) ပြေးကြည့်လိုက်တဲ့ အခါကျတော့ ဝေဒနာကလေး၏ ဖေါက်ပြန်မှု, စိတ်တို့၏ .... ဖေါက်ပြန်မှု, ရုပ်တို့၏ ဖေါက်ပြန်မှု တွေ့တယ်၊ တွေ့တဲ့အခါကျ တော့မှ ဆရာဘုန်းကြီးက ဟေ့....တွေ့ပလား....တွေ့ပြီ၊ တွေ့ယင် တခုတည်း မပြီးလိုက်(မှန်ပါ)စိတ်ချည့် မဲလိုက်၊ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်ဖြင့်(ဝေဒနာမဲလိုက်ရပါမယ်ဘုရား)ဝေဒနာချည့် မဲလိုက် (မှန်ပါ) ဟာ....ပူတာ အေးတာနဲ့ တုန်တာ လှုပ်တာတွေချည့် တွေ့နေတယ်၊ အို....ရုပ်ချည့် မဲလိုက်....(မှန်ပါ)။

သူတို့က ဘာပြောသတုံးဆိုတော့ ကျုပ်တို့ ဒုက္ခသစ္စာဘဲလို့ ပြောတာဘဲ....(မှန်ပါ)ပြောပေမဲ့ ကိုယ်က ဆုံးဖြတ်ချက် မကျ သေးယင် မရသေးဘူး....(မှန်ပါ) ရှင်းပလား(ရှင်းပါပြီဘုရား)။

ပြောပေမဲ့လဲ....(ဆုံးဖြတ်ချက်မကျသေးယင် မရသေးပါဘုရား) ကိုယ့်မှာ ဉာဏ်ထူး မလာသေးယင်....(မရသေးပါဘုရား)။

အဲ....တကာတကာမတို့တဲ့ ခန္ဓာကတော့ဖြင့် ဒုက္ခသစ္စာပေါ် ဒုက္ခသစ္စာ အမြဲပြောတာဘဲ....(မှန်ပါ့)ကိုယ်က ဉာဏ်ထူး မလာသေးလို့ ဆရာပြောတဲ့ ဉာဏ်နည်းမှီးပြီး နေသေးလို့ မရသေးတာ....(မှန်ပါ့)။

ကိုယ်က ဉာဏ်ထူးလာတဲ့အချိန်ကျတော့ ကိစ္စပြီးပေါ့လို့.... ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် ဆိုစရာ လိုသေးသလား....(မလိုပါဘုရား)ဉာဏ်ထူး မလာသေးတာ တခုဘဲ မဟုတ်ဘူးလား....( မှန်ပါ့ ) ဆရာ့ဉာဏ်နဲ့ နည်းမှီးပြီးလာတဲ့ ဉာဏ်နဲ့သာ လုပ်နေရသေးလို့....( မှန်ပါ့ )ဉာဏ်ထူးလာယင် ပြီးသွားတာဘဲ... (မှန်ပါ့)။

ဒါက ဘာဉာဏ်တဲ့....ပဋိဝေဓဉာဏ်....(မှန်ပါ့) မောင်နိုင်.... ဘာတဲ့....(ပဋိဝေဓဉာဏ်ပါဘုရား)။

အဲ....ဆရာပေးထားတဲ့ အတိုင်း ရှုမှတ်ပြီးသကာလ နေတာက....(အနုဗောဓဉာဏ်ပါဘုရား) ရှင်းပလား(ရှင်းပါပြီဘုရား)။

အဲဒီလို ရှင်းရှင်း....ရှင်းရှင်းပြီးသကာလ သွားတော့ နေရာကျပါပြီတဲ့၊ ကဲ....သစ္စာရှာတော့ ခြေဆုံး ခေါင်းဆုံးရှာပေါ့.... (မှန်ပါ့) ခြေဆုံး ခေါင်းဆုံးရှာတော့ ဦးဘရှင်း ဘာတွေ တွေ့မလဲ....(ဖြစ်ပျက်တွေပါ ဘုရား) ဖေါက်ပြန်ပျက်စီးတာတွေ.... (တွေ့ပါတယ်ဘုရား) နဂိုမူ ပျောက်တာတွေ .... (တွေ့ပါတယ် ဘုရား)မတွေ့ဘူးလား....(တွေ့ပါတယ် ဘုရား)။

အင်း....ဒါတွေ ကိုဝက ဘာသစ္စာဆိုမတုံး....(ဒုက္ခသစ္စာပါ ဘုရား)။

စဉ်းစားကြည့်ပါ၊တုံးပေါ်ပေါက် တုံးမှိုဘဲ ဖြစ်ရမယ်၊မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) ဝါးပေါ်ပေါက်ယင်....(ဝါးမှိုပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ ဒီ ခန္ဓာကြီးက သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာလို့ ဟောထားတော့ ဒီအပေါ်ပေါက်သ၍ ဘာဆိုကြမလဲ....(ဒုက္ခပါဘုရား)ဒီအပေါ် ပေါက်သ၍ ဒုက္ခ....(မှန်ပါ)။

ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီ)တုံးပေါ် ပေါက်တော့....(တုံးမှိုပါဘုရား) တုံးမှိုဘဲ ခေါ်ရမှာဘဲတဲ့၊ ဒုက္ခပေါ်ပေါက်လာတော့....(ဒုက္ခပါဘုရား)ဒုက္ခဘဲ ရှိမှာဘဲ....(မှန်ပါ)။

ဒီခန္ဓာကြီးကဖြင့် ဘုံးပေါ်က ပေါက်လို့ တုံးမှိုဆိုသလိုဘဲ ခန္ဓာထဲကပေါ်လာတာဟူသ၍ဖြင့်ဒုက္ခညွန့် ဒုက္ခအခက်တွေ ထွက်တာဘဲ....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) ခန္ဓာကြီးက ဒုက္ခသစ္စာကိုး....(မှန်ပါ)။

အင်း....အခုမှ ဒီ ခန္ဓာထဲက ထူးထူးခြားခြားတွေ တွေ့တာဘာတွေပါလိမ့်မတုံးလို့ ဆိုမနေနဲ့တော့ တုံးပေါ် ပေါက်တာ တုံးမှိုသာ မှတ်လိုက်....(မှန်ပါ) ခန္ဓာပေါ်ရောက်တာ ဒုက္ခသစ္စာပေါက်တာဘဲ....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား) အင်း....သူ့အပေါ်က,နေပြီး ထူးထူးခြားခြားကလေးတွေ ပေါ်လာတာကတော့....( ဒုက္ခအညွန့် ပေါက်တာပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာခန္ဓာက ဒုက္ခဘဲ ပြမယ်....(မှန်ပါ့)။

ဒုက္ခသစ္စာ ခန္ဓာက....(ဒုက္ခဘဲ ပြပါမယ်ဘုရား)ဒီလိုဆိုတော့ သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ ဘုန်းကြီး အရေးကြီးတာက တကာ တကာမတွေ မှတ်ထားလိုက်စမ်းပါ၊ဒီခန္ဓာ ဒုက္ခသစ္စာလို့ မူလက မှတ်ထား၊ မမှတ်မှာ သိပ်စိုးတယ်....(မှန်ပါ့)။

မူလက သေသေချာချာ မှတ်ထားတဲ့အတိုင်း ဓမ္မစကြာလာတဲ့အတိုင်း, အနတ္တလက္ခဏာသုတ် လာတဲ့အတိုင်း နဂိုက ဒီ ခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုတာ သံသယမရှိအောင် မှတ်ထား(မှန်ပါ့) မှတ်ထားပြီးသည့် နောက်တော့ ဒီခန္ဓာပေါ်က ဘာဘဲလာလာ ခင်ဗျားတို့က ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဒုက္ခဘဲ လာရမှာပါဘုရား) ဒုက္ခသစ္စာဘဲ လာရမယ်....(မှန်ပါ့)။

အဲဒီတော့ အခု ဆရာက ပြောထားတယ်....၊ ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာပေါ် ပေါ်သရွေ့က....(ဒုက္ခဘဲ ပေါ်ပါတယ်ဘုရား) ဒုက္ခသစ္စာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကိုပင်လျှင် အခု ဆရာပြောတဲ့အတိုင်း တကာတကာမတွေက ခြေဆုံး ခေါင်းဆုံး ရှောက်ပြီးသကာလ ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဆရာ ပြောတဲ့ အတိုင်းတော့ ရှင်းပြီ.... (မှန်ပါ့) ကိုယ့်ဉာဏ်စွမ်းကလေး ကျန်သေးတယ်....(မှန်ပါ့)။

တကာကြီးလှိုင်....ဒါကလေး မှတ်စမ်းပါ(မှန်ပါ့) ကိုဝ....ဒါကလေး မှတ်ဘို့ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဆရာပြောတဲ့အတိုင်းတော့ ဟုတ်ပြီ၊ ကိုယ့်ဉာဏ်စွမ်းကလေးက....(လိုပါသေးတယ်ဘုရား)။

အဲဒီ့ ကိုယ့်ဉာဏ်စွမ်းကလေးကို တခါတည်း ခင်ဗျားတို့က ကိုယ့်ဉာဏ်နဲ့ ကိုယ် တထစ်ချ ဆုံးဖြတ်ချက် ချလိုက်လို့ ရှိယင်ဖြင့် ဘာမှ ခင်ဗျားတို့ နိဗ္ဗာန်ဟာ မဝေးပါဘူး....(မှန်ပါ့) ဝေးသေးသလား(မဝေးပါဘုရား)ဘာမှ မဝေးဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါကြောင့်တဲ့ အင်မတန် စံနစ်ကျကျနဲ့ အင်မတန် ဥပမာ-အမျိုးမျိုးနဲ့ အနုဗောဓဉာဏ်နဲ့ ပဋိဝေဓဉာဏ် နှစ်လုံးတည်းကို တန်ဆာဆင်ပြီး ဟောနေတယ်....(မှန်ပါ့) ဒီ့ပြင် ဘာပါသေးသတုံး....(ဘာမှ မပါပါဘုရား)။

ကဲ....ဒါဖြင့် အနုဗောဓဉာဏ် ရှာချင်တော့လဲ ဘယ်ပေါ်မှာ ရှာရမလဲ....(ခန္ဓာပေါ်မှာ ရှာရပါမယ်ဘုရား)။

ပဋိဝေဓဉာဏ်ဆိုတဲ့ ထိုးထွင်းသိဉာဏ် လာတော့လဲ ဘယ်ပေါ်မှာဘဲ ထိုးထွင်းသိသွားမှာတုံး....(ခန္ဓာပေါ်မှာဘဲ ထိုးထွင်းသိသွားပါတယ်ဘုရား)။

ဒါဖြင့် ဒီကျောက်တလုံးတည်းဘဲ အပြစ်သိတာနဲ့ မသိတာ ကွာသွားတယ်....( မှန်ပါ့ ) မကွာဘူးလား....( ကွာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အနုဗောဓဉာဏ်လဲ ဘယ်ပေါ်မှာ သိရမယ်...(ခန္ဓာပေါ်မှာ သိရပါမယ်ဘုရား) အင်း.... ပဋိဝေဓဉာဏ် လာတော့ကော....( ခန္ဓာပေါ်မှာ သိရပါမယ်ဘုရား)။

ဒီဝေဒနာနဲ့ ဒီခန္ဓာဘဲ ရှိမှာဘဲ....(မှန်ပါ့) အနုဗောဓဉာဏ် တုန်းကလဲ ဝေဒနာဘဲ သိတာဘဲ....(မှန်ပါ့) ဝေဒနာဖြစ်ပျက်ဘဲ သိတာဘဲ... (မှန်ပါ့)စိတ်ဖြစ်ပျက်ဘဲ သိတာဘဲ....(မှန်ပါ့)။

အဲ....ပဋ္ဌိဝေဓဉာဏ်ကျတော့လဲ(ဒီ ခန္ဓာဘဲ သိပါတယ်ဘုရား) ဒီခန္ဓာဘဲ ဒါတွေ သိပြီးသကာလ ဩော်....ဒါတွေဟာ နဂိုတုန်းကတော့ ဝေဒနာလိုလို၊ စိတ်လိုလို၊ ရုပ်လိုလိုနဲ့ အပြီးသတ်တော့ဘာမှ ဆုံးဖြတ်ချက်ချစရာ မလိုဘူး၊ ဆင်းရဲတာ အမှန်တွေဘဲ.... (မှန်ပါ့ဘုရား) အဲဒါ ပဋ္ဌိဝေဓဉာဏ် ဖြစ်လာတယ်....( မှန်ပါ့ဘုရား)။

ဆင်းရဲတာ အမှန်ချည့်ဘဲ၊ ဝေဒနာလဲ မဟုတ်တော့ဘူး၊ရုပ်လဲ မဟုတ်တော့ဘူး၊ ဒါကလေး မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

နဂိုတုန်းကတော့ အနုဗောဓဉာဏ်နဲ့ သိတုန်းကတော့ အို.... ဝေဒနာကလေးတွေ ပျက်နေလိုက်တာ၊ ဒီလို လာတတ်တယ် ... (မှန်ပါ့) စိတ်ကလေးတွေ....(ပျက်နေလိုက်တာ) ရုပ်ကလေးတွေ (ပျက်နေလိုက်တာ) စေတသိက်ကလေးတွေ....(ပျက်နေပါတယ်ဘုရား)။

ပျက်နေတယ်လို့.... လာတာကတော့ ဒါ အနုဗောဓဉာဏ်နဲ့ ခန္ဓာသိပြီး ပြောနေလို့ ခန္ဓာ့ဖြစ်ပျက်တွေ လာနေတာ....(မှန်ပါ့ဘုရား)။

နောက်ကျတော့ ပဋ္ဌိဝေဓဉာဏ် လာတော့မယ်ဆိုတော့ ခန္ဓာရယ်လို့ မဟုတ်တော့ဘူး....(မှန်ပါ့)အကုန် ဆုံးဖြတ်ချက် ချပစ်လိုက်တယ် မောင်နိုင်ရေ....နော်....(မှန်ပါ့) ဩော်....ဒါ ရုပ်လဲ မဟုတ်ဘူး၊ ဝေဒနာလဲ မဟုတ်ဘူး၊ ခန္ဓာလဲ မဟုတ်ဘူး၊ ဆင်းရဲတာ အမှန်ချည့်ဘဲ....၊ သဘောပါပလား....(ပါပါပြီဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဆင်းရဲတာအမှန်ပါဘုရား)။

ရုပ်လဲ မဟုတ်ဘူး၊ ဝေဒနာလဲ မဟုတ်ဘူး၊ ဘာမှ မဟုတ်တော့ဘူး၊ ဆင်းရဲတာ အမှန်တခုဘဲလို့ ကိုယ့်ဉာဏ်ထဲမှာ ရုပ်ဝေဒနာ ပျောက်ပြီး ဆင်းရဲတာ အမှန်တခု ရောက်လို့ရှိယင် ပဋိဝေဓဉာဏ်....(မှန်ပါ)။

နောက်ဆုံးပိတ် နိဂုံးချုပ် ပေးလိုက်တာ....(မှန်ပါ)။

ဆင်းရဲတာ အမှန်တွေ့တယ်လို့ ကိုယ့်ဉာဏ်က ဆုံးဖြတ်ချက်ချလိုက်လို့ရှိယင် ကိစ္စ....ပြီးပြီ....(မှန်ပါ)။

အဲဒါကြောင့် သာသနာပမှာ ဘုရားလဲ မပွင့်ဘူး၊ အရိယာလဲ မဖြစ်ဘူး....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

မောင်နိုင် ဘာပျောက်နေသလဲ....(သစ္စာပျောက်နေပါတယ်ဘုရား)သစ္စာပျောက်နေတယ်....(မှန်ပါ)။

ဩော်....ဒို့အနုဗောဓဉာဏ်က ပဋိဝေဓဉာဏ်တက်ဘို့ကလေးဟာက ဒို့၏ လုံ့လပယောဂပေါ်မှာ မှီနေပါကလား.... ဆိုတာဆုံးဖြတ်ချက်ချ၊ ဘယ်ပါရမီတွေ ဘာတွေ သာဝကဉာဏ်ရဘို့မှာ ပါရမ် မလိုဘူး....(မှန်ပါ) အားထုတ်မှုသာ လိုတယ်၊ သဘောပါကြပလား....(ပါပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီဟာင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

# ဤတွင် အမှတ်စဉ်(၁၁)ပြီးဆုံးပါပြီ

# ရနိုင်သော ဌာနများ

★

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသတ္တ ့သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

အဖွဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းမပြုပါ။

## ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း

(၂) ဗုဒ္ဓဓမ္မလောက စာစောင်- ရွှေတိဂုံ ဘုရားလမ်း

(၃) ဦးချစ်ထုံး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း

(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ

(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း

## မန္တလေးမြို့နှင့် အခြားမြို့များ

(၆) သစ်ဘုရားသားအယ်(လ်)ရုံ ဈေးချိုတော်

(၇) အောင်မြန်မာ စက္ကူဆိုင်-အောက်လိုင်း ဈေးချို

(၈) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့

(၉) ဦးဘအုန်း-ဒေါ်ကျင်လှမ်(အုန်းဘုရားသား)၁၆ကုန်စုံလမ်း၊ ပုသိမ်မြို့။

(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့

(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့

(၁၂) ဦး မောင် ရှန်၊ ၁-စကာဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။

(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်၊ဈေးအနီးဆင်ဖြူကျွန်း၊ သာဓိပြုရန်။ ။အဖွဲ့တည်ရာဌာန၌ လက်လီရောင်းချခြင်းမပြုပါ

ကျေးဇူးရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ဖြန့်ပွားရေးအဖွဲ့က

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။